# ဂီတဝိသောဓနီကျမ်း

FOR ACADEMIC PURPOSE ONLY

Myanmar e-Book

# ဂီတဝိသောဓနီကျမ်း

*Commercial use of this book is strictly prohibited*

ဖဖဖ မူရင်းစာအုပ်မှတ်တမ်း ဆဆဆ

မြန်မာဥကင်-ပလ္လင်ရာဇင်း။ သနင်းရွှေမှောက်တို့၏

ရွှေနားတန်ဆာ၊ သောတာ လင်္ကာရ ဖြစ်စေသောငှါ

မြန်မာပညာရှိ-ကဝိအဆူဆူတို့-

မူတင်ခံရ ဆက်သွင်းကြသော၊ တေးတျာအမျိုးမျိုးတို့ကို

ဒေဝက္ကန္ဒာဘွဲ့ခံ - မောင်မောင်ကြီး၏ တပည့်ရင်းဖြစ်သော

အကောက်ဝန် ကျောက်ရဲမြို့စား၊ လေ့တော်အုပ်

မဟာဘောဂဓနေ သီရိရာဇာ၏သား

**မောင်မောင်လတ်သည် စုပေါင်းရိုက်နှိပ်အပ်သော**

# ဂီတဝိသောဓနီကျမ်း



ဒီးဒုတ်အယ်ဒီတာချုပ် တိုက်ပိုင်ရှင်

**ဦးဘချို တည်းဖြင့်သုတ်သင်စုပေါင်းထပ်လောင်းဖြည့်စွက်၍**

ဒုတိယအကြိမ်ရိုက်နှိပ်ပါသည် ၁၂၉၆-ခုနှစ်။

မူအတိုင်းထပ်မံ၍-တတိယအကြိမ် ရိုက်နှိပ်ခြင်း ၁၃၁၆-ခုနှစ်။

မူအတိုင်းထပ်မံ၍- စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း ၁၃၂၆-ခုနှစ်။

အဘိုးတအုပ် ၁၅-ကျပ်

## မြန်မာ e-Book မှတ်တမ်း

### Data Entry Team

U Maung Maung Than

Harry Lwin

Dr. Than Shein

Daw Win Win Thant

ကိုဝဏ္ဏကို နှင့် အဖွဲ့

### တည်းဖြတ်သူ

U Maung Maung Than

Harry Lwin

နှောင်း

### အချောသတ် တည်းဖြတ်ဖန်တီးသူ

Harry Lwin

ဂီတဝိသောဓနီအဖွဲ့ (https://www.facebook.com/groups/GitaWinThawDaNi/)

နှင့်

သုတပညာလေထန်ကုန်းမိသားစု (https://www.facebook.com/groups/knwtalk014/)

မှ

ပူးပေါင်းတင်ဆက်သည်

ပထမအကြိမ်

၂၀၁၅ ခုနှစ်၊ ဧပြီလ

# ဂီတဝိသောဓနီ e-Book နိဒါန်းနှင့် ကျေးဇူးတင်လွှာ

ဂီတဝိသောဓနီကျမ်းကို Ebook (PDF version) အဖြစ် သီချင်းမာတိကာ၊ စာညွှန်းတို့ဖြင့် အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် တင်ဆက်လိုက်ပါသည်။ သီချင်းမာတိကာ ကို သမားစဉ်အရ အလွယ်မှအခက်သို့ စာမျက်နှာအစဉ်လိုက် စဉ်ထားခြင်းဖြစ်ပြီး စာညွှန်းကိုမူ သီချင်းခေါင်းစဉ်အရ အက္ခရာဝလိ စဉ်ထားခြင်း ဖြစ်ပါသည်။ **မာတိကာ သို့ သွားရန် စာမျက်နှာအောက်ဆုံးရှိ "မာတိကာသို့" ဟူသော နေရာကို နှိပ်လိုက်ပြီး စာညွှန်းသို့ သွားရန် "စာညွှန်းသို့" ဟူသော စာသားကို နှိပ်လိုက်ရုံဖြင့် အလွယ်တကူ ရောက်ရှိနိုင်ပါသည်။ မာတိကာနှင့် စာညွှန်းတို့ရှိ သီချင်းတပုဒ်ချင်းစီကို နှိပ်လိုက်ရုံဖြင့် ထိုသီချင်းသို့ အလွယ်တကူ ရောက်ရှိနိုင်ပါသည်။** Beta version အဖြစ် ထုတ်ဝေစဉ်က စာလုံးပေါင်းအမှားအယွင်း အပေါက်အကျ အနည်းငယ်ရှိနေသေးသည်ကိုလည်း ထပ်မံစီစစ် ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။

ဤ "ဂီတဝိသောဓနီကျမ်း" ကို Ebook (PDF version) အဖြစ် ဖန်တီးပြုလုပ်ရာတွင် Data Transfer Team member များ အဖြစ် အဓိကပံ့ပိုးကူညီကြခဲ့ကြသည့် (https://www.facebook.com/groups/knwtalk014/) "သုတပညာ လေထန်ကုန်း" မိသားစုဝင်များ အား ချန်လှပ်ထားခဲ့၍ မဖြစ်ပါ။ ၎င်းတို့၏ လျင်မြန်ထက်သန်သော ကူညီမှု မပါလျှင် ဤစာအုပ် ဖြစ်ပေါ်လာရန် ယခုလောက် လွယ်ကူမည် မဟုတ်ပါ။

သို့ဖြစ်ပါ၍ သုတပညာလေထန်ကုန်းမိသားစုဝင်များဖြစ်ကြသော ...

- နှောင်း
- Min Kyi Nyo
- T Lay T Lay
- Yan Naung Moe
- Zarni Min
- Soe Thant
- Mooe Zat
- Aung Koko
- မိုး တိမ်
- Pantra Queen
- Shorea Robusta တို့အား လည်းကောင်း ...

ထို့အပြင် အဓိက ကျေးဇူးတင်ထိုက်သူများဖြစ်ကြသော ...

- ဂီတဝိသောဓနီကျမ်းအား ပထမဆုံး scanned copy တင်ပေးထားသည့် အမည်မသိ ပုဂ္ဂိုလ် နှင့်
- ဒုတိယ ကြည်မြပြတ်သားသော scanned copy ကို တင်ပေးသူ ဦး Aye Myint တို့အားလည်းကောင်း ...

အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်ခင်ဗျား။

ဟယ်ရီလွင် (Harry Lwin)

၁၄-၄-၂၀၁၅

# ဂီတဝိသောဓနီ e-Book အမှတ်တရစကား

ဂီတဝိသောဓနီကျမ်း ပထမပုံနှိပ်ခြင်းကို ၁၉၂၄-ခုနှစ် ဦးပိုင်းမှာ ပုံနှိပ် ထုတ်ဝေခဲ့ပါ၏။

ဆရာကြီး ဦးဘချို့မှ ပြင်ဆင်ကြီးကြပ် ရိုက်နှိပ်သော ဒုတိယ ပုံနှိပ်ခြင်းသည် ၁၉၃၅ ခုနှစ်တွင် ထုတ်ဝေခဲ့ပါ၏။

ဤနောက်ပိုင်းတွင် ဒုတိယ ပုံနှိပ်ခြင်းအား ပြန်လည်ရိုက်နှိပ်ခြင်းများ ရှိခဲ့ပါသော်လည်း အများပြည်သူ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် မလွယ်ကူလှတော့ပါ၊ လက်ရှိယနေ့အခြေအနေတွင် ဒုတိယ ပုံနှိပ်ခြင်း မူရင်း တစ်အုပ်လျှင် ကျပ်ငွေ တစ်သောင်းမျှပေးယူ၍ ခက်ခက်ခဲခဲ ဝယ်ယူ ဖတ်ရှုနေကြရပေသည်။

ကျနော်တို့အနေနှင့် ဂီတဝိသောဓနီ မူပိုင်ရှင်ကြီးများဟု ဆိုရမည့် ဆရာကြီး စောင်းဆရာကြီး ဦးမောင်မောင်လတ် (မာမူလတ်)၊ ဆရာကြီး ဒီးဒုတ်ဦးဘချို (အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦး) တို့နှင့် နှိုင်းယှဉ်လျှင် မည်သို့မျှ မယှဉ်သာသော ပါမွှား ပုဂ္ဂိုလ်များသာ ဖြစ်ပါကြောင်း ကြိုတင် အစီရင်ခံအပ်ပါသည်။

သို့ရာတွင် ယခု ကျနော်တို့ကြိုးပမ်းထားသော ဂီတဝိသောဓနီ (တတိယ ပုံနှိပ်ခြင်းဟု မရဲတရဲ ဆိုပါရစေ) သည် အောက်ပါ ထူးခြားချက်များနှင့် ပြည့်စုံလျက်ရှိပါကြောင်းကိုတော့ အများပြည်သူအား တင်ပြလိုပါသည်။ ၂၀၁၄မှာဆိုတော့ နှစ် ကိုးဆယ်တိတိ ပထမပုံနှိပ်ခြင်းနဲ့ကွာခဲ့ပါပြီ။

- ပထမဆုံး ဒီဂျစ်တယ် မဟာဂီတ စာအုပ် ဖြစ်ခြင်း။
- ပြုစုသူအားလုံးသည် စေတနာ့ဝန်ထမ်းများ ဖြစ်ခြင်း၊ အလွှာပေါင်းစုံမှ အင်တာနက် ကမ္ဘာကြီးတွင် စုစည်းမိကြကာ၊ မညည်းမညူ ဤလုပ်ငန်းရပ်ကြီးအတွက် ပါရမီဖြည့်ကြခြင်း၊ တစ်ဦးနှင့်တစ်ဦးလည်း အများအားဖြင့် မြင်တွေ့ဖူးရန် မဆိုထားနှင့် တစ်ယောက်အကြောင်း တစ်ယောက်ပင် အသေအချာ မသိကြ၊ မတွေ့ဖူးသူများ ဖြစ်ကြသော်လည်း မြန်မာ့ရိုးရာ အနုပညာ၏ အရေးကြီးပုံကို မမှိတ်မသွေ ယုံကြည်ကြသူများ ဖြစ်ခြင်း
- ဒီဂျစ်တယ်စာအုပ် တအုပ်၏ အရည်အသွေး အပြည့်အဝရှိခြင်း၊ မာတိကာနှင့် ပြည့်စုံစွာ ချိတ်ဆက်မှုများ ရှိခြင်း
- နောက်နောင်တွင် သီချင်း အသံများကိုပါ အလွယ်တကူ ထပ်မံ ချိတ်ဆက်နိုင်ရေး၊ Database သဘောတရားများ အတိုင်း search and query လုပ်ငန်းများ လုပ်ဆောင်နိုင်ရေးတို့အတွက် ကနဦး ခြေလှမ်းတစ်ခု ဖြစ်ခြင်း …

စသည်တို့ဖြစ်ပါသည်။

ကျနော့် မြင်ဆရာ သင်ဆရာ ကြားဆရာတစ်ဦးဖြစ်သော စောင်းဦးဌေးအောင်မှနေ၍ ပေးအပ်ခဲ့သော တာဝန်တစ်ခု၊ မြွက်ကြားခဲ့သော စကားတစ်ခုရှိပါသည်။

"မင်းတို့ တက္ကသိုလ် ကျောင်းသားတွေဆိုတော့ ကိုယ့် အသက်မွေးဝမ်းကျောင်း ပညာရပ် အသီးသီးနဲ့၊ တို့အနုပညာလောကကို ဝင်ပြီး လုပ်စားကြမှာ မဟုတ်ဘူးဆိုတာကိုတော့ သိနေပါတယ်။

ဒါပေမဲ့ မင်းတို့ရင့်ကျက်လာတဲ့ အခါမှာတော့ အနုပညာ လောကရဲ့ အရည်အသွေး တိုးတက်ဖို့၊ တည်တံ့ဖို့ စသည်တို့ကို ပိုမိုဆောင်ရွက်နိုင်ကြမယ် ဆောင်ရွက်ကြမယ်လို့ငါ ယုံကြည်ထားတယ်၊ လုပ်ဆောင်နိုင်ကြပါစေကွာ" တဲ့။

ဒုတိယ ပုံနှိပ်ခြင်းကို ဦးဆောင်ခဲ့သူ ဆရာဦးဘချိုဟာ ဒီလိုလူမျိုးတယောက်ပါ


ကျနော်တို့ အခု တတိယပုံနှိပ်ခြင်းကို ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အားလုံးဟာလည်း ဆရာကြီး ဒီးဒုတ်ဦးဘချိုရဲ့ စိတ်ဓါတ်အတိုင်း ဆောင်ရွက်နိုင်ခဲ့ကြပါတယ်၊ ဆရာ ဦးဌေးအောင် မျှော်မှန်းသလိုလဲ လုပ်ဆောင်နိုင်ခဲ့ကြပါတယ်၊ စိတ်ဓါတ်တွေလည်း ရှိခဲ့ကြပါတယ်လို့ ရဲရဲဝံ့ဝံ့ ပြောပါရစေ။

ကျနော်တို့ရဲ့ နောက်လာမယ့် မျိုးဆက်တွေရဲ့ ကြိုးပမ်းမှုနဲ့ အခုထက် ခေတ်မီမယ့်၊ စာသား၊ အသံ၊ ရုပ်၊ သင်္ကေတ၊ မီဒီဖိုင် စသည် အပြည့်အဝပါတဲ့ ဂီတဝိသောဓနီ (စတုတ္ထပုံနှိပ်ခြင်း)ကို မကြာမီမှာ တွေ့မြင်ရမယ်ဆိုရင်တော့ ကျနော်တို့ လူဖြစ်ကျိုးနပ်ပါပြီခင်ဗျားလို့ပဲ ပြောပါရစေ။

**မောင်ကို (ခေါ်) မောင်မောင်သန်း**

၃-၅-၂၀၁၄


မင်းတုန်းမင်းနှင့် သီပေါမင်း
လက်ထက်တော်၊ အသုံးတော်ခံ၊ လက်ရှည်တော်၊
ဒေဝဣန္ဒာ မောင်မောင်ကြီး



*

ဒေဝက္ကန္ဒာဘွဲ့ခံ မောင်မောင်ကြီး၏ တပည့်ရင်း
**စောင်းဆရာကြီး မောင်မောင်လတ်**

# ဂီတဝိသောဓနီ - ပဌမနိပ်ခြင်း-နိဒါန်း။

မန္တလေးရတနာပုံ၊ ပဌမမြို့တည်-နန်းတည်။ ပဉ္စမသင်္ဂါယနာတင်၊ မဟာလောကမာရဇိန်၊ စေတီတော်ဒါယကာ၊ မောရိယပစ္စယနာဂရာဇာ မင်္ဂလာရန်နည်၊ ငွေရောင်ကြည်၍၊ ဇာနည်လုလင်၊ ပေါက်မာတင်ဖြစ်သော ဆဒ္ဒန်ဆင်မင်း သခင်၊ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား။ သားတော် ရတနာပုဥ္စ။ ဒုတိယနန်းစံ။ မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားကြီးဘုရား ဟူသော ထီးဘုရားနှစ်ဆက်တိုင်။ ရွှေနန်းတော်ကြီး လဘက်ရည်ဆောင်တော်နိုက်။ ခစားထမ်းရွက်ရ၍ ရေးပညာရှိ ကဝိပုဂ္ဂိုလ်တို့ ဘွဲ့ဆိုသီကုံးအပ်သော။ သီချင်းခံ-ပတ်ပျိုး-ကြိုး-ယိုးဒယားတို့ကို၊ ဝေဇယန္တာ ရွှေနန်းသခင်။ နတ်တို့အသျှင်၊ ဘုရင်သိကြားနတ်မင်း၏ အပါးတော်ဝယ်။ အပျော်တော်ဆက်ရသော။ ဥသျှောင်ငါးလီ၊ ပဉ္စသီခ အမည်ရသည့် ဂန္ဓဗ္ဗနတ်သားကဲ့သို့။ ကခြင်း-သီခြင်း-တီးမှုတ်ခြင်း အရာတို့နိုက်။ ကမ်းတဘက်ရောက်။ နဋ္ဋကာရ မည်ရခေါ်တွင်၊ သဘင်ဆရာကြီးတို့၏၊ ထုံးနည်းနိသျ၊ လက်ထပ်ရပြီးလျှင်။ ရတု,ရကန်,အဲအန်,အရော။ ကဗျာ-လင်္ကာ တို့နိုက်လည်း။ နံ့စပ် ကျွမ်းကျင်သည်ကို၊ ကိုယ်တော်တိုင် သိတော်မူသောကြောင့်။ နာရကာရောင်ချက် ရွှေပြားထက်နိုက်။ ရွှေအက္ခရာ။ မင်္ဂလာရင့်ညောင်း။ ရွှေဥဒေါင်းတံဆိပ် ခပ်နှိပ်ပြီးလျှင် (ဒေဝဣန္ဒာ) ဟူသော ဘွဲ့တံဆိပ်ကို။ သနားတော်မြတ်ခံရသော၊ မောင်မောင်ကြီးသည်။ အပါးတော်နိုက် ထမ်းရွက်စဉ်အခါ။ ကိုယ်တိုင်တတ်သိ။ ပရိစယ, လုလ္လကြိုးကုတ် အားထုတ်မှတ်သား ထားခဲ့သော။ ပြည်ကြီးသူတို့၏ အလေ့အလာ။ သာယာပျံ့ဧ။ ယဉ်ကျေးသိမ်မွေ့၊ စေ့စေ့ယူကြုံး။ နလုံးယိုင်ညွတ်။ လွမ်းဆွတ်ကြည်နူးဘွယ်ဖြစ်သော။ တော,တောင်,ကြဉ်း,ရေဘွဲ့,ရာသီ,ဥတု, ရတုသမယဘွဲ့, မယ်ဘွဲ့ မောင်ဘွဲ့, ပျောင်းနွဲ့ရွှင်စံ။ သီချင်းခံ-ပတ်ပျိုး။ ကြိုးအဖြာဖြာ။ တံတျာတေ အထွေထွေသော။ တီးလုံးတီးပုံ အလုံးစုံသော အခြင်းအရာ။ သိင်္ဂါမြင်စိုင်း တလိုင်း၊ယိုးဒယား၊ ၃၇-ပါးသော နတ်သီချင်း။ တီးမှုတ်ခြင်း အရပ်ရပ်တို့နိုက်။ နံ့စပ်ရမိ။ လက်တွင်းရှိသော အရာများကို။ မြန်မာဘုရင်မင်းမြတ်လက်ထက်။ အခွန်ဝန်။ အကောက်ဝန်။ ကျောက်ရဲမြို့စား။ လောကဗိမာန် လေ့တော်အုပ်။ မဟာဘောဂနေ သီရိရာဇာ၏ သားတော်ဖြစ်သော မောင်မောင်လတ်သည် (ဒေဝဣန္ဒာ) ဘွဲ့ခံ။ မောင်မောင်ကြီးထံ။ နည်းခံသင်ကြားကာလ။ ဆရာ့လက်ဆုပ်။ မှန်ထုပ်လျှို့ဝှက်-သူသိခက်သော။ အနက် အဓိပ္ပါယ်များကို။ သုတေသန။ သုတဘွေရှာ။ စိန္တာသုတ။ အတ္တကဝိ။ ပဋိဘာဏဟူသော။ ကဝိ ၄-ပါးတို့၏ ဥစ္စာ။ ဂီတသက်ဝင်ရာပါ။ ကဗျာဟူသမျှကို လုံးဝပြည့်စုံ အထုံဝါသနာပါသူတို့သည်။ အလွယ်တကူ မှတ်ယူကြပါစေ သတည်းဟူ၍။ မနောဓိဋ္ဌာန် ရည်သန်ရိုးရင်း နလုံးသွင်းပြီးလျှင်။ ရှစ်သောင်းလေးထောင် အနက်ဆောင်သော။ တောင်မေရုအောက်။ ခနောက် ၃-ပါး၏လယ်ချာ။ ရတနာသဲပြင်ထက်နိုက် ပြိုးပြက်ကပ်ငြိ တည်ရာရှိသော ဇောတိရ ပတ္တမြားကို။ အစွမ်းအားသတ္တိ။ ဆောင်ယူဘိ၍။ ပရိသတ်အများနိုက်။ လက်ဝါးထက်က။ ထင်စွာပြသကဲ့သို့။ ဆရာ့ထံမှ။ လက်ထပ်ပြ၍ ရသည်အနှစ်။ သာရစစ်ကို။ လူဖြစ်သက်ကျွန်း-ကုန်ကုန်ယွန်းလည်း။ ထွန်းရစ်လတ်သေး။ ရေးမိပ္ပါယ်ရင့်။ မပြတ်သင့်သို့။ ရွှေပွင့်ဝတ်မှုံ။ ဆွတ်ယူပုံ၍။ နိတုံရွှေတွင်။ မျက်ဇောတင်သို့။ ဟူသော ရေးပညာရှိတို့။ စပ်ဆိုသည်နှင့် အညီ ဂီတအရပ်ရပ်တို့ကို။ လစ်လပ်မရှိ။ သုဒ္ဓိသန့်စင်။ သုဓ်သင်ရာဖြစ်သော **ဂီတဝိသောဓနီ**- မည်သောကျမ်းကြီးကို။ ကြိုးပန်းအားထုတ်။ ဥဿဟာစီစဉ်။ စက်တင်ပုံနှိပ်ပါသတည်း။

ပဌမအကြိမ် ပုံနှိပ်ခြင်း


၁၂၈၅-ခုနှစ်။

# ဂီတဝိသောဓနီ ဒုတိယအကြိမ် ပုံနှိပ်ခြင်း နိဒါန်း

အထက်အမည်ပါ ကျမ်းကို။ ၁၂၈၅-ခုနှစ်တွင်။ ပဌမအကြိမ်။ စက်တင်ပုံနှိပ်ထုတ်ဝေခဲ့ရာ။ စာပြင်တည်းဖြတ်ရန်။ ယုံကြည်အပ်နှံလိုက်သော ပုဂ္ဂိုလ်၏ ပမာဒ တရား။ များပြားလစ်လပ်ခြင်းဖြင့်။ ပုဒ် ပါဌ် အက္ခရာတို့ ချွတ်ချော် တိမ်းပါးခဲ့သည် တကြောင်း။ အဆိုပါဂီတကျမ်းတွင်။ မှီငြမ်းပမာ ပါရှိသင့်-ပါရှိအပ်သော။ အချို့သီချင်းဂီတတို့။ ကြွင်းကျန်ရစ်ခဲ့သည် တကြောင်း။ ၄င်းစာအုပ်ကိုပင်လျှင်။ သဘင်သည်။ ပညာသည်အပေါင်းတို့သည်။ ဆယ်နှစ်တိုင်တိုင်။ နှစ်ထောင်းအားရ။ သုံးစွဲချီးပင့်ခဲ့ကြသဖြင့်။ ယခုအခါ၊ အလိုရှိကြသူအပေါင်းတို့ပင် ဝယ်ယူ၍ မရမရှိနိုင်တော့ပြီဖြစ်နေသည်တကြောင်း။ ဤအကြောင်းများကို ထောက်ထားသဖြင့်၊ ဂီတဝိသောဓနီကျမ်းကြီးကို။ အသစ်ထပ်မံသုမ်သင်ချဲ့ထွင်၍။ ရိုက်နှိပ်ရန် အချိန်သင့်လျှော်ပြီဟူသောအမှတ်ဖြင့်၊ မူလကျမ်းတွင်ပါရှိသော သီချင်းအရပ်ရပ်တို့ကို ဣန္ဒာဒေဝ ဘွဲ့ခံ မောင်မောင်ကြီး၏ ကိုယ်တိုင်။ မှီငြမ်းတစ်ခု လက်သုံးပြုခဲ့သော။ ကွမ်းဘိုးထိန်းကြီး၏ ပေမူဖြင့်၄င်း။ ရန်ကုန်မြို့ ဘားနတ် ပိဋကတ်တိုက်၌ ထင်ရှားရှိသော။ မြဝတီမင်းကြီး၏ သီချင်းစုပေမူဖြင့်၄င်း။ သံယုတ်ဆရာတော်ဘုရားကြီး စုဆောင်းထားရှိသော-ပြိတိုက်ထွက် ပုရပိုဒ်မူတို့ဖြင့်၄င်း။ ယခုထင်ရှားရှိသော ပညာသည်ကြီးများတို့။ ဆရာစဉ်ဆက်။ လေ့ကျက်ကူးယူခဲ့ကြသော။ လက်ရေးစာအုပ်မူများဖြင့်၄င်း။ တည်းဖြတ်တိုက်ဆိုင် သုမ်သင် ပြင်ဆင်ပြီးနောက်။ မူလ-ကျမ်းတွင်ပါရှိသော ကြိုးသီချင်းပုဒ်ရေ (၄၆)။ ဘွဲ့သီချင်း (၁၈)ပုဒ်။ သီချင်းခန့် (၂၅)ပုဒ်။ ပတ်ပျိုး (၁၃၄)ပုဒ်။ ယိုးဒယား (၃၂)ပုဒ်။ တလိုင်း (၈)ပုဒ်။ ဘောလယ် (၅)ပုဒ်။ ပေါင်းပုဒ်ရေ (၂၆၈)ပုဒ်နှင့်တကွ။ လေးထွေသံကပ်။ နတ်ချင်း၊ လွမ်းချင်း၊ တေးထပ်စသောသီချင်းတို့ကို။ ဆိုင်ရာဆိုင်ရာ ကဏ္ဍများဘွဲ့၍။ အသစ်ထပ်သွင်းဖြည့်လောင်းပြီးလျှင်။ ကြိုးပေါင်း (၆၈)ပုဒ်။ ဘွဲ့ (၅၉)ပုဒ်။ သီချင်းခန့် (၃၉)ပုဒ်။ ပတ်ပျိုး (၂၀၆)ပုဒ်။ ယိုးဒယား (၆၈)ပုဒ်။ တလိုင်း (၁၀)ပုဒ်။ ဘောလယ် (၉)ပုဒ်။ ပေါင်းပုဒ်ရေ (၃၅၉)ပုဒ်နှင့်တကွ။ လေးထွေသံကပ်။ နတ်ချင်း။ လွမ်းချင်း။ တေးထပ် ရှစ်ဆယ်ပေါ်တို့အပြင်။ ဒိန်းသံ-သိင်္ဂါသံ။ ကုရင်ဩသံ။ လေ့တော်သံ။ စည်တော်သံ။ ဗုံကြီးသံ။ ရတု ရကန် အဲချင်း အိုင်ချင်း။ လွမ်းချင်း ခွန်းထောက်-သဖြန်စသော ပညာသည်တို့လက်သုံး။ ရှေးထုံးအစဉ်အလာ။ ပါဝင်သမျှသီချင်းတို့ကိုပါ။ သိမ်းသွင်းလျက်။ ခက်ဆစ်ခက်ရာ ဝေါဟာရ ပေါရာဏမာဂဓတို့၏။ ရှင်းလင်းချက်၊ မှတ်ချက်။ အဓိပ္ပါယ်ဖော်ပြချက်တို့ကိုပါ။ မကျယ်မကျဉ်းထည့်သွင်း စီစဉ်ရိုက်နှိပ်ခြင်းပြုပါသည်။ ဤကျမ်းကြီး၏ မာတိကာအစီအစဉ်ကိုလည်း။ ထွက်ပေါ်လျက်ရှိသော။ ဂီတကျမ်းတို့နှင့် မတူစေဘဲ။ ကြည့်ရှုသူတို့ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်စေရန် သီချင်းအမည် အချီအစပုဒ်များကို။ အက္ခရာစဉ်၍ ထားရှိပါသည်။

ဤကျမ်းကြီးကို ကြိုးပန်းရိုက်နှိပ်ရာ၌။ ဂရု ဓမ္မတရားဖြင့်။ ကြိုးစားတည်းဖြတ်ပါသော်လည်း။ အစမှ အဆုံး လုံးဝဥဿုံ စင်ကြယ်ပြီဟူ၍ကား မဆိုသာ။ ပမာဒအရာတို့လည်း ပါရှိလိမ့်မည်ဖြစ်ရကား။ အနည်းငယ်မျှသော ချွတ်ချော်တိမ်းပါးချက်တို့ကို တွေ့ရှိပါက။ ပြင်ဆင် ဘတ်ရှုတော်မူကြပါရန်ကိုလည်း တောင်းပန်လိုက်ပါသည်။

ရန်ကုန်မြို့။ )<br>
၁၉၃၅-ခု၊ ဇန္နဝါရီလ ၂၁-ရက်နေ့။ ) ဘချို။



ကွယ်လွန်သူ - ပြန်ကြားရေးဝန်ကြီး-ဒီးဒုတ်ဂျာနယ် တိုက်ပိုင်ရှင် ဦးဘချို။

# မာတိကာ

**ဂီတဝိသောဓနီ e-Book နိဒါန်းနှင့် ကျေးဇူးတင်လွှာ .......... 5**

**ဂီတဝိသောဓနီ e-Book အမှတ်တရစကား .......... 6**

**ဂီတဝိသောဓနီ - ပဉ္စမနိုပ်ခြင်း-နိဒါန်း။ .......... 10**

**ဂီတဝိသောဓနီ ဒုတိယအကြိမ် ပုံနှိပ်ခြင်း နိဒါန်း .......... 11**

**အပိုင်း-၁။ .......... 33**

**ကြိုးသီချင်းများ .......... 33**

၁။ ။ ပုစင်းတောင်သံကြိုး။ (ထံတျာတေရှင်) .......... 33

၂။ ။ ကလပ်ကြီးကြိုး (သီတာသီတာမြသား) .......... 33

၃။ ။ ကလပ်ငယ်ကြိုး။ (သာယာသာယာ မြည်လေကြွေး) .......... 33

၄။ ။ ဆင်မင်းကြိုး (ဝေဘာဂီရိ) .......... 33

၅။ ။ ဖောဓိသံသာ ကြိုး။ (ထွေတလာလာ) .......... 34

၆။ ။ ဘောင်လားကြိုး။ (ဘုံဆောင်မြင့်) .......... 34

၇။ ။ ဘောင်ငင်ကြိုး။ (ဇေယျာမြို့) .......... 34

၈။ ။ ဘောင်သိမ်းကြိုး။ (စိမ်းလဲ့လဲ့ညိုပြာ) .......... 34

၉။ ။ သာနိးပျော်ဘွယ်ကြိုး- ၁။ (စံရာတောင်ကျွန်းလုံး) .......... 35

၁၀။ ။ သာနိးပျော်ဘွယ်ကြိုး-၂။ (ရွှေပြည်ကြီးဇရော) .......... 35

၁၁။ ။ သာနိးပျော်ဘွယ်ကြိုး- ၃။ (မြို့နန်းငယ်လေ) .......... 35

၁၂။ ။ သာနိးပျော်ဘွယ်ကြိုး- ၄။ (ကိုးပါးပေါင်းစု) .......... 35

၁၃။ ။ သာနိးပျော်ဘွယ်ကြိုး- ၅။ (ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ) .......... 35

၁၄။ ။ နဒီမော်ပြင်ကြိုး။ (သီတာသီတာ ရောကြီး) .......... 36

၁၅။ ။ ဘုန်းတော်ဘွဲ့ကြိုး။ (ထောင်ရောင်နေ-မှောင်မှောင်ချွေ) .......... 36

၁၆။ ။ မြင်းခင်းတော်ဘွဲ့ကြိုး။ (ဆယ်ရောင်ဝေ-ပယ်မှောင်ချွေ) .......... 36

၁၇။ ။ ဝတ်တော်သိမ်းကြိုး။ (ထိပ်တင်ဇကန်) .......... 36

၁၈။ ။ ဖောင်းကလောပွဲနှင့်ရေဆင်းကြိုး ။ (စံရာဘုံမြင့်) .......... 37

၁၉။ ။ စောင်းတော်ဘွဲ့ကြိုး။ (ဇေယျာအောင်ချာ) .......... 37

၂၀။ ။ စောင်းတော်ဘွဲ့ကြိုး။ (စောင်းတော်သိင်္ဂါ) .......... 37

၂၁။ ။ ဒေဝဒူတနတ်- သံလျက်ကောက်ကြိုး။ (မာလာဂန္ဓာ မွှေးမွှေးသင်းသင်း) ........................................37
၂၂။ ။ ပြန်ကဘက်သံကြိုး။ (နေရင်းလေလဲ) ........................................38
၂၃။ ။ အောင်ပင်လယ်- ကြာချပ်ကြီးကြိုး။ (ရွှေနန်းအောင်ချာ) ........................................38
၂၄။ ။ အောင်ပင်လယ်ကြာချပ်ငယ်ကြိုး။ (မင်းလမ်းငယ်စပ်ခါ) ........................................38
၂၅။ ။ တောင်မြင့်စည်းစုတ်ခတ်သံကြိုး ။ (ဆီးနှင်းပြိုက်ကျ) ........................................38
၂၆။ ။ အတွင်းတီးပြေးကြိုး။ (ခွဲခွဲခြားခြား) ........................................39
၂၇။ ။ အပြင်တီးပြေးကြိုး။ (ဝေယန်လိုပင်) ........................................39
၂၈။ ။ ကျောင်းတော်ကြီး အနမောဒနာဘွဲ့ အပြင်တီးပြေးကြိုး။ (စိန်ကြောင်လိုပင်) ........................................40
၂၉။ ။ ဆယ်ဖင်သုတ်ကြိုး။ (သင်းရရင်းကြိုင်) ........................................40
၃၀။ ။ ဘုန်းတော်ဘွဲ့ကြိုး။ (သီယာမြေယံ) ........................................40
၃၁။ ။ ပင်လယ်နတ်ကြီးကြိုး။ (ပုံနှုန်းဝတိန်သာ) ........................................40
၃၂။ ။ ဝန်မင်းပဒေသရာဇာဆို - သိကြားခလုပ်ကြိုး။ (ရွှေပင်ရွှေဘုန်းပဝင်း) ........................................41
၃၃။ ။ မြင်စိုင်းကြေးခရာသံကြိုး။ (ညာသပြေဘောင်) ........................................41
၃၄။ ။ သိကြားမင်း ခရုသင်းသံကြိုး။ (ပုံပမာ) ........................................42
၃၅။ ။ နဝရတ်ခရုသင်းသံကြိုး။ (သပြေပင်ဝန်း) ........................................42
၃၆။ ။ သိကြားမင်း တုရင်သံကြိုး။ (နှုန်းနန်းထောက်စာ) ........................................42
၃၇။ ။ ကျောင်းတော်ကြီးကြိုး ။ (ဝေဇယန်နှင့်နှုန်းငြား) ........................................43
၃၈။ ။ ငါးသံကြိုး။ (ရီရီဆိုင်းဆိုင်း) ........................................43
၃၉။ ။ တျာသံကြိုး။ (တေဇာအာဏာထန်ပြင်း) ........................................43
၄၀။ ။ အထိကရကန်တော်ကြိုး။ (ကန်တော်ကန်တော်ထိကရ) ........................................43
၄၁။ ။ သကြ်န်တော်ကြိုး။ (သကြ်န်မာသကူးသန်း) ........................................44
၄၂။ ။ ဘောင်ငင်ကြိုး။ (အလွှမ်း ထပ်ဆင့်လောင်း) ........................................44
၄၃။ ။ မိုယ်းကိုဖွဲ့သောကြိုး။ (မိုယ်းမင်းလွန်ကဲ) ........................................44
၄၄။ ။ မြင်းခင်းကြိုး။ (မြန်ခန်းကျွန်းတွင်း) ........................................45
၄၅။ ။ မြင်းခင်းကြိုး။ (တီးရွှမ်းအောင်စည်ကျူးနွဲ့) ........................................45
၄၆။ ။ ညွှန့်ပေါင်းကြိုး။ (ကြောက်ဘွယ့်ဘုန်းတန်း) ........................................45
၄၇။ ။ ဘောင်လားကြိုး (ဘယ်ဘယ်တဲ့ ဘယ်ကမ္ဘာတွင်) ........................................45
၄၈။ ။ ၄င်းကာလရေး ဘောင်ငင်ကြိုး (ကမ်းကခွါ) ........................................46
၄၉။ ။ ၄င်းကာလရေး ဘောင်ဆိုက်ကြိုး (ဖျော်ဖြေလို့နေပါရင်လေ) ........................................46

စာညွှန်းသို့ ►

၅၀။ ။ တောင်တမန်လှိုင်းကြက်ခွတ်သံကြိုး။ (မင်းလွင် မင်းလွင်မှိုင်းအုပ်) ....................46
၅၁။ ။ မြို့ကို ချီးသောကြိုး။ (ကျွန်းကျွန်းပိုင်သ) ....................46
၅၂။ ။ အထိကရကန်တော်ကြီးကြိုး။ (ကန်တော်ထိကရ-ပြောဝန်း) ....................47
၅၃။ ။ နတ်ပင့်ကြိုး။ (မှိုင်းရိပ်ကယ်တည့်ဝေမှောင်) ....................47
၅၄။ ။ နတ်ပင့်ကြိုး။ (ဆွတ်ဖြန်းငယ်လေကြိုင်သင်း)....................47
၅၅။ ။ နတ်ပင့်ကြိုး။ (ဇမ္ဗူသိင်္ဂါပြိုးပြက်)....................47
၅၆။ ။ နတ်ပင့်ကြိုး။ (ပန်းစုံမာလာလေ သင်းသင်း) ....................48
၅၇။ ။ နတ်ပင့်ကြိုး။ (သီလာဝေယန်လေမှိုင်းညို့)....................48
၅၈။ ။ ငါးပြေတက်သက်ကြိုး။ (ချမ်းကတဲကိုလေ) ....................48
၅၉။ ။ မြင်စိုင်း ဆရာပန်းကြိုး။ (ခမ်းတွင်းရိပ်သာ)....................48
၆၀။ ။ ချစ်နန့်မပြယ်ကြိုး။ (ဘုန်းတောက် ပ,ဝင်းဝင်း) ....................49
၆၁။ ။ အပြင်တီးပြေးကြိုး။ (လေချိုလေသာ) ....................49
၆၂။ ။ သိကြားမင်းခလုပ်ကြိုး။ (ရာမင်းရာမင်းလျှိုး) ....................49
၆၃။ ။ ဘုန်းတော်ဘွဲ့ကြိုး။ (ထွန်းလင်းတောက်ပ) ....................50
၆၄။ ။ ဘုန်းတော်ဘွဲ့ကြိုး (ရွှေဘုန်း ရွှေဘုန်း ပပဝင်း)....................50
၆၅။ ။ မြင်းစီးကြိုး။ (လာချေပြီ)....................50
၆၆။ ။ မြင်းခင်းကြိုး။ (ဘုန်းမိုယ်းရွာစွေသွန်းဖျန်း) ....................50
၆၇။ ။ ဆင်ခင်းကြိုး (ပြောင် ပြောင် ပြောင်နာဂိန်)....................51
၆၈။ ။ ကွန်လန့်သံကြိုး။ (သောင်ကမ်း သောင်ကမ်း)....................51

## ဘွဲ့သီချင်းများ....................52

၁။ ။ ပလ္လင်ရှစ်ခန်းနှင့် ဥကင်တော်ဘွဲ့။ (ဥကင်ဘုံမြင့် သီဟာဘွေ) ....................52
၂။ ။ မြဝတီဝန်ကြီးမင်း ဦးစရေးသော ထီးရှစ်စင်းဘွဲ့။ (နန်းဝေယန်မြင့် ဥကင်ဘုံ)....................52
၃။ ။ မြဝတီဝန်ကြီးရေးသော၊ လက်ျာမင်းခမ်းတော်ဘွဲ့။ (လက်ျာတော်မင်းခမ်း) ....................52
၄။ ။ မြဝတီဝန်ကြီးရေးသော၊ လက်ဝဲမင်းခမ်းတော်ဘွဲ့။ (လက်ဝဲတော်က-အံ့ရာပုံ) ....................53
၅။ ။ မြဝတီဝန်ကြီးရေးသော၊ မင်းခမ်းအလံခုနစ်စင်းရွှေတံခွန်ဘွဲ့။ (မြတ်ပလ္လင်တော်ရှေ့) ....................53
၆။ ။ မြဝတီဝန်ကြီးရေးသော၊ ရတနာပုံမန္တလေး ရွှေမြို့တော်ဘွဲ့။ (မန္တလာဘုံ) ....................53
၇။ ။ မြဝတီဝန်ကြီးရေးသော၊ ရတနာပူရအဝမြို့ဘွဲ့။ (မင်းဝံတောင်ညွှန့်)....................54
၈။ ။ မြဝတီဝန်ကြီးရေးသော၊ရတနာပူရအဝမြို့ဘွဲ့။ (လေးမည်သာလှမြတ်ရွှေတောင်) ....................54
၉။ ။ မြဝတီဝန်ကြီးရေးသော၊ မန္တလေးမြို့တော်ဘွဲ့။ (မင်္ဂလာအောင်မျို့) ....................54

၁၀။ ။ မြဝတီဝန်ကြီးရေးသော - မင်းခမ်းတော်စုံဘွဲ့ (မင်းခမ်းတော်စုံလှ)......54

၁၁။ ။ မြဝတီဝန်ကြီးရေးသော၊ကုန်းဘောင်မြို့ဘွဲ့။ (ကုန်းဘောင်မြို့)......55

၁၂။ ။ မြဝတီဝန်ကြီးရေးသော၊ ဘုန်းတော်ဘွဲ့။ (ပရမေသီရိအောင်ဇေယျာ)......55

၁၃။ ။ လယ်ထွန်မင်္ဂလာ။ (ဆဒ္ဒန်ပိုင်ဘုန်းမြင့် နရိန္ဒာ) ......56

၁၄။ ။ တျာသံဘွဲ့။ (ပတ်ဖြန့်ငယ်ပြောင်ရွှန်း) ......56

၁၅။ ။ အဲမောင်းရေးကစားတော်မူရာ၊ မြင်းစီးခြင်းတျာဘွဲ့။ (နတ်သ, ငယ်လေ ယာဉ်ကြူး) ......57

၁၆။ ။ မြဝတီဝန်ကြီးရေးသော၊ နတ်ကြီးဆဲ့ငါးပါးဘွဲ့။ (နန်းဝေယန်မြင့် သေန်ညာ) ......57

၁၇။ ။ မြဝတီဝန်ကြီးရေးသော၊ မြစ်ကြီးငါးသွယ်တျာဘွဲ့။ (ငါးလုံးတောင်ညွှန့် ယုက်ဆိုင်နွယ်) ......57

၁၈။ ။ မြဝတီဝန်ကြီးရေးသော - မဥ္ဇူသကနတ်ပန်းဘွဲ့။ (ဂန္ဓမာတောင်)......58

၁၉။ ။ မြဝတီဝန်ကြီးရေးသော-သဇင်ပန်းဘွဲ့။ (သည်ဆောင်းဟေမာန်) ......58

၂၀။ ။ မြဝတီဝန်ကြီးရေးသော၊ ပန်းဘွဲ့။ (သကမဥ္ဇူ) ......58

၂၁။ ။ မြဝတီဝန်ကြီးရေးသော၊ သင်္ကြန်တော်ဘွဲ့။ (သင်္ကြန်တော်မင်္ဂလာ)......58

၂၂။ ။ မြဝတီဝန်ကြီးရေးသော၊ နားထွင်းမင်္ဂလာဘွဲ့။ (ဆဒ္ဒပိုင်လေးကျွန်း)......59

၂၃။ ။ မြဝတီဝန်ကြီးရေးသော၊ ဆံထုံးတော်မင်္ဂလာဘွဲ့။ (နန်းငွေယုန်သော်တာလေ)......59

၂၄။ ။ မြဝတီဝန်ကြီးရေးသော သုံးထပ်အိုင်ဘွဲ့။ (ရွှေဘုန်းတော်၊ နေနှုန်းလျော်) ......59

၂၅။ ။မြဝတီဝန်ကြီးရေးသော တာကူးလ ရေသွန်းဘွဲ့။ (မြသို့ငယ်စိမ်းန) ......59

၂၆။ ။ မြဝတီဝန်ကြီးရေးသော မျှော်တော်ယောင် မိုဃ်းဘွဲ့။ (ပတ်လည်ငယ်လေမှိုင်း)......60

၂၇။ ။ မြင်စိုင်းမင်းသားရေးသော မျှော်တော်ယောင်မိုဃ်းဘွဲ့။ (နတ်စည်ငယ်လေ)......60

၂၈။ ။ မကွေးဝန်ထောက်မင်းရေးသော စွယ်တော်ရောင်ခြည်ဘွဲ့။ (မာရဝိဇယ-ထွင့်ရှုဘုန်းစည်)......60

၂၉။ ။ ပြင်စည်မင်းသားရေးသော မန္တလေးမြို့တော်ဘွဲ့။ (ဇမ္ဗူရည်ပွင့် ဆယ်ရောင်ဝေ) ......60

၃၀။ ။ ပြင်စည်မင်းသားရေးသော မန္တလေးမြို့တော်ဘွဲ့။ (မင်္ဂလာသီရိ) ......61

၃၁။ ။ ပြင်စည်မင်းသားရေးသော-ဘုန်းတော်ဘွဲ့။ (ခြည်ပန်းထောင်ကွန့် စက်နေရုံ) ......61

၃၂။ ။ လယ်ထွန်မင်္ဂလာတျာဘွဲ့။ (လယ်တော်ထွန်စ,နေ့ကျော်မှာ)......61

၃၃။ ။ တောင်ဘက်ပိန်းဝင်တျာဘွဲ့။ (မိုဃ်းဦးကာလ)......62

၃၄။ ။ ဝန်ကြီးပဒေသရာဇာရေးသော၊ ထန်းတက်တျာဘွဲ့။ (နွေဦးကာလ မြူထသော့ခါ) ......62

၃၅။ ။ နန်းတွင်းသူမယ်ခွေးဆို၊ မင်းကွန်းဘုရားတျာဘွဲ့။ (ဇမ္ဗူကျွန်းရင့် သောင်းဒီပါ) ......63

၃၆။ ။ ဦးလွန်းပြေရေးသော-နန္ဒာကန်တော်ဘွဲ့။ (မြရည်နန္ဒာ) ......63

၃၇။ ။ လောကမာရဇိန်-ကုသိုလ်တော်ဘုရားဘွဲ့။ (သပြေသောင်းလုံး) ......63

၃၈။ ။ ရွှေတိဂုံသမိုင်းဘွဲ့။ (တဖုသသငယ်နင့်) ......63

၃၉။ ။ ၁၂၃၃-ခုနှစ်၊ ရွှေတိဂုံဘုရားထီးတော်ဘွဲ့။ (တရာမင်းမျှား ဥသျှောင်ကျင်) ....................64

၄၀။ ။ ဘုန်းတော်ဘွဲ့။ (ရန်တကာအောင်) ....................64

၄၁။ ။ ဘုန်းတော်ဘွဲ့။ (သြဘာမင်္ဂလာ) ....................64

၄၂။ ။ ဂုလီသဘင်-မြင်းခင်းတော်ဘွဲ့။ (လွှတ်တော်ငယ်စံကျွန်း) ....................64

၄၃။ ။ မြင်းခင်းတော်ဘွဲ့။ (ကိုးသွယ်ရတနာ) ....................65

၄၄။ ။ နတ်ရွာစံအိမ်ရှေ့မင်းကြီးဘွဲ့။ (ခွန်ယူစိုးရ) ....................65

၄၅။ ။ ဘုန်းတော်ဘွဲ့။ (ဆဒ္ဒန်ပေါက်မ) ....................65

၄၆။ ။ မြခြုံသံစောင်းတော်ဘွဲ့။ (ဖမ္ဗူရောင်ကွန့် သရကွံ) ....................65

၄၇။ ။ မျှော်တော်ယောင်ဘွဲ့။ (ပောမဝန်ချာ) ....................66

၄၈။ ။ မန္တလေးမြို့တော် တံခါး ၁၂ ရပ်ဘွဲ့။ (လေးဒီပါ-အေးမြမြ) ....................66

၄၉။ ။ မန္တလေးမြို့တော် တံခါးဆဲ့နှစ်လီဘွဲ့။ (မြမန္တလာ ရွှေဗျာသိုက်မန်း) ....................66

၅၀။ ။ သုံးထပ်ဘုန်းတော်ဘွဲ့။ (ရွှေဘုန်းပွင့်။ နေနှုန်းမြင့်) ....................67

၅၁။ ။ မင်္ဂလာသြဘာဘွဲ့ (အတိုင်းမသိ၊ မင်္ဂလာကြက်သရေ) ....................67

၅၂။ ။ ပန်းဘွဲ့ဝတ်တော်ရုံ။ (မုန်ညောင်သဇ္ဈာ) ....................67

၅၃။ ။ မျှော်တော်ယောင်ဘွဲ့ ဝတ်တော်ရုံ။ (ခေါ်ပါယောင်နှင့် မျှော်ပါယောင်) ....................67

၅၄။ ။ ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (အတိုင်းမသိ၊ ဘုန်းတော်) ....................67

၅၅။ ။ ရွှေနန်းသူဘွဲ့-ဝတ်တော်ရုံ။ (တရေးမက-သန်းခေါင်) ....................68

၅၆။ ။ မိုယ်းဘွဲ့ဝတ်တော်ရုံ။ (မိလ္လာခိုနှင့်နီလာလိုလေ) ....................68

၅၇။ ။ ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (ဘုန်းတော်တေဇာ) ....................68

၅၈။ ။ နန္ဒာကန်တော်ဘွဲ့ ဝတ်တော်ရုံ။ (ရှုတိုင်းသာစွ) ....................68

၅၉။ ။ ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (တုနှိုင်းမရှိ တေဇာ) ....................68


**သီချင်းခန့်များ ....................70**


၁။ ။ ကေတုမတီ-တောင်ငူမင်းဆို ဘုန်းတော်ဘွဲ့ သီချင်းခန့်ကလေး။ (ဘုန်းမိုယ်း သွန်းလောင်း) ....................70

၂။ ။ ရှင်ကိတ္တိဆို ဘုန်းတော်ဘွဲ့သီချင်းခန့်ကလေး။ (ရွှန်းရွှန်းမြ) ....................70

၃။ ။ ရှင်ဝရဆို။ မယ်ဘွဲ့သီချင်းခန့်ကလေး။ (ထက်မိုးသူဇာကက) ....................70

၄။ ။ ဘုန်းတော်ဘွဲ့၊ ကြိုးသတ်၊ ညွန့်ပေါင်း သီချင်းခန့်ကလေး။ (ဆဒ္ဒန်ဆဒ္ဒန်ဆင်) ....................71

၅။ ။ မယ်တော်အလယ်နန်းဘွဲ့ သီချင်းခန့်ကလေး။ (ဒီပါလေအောင်ချာ) ....................71

၆။ ။ မြဝတီဝန်ကြီးရေးသော မယ်ဘွဲ့ သီချင်းခန့်ကလေး။ (စန္ဒာရောင်သို့သာ) ....................71

၇။ ။ ကေတုမတီ-တောင်ငူမင်းဆို- မယ်ဘွဲ့သီချင်းခန့်ကလေး။ (ကျွန်းလုံးသိမ်းကြုံး) ....................71

၈။ ။ မျှော်ပါယောင်-မောင်ဘွဲ့ သီချင်းခန့်ကလေး။ (မှိုင်းမှိုင်းမြ)........72

၉။ ။ ဇေယပတေ့ အမတ်ရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကလေး။ (ပြည့်ပြည့်မင်းပေါင်း)........72

၁၀။ ။ ဘုန်းတော်ဘွဲ့ ကျေးဇူးတော်သီချင်းခန့်ကလေး။ (အမင်းမင်းခရ)........72

၁၁။ ။ မယ်ဘွဲ့ တောင်ဆင်း သီချင်းခန့်ကလေး။ (အသချေ်စုံလင်)........73

၁၂။ ။ မြဝတီဝန်ကြီးရေးသော၊ ဘုရားရောင်ခြည်တော်ဘွဲ့ သီချင်းခန့် အလတ်။ (ထူးမခြားနား)........73

၁၃။ ။ အချုပ်တိုက်စိုး ဦးတေနောင် ဘွဲ့ဆိုသော မန္တလေးမြို့တော်ဘွဲ့ သီချင်းခန့်အလတ်။ (ဆန်းအထူးထူး)........74

၁၄။ ။ ပခန်းမင်းသားဘွဲ့ဆိုသော-ဘုန်းတော်ဘွဲ့သီချင်းခန့်အလတ်။ (ဘုန်းအကြီးဆုံး)........75

၁၅။ ။ စာဆိုတော် ဦးတရုပ်ရေးသော၊ တန်ခူးရာသီ မိုယ်းဘွဲ့ သီချင်းခန့်အလတ်။ (မှိုင်းအဆန်းဆန်း)........75

၁၆။ ။ ဇေယပတေ့အမတ်ရေးသော။ ပြာသိုလ မြင်းခင်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (နှင်းတမြူးမြူး)........76

၁၇။ ။ အမရပူရ မြို့တော်ဘွဲ့- သီချင်းခန့်အလတ်။ (ဖောင်းကလောအင်း)........76

၁၈။ ။ မြဝတီဝန်ကြီးဘွဲ့ဆိုသည့် ရွှေဘိုမင်း၊ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (ထောင်ရောင်နေကသာ)........77

၁၉။ ။ ဘုန်းတော်ဘွဲ့သော-သီချင်းခန့်အလတ် (စံရာဘုံမြင့်မှာ)........77

၂၀။ ။ မြဝတီဝန်ကြီးရေးသော၊ ဆဒ္ဒန်အိုင်ဘွဲ့တချက်လွှတ် သီချင်းခန့်အလတ်။ (ဆဒ္ဒန်အိုင်သာ)........78

၂၁။ ။ နွေရာသီဘွဲ့တချက်လွှတ် သီချင်းခန့်အလတ်။ (ရွက်ညှာကြွေလျှံ)........78

၂၂။ ။ မျှော်ပါယောင်မယ်ဘွဲ့ တချက်လွှတ် သီချင်းခန့်အလတ်။ (မြဆံကေသာ)........79

၂၃။ ။ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (မင်းခမ်းတော်စုံ)........79

၂၄။ ။ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (ဇမ္ဗူမြန်ချာဗွေမှာ)........80

၂၅။ ။ မျှော်တော်ယောင် မယ်ဘွဲ့ သီချင်းခန့်အလတ်။ (ဝတီန်နန်း)........81

၂၆။ ။ ဗျာသီဆယ်ရွာစား။ ဦးလွန်းပြေရေးသော မယ်ဘွဲ့ သီချင်းခန့်အလတ်။ (ရွှေစံပယ်ရုံ)........81

၂၇။ ။ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (အယဉ်မျိုးကြူး)........82

၂၈။ ။ မင်းရဲကျော်စွာ ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဇမ္ဗူကျွန်းလုံး)........82

၂၉။ ။ ပုခန်းမင်းသားရေးသော မယ်ဘွဲ့ သီချင်းခန့်ကြီး (ပန်းကြာဝတ်မှုံ)........83

၃၀။ ။ အဝမြို့ မင်းကြီးကတော်ခင်ဆုံရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ရဝေနန်း)........84

၃၁။ ။ မြဝတီဝန်ကြီးရေးဆက်သော တောတောင်ဘွဲ့-သီချင်းခန့်ကြီး။ (စုံသာမြိုင်လယ်)........85

၃၂။ ။ မြဝတီမင်းကြီးဘွဲ့ဆိုသော၊ ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဇေယျာရွှေမြေ)........85

၃၃။ ။ မြဝတီဝန်ကြီးရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဒီပါမြေယံ)........87

၃၄။ ။ တဘက်ဆွဲရွာစား မောင်မြတ်ရစ်ရေးသော မန္တလေးမြို့ဘွဲ့ သီချင်းခန့်ကြီး။ (အောင်ဇေသဝ်)........88

၃၅။ ။ ဝန်ကြီးပဒေသရာဇာရေးသော၊ ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဘုန်းထူးဝေဆာ)........88

၃၆။ ။ ပြင်စည်မင်းသားရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဘုန်းပန်းပရမေ)........89

၃၇။ ။ တောပန်းတောင်ပန်းဘွဲ့ သီချင်းခန့်ကြီး။ (တောဟောဝန်တောင်) ....90
၃၈။ ။ မိုယ်းဘွဲ့ သီချင်းခန့်ကြီး။ (သံသာညိုးညင်း) ....90
၃၉။ ။ မယ်ဘွဲ့သီချင်းခန့်ကြီး။ (သင်းသင်းကြိုင်ကြိုင်) ....91
**အပိုင်း-၂။ .... 92**
**ပတ်ပျိုးသီချင်းများ .... 92**
၁။ ။ ပတ်ပျိုးကလေး (လင်းယဉ်ငယ်ကြယ်စိုင်ရှူး)....92
၂။ ။ ပဠည်မင်းသားဆို၊ ပတ်ပျိုးကလေး။ (ကုန်းဘောင်အာဟိန်ညွှန့်) ....92
၃။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (အိုမြင်လှဲ့စမ်း) ....92
၄။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (ပရမေရွှေဉာဏ်) ....92
၅။ ။ စင်တော်ကြီးမင်းသား-ဦးသာပြောဆို မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (အာကာတခို)....93
၆။ ။ မြဝတီမင်းကြီးရေးသော-ချောင်းခြားပတ်ပျိုးကလေး။ (ကြေျကြိုင်သင်း) ....93
၇။ ။ မြဝတီမင်းကြီးရေးသော-အီနောင်ဇာတ်လိုက် တလာကံခမ်း-ပတ်ပျိုးကလေး။ (လူမနော) ....93
၈။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (ခါနွေဝသန်)....93
၉။ ။ မြဝတီမင်းကြီးရေးသော - မင်းအငယ်နတ်ချင်းအလိုက် ပတ်ပျိုးကလေး။ (မြိုင်ယံ ရွှေလျှံ) ....93
၁၀။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (စက်လဲပျော်ပါလို) ....94
၁၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သင်းလှိုင်ညီ)....94
၁၂။ ။ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်ဆို ပတ်ပျိုးကလေး။ (ပြဒ္ဒငယ်ချပ်ရံ) ....94
၁၃။ ။ မြဝတီမင်းကြီးရေးသော တန်ခူးလရာသီဘွဲ့ ပတ်ပျိုးကလေး။ (တာသစ်ကယ်လေကူး)....94
၁၄။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးကလေး။ (ဘုန်းဆင့်ဆင့်တိုး) ....94
၁၅။ ။ ပတ်ပျိုးကလေး။ (ကန်မင်းကသာ)....95
၁၆။ ။ မြဝတီမင်းကြီးရေးသော အီနောင်ပတ်ပျိုးကလေး။ (မော်တင်လယ်) ....95
၁၇။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (ရွှေဇီဝဖိုး)....95
၁၈။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (အို ကြော့ဆုံးမယ်)....95
၁၉။ ။ ပတ်ပျိုးကလေး။ (မြတောင်ဝေရှင်း) ....96
၂၀။ ။ မြဝတီမင်းကြီးရေးသော ဣန္ဒာဝုမ နန်းတွင်းဇာတ်တော်ဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်တွင်းကသာ)....96
၂၁။ ။ ပတ်ပျိုးကလေး။ (မြနန်းဘုံပေါ်မှန်)....96
၂၂။ ။ မြဝတီမင်းကြီးရေးသော မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (မိုယ်းဒေဝါ-ချိန်ခါလေ)....96
၂၃။ ။ ရွှေဘိုမင်း ဘုန်းတော်ဘွဲ့ ပတ်ပျိုးကလေး။ (ကျွန်းကျွန်းတိုင်းခန်း)....96
၂၄။ ။ တွဲဘက်ရုံးစာရေး-မောင်တာရေး၊ မယ်ဘွဲ့-ပတ်ပျိုးကလေး။ (ပပငယ်လေ-ဝင်းဝင်း) ....97

၂၅။ ။ အိမ်ရှေ့ထိပ်ထား လိုင်ထိပ်ခေါင်တင်ရေးသော၊ မျှော်တော်ယောင် ပတ်ပျိုးကလေး။ (ညဥ့်သုံးယာမ်ခါ)..97
၂၆။ ။ မြဝတီမင်းကြီးရေးသော - ကန်တော်ဘွဲ့ပတ်ပျိုးကလေး။ (တောင်နန်းရွှေဗိမာန်) ............................97
၂၇။ ။ မြဝတီမင်းကြီးရေးသော ၈၀-ပေါ်ပတ်ပျိုးကလေး။ (ရှုလဲနိုင်နှင့်)................................................98
၂၈။ ။ မြဝတီမင်းကြီးရေးသော - မယ်ဘွဲ့ပတ်ပျိုးကလေး။ (သေးသေးငယ်တည့်သွယ်သွယ်).....................98
၂၉။ ။ ပတ်ပျိုးကလေး။ (ကြုံလေ၊ ဘုံဘွေ) ...................................................................................98
၃၀။ ။ ငယ်တိုးဝန်ဆို-ပတ်ပျိုးကလေး။ (မင်းဝံတောင်)..............................................................98
၃၁။ ။ မယ်ဘွဲ့-ပတ်ပျိုးကလေး။ (လေညှင်းချွေသင်း) ...................................................................99
၃၂။ ။ ပွဲနှင်း-ဦးနေဦးဆိုသော၊ ပတ်ပျိုးကလေး။ (လွမ်းရန်ထွေ မျှော်လေတိုင်း)......................................99
၃၃။ ။ ဆရာ ဦးကျောက်ခဲဆို၊ ပတ်ပျိုးကလေး။ (ရေပင်လယ်)..........................................................99
၃၄။ ။ ပတ်ပျိုးကလေး။ (ဆင့်ရရင့်ငယ်လေ-ရွှန်းလန်း) ...................................................................99
၃၅။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (မုန်ရဝေ)........................................................100
၃၆။ ။ ငယ်တိုးအတွင်းဝန်ဆိုသော၊ မယ်ဘွဲ့တောင်လား-ပတ်ပျိုးကလေး။ (ဂန္ဓမာတောင်).......................100
၃၇။ ။ မြဝတီမင်းကြီးရေးသော ဣန္ဒာဝုဓ နန်းတွင်းဇာတ်တော်ဘွဲ့ ပတ်ပျိုးကလေး။ (နန်းမြေနှင့်ကွာ) ..........100
၃၈။ ။ ပတ်ပျိုးကလေး။ (ပတ်ဝန်းငယ်တည့် ညာဘယ်) ...........................................................100
၃၉။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (ညှင်းလေကသွေး) ..........................................101
၄၀။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (ရှုလိုက်တိုင်း-မှိုင်းခဲ့ပြီ) ........................................101
၄၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (လေးဒီပါလုံး မြေတန်ဆောင်)..................................101
၄၂။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သင်းသင်းငယ်တည့် ကြိုင်လှိုင်ညီ) ............................101
၄၃။ ။ မြဝတီမင်းကြီးရေးသော ကန်တော်ဘွဲ့ ပတ်ပျိုးကလေး။ (စိမ်းကြည်လဲ့ရှင်)................................102
၄၄။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သာဂိမှန်။ ညာလေပြန်).......................................102
၄၅။ ။ ပတ်ပျိုးကလေး။ (မြမြမောင်းမောင်း)................................................................................102
၄၆။ ။ မြမြမောင်းမောင်းအလိုက်၊ ပတ်ပျိုးကလေး။ (ပျံ့ပျံ့ငယ်လေသင်းသင်း) .....................................102
၄၇။ ။ အီနောင် ပတ်ပျိုးကလေး။ (ပျံ့ပျံ့ငယ်လေသင်းသင်း)..........................................................103
၄၈။ ။ မြဝတီမင်းကြီးရေးသော အီနောင်ပတ်ပျိုးကလေး။ (ညို့ညို့မှိုင်းမှိုင်း).........................................103
၄၉။ ။ မြမြမောင်းမောင်းအလိုက် မယ်ဘွဲ့ ပတ်ပျိုးကလေး။ (ပပငယ်လေ-ဝင်းဝင်း)...............................103
၅၀။ ။ ရွှေဘိုမင်းလက်ထက်၊ ပွဲနှင်းဦးနေဦး ရေးသော သစ္စာတိုင်ပတ်ပျိုးကလေး။ (ချစ်သမျှကို) ................104
၅၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (တံပိုးငယ်တည့်နတ်ပဋ္ဌင်).........................................104
၅၂။ ။ ပတ်ပျိုးကလေး။ (ရေလှိုင်းကမို)........................................................................................105
၅၃။ ။ ယိုးဒယား-ပတ်ပျိုးကလေး။ (သိင်္ဂါရွှေဘုံ)............................................................................105

စာညွှန်းသို့ ►

၅၄။ ။ ယိုးဒယား-ပတ်ပျိုးကလေး။ (ရဂုံဟောမာ) ......... 105
၅၅။ ။ ယိုးဒယား-ပတ်ပျိုးကလေး။ (မြိုင်ခြေတခွင်) ......... 105
၅၆။ ။ ရွှေဘိုဘုရား၏အနောက်နန်းမတော် မမြကလေးဆို၊ မယ်ဘွဲ့ ပတ်ပျိုးကလေး။ (မြယဉ်ရေညို) ......... 106
၅၇။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (ဝေဖြိုးကုန်းဘောင်ညွှန့်ညွှန့်) ......... 106
၅၈။ ။ အိမ်ရှေ့ထိပ်ထား-လှိုင်ထိပ်ခေါင်တင်ရေးသော ပတ်ပျိုးကလေး။ (ပန်းသဥ်လယ်) ......... 106
၅၉။ ။ ပတ်ပျိုးကလေး။ (မိုးလုံးပတ်လည်) ......... 106
၆၀။ ။ ပတ်ပျိုးကလေး။ (မြိုင်ခြေ-ခိုင်ရွှေ) ......... 107
၆၁။ ။ မန္တလေးမြို့ဘွဲ့-ပတ်ပျိုးကလေး။ (အောင်မြေမြမန်း) ......... 107
၆၂။ ။ သစ္စာတိုင် ပတ်ပျိုးကလေး။ (နှစ်ကိုယ်သစ္စာ) ......... 107
၆၃။ ။ ပတ်ပျိုးကလေး။ (ဟောမန်ပွေဟန်) ......... 108
၆၄။ ။ ကွပ်ရွာမြို့စား မင်းကြီးကတော်ခင်ဆုံရေးသော အီနောင် ပတ်ပျိုးကလေး။ (ဆောင်ဝဇီရာ) ......... 108
၆၅။ ။ ပဋ္ဌည်မင်သားရေးသော ပတ်ပျိုးကလေး။ (စိန်ငွေလျှံ) ......... 108
၆၆။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သာရကာကျေးငယ်တို့) ......... 108
၆၇။ ။ မြင်စိုင်းမင်းသမီးရေးသော ပတ်ပျိုးကလေး။ (သူရကန်) ......... 109
၆၈။ ။ တောဘွဲ့ ပတ်ပျိုးကလေး။ (နဝတတ္ထကုဏ္ဍာလ) ......... 109
၆၉။ ။ ပတ်ပျိုးကလေး။ (ဖြေလျော့ခွေ) ......... 109
၇၀။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (စိန္တေကိုးသွယ်ဂုဏ်) ......... 110
၇၁။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (အောင်ဇေယျာကျွန်းကျွန်း) ......... 110
၇၂။ ။ အီနောင် ပတ်ပျိုးကလေး။ (လွှမ်းဘွယ့်စေ) ......... 110
၇၃။ ။ ပတ်ပျိုးကလေး။ (ဘုံလယ်ခွင်-ကြုံတယ်အင်) ......... 110
၇၄။ ။ ပတ်ပျိုးကလေး။ (ပန်းတသင်းသင်း) ......... 111
၇၅။ ။ ဇာတ်ဆရာ ဦးကျော်ခဲ ရေးသော ကိန္နရာချောင်းခြား ပတ်ပျိုးကလေး (မြူဝန်းလို့ခို) ......... 111
၇၆။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (စိုးမိုးသိမ်းကြုံး) ......... 111
၇၇။ ။ သမုဒ္ဒဃောသထွက်- ပတ်ပျိုးကလေး။(ရွှေဘုန်းတေဇာ) ......... 112
၇၈။ ။ ပုခန်းမင်းသားရေးသော ဘုန်းတော်ဘွဲ့- ပတ်ပျိုးကလေး။ (ဇေယျာ အောင်စည်) ......... 112
၇၉။ ။ အီနောင်-ပတ်ပျိုးကလေး။ (ရွှေနှုတ်ကယ် လှယ်လှယ်) ......... 112
၈၀။ ။ နန်းဘွဲ့-ပတ်ပျိုးကလေး။ (ရွှေတေဇာ) ......... 112
၈၁။ ။ သမုဒ္ဒဃောသထွက်- ပတ်ပျိုးကလေး။ (တပင်စံရာ) ......... 113
၈၂။ ။ ဆောင်းဘွဲ့အမျှော်ဆိုက် ပတ်ပျိုးကလေး။(ပဟိုရ်မြွက်သံ) ......... 113

စာညွှန်းသို့ ▶

၈၃။ ။ အီနောင် ပတ်ပျိုးကလေး။ (ရွှေတောင်ပံ-နေရောင်ခံ)............................................113
၈၄။ ။ မင်းကြီးကတော် ခင်ဆုံ ရေးသော- တောဘွဲ့ပတ်ပျိုးကလေး။ (ဟေမာ-ဝေဆာ)..........................113
၈၅။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (အောင်ခန်းမြို့ထောင်နန်းတည်) ................................114
၈၆။ ။ မြင်ကွန်းမင်းသားရေးသော- ပတ်ပျိုးကလေး။ (မြန်ချာမြေကို)..................................................114
၈၇။ ။ မျှော်တော်ယောင် မောင်ဘွဲ့ ပတ်ပျိုးကလေး။ (ပြာပြာညိုရောင် မိုင်းတလဲ့လဲ့)............................114
၈၈။ ။ တောတောင်ပန်းဘွဲ့ ပတ်ပျိုးကလေး။ (ပြာပြာညိုရောင် မှိုင်းလို့ရီမှောင်)..................................115
၈၉။ ။ ငယ်တိုးအတွင်းဝန်ရေးသော၊ ပတ်ပျိုးကလေး။ (ဂန္ဓမာရိပ်သာ) ..............................................115
၉၀။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (လွမ်းခလေ့)........................................................115
၉၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (မြသားဘွေစွန်) ..................................................116
၉၂။ ။ ဘုန်းတော်ဘွဲ့- ပတ်ပျိုးကလေး။ (ဇေယျာအောင်သံ) ..........................................................116
၉၃။ ။ မင်းကြီးကတော် ခင်ဆုံ ရေးသော၊ တပေါင်းဘွဲ့ ပတ်ပျိုးကလေး။ (သင်းရနံ့) ..............................116
၉၄။ ။ မြဝတီမင်းကြီးရေးသော- ဘုန်းတော်ဘွဲ့နှင့် နန်းဘွဲ့ ပတ်ပျိုးကလေး။ (တန်ဆောင်ရွှေတိုင်)............117
၉၅။ ။ မျှော်တော်ယောင်- ပတ်ပျိုးကလေး။ (ရှိုစုံရွက်ကြာ)............................................................117
၉၆။ ။ မင်းဘူးပဲ့နင်း ဦးနေဦး ရေးသော၊ ပတ်ပျိုးကလေး။ (သေနင်္ဂမည်) ............................................118
၉၇။ ။ အနောက်နန်းမတော် မမြလေး ရေးသော မျှော်တော်ယောင်- ပတ်ပျိုးကလေး။ (နဝရတ်ကယ်ရောင်စုံ)118
၉၈။ ။ မြဝတီမင်းကြီးရေးသော၊ မြစ်နှင့်တောဘွဲ့ပတ်ပျိုးကလေး။ (သာဆန်းငယ်တည့်ရဂုံဖွေ)..................119
၉၉။ ။ ပြင်စည်မင်းသားရေးသော၊ မိုယ်းဘွဲ့- ပတ်ပျိုးကလေး။(မုရိုးငယ်တည့် ထက်စည်သံ) ....................119
၁၀၀။ ။ သေဋ္ဌေးတန်း မောင်လန်းရေးသော မိုယ်းဘွဲ့- ပတ်ပျိုးကလေး။ (မလင်းငယ်တည့် ပိတ်ခါမှောင်).......119
၁၀၁။ ။ နိဗ္ဗိန္ဒ- ပတ်ပျိုးကလေး။ (နံ့သာနီတောင်) ...................................................................120
၁၀၂။ ။ စာရေးတော်ကြီး- ဦးမောင်ကလေးရေးသော ပတ်ပျိုးကလေး။ (မဲဇာတောင်ခြေ)..........................120
၁၀၃။ ။ မြဝတီမင်းကြီးရေးသော၊ ဘုရားတိုင် ပတ်ပျိုးကလေး။ (လှုစံကျွန်းညွှန်းတော်ခဲ့လား)......................121
၁၀၄။ ။ ဦးအုံးခိုင်ရေးသော၊ အီနောင်ဇာတ်လိုက် ပတ်ပျိုးကလေး။ (အမွှန်-မာန်ဟုံ)...............................121
၁၀၅။ ။ နာခံတော် ဦးချို ရေးသော -မိုယ်းဘွဲ့အလွမ်း ပတ်ပျိုးကလေး။ (နွဲ့ယိမ်းယိုင်)..............................121
၁၀၆။ ။ အိမ်ရှေ့ထိပ်ထားလှိုင်ထိပ်ခေါင်တင်ရေးသော ဝိဇယကာရီ ပတ်ပျိုးကလေး။ (ရေယမုန်).................122
၁၀၇။ ။ မင်းတရားကြီးနှင့် မန္တလေးမြို့ဘွဲ့ ပတ်ပျိုးကလေး။ (ကုန်းဘောင့်ရွှေဘို) ..................................122
၁၀၈။ ။ ပြင်စည်မင်းသားရေးသော၊ မန္တလေးမြို့တော်ဘွဲ့ ပတ်ပျိုးကလေး။ (မြမန်းကိုက်ရုံ)........................122
၁၀၉။ ။ ငယ်တိုးဝန်ရေးသော၊ မြောက်အိမ်တော်သံ ပတ်ပျိုးကလေး။ (ဇမ္ဗူတောင်ညာ)............................123
၁၁၀။ ။ မြဝတီမင်းကြီးရေးသော၊ မီးခွက်ကချင်းယိုးဒယား-ပတ်ပျိုးကလေး။ (အောင်မြေဇေယျာ) ................123
၁၁၁။ ။ မြဝတီမင်းကြီးရေးသော၊ မန္တလေးမြို့ဘွဲ့ပတ်ပျိုးကလေး။ (မဏိကဥ္စနာ)....................................123

စာညွှန်းသို့ ►

၁၁၂။ ။ ပြင်စည်မင်းသားရေးသော၊ ပုဂံထိပ်ထား ဘုန်းဘွဲ့ ပတ်ပျိုးကလေး (သိင်္ဂါရွှေရောင်) ...................... 124

၁၁၃။ ။ ဘုန်းတော်ဘွဲ့-ပတ်ပျိုးကလေး။ (ရွှေဘုံစံရာ) ............................................................ 124

၁၁၄။ ။ ပတ်ပျိုးကလေး။ (မြဂန္ဓမာ)........................................................................ 124

၁၁၅။ ။ တပေါင်းလရာသီဘွဲ့- ပတ်ပျိုးကလေး။ (တပေါင်းဆန်းသည်နှင့်)............................................ 125

၁၁၆။ ။ ဇာတ်ဆရာမောင်ကျောက်ခဲရေးသော ပတ်ပျိုးကလေး။ (ရွှေရင်ဘောင် ငွေရင်ဘောင်).................... 125

၁၁၇။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ရဂုံမြိုင်ချာ) ................................................... 125

၁၁၈။ ။ ပုဂံမင်းလက်ထက်၊ မင်းကြီးကတော်ရေးသော ကျေးစေ-ပတ်ပျိုးကလေး။ (သန်းရုံခြွေ).................... 126

၁၁၉။ ။ မောင်မောင်ဘေရေးသော၊ မှန်ရဝေအလိုက် ဘုန်းဘွဲ့-ပတ်ပျိုးကလေး။ (ပြောင်တာသိန်)................. 126

၁၂၀။ ။ မောင်မောင်ဘေရေးသော၊ သေနင်္ဂမည်အလိုက် မိုယ်းဘွဲ့-ပတ်ပျိုးကလေး။ (ဝသန်ရာသီ).............. 126

၁၂၁။ ။ မောင်မောင်ဘေရေးသော- စိန်ငွေလျှံအလိုက် တောဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်ဟောဝန်) ................ 127

၁၂၂။ ။ မြမြမောင်းမောင်းအလိုက် ဆောင်းဘွဲ့-ပတ်ပျိုးကလေး။ (လဲ့လဲ့ငယ်လေ သင်းသင်း)...................... 127

၁၂၃။ ။ မောင်မောင်ဘေရေးသော-ချစ်သမျှကိုအလိုက် သစ္စာထား-ပတ်ပျိုးကလေး။ (လွှဲမပစ်နိုင်)............... 127

၁၂၄။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ကျူးသီဖွဲ့ဝန်း).................................................. 127

၁၂၅။ ။ မှန်ရဝေအလိုက် တောတောင်ဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်ရဂုံ) ................................................ 128

၁၂၆။ ။ ဝိဇယာကာရီ ပတ်ပျိုးကလေး။ (ညဥ့်ဆည်းလွန်) ........................................................ 128

၁၂၇။ ။ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်ရေးသော၊ မျှော်တော်ယောင်- ပတ်ပျိုးကလေး။ (မိန်ရက်ဘန်) ... 129

၁၂၈။ ။ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်ရေးသော၊ မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (ငှို့ဏ္ဍိမာ)...................... 129

၁၂၉။ ။ မြဝတီမင်းကြီးဆက်သွင်းသော၊ မီးခွက်ကချင်း ပတ်ပျိုးကလေး။ (ဘုန်းရောင်ရှိန် ထိန်ညီး) .............. 129

၁၃၀။ ။ မန္တလေးမြို့တော်ဘွဲ့ ပတ်ပျိုးကလေး။ (ပြယားငယ်တည့် ဝင်းသဝဏ်)....................................... 130

၁၃၁။ ။ ပြည်မင်းရေးသော၊ မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (အို-ကမ်းလေရေယမုန်)....................................... 130

၁၃၂။ ။ မြဝတီမင်းကြီးရေးသော၊ တောဘွဲ့ပတ်ပျိုးကလေး။ (စုံနယ်သာစွ) ........................................ 130

၁၃၃။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ပရမေဉာဏ်မွန်) ............................................ 131

၁၃၄။ ။ ဘုန်းတော်ဘွဲ့-ပတ်ပျိုးကလေး။ (နန်းဘုံမြင့်နတ်ကယ်)................................................... 131

၁၃၅။ ။ မောင်ဘွဲ့အလွမ်း-ပတ်ပျိုးကလေး။ (သင်းလှိုင်ဝေ) ........................................................ 131

၁၃၆။ ။ ပင်သာမြို့စား- ခင်ဖူးရေးသော၊ ပတ်ပျိုးကလေး။ (နွေချိန်ခါလုပြန်တော့တယ်)............................ 131

၁၃၇။ ။ မြောက်အိမ်တော်သံ တျောသတ် ပတ်ပျိုးကလေး (လက်ျာသပြေကျွန်းငယ်မှာ) ............................ 132

၁၃၈။ ။ မြဝတီမင်းကြီးရေးသော၊ နွေဘွဲ့-ပတ်ပျိုးကလေး။ (လေသွေးငယ်တည့် ညှင်းသုံသုံ)...................... 132

၁၃၉။ ။ မျှော်တော်ယောင်-ပတ်ပျိုးကလေး။ (ခင်းစံကြော့ဖွေ).......................................................... 133

၁၄၀။ ။ ပန်းမြိုင်ဘွဲ့- ယိုးဒယား ပတ်ပျိုးကလေး။ (ရွှေဇီခိုင်ညှာပန်းရယ်က) ........................................ 133

၁၄၁။ ။ ကိန္နရာချောင်းခြား-ပတ်ပျိုးကလေး။ (မယ်သေချင်လိုက်ပါဘိ) ........ 133

၁၄၂။ ။ ဣန္ဒာဝုဒမင်းသား ကြုံးချင်း ပတ်ပျိုးကလေး။ (ရွှေဘုန်းသွမ္မာရှိန်လေတည့်မှ) ........ 133

၁၄၃။ ။ တောပန်းဘွဲ့-ပတ်ပျိုးကလေး။ (လောင်းပန်း ဂမုန်းအင်လေတည့်မှ) ........ 134

၁၄၄။ ။ အီနောင်ဇာတ်ထွက် ပွတ်စပါးကလိုက်သော၊ ပတ်ပျိုးကလေး။ (သန်းယံသာကြုံးပါတော့) ........ 134

၁၄၅။ ။ ပြင်သိင်္ဂါ ပတ်ပျိုးကလေး။ (ရွှေပြည်တော်သည်) ........ 135

၁၄၆။ ။ သမုဒ္ဒယောသထွက် ပတ်ပျိုးကလေး။ (သီလာဝေယန်) ........ 135

၁၄၇။ ။ သီတာသောင်ခြေဘွဲ့- မြေလပ် ပတ်ပျိုးကလေး။ (ယမုန္နာ) ........ 135

၁၄၈။ ။ မြေထဲမြို့အစီရင် ဦးလူကြီးရေးသော အလွမ်း ပတ်ပျိုးကလေး။ (ပြည်အောင်ချာနန်းငယ်က) ........ 136

၁၄၉။ ။ မြဝတီမင်းကြီးရေးသော၊ ပူပုံဘွဲ့ပတ်ပျိုးကလေး။ (ဖြေလဲမပြေ) ........ 136

၁၅၀။ ။ အလွမ်း ပတ်ပျိုးကလေး။ (ရွှေဖီဇင်ဂေါ်) ........ 136

၁၅၁။ ။ မီးခွက်ကချင်းခေါ် ဘုန်းတော်ဘွဲ့ပတ်ပျိုးကလေး။ (ယမုန်သီတာ) ........ 137

၁၅၂။ ။ ရဂုံမြိုင်ချာအလိုက်၊ အလွမ်း ပတ်ပျိုးကလေး။ (ဝသန်ခါမီ) ........ 137

၁၅၃။ ။ ပြင်စည်မင်းသားရေးသော၊ ပတ်ပျိုးကလေး။ (ယုဇနမာလာ) ........ 137

၁၅၄။ ။ ယိုးဒယား ပတ်ပျိုးကလေး။ (မဟီရင်ဘောင်) ........ 138

၁၅၅။ ။ မြဝတီမင်းကြီးရေးသော၊ ဘိုးတော်ဘုရား ဘုန်းတော်ဘွဲ့ ယိုးဒယား- ပတ်ပျိုးကလေး။ (ရိန္ဒမာလုံ) ........ 138

၁၅၆။ ။ ဇာတ်ဆရာ ဦးကျောက်ခဲရေးသော ပတ်ပျိုးကလေး။ (လွမ်းရန်ပို ငိုချင်သား) ........ 139

၁၅၇။ ။ မြဝတီမင်းကြီးရေးသော၊ အလွမ်းပတ်ပျိုးကလေး။ (စက်လဲမရွှင်) ........ 139

၁၅၈။ ။ စက်လဲမရွှင်အလိုက်၊ ရဂုံဘွဲ့ အလွမ်း ပတ်ပျိုးကလေး။ (စက်နန်းရဝိန်) ........ 139

၁၅၉။ ။ ပြင်စည်မင်းသားရေးသော၊ ဘုန်းတော်ဘွဲ့ပတ်ပျိုးကလေး။ (ရင့်ကျူးငယ်မန္ဒာ) ........ 140

၁၆၀။ ။ ပြင်စည်မင်းသားရေးသော။ မျှော်တော်ယောင်ပတ်ပျိုးကလေး။ (မျှော်တိုင်းခုဝယ်) ........ 140

၁၆၁။ ။ ဘုန်းတော်ဘွဲ့-ပတ်ပျိုးကလေး။ (သပြေညာပေါင်) ........ 140

၁၆၂။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ပင်ဝန်းညာသပြေ) ........ 141

၁၆၃။ ။ အဆိုတော် မယ်လုပ် ရေးသော၊ ကျေးစေ ပတ်ပျိုးကလေး။ (ထွန်းလင်းလျှံလက်) ........ 141

၁၆၄။ ။ မင်းကြီးကတော် ခင်ဆုံရေးသော၊ ကျေးစေမယ်ဘွဲ့ ပတ်ပျိုးကလေး။ (လေယာဉ်မြန်း) ........ 142

၁၆၅။ ။ စလေဦးပုည ရေးသော၊ ရေသည်ဇာတ်ထွက် ပတ်ပျိုးကလေး။ (မယ့်ကြမ္မာ) ........ 142

၁၆၆။ ။ တောတောင်ဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်ခြေစုံသာ) ........ 142

၁၆၇။ ။ မြဝတီမင်းကြီးရေးသော၊ တောဘွဲ့ ယိုးဒယား ပတ်ပျိုးကလေး။ (သာယာစုံစီ) ........ 143

၁၆၈။ ။ ပြင်စည်မင်းသားရေးသော အပူဘွဲ့ ပတ်ပျိုးကလေး။ (သေသော်သာ မြတ်လေသိ) ........ 143

၁၆၉။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ရဝိန်ဒေါင်းယာဉ်ပျံ) ........ 144

၁၇၀။ ။ မြဝတီမင်းကြီးရေးသော တောဘွဲ့ အလွမ်း ပတ်ပျိုးကလေး။ (ပန်းရဂုံညှာ)......144
၁၇၁။ ။ မြဝတီမင်းကြီးရေးသော မိုဃ်းဘွဲ့ ပတ်ပျိုးကလေး။ (ညိုခိုးတိမ်ပုံကက)......144
၁၇၂။ ။ အဆွေးဘွဲ့ ပတ်ပျိုးကလေး။ (နှင်းသုံသုံ)......145
၁၇၃။ ။ အဝမြို့ဘွဲ့ ပတ်ပျိုးကလေး။ (ဟံသငယ်ရာဇာ)......145
၁၇၄။ ။ လွမ်းဓလေ့အလိုက် ပတ်ပျိုးကလေး။ (စောဘိသည်နှင့်)......145
၁၇၅။ ။ ပတ်ပျိုးကလေး။ (မှိုင်းပြာဝေ)......146
၁၇၆။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (စိန်ကြောင်နီလာ)......146
၁၇၇။ ။ ကိန္နရာ- ချောင်းခြားကြီး ပတ်ပျိုးလတ်။ (ပောဝန်စုံမြိုင်)......147
၁၇၈။ ။ ငယ်တိုးအတွင်းဝန်ရေးသော မိုဃ်းဘွဲ့ ပတ်ပျိုးလတ်။ (အာကာယံထဲ)......147
၁၇၉။ ။ ဦးကျောက်ခဲဆို- သီတာဘွဲ့ ပတ်ပျိုးလတ်။ (ဒီပါမြေ)......147
၁၈၀။ ။ မြဝတီမင်းကြီးရေးသော- ကုန်းဘောင်မင်းဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (ကုန်းဘောင်နေမင်း)......148
၁၈၁။ ။ မျှော်တော်ယောင်မောင်ဘွဲ့ ပတ်ပျိုးလတ်။ (စိန်ချယ်ခြူးသန်း)......148
၁၈၂။ ။ ဦးပိုင်းရေးသော အီနောင်ဇာတ်လိုက် ယိုးဒယား ပတ်ပျိုးလတ်။ (ဖြူပြာမူရာ)......149
၁၈၃။ ။ ပခန်းမင်းသားကြီးရေးသောတောင်လား ပတ်ပျိုးလတ်။ (အောင်မြေသာစံ)......149
၁၈၄။ ။ မြဝတီမင်းကြီးရေးသော အီနောင်ဇာတ်ထွက် ပတ်ပျိုးလတ်။ (သဲလောင်ကြွေကျွမ်းအောင်လို့)......150
၁၈၅။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (အမရပူရိန်)......150
၁၈၆။ ။ ရွှေဘိုမင်းလက်ထက်။ မြဝတီမင်းကြီးရေးသော ဆိုင်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (ချွါပြာသင်း)......151
၁၈၇။ ။ မြဝတီမင်းကြီးရေးသော မိုဃ်းဘွဲ့ ပတ်ပျိုးလတ်။ (စိုးအမွှန်မှူး)......151
၁၈၈။ ။ ဦးပိုင်းဆို ရာမဘွဲ့- ပတ်ပျိုးလတ်။ (ဘုန်းများများမင်း)......152
၁၈၉။ ။ ဇာတ်ဆရာ ဦးကျောက်ခဲရေးသော အလွမ်းမယ်ဘွဲ့ ပတ်ပျိုးလတ်။ (ဖိန်းဘုံဘွေ)......152
၁၉၀။ ။ မနော်ရမ္မ- ဥယျာဉ်တော်ဘွဲ့ ပတ်ပျိုးလတ်။ (ရွှေဘုန်းလျှံဖြာ)......153
၁၉၁။ ။ ဦးလွမ်းပြေရေးသော မဟာမုနိဘုရားကြီးဘွဲ့ ပတ်ပျိုးလတ်။ (လေးဒီပါကြုံးပေမည့်)......153
၁၉၂။ ။ ဇော်ဂျီသံခေါ် - ဦးကျောက်ခဲရေးသော မယ်ဘွဲ့ ပတ်ပျိုးလတ်။ (စက်လဲဘုံဘွေ)......154
၁၉၃။ ။ အနောက်နန်းမတော် မမြကလေး ရေးသော အလွမ်းတောဘွဲ့ ပတ်ပျိုးလတ်။ (ငွေခုံမြေခါ)......154
၁၉၄။ ။ မတဲရေးသော။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (နန်းနေရ သီလာဝေယန်)......154
၁၉၅။ ။ မတဲရေးသော မြင်းဘွဲ့ ပတ်ပျိုးလတ်။ (မြနန်းငယ်တည့်။ မန်းညာဘွေ)......155
၁၉၆။ ။ မောင်ဘွဲ့ အလွမ်း ပတ်ပျိုးလတ်။ (ကြင်ယောင်ခင်ယောင်)......155
၁၉၇။ ။ ယောဉ်တော်ကျူးချင်း ပတ်ပျိုးလတ်။ (မန်းအောင်မြေခင်း)......156
၁၉၈။ ။ ကိန္နရာ-ချောင်းခြားကလေး- ပတ်ပျိုးလတ်။ (ဖြေနိုင်ပေါင်)......156

စာညွှန်းသို့ ►

၁၉၉။ ။ မန်းဘွဲ့ပတ်ပျိုးလတ်။ (ငွေယုန်နန်း)......157
၂၀၀။ ။ ဘကြီးတော်ဘုရားလက်ထက်၊ မြဝတီမင်းကြီးရေးသော ရေလားပတ်ပျိုးကြီး။ (မှိုင်းပြာမှုံဝေ)......157
၂၀၁။ ။ မြဝတီမင်းကြီးရေးသော တောလား ပတ်ပျိုးကြီး။ (အထူးထူးငယ်နှင့်)......158
၂၀၂။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးကြီး။ (ကုန်းဘောင်ပရမေ)......158
၂၀၃။ ။ ဘုန်းတော်ဘွဲ့ပတ်ပျိုးကြီး။ (မြန်ဘောင်ပရမေ)......159
၂၀၄။ ။ ဘကြီးတော်ဘုရားလက်ထက်။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကြီး။ (ဘုံပျံနေနန်း)......160
၂၀၅။ ။ မန္တလေးနေပြည်တော်။ ဥယျာဉ်တော် ၂၁-ရပ်ဘွဲ့ ပတ်ပျိုးကြီး။ (စံရာရွှေနန်း)......161
**လောကနတ်သံများ......164**
၁။ ။ လောကနတ်သံများ (တိမ်မှောင်ဝေးကင်း)......164
၂။ ။ ဇောင်းကလောကသိုလ်တော်ဘွဲ့၊ လဲ့လောကနတ်ချင်း။ (ထိန်ထိန်ဖြာ)......164
**လေးထွေသံကပ်များ ......165**
၁။ ။ လေးထွေသံကပ်အချီး (ရွှေပန်း ပန်ငယ်တို့။ လေးထွေသံကပ်အချီး)......165
၂။ ။ လေးထွေသံကပ် (ကိုယ်တော်နှင်းနံ့)......165
၃။ ။ လေးထွေသံကပ်။ (စိန်မှန်ဆောင်-မျက်ကိုးစုံပွင့်။ )......165
၄။ ။ လေးထွေသံကပ်။ (ရွှေညီလာကြာယွန်းဝယ်ပ)......165
**မြင်းခင်း ......166**
စန္ဒရာယုက်မြင်းစီးပုံ နှင့်သိကြားတန်ဆောင်းကိုင်ဟန် အဲမောင်းရေးဘွဲ့ (မြန်မြေနယ်ဇမ္ဗူဘောင်)......166
**၃၇-မင်း နတ်ချင်းများ......166**
**အပိုင်း-၃။ ......170**
**ယိုးဒယားသီချင်းများ ......170**
၁။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ပန်းမြိုင်လယ်) ......170
၂။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (မှိုင်းမှုံပြာညို) ......171
၃။ ။ ပြင်စည်မင်းသားရေးသော ယိုးဒယားကြေးတီးချက် (တောတောင်စွယ်) ......171
၄။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (တောမြိုင်ခြေလမ်း)......172
၅။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (နှင်းယွန်း ခါဟေမန်)......172
၆။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ခိုင်ပန်းစုံ-မှုံမာလာ) ......172
၇။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ရွှေတညာ) ......173
၈။ ။ မန္တလေးပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုန်းတော်ဘွဲ့ ယိုးဒယား။ (တောင်ဇမ္ဗူပိုင်)......173

၉။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ဝေဇယန္တာ) ...... 174
၁၀။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (မော်ရုံဟောဝန်) ...... 174
၁၁။ ။ ပြင်စည်မင်းသားရေးသောယိုးဒယား (ဘော်ကွာဝေးသူမို့) ...... 174
၁၂။ ။ မြဝတီမင်းကြီးရေးသော ယိုးဒယားနဲ့သွား။ (ယုန်ငွေနန်းလေ စန်းသော်တာ) ...... 175
၁၃။ ။ မြဝတီမင်းကြီးရေးသော ယိုးဒယားနဲ့သွား။ (ခါနွေဆန်း-လန်းစီစီ) ...... 175
၁၄။ ။ မြဝတီမင်းကြီးရေးသောအီနောင်ဇာတ်ဖြည့် ယိုးဒယားနဲ့သွား။ (အိုသာတင့်ဆုံးလေ) ...... 175
၁၅။ ။ မြဝတီမင်းကြီးရေးသော။ အီနောင်ချိုးယိုးဒယား။ (သောင်းရွှေလယ်ပိုင်စိုး မိုးနတ်မယ်) ...... 176
၁၆။ ။ မြဝတီမင်းကြီးရေးသောမြင်းတက်ယိုးဒယား။ (ပျံ့ကွန့်မြူနှင်း) ...... 176
၁၇။ ။ မြဝတီမင်းကြီးရေးသော မြင်းတက်ယိုးဒယား အဆက်။ (မြန်သပြေဘွေ ဆင်ရွှေဝတ်) ...... 176
၁၈။ ။ မြဝတီမင်းကြီးရေးသော မြင်းတက်ယိုးဒယား အဆက်။ (မြန်သပြေဘွေ တကျွန်းခြားမြေ) ...... 177
၁၉။ ။ မြဝတီမင်းကြီးရေးသော ယိုးဒယားနဲ့လိုက်(အီနောင်)။ (စက်လဲ-ပျော်ပါနိုင်) ...... 177
၂၀။ ။ ယိုးဒယားဘာသာခေါ် - ဖရင်း။ (ဇေ ခြူရေးချိုက်) ...... 177
၂၁။ ။ မြဝတီမင်းကြီးရေးသော ဖရင်းယိုးဒယားအလိုက်။ (လွမ်းပိုအောင်) ...... 178
၂၂။ ။ ဖရင်းချား ယိုးဒယားကြီးတွင် အဝင်ဆိုရသော ယိုးဒယား။ (လွမ်းဝှန်ပို) ...... 178
၂၃။ ။ ယိုးဒယားရေဆင်း။ (ရွှေကြက်ကယ်ဟန်ချီ) ...... 178
၂၄။ ။ စက်တော်ချင်းယိုးဒယား။ (အို-လျှံညီးလင်း) ...... 178
၂၅။ ။ ဘုန်းတော်ဘွဲ့ယိုးဒယား။ (မြန်သပြေညာ) ...... 178
၂၆။ ။ ယိုးဒယား ဖရင်းချားကလေး။ (ပန်းဟောဝန်) ...... 179
၂၇။ ။ တပေါင်းလဘွဲ့ ယိုးဒယား။ (လေပြည်လောင်းသည်နှင့်) ...... 179
၂၈။ ။ ဘုန်းတော်ဘွဲ့ယိုးဒယား။ (မြမန်းဂီရိ) ...... 179
၂၉။ ။ ယိုးဒယားကြေးတီးချက် ဘာသာခေါ်-ခမွန်။ (မြိုင်ဟောမာ) ...... 180
၃၀။ ။ မန္တလေးဘွဲ့ယိုးဒယား။ (အောင်မင်္ဂလာ) ...... 180
၃၁။ ။ မှိုင်ယိုးဒယား(ရာမ)။ (မကြံနိုင်) ...... 180
၃၂။ ။ မိုယ်းဘွဲ့ယိုးဒယား။ (ဆန်းဆန်း သဥ္စာကြာညောင်) ...... 181
၃၃။ ။ တောဘွဲ့ယိုးဒယား ။ (ကန္တာတောခြေ) ...... 181
၃၄။ ။ ဝက်မစွတ်ဝန်ထောက်မင်း ရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (မန်းဇေယျု) ...... 181
၃၅။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော မန္တလေးမြို့ဘွဲ့ယိုးဒယား။ (မန်းအောင်မြေနန်း) ...... 181
၃၆။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (သောင်းလုံးမြေဒီပါ) ...... 182
၃၇။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော မိုယ်းဘွဲ့ယိုးဒယား။ (ခြုံသင်ဒိုင်းငယ်နှင့်) ...... 182

၃၈။ ။ ဝက်မစွတ်ဝန်ထောက်မင်း ရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (ထောင်ရဝိန်မွန်) ........ 183
၃၉။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (မန်းညာဖွေ) ........ 183
၄၀။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (စိန်ဇာကွန့်ခြူးငယ်) ........ 184
၄၁။ ။ မင်္ဂလာဖယောင်တော်ကျူးချင်းယိုးဒယား။ (စိန်ခြူးအုံ-မှုံညာရွှေ) ........ 184
၄၂။ ။ တောဘွဲ့ယိုးဒယား။ (တောပေါဝန်လယ်) ........ 184
၄၃။ ။ မင်းကြီးမင်းထင်မဟာစည်သူရေးသော ယိုးဒယား။ (မှုန်ငွေနှင်း မင်းလွင်မို) ........ 185
၄၄။ ။ မင်္ဂလာဖယောင်တော်ကျူးချင်းယိုးဒယား။ (ဘုန်းရောင်ခြည် မြန်ကျွန်း) ........ 185
၄၅။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော မင်္ဂလာဖယောင်တော်ကျူးချင်းယိုးဒယား။ (မန်းရွှေပြည်နန်း) ........ 185
၄၆။ ။ မှိုင်ယိုးဒယား။ (အိုကြာရုံနန်းသူမယ်) ........ 186
၄၇။ ။ မော်ပြန်ယိုးဒယား။ (နန်းသီဟိုဠ်) ........ 186
၄၈။ ။ မောင်ဘိုးရွှေရေးသော-ယိုးဒယားဖြင်းချားကြီး။ (သန်းရွှေညာ) ........ 186
၄၉။ ။ မောင်ဘိုးရွှေရေးသော-ယိုးဒယားဖြင်းချားကြီး။ (ပန်းမှုံကြွယ်) ........ 187
၅၀။ ။ ယိုးဒယား။ (ဆန်းနွေဦး လေရူးဆော်ပြန်လှာ) ........ 188
၅၁။ ။ ယိုးဒယားကရောင်းလိုက်(ရာမ)။ (တောမြိုင်စွန်းက လွမ်းအောင်ဘန်) ........ 188
၅၂။ ။ ဝတ်မစွတ်ဝန် ထောက်မင်းရေး။ နန်းသိမ်းယိုးဒယားအလိုက်။ (စိန်ဇေရနန့်) ........ 188
၅၃။ ။ ဖော်ကွာဝေးအလိုက်။ (မျှော်သူပန်းစေဘို့) ........ 189
၅၄။ ။ ခါနွေဆန်းအလိုက်။ (တောင်ရွှေမန်း ဆန်းထွေထွေ) ........ 189
၅၅။ ။ ရာမယိုးဒယားသံပေါင်း။ (ပန်းညောင်လှိုင်ဘွဲ့ ဘွေဆိုင်) ........ 189
၅၆။ ။ စက်လဲတီးကွက်ယိုးဒယား။ (ဂိမှာန်နွေဘွဲ့ ရာသီ) ........ 190
၅၇။ ။ ဗန်းညောင်လှိုင်ဘွဲ့ကိုလိုက်သောယိုးဒယား။ (ခိုင်ပန်းစုံနှင့်) ........ 190
၅၈။ ။ မြမန်းဂီရိကိုလိုက်သောယိုးဒယား။ (ကန်မင်းသာစွမြနန္ဒာ) ........ 190
၅၉။ ။ ဒေဝက္ကန္ဒာမောင်မောင်ကြီးရေးသော ဂန္ဓာတောချေအလိုက်ယိုးဒယား။ (မာလာပန်းရယ်က) ........ 191
၆၀။ ။ ရေလားယိုးဒယား။ (သောင်းသောင်းညံ) ........ 191
၆၁။ ။ မန္တလေးမြို့ဘွဲ့ယိုးဒယား။ (မန်းတောင်လက်ျာ) ........ 191
၆၂။ ။ မြင်းတက်ယိုးဒယား။ (လေပြေဆော်သွင်းမြူး) ........ 192
၆၃။ ။ နန်းသိမ်းဘုန်းတော်ဘွဲ့ယိုးဒယား။ (ရေမီးထိန်လျက်) ........ 192
၆၄။ ။ နန်းသိမ်းယိုးဒယားအလိုက်မိုယ်းဘွဲ့။ (လျှပ်ပန်းခွေနွဲ့) ........ 192
၆၅။ ။ ရာမဇာတ်ထွက်ယိုးဒယား။ (ကြို့ညှိုစံရာ) ........ 193
၆၆။ ။ ဘုန်းတော်ဘွဲ့ယိုးဒယား။ (ရာပြည်မင်းငယ်တို့) ........ 193


စာညွှန်းသို့ ►

**တလိုင်းသံ သီချင်းများ ........ 194**

၁။ ။ တလိုင်းသာချင်း။ (လေး။ မွန်တိ၊ မွန်စ) ........ 194
၂။ ။ တလိုင်းသံဟောင်း။ (တလိုင်းသံနှိုင်းစံပယ်ခွာ) ........ 194
၃။ ။ ပြင်စည်မင်းသားရေးတလိုင်းအလေးမေ့။ (တောင်တောင်ယံတောက၊ မောလေအောင်) ........ 194
၄။ ။ ပြင်စည်မင်းသားရေးသောတလိုင်းကြာစေ့ကောက်။ (နှင်းယွန်းဂိမ္မာန်) ........ 195
၅။ ။ မြဝတီဝန်ကြီးရေးသောတလိုင်း ဥက္ကလာပ-ပြန်။ (စိန်ချယ်ညီးလင်းရောင်နယ်) ........ 195
၆။ ။ ပြင်စည်မင်းသာရေးတလိုင်းသံစုံ။ (ကောင်းကြီးသခ်ါရွှေနေဇာ) ........ 196
၇။ ။ ပြင်စည်မင်းသားရေးသော တလိုင်းဆယ့်နှစ်ခန်း။ (ညှင်းညှင်းပဋ္ဌင်ရွှေတံမြွာ) ........ 196
၈။ ။ ပြင်စည်မင်းသားရေသောတလိုင်းပိမ္မာသာလွှဲချင်း။ (စိန်မြရံချယ်) ........ 196
၉။ ။ ပြင်စည်မင်းသားရေးသော တလိုင်းလွှဲချင်းတမျိုး။ (သောင်းကျေးဒီပါဘွေ) ........ 197
၁၀။ ။ တလိုင်းတောင်ယံတောကြီး။ (တောတောင်ယံတောက။ မောလေအောင်။) ........ 197

**ဘောလယ် သီချင်းများ ........ 199**

၁။ ။ လှိုင်ထိပ်ခေါင်တင်ရေးသောဘောလယ်။ (စိန်ခြူးကြာညောင်) ........ 199
၂။ ။ လှိုင်ထိပ်ခေါင်တင်ရေးသော ဘောလယ်။ (နာဂဆဒ္ဒန်) ........ 199
၃။ ။ လှိုင်ထိပ်ခေါင်တင်ရေးသောဘောလယ်။ (ပဏ္ဍုသေလာ) ........ 199
၄။ ။ လှိုင်ထိပ်ခေါင်တင်ရေး၍ ဆက်သော ဘောလယ်။ (ရှသဲသာထွေ) ........ 200
၅။ ။ အိမ်ရှေ့မိဖုရား- လှိုင်ထိပ်ခေါင်တင်ရေးသော ဘောလယ်။ (ထုံပန်းမာလာ) ........ 200
၆။ ။ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်ရေးသော အမျှော်စိုက် ဘောလယ်။ (ပုလဲမြိတ်စုံ) ........ 200
၇။ ။ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် ရေးသော အမျှော်စိုက်ဘောလယ်။ (ပတ္တမြားယှက်ရုံ) ........ 201
၈။ ။ မောင်မောင်ဘ ရေးဆက်သော ဘောလယ်။ (ဖူးပွေ့လက်တင်) ........ 201
၉။ ။ တောင်သမန်လယ်စား မောင်ဘေငယ်ရေးသော ဘောလယ်။ (သင်းပျံ့အေးကြည်) ........ 201

**ခွန်းထောက်သဖြန်များ ........ 202**

၁။ ။ တောဘွဲ့လေးချိုးခွန်းထောက်။ (စိမ်းလဲ့ငယ်တဲ့ညိုရောင်) ........ 202
၂။ ။ မြစ်ဘွဲ့လေးချိုးခွန်းထောက်။ (မြသားငယ်တဲ့ရေယမုန်) ........ 202
၃။ ။ တပေါင်းလဘွဲ့လေးချိုးခွန်းထောက်။ (လတပေါင်း။ ရွက်ဟောင်းငယ်ကကြွေခဲ့ပြီ) ........ 202
၄။ ။ တောလေ့လေးချိုးခွန်းထောက်။ (ပြောင်ပြောင်ငယ်ညီး) ........ 202
၅။ ။ မိုယ်းဘွဲ့လေးချိုးခွန်းထောက်။ (ကသစ်ကယ်တဲ့နန်းသူမောင်) ........ 202
၆။ ။ တောလေ့လေးချိုးခွန်းထောက်။ (ရိုးတလျှောက်၊ ဖြိုးမောက်ပါတဲ့လယ်ပတူ) ........ 202
၇။ ။ တောလေ့လေးချိုးခွန်းထောက်။ (တောင်တတန်း။ မြောင်စမ်းရယ်တဲ့ရစ်ခါခွေ) ........ 203

၈။ ။ အမျှော်စိုက် ဒွေးချိုးသဖြန်။ (နေမိုန်မိုန်။ ဆင်ဖောင်းတော်ရွှေပုသိန်နှင့်) ........ 203

၉။ ။ မောင်ဘွဲ့သဖြန်ကြိုးချိုး။ (ကြာခြည်ရုံ နာရီပြန်ပဟိုရ်ညိတ်ပါပေ့) ........ 203

၁၀။ ။ သံဝေဂဒွေးချိုးသဖြန်။ (ဘော်မမှီ။ ဇော်ဂီလိုဏ်မွေ့တဲ့) ........ 203

၁၁။ ။ သံဝေဂလေးချိုးသဖြန်။ (ကြုံမတွေ့ချင်ဘု) ........ 203

၁၂။ ။ စာဆိုတော်ဦးအိရေးသောမိုယ်းဘွဲ့ လေးချိုးခွန်းထောက်။ (သခွတ်ကတဲ့ ပွင့်စ,ချိန်) ........ 203

၁၃။ ။ သံဝေဂလေးချိုးသဖြန်။ (ပျော်မမွေ့နိုင်ဘု) ........ 204

၁၄။ ။ နိဗ္ဗိန္ဒလေးချိုးသဖြန်။ (မြင်မြင်ရာ-သခၤါရပေမို့) ........ 204

၁၅။ ။ စလေဆရာကြီးဦးပုညရေးသော၊သစ္စာတိုင်တြိချိုးသဖြန်။ (ကြက်ညီနောင်-ရေဝယ်မြောပါလို့) ........ 204

၁၆။ ။ အချုပ်တန်းဆရာဘေရေးသော။ မယ်ဘွဲ့လေးဆစ်သဖြန်။ (အသဲပြိုစေဘို့) ........ 204

**သဖြန်ပုလဲပေါက်များ ........ 205**

၁။ ။ တပေါင်းလဘွဲ့သဖြန်ပုလဲပေါက်။ (ပင်မင်းမူ-ခင်းသန့်သန့်မှာလ) ........ 205

၂။ ။ မယ်ဘွဲ့သဖြန်ပုလဲပေါက်။ (ဆွေသုမောင် အပွေများကိုဖြင့်) ........ 205

၃။ ။ နွေဘွဲ့သဖြန်ပုလဲပေါက်။ (နွေရာသီမိန်ဓလေ့ပေမို့) ........ 205

၄။ ။ ဆောင်းဘွဲ့သဖြန်ပုလဲပေါက်။ (သဋ္ဌာလီဘွေပြဒ္ဒမှာဖြင့်) ........ 205

၅။ ။ ဗိတောက်ပန်းဘွဲ့သဖြန်ပုလဲပေါက်။ (လ,တန်ခူးပေမို့) ........ 205

၆။ ။ ဆောင်းဘွဲ့သဖြန်ပုလဲပေါက်။ (လွမ်းမပြေ-မန်းမြေတမိတော့) ........ 206

၇။ ။ အချုပ်တန်း-ဆရာဘေရေးသော မယ်ဘွဲ့သဖြန်ပုလဲပေါက်။ (သက်သာဘွယ်-ထင်မြင်လှစေဘို့) ........ 206

၈။ ။ အမျှော်စိုက် လေးဆစ်သဖြန်ပုလဲပေါက်။ (ဖြေမရှင် သော်တာကတိုးမှာဖြင့်) ........ 206

၉။ ။ တောင်တွင်းကြီးဆရာကျော့ဆို ဆောင်းဘွဲ့သဖြန်ပုလဲပေါက်။ (ငွေကတန်-ဝေယန်ကြွမှာလ) ........ 206

**လွမ်းချင်းများ ........ 207**

၁။ ။ မယ်ဘွဲ့လွမ်းချင်း။ (သဝံစိုက်ပါလို့) ........ 207

၂။ ။ မိုယ်းဘွဲ့လွမ်းချင်း။ (ပင်ခံစပ်ကယ်နှင့်) ........ 207

၃။ ။ဆောင်းဘွဲ့လွမ်းချင်း။ (ငွေပုလဲလိုပ) ........ 207

၄။ ။နွေဘွဲ့လွမ်းချင်း။ (နွေအရောက်ပေမို့) ........ 207

၅။ ။ ပန်းဘွဲ့လွမ်းချင်း (မြိုင်တသန့်မှာတဲ့) ........ 207

၆။ ။ မောင်ဘွဲ့လွမ်းချင်း (အို လာမချော့လာနှင့်) ........ 208

၇။ ။ ဆယ်အိမ်ခေါင်းဘွဲ့လွမ်းချင်း (စည်းစိမ်ကြီးပါဘိ၊ ရုပ်သီးတောင့်ကိုင်၊) ........ 208

၈။ ။ နိဗ္ဗိန္ဒလွမ်းချင်း (ချောမတွေ့ပြီဘု) ........ 208

**အပိုင်း-၄။ ........ 209**

**တေးထပ်များ ........ 209**

၁။ ။ ဒေဝက္ကန္ဒာမောင်မောင်ကြီးကို ဘွဲ့ဆိုသော စောင်းသြဘာတေးထပ်။ (နိပါတ်တော်ထုတ်မိုပြ)........ 209

၂။ ။ ဘိုးသူတော်ဦးမင်းရေးသော တေးထပ်။ (ကောင်းခြောက်ဆယ်လေးရပ်မှ) ........ 209

၃။ ။ အချုပ်တန်းဆရာဘေ ရေးသောတေးထပ်။ (နန်းသပြေပြင်ညွှန့်)........ 209

၄။ ။ အချုပ်တန်းဆရာဘေရေးတေးထပ်။ (ရတနာပူရမှာ)........ 210

၅။ ။ စလေဆရာကြီး ဦးပုညရေးတေးထပ်။ (နှစ်ပြည်ထောင်တယ်ကြ)........ 210

၆။ ။ စလေဆရာကြီးဦးပုညရေးတေးထပ်။ (မုလေးရုံတောစ) ........ 210

၇။ ။ စာရေးကြီးဦးမောင်ကလေးရေး ရှစ်ဆယ်ပေါ်။ (တောင်မြစ်ကမ်းယံကန္တာရမှာ) ........ 210

၈။ ။ မယ်ဘွဲ့ရှစ်ဆယ်ပေါ် (ကျောက်မြင်းသီလာ။ လှိုင်ဂူကြားမှာ)........ 211

၉။ ။ မယ်ဘွဲ့ရှစ်ဆယ်ပေါ်တေးထပ်။ (နန်းရုံတရာပဏ္ဏာခ)........ 211

**ဒိန်းသံ ........ 212**

၁။ ။ ဘုန်းတော်ဘွဲ့ဒိန်းသံ (ရေးသူမသိ)။ (ဆယ်ဆယ်ဖြာရောင်ဖြာသည်နှင့်သာ) ........ 212

၂။ ။ မြဝတီမင်းကြီး ရေးသော ဒိန်းသံ။ (သုံးရွှေများလယ်) ........ 212

၃။ ။ မြဝတီမင်းကြီးရေးသော ဒိန်းသံ။ (ကန်ရွှေမြေငယ်နှင့်) ........ 212

**သီဂီသံ ........ 213**

၁။ ။ ဘိုးတော်ဘုရားရွှေလက်ထက်။ မင်းသီဂီရေးသော သီဂီသံ။ (လေရူးသုံလုံ) ........ 213

၂။ မြဝတီမင်းကြီးရေးသော အီနောင်ဇာတ်ထွက်။ သီဂီသံ။ (မယ်တို့နေ)........ 213

**ကရင်ဩသံ........ 213**

သာယာဝတီဦးဝိုင်းရေး ကရင်ဩသံ။ (တကြောမှောင်ပြာ)........ 213

**လေှတော်သံ........ 214**

၁။ ။ ဦးပုညရေးသော ဒူးရင်းတော်ဆက်လှေတော်သံမှ ထုတ်နှုတ်ချက်။ (မန်းမြစကြာ) ........ 214

၂။ ။ သာယာဝတီဦးဝိုင်းရေးသော။ ဇနက္ကသဘော်လွှင့်ခန်း။ လှေတော်သံ (ငွေရွက်ကယ်မြိုင်မြိုင်)........ 214

၃။ ။ ဦးပြုံးချိုရေးသော တံငါလှေချင်း။ (အုံ့မှိုင်းငယ်ညို)........ 214

**စည်တော်သံ........ 215**

ကိန္နီစစ်ကဲမင်းရေးသော မင်းဆက်စည်တော်သံမှ ထုတ်နှုတ်ချက်။ (ထောင့်ကိုးဆယ်စွန်း ပဋ္ဌတွင်မှ) ........ 215

**ပုံကြီးသံ ........ 215**

၁။ ။ ဆောမြို့စားမင်းရေးသော လယ်ထွန်မင်္ဂလာ။ ပုံကြီးသံ (ဆဒ္ဒါန်ရှင် ရွှေထွန်းနှင်းတယ်) ........ 215

၂။ ။ ဆောမြို့စားမင်းရေးသော ကောက်စိုက်သမပုံကြီးသံ (ပျိုလေးတို့ကောက်စိုက်ရာ) ....................... 216
**ရတု ........................................................................................................ 216**
လက်ဝဲသုန္ဒရ အမတ်ကြီးရေး ရတုပိုဒ်စုံ။ (မဲဇာတောင်ခြေ) ................................................................ 216
**ရကန် ...................................................................................................... 217**
၁။ ။ သဇင်ပန်းရကန်။ (ဦးတိုးရာမရကန်မှ ထုတ်နှုတ်ချက်။) (စိမ့်ကြီးမြိုင်ကြီး) .................................. 217
၂။ ။ ဖန်ခါးသီးရကန်။ (တောင်ငူတောင်တွင်း) ................................................................ 217
၃။ ။ မယ်သီတာကို လေယည်ပျံနှင့်ဆောင်ခန်း-ရကန်။ (ခုနစ်ဆောင်ဝေယန်) .................................... 217
**အဲချင်း ...................................................................................................... 218**
မိဿရာသီ-တန်ခူးလဘွဲ့။ (နေနတ်ကယ်မှရာဇာ) ................................................................ 218
**အိုင်ချင်း .................................................................................................... 218**
ကောက်စိုက်မတို့ ရေးကသီဆိုကြသော ရာပြည့်အိုင်။ ................................................................ 218
**နောက်ဆက်တွဲ။ .......................................................................................... 219**
ပုလဲပတ်ပျိုးကလေး။ (ညို့ညို့ဆိုင်းဆိုင်း) ................................................................................ 219
ယိုးဒယားတော်ဘွဲ့ (မြိုင်ဂန္ဓမာ) ................................................................................................ 219
ယိုးဒယား-ကပီ (နန်းဘုံသီဟာဘွေ) ............................................................................................ 219
**စာညွှန်း .................................................................................................... 220**

# ဂီတဝိသောဓနီကျမ်း။

## အပိုင်း-၁။

### (စောင်း၌ သံရိုးသံကိုဘွဲ့၍ သီဆိုတီးမှုတ်ရသော သီချင်းများကဏ္ဍ။)

## ကြိုးသီချင်းများ

### ၁။ ။ ပုစင်းတောင်သံကြိုး။ (ထံတျာတေရှင်)

ထံတျာတေရှင်။ ထံတျာတေရှင်။ ဒျန့်ဒျန့်။ ထံတျာတေရှင်။ ။ ဒလုဒလု။ ထုံဒျန့်ဒျန့်။ တောပင်တောလုံး နံ့ပါလို့လေး။ ။ ထက်စငယ်ကောင်းကင်။ မိုးတည့်မိုးတိမ်ပြင်။ ။ စံရှင်စံရှင်ပျော်ပါး။ ရွှေဘော်တစုများငယ်နှင့်လေး။ ။ သည်မိုဃ်း သည်မိုဃ်း ဒေဝါ။ မိုဃ်းတည့်မိုဃ်းဒေဝါ။ အုံ့ကာလေ တဖွဲဖွဲ။ ရွာလေ တသဲသဲ။ ထံတျာတေရှင်၊ ထံတျာတေရှင်၊ ဒျန့်ဒျန့်။ ထံတျာတေရှင်။ ဒလု ဒလု၊ ထုံ ဒျန့် ဒျန့် တျော တေ ထံတျာတေဒျန့် တျော တေ တျာ။

### ၂။ ။ ကလပ်ကြီးကြိုး (သီတာသီတာမြသား)

သီတာသီတာမြသား။ ကြာကြာကြာငါးပါး။ ။ ကမ်းနား ကမ်းနားဝန်းကျင်။ ငွေသဲပြင်လေတည့်မှ။ ပျော်ချင်ဘွယ်။ ။ မြစ်တွေးမြစ်တွေးဇင်ယော်။ မြူးတဲ့မြူးစံပျော်။ ။ ငှက်တော်ကြိုးကြာ။ ကျူးရင့်ရင့်သာ။ ။ လိပ်ပျာလေ ပျံကာသွား။ ဟိုမှာသည်မှာနား။ ။ ရေပေါ်မှာလွှားပါလို့။ ကြာဆံကိုစားပါလို့။ ဝဲကာ ပျံလေလေတည့်။ ဝဲကာပျံ။

### ၃။ ။ ကလပ်ငယ်ကြိုး။ (သာယာသာယာ မြည်လေကြွေး)

သာယာသာယာ မြည်လေကြွေး။ သာလိကာငယ်လေကျေး။ ။ ချီခင်စွတ်ကယ်က။ ကျူးတယ်ကျူးတယ်ကို။ သင်တိုင်းဝတ်ကယ်က။ မြူးတဲ့မြူးတယ်ကို။ ။ သံချိုတည့်ဇေ။ ပယ်တည့် ပယ်ထွေးထွေး။ ။ စာပေးခွန့်ကြ။ ချစ်ရေး ခင်ရေးမှုပါလို့လေး။ ။ အတူစုံစွာ။ စံတည့်စံပျော်ရာ။ ။ ချစ်ခင်လေ ချစ်ခင်လှပါသည်ရှင်။ ချစ်ခင်လေ လွန်မြတ်နိုး။ ဇီတဲ့သာ ဇီဝဖိုး။ ။ ဥချိုးတွံသံသာပင် သာချည့်လေ။ ။ မ,ကို မ,ကို ခေါ်သွေး။ မြည်မြည်မြည်ကြလေး။ ။ မယ်ညိုဖြူပြာ။ နီတဲ့နီရွှေဝါ။ ။ ဟသ်ာလေ ပျံကာသွား။ ပိတုံးပိတုံးပျား။ ။ ရေပေါ်ပျံလွှားပါလို့။ ကြာဆံကို စားပါလို့။ ဝဲကာ ပျံလေလေတည့်။ ဝဲကာပျံ။

### ၄။ ။ ဆင်မင်းကြိုး (ဝေဘာဂီရိ)

ဝေဘာဂီရိတောင်နယ်တွင်။ သိကြားနတ်ယာဉ်ဆင်။ ။ သည်ဆင်ကိုတဲ့ပေးအပ်နှင်း။ သိကြား သိကြားမင်း။ ။ ဆင်ဖြူလာ။ ဆင်နီလာ။ ဆက်ရမည်မှန်သာ။ ။ နီထွေးထွေး။ ရောင်ပြေးပြေး။ ဘက်မဲ့သာပြိုင်တိုင်းဝေး။ ။ ခြေသည်းလက်သည်းနီတြာ။ နင်းတဲ့နင်းခြေရာ။ မြင်ကာ မြင်ကာ မြင်ကာဆင်မျိုး။ ရှောင်ကာ ကြောက်ရွံ့ စိုး။ ။ ဝေးဝေး ထွက်ပြေးသွား။

ကျုံးကိုမှန်းလို့လား။ ။ ဆီးတားဆီးတား။ ဆီးတား ဆီးတားခါ။ ။ ဆင်ဖြူလာ ။ ဆင်နီလာ။ ဆို ဆို ဆိုကြလေး။ ။ ဆင်တော်ပြောင်။ ဆင်တော်ပြောင်။ တောင် တောင် တောင်ရှိ။ မျိုးဆဒ္ဒန် လေလေတည့်။ မျိုးဆဒ္ဒန်။

## ၅။ ။ ဖောဓိသံသာ ကြိုး။ (ထွေတလာလာ)

### ၁၁၃၂-ခု၊ တန်ဆောင်မုန်းလတွင် မြောက်ဘက်တိုက်ဝန် (နေမျိုးမဟာကျော်ထင်) ရေးသော ဖောဓိသံသာကြိုး

ထွေတလာလာ။ နေမသာသာ။ ချမ်းပင်ချမ်းမြေ။ ။ မှိုင်းမှိုင်းဝေဝေ။ မိုယ်းပင်မိုယ်းကစွေ။ မှိုင်းမှိုင်းဝေဝေ။ တောင်လေသုတ်ဖြူး။ ဆောင်းဦး ဆောင်းဦးဟေမာ။ ကိုယ်ထီးနေရာမှာ။ ။ ရှာလာရှာလာ ရှော့ရှော့စွေ။ လွမ်းမပြေထွေထူး ထပ်ချည်ငဲ့လေ။ ။ သံသရာကံဟောင်း ကပ်ချည်ငဲ့လေး။ ။ မိုယ်းရောလေရော။ ချမ်းလို့သေအောင်မော။ ။ မိန်းမော မိန်းမော စိတ်ကယ်တွင်။ ကိုယ်ထီးနေမရှင်။ ။ ထိပ်တင်လေ လွန်ထွေပြား။ ဟိုမှာသည်မှာသား။ ။ ဟိုအဆောင်သွားပါလို့။ သည်အဆောင်သွားပါလို့။ မင်းများ့ထိပ်ခေါင်တင်လေတည့်မှ။ မင်းများ့ထိပ်ခေါင်တင်။

## ၆။ ။ ဘောင်လားကြိုး။ (ဘုံဆောင်မြင့်)

ဘုံဆောင်မြင့်။ စိန်ကြောင်ဖလ်ရှိန်လေ။ ညီးလို့လင်းလင်း။ ။ ကြွားကြွား မိုးဖျား။ သီခေါင်လေ ရီမှောင်လေ ဝေးရရှင်းရှင်း။ ။ ကိုးမျက်မြွာငယ်လေ။ စိုးစကြာငယ်လေ။ လောကလောင်းမင်း။ ။ ဘုန်းတေဇာငယ်လေ။ နှန်းနေဖြာတယ်လေ။ ထွန်းပဝင်းဝင်း။ ။ ရေနန်းဗိမာန်ငယ်လေ။ ထူးလှ ကောင်းခြင်း။ ။ ရွှန်းရွှန်းလန်းလို့။ လျှပ်ပန်း လျှပ်ပန်း။ ထွေးပင်သာ ထွေးလှသောင်းတွင်း။ ။ သီဟာရွှေဗွေခင်းမှာတဲ့။ ရွှေတဲ့ရွှေညီလာ။ ။ ယာဉ်ရော။ ကြယ်ရံကာ။ သော်တာတွားသို့လေ။ ။ ပြာချေမှောင်။ ခွါသွေရှောင်။ ရွှေဘောင်လားကွန့်လေး။ ။ ယာဉ်ရော။ ကြယ်ရံကာ။ သော်တာတွားသို့လေ။ ။ ပြာချေမှောင်။ ခွါသွေရှောင်။ ရွှေဘောင်လားကွန့်။ များ လေ့ ရံလေလေတည့်။ များလေ့ရံ။

## ၇။ ။ ဘောင်ငင်ကြိုး။ (ဇေယျာမြို့)

ဇေယျာမြို့။ ရွှေဒွါ ရွှေလှေ များလှ သောင်းသောင်း။ ။ နန်းချင်းနန်းချင်း။ လော့်ချည်လေ ပြိုင်ချည်လေ။ ရေးလှ ပြောင်းပြောင်း။ ။ တီးရွှမ်း ခြိမ့်မောင်း။ ဖပင်သာ ဇရင့်ဖြောင်း။ ပျော်ကြောင်းဆင်ကာ။ ယာဉ်တဲ့ ယာဉ်သီတာ။ ။ မိုးမြေချာလေ ပတ်ကုံးပတ်ကုံး။ စိုးပင်သာ စိုးသိမ်းကြုံး။ ။ ပေါင်းရုံးဆယ်ဖြာ။ ဦးတဲ့ဦးတင်ကာ။ ။ ဘောင်ငင်ရာ။ ထုံဂန္ဓာ။ မာလာသင်းပျံ့လေ။ ။ *ရွှေကေသီ။ လေချီချီ။ သီဂီဝင်းမှည့်။ ဆင်းသူဇာလေလေတည့်။ ဆင်းသူဇာ။

## ၈။ ။ ဘောင်သိမ်းကြိုး။ (စိမ်းလဲ့လဲ့ညိုပြာ)

စိမ်းလဲ့လဲ့ညိုပြာ။ ဇေယျာအောင်ခန်း။ ဘောင်တော်ဆိုက်ခါ မြန်းပါလို့။ ရွှေပြည်သူစုံပေါင်း ရှိပန်း။ ။ နန်းနှင့်ယာဉ်ရော။ ပြည့်မျှရံပိုလ်ပါ။ ကြွေးရင့်ဆော်သံဝါ။ နံနှင့်စည် †တံမြွာ။ ဆေးလေးညီညာ။ သင်္ခါငါးမည်။ ညှင်းညှင်း တံရှည်ကျူး။

---

* အချို့ (ရွှေရေသီ) ဟုလည်း သီဆိုကြသည်။

ကေသီမှာ ဆံပင် ဟူသောအနက်။ ရေသီမှာ ရွက်တို့၏ရေသီကြိုး ဟူသောအနက်ရှိသည်။

† တံမြွာ = ဟူသည်။ ပတ်သာ- ဒုံမင်း- ခွက်ခွင်း- ပုလွေ- တံရှည်- တံမြွာ ဟူသော။ တူရိယာငါးပါး အပါအဝင်။ နစ်လုံးပြူး ပုလွေတမျိုးဖြစ်သည်။

ဘယ်ရာဝင်ရှေးမှာမှ။ တူဟန်လေစံရေး ကြားဘူး။ ။ ထူးချွန်အောင်။ ကဲလွန်အောင်။ ဝေမှောင်ကင်းလို့လေ။ ။ မှန်သိဂီ။ ရံရွှေညီ။ ဒေဝီမင်းနှင့်။ ဆင်း သူ ဇာလေလေတည့် ။ ဆင်းသူဇာ။

## ၉။ ။ သာနိးပျော်ဘွယ်ကြိုး- ၁။ (စံရာတောင်ကျွန်းလုံး)

စံရာတောင်ကျွန်းလုံးသူ့။ ဥဒေါ့ကျောင်ကျင်ငယ်လေ။ မင်းများထိပ်ခေါင်တင်။ ။ သောင်းမြေပြင်ငယ်လေ။ ထီးဆူဆူကိုလေ။ စိုးလို့ မိုးတော်မူ။ ။ ဘုန်းပန်းငယ်ကြိုင်မွှေး။ မြတ်လေးငယ်တူ။ ကြူပင်ကြူချည့်လေး။ ။ လေးကျွန်းငယ်ပိုင်သိမ်း။ ချမ်းငြိမ်းစကြာ ပိုင်တော်မူချည့်ဘုန်းတော်ရှိန်။ ။

## ၁၀။ ။ သာနိးပျော်ဘွယ်ကြိုး-၂။ (ရွှေပြည်ကြီးရော)

ရွှေပြည်ကြီးရော။ တည်ထွန်းကျောက်မြို့လေ။ ရွှေပြည်ကြီးရော။ တည်ထွန်းကျောက်မြို့လေး။ ။ သီတာဝန်းရံကာ။ များ ရေတာ။ ပြင်ကျုံး။ နက်လှ ပြောကျယ်စွာ။ ကြောက်ဘွယ် ကြောက်ဘွယ်သာ။ ။ ငါးပါးမျိုးကြာ။ ငုံအာရေလုံးပြည့်မျှလေ။ ။ ပြည်ကြီးငယ်နံပါး။ တံခါးရှစ်ဆယ်။ သွယ်သွယ်သာ လမ်းမနှင့်လေး။ ။ ရံဝန်းကာဆီးလုံ။ ပြည့်စုံလက်နက်ပေါင်းငယ်နှင့်။ ကြောက်ပြောင်း ရန်မပြုလေတည့်မှ။ ကြောက်ပြောင်းရန်မပြု။

## ၁၁။ ။ သာနိးပျော်ဘွယ်ကြိုး- ၃။ (မြို့နန်းငယ်လေ)

မြို့နန်းငယ်လေ။ သာယာမျိုးငယ်ကို။ ဆိုသော်များအံ့ဘွယ်။ ဘက်ကျွန်းငယ်လေ။ စံစံတိုင်းဆောင်။ ပြောင်ပြောင်ညီးလို့လင်း။ ။ ရောကြီး ထင်ပေါ်။ သွယ်ဖြူးမြင့်လှလေ။ ရောကြီး ထင်ပေါ်။ သွယ်ဖြူးမြင့်လှလေး။။ စီခြယ်ကိုးမည်သာ။ မျက်ရောင်ဖြာသည်။ မှောင်ဝေး။ အံ့ရေးတတ်ပြန်ကာ။ မြင့်တဲ့သူငယ်မှာ။ ။ အံ့မှူးငယ်သာ။ တွေးပင်တွေးကြလေ။ ။ အံ့မှူးငယ်သာ။ တွေးပင်တွေးကြလေး။ ။ ဆောင်တိုင်းဘုံတိုင်းမှာ။ အံ့ရာ အခြားခြားငယ်နှင့်။ သိကြားနတ်ဘုံလို။

## ၁၂။ ။ သာနိးပျော်ဘွယ်ကြိုး- ၄။ (ကိုးပါးပေါင်းစု)

ကိုးပါးပေါင်းစု။ မျက်ရှင်မျက်ရှင်။ ရောင်ခြည်လေ။ ရောင်ခြည်လေ။ မီးရှူးထွန်းသို့။ ပြောင်ပြောင် ပြောင်ပြောင်ပပဝင်း။ ။ နေရောင်လ,ထင်ခါ။ လ,ပင်သာ။ ဆိုမှားမိမိလေ။ ။ နေရောင်လ,ထင်ခါ။ လ,ပင်သာ။ ဆိုမှားမိမိလေး။ ။ ရှုကြည့်တိုင်းထွေထွေ။ လင်းလေလေ။ ရောင်ချင်းစပ်ကြကြလေ။ ရှုကြည့်တိုင်းထွေထွေ။ လင်းလေလေ။ ရောင်ချင်းစပ်ကြကြလေး။ ဆောင်တိုင်းမှာ ဘုံတိုင်းမှာ။ အံ့ရာအခြားခြားငယ်နှင့်။ သိကြားတစ်ဆူလို။

## ၁၃။ ။ သာနိးပျော်ဘွယ်ကြိုး- ၅။ (ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ)

ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ။ လွန်ကဲစည်ထွန်းပေါ်။ ။ သက်တော်ရာကျော် လျှမ်းမျှမျှ။ ရွှေနန်းမှာ စံကာသာ။ ရှည်ပင်သာ ရှည်ကြောင်း ပပလေး။ ။ တောင်ဇမ္ဗူကျွန်းပတ်ကုံး။ ထီးတရာမင်း ညွတ်ရုံး။ ကြိုးသစ္စာခံလေတည့်မှ။ ကျိုးညွတ်ခါန္တိ။ ။ နိုင်ငံကြေညာ လင်း အပွင့်ပွင့်။ သာယာစည်ပင် ပွားအဆင့်ဆင့်။ သံသရာ ဝဲ-ခနောင်း။ နောင်မသွေဘဲ ကူးကြောင်း။ ရုံးပေါင်းညွတ်ပျောင်း။ ထပ်လောင်းကျွန်တထွေ။ ။ ရှည်ရှည်တိုင်း။ ကြာကြာတိုင်း။ ငြိမ်းလေလေ။ ဇလေလေ။ သွေမည်ဘဲမို့။ နိဗ္ဗာန်ရွှေပြည်ပွဲကိုလှ။ နွဲ စံ ပျော်လေလေတည့်။ နွဲစံပျော်။

## ၁၄။ ။ နဒီမော်ပြင်ကြိုး။ (သီတာသီတာ ရေကြီး)

သီတာသီတာ ရေကြီး။ မျှော်တဲ့သာ မျှော်ရာမနီး။ ။ မြစ်ကြီးမြစ်ကြီးအဏ္ဏဝါ။ ဝဲတဲ့ ဝဲသြဃာ။ ။ သဲငွေသောင်ယံမှာ။ ဘွယ်ရာတောင်း။ ရှာရန်နွဲ့နွဲ့နှောင်း။ ။ ရုံးပေါင်း ရုံးပေါင်း စုံတခွင်။ မလပ်ဘယ်ညာဖြိုးပါလို့။ မိုးလုံး မိုးလုံး အပြည့်ဆင်။ ။ စီးသွင်သွင် နဒီခြား။ ရေဆိုင်ပေါက်သို့အလား။ ။ ခြားနားသီခေါင်။ ရည်မှောင်လေ ပါတ်လည်။ နတ်စည်တံမြှာကျူး။ ။ မြူးလာပဇ္ဇုန်။ လေဟုန်လေသွေးခါ။ ရွှေရင်တုန်လို့ဗျာ။ ။ လေရူးဆော်လာ ပင်လယ်ဝေ။ လှိုင်းထပါလို့လေး။ ။ ထက်ခွင်ဒေဝ အမှုန်သာ။ ရိုက်ငြောင်းပဋ္ဋဂ်။ ။ ယမုန္နာ ဟိုဘက်ကမ်း။ ဘယ်မှာ ရှိလိမ့်မှန်း။ ။ ဇော်ကာ ဇော်ကာ ရမ်းပါလို့။ ဖြေမရှင် ပမ်းသည်နှင့် ရစ်သန်းပတ်လည်ကာ ငယ်လေတည့်။ ရစ်သန်းပတ်လည်ကာ။

## ၁၅။ ။ ဘုန်းတော်ဘွဲ့ကြိုး။ (ထောင်ရောင်နေ-မှောင်မှောင်ရွှေ)

ထောင်ရောင်နေ။ မှောင်မှောင်ရွှေ။ အမရ ရွှေဘုံမြေ။ ။ ရဝေ ရဝေ ရဝေနန်းမ။ ဘုန်းတော်ရောင် ထွန်းပ ပါလို့လေး။ ။ သက,ငယ်မဥ္ဇူ။ မွေးတည့်မွှေးလှိုင်ကြူ။ ။ ဇမ္ဗူခွန်ယူ။ ဝုန်ဆူဖြန့်မိုး။ အုံးပင်အုံးခြိမ့် စိုးပါလို့လေး။ ။ သာမျိုးသာမျိုးခြံ့ရုံ။ တောင်တည့်တောင်တမန်။ ။ ဆဒ္ဒန် ဆဒ္ဒန် ဆဒ္ဒန် ကြာတော။ ရေကြည် ဇောင်းကလောငယ်နှင့်လေး။ ။ အုံ့သြ ကုန်နိုင် ဘွယ် လေးတည့်မှ။ ကန်ကြီးအောင်ပင်လယ်။ ။ ရှုဘွယ်နက်ကျယ်။ ရှုဘွယ်သာခင်း။ နန္ဒာ မြအဆင်းငယ်နှင့်။ ။ မြစ်မင်းဇရာရုံလေတည့်မှ။ ပျော်ခင်းသည်မှာဆုံ။ ။ သောင်းလုံးလို့ ကြေးမုံ။ ရွှေဘုံအောင်ခန်း။ သော်တာတက်သစ်ဆန်း သည်သို့။ မင်းခမ်းရွှေညီလာလေတည့်မှ။ မင်းခန်းရွှေညီလာ။

## ၁၆။ ။ မြင်းခင်းတော်ဘွဲ့ကြိုး။ (ဆယ်ရောင်ဝေ-ပယ်မှောင်ရွှေ)

### ၎င်းအလိုက်- သက်တန်ရေသောက်ဟန် ရွှေလုံအဲမောင်းရေး။

ဆယ်ရောင်ဝေ။ ပယ်မှောင်ရွှေ။ အမရ မြန်ချာမြေ။ ။ ရဝေ ရဝေ ရဝေ သာရွှန်း။ ဗိမာန်နန်းမြင့်သွန်းငယ်နှင့်လေး။ ။ လွှတ်ကွန်းဘွေညီလာလေတည့်မှ။ ရွှေဝန်းကြယ်ရံကာ။ ။ ခွါပြာ၊ မာလာ၊ ဂန္ဓာကြိုင်သင်း။ ဝေါ်ဇင်ပင်မြင့်မင်းငယ်နှင့်လေး။ ။ မြင်းခင်းအောင်ဇေယျံလေတည့်မှ။ *ပယ်ဝန်းစီးပုံဟန်။ ။ ရေသောက်သက်တန်။ ရွှေလုံချိန်နွဲ့။ မြင်သူအံ့မရဲသည်နှင့်။ နန်းပွဲသဘင်တော်လေတည့်မှ။ နန်းပွဲသဘင်တော်။

## ၁၇။ ။ ဝတ်တော်သိမ်းကြိုး။ (ထိပ်တင်ဇေကန်)

ထိပ်တင်ဇေကန်။ မယ့်စိတ်မှာတော်မှန်။ သွေလုန်လို့ ထူးခြားဘဲ။ မယ်စိတ်ထဲက စွဲလှာနဲ။ ။ မြိမြိမြိမြိ-သာ။ သဘောငယ်သာ ကြင်ကြင်ကြင်ပလေ။ သက်လုံးငယ်သာ ခင်ခင်ခင်ပလေး။ ။ မရှောင်လေငြား။ မှန်ရုံမှန်ရုံသား။ ။ ထိပ်ထားငယ်သာကြည်။ ကြွပါလာပါမည်။ ကြံစည်ကြံစည် ကြံစည်ရောရှူ။ ပျိုတော်များတစ်စုငယ်နှင့်လေး။ ။ နီးနှောစိတ်ထားပြီး။ စိတ်ထားပြီး။ နီးနှောစိတ်ထားပြီး စိတ်ထားပြီး။ နီးနှောစိတ်ထားပြီး စိတ်ထားပြီး။ ။ သွေလုန်လို့ ထူးခြားဘဲ။ မယ့်စိတ်ထဲက စွဲလှာနဲ။ ။

* မြန်မာမင်းကောင်းမင်းမြတ်တို့ ရွှေလက်ထက်တော်၌ မြင်းခင်းပွဲသဘင်ကို။ ပြာသိုလ၌ ကျင်းပမြဲဖြစ်သည်။ ၎င်းပွဲ၌ အဲမောင်းရွှေလုံကိုင်နည်း ၃၇မျိုး။ မြင်းစီးနည်း ၃၇မျိုးကို ပြသကြသည်။ မြင်းကိုပယ်ဝန်းစီးလျှင်။ အဲမောင်းကို သက်တန်ရေသောက်ဟန်ကိုင်ရသည်။ သို့ကြောင့် ပယ်ဝန်းဆိုသည်မှာ မြေပြင်၌ မြင်းကိုလှည့်၍ စီးသော ပုံတစ်မျိုးဖြစ်သည်။

မြိမြိမြိ-သာ။ သဘောငယ်သာ ကြင်ကြင်ကြင်ပလေ။ သက်လုံးငယ်သာ ခင်ခင်ခင်ပလေး။ ။ ဘုန်းပန်းပွင့်လူ။ ယဉ်တဲ့ယဉ်တဲ့သူ။ ။ ယူတော် ယူတော် ယူတော် သွေလွဲ။ လာမှ လာလိုဘဲ။ ။ နီးနော စိတ်ထားပြီး။ စိတ်ထားပြီး။ နီးနော စိတ်ထားပြီး။ စိတ်ထားပြီး။ နီးနောစိတ်ထားပြီး။ စိတ်ထားပြီး။ ။ သွေလှန်လို့ ထူးခြားဘဲ။ မယ့်စိတ်ထဲက စွဲလှာနဲ။ ။ မြိမြိမြိ-သာ။ ဆန်းလှလှဘွေရှာ။ ထွေရာယဉ်မျိုး။ ပုံလာဆင့်ဆင့်တိုးပါလို့။ ထွတ်စိုးစံတော်မူလေတည့်မှ။ ထွတ်စိုးစံတော်မူ။

## ၁၈။ ။ ဖောင်းကလောပွန်ရေဆင်းကြိုး ။ (စံရာဘုံမြင့်)

စံရာဘုံမြင့် ညီးလင်း။ ဝေယန်နှန်းမယွင်း။ ။ ရာပြည်ပြည်မင်းမှန်ကူ။ ထွတ်ထိပ်သယ္ယမ္မူ။ ။ စံတော်မူ။ လျှံလူအောင်မြေကျွန်းဝယ်ပလေ။ ရှုပြောင်းအီ။ ငှရှဆီ ပြုဗ္ဗာစွန်းမှာတဲ့လေး။ ။ ဖြူဝန်းပြာချေ။ ဝါရွှေစိမ်းစို။ ခိုလှဲ့လှဲ့ ညိုနွဲ့နွဲ့ အိုဘဲ့ကြာမျိုး။ မောက်ဖြိုးထူးတဆန်း။ ။ တင်းကြမ်း တင်းကြမ်း မြရည်ရောင်။ ငှက်တည့်ငှက်မယ်မောင်။ ။ သာခေါင်ကြေ အညာလေတည့်မှ။ ယာဉ်ဘောင် ရေသီတာ။ ။ သံသာဖိုမ ဇ။ ဇင်ယော်ကျူးရင့်ကြွေး။ ။ မြစ်တွေးတွန်သံ သာချည့်လေ။ ချစ်ရေး တူမကွာတည့်လေး။ ။ ဖွေးဖွေး ဖွေးဖွေး ရေအလျှံ။ လှိုင်းတည့် လှိုင်းပေါ်စံ။ ။ ငါးတန် ငါးတန် ငါးတန် ငါးကြင်း။ ငါးဖယ် ငါးပြာစင်းငယ်နှင့်လေး။ ။ ပွန်ရင်း ပွန်ရင်း ဆိုက်ခါခါ။ ချင်းတို့လိုက်ဘာသာ။ မြူးပျော်ခါ ယှဉ်ပြိုင်သွား။ ငှက်စုံရွှေလိပ်ငါး။ ။ စီးတွေတွေသားငယ်နှင့်။ ရေပေါ်မှာသွားပါလို့။ များတောင်းပင်လေလေတည့်။ များတောင်းပင်။

## ၁၉။ ။ စောင်းတော်ဘွဲ့ကြိုး။ (ဇေယျာအောင်ချာ)

ဇေယျာအောင်ချာ စိုးမိုးသိမ်းမြန်း။ ရွှေပြည်သာလှ တိုင်းခန်း။ ငြိမ်းချမ်း။ ဘုန်းမိုယ်း ရှာသွန်းဖြန်း။ ။ စံခန်းမန်းဇွေလယ်။ ခဝပ် ရွှေညီဝယ်။ စံပယ်ခါတော်ချိန်။ ပဉ်တည့်သာပဥ္စသိန်။ ။ ဝတိန်ညီလာ နွဲ့နွဲ့လေ။ စောင်းတော်ရွှေကြိုး သာဘွဲ့လေး။ ။ ရစ်သွဲ့ငယ်ကျူးလှိုင်။ သံညှင်းငယ်ပြိုင်။ ။ ပြည်တော်ဝေမြိုင်။ ပုလဲဆိုင်။ ဆေးဆေး။ လေးလေး။ ဆေးဆေး။ လေးလေး-ချို ညွန်းမကဲ့ငယ်သို့။ လွမ်းရန်ပိုလေလေတည့်။ လွမ်းရန်ပို။

## ၂၀။ ။ စောင်းတော်ဘွဲ့ကြိုး။ (စောင်းတော်သိဂ်ိ)

စောင်းတော်သိဂ်ိ ချေညှင်းညှင်း။ မြည်သံသာလှ မှန်ကြာတွင်း။ ထံပေါင်းတေတျာသွင်း။ ။ သာခြင်းသာခြင်း။ လွန်သာယာ။ တီးဘွဲ့လက်သံမှာ။ ။ ပန်းပွားပန်းပွား ဝေဆာဆာ။ ရွှေလက်ရုံးက။ တိုးကိန္နရာ။ ။ လက်သံ လက်သံ လက်သံရှိန်ပြင်း။ သာတည့်-သာဘိခြင်းငယ်နှင့်။ သုံးယာမ်သန်းခေါင်တွင်းပေမို့။ တံမြွာတံရှည်ညှင်းပါလို့။ စောင်းမင်းပဥ္စသိန်လေတည့်မှ။ စောင်းမင်းပဥ္စသိန်။

## ၂၁။ ။ ဒေဝဒူတနတ်- သံလျက်ကောက်ကြိုး။ (မာလာဂန္ဓာ မွှေးမွှေးသင်းသင်း)

မာလာဂန္ဓာ မွှေးမွှေး သင်းသင်း။ လေပြေလာက ချေညှင်းညှင်း။ တောင်တောမြိုင်လုံးလင်း။ ။ အင်ကြင်း အင်ကြင်း ကြိုင်လှိုင်ရှင်။ နှင်းနှင့် ဂေါ်သဇင်။ ။ တသွင်ဝေယန်မှာ။ ရွှေတဲ့သာရွှေသူဇာ။ ။ စံရာပျော်ချိန်နီး နှင့်နှင့်လေ။ သီလာရောင်ရှိန် စွင့်စွင့်လေး။ ။ နတ်ရှင်ငယ်မိုးမှန်။ မိန့်ခွန်းတော်ပြန်။ သာကီနွယ်မှန်။ ပွင့်မည်လောင်းရန်။ တင့်မောဟန်။ ဆွေးကြောင်း ဝေးကြောင်း-ဘန်။ ဆင့်ရရှင့်ငယ်နှင့်။ လွမ်းချိန်တန် လေလေတည့်။ လွမ်းချိန်တန်။

## ၂၂။ ။ ပြန်ကဘက်သံကြိုး။ (နေရင်းလေလဲ)

နေရင်းလေလဲ။ ထိုင်ရင်းလေလဲ။ အလွမ်းငယ်ဝေ လှိုက်လဲလို့လို့။ လားလား ဖြေနိုင်ပါဘဲပေမို့။ လားလား လားလား ဖြေနိုင်ပေါင်။ စိတ်ကို သတိဆောင်။ ။ ဆောင်လေလေတည့်မှ။ ဆောင်တည့်သာ ဆောင်လေလေ။ ။ ထိပ်တင်လေ ထိပ်တင်လေ ကူးလာပါနှင့်ရှင်။ ကူးလာပါနှင့် ယဉ်တဲ့မင်း။ ကျွန်မ ခန်းသာတွင်း။ ။ လင်းလင်း လင်းလင်း သာ။ နေနိုင်ပါတည့်သာ။ ဖြေတည့်သာဖြေနိုင်ပါ။ ။ ရှိရှင်ဖူးမသာ။ လာလို့လို့လေ။ ရှိရှင်ဖူးမသာ လာလို့လို့လေး။ ။ ဟိုအဆောင်ဆောင်များ။ သည်အဆောင်ဆောင်များ။ ရံခါသွားပါလို့။ ထားထိပ်တင်လေလေတည့်၊ ထားထိပ်တင်။

## ၂၃။ ။ အောင်ပင်လယ်- ကြာချပ်ကြီးကြိုး။ (ရွှေနန်းအောင်ချာ)

ရွှေနန်းအောင်ချာ။ ပြဲ့ဖွါဓရှဦးဆီကလေ။ ။ ပျော်ခင်းစံရာ။ နန္ဒာကန်ကြီး တည်ဆီးလို့လေး။ ။ အကျူးယဉ်လေခြင်း။ အဖူးငုံအာဝင်း။ တထူးထွေလာဆန်း။ အဖူးငုံအာလန်း။ ရွှေကြာနီ။ ရွှေကြာဖြူ။ ကြူရယူငယ်လေ သင်းသင်း။ နံ့ရှင်းရှင်း။ အိုင်မင်းအိုင်မင်း ဆဒ္ဒန်။ တူတဲ့ တူမောဟန်။ ။ ပုံသဏ္ဍာန်လေမကွဲ။ ပြိုင် မသာလေဘဲ။ ပျံ့ဝဲ ယှဉ်နွဲမောင်နှံ။ ငှက်တည့် ငှက်ပေါင်းရံ။ ။ စာနံ တောင်ပံ နီတွတ်။ နမနည်းသည့် မောင်ငယ်မှာ။ သင်တည့်သာ သင်းတိုင်းဝတ်။ ။ ချီခင်စွတ်ကယ် ကြင်ဘော်သွေးလို့လေ။ ကြာဘက်ကို နွှင်ကာထွေးလို့လေး။ ။ စုစုငယ်လေ သီးသီး။ ဝေးပင်ဝေးမနီး။ ။ ရွှေပြည်ကြီး လယ်သူ။ ထွားတဲ့ ထွားနုဖြူ။ ။ ကြူစွာသံဝါ ချိုနု။ သျှင်ပင် *အင်းခရုငယ်နှင့်လေး။ ။ ကြူစွာလေသံဝါ လေချိုနု။ သျှင်ပင် အင်းခရုငယ်မှာ။ ကျွတ်ဆုငယ်တိုင်။ ကြာခိုင် ကြာခိုင်နှင့်နှင့်လေ။ တူပြိုင် ယှဉ်ပြိုင် ဆင့်ဆင့်လေး။ ။ နှင်းနှင့်ထုံပန်း။ စမွယ်ခေါင်ရမ်း။ သော်မော် အပြည့်လျှမ်းပါလို့။ မင်းလမ်းစပ်ခါခါလေတည့်။ မင်းလမ်းစပ်ခါခါ။

## ၂၄။ ။ အောင်ပင်လယ်ကြာချပ်ငယ်ကြိုး။ (မင်းလမ်းငယ်စပ်ခါ)

မင်းလမ်းငယ်စပ်ခါ။ လူးလာငယ် ပြန်သွား။ ရွှေပြည်မြို့ကြီးသူငယ်မှာ။ တိုးပင်တိုးမအား။ ။ လက်ဖျားဆွတ်ခါခါတည့်လေ။ သက်ထား တူမကွာတည့်လေး။ ။ ဘုန်းပန်းငယ် စက်ခြည်။ ရွှေပြည်တော်နှင့်မဝေး။ မေရုဓာတ်တော်။ ကျိန်းဝပ်ကယ်ပျော်။ တောင်တော်မွန္တလေး။ ။ ကြင်ရေး ကြင်ရေး မေတ္တာနှောင်။ ဆက်တိုင်း ဖူးရအောင်။ ။ ရွှေညောင်ရေနှင့် သွန်းလောင်း။ သွန်းတည့် သွန်းလောင်း။ ။ နှင်းပေါင်း ပန်းပေါင်း-ရည်။ တည့်တည့် ည ညနေတိုင်းပင်လေတည့်။ ည ညနေတိုင်းပင်။

## ၂၅။ ။ တောင်မြင့်စည်းစုတ်ခတ်သံကြိုး ။ (ဆီးနှင်းပြိုက်ကျ)

ဆီးနှင်းပြိုက်ကျ-ချမ်းဆောင်း။ ညှံ့ပျောင်းပျောင်း။ ဝတ်နံ့ငယ်လေ လှောင်းလှောင်း။ နံ့ပန်းပေါင်း။ ။ စက်လျှောင်း စက်လျှောင်း ဘုံသာခွင်။ မေးမိုတ်ပျော်မရွှင်။ ။ စိတ်မှာပင်။ ထိပ်ချာတင်။ ရိပ်ခါမြင်မိ။ လိပ်ပျာမင်း။ ထူးထွေများဘိခြင်း။ ။ ရင်တွင်း ရင်တွင်း ပူလှတယ်။ ထင်စား ယောင်မိတယ်။ ။ ညက်ပြာသွယ်။ စက်ရာဝယ်။ ဘယ်ခါလှယ်လို့ လျှောင်းလဲ။ လျှောင်းလဲ။ စက်ပါသော် ပျော်သေးဘဲ။ ။ သံဝါကျော်။ ကြံခါမျှော်။ လျှောက်ခွင့်ဆုပန်သော်။ ။ ရှင်တော်မွေတော် ကိုယ်တော်ပေါင်းစု။ မြတ်စွာအင်းခရုငယ်နှင့်လေး။ ။ သုံးလူ့ သုံးလူ့ ထွတ်ချာမှန်။ ကူကြီးမြတ်ဘုန်းလျှံ။ ။ ညက်စံညက်စံ ညက်စံပြာဝင်း။ သစ္စာမတည် ယွင်းသည်နှင့်။ ထန်ပြင်းခြောက်ရောင်ခြည်လေတည့်မှ။ †လျှံလင်းမြတ်မှန်တည်။ ။

---

* အမရပူရနေပြည်တော်၏ အရှေ့မြောက်ယွန်းယွန်းတွင်။ သျှင်ပင်အုန်းအင်းဘုရား။ သျှင်ပင်အင်းခရုဘုရားဟု။ ရှေးဘုရားကြီးများ တည်ရှိလေသည်။ ယခုမူကား အချို့ ပျက်စီးယိုယွင်းကုန်ကြလေပြီ။

† အချို့ မူ၌။ "လျှံလင်းတောက်လောင်ကြည်" ဟူ၍လည်း ရှိသည်။

တောင်မြင့် တောင်ဖျား။ ကန်သာအိုင်နား။ ရေယာဉ် သီတာခြားပါလို့။ ဘုရားမြတ်ဘုန်းလူ လေတည့်မှ။ ဘုရားမြတ် ဘုန်းလူ။

## ၂၆။ ။ အတွင်းတီးပြေးကြိုး။ (ခွဲခွဲခြားခြား)

ခွဲခွဲ ခြားခြား လားလား မုန်းထား။ ။ ကျွန်မမှာ မိန်းမသား။ ။ တူ မပျော်ဘူး။ စိတ်ထဲ-မှတ်စွဲ။ ကျွန်မကို မုန်းရလေနဲ့။ ။ ဝမ်းကွဲ။ ဝမ်းနဲ့။ နဲလေ အောင်။ ။ ထွေထွေ၊ ပြားပြား။ ဆန်းဆန်း၊ ထူးထူး။ ဘယ်ခင်းမှ ရှိပါဘူး။ ။ စာနာပါဦး ထိပ်ထား။ တွယ်တာပါ ကောင်းရှင့်ဘုရား။ သည်သာလေ ပြေကြောင်း လျှောက်ထား။ ဝမ်းမှာသာ ဆူလို့သား။ ။ မိန်းမူး၊ မိန်းမူး မူးမူးမိုင်။ ။ တွေးတောရင်း။ လုံးလုံးနင်း။ တွေးတောရင်း။ လုံးလုံးနင်း။ မိမိမယ်သာပူဆွေးလွမ်း။ ။ ညှိုးငယ်လေ ညှိုးငယ်လေ ညှိုးငယ်လေနွမ်းလျ။ သန်းပြောင်းတွေမှိုင်ခါ။ ။ တမ်းယောင်ပူလောင်ဆာ။ ထိပ်တင်မကြင်နာ။ ဖြေလဲ၊ ပြေဘဲ၊ ဝမ်းကွဲ ပျောင်းပြ။ လွမ်းကြောင်း ရုံးပေါင်းထား။ ။ ကြံကာသာထွေပြား။ စကားတောင်နယ်ပုံ ချည့်ချည့်လေ။ ဆိုယောင်လေ မြည်တမ်း။ မချမ်းစိတ်မှာပူ-ချည့်ချည့်။ ထိပ်ခေါင်တင်လေတည့်မှ။ ထိပ်ခေါင်တင်။ ။ ဝိုးဝိုး ဝါးဝါး မှားမှား ယွင်းယွင်း။ အိုက်ဆိုးလှခြင်း။ ။ တော်တည့် တော်ပါမည်လို့သာ။ အကုန်လုံးလုံးနင်း။ ထိပ်တင်ကြင်ပါမည်လို့သာ။ ယုံမိမိမှား။ ။ မှားချေပြီ။ ပွားတောင်း များတောင်း ကြူးတောင်း ကဲတောင်း။ ဆင့်ကာ ထပ်ပြန်လောင်း။ ။ အောက်မေ့ကြံကာ မှိုင်လို့သာ။ ဖြေမပျော်နိုင်ဘူး။ ။ ဖျော်ဖြေပါ။ မယ်သာ သည်းထဲ။ ဆူလို့လို့။ လားလား ဖြေနိုင်ဘဲ။ ။ မြိမြိစွဲ မိမိ။ သည်းထဲ ဝမ်းထဲ မှာသာခွေကာ။ *ထိပ်တင် မကြင်နာ၊ သွေလွဲ-ပြေဘဲ။ ဝမ်းကွဲ ပျောင်းပြ။ လွမ်းကြောင်းရုံးပေါင်းထား။ ။ ကြံကာသာ ထွေပြား။ စကားတောင်နယ်ပုံ-ချည့်ချည့်လေ။ ဆိုယောင်လေ မြည်တမ်း။ မချမ်းစိတ်မှာ ပူချည့်ချည့်။ ငါမင်းကိုသာ။ အာဏာထွေပြား။ တေဇာဘုန်းအား။ ဝံ့မည်လားလို့။ စိတ်ထားစွဲတော်မူလေတည့်၊ စိတ်ထားစွဲတော်မူ။

## ၂၇။ ။ အပြင်တီးပြေးကြိုး။ (ဝေယန်လိုပင်)

ဝေယန်-လိုပင်။ ရောင်ရှင် လင်းလင်းညီး။ ။ သီးသီးခြား။ များကွန့်မြူး။ ထူးရုံးပေါင်း။ သောင်းလုံးခြား။ စိန်ကြောင်လေ ပတ္တမြား။ ကိုးမျက်ပွင့်သား။ ။ နှန်းရှား၊ ဘက်ပြိုင်ခါ။ ရွှေနန်းဘုံဆောင်မှာ။ ။ မိုးကုန္နာ၊ နတ်ပြဟ္မာ။ တွေးကြမှတ်ထင်ခါ။ ။ နစ်ပါးပျော်စံရာ။ ။ ထီးဆောင်းမင်းပေါင်း။ ။ စကြာလေ ရွှေဘွား။ ညွတ်တွား ရွက်ဆင်ခါတည့်လေ။ ဆဒ္ဒန်လေ ငွေသား။ အများဆက် ကညာလေတည့်။ ဆက်ကညာ။ ။ ဘယ်ရာဝင်မှသာ။ ကြားဘူးနိုင်အောင်သာ။ ။ သီဟာဘွေမြင့်မှာ။ ရှိကြာ ရွက်ခါ စက်ဦး။ ။ ခြူးညောင် ဆောင်မြင့်မှာ။ ရွှေသန်းညာ။ စံပျော်ကာ။ ။ ရှေ့ပြုပွါကသာ။ စကြာရောက်လှာသီးသီး။ ။ ပြီးစီး မြောက်စေလျှင်။ ချီးအံ့ကုန်နိုင်ပင်။ နှန်း အင် ဘက် ကင်း။ ထိန်ဝင်းငယ်မြေပေါ်။ ရွှေတေဇော်လေလျှံကဲ။ ထွန်းပ,လို့ရဲ့။ ။ ကျော်သဲ ကျော်သဲ မြိမ့်အောင်။ ကြူးတဲ့ ကြူးလွန်ဆောင်။ ။ မင်းဝန်တောင်ငယ်လေ-သာကြွင်နှန်း။ ခက်ဖြာစိမ်းလဲ့လန်း။ ။ ဇေယျာမြေမြင့် ညာနန်းဘောင်။ ရောခွေလှည့် ရှက်သန်း။ မင်းဝန်တောင်ညွှန့်ခန်း။ ။ နန်းရွှေဝ, ဘုံငယ်မှာ။ နိုင်းရ ဝတိန်သာ။ ။ သာယာ သာယာ ရင့်ကျူး။ နပျိုဆန်းလို့ထူး။ ။ စံပျော်မြူးပါလို့။ စံပျော်မြူးပါလို့။ ကြူးအောင် ပင် လေလေတည့်။ ကြူးအောင်ပင်။

---

* အချို့ (တမ်းယောင်ပူလောင်ဆာ။ ထိပ်တင်မကြင်နာ) ဟု၊ အထက်ပိုဒ်ကဲ့သို့ပင် နှစ်ပိုဒ်ထည့်၍ ဆိုကြသည်။ မူ၌ကား- "ထိပ်တင်မကြင်နာ" တပိုဒ်သာ ရှိသည်။

## ၂၈။ ။ ကျောင်းတော်ကြီး အနမောဒနာဘွဲ့ အပြင်တီးပြေးကြိုး။ (စိန်ကြောင်လိုပင်)

စိန်ကြောင်-လိုပင်။ မြင်လျှင် ဝင်းဝင်းညီး။ ။ မီးမှားမှား။ ဟာ ဟုတ်ဘူး။ ကြူးကဲတောင်း။ ကျောင်းလုံးထွန်း။ ။ ဆောင်ဆောင်သာဘုံများ။ တိုးဆင့်ဆင့်ပွား။ ။ ဆန်းပြားထူးထွေလာ။ တွေးတောမှန်နိုင်ရာ။ ။ ဝိသုကာ နတ်တကာ ပေါင်းကြဝိုင်းညီညာ။ ။ သိကြားဆော်ဘန်လာ။ ပြီးကြောင်း၊ စီးကြောင်း၊ ပြီးကြောင်း၊ စီးကြောင်း။ ။ စိန်ကြောင်လေ ပတ္တမြား။ ကိုးပါးမျက်ရှင်။ ဖြာတည့်တည့်လေ။ ။ အရောင်လေမပြား။ ပြယား မျက်ယှဉ်ကာလေတည့်။ ဆက်ယှဉ်ကာ။ ။ အကြံတော်လှလှ။ ကျော်ကြူးအောင်ကိုပင်။ ဆောင်ဆောင်ဘုံမြင့်သာ။ တောင်ဆောင်ဘုရားကျောင်း။ ။ နစ်ပါးပျော်စံရာ။ ရွှေနန်းမှာ စမွဲယ်ခါ။ ။ သံသရာဘို့သာ ရိက္ခာကံကျွေးရင်းနီး။ ။ ပြီးစီးမြောက်အောင်ပင်။ ချီးအံ့ကုန်နိုင်ထင်။ ။ နှုန်းအင်ဘက်ကင်း။ သန့်ရှင်းခါကျော်။ သာဓုခေါ်လှူပွဲ။ အုံးမြိမ့်မြိမ့်သဲ။ ။ သံဃာတော်တည့် စေ့ကုန်အောင်။ လှူတော်မူသည့် သိန်းသောင်း။ များစွာဝတ္ထုပေါင်း။ ။ ဆွမ်းကောင်းပန်းကောင်း။ မုန့်ဘွယ်ရာ။ များလှ မဆိုပါ။ ။ မီးမှာလေ။ ထွေထွေထူး။ ကုန်အောင်ရေနိုင်ဘူး။ ။ က,ခုန်မြူးပါလို့။ က,ခုန်မြူးပါလို့။ ကျူး ကြော် ငြာ လေလေတည့်။ ကျူးကြော်ငြာ။

## ၂၉။ ။ ဆယ်ဇင်သုတ်ကြိုး။ (သင်းရရင်းကြိုင်)

သင်းရရင်းကြိုင်။ မွှေးလှိုင်လှိုင်စွာ။ ဆောင်စင်လေသာ ကြားရယ်က။ ဘွားကနဲပေါ်။ ။ *မိုးသူဇာလေလား။ ညက်စင်ဖြူစင်စွာ ရွှေလည်တိုင်ညှင်း။ဝိုးဝိုးဝါးဝါး ဝင်း။ ။ ပယင်းပယင်း စစ်ကယ်လို။ နွဲ့ပင်နွဲ့ယှဉ်ကိုယ်။ ။ လျှပ်ဝါတွင် ပ,တွေးမှား။ ထင်အောင်မောအောင်သား။ ။ ဟိုအဆောင်တည့် သည်အဆောင်။ ငြိမ့်ငြိမ့်အောင်လေဖြေနိုင်ဘူး။ ရှင်ကာစံကာမြူး။ ။ ရှင်စံမြူးပါလို့။ ကြူးအောင် ပင် လေလေတည့်။ ကြူးအောင်ပင်။

## ၃၀။ ။ ဘုန်းတော်ဘွဲ့ကြိုး။ (သီယာမြေယံ)

သီယာမြေယံ။ မင်းမင်းများ့ ကေပန်လေ စိုးရတိုင်းခန်း။ ။ ထီးပင်ထီးများ့ထွတ်ဦးကိုင် ငယ်လေ စိုးရသိမ်းမြန်း။ ။ ငြိမ်းချမ်း ငြိမ်းချမ်း ဒီပါလေ။ ညီညာလေ။ တေဇာနေဝါ။ ဇေယျာအောင်မြို့ခြီးဝှဲ။ ။ ယင်နွဲ့နွဲ့။ ။ ကျော်သဲဇမ္ဗူ။ နတ်လူကြွေးသံ။ ဖြန့်မိုးစကြာ။ ဆက်ခါစိုးစံ။ မင်းမင်းပေါင်း ဖူးပါလို့။ လူမှူးကေရိန်လေတည့်။ ပွင့်ဖူးမြတ်အာဟိန်။

## ၃၁။ ။ ပင်လယ်နတ်ကြီးကြိုး။ (ပုံနှုန်းဝတိန်သာ)

ပုံနှုန်းဝတိန်သာ။ ယှဉ်စရာလေ ဘက်ကင်း ဘက်ကင်း။ ပျံ့ကြွယ်ကြိုင်မြူးသင်း။ ။ ထိန်ဝင်း ထိန်ဝင်း တေဇာလျှံဖြာ။ ထွန်းနေဖလ်ဝါ။ ။ အာဂ္ဂာနေအရောင်တည့်မှ။ စံရာဘွေ အခေါင်။ ။ မြန်ဘောင်လေ ဖြာဖြာလင်း။ နတ်မှာရည်တူခင်း။ ။ ရာဇဉ်း ရာဇဉ်း ထီးကုန်အောင်။ တိုင်းတဲ့ တိုင်းပြည်ဘောင်။ ။ ခွန်ဆောင် ခွန်ဆောင် ဆက်သလေ။ ပြည်ထောင် ပြည်ထောင် ညွှတ်ခလေး။ ။ ရွှေနန်းအောင်မြေ။ လျှံပြောင်ပြောင်ဝေ။ မြစ်ပေါင်းဝိုက်ခါခွေ။ ။ မင်းဝန်တောင် ချက်ဖွေ။ ကျွန်းနေခေါင်ဖျား မှန်လှလှလေ။ ။ ဘုန်းနေဝါဝင်း။ ကျော်၊ ကျော်၊ ကျော်နှံ့သင်း။ ။ အထွေထွေသာ။ † နတ်ချာ့ ဣန္ဒာရှင်လေ။ တေည့်ကေရာ။ ။ စကြာဆောင် ရရမှန် မှန်၊ မှန်လှလေး။ စုံပေါင်း စုံပေါင်း ရှက်ခါသာ။ ရှိဦးပန်မြွက်ခါ။ ။

---

* ဆယ်ဇင်သုတ်ကြိုး (မိုးသူဇာလေလား။ ညက်စင်ဖြူစွာ။ ရွှေလည်တိုင်ညှင်း ဝိုးဝိုးဝါဝါဝင်း) ဟူသောအပုဒ်၌ မူကွဲတမျိုးရှိသည်။ (မိုးသူဇာလေလား။ ရွှေစိန်ရောင် မြလျှပ်ခြည်သွယ်သလို၊ ဝိုးဝိုး ဝါဝါဝင်း၊ ညက်ရှင်းဖြူစင်၊ ရွှေလည်တိုင်ညှင်း၊ မွှေးကြူတသင်းသင်း) ဟူ၍လည်း ဆိုကြသေးသည်။

† နတ်ချာ- ဟူရာ၌ နတ်တို့၏ အချုပ်အချာ သိကြားမင်းဟု ဆိုလိုသည်။ အချို့မူ၌၊ နတ်များ-ဟူ၍လည်း ဆိုကြသည်။

မြတ်ရာလေ စံပျော်ပါး။ ရာကျော်ရှည်စေသား။ ။ ပြည်သူများငယ်နှင့်။ ပြည်သူများငယ်နှင့်။ ညွတ်တွား ရှိ ပန် ထွာ လေတည့်။ ညွတ်တွားရှိပန်ထွာ။

## ၃၂။ ။ ဝန်မင်းပဒေသရာဇာဆို - သိကြားခလုပ်ကြိုး။ (ရွှေပင်ရွှေဘုန်းပဝင်း)

ရွှေပင်ရွှေဘုန်းပဝင်း။ မွှေးပင်မွှေးနံ့သင်း။ ။ ညှင်းညှင်းညှင်းညှင်းသာယာ။ လေတဲ့လေပြေလာ။ ။ ရှုခါတည့်စိမ်းလန်း။ ညိုတည့်စိမ်းစိမ်းလန်း။ ထူးဆန်း ထူးဆန်း-ထွေ။ ။ ပန်းမြစေသာ ပုံပင်ပုံချည့်လေ။ ။ ပန်းမြစေသာ ပုံပင်ပုံချည့်လေ။ ။ ဝန်းကျင်လေပတ်ကုံး။ ကန် ကန် ကန်အားလုံး။ ။ ကုံးလို့ထူးခြား။ ချယားဂန့်ဂေါ်။ စွယ်တော်တည့် လောင်းပန်း။ ခေါင်တည့် ခေါင်ရမ်းပန်း။ ။ မောက်မို အင်ကြင်း။ နီဝင်းဇော်တ။ သော်က-လေ။ မဟာလေ့ကား။ ဆတ်သွားလှိုင်ပျံ့။ ကြိုင်နံ့မွှေး။ ။ နှင်းနှင်းသစ္စာ။ နော်ဇာတည့် ရိုးရိုးရဲ။ ထွေတဲ့ထွေထူးကဲ။ ။စမ္ပယ်စမ္ဗီ။ သရဘီတည့် မွှေးမျိုးဆန်း။ ထွေတည့် ထွေထူးဆန်း။ ။ ထူးဆန်းပန်းအိ။ လက်တံရှည်ငယ်လေ။ ကြက်ရုံးမွှေးလှ မဥ္ဇူပျံ့ရှား။ သာထွန်းဖြူစွာ-ပွင့်အာငုံသေး။ ပန်းပင်ပန်းမြတ်လေး။ ။ နေမှာလေ။ ပစ်ထားလေ။ ဆတ်သွားလေ။ ဒန်းများလေ။ ချယားယင်းမာ။ ဇီတဲ့ဇီဇဝါ။ ။ ခတ္တာ ခတ္တာ ခတ္တာပုံးညက်။ ဒန့်ပင် ဒန့်သလက်ကယ်နှင့်။ ရွှေလက်ကယ်လှဟန်ဆန်းလှလေ။ ။ နွယ်ပန်းငယ်ခွါညိုလန်းစလေး။ ။ ပွင့်စပန်းက။ လန်းကားကား။ အခြားခြား။ ထူးတဲ့ ထူးခြားခြား။ ။ ရေခမိုးနှင့် လက်တံရှည် လှိုင်ညီဖြိုးမျှလေ။ ။ ရေခမိုးနှင့် လက်တံရှည်လှိုင်ညီဖြိုးမျှလေး။ ရေခမိုးနှင့် လက်တံရှည် လှိုင်ညီဖြိုးမျှလေ။ ရေခမိုးနှင့် လက်တံရှည်လှိုင်ညီဖြိုးမျှ။ [*]ထူးဆန်းပန်း ထူးဆန်းပန်း။ ထူးထွေလာ ထူးထွေလာ။ နော်ဇာ သဇင်ပန်းငယ်နှင့်။ နော်ဇာ သဇင်ပန်းငယ်နှင့်။ လောင်းပန်း လက်တံရှည်လေတည့်။ လောင်းပန်းလက်တံရှည်။

## ၃၃။ ။ မြင်စိုင်းကြေးခရာသံကြိုး။ (ညာသပြေဘောင်)

ညာသပြေဘောင် ကျွန်းတွင်း။ ဘယ် ထီးစင်း။ ။ ဘုန်းချင်း၊ နှုန်းတွင်း။ စံဝေးကင်း။ ။ သနင်းငယ်ခေါင်ချာ။ မှန်လှ ဦးညွတ်ရာ။ ။ [†]ကြေညာ၊ တေဇာ ထွန်းညီး။ ကျော်တဲ့ကျော်ဝေးနီး။ ။ တိုင်းသီးကျွန်းလုံး။ စံတဲ့စံ သိမ်းကြုံး။ ။ နလုံးငယ်ရေသီတာ။ လူပေါင်းကြည်လင်ခါ။ ။ မြတ်ရာအောင်ဆုယူ။ ရှေးရှုခါတည့်။ နောင်လာ ပွင့်မည့်လောင်း။ ။ ဘုန်းပေါင်း၊ ရှေးကြောင်း-ဘန်။ ။ ဉာဏ်ပဒေသာ။ ဖလ်ရဝေချာ။ မှန်မသွေလာ။ စံတထွေခါ။ ပဋ္ဌင်ရောင်ဝါထွန်းမြူး။ လွန်ကဲကြူး။ ။ ဇေရာတွင်။ ထွတ်ထိပ်တင်။ ယှဉ်ကြကြလေ။ ။ ရာဇဝင်တွင်။ စကြာရှင်။ ယဉ်လှလှလေး။ ။ ဇမ္ဗူချာ။ အာဏာမွှန်း-မွှန်းလို့လေ။ ။ သမ္ဘာတည်။ ရွှေစည်ရွှမ်းရွှမ်းလို့။ ပြည်ထဲရေး။ သာချမ်းဇေ။ ရွှင်ငြိမ်းဆေး။ ရန်မျိုးဝေး။ ။ ရွှေဘုန်းညီး။ ကြံတိုင်းပြီး။ ရည်တိုင်းလင်း။ ။ ဆင်ဖြူငွေရောင်နှင်းဆက်သ။ ဆင်ဖြူငွေရောင်နှင်းဆက်သ။ စိုးပိုင် ယူလေလေတည့်။ စိုးပိုင်ယူ။

---

[*] မူ၌ (ထူးဆန်းပန်း ထူးဆန်းပန်း) ဟု ရှိသည့်အတိုင်း ဘော်ပြသည်။ အများသီဆိုလျက်ရှိကြသည်ကား (ပိတောက်ပန်း ပိတောက်ပန်း) ဟု သီဆိုကြသည်။

[†] မြင်စိုင်း ကြေးခရာသံကြိုးကိုကား ပေမူအတိုင်း ထည့်သွင်းရိုက်နှိပ်လိုက်သည်။ ယခု သီဆိုနေကြသည့်အတိုင်းကား (ကြေညာ တေဇာထွန်းညီး။ ကျော်တဲ့ကျော်ဝေးနီး၊ တိုင်းသီးကျွန်းလုံး။ စံတဲ့ စံသိမ်းကြုံး။ နလုံးငယ်ရေသီတာ။ လူပေါင်းကြည်လင်ခ)ဟူသော အပုဒ်တို့မပါမရှိခြေ။

## ၃၄။ ။ သီကြားမင်း ခရသင်းသံကြိုး။ (ပုံပမာ)

ပုံပမာ။ ။ ထွေထွေသာ။ ။ ဒေဝရာလိုပင်။ ကေရာလိုရှင်။ ။ အသွင်ယဉ်မျိုး။ ပမာတူရိုး။ ဇမ္ဗူကျော်ဟိုး။ အခေါင်စံစိုး။ နေမျိုးစည်ထွန်း။ စံညွှန်း။ ရွှေနန်း။ ဟိုရေး။ ဟိုမင်း။ ပုံခင်းတူဘဲ။ အာဏာရွှေလက်ရုံး။ ကြေညာတိုက်လုံး။ ။ နှိုင်းမနှုန်းထွေထွေဖြာ။ ရွှန်းရရွှန်းရောင်ဝါ။ ။ ဘုန်းတန်းတေဇာ။ ညီးညီးလင်း။ လားလားမြူမှောင် ဝေးဝေးကင်း။ မဆိုင်။ မပြူ။ ဇမ္ဗူတခွင်။ အထင်အပေါ်။ အကျော်အညာ။ မိုးမာဃနတ်နှင့်သာ။ စိုးစံပ,သွယ်သွယ်ဖြာ။ ယဉ်စစ။ သွင်လှလှ။ လွှန်ကဲရုံးပေါင်း။ များတောင်းအထူးထူး။ ။ ယဉ်စေရာ။ ။ ထွေထွေသာ။ ။ စံစကာလိုပင်။ ယှဉ်စကာကိုယှဉ်။ ။ ဝတိန်သာမှန်း။ ပမာထွေဆန်း။ အခေါင်စံကျွန်း။ အရောင်ဖြာရွှန်း။ ။ ဘုံနန်း။ မှန်နန်း။ ပြောင်ရွှန်းလျှံလန်း။ နှုန်းနန်းစံထား။ ရွှေသားငွေသား။ သာခေါင် တိုင်းသိဘူး။ ဘုံဆောင်သွယ်ဖြူးဖြူး။ ။ ဆန်းထူးထွေထွေသာ။ ကြူးကဲပေစွာ။ ။ ကိုးပါးရောင်ဝါ မီးရှူးထွန်း။ ရဲရဲရောင်စုံ ဝင်းဝင်းရွှန်း။ အကြေအညာ။ အလျှံအနီ။ အထွေအထွေ။ အရေအရောင်။ လျှမ်းမျှမျှ။ လျှပ်ခြည်ဖြာ။ ရွှန်း ရွှန်းပ ရောင်စုံသာ။ ဖြာလို့လို့။ ထိန်လို့လို့။ ဆောင်တိုင်းအားလုံး။ ပေါင်းရုံးတညီးညီး။ ။ နေရောင်ပင်။ ထွေထွေထင်။ နန်းဘုံခွင်။ စိုးစံရှင်။ သဘင်-သဘင်ပွဲမှာမှ။ သဘင်-သဘင်ပွဲမှာမှ။ နွဲ စံ ပျော် လေလေတည့်။ နွဲစံပျော်။

## ၃၅။ ။ နဝရတ်ခရသင်းသံကြိုး။ (သပြေပင်ဝန်း)

သပြေပင်ဝန်း။ ဇမ္ဗူသာကျွန်း။ အခေါင်စံရွှန်း။ တန်ဆောင်လျှံထွန်း။ ပတ်ဝန်းအတည်တည်။ တိုင်းအပြည်ပြည်။ ။ ဝိုက်လည် ပေါင်းရုံး။ သိမ်းကြုံးစံ စိုးမြန်း။ ။ ဘုန်းတန်း တေဇာ။ ဖြာဖြာလင်း။ မင်းဝန်ညွှန့်ချက်ဖွဲ့ချာ။ နန်းရွှေဝ ရွှေပြည်သာ။ စံပပ။ ရံခခ။ ရွှေပေါင်းဝန်းလျား။ ထူးထူးအခြားခြား။ ။ နေနှုန်းစံထား။ ဘုန်းတန်း ကြီးမြင့်များ။ ။ တိုးပွားလေလေကာ။ ထူးပြား။ ထွေထွေသာ-ပင်။ ။ ကျွန်းလုံးကျော်ဝှန်ဝါ။ ချမ်းငြိမ်းလွန်သာယာ။ ရုံးပေါင်းထွေလာ။ ယဉ်ရာထူးခြား။ တိုင်းကားသာစည်။ စဉ်ရှည်ကဲကြူး။ ရံကာတည့် ထူးထူးဆန်းဆန်းနှင့်။ တောင်စဉ်တည့် ဆိုင်းဆိုင်း မှိုင်းမှိုင်းနှင့်။ သာယာတည့်များတောင်း။ သိန်းသောင်းနှင့်။ ပေါင်းဆုံကြမြစ်သီတာ။ ဝန်းလည်ကြရံကာသာ။ လှိုင်ပျံ့ပျံ့။ ကြိုင်နံ့နံ့။ သာမောဝန်းလျား။ ထူးထူးအပြားပြား။ ။ ထွေထူးသာမျိုး။ ပုံနှုန်းစံကင်း။ ထိန်ဝင်း လျှံလင်း။ စုံပေါင်း ထွေပြား။ ရွှေပြည် သာလွတ်ကျွန်း။ ယာမာဘုံနတ်နန်း။ ။ ထူးတဆန်း ထွေထွေဖြာ။ နှုန်းမနှိုင်းစံသာ။ ။ ရွှန်းရွှန်းရောင်ဝါ ဝိုးဝိုးဝင်း။ ကိုးပါးချယ်ကာ။ ညီးညီးလင်း။ ။ အစီ အလျဉ်။ အယဉ် အထွေ။ အနေ သဏ္ဍာန်။ အလျှံအဝါ။ မြင်းမိုရ်နှင့်ဘက်စံရာ။ ထွန်းလျှံပ ရောင်ခြည်ဖြာ။ နေသို့သို့။ ထိန်လို့လို့။ ပြောင်ရွှန်း ထွန်းလင်း။ ဝိုးဝင်းတညီးညီး။ ။ ထွေထွေပင်။ ဝေဝေရှင်။ *နန်းဝေယံ။ စိုးနေစံ။ နေလျှံနှုန်းရှည့်။ ဘုန်းပွင့်လူလေလေတည့်။ ဘုန်းပွင့်လူ။

မှတ်ရန်။ ။ ညာသပြေပေါင်။ ပုံပမာ။ သပြေပင်ဝန်း။ ဟူသော ကြိုး ၃ပုဒ်ကို။ တုတ်၃ချက်ကြိုး ဟူ၍ခေါ်ကြသည်။ သပြေပင်ဝန်းမှာ (အချုပ်)။ ပုံပမာမှာ (အချာ)။ ညာသပြေပေါင်မှာ (အခရာ) ဟု ပညာသည်တို့ အမှတ်ပြုကြလေသည်

## ၃၆။ ။ သီကြားမင်း တုရင်သံကြိုး။ (နှုန်းနန်းထောက်စာ)

နှုန်းနန်းထောက်စာ။ နှိုင်းဘက်ရှား။ မိုးသိကြား။ ရိုးမမှား။ ထင်ယောင်ဝိုးတဝါး။ ။ တိုင်းတလွှား။ တိုင်းတလွှား ကြေညာ။ ရှိန်တဲ့ ရှိန်တေဇာ။ ။ ကေရာဇ်ငယ်နှင့်သာ ကေရာဇ်။ ။ ရွှင်လန်းရွှင်လန်း ဘုန်းခေါင်။ ကြူးတဲ့ကြူးကျော်အောင်။ ။ သောင်သဲအများ။ သောင်သဲအများ။ ရထားရထားဗိုလ်ခြေ။ မြင်းတဲ့မြင်းဆင်တွေ။ ။ ရေမြေတောတောင်။ ခြိမ့်ခြိမ့်

---

* အချို့"နန်းဘုံခွင်။ စိုးစံရှင်။ သဘင် သဘင်ပွဲမှာလ နွဲစံပျော်လေလေတည့်။ နွဲစံပျော်" ဟု ဆိုကြသည်။

အုန်းအောင်။ မြိမ့်မြိမ့်ငယ်လေအုန်းအင်း။ ရုန်းရုန်း ရုန်းရင်း။ ။ တီးကြမှုတ်ကြ စည်ပုံတောင်။ ညွှင်းသာလေဆောင်။ ။ သံပြောင်းသံလွှဲ။ နဲ ပတ် သာ လေလေတည့်။ နဲပတ်သာ။

## ၃၇။ ။ ကျောင်းတော်ကြီးကြိုး ။ (ဝေဇယန်နှင့်နှန်းပြား)

ဝေဇယန်နှင့်နှန်းပြား။ မထူးခြား။ ။ ရွှေကျောင်းတော်ကြီးဘုံဆောင်။ ကြူးတဲ့ကြူးလွှန်အောင်။ ။ ဆောင်တကာလေဆန်း။ ထွေတလာလေပန်း။ ။ နေအရောင်လိုပင်။ လအရောင်လိုပင်။ စိမ်းရရိမ်း။ နီရရီ။ ပြာရရာ။ ဝါအဝါ။ ရွှေအရွှေ။ ရွှေတဲ့ ရွှေအရွှေ။ ။ သယ်လေ ကျောင်းတော်။ ကျောင်းတော် ကြူးကျော်ယဉ်လေဟန်။ ဖလ်မှန်ရှိန်။ မြနယ်စိန်။ နေခြည်ရောင် လင်းသောခါ။ ဘယ်သူပင်ရှုဝန့်ဘူး။ မြင့်လှဖြူးဖြူး။ တိမ်ဆီအုံကြ ဩမည်။ အုံဩမည်။ ။ သံသရာလေဝဋ်နှင့်။ ကင်းအောင်ရှင်းအောင်။ သံသရာလေဝဋ်နှင့်။ ကင်းကြောင်း ရှင်းကြောင်း။ ။ ချမ်းမြမြကြည်စွာ။ သာယာ ရွှင်ပြုံး။ တေဇာတုန်ရိုက်ချုန်းပါလို့။ မိုးလုံးတိမ်တိုက်ဖြာလေတည့်မှ။ မိုးလုံးတိမ်တိုက်ဖြာ။

## ၃၈။ ။ ငါးသံကြိုး။ (ရီရီဆိုင်းဆိုင်း)

ရီရီဆိုင်းဆိုင်း။ မှိုင်းမှိုင်းညိုပြာ။ မိုယ်းတဲ့မိုယ်းတိမ်လွှာငယ်လေ။ မြသားတိမ်မိလ္လာ။ လွမ်းတဲ့လွမ်းအောင်သာ။ ။ ကျူးနွဲ့ကျူးနွဲ့။ ကျူးနွဲ့ ကျူးနွဲ့-ရွာ။ ။ ပွင့်စ,ငယ်ရွှေဝါ။ ပန်းတဲ့ပန်းမြတ်စွာ။ ။ အခါရောက်ချိန်နီးချည့်လေ။ ။ အခါရောက်ချိန် နီးချည့်လေး။ ။ အခါရောက်ချိန်-နီးပင်သာ နီးချည့်လေ။ ။ အခါရောက်ချိန်-နီးချည့်လေ။ ။ အခါရောက်ချိန်-နီးချည့်လေး။ ။

## ၃၉။ ။ တျာသံကြိုး။ (တေဇာအာဏာထန်ပြင်း)

တေဇာအာဏာထန်ပြင်း။ ဘုန်းတော်လေကြီးလှသည့်မင်း။ ။ ဝပ်စင်းဝပ်စင်း။ မှူးကြီး မတ်ပေါင်း။ အုံလာ ခ,ညွှတ်ပျောင်း။ ။ တိုးကြောင်းပွားကြောင်း-ကြုံ။ ။ နန်းတဲ့ နန်းတွင်းသူ။ ဝင်းဖြူငယ်လေ။ (တေ ဒူလေတေ ထံတျောထံချန့်။) နန်းတဲ့ နန်းတွင်း သူ။ ။ ဘယ်သူထုံးပါတယ်။ ဆံထုံးစောင်းပင်း။ ဘယ်တဲ့ဘယ်ခြေနင်း။ ။ နန်းတွင်းသူလေလော။ ဝင်းဖြူလေလော။ ။ တွေးတောတွေးတော-ကြုံ။ ။ နန်းတဲ့ နန်းတွင်းသူ။ ဝင်းဖြူငယ်လေ။ (တေ ဒူလေတေ ထံတျောထံချန့်) နန်းတွင်း နန်းပြင်သူ တည့်တည့်လေး။ ။ မိန့်တော်မူလေမြဲ သွေတဲ့သာ သွေလှန်ဘဲ။ ။ ကြင်နာကဲဆ။ ကြင်နာကဲဆ။ လောင်း ထပ် ခါ လေလေတည့်။ လောင်းထပ်ခါ။

## ၄၀။ ။ အထိကရကန်တော်ကြိုး။ (ကန်တော်ကန်တော်ထိကရ)

ကန်တော်ကန်တော်ထိကရ။ ဝသန်မိုယ်းဦးစမှာလေ။ ။ ထွန်ကြထယ်ကြလယ်မြေတာ။ ကန်ကြီးရေနှင့်သာ။ ။ တောင်ဇမ္ဗူမှာ ပြည့်လျှံလင်း။ ကန်တော်ကန်များ့မင်း။ ။ ငါးကြင်း ငါးကြင်းလိုင်စွာ။ ငါးသိုင်း ငါးထွေမှာ။ ။ နက်ပြာ နက်ပြာခုံးမ။ ငါးဖယ်ကြီးသား ငါးစင်းပြားငယ်ကို။ သနားကြင်နာရရှင့်လေ။ ငါးဖယ်ကြီးသား ငါးစင်းပြားငယ်ကို။ သနားကြင်နာရ ရှင့်လေး။ ။ ကမ်းစ,မှာလေမြူးမြူး။ ငါးတည့် ငါးငလူး။ ။ အုံမူးရေပြင်ကျယ်တည့်လေ။ ကန်ကြီး ရွှေပင်လယ်သို့လေး။ ။ ငှက်ပေါင်းညံစာစာ။ ပျော်မြူး ရွှင်စံရာ။ ။ ဟာသ်ာ-ဟာသ်ာ-ကြိုးကြာ-ရေကြက်။ ဝံလို ဝမ်းဘဲ ငှက်ကယ်တည့်လေး။ ။ စုံဘက်ကယ် မယ်မောင် ကူးကြလေ။ မြစ်တွေး ဇင်ယော်မြူးကြလေး။ ။ စုံဘက်ကယ် မယ်မောင် ကူးကြလေ။ မြစ်တွေး ဇင်ယော် မြူးကြ။ ကျူး ခါ ညံ လေလေတည့်။ ဝဲကာပျံ။

## ၄၁။ ။ သကြ်ာန်တော်ကြိုး။ (သကြ်ာန်မာသကူးသန်း)

သကြ်ာန်မာသ ကူးသန်း။ နှစ်ဦးမြန်း။ မြန်ညွန့်ဝေ ခက်စိမ်းလန်း။ ။ နေနန်း လနန်း ကြယ်အသဝဏ်ဳ။ စိတြပြိုင်ယှဉ်မှီ။ ။ သီတာရည်။ ညီညာစီ။ ဒီပါပြည်လုံး။ မင်းပေါင်း၊ မင်းပေါင်း။ မွှေးထုံရေ သွန်းပက်လောင်း။ ။ စိန်ကောင်း။ ကျောက်ကောင်း။ ဆင်ယင်ခါ။ မြူးကြွရွှင်ပျော်စွာ။ ။ နွေယံခါ။ လေပြန်လာ။ တိမ်အာကာက။ အုံ့မှိုင်း အုံ့မှိုင်း။ လွမ်းရန် ဆင့်ဆင့်ဆိုင်း။ ။ ပင်တိုင်း ပင်တိုင်း ဝေဝေဆာ။ မြသွေးပုံပမာ။ ။ သောက်ရှူးဥပါ။ ညီလာရုံဝန်း။ ထက်မိုးညှိုမှိန်မှိန်နှင့်။ နဂါးလိန်အိမ်ဖွဲ့ထွန်း။ ။ ချိန်ယွန်းငယ် ပြင်နာရီ။ ငါးမောင်းခေါ်မည်။ တည်တည်နှင့်သာ။ ဘဝါးသုံးအင်မကွာ။ ။ ရာသီသာ တင့်ဆန်း။ မိဿခွင်သို့မြန်း။ ။ ဂန့်ဂေါ်ဝတ်မှုံ ပန်းငယ်နှင့်။ အင်ကြင်းသရဘီလျှန်းပါလို့။ သွန်းမြန်းရေသီတာငယ်နှင့်သာ။ တာကူးလသည်ချိန်ခါ။

## ၄၂။ ။ ဘောင်ငင်ကြိုး။ (အလွမ်း ထပ်ဆင့်လောင်း)

**၁၁၄၆-ခုနှစ်၊ ဘိုးတော်သားကြီး၊ နတ်ရွာစံအိမ်ရှေ့မင်းကြီးသည်။ ရခိုင်ဘုရားကြီးကို ပင့်ချီတော်မူ သောအခါ။ ဘောင်တော်ကို ဆွဲရသော ဘောင်ငင်ကြိုး။**

အလွမ်း ထပ်ဆင့်လောင်း။ ချမ်းပြန်ရာတွင်။ သွင်းစမြောက်လေဝင်။ ။ ကြည်စင်လေ ကြည်စင်လေ သောင်ပြင်ငယ်မြစ်လုံး။ ကြေညာကျူးရင့်။ သံပြိုင်ဆင့်ဆင့်လေး။ ။ ထိပ်ချာဘုန်းမြင့် ရွှေဘောင်နှင့်လေး။ ။ လှေတော်သောင်းထောင်ရာ။ ကျွန်တော်များမြောင်စွာ။ ။ ရေညာ ရေညာလျှမ်းမျှလေ။ ။ ဟေမာ ချိန်ခါဆန်းစ လေး။ ။ နှင်းနှင်းလေညှင်း-ဝင်လာပုံမောင်း။ ဒေဝါပဖွန်လောင်းပါလို့။ ရေကြောင်း မှိုင်းရီရီလေတည့်မှ၊ အောင်ပွဲတပ်တော်ချီ။

## ၄၃။ ။ မိုယ်းကိုဖွဲ့သောကြိုး။ (မိုယ်းမင်းလွန်ကဲ)

မိုယ်းမင်းလွန်ကဲ။ အုံ့ဖွဲ့စွေကာ။ ရွာပင်သာရွာလှ-ပင်လုံးလန်း။ ကားကားငွါးငွါး-ရုံးအဆင့်ဆင့်မြိုင်ဖျား။ နူးညွတ်စေဘွယ်သား။ ။ နွေသွား *နွယ်တာချိန်။ ထိန်မြမြ။ ဝါရွှေရွှေ။ နီပြေပြေဝင်းဖန့်။ သင်းနံ့လှိုင်ထုံ။ ပန်းစီစီရုံ။ ။ ရွှေဘုံ ရွှေဘုံ ရွှေဘုံနယ်ရေး။ ထင်မြင်မိယောင်သေး။ ။ ဝေး ဝေး ဝေး ရပ်မြေ ထွေထွေခြား။ မြင်ယောင်သား။ လားလား ပြေဘွယ် ကြံုလေတည့်မှ။ လွမ်းရေးချိန်သင့်ဆုံ။ ။ ရီမှုံတည့်မှိုင်းမှိုင်း-သွယ်လျားနယ်ခြား-ဖန်တော်အား-မြင်လေညား-ထွေပြား စိတ်ကယ် ပုံ ပုံ ပုံ ချည့်ချည့်လေ။ ။ ဘယ်ဝယ်သုံ-လှူ လှူ လှူခွင့်ငယ်။ ဖင့်နေး၊ ချင့်တွေး-ခါကုန်။ ယုံ ယုံ ယုံ မိမိလေး။ ။ လွမ်းရေး-လွမ်းရေး။ ချယ်လယ်နှောင်။ စုံတောသည်မြိုင်ချောင်။ ။ ပန်းသင်ညောင်မှာလေ ပျော်နိုင်ခင်း။ သည်မယ် တကိုယ်ချင်းဟာမို့။ †ရောင်းရင်းဖေါ်မပါ။

---

* နွယ်တာလ ဟူသည် ဝါဆိုလကိုခေါ်သည်။ နွေရာသီကုန်ဆုံးသော လဖြစ်သောကြောင့် နွေတာလ= နွယ်တာလ ဟု ခေါ်ဝေါ်သည်။

† ရောင်းရင်း= (ပေါရာဏ) ငယ်ငယ်က အတူချစ်ခင်ပေါင်းသင်းလာခဲ့သော။ ငယ်ပေါင်းကို ရောင်းရင်းဟု ခေါ်သည်။ ကြီးမှ ပေါင်းသင်းရသူကို ရိုးရင်း ဟု ခေါ်လေသည်။

## ၄၄။ ။ မြင်းခင်းကြိုး။ (မြန်ခန်းကျွန်းတွင်း)

မြန်ခန်း ကျွန်းတွင်း။ စံမြန်းရွှန်းလင်း။ မှန်နန်း ထွန်းဝင်း။ ဘုန်းပန်းကြိုင်သင်း။ နှုန်းနန်းပြိုင်ရှင်း။ ။ ထီးစင်းရာနေ။ ခွန်တော်ချွေ။ ဘွေမန်းစက်ဦး။ နွေသန်းယှက်ကူး။ လေဖြန်းရွှက်မြူး။ ယဉ်ကျော်ထိပ်ဖူးမို့။ နတ်ဦး ဆင်ထူးဘွယ်ရာ။ လွမ်းဘုံသာ။ ။ တိမ်ပြာ-မိလ္လာ-သိင်္ဂါဖွဲ့ရေး။ အဲမောင်းစွန်တောင်ဘက်မဲ့လေး။ ။ ရေးရာဆင်လေလေတည့်။ ကြွေးညာပင်။

## ၄၅။ ။ မြင်းခင်းကြိုး။ (တီးရွှမ်းအောင်စည်ကျူးနွဲ့)

တီးရွှမ်းအောင်စည်ကျူးနွဲ့။ စကြာတော်ယာဉ်မျိုးကဲ။ ။ ကျော်သဲကြည်ဖြူ။ များဗိုလ်လူ။ ကောင်းကြီးငယ်-ဒီဇမ္ဗူ။ သြဘာကြူ။ ရွှေဘုန်း မဋ္ဌူသင်းသင်း။ ထောင်ခြည်လေ-မှောင်မျိုးရှင်း။ ။ ရှစ်စင်းရိပ်ဖြူကာဝန်း။ မြန်ကျွန်းမြေဒီပါတည့်လေ။ ။ သောင်းရွှေလုံးများငယ်နှင့်။ နှစ်ပါးနတ်သျှင်။ ရေယာဉ်မြန်းပါလို့။ မြနန်းဝေယန်။ ဗိမာန်ရောင်ညီး။ ပြဟ္မာသံဝှဲခြီးပါလို့။ ဆိုက်နီးမြတ်ခါတော်။

## ၄၆။ ။ ညွှန့်ပေါင်းကြိုး။ (ကြောက်ဘွယ့်ဘုန်းတန်း)

**အလောင်းမင်းတရားကြီး၊ မူးမြစ်ကိုဆည်တော်မူစဉ် ဆရာနှုန်းရေးသော ညွှန့်ပေါင်းကြိုး။**

ကြောက်ဘွယ့် ဘုန်းတန်း။ ဖြစ်ခဲ့ထူးဆန်း။ ရန်သူဆိုက ဝေးတောင်း။ သိုက်ကျမင်းလောင်း။ ။ ဂိမှာန်ကာလကူးပြောင်း။ ပေါက်လုမူးကြောင်း။ ။ မူးမြစ်သီတာ။ ချမ်းကြေည်စွာ။ နန်းရာကမ်းသို့ ရောက်ချည့်လေ။ ။ ပွှန်တာရည်ဆောင် ကုန်းဘောင်ပြည်သို့ ပေါက်ချည့်လေး။ ။ ကြံလေခြင်း။ စည်လေခြင်း။ သယ်လေမင်းရှင်။ မြစ်စ ကမ်းနား။ ။ မြစ်စ မြစ်စ ကမ်းနား။ ပြည်ရွာ ပြည်ရွာ တိုင်းကား။ ။ ဝပြောသာလို့လို့။ ရေမိုဃ်းဆန်များ။ ။ ဝပြောသာလို့လို့။ မိုဃ်းကဲရည်အောင်သာ။ ထိပ်ထားရာဖွေရာ။ ယာမာ-ယာမာ-မျှမျှလေ။ ။ ထက်နတ်ပြည်လုံး။ တူရေးမှတ်ကြတွေး။ ။ နန်းနှင့်မြစ်ကယ်မှာ။ များတည့်များမကွာ။ ။ ပျော်ရာ-ပျော်ရာ-စံခန်း။ သာယာစည်ပင်ထွန်း။ ဂိမှာန်ရေသွန်း။ ပျော်မြူးလန်း။ ။ တောင်ညာဒီပါ ကျွန်းကိုတည့်။ တေဇာနေဝါလန်းပါလို့။ သိမ်းမြန်းစိုးတော်မူလေတည့်။ သိမ်းမြန်းစိုးတော်မူ။

## ၄၇။ ။ ဘောင်လားကြိုး (ဘယ်ဘယ်တဲ့ ဘယ်ကမ္ဘာတွင်)

**(အလောင်းမင်းတရားကြီးလက်ထက် မူးမြစ်ကိုဆည်တော်မူစဉ်ရေးသော ကြိုး- ၁)။**

ဘယ်ဘယ်တဲ့-ဘယ်ကမ္ဘာတွင်။ ကြားရဘူးဘဲ။ ။ စိုးမိုး-စိုးမိုးပိုင်သည်လေ။ ပိုင်သည်လေ။ လောကလောင်းမင်း။ ။ လောင်းထွင့်ချာ။ စက်ဘုန်းဝါ-ညီးလို့လင်းလင်း။ ။ မူးရေပင်-စီးလာဝင်-ဖြိုးပြည့်လျှမ်း လျှမ်း။ ။ ဘောင်နန်းစကြာလေ-စီးကြမင်းပေါင်း။ ။ ဝင်းဝင်းမြူးစ။ လျှပ်လား လျှပ်လား။ တွေးမိယိုးမှား။ ။ ပျော်ပျော်မြန်းပါလို့။ စံရွှင်ကာ။ လာမည်သာ လာမည်သာ မှာလို့လို့လေ။ ။ ထင်ယောင်ကာ၊ မြင်ယောင်ကာ မျှော်မိမိလေး။ ။ လာမည်သာ-လာမည်သာ မှာလို့လို့လေ။ ။ ထင်ယောင်ကာ၊ မြင်ယောင်ကာ၊ မျှော်မိမိ။ ထဲပိုက် ကာလေလေတည့်။ ထဲပိုက်ကာ။

## ၄၈။ ။ ၄င်းကာလရေး ဘောင်ငင်ကြိုး (ကမ်းကခွါ)

### (အလောင်းမင်းတရားကြီးလက်ထက် မူးမြစ်ကိုဆည်တော်မူစဉ်ရေးသော ကြိုး- ၂)။

ကမ်းကခွါ။ စည်ညာခြိမ့်သဲ။ ကြေညာတန်းလို့ ဆဲွကြကြ။ ရွှေလှေလျှပ်ဝင်းမြူး။ ။ နန်းမဆောင်မှာ။ မသာဘိဘဲ။ ခွေယိုင်ပတ်ဆိုင်းဆွဲလို့လို့။ ထွေတလာဆန်းထူး။ ။ ဦးနှင့်ပဲ့မှာ။ ရွှေနီကြာ။ ထုံးစံမွေ။ မြူးလို့မြန်းမည်စေ။ ကြူးလို့မြန်းမည်စေ။ ။ ဘုံနန်းဆောင်မှာ အာရုံစွဲလို့။ နန်းညွန့်ရှင်စံမြဲ။ ရွှေစက်တင် အရှင်လားလို့။ တွေးကြမှတ်ယူမှား။ ။ ဘယ်ရာဝင်ဆန်းလို့။ တူမဆွယ်ဘူးဝေး။ ။ နန္ဒမူလိုဏ်ကသာ မြူးကွန့်လို့လေ။ ။ ရွှေဟင်္သာဘောင်တော်မှာ။ လူးလွန့်လို့လေး။ ။ ဘောင်ဝန်မှာ ကြိန်ကိုင်ကာ။ ဆော်ကာနှိုးလို့လေ။ ။ ဘောင်တော်မှာ၊ ရွှေသော်တာ။ ပေါ်လာထွန်းသို့။ တိမ်စွန်းလ,ကိုသယ်လေတည့်။ တိမ်စွန်းလ,ကိုသယ်။

## ၄၉။ ။ ၄င်းကာလရေး ဘောင်ဆိုက်ကြိုး (ဖျော်ဖြေလို့နေပါရင်လေ)

### (အလောင်းမင်းတရားကြီးလက်ထက် မူးမြစ်ကိုဆည်တော်မူစဉ်ရေးသော ကြိုး- ၃)။

ဖျော်ဖြေလို့နေပါရင်လေ။ ပြောင်းပြန် *သန်ထူး။ ။ မိုးလုံးမိုးလုံး။ ဝေမှောင်လေ ဝေမှောင်လေ။ လောင်းဆင့်ကဲမိုး။ ။ ချမ်းအေးမြတောင်း။ လွမ်းက ပေါင်း။ ။ ပျော်ကြောင်းဖြေကာ။ တတ်နိုင်ပါ။ မင်းရှင်လေချစ်ဟောင်း။ ယွင်းတိမ်းစောင်း။ ။ သံပျောင်းညွတ်ကာ။ ဆန်းမာယာ။ လာမည်သာ။ လာမည်သာ။ မှာလို့လေ။ ။ လာမည်သာ။ လာမည်သာ။ မှာလို့လေး။ ။ ထင်ယောင်ကာ ။ ထင်ယောင်ကာ မျှော်မိမိလေ။ ။ ထင်ယောင်ကာ။ ထင်ယောင်ကာ မျှော်မိမိ။ ထဲပိုက်ကာလေတည့်။ ထဲပိုက်ကာ။

## ၅၀။ ။ တောင်တမန်လိုင်းကြက်ခွတ်သံကြိုး။ (မင်းလွင် မင်းလွင်မှိုင်းအုပ်)

မင်းလွင် မင်းလွင်မှိုင်းအုပ်။ လေပြေလေညှင်း သုတ်ပါလို့လေး။ ။ ကဆုန် နယုန်ချိန်ခါ။ ပြည်ကြီးတောင်လကျာ။ ။ သောင်းယူဇနာကျယ်ဝင်း။ တောင်တမန်တည့်အင်း။ ။ မြစ်ချင်း မြစ်ချင်း ဟင်းငံ။ လိုင်းတည့်လိုင်းပေါ်စံ။ ။ ငါးတံ ငါးတံ ငါးတံ ခုံးမ။ ငါးလူးသို့။ ငါးလဲကြီးငယ်ကို။ ဇနီး မတော်ရတည့်လေ။ ။ ငါးတံ ငါးတံ ငါးတံ ခုံးမ။ ငါးလူးသို့။ ငါးလဲကြီးငယ်ကို။ ဇနီး မတော်ရတည့်လေး။ ။ မှင်စငယ်လေ ဖါးလျား။ ငါးနောက် ငါးနောက်သွား။ ။ ကမ်းနားမှာခို။ ပြုံချည့်ချည့်လေ။ ကမ်းနားမှာခို။ ပြုံချည့်ချည့်လေး။ ။ ထန်မြူးလေမုန်တိုင်း။ ထမ်းပိုးပင်လယ်လှိုင်း။ ။ ဂလိုင် ဂလိုင် ညီညွတ်။ လှိုင်းပင် လှိုင်းကြက်ခွတ်ကယ်နှင့်လေး။ ။ ရေနက်မှာ ရှင်ပျော်မြူးကြလေ။ ခွေညွတ်ကယ် မြင်သူမူးမျှလေး။ ။ ခွေညွတ်ကယ် မြင်သူမူးမျှလေ။ ရေနက်ကယ် ရှင်ပျော်မြူးချည့်ချည့်။ ထူး ထွေ လာလေလေတည့်။ ထူးထွေလာ။

## ၅၁။ ။ မြို့ကို ချီးသောကြိုး။ (ကျွန်းကျွန်းပိုင်သ)

ကျွန်းကျွန်းပိုင်သ တိုင်းခန်း။ နေနှုန်းနန်း။ ရွှေတည့်သာ ရွှေဘုန်းပန်း။ ။ စံခန်း လျှံလန်း သီတာယာဉ်ရေ။ မြစ်ပေါင်းဝိုက်ခါခွေ။ ။ ဒီပါမြေ။ သီဟာဘွေ။ ညီလာရွှေ ကြော့မင်းမင်းခ,မြဲ။ စက်စုံဖူးတည့်ပွဲ။ ။ ကျော်သဲ ကျော်သဲ သီလာမြေယံ။ တောင်ပေါင်းစုဝေးလျှံ။ ။ ဟေမာစံ။ သေလာယံ။ အာကာပျံကွန့်။ †မျို့ထူးမြို့ဦး။ ဆဒ္ဒန်စိုးရမှူး။ ။ ရှည်ကျူးအောင် သံဝှန်။ မြို့ကြီးဆုယူညွှန်။ ခါမွန် ရွှာသွန် တိမ်စွန်ယှဉ်နွဲ့။ နတ်မိုယ်း ရွှေပဇ္ဇုန်က။

* သန်ထူး= ထူးခြားသောဝသန္တ= မိုယ်းလ,အခါ။ မိုယ်းရာသီကို ဆိုလိုသည်။
† မျို့= ပေါရာဏစကား။ မင်္ဂလာကြက်သရေ= ဟူသောအနက်ရှိသည်။

သုန်သုန်ရေပန်းကြဲသည်နှင့်။ *ပုလဲငယ်သိင်္ဂါ။ လေးမောင်းစိန်ခရာလေတည့်မှ။ ကျူးကျူးရင့် ကျူးရင့် ကြွေးကြော်ငြာ။ ။ ခါခါလေစုဝေး။ နတ်ပင် နတ်တို့လေး။ ။ ကောင်းချီးပေးပါလို့။ ကောင်းချီးပေးပါလို့။ ကြွေးကြော်ငြာလေလေတည့်။ ကြွေးကြော်ငြာ။

## ၅၂။ ။ အထိကရကန်တော်ကြီးကြိုး။ (ကန်တော်ထိကရ-ပြောဝန်း)

ကန်တော်ထိကရ။ ပြောဝန်းနက်ကျယ်စွာ။ ချောင်းမြောင်းရေလျှံဖြာ။ ။ ဘုန်းပန်း ဘုန်းပန်းဖြိုးဝေ။ လေလှိုင်းရေ။ လေးဒီပါမြေ။ လယ်တာလုပ်ခင်း။ ပြည့်လျှမ်းကောက်ပင်။ သောင်းခွင်ဖြိုးမျှလေး။ ။ ဘုန်းမြတ်မြတေ။ ရွှန်းဝေလျှံညီး။ စကြာဆိုက်လုနီးပါလို့။ ကန်ကြီးဆည်တော်မူလေတည့်။ ကန်ကြီးဆည်တော်မူ။

## ၅၃။ ။ နတ်ပင့်ကြိုး။ (မှိုင်းရိပ်ကယ်တည့်ဝေမှောင်)

မှိုင်းရိပ်ကယ်တည့်ဝေမှောင်။ မြိုင်မင်းဟေဝန်ချောင်လေတည့်မှ။ သာမောမြရည်ရောင်။ ။ တောတောင် တောတောင် တောတောင်ကြိုင်သင်း။ ပျံ့မွှေးရနံ့ ထုံပါတယ်။ ပန်းစုံခိုင်လုံးဝင်း။ ။ လေညှင်းလေညှင်းလှုံ့ဆော်ကာ။ နတ်ပေါင်း စံပျော်ရာ။ ။ မာလာဂန္ဓာ သိင်္ဂါရွှေနန်း။ နတ်ပန်းငုံ အာကာငယ်ကို။ ဆွတ်ခါချွေယူသုံး။ ။ တင့်ဆုံးငယ်လေ ရွှေညီ။ လုကြူး ကုမ္မာရီ။ ။ မဟေသီ။ ဒေဝီ ရံရွှေပေါင်းငယ်တို့လေ။ ပဥ္စသိန် လက်ချိန် သာရွှေစောင်းငယ်နှင့်လေး။ ။ ညောင်းငြိမ့်ငြိမ့်သံဝှန်။ တိမ်စွန်ဘွေဦး။ ရောင်စုံကွန့်ကွန့်မြူးပါလို့။ မျှော်မူးလ,သော်တာလေတည့်မှ။ ခေါ်ကြူးသက်ပေလာ။

## ၅၄။ ။ နတ်ပင့်ကြိုး။ (ဆွတ်ဖြန်းငယ်လေကြိုင်သင်း)

ဆွတ်ဖြန်းငယ်လေကြိုင်သင်း။ မြိုင်မင်းသာစွ။ တောင်စဉ် ရံဝန်းခတယ်ကို။ ။ သေလာငယ်ဆိုင်းရောင်စို။ နေရှရွှေမြင်းမိုရ်။ ။ မြန်ဗဟိုရ်တည့် မဏ္ဍိုင်ဖွေပုံ။ နတ်ပေါင်းပျော်ရာစုံ။ ။ ကြိုင်လှိုင်ထုံ ငယ်တည့် မှိုင်းဝေဆာ။ သီတာ သီတာစွင့်စွင့်လေ။ ။ တောင်ရေရံဝန်းဆင့်ဆင့်လေး။ ။ ဆီးနှင်းကျံကျံ ကမ္ဘယံမျှောင်ဆီး။ နတ်ဌာန်ပျော်မငြီးသည်နှင့်။ တောင်ကြီး မှိုင်းညိုညိုလေတည့်မှ။ တောင်ကြီးမှိုင်းညိုညို။

## ၅၅။ ။ နတ်ပင့်ကြိုး။ (ဇမ္ဗူသိင်္ဂါပြိုးပြက်)

ဇမ္ဗူသိင်္ဂါ ပြိုးပြက်။ ကိုးမည်မျက်မျိုး ယှက်သည်နှင့်လေး။ ။ တဘက်ကယ်သာ။ ရွှေခြူးသွင်သွင်။ စုလျားဘွဲ့ဖြူတင်။ ။ တုရင် တုရင် ထိန်ဝင်း။ ဥက္ကာ၄်သင်းကျစ် မဟာလ္လတာ။ စီမြွာ မြနားကင်းငယ်နှင့်လေး။ ။ တောလုံးလင်းပါလို့။ နတ်မင်းရောင်ဝါ။

---

* "ကျွန်းကျွန်းပိုင်သ" ချီသော တောင်မြင့် စဉ်းစုတ်ကြိုးမှာ။ ယခု အများသီဆိုနေကြသည့်အတိုင်း ထည့်သွင်း ရိုက်နှိပ်လိုက်သည်။ ရှေးမူတို့နှင့် များစွာကွာခြား၏။ ပုလဲငယ်သိင်္ဂါမှစ၍ နောက်ပိုင်းတခုလုံးမှာ နေပြည်တော် ခံလှီးဝင်း ဦးဆင်-ရေးထည့်သော စာများ ဖြစ်သည်ဟူ၍လည်း ပြောဆိုကြလေသည်။ ရှေးပေမူများတွင် ပါရှိသည်မှာ။ (ကျွန်းကျွန်းပိုင်သ။ တိုင်းခန်း။ ရာထီးနန်း။ နေလငယ်နှုန်းနှုန်း ရွှေဘုန်းပန်း) ဟူ၍ ချီထားလေသည်။ ထိုမှ (ပုလဲငယ်သိင်္ဂါ) အထိ တူပြန်လေသည်။ ထိုနောက်၌ကား (ပုလဲငယ်သိင်္ဂါ၊ လေးမောင်းစိန်ခရာ။။ ထွေသာဇေယျာ၊ ဒေဝါနတ်ပေါင်း၊ စကြာဆိုက်မည်ကြောင်းငယ်နှင့်။ ဘုန်းပေါင်း ငွေပုဏ္ဏော်တည့်တည့်လေ။ ရာကြူးရှည်သက်တော် တည့်တည့်၊ မင်းမင်းကောပံ။ ဝေယန်ဘုံဦး။ ဣန္ဒာနတ်များမူဒငယ်သို့။ မထူးစံတပြိုင်။ ။) ဟုပါရှိလေသည်။

ဝတ်လဲဆင်တန်ဆာ။ ။ မိလ္လာသိဂ်ါကွန့်ကွန့်လေ။ တောင်ရွှေမြေဦး ထိပ်ညွှန့်လေး။ ။ မိုးစွန်အာကာ။ မျှော်ရာရီမှိုင်း။ သီလာမြင့်ဆိုင်းဆိုင်းငယ်နှင့်။ ရှုတိုင်းလွမ်းဘွယ်ကို။

## ၅၆။ ။ နတ်ပင့်ကြိုး။ (ပန်းစုံမာလာလေ သင်းသင်း)

ပန်းစုံမာလာလေ သင်းသင်း။ ဂန္ဓာ မြိုင်လုံးဝင်းသည်နှင့်လေး။ ။ တောင်မင်းငယ်သာ သီလာတည့်တိမ်ဆွယ်။ မြင့်ဖြူး မိုးယံလယ်။ ။ စုံနယ်ထုံကြွယ်ကြိုင်မွှေး။ နရန်းမြကျောက်ခုံငယ်မှာ။ ပန်းမှုံဝေလို့ဖွေးသည်နှင့်လေး။ ။ မြောက်လေငယ် သွေးပါလို့။ ငှက်ကျေးငယ်ညံ့ညံ့။ မြိုင်ကြီးဆီးကျုံကျုံ။ ။ တောင်ယံတောင်ယံ မို့မို့လေ။ သီတာခွေဝန်းဝိုက်ဆို့လေး။ ။ မှိုင်းညို့ညို့ရီမှုံ။ သုံသုံလေညှင်း။ စုံခြေမြိုင်သနင်းငယ်မှ။ ပျော်ခင်း နန်းတောင်တော်လေတည့်မှ။ ပျော်ခင်းနန်းတောင်တော်။

## ၅၇။ ။ နတ်ပင့်ကြိုး။ (သီလာဝေယန်လေမှိုင်းညို့)

သီလာ ဝေယန်လေမှိုင်းညို့။ နတ်ဌာန်ဝေမို့မို့ငယ်မှာ။ ရစ်ဆို့ငယ်လေ တောင်စဉ်တိမ်လွှာ။ မျှော်တိုင်းလွမ်းဘွယ်သာ။ ။ ဝေဆာဟေမာမြိုင်မင်း။ ပေါက်လဲကျုံ့ကျုံ့ ရွှေငယ်လေ။ သင်းခွေ တောလုံးလင်းပါလို့လေး။ ။ လှိုင်ပျံ့သင်းသည်နှင့်။ ကျဆင်းငယ်စီးသွန်။ တောင်စောင်း ရေတံခွန်။ ။ ကန်မွန် လျှံဝှန်စိမ်းညို့လေ။ ငါးမည်ကြာမျိုး မောက်မို့လေး။ ။ သန်းညို့ညို့မြူမှောင်။ ရွှေတောင်နတ်နန်း။ နတ်ဌာန်ဆင့်ဆင့်ဆန်းပါလို့။ မြိုင်ခန်းဟေဝန္တာလေတည့်မှ။ မြိုင်ခန်းဟေဝန္တာ။

## ၅၈။ ။ ငါးပြေတက်သက်ကြိုး။ (ချမ်းကတဲကိုလေ)

ချမ်းကတဲကိုလေ။ ကေတဲကိုလေ။ ။ ဘယ်တဲ့သူလေလဲ။ ခြုံမှ လာလေဘဲ။ ။ လွမ်းစမြဲကိုသာ။ တမ်းစမြဲကိုသာ။ ခြုံစကာ လေတောင်း။ ထွေတလာလေလောင်း။ ခြုံစကာလေတောင်း။ ထွေတလာလေလောင်း။ ရှေးရှေးမကောင်းကျိုး မကောင်းကျိုး။ ရှေးရှေးမကောင်းကျိုး မကောင်းကျိုး။ ရှေးရှေးမကောင်းကျိုး မကောင်းကျိုး။ ကြူးလွန်လို။ ဆို ဆို ဆိုမိဆို။ သန်းညှိုးကျွန်မချစ်ဗျာပါ။ သည်းထဲဝမ်းက ပူလောင်ဆာ။ သံသရာ ရှေးကံဘန်လို့လေး။ ။ သည်မင်းရှင်ငယ်ကို။ ယုံ ယုံ ယုံမိမှားလဲ။ တော်တော် တော်ငြားဘဲ။ ။ သည်မင်းရှင်ငယ်ကို။ ယုံ ယုံ ယုံမိမှားလဲ။ တော်တော် တော်ငြားဘဲ။ ။ အလွဲမှာသာ ကြံစည်ပါလို့လေ။ သနားချစ်ခင် ကြင်ကြင်ကြင်လို့လေး။ နေလေတိုင်း ထိုင်လေတိုင်း တိုးခါခါ။ ပွားခါခါ။ ကြင်နာကျွမ်းသည်နှင့်။ ကြင်နာကျွမ်းသည်နှင့်။ လွမ်းရစ်ခွေလေလေတည့်။ လွမ်းရစ်ခွေ။

## ၅၉။ ။ မြင်စိုင်း ဆရာပန်းကြိုး။ (ခမ်းတွင်းရိပ်သာ)

ခမ်းတွင်းရိပ်သာ။ မယ့်စက်ရာ။ နေလဲစိတ်မှာ ညစ်တော့သည်သာ။ ထွက်ခါသွားလဲ။ ပျော်ပါဘဲ။ ။ သည်းချာစိတ်ဝယ်။ ထိတ်ထိတ်ကယ်။ နေလဲချားနယ်။ အူချာလယ်။ အုတ်ထွေသောသော။ ဘော်ချင်းနှော။ ။ နီးနှောပြောဟော-ဖြေ။ ။ သည်းထဲငယ်ဆူ။ အူချာ အူချာကကလေ။ အလွမ်းငယ်ထွေ။ ဖွေလယ် ဖွေလယ်ကကလေး။ ။ တသောင်းငယ်မြေပြင်။ စိုးသည့်ရှင်။ မြင်ပါမြင်ပါလှဲ့လှဲ့လေ။ အရှုးလိုပင်။ မယ့်ရပ်သွင်။ မြင်ပါမြင်ပါလှဲ့လှဲ့လေး။ ။ အံ့ကြူးမိုးဖျား။ ထိအောင်သား။ စကားငယ်သာကျူး။ မိန့်သာမိန့်သာဦး။ ။ ဝမ်းမြူး ဝမ်းမြူး-မြူးလေအောင်။ မိန့်ပါမြောက်တောင်။ ။ ကြူးတောင်း ကဲတောင်း။ ဆိုသာပေသည်ဟာများ။ တိမ်းနွဲ့ပါး။ ။ သနားကင်းတော်မူချည့်လေ။ စကားယွင်းတော် မူချည့်လေး။

[*]ဧကရာဇ်မှာလေ ဧကရာဇ်။ မှန်ရင့်လောင်း။ တိုင်းပြည်ထောင်ပေါင်း။ ။ ရှင်လန်း ရှင်လန်း ပျော်ဘွယ်။ သွားစမွှာယ်။ မိန့်တော်မူလေလဲ။ သွေလှန်ဘဲ။ ။ အုချာထဲက။ စွဲလှာသည်လေလေတည့်။ စွဲလှာသည်။

## ၆၀။ ။ ချစ်နံ့မပြယ်ကြိုး။ (ဘုန်းတောက် ပ,ဝင်းဝင်း)

ဘုန်းတောက် ပ,ဝင်းဝင်း၊ ပ,လင်းလင်း။ ။ ဆင်းသိကြားစံရာ။ မျှတူကာ။ နတ်နန်းဘုံသာ။ ဘေးမျိုးလုံစွာ။ ကျွန်းဦးခံမှာ။ သာမျိုးထပ်ချည့်လေး။ ။ အောင်ခန်းဘွေချာ။ ထွန်းလှာတည်စ။ ဖြစ်ပေရလေ။ ။ အောင်ခန်းဘွေချာ။ ထွန်းလှာတည်စ။ ဖြစ်ပေရ။ အောင်ချာတိုင်း။ စံရာနိုင်း။ ရွှေစစ်ကိုင်းမှာ။ ချမ်းရိပ်မြဝေဆာ။ မျှတူခါ။ မွှေးမြတ်လှ ဂန္ဓာ။ ပန်းဝေဆာ။ ပန်းမျိုးစုံစွာ။ ဖူးညှောက် [†]မုံအာ။ များလောက်ပုံရာ။ ယဉ်မျိုးထပ်ချည့်လေး။ ။ အောင်ခန်းဘွေချာ။ ထွန်းလှာတည်စ။ ဖြစ်ပေရ။ ရွှေဝါပန်း။ လယ်ခေါင်ရမ်း။ နော်ဇာဒန်းဝေ။ ။ သီးရွက်မြစိမ်းရွှမ်း။ မှည့်ဝင်းပြွမ်း။ ကြိုးတပမ်းပေ။ ပျော်မရှင်ချေ မိန်းမူး။ စိတ်နေပျော်ချေများတောင်း။သာယာမြစ်မ။ မြန်ယံခွင်မှာ။ သာမောတောင်း။ ။ လှေတော်သာ လှော်ရရလေ။ လှေတော်သာ လှော်ရရလေး။ ။ [‡] လောင်းရိုးလက်သင်။ များစွာပင်။ ရွှေစင်တည့်စက်ကွင်း။ ဝါတဲ့ ဝါဝင်းဝင်း။ ။ ရွှေဘောင်တော်မှာ လျှံလင်းလင်း။ စံခါမင်းထက်မင်း။ ။ ထွက်ခါကျင်းပ။ လောင်းမင်း ထွင့်မှုန်ကူလေတည့်။ လေးကျွန်းနတ်မဥ္ဇူ။

## ၆၁။ ။ အပြင်တီးပြေးကြိုး။ (လေရှိုလေသာ)

လေရှိုလေသာ။ လာသည်ညှင်းညှင်းဖြူး။ ဗျာပါထွေဝေလို့မူး။ ခြံကြာခွေ နေနိုင်ဘူး။ ။ အာကာထဲမှိုင်းလို့လို့။ သွန်းကြဲရွာဖျန်းစွေ။ ဝမ်းကွဲ ညိုးနွမ်းပျောင်း။ ။ စိတ်မတည် လက်မတည်။ ရူးလို့ချာချာလည်။ အခြား-ထူးကြံစည်။ ။ လားလား၊ ယွင်းမှား။ ။ သနား-ဘူးသွေဖည်။ သွားမြဲ သွားဘဲ။ ။ ယဉ်သည်ညိုရွှန်း။ မိုးတည့်ထိပ်တင်။ မှာ မှာ မှာ တည့်ထိပ်တင်မှာ။ ။ အဆောင်ဆောင်ကသာ။ ပျော်ကြောင်း ပျော်လေရာ။ ။ ပျော်တော်မူလို့သာ ပျူလာဘဲ။ လားလားဝေး။ မုန်းလို့လားလားဝေး။ ။ အထွေထွေနှင့်သာ ဖေါ်ပြုပါသည်ကို။ အကြံတော်နှင့်သာ။ ရှင်တော်မူမြဲ။ ပျော်လွန်းကဲ။ ဟိုမှာ လုံးလုံးစွဲ။ ။ သည်းထဲ သည်းထဲ လွန်ပူလောင်။ ညိုးမြန်းခွေလေအောင်။ ။ ခန်း၊ ချောင်၊ ရိပ်၊ ကြီး။ မယ်ထီးကိုယ်ပင်ပင်။ ညိုစင်မှာကိုယ်လဲ။ ကျူးလွန်လို့ကဲ။ ။ နိုင်ငံသူများ ထိပ်ချာ။ ပြည်တကာများထိပ်ပန်း။ ကျူးလွန်လို့ဆန်း။ ။ ဘုန်းတန်း ကြီးတယ်ရှင်။ မင်းညိုစင်။ ။ ထွင့်တင်လေရာနင်း။ ဖြူဝါ အူဝါဝင်း။ ။ ခိုင်မာတင်းလို့။ ပြင်းအာဃာလေလေတည့်။ ပြင်းအာဃာ။

## ၆၂။ ။ သိကြားမင်းခလုပ်ကြိုး။ (ရာမင်းရာမင်းလျှိုး)

ရာမင်းရာမင်းလျှိုး။ ဘုန်းမြင့်စိုး။ ။ ဥမျိုး ဥမျိုးမှန်စွာ။ ဧကရာ။ ။ သတင်း သတင်းကြေညာ။ ကျော်သံဝါ။ ။ ရန်တကာတည့်ဝေးဝေးရှဲ။ ဘုန်းတော်မိုမိုကဲ။ ။ သီးကွဲ၊ ခြားခြား၊ မှူးများ၊ မတ်များ-ပုံ။ ဘုန်းပွင့်ဝေဆာ ဖြာချည့်လေ။ စိုးတင့်သံသာသာ ကြာမြင့်လေး။ ။ နန်းညာလေ မုတ်ဦး မုတ်ဦး စံပင်စံတင့်မြူး။ ။ ကြူးမျှထူးဆန်း။ ရေနန်းသဘင် စံရှင်တည့် လန်းလန်း။ ပျော်တည့်ပျော်ထူးဆန်း။ ။ နတ်ပြည်ကျော်သဲ။ လှေပွဲယင်သာ ဆင်ချည့်လေ။ ။ ရွှက်ကျင်လူလန်း။

---

[*] "ခမ်းတွင်းရိပ်သာ" ချီသော ကြိုး၌။ ယခုသီဆိုနေကြသည်တွင် (ဧကရာဇ်မှာလေ ဧကရာဇ်။ မှန်ရင့်လောင်း။ တိုင်းပြည်ထောင်ပေါင်း) ဟူသော အပိုဒ် မပါရှိချေ။

[†] မုံအာ = အမုံအာ( ပေါရာဏ ) အမုံ ဟူသည် ပန်းငုံဆိုလိုသည်။

[‡] လောင်းရိုးလက်သင် = လှေကိုနေရာကျ လှော်တတ်အောင်၊ လက်ကျင့်ရသော လှေလောင်း။

ထိပ်ပန်း ထွက်တော်မူချည့်လေး။ ။ လောင်းနှင့်လက်သင်။။ ခင်တုရင်နှင့်ဆန်းကြူး။ လျော်ပြိုင်အထူးထူး။ ။ စက်ကွင်းမှန်စီ။ ရေသီလံနှင့် အောင်ပန်းပွား။ ယင်သည် ထူးခြားခြား။ ။ တိုးနရားနှင့် ရွှေဘောင်တော်မှာ။ မြစ်လုံးဝင်းလို့ မှန်ရောင်တော်တောက်ညီး။ ကွန့်မြူးထူးလို့ ကိန္နရာလို။ ကြော့လန်းလန်းနှင့် ပျံခါလုနီး။ ပုံမောင်းသံငယ်နှင့်။ မြစ်ယံခါရေဝန်း။ ကူးကြသန်း။ လျော်ကားတွေနှင့်။ ငှက်လေသာထောင်သောင်း မြူးကြပေါင်း။ အနိုင်လေအပြေး။ တက်လေးတက်ထန်း။ တခြားပြိုင်ပေါ်။ ရွှေဘွေတော်စက်ကွင်းပျံလွှား။ လေ့တော်ကြူးလွန်ကျော်။ ကိုယ်တော်-ကိုယ်တော်။ ကိုယ်တော် ရွှေစက်။ စမွာယ်တင့်ကာလျက်ကယ်နှင့်လေ။ စုံဆန် စုံဆန် စုံဆန်အောက်ထက်။ လှေ့ရံစဉ် မပျက်သည်နှင့်လေး။ ။ အချက်ကယ် ရေစည်လာနှင့်လေ။ တက်ရေးဟုတ်မှန်စွာ လျော်ရလေး။ ။ ပြည့်မျှကမ်းနား။ သောသောအုံးအုံး။ ဗိုလ်ပါတရုံးရုံး။ ။ ကြည့်ကြကမ်းနား။ သိန်းသောင်းစုရုံး။ မြေးမြစ်ပြောမဆုံး။ ။ တရာမင်းတို့ ထွဋ်မှန်ကူ။ ထီးဖြူဆောင်းလို့လေ။ ။ ဘုန်းတော်ကြီးလို့ သက်တော်ရှည်။ ဆယ်မည်ကျင့်သီတင်းငယ်နှင့်လေး။ ။ နှုန်းလျော်ညီ။ ထုံးစဉ်မှီ။ များဗိုလ်လူ။ တိုင်းပြည်သူ။ ကြည်ဖြူသားကဲ့သို့။ ကြင်နာမေတ္တာပွားပါလို့။ သနား ချစ်ကြည်ညိုလေတည့်။ ထွဋ်ထားဘုန်းပျိုပျို။

## ၆၃။ ။ ဘုန်းတော်ဘွဲ့ကြိုး။ (ထွန်းလင်းတောက်ပ)

ထွန်းလင်းတောက်ပ,ရောင်ခြည်။ ပွင့်လျှံစည်။ ။ ဘုန်းတောက်ပ နှုန်းနှင်း။ ပထွန်းဝင်း။ ။ မိုးနှင်မြတ်ရာ စံရွှင်ခါ။ ။ အံ့ရာအကြူးကြူး။ လှိုင်းတမြူးမြူး။ ။ ဆန်းထူးဖြာ သာလှလှလေ။ ။ ဘုန်းမိုယ်းဝေ-စွေလှလေး။ ။ ယဉ်မျိုးယဉ်မျိုး ချုပ်ယူ-စိုးတော်မူ။ နိုင်းနှုန်းဘက်ယူ။ မိုးမှာလူ။ နတ်တူစံမြန်းရရလေ။ ။ မြတ်ချွေရုံ စမွာယ်ခခလေး။ ။ ဘုန်းပန်းထိန်ဝင်း။ လှိုင်ပျံ့ပျံ့သင်း။ ။ ဝင်းပလှာ။ ထွန်းသော်တာ။ အံ့ရာစည်လေမောင်း။ ယဉ်လေယဉ်လေပျောင်း။ ။ ရာထောင်ပေါင်းမြင့်မြင့်။ သောင်းခြံရံလေလေတည့်။ သောင်းခြံရံ။

## ၆၄။ ။ ဘုန်းတော်ဘွဲ့ကြိုး (ရွှေဘုန်း ရွှေဘုန်း ပပဝင်း)

ရွှေဘုန်း ရွှေဘုန်း ပပဝင်း။ ပြိုင်သူဆိုင်သူကင်း။ ။ မင်းမင်းတိုင်းနိုင်ငံ။ အုပ်တဲ့အုပ်စိုးစံ။ ။ ပြိုင်ရန်လေခြားခြား။ မင်းပေါင်းခဝပ်တွား။ ။ ပြည်ပါး ပြည်ပါး ခြံအရံ။ မင်းတဲ့ မင်းသုံးခံ။ ။ စမွာယ်လေ ပျော်ပါး။ မောင်းမချွေရံများ။ ။ ခစားညီလာစုံလေတည့်မှ။ မြသားသီဟာဘုံ။ ။ ပန်းချပ်အစုံငယ်လေ။ ရွှေဘုံရွှေနန်း။ စိုးစံမြန်း။ ။ အခန်းခန်းနှင့်။ ရွှေနန်းထိပ်ခေါင်။ ရောင်တော်ဖြတ်သန်း။ သီဟာစံတော်ခန်းမှာလှ။ ခယမ်းဝပ်ခါရံလေလေတည့်မှ။ ခယမ်းဝပ်ခါရံ။

## ၆၅။ ။ မြင်းစီးကြိုး။ (လာချေပြီ)

လာချေပြီ။ မြင်းများ့ခေါင်ဘွေမှာလေ။ ဖြိုးမျှ ကဲလွန်း။ ။ နိမ့်သူဆုတ်ကြသွားလေစေငယ်လေ တိမ်းလို့ လမ်းရှား။ ။ ကြွားကြွားရွှားရွှား ဝေဝေပြောင်ပြောင်။ ဝေဝေပြောင်ပြောင်။ ရွှေကတောင်နှင့်သာ ဝိုးဝိုးဝင်းဝင်း။ မြင်းတွင်မြင်းများ့မင်း။ ။ မြင်းရွှေကြာ။ မြင်းရွှေဝါ။ ဖွေသာများလှလေ။ ။ မြင်းရွှေကြာ။ မြင်းရွှေဝါ။ ဖွေသာများလှလေး။ ။ မြင်းရွှေကြာ ကြာ ကြာ။ မြင်းမြင်းရွှေဝါ ဝါ ဝါ။ ဖွေ ဖွေ သာများလှ- ရှားလေ ရှောင်လေလေတည့်။ ရှားလေရှောင်။ ။

## ၆၆။ ။ မြင်းခင်းကြိုး။ (ဘုန်းမိုယ်းရွာစွေသွန်းဖျန်း)

ဘုန်းမိုယ်းရွာ စွေသွန်းဖျန်း။ ရွှေပြည်တော် သာငြိမ်းချမ်း။ ။ အောင်ပန်းလူလူ-နန်းမြေဂူ။ သပြေဇမ္ဗူတိုင်းခန်း။ ပိုင်တည့်သာ-ပိုင်စိုးမြန်း။ ။ လွှတ်နန်းဘွေလယ်ဘုံဦး။ ကွန့်မြူးစကြာ ရွှင်ချည့်ချည့်လေ။ ။ ဇာနည်ယာဉ်ကျော် နတ်မြင်း။ ဘက်ကင်း

စကြာရှင်ချည့်ချည့်လေး။ ။ ရွှေနန်းတိုင်ပြင်။ စီးပုံခွင်။ အဲမောင်းလှံယဉ် ရေးရာဆင်။ ရောင်တင်လျှံဖြာ။ မှောင်လွင်ပယ်ခွါ။ ယိမ်းလှ နွဲ့မူရာတည့်လေ။ လျှင်စံပန်းတင်။ ရွှေနန်းခွင်- ယဉ်လှလှလေး။ ။

## ၆၇။ ။ ဆင်ခင်းကြိုး (ပြောင် ပြောင် ပြောင်နာဂိန်)

ပြောင် ပြောင် ပြောင်နာဂိန်။ စွယ် စွယ် စွယ်ရောင်ရှိန်။ ရဲဘုန်းပန်း။ ပွဲလုံးလန်း။ မှန်နန်းညွန့်ဘူမိန်။ ရွှေဥတိန်စက်ရှိန်ပေးနင်း။ ဘယ်ဘက်ရန်တိုက်လှန်ဝေးရှင်း။ ။ လက်ျာခွင် ညွှတ်တင်စွယ်ရင်း။ ဟီသံ မြေယံ သောင်းလုံးချင်း။ ။ လေးကျွန်းစကြာ။ လက်-လက်ျာလှည့်ပါလို့။ လို-လိုတော်ပြည့်ပါတဲ့ အောင်ပွဲတော်ခံ။ သြဘာသံကြိုကြိုနှင့်။ နတ်လူသံငြိမ့်ညောင်းအောင်။ သောင်းမြေမြင့်ပေါ်မှာကိုလေ။ မဟာအမရ ရွှေနန်းပေါ်။ သက်တော်ရာကျော် ရှည်မည်ရေး။ ဘုန်း ဘုန်းတော်ထွန်းပါလို့။ ကျွန်းဇမ္ဗူမြေ။ ခွန်ယူလေ ပိုင်သိမ်း။ ငြိမ်းရေသို့ အေးတယ်ကိုလေး။

## ၆၈။ ။ ကွန်လန့်သံကြိုး။ (သောင်ကမ်း သောင်ကမ်း)

သောင်ကမ်း သောင်ကမ်း ဘော်တည့် အဘော်မပါ။ မ-ကိုရှာ။ ဟသာ်မြစ်တွေး။ ပင်လယ်ဝယ်မှာ။ ကြုံးရင့်ကြွေး။ မြစ်တွေးကွန်သံလန့်တည့်လေး။ ။ တူစုံမပါ-နေလှည့်ရှာ။ ငတုံးတာ-တံငါမူဆိုး။ ပင်လယ်ဝယ်ကို။ ဖြုတ်ချင်းသွား။ မယ်ဘွား ကွန်သံလန့်ချည့်လေး။ ။ တက်ကြီးရိုးရှည်။ တက်ကြီးရိုးစောက်။ ကင်းတည့်ကင်းခမောက်ကယ်နှင့်။ ရုပ်ဖျောက်ကယ်လာ ငတုံးတာလော၊ တံငါလော။ ။ လှေငယ်ဦးစောက်။ ကင်းခမောက်ကယ်နှင့်။ ရုပ်ဖျောက်ကယ် လာပါသည်။ ငတုံးတာ-တံငါ ဟုတ်ကဲ့ဟုတ်ကဲ့လေး။ ။ ပုဆိုးမဲစင်း။ ငါးစိမ်းခြင်းငယ်နှင့်။ အပြင်းဈေးမှီ-လှော်စွလေ။ ။ ပက္ကလာတွင်။ တောင်းငယ်တင်။ ခုံမင်ဘောက်သည်လာစွလေး။ ။ ဘောက်သည်လည်းလာ။ ဆန်မပါ။ တံငါ ငတ်စွ-ငတ်စွလေး။

**(ဤတွင် ကြိုးသီချင်း (၆၈)ပုဒ် ပြီး၏။)**

# ဘွဲ့သီချင်းများ

## ၁။ ။ ပလ္လင်ရှစ်ခန်းနှင့် ဥကင်တော်ဘွဲ့။ (ဥကင်ဘုံမြင့် သီဟာသွေ့)

**မြဝတီဝန်ကြီးမင်း ဦးစ၊ အမရပူရတွင်ရေးသောပလ္လင်ရှစ်ခန်းနှင့် ဥကင်တော်ဘွဲ့။**

ဥကင်ဘုံမြင့် သီဟာသွေ့။ ။ စိန်ကြောင် ရောင်လင်း။ သစ်မင်းယမနေ့။ ။ မှန်ရဝေယံမှာ။ ကြိုင်သင်းပျံ့မွှေး။ ။ ဘမယာသန။ တောက်ပဝေသဝဏ်ငယ်လေ။ မုနောတင့်လွန်။ သစ်မွှန်ကရဝေးငယ်နှင့်လေး။ ။ ဆက်စဉ်မည်ရှေး ပြဲတိုက်မှာ။ ဂဇာငွေသား။ စကားသစ်မြတ်စွာ။ ။ တောင်လေသာမှာလေ။ တောင်ပိန္နဲ။ ။ သခ်ငယ်သိင်္ဂါ။ ရစ်လက်ျာ။ မြင့်ကြာတုလွတ် ကဲပါလို့လေး။ ။ မျက်မြွာပုလဲ ချယ်စီကာ။ ။ ဇေတဝန်နန်း။ သင်္ကန်းမြတ်ဟံသာ။ ။ ရွှေမိဂါငယ်လေ မြသဖန်း။ ။ စမုတ်ကယ်ဘုံမော်။ လက်ျာတော်။ ရှုမျှော်အံ့မခန်းသည်နှင့်လေး။ ။ နောက်ဝေယန်နန်း ဇေတဝန်။ ပြဒုံကြာရွက်။ သရက်မြတ်သစ်မွန်။ ။ မြောက်သလွန်မှာလေ စမုတ်ဦး။ ။ ပေါက်သစ်ကယ်လျှံဝါ။ မယုရာ။ ရစ်ဖြာထိန်ဝင်း မြူးသည်နှင့်လေး။ ။ စံပျံ့ပျူးသည်မို့။ ရှည်ကြူးငယ်သက်တော်။ ရာကျော်ဖြိုးရလေ။ ။ ဆောင်ဆောင်နန်းငယ်နှင့်။ လေးခန်းငယ်ဒီပါ။ ချုပ်ခါစိုးရလေး။

## ၂။ ။ မြဝတီဝန်ကြီးမင်း ဦးစရေးသော ထီးရှစ်စင်းဘွဲ့။ (နန်းဝေယန်မြင့် ဥကင်ဘုံ)

နန်းဝေယန်မြင့် ဥကင်ဘုံ။ ။ ရှစ်ဆိုင်ဖြန့်ဝန်း။ လွတ်ကျွန်း ဇေယခုံ။ ။ ရောင်စုံစုံငယ်လေ ထိန်ဝင်းလို့မြူး။ ။ ရိပ်ကြာဖြူပွင့်။ ကိုးဆင့်နဝဒဏ်ငယ်လေ။ စံကျွန်းဆယ်ပြန်။ နေဟန် ယမားထူးငယ်နှင့်လေး။ ။ မြင်သူမူးမျှ ဆက်ခါခါ။ ။ မနောဟရ။ သည်ပ ယမားသာ။ ။ အာတပါငယ်လေ ဝိဇယ။ ။ မဝေးငယ်စဉ်စီ။ လေးစင်းငယ်ညီ။ လေးဒီပါလုံး ခသည်မို့လေး။ ။ ဝဲယာတော်တမျှ နည်းတူပင်။ နှစ်ပြိုင်ရွှေသား။ ယမားစုံတသွင်။ ။ မြန်တိုင်းခွင်မှာလေ မည်ရှေးရင်း။ ။ ကနက်ကယ်လျှံဖြာ သူရိယာ။ မုတ္တာညွှန့် တသင်းငယ်တည့်လေး။ ။ ရည်တူမယွင်း စပ်ယှဉ်ခါ။ ပဒုမထီး။ အနီးဝေးမကွာ။ ။ သည့်နောက်မှာလေ သမ္မုတိ။ လက်ဝဲတော်စံတည်။ ထီးလေးမည်။ မှတ်ရည်တခြား သိစေဘို့လေး။ ။ တောက်ပျံဝင်းညီ လက်ျာဘုံ။ ကမ္ဗူ၊ စန္ဒ။ ကုမုဒ၊ ဝိသကြုံ။ ။ ကိုးမျက်စုံငယ်လေ လျှံလင်းလို့ညီး။ ထွတ်ချက်ကယ် ရောင်ခြည်။ မှောင်မျိုးငယ်လည်။ ရှစ်မည်ဖြူလွှ ထီးငယ်နှင့်လေး။ ။ အံ့မပြီးနိုင်မို့။ ကျော်ခြီးငယ်နတ်လူ။ ဆုယူ တောင်းတော့သည်။ ။ ရွှေစက်တော် ရင်းမှာတည့်။ ညွှတ်စင်းငယ် စုံခါ။ ရှိကြာပေါင်းတော့သည်။

## ၃။ ။ မြဝတီဝန်ကြီးရေးသော၊ လက်ျာမင်းခမ်းတော်ဘွဲ့။ (လက်ျာတော်မင်းခမ်း)

လက်ျာတော်မင်းခမ်း-မြတ်စဉ်စီ။ ရတနာပန်းတောင်း။ လျှံမောင်းနာရဏီ။ ။ စံသိင်္ဂီငယ်လေ ရောင်ညီးညီးလက်။ ။ ရှစ်ထောင့်ငယ်ခြံရံ။ နဂါးခံ-မျက်ပုံ ရွှေကွမ်းခွက်ကယ်နှင့်လေး။ ။ နှစ်ပင်ညွှန့်ခက် စလင်းကြာ။ ။ ကွမ်းလောင်းကွမ်းချပ်။ ထိန်လျှပ်ကွမ်းတောင်သာ။ ။ နန်းဆွဲငယ်-သိင်္ဂါလေ။ အုတ်ဆန်းသစ်။ ။ မကာရ်းငယ်မည်ခေါ်။ ကရားတော်။ စံလျော်ရွှေအိုးပျစ်ကယ်နှင့်လေး။ ။ ဆယ်မီးဦးသစ်သောက်ရေတင်။ ပြဘို့တကောင်း။ တင့်ကြောင်းစပ်ကာပင်။ ။ ကိုးမျက်ကယ်ရည်ရှင်လေ။ ရွှေဘလား။ ။ နှစ်လုံး-မြူတာ။ ထိန်ဝင်းငယ်ဖြာ။ အံ့ရာအခြားခြားငယ်နှင့်လေး။ ။ ဝေမှောင်ငယ် ရှားပါလို့။ ကြွားကြွားငယ် ရောင်ဆိုင်။ ကြယ်ပြိုင် မြူးသို့လေ။ ။ ရာပြည်မင်းငယ်တို့။ ခွန်သွင်းဆက်ခါ-ရှိကြာဖူးလို့လေး။

## ၄။ ။ မြဝတီဝန်ကြီးရေးသော၊ လက်ဝဲမင်းခမ်းတော်ဘွဲ့။ (လက်ဝဲတော်က-အံ့ရာပုံ)

လက်ဝဲတော်က-အံ့ရာပုံ။ ။ သိဂ်ီရောင်လျှမ်း။ မင်းခမ်းမျက်မွှာစုံ။ ။ နေဖလ်အုံငယ်လေ-ထင်တွေးကြမှား။ ။ ခြူးညွှန့်ငယ်လျှပ်နွယ်။ ဝင်းဝင်းငယ်ကယ်။ ရှုဘွယ်လက်တင်ကြားငယ်နှင့်လေး။ ။ စီချယ်ပတ္တမြား ခြသေ့်ခံ။ ကွမ်းခွက်ရောင်မောင်း။ ကွမ်းလောင်း မြမျက်ပုံ။ ။ ဝင်းလှုံငယ်လေ သလုပ်ကြူး။ မြူခိုးငယ်မမှောင်။ သလင်းမြောင်၊ မင်းဆောင် [*]သေဥ်တိုင်ထူးငယ်နှင့်လေး။ ။ ကြက်လျှာတော် ထိန်မြူး။ ရတနာ။ ခြေနင်းရောင်လျှပ်။ ဘိနပ်သားမြီးသာ။ ။ သံလျက်တော် သိဂ်ါမှာ-ရန်မျိုးလင်း။ တောင်ဝှေးစံထား။ ကရားခြသေ့်ငယ်မှာ။ အိုးပျစ်မင်းစံ။ အလျှံထိန်ညီး ဝင်းသည်နှင့်လေး။ ။ မေးထောက်ငယ်တဆင်း။ တုကင်းငယ်ကြီးခြေ။ တက်နေလိုမြူးတော့သည်။ ။ မျက်ပျံငယ်တင့်ဆုံး။ နစ်လုံးငယ်မြူတာ၊ ခက်ဖြာဘူးတော့သည်။

## ၅။ ။ မြဝတီဝန်ကြီးရေးသော၊ မင်းခမ်းအလံခုနစ်စင်းရွှေတံခွန်ဘွဲ့။ (မြတ်ပလ္လင်တော်ရှေ့)

မြတ်ပလ္လင်တော်ရှေ့။ ရန်မာန်ချေ။ ။ တံခွန်လျှပ်လင်း [†]ရုပ်ဆင်းခုနစ်ထွေ။ ။ ရောင်ရွှေငယ်လေ ထိန်ညီးလို့လင်း။ ။ ဟနမာန-မက္ကဋရာဇာငယ်လေ။ ဖြူလွကြက်လျှာ-မဟာဂဠုန်မင်းငယ်နှင့်လေး။ ။ အဝါငယ်မြီးရင်း။ တံခွန်မှာ။ စွယ်ချွန်ပြူးပြူး၊ ဘီလူး ရဲတေဇာ။ ။ မည်းမည်းငယ်ညိုလွှာဝယ်။ မောရာဥဒေါင်း။ ။ သီဟာငယ်စိမ်းမြ။ ဂဇမောင်း နီတျာငယ်လေ ဖြော့တော့ရော်ဝါ။ နာဂါရေနတ်ကောင်းငယ်နှင့်လေး။ ။ အသောင်းသောင်းငယ်နှင့်။ ရန်ညောင်းငယ်မပြူ။ ရှင်လူငြိမ်းတော့သည်။ ။ ဒီပါငယ်ရံဝန်း။ ကျွန်းကျွန်းငယ်ပိုင်ယူ။ ဇမ္ဗူသိမ်းတော့သည်။

## ၆။ ။ မြဝတီဝန်ကြီးရေးသော၊ ရတနာပုံမန္တလေး ရွှေမြို့တော်ဘွဲ့။ (မန္တလာဘုံ)

မန္တလာဘုံ။ မြေခုံဘူမိ။ ပြည်ရန်နှိမ်။ ။ သုဒဿ-ဝေယန်။ နှုန်းစံမိရွှေဝတိန်။ ။ မြတ်ဘုန်းနေလ-အသွှိမ်။ ရာဇိန်-က္ကန္ဒာ-သစ်ါမြှောက်သွန်း။ နန်းတည်စံ။ သဟံဘိသေ ညွှန်းလို့လေ။ ။ သာသနာ ။ ရောင်ဝါထောင်ခြည်ထွန်းလို့လေး။

(ရတု)။ ။ ကျွန်း [‡]မှန်ဖုထက်။ ပံသုသေလာ။ မြေမျက်နာဝယ်။ ရတနာပုံ။ ဓါတ်စုံကြငှာန်း။ တည်သိမ်းမြန်းခဲ့။ ကိန်းခန်းသာဘိ။ သိုက်လာ ညှိက။ [§]ပါစိရဝါ။ ရှေ့ပြုဖွဲ့ါက။ စကြာရောက်မည်။ ကျော်စောသည်နှင့်။ ဆုရည်ပန်ညောင်း။ ရွှေကံကောင်းဝယ်။ ထီးပေါင်းတရာ။ ဦးညွှတ်လာအံ့။

တေဇာတော်ထွန်းပါလို့။ လေးကျွန်းငယ်ဝိုက်ခြုံ။ ညီလာပိုင်သိမ်း။ အောင်ကိန်းရ-နက်သန်ဘုံ။ ။ ဘုန်းစက်ဟုန်။ ဝသုန်ရေမြေစောင်းမျှလေ။ ။ ရာဇဝင်-ဘယ်တွင် မကြုံတောင်းပါဘုလေး။ ဗျာမွှက်ဘော်သံညောင်း။ ရာသက်တော် ရှည်ကြောင်း။ တောင်းဆုဝေ။ ။ သွန်းညောင်ရေ။ ညွှန်းအောင်စေတီးပါလို့။ ကောင်းခြီးတဲ့ကြွေးကြော်ညံ။

---

[*] သစ်တိုင်ထူးဟုလည်းရှိသည်။

[†]ဥကင်ရှေ့၌ ထားအပ်သော ရွှေတံခွန် ခုနစ်စင်းမှာ။ ကြက်လျှာသဏ္ဍာန်ဖြစ်၍။ အရောင်ခုနစ်ပါး ခွဲခြားထားလေသည်။ မျောက်ရုပ်မှာ အရွှေ၊ ဂဠုန်မှာ အဖြူ၊ ဘီလူးမှာ အဝါ၊ ဥဒေါင်းမှာ အမဲ၊ ခြသေ့်မှာ အစိမ်း၊ ဆင်မှာ အနီ၊ နဂါးမှာ ဖြော့တော့သောအရောင်အားဖြင့်။ အလံတခုတွင်-အရောင်တစ်မျိုး။ အရုပ်တခုစီပါရှိလေသည်။

[‡]မှန်ဖု - မှန်ကင်းအထွတ်တွင် တပ်ဆင်ထားအပ်သော မှန်အဖုကဲ့သို့ ကျွန်းများတကာတွင် မှန်ကင်းမှန်ဖုသဘွယ်။ ထွတ်မြတ်သော ဇမ္ဗူဒီပါကျွန်းဟု ဆိုလိုသည်။

[§]ပါစိရဝါဟူရာ၌ - "ပါစီ"(ပါဠိ) အရှေ့အရပ်ဟု အဓိပ္ပါယ်ရှိသည်။ "ရဝါ" မှာ "ရဝိ" ဟူသော စကားကို။ ကာရန်ငဲ့၍ ရေးခြင်းဖြစ်သည်။ ရဝိ(ပါဠိ) - နေမင်း။ ပါစိရဝါဟူသည်။ နေထွက်ရာ အရှေ့အရပ်ဟု အဓိပ္ပါယ်ရှိသည်။

(သဖြန်)။ ။ မြတ်ဘုန်းတော်ဘန်။ နတ်သုကံ စီမံလာတဲ့။ ရတနာရွှေပြည်ဘုံက။ ဆယ်နိတုံသန်း။ ရွှေပြပစ္စင်။ တံခါးတော်စိန်တုရင်နှင့်။ ဘယ်ရာဝင် မကြုံဘူးအောင်။ ထူးတဲ့ပြည်နန်း။

## ၇။ ။ မြဝတီဝန်ကြီးရေးသော၊ ရတနာပူရအဝမြို့ဘွဲ့။ (မင်းဝံတောင်ညွန့်)

မင်းဝံတောင်ညွန့် - မြတ်ရွှေဘုံ။ ။ မြရည်ယှက်ကူး - ကျွန်းဦးသံလျက်ခုံ။ ။ စမုံငယ်လေ ပန်းလောင်မြစ်။ ။ သီတာ့ငယ်ဝန်းမြောင်။ နဖါးတောင်-ပန်းလောင်ခွေ၍ ရစ်ပါလို့လေး။ ။ တောင်ခုနစ်ကယ်နှင့် မြစ်ခုနစ်သွယ်။ ။ မြင်းမိုရ်ထိပ်စွန်း-နတ်နန်းဝေယန်နှယ်။ ။ သာကျယ်လေ-ပျော်ဘွယ်လေ ရှုမငြီး။ ရွှေဘုန်းတော်ဝေဆာ-ပဒေသာ-လိုရာမတ သီးပါလို့လေး။ ။ အံ့မပြီးနိုင်လို့။ ပြည်ကြီးငယ်ဘွယ်ရာ။ စုံစွာဖြိုးလှလေ။ ။ ရာမင်းနတ်ကယ်မို့။ မြတ်ကြက်သရေ ဝေဝေတိုးရလေး။

## ၈။ ။ မြဝတီဝန်ကြီးရေးသော၊ရတနာပူရအဝမြို့ဘွဲ့။ (လေးမည်သာလှမြတ်ရွှေတောင်)

လေးမည်သာလှ မြတ်[*]ရွှေတောင်။ ။ စောင့်နေရံထား။ သိကြားတည့်သည့်ယောင်။ နန်းဆောင်ဆောင်ငယ်လေ။ ညီးလက်လက်။ ။ ပြန့်ဖြိုးငယ်ယူခါ။ မှုံပန်းငယ်ဖြာ။ များစွာစွယ်ချင်းယှက်သည်နှင့်လေး။ ။ ကျွန်းသံလျက်ကယ်နှင့် ကြက်ယက်ကယ်မောင်မယ်။ မင်းဝံယှက်သန်း။ မြမန်းတောင်ညွှန့်ဝယ်။ ။ သီတာကျယ်ငယ်လေ ညိုရစ်ဝန်း။ ရတနာပူရ-ပြည်မ,ရွှေဥသျှောင်ငယ်လေ။ လေးကျွန်းငယ် တန်ဆောင်။ ပြောင်ပြောင်နေသို့ ထွန်းပါလို့လေး။ ။ မြတ်စွာရွှေခွန်း။ သိုက်ညွှန်းငယ်အောင်မြေ။ သပြေကျုံးရလေ။ ။ စက်ရဟတ်ကယ်နှင့် မန္တာတ်ကယ်တူစွာ။ ပမာနှုန်းရလေး။

## ၉။ ။ မြဝတီဝန်ကြီးရေးသော၊ မန္တလေးမြို့တော်ဘွဲ့။ (မင်္ဂလာအောင်မှို့)

မင်္ဂလာအောင်မှို့-သြဘာလှိုင်။ ပြဟ္မာဆုနှင်း [†]တြင်းမြွက်ခါဆိုင်။ ။ [‡]ဇေယျာမင်္ဂိုင်လေ-စိုးပိုင်မည့်ပွဲ။ ။ စကြာပုံတောင်း-ဆိုက်ကြောင်းထံတော်သာငယ်ကို။ လူနတ်ကြေငြာ။ အံ့ရာမြီးမစဲသည်နှင့်လေး။ ။ ရွက်ကြာရိပ်ဝဲ ရွှေဥကင်။ လွှတ်ဝေယန်နန်း။ ဖြန့်မြန်းထွက်စံရှင်။ ။ ဗျူဟာငယ်သေနင်လေ၊ အံ့ဘွယ်သား။ ။ မကုန်နိုင်အောင်၊ လုံတော်ရွှယ်တိုင်း၊ မဆိုင်းစက်ဝယ်နှောင်။ ။ ဇာမြီရွှေတောင်လေ။ မြူးကွန့်ကြွား။ ရွှေကြိုး-ရွှေခက်။ ကိုးမျက်ကယ် ဇမ္ဗူငယ်မှာ။ ရောင်လင်းကြွယ်ခြူ။ နေတူဆင်ရိုးမှားသည်နှင့်လေး။ ။ ဝေယန်ဖျားငယ်က။ သိကြားငယ်သာ [§]ထင်ခါမူးတော့သည်။ ။ ထီးရာစင်းငယ်တို့ စက်ရင်းတော်မှာ၊ ညွှတ်လာ ဖူးတော့သည်။

## ၁၀။ ။ မြဝတီဝန်ကြီးရေးသော - မင်းခမ်းတော်စုံဘွဲ့ (မင်းခမ်းတော်စုံလှ)

မင်းခမ်းတော်စုံလှ မျက်ပုံမြွှာ။ မြလျှံရောင်ညီး။ ဆက်နီးသင့်ရာရာ။ ။ ကွမ်းနဝါငယ်လေ။ ညာရိုးနလန်း။ ။ ချယ်လယ်မွန်စွ။ လက်လှပြင် ကာကာငယ်လေ။ ပန်းတောင်းတော်မှာ။ ရတနာဦးသစ်ပန်းငယ်နှင့်လေး။ ။ ကြယ်ညောင်ခြူးယှက်သန်း။

---

[*]ရွှေတောင်(ပေါရာဏ) – "နန်း" ဟူ၍ အဓိပ္ပါယ်ရှိသည်။ ။ ကိုးခဏ်းပျို့၌။ "ရွှေတောင်နန်းဖွင့်၊ စောရန်လွှင့်ကား" ဟုဆိုလေသည်။

[†]တြင်း(ပေါရာဏ) = တဘောင်နိမိတ်။

[‡]ဇေယျာမင်္ဂိုင် = ဇေယျမင်္ဂလ(ပါဠိ) = အောင်မြေအရပ်။

[§]ထင်ခါမူးတော့သည် = ထင်မှတ်မှားတော့သည်။

ပတ်ရစ်ရံ၊ သန္တာပုလဲ။ ယှဉ်တွဲ နှိုင်းလွတ်စံ။ ။ ရှစ်ထောင့်ငယ် ရောင်ပျံလေ။ ကွမ်းခွက်ကြူး။ ။ ကွမ်းအိုးတော်တင်တင်။ မြမျက်ရှင်- လျှပ်သွင်ကြုပ်ခွက်ထူးငယ်နှင့်လေး။ ။ ကြယ်စိုင်ရှူးငယ်သို့၊ ကွမ်းချပ်ဝယ်။ သိဂီစံထား။ ဘလားတော်စုံငယ်။ ။ ထိန်ညီးညီး။ လျှပ်နွယ်လေ။ လက်တင်ကြား။ ။ သုံးမြွာရောင်ချိပ်။ ကွမ်းလိပ်အစုံမှာ။ ဟံသာ-မောရာ။ သံသာကရဝိတ်နားပါလို့လေး။ ။ သွားကျည်တော်ပတ္တမြား။ စာမရီ။ သမင်ဥသဘာ။ တကွန္တဲယှဉ်မှီ။ ။ နာရဏီငယ်လေ-ရွှေကွမ်းချပ်။ ။ မကာရ်းငယ်ပီစွာ။ [*]ထားဝယ်လည်းပါ။ မြင်ကာလွန်တိမ်းမတ်သည်နှင့်လေး။ ။ မျက်မွန်ငယ်ရည် လျှပ်သွားကျည်မှာ။ သွားထိုး သွားခြစ်။ ကျစ်လစ်တင့်တယ်စွာ။ ။ အရောင်ငယ်သိင်္ဂါလေ။ ရွှေကြုပ်ပြည့်။ ။ ဟသ်ာရောင်မောင်း။ ဥဒေါင်းကရဝိတ်မွန်နယ်မှာ။ ရှားစေးလဲ့ဝှန်။ မွေးလွန်နံ့သာ ထည့်ပါလို့လေး။ ။ စာမရီဝင်းမှည့်။ ရွှေသမင်။ ဆားခဲသစ်စေ့။ တင်လေ့မြဲမှန်ပင်။ ။ ရွှေသားငယ်ရည်ရွှင်လေ။ ဥသဘာ။ ။ ကွမ်းသီးငယ်ချပ်လွှာ။ သင်းပျံ့စွာ-နန်းမှာပြင်ထုံးကြသည်နှင့်လေး။ ။ ဥကင်တော်သ,မှာတည့်။ များလှငယ်ဆိုင်ဆိုင်။ ကြယ်ပြိုင်မြူးသို့လေ။ ။ မြှောက်စည်တော်ရင့်ကြွေး။ သံလေးငယ်ညွှန့်ဆိုင်။ ဆော်ပြိုင်သာကျူးလို့လေး။

## ၁၁။ ။ မြဝတီဝန်ကြီးရေးသော၊ကုန်းဘောင်မြို့ဘွဲ့။ (ကုန်းဘောင်မြို့)

ကုန်းဘောင်မြို့-ရွှေနက်သန်။ ရှစ်ပယ်စာခင်း။ မြေမင်းမြေထိပ်ပန်။ ။ ဆယ်ရပ်ထံငယ်လေ။ ထိန်ညီးလို့လင်း။ ဘုန်းရောင်နေကွန့်။ ကျွန်းကျွန့်းရွှေဥသျှောင်ငယ်လေ။ လက်ရုံးတန်ဆောင်။ ရန်မှောင်မြူမှေးရှင်းသည်နှင့်လေး။ ။ ပြည်ပြည်ထောင် မင်းငယ်တို့။ သည်းရင်းငယ် ပဏ္ဏာ။ စက်စုံတော်ဦး-ညွတ်နူးတင်ဆက်ခါ။ ။ သင်းထုံငယ် မာလာလေ။ ဧငြိမ့်သွန်းလောင်း။ ။ ရာကြူးငယ် သက်တော်၊ ရှည်မြင့်ကျော်။ စံတော်မူစေကြောင်းငယ်နှင့်လေး။ ။ ဓါတ်မွေတော်ပေါင်းမှာတည့်။ ကျော်သောင်း ကျော်ညံ။ ထက်သံသာဖြိုးတော့သည်။ ။ ထွန်းရောင်ရှိန်ပွင့်ပါသည်။ မြတ်ရှင်ပင့်သာသနာ။ စည်ဖြာမိုးတော့သည်။

## ၁၂။ ။ မြဝတီဝန်ကြီးရေးသော၊ ဘုန်းတော်ဘွဲ့။ (ပရမေသီရိအောင်ဇေယျာ)

ပရမေသီရိအောင်ဇေယျာ။ သြဘာတော်ထူး-မျှို့ဦးမင်္ဂလာ။ ။ [†]ဝေရော်စန။ ဇော်တမျက်စုံဖြာသည်ကို။ မဏိကဥ္စနာ။ စီမွှာရောင်ကိုးပါးငယ်နှင့်လေး။ ။ ရိပ်ဖြူငယ်ဖြန့်လွှား။ ထွင့်မှုစံရွှင်။ ။ သပြေဆော်နှီး။ မုရိုးစည်အိမ်ရှင်။ ။ ရိုက်ကြွေးငယ်ပဥ္စင်လေ။ ဧငြိမ့်မြူး။ ။ ခရာပွေ့ညှင်း။ ငွေမင်းမြတ်သခေါ်ငယ်ကို။ သံကြီးဆယ်ဖြာ။ ။ ပြဟ္မာကရင့်ကြူးသည်နှင့်လေး။ ဘုန်းတော်ထူးလှ-တေဇာရောင်။ ။ ခွန်ယူပိုင်မြန်း။ လေးခန်းဒီပါဘောင်။ ။ ရာပြည်ထောင်-ခေါင်ဆင့်ထိပ်ပန်း။ ။ မဟာနဂရ-နန်းမရွှေဗိမာန်ငယ်ကိုလေ။ ကသစ်ဝေယန်-နတ်ထံတူနှုန်းနန်းငယ်တည့်လေး။ ။ အံ့မခန်းသည်နှင့်။ စံမြန်းငဲ့သက်တော်။ ရာကျော်-စွန်းတော့သည်။ ။ အောင်သံနှိုးလို့။ ဘုန်းမိုဃ်းငယ်စွေခါ။ [‡]မန္တာသွန်းတော့သည်။

---

[*]အချို့မူ၌ (ထားဝယ်လည်းပါ) ဟူသောအစား။ (ရုပ်အဝါ) ဟူ၍တွေ့ရှိရသည်။

[†]ဝေရော်စန = ဝေရောစန(ပါဠိ) = ပတ္တမြား

[‡]မန္တာသွန်းတော့သည် = နတ်ပြည်၌ရှိသော မန္တာကိနီမည်သောမြစ်မှ လောင်းသွန်ချလိုက်သည် ဆိုလိုသည်။

## ၁၃။ ။ လယ်ထွန်မင်္ဂလာ။ (ဆဒ္ဒန်ပိုင်ဘုန်းမြင့် နရိန္ဒာ)

### ရွှေဘိုမင်းတရားလက်ထက်၊ မြဝတီဝန်ကြီး ရေးဆက်သော လယ်ထွန်မင်္ဂလာ။

ဆဒ္ဒန်ပိုင်ဘုန်းမြင့် နရိန္ဒာ။ လယ်ထွန်အောင်ခန်း။ ရွှေနန်းစဉ်မင်္ဂလာ။ ။ မိုးယံမှာလေ။ ကြယ်ဇေဋ္ဌ။ ။ သီတဂူ[*]တာရိန်။ နှစ်နန်းငယ်ချိန်။ ထိန်ထိန်ဝန်းရံခ,သည်နှင့်လေး။ ။ စမွဲယ်ဖြူ ဥဿဘ။ ဟန်လှငယ်ရှဉ်းစုံ။ ရွှေထွန်တော်ကြီး။ ညီးညီးအုံ့ရာပုံ။ ။ ဇေယခံငယ်လေ-သာသန့်ရှင်း။ အမရ ဝေယန်။ ရွှေဗိမာန်။ ဒေသန် မြေဦးကင်းဝယ်ပလေး။ ။ ပြည်ပြည်ထောင်သနင်း။ မင်းမင်းများသခင်။ စက်စုံတော်တင်မြန်း။ ရစ်သန်းလှည့်ကာနှင်။ ။ ရှေ့တော်တွင်မှာလေ။ မှူးမတ်ကြီး။ ။ လက်ဝဲငယ် လက်ျာ။ တင့်မောစွာ။ ဆက်ကာဝေးမနီးငယ်ကလေး။ ။ ရွှေထွန်စီးပါလို့။ လွန်တင့်တယ်။ လေးမည်ရန်တား။ နတ်လားထင်မိဘွယ်။ ။ ဘုန်းပွင့်လျာ နေနွယ်လေ။ ရာမင်းမင်းဖျား။ ။ [†]မောက်တိုတော်ရတနာ။ ကိုးမျက်ရောင်ဖြာ။ အံ့ရာအခြားခြားငယ်နှင့်လေး။ ။ မြင်းရှည်တော်ညံ့ထွား။ ပတ္တမြား ငယ်လှိုင်ချွန်။ မြင်းတိုရောင်ကြွား။ ပြယားဝေသဝဏ်။ တိုင်းထွဋ်စွန် ရှေးလွန် မကြုံတောင်းငယ်တည့်လေ။ တော်ကြီးငယ်ဆင်။ ယောဉ်ရေမြေပြောင်းမျှလေး။ ။ နတ်ဌာန်ငယ် ကျော်သောင်း။ ထက်စည်ငယ် ညှာညောင်း။ ဆော်တယ်ကို။ ။ ရာဝင်တော်။ စုံဖွေဘော် ထူးသည်နှင့်။ ချီကြူးခွင့်မကုန်ပါလို။ ။ ရစ်သန်းငယ်ရောင်ခိုလေ။ ထိန်ဝင်းလို့ညီး။ ။ ထွန်ရေးငယ်ဖြန့်ရာ။ နောက်တော်ကမှာ။ စီစဉ်ကာမင်းသားကြီးငယ်နှင့်လေး။ ။ ဇမ္ဗူရွှေ မှည့်သီး။ ထီးချက်ကယ်ပြိုးပြောင်။ မောက်တိုရွှေသား။ ပတ္တမြား မျက်စိန်တောင်။ ။ မှူးကြီးငယ် မတ်ခေါင်လေ။ အခြားခြား။ ။ တိမ်ချပ်ကယ်ပုံပြင်။ နတ်စောသွင်။ ဆင်ယင်ရွှေဝတ်စားငယ်နှင့်လေး။ မိုးယံငယ်တလွှား။ မိုးသားငယ်လှိုက်ဝုန်။ ကြယ်သွန် နှိုးတော့သည်။ ။ ကောက်နံ့ငယ်ဆင့်ပွား။ ကောက်သားငယ်ကြွယ်ကုံ။ တောင်ပုံဖြိုးတော့သည်။

## ၁၄။ ။ တျာသံဘွဲ့။ (ပတ်ဖြန့်ငယ်ပြောင်ရွှန်း)

### မြဝတီဝန်ကြီးရေးသော ဂူလီသဘင် (ဆင်)ယင်တော်မူရာ တီးမှုတ်ရသည့် တျာသံဘွဲ့။

ပတ်ဖြန့်ငယ်ပြောင်ရွှန်း။ ဝေယန်သိင်္ဂီ။ နန်းမြေညီ။ ဂူလီပွဲ[‡]တုကျွန်းငယ်တည့်လေး။ ။ ခြောက်တန်ညွှန်းသည့်။ ဘက်တော်မှာ။ အုန်းဘောင်ခွန်သ-စိုးရဓမ္မရာ။ ။ မြင်ကွန်းငယ်အောင်ချာလေ။ မြို့[§]သနင်း။ ။ သည်ပငယ်ယုံကျွန်။ မှူးမတ်ဝန်၊ တိမ်စွန်ပျံလုမြင်းငယ်နှင့်လေး။ ။ မြတ်ညီတော်ရင်း။ တောင်ဘက်ဝယ်။ စိန့်ပြည်ပတ်ချုပ်။ စိုးအုပ်သည့်နေနွယ်။ ပုခန်းဘုန်းကြွယ်လေ၊ မြတ်တပါး။ ။ လက်ရုံးငယ်ဉာဏ်ရည်။ တွေ့တိုင်းငယ်နှည်။ စံတည်မှူးမတ်များငယ်နှင့်လေး။ ။ ခတ်တံရွှေသား။ စွဲကိုင်ကာ။ ဇက်သုံးလက်မကွာ။ ။ သင့်ရာရာ။ လယ်ချာလယ်ချာ။ စုလို့လေ။ ။ နာရဏ်။ ဂူလီဟန်ရေးလုလို့လေး။ ။ နှိုင်းတုငယ်မမြော်။ ဘက်တော်မှာသား။ တောင်ယံရွှေ့မပါးသည်နှင့်။ ဖန်များအံ့ဘွယ်ပုံ။

---

[*]တာရိန် = (တာရာ + ဣန္ဒ)=နက္ခတ်တာရာတို့၏ အကြီးအမှူးဖြစ်သော လမင်း။

[†]မောက်တို = မောက်တို၊ မောက်လူ၊ မောက်ရှည်-စသည်တို့မှာ။ စစ်ဗိုလ်၊ စစ်မှူး၊ စစ်သားတို့ ဆောင်းဆင်သော၊ စစ်ဦးထုပ်များ ဖြစ်ကြသည်။

[‡]တုကျွန်း(ပေါ်ရာဏ) = အတုမရှိ။

[§]သနင်း = (သတ္တု=ရန်သူ + မဒ္ဒန=နင်းနှိပ်ခြင်း။) ရန်သူကို နှိပ်နင်းသောမင်းဟု အဓိပ္ပါယ်ရှိလေသည်။

## ၁၅။ ။ အဲမောင်းရေးကစားတော်မူရာ၊ မြင်းစီးခြင်းတျာဘွဲ့။ (နတ်သ, ငယ်လေ ယာဉ်ကြူး)

### မြဝတီဝန်ကြီးရေးသော - အဲမောင်းရေးကစားတော်မူရာ၊ မြင်းစီးခြင်းတျာဘွဲ့။

နတ်သ,ငယ်လေ ယာဉ်ကြူး။ တိမ်ဦးငယ်လေပျံကြွ။ မြင်းပျံဇာနေယျငယ်ကို။ ။ လက်လှငယ်တည့်သာ ဘယ်ညာဟန်ယူ။ စီးချင်းနှင်တော်မူ။ ။ သီတဂူငယ်လေ။ လျှံလူဆိုင်ယှက်။ ။ ညီးညီးငယ်ရောင်ဖြာ။ တင့်မောစွာ။ ကုန္တာနတ်သန်လျက်ကယ်နှင့်လေး။ ။ ရွှေနွယ်ဝင်ထွက်။ ရေပွက်ကယ်နစ်တန်။ မျက်မွန်ငယ်ရောင်ကြွား။ ပတ္တမြား နတ်ဗိမာန်။ ။ နဝဒတ်ကယ်ယာဉ်ထန်လေ။ ရေကန်ငယ်တက်သက်။ ။ ရာမင်းမင့်းမှန်ကူ။ စီးတော်မူ။ ဗိုလ်လူအံ့ချီးမွမ်းသည်နှင့်လေး။ ။ ရွှေဦးခက်ကယ်နှင့်။ ရွှေဇက်ကယ်ပြောင်ပြောင်။ လျှပ်ရောင်ငယ်မြူးသို့လေ။ ။ *ချပ်မိန်ညို။ ကြယ်ပေါင်းနှင့်။ †အဲမောင်းတော်အံ့ဘွယ်။ ညာဘယ်ကူးလို့လေး။

## ၁၆။ ။ မြဝတီဝန်ကြီးရေးသော၊ နတ်ကြီးဆဲ့ငါးပါးဘွဲ့။ (နန်းဝေယန်မြင့် ဖသန်ညာ)

နန်းဝေယန်မြင့် ‡ဖသန်ညာ။ ပူဇော်တင်ကြား။ ဆဲ့ငါးထီးနတ်မဟာ။ ။ မှန်သေချာငယ်လေ။ ထွေလာမယွင်း။ ။ ဗဟာနီမည်ရ။ အဇဆိတ်ယာဉ်ညွှန်ငယ်လေ။ သကန္တတင့်လွှန်။ စံမွန်ကြွက်မယွင်းသည်တည့်လေး။ ။ ရောဝဏ်သနင်း။ နတ်မင်းငယ်ပူရိန်။ ဂဏပတိ မည်ရှိနတ်ဒေဝိန်။ ။ ရောင်မမှိန်သလေ။ မျက်ရှိန်ကိုးပါး။ ။ တင့်ရွှန်းပလ္လင်။ ဘွေအပြင်။ နတ်ရှင်သီရိဖျားငယ်တည့်လေး။ ။ မျက်မာန်မကြွား ဓမ္မရာဇာ။ ။ မဟိန်မြင့်ဖြိုး။ တန်ခိုးလွှန်ကြေညာ။ ။ ပြသာဒ် ယာဉ်သာမှာလေ။ ဘာသက္ကရ။ ။ ဝါရုနတ်ရှင်။ ရွှေသမင်။ ကြန်အင်တင့်ဆင်းလှသည်နှင့်လေး။ ။ ပလ္လင်ငယ်ဘွေမြ။ ပပ္ပတိက မည်ထွေ။ ဝသိုပတိ-နံ့သိပလ္လင်ဘွေ။ ။ တောရာစံပလေ။ ပလ္လင်နန်း။ ပိဿနိုး ဂဠုံ။ ဟသာ်ာဘုံ။ ရှစ်စုံပြဟ္မာ မြန်းသည်နှင့်လေး။ ။ ပရမီသွာတခန်း။ လ,စန်းငယ်ပမာ။ ယာဉ်သာနွားနှင့်လေ။ ။ မာန်နတ်မင်းမှာတည့်။ ဥာဏ်ခင်းပလ္လင်။ §လွှန်ပင်တင့်လှလေး။

## ၁၇။ ။ မြဝတီဝန်ကြီးရေးသော၊ မြစ်ကြီးငါးသွယ်တျာဘွဲ့။ (ငါးလုံးတောင်ညွှန့် ယှက်ဆိုင်နွယ်)

ငါးလုံးတောင်ညွှန့် ယှက်ဆိုင်နွယ်။ နွားခြသေ့်မြင်း၊ ဆင်မင်းပြွန်ရေနယ်။ ။ စီးကျသွယ်သွယ်။ ဆယ့်နှစ်ခွေရစ်။ ။ တောင်အောက်ကယ်လျှိုခါ။ ငါးသွယ်ဖြာ။ ရေပေါင်းကြရစ်သည်နှင့်လေး။ ။ မြရည်စစ်ကယ်တဲ့ စီးထွေထွေ။ ရွှေဝမြောက်ခိုင်း။ စစ်ကိုင်းမင်းဝံခြေ။ နောဒတ်ကယ်အိုင်။ ရေနှင့်မယိမ်း။ **စမုံရော။ မြစ်ငါးဖြာ။ ချမ်းသာပြည်လုံးငြိမ်းသည်နှင့်လေး။ ။ ဘုန်းတော်ထိန်းပါလို့။ ခပ်သိမ်းငယ်ရှင်လူ။ ကြည်ဖြူသာရေလေ။ ။ တရာမင်းငယ်တို့။ စက်ရင်းတော်ထံ အမြဲကျွန်ခံခ,ရလေး။

---

*ချပ်မိန်ညို = စစ်တိုက်ရာ၌ စစ်ဗိုလ်စစ်မှူးတို့ဆင်မြန်းသော "သံချပ်" စစ်ဝတ်အင်္ကျီ။

†အဲမောင်း = မြန်မာဘုရင်မင်းမြတ်တို့ ထွက်စံတော်မူသည့်အခါ။ သဘင်ပွဲလမ်းအလျောက်။ တပ်ဝင်းအခင်းအကျင်း-ခမ်းနားကြီးကျယ်စွာ ဆင်ယင်သည့်အခါ။ မြင်းခင်းပွဲသဘင်အခါတို့၌ ကိုင်ဆောင်ရသော လုံမတမျိုးဖြစ်သည်။

‡ဖသန် = အရှေ့မြောက်ထောင့်ဖြစ်သော။ တနင်္ဂနွေဒေါင့်အရပ်။

§ လွှန် = လွှန်?

** အချို့မူ၌။ (စမုံရော)မြစ်ငါးဖြာဟူသောအစား။ (စမုံညှင်းမြစ်ငါးဖြာ)ဟူ၍ရှိသည်။

## ၁၈။ ။ မြဝတီဝန်ကြီးရေးသော - မဥ္ဇူသကနတ်ပန်းဘွဲ့။ (ဂန္ဓမာတောင်)

ဂန္ဓမာတောင်။ ။ လိုဏ်ချောင်မုတ်နန်း။ ဂူငယ်တွင်။ ။ မွှေးတကြူကြူ။ မဥ္ဇူတည့်နတ်ပန်းပင်။ ။ ဆွတ်ချူငယ်ယူငယ်။ ပန်ဆင်လေ ပန်ဆင်လေ-ပန်ဆင်ရည်စူး။ မြင်သူသာ စိတ်က၊ ကူးသည်နှင့်လေး။ ။ ယက္ခငယ်နတ်မှူး။ ဘီလူးငယ်ဂုမ္ဘာန်။ ချူသာနိုင်ဘဲ။ နေမြဲစောင့်ကာရုံ။ ။ မချူသာပြန်။ ယူရန်ကြံရေး-ခက်လှလေ။ ။ တမျှော်မျှော်-ညှိုးလျော်ခွေပျောင်း။ နွမ်းလျလျလေး။ ။ ဝေဘူလျှံလန်း။ ရွှေကူဖလ်နန်း ပေါ်ငယ်မှာ။ ပန်ဆင်ကာ။ ရွှေကေသာ မြန်းပါလို့။ သည်ပန်းမှ-မြတ်ပန်တော်။

## ၁၉။ ။ မြဝတီဝန်ကြီးရေးသော-သဇင်ပန်းဘွဲ့။ (သည်ဆောင်းဟေမာန်)

သည်ဆောင်းဟေမာန်။ ။ မြောက်ပြန်လေညှင်း။ ဆော်တယ်ကို။ ။ နတ်တော်ပြာသို။ ခွာညိုတည့်နှင်းဖုံဖုံ။ ။ ရိုးတန်ဆင့်ဖူးငုံ။ ဝတ်မှုံ ဝတ်မှုံ ဝတ်မှုံတင့်ဆုံး။ သဇင် ပန်းမြ ဂမုံးငယ်နှင့်လေး။ ။ ရွှေနန်းတော်လုံး။ မင်းသုံးငယ်စိုးယူ။ သွယ်သွယ်ညွတ်ကိုင်း။ ရွှေသိုင်းညွန့်တလူလူ။ ။ ရှမ်းပြည်တောင်ငူ။ ။ ကြည်ဖြူဆက်မြဲ မှန်လှလေ။ ။ ဂမုံးအင်-သဇင် ရွှေပန်းလှိုင်လှလေး။ ။ သိင်္ဂီလျှံလန်း။ စိန်စီမှန်နန်း ပေါ်ငယ်မှာ။ ပန်ဆင်ရာ ရွှေကေသာမြန်းပါလို့။ သည်ပန်းမှ မြတ်ပန်တော်။

## ၂၀။ ။ မြဝတီဝန်ကြီးရေးသော၊ ပန်းဘွဲ့။ (သကမဥ္ဇူ)

သကမဥ္ဇူ။ နှန်းမဲ့လှတယ်ကို။ မြသွေးကဲ့ညို။ ချိုချို သင်းသင်းကြိုင်ကြိုင်။ ရနံ့ငယ်မွှေးလှိုင်လှိုင်။ ။ နှိုင်းပြိုင်သင့်ပိုင်။ မွှေးကြိုင်မွှေးကြိုင်ထူးလှ။ ရဝေပေါ်မှာ။ ပန်းတော် ဆင်ဒေါနငယ်မို့လေး။ ။ ပွင့်ပေါင်းလောင်း ညွတ်ခ။ ပန်းများငယ်ခွန်ယူ။ စိန်ကြောင်ဘုံတွင်း။ ထုံသင်းပျံ့လှိုင်ကြူကြူ။ ။ နှိုင်းမရတူ။ ဇမ္ဗူရွှေဘုန်းဘက်မဲ့လေ။ ။ သိကြားဏ္ဍမှာ စကြာတော်ရှင်း ဆက်သ,လေး။ ။ မယှဉ်ဘယ်ပန်း။ ။ ဥကင်လယ် နန်းပေါ်ငယ်မှာ။ ။ ပန်တော်ရာ။ လွန်ကြေညာသင်းပါလို့။ ပန်းမင်းသက,မြတ်ပန်တော်။

## ၂၁။ ။ မြဝတီဝန်ကြီးရေးသော၊ သကြ်န်တော်ဘွဲ့။ (သကြ်န်တော်မင်္ဂလာ)

သကြ်န်တော်မင်္ဂလာလေ-ကောင်းကြီးရက်မြတ်။ သီတဂူ့သော်တာ။ ကျတ္တိကာ။ ကြယ်ညီလာရွှေဝန်း နတ်ကယ်နှင့်လေး။ ။ သောင်းဒီပါဥက္ကဋ္ဌ ။ ပြဿဒ်တော်ဝေယန်။ မြေမွန်များမင်း။ ရေ့ရှင်းရပ်ဒေသန်။ ။ တောင်ဗိမာန်ငယ်လေ၊ မိုးညွန့်ဦး။ ။ သိကြားရေစင်၊ မြသွင်သွင်။ *အိမ်ရှင်ဆော်ရင့်ကြူးသည်နှင့်လေး။ ။ ရည်ယမုန်လုံမြူး၊ ရေဂင်္ဂါ။ ။ †တလွှသန္တေးပြစ်ဝေး ကင်းလွတ်စွာ။ ။ မန္တာန်ဂါထာလေ။ သျှန္တီသာသိဒ္ဓိ။ ။ ရွှေနှုတ်ကယ်မြွက်ဘော်။ မြတ်ပရိတ်တော်။ မျို့ခေါ်ဖေယျာဘိငယ်နှင့်လေး။ ။ ဘွေဂီရိငယ်က။ လျှံညီငယ်ပင်စည်-တရော်မြသွေး။ လက်နွေးခုနစ်မည်။ ။ ဖြူညိုငယ် စံတည်လေ၊ ရင်းနှောင်း ဖက်သက်။ ။ အုံတုံငယ့်ပင်ဇာ၊ ပရန္တဝါ၊ ဂန္ဓာမွှေးမျိုးဖက်ပါလို့လေး။ ။ ကိုးရောင်ခြည် ခက်ပါသည့်။ မွန်းချက်ကယ်ဗိမာန်။ သကြ်န်တော်နန်းမှာတည့်လေ။ ။ ကိုးတန်ငယ်ဒိုင်းဝင်း။ သင်းပင်းဗိုလ်ပါ-ရှိကြာလန်းတော့သည်။

---

*အိမ်ရှင်(ပေါရာဏ) = စည်ကြီးကို ခေါ်သည်။

†တလွှ(ပေါရာဏ) = အညစ်အကြေး၊ ရွံရှာဘွယ်။ ။ သန္တေး (ပေါရာဏ) = ဦးခေါင်းဆေးလျှော်ခြင်း

## ၂၂။ ။ မြဝတီဝန်ကြီးရေးသော၊ နားထွင်းမင်္ဂလာဘွဲ့။ (ဆဒ္ဒပိုင်လေးကျွန်း)

ဆဒ္ဒပိုင်လေးကျွန်း၊ မြတ်သည်းချာ။ ရတနာစုလျား။ ရွှေနားဆင် မင်္ဂလာ။ ။ မင်းခမ်းတော်စုံစွာလေ။ အခြားခြား။ ။ ကိုးဆင့်ငယ်ရောင်ဝှန်။ မှန်နန်းရိပ်မွန်။ မြသလွန်ခင်းညှံ့ထွားဝယ်ပလေး။ ။ ဘုန်း*ရဝိန္ဒုဖျား။ စက်ဘွားတော်နစ်စုံ။ ဘမရာ တင့်ရွှန်း။ ဖြန့်ဝန်းဇေယခုံ။ ။ ရှိဦးငယ်ကြာမုံလေ။ ဆယ်ညွှန့်ညွှန့်လန်း။ ။ နမတော်မြတ်နစ်ပါး။ ပတ္တမြားအပ်ရွယ်ခါ ငယ်လေ။ ပြန်ညွှန်းရွှေဖျာ။ ဇေယျာအောင်ဆုမွန်းသည်နှင့်လေး။ ။ ရှစ်ပြဟ္မာရေဖျန်း။ မိုဃ်းပန်းငယ်ရွာလာ။ ရှိကြာဖွေးတော့သည်။ ။ ဥကင်တော်ပွင့်လင်း။ နတ်ညှင်းငယ်ပဥ္စင်။ အိမ်ရှင်ကြွေးတော့သည်။

## ၂၃။ ။ မြဝတီဝန်ကြီးရေးသော၊ ဆံထုံးတော်မင်္ဂလာဘွဲ့။ (နန်းငွေယုန်သော်တာလေ)

နန်းငွေယုန် သော်တာလေ။ ထိန်ထိန်ညီးညီးလက်။ ။ ဆံထုံးတော်မင်္ဂလာ။ ဆင်မည်ခါ။ ဇေယျာကောင်းချီး ရက်ဝယ် ပလေး။ ။ ကြယ်ညောင်ခြူးမြိတ်ယှက်။ တဘက်တော်လျှပ်နယ်။ ခုနစ်ထွေဝတ်လဲ။ ဆင်မြဲအသွယ်သွယ်။ ။ ကိုးမျက်ကယ် စီချယ်လေ။ လျှံဝင်းလို့မြူး။ ။ ဝေရော်စန၊ †ဒက်လှငယ်တူမကွာငယ်လေ။ ဘယက်တော်ရတနာ။ အံ့ရာအထူးထူး ငယ်နှင့်လေး။ ။ ဒွါဒရာလဲ့ကြူး။ ယှက်ကူးငယ်ရောင်ဖြာ။ ဆင်တော်ရန်ငြိမ့်လေး။ ဆက်ရေးနန်းစဉ်သာ။ ။ ငါးပါးငယ် မလ္လာငယ်လေ။ မွေးလှိုင်ပျံ့သင်း။ ။ မုလေးငယ်နေဇာ။ ဇလတ္တာ။ ပူဇော်ရာ ပန်းသနင်းငယ်နှင့်လေး။ ။ ကောင်းပင်စည် လျှံဝင်း။ တင့်ဆင်းငယ်လှိုင်ဝေ။ ရွှာစွေဖြိုးတော့သည်။ ။ ရှစ်ပြဟ္မာတြင်း။ နတ်ညှင်းငယ်ကျုံကျုံ။ ‡ထက်သံနှိုးတော့သည်။

## ၂၄။ ။ မြဝတီဝန်ကြီးရေးသော သုံးထပ်အိုင်ဘွဲ့။ (ရွှေဘုန်းတော်၊ နေနှုန်းလျှော်)

ရွှေဘုန်းတော်၊ နေနှုန်းလျှော်၊ ပဒေသာခိုင်၊ ပတ်ကုံး၊ ညွှတ်ရုံး၊ ဆွတ်သုံးကြ-မကုန်ပါနိုင်။ စံပြိုင်၊ ရန်နိုင်။ မဏ္ဍိုင်သာချက်မ။ ဇေယျမည်၊ ချွေမြရည်၊ ရွှေဝပြည်၊ ပတ်လည်စည်၍ ကျသည်နှင့်လေး။ ။ ဝေဘူလ၊ ဇောတိရသ၊ နောတတ္တရည်တူ၊ သောက်ချိုးကြ၊ မောက်ဖြိုးလှ၊ နောက်တိုးမြ-များရှင်လူ။ ။ မာန်ထူ-ရန်သူ-ဆန်မြူကင်းဝေး။ ။ မာရဇိန်၊ ဖြာအရှိန်၊ ရွှေဘုန်းတော်နိမ်၊ ချမ်းငြိမ်ရေသို့ အေးသည်နှင့်လေး။ ။ တိုင်းကျေး၊ နိုင်းရေး၊ ရိုင်းမေးငယ်မယှဉ်။ ပြစ်စင်သာ ကင်းတော့သည်။ ။ ရွှေမိုဃ်း၊ ငွေမိုဃ်း ရိုက်ကြိုးငယ်ပဲ့တင် ထက်ခွင်သာ ဖြိုးတော့သည်။

## ၂၅။ ။မြဝတီဝန်ကြီးရေးသော တာကူးလ ရေသွန်းဘွဲ့။ (မြသို့ငယ်စိမ်းနု)

မြသို့ငယ်စိမ်းနု။ တောတောင်ငယ်သာဟန်။ ရွက်သစ်ကယ်ပြန်။ ဂိမှာန်နွေဦး လုသည်နှင့်လေး။ ။ သာယာငယ်ရတု။ ရွှင်မှုငယ်ပျော်ဘွယ်။ သရဖီအင်ကြင်း။ ကြိုင်သင်းပျံ့ခက်သွယ်သွယ်။ ။ ကောင်းကင်ငယ်လေ§စိတြ။ ။ လနှင့်ယှဉ်မှီ။

---

*ရဝိန္ဒု(ပါဠိ) = (ရဝိ=နေမင်း + ဣန္ဒု=လမင်း)။ ရဝိန္ဒုဆိုသည်မှာ၊ နေလ ၂ ပါးတည်းဟူသော မင်းမိဖုရားအစုံကို ဆိုလိုသည်။

†ဒက်လှ = "ဒက်" ဆိုသည်မှာ လည်ဆွဲတံဆာတမျိုးဖြစ်၍ ဘယက်နှင့်တစပ်တည်း ဆင်မြန်းရသောကြောင့်။ ဒက်ဘယက်ဟု ခေါ်လေ့ရှိသည်။ ဥသျှောင်ထုံးမင်္ဂလာတွင် ဒက်ဘယက်ဆင်မင်္ဂလာကိုပါ တွဲဘက်၍ ဆောင်ရွက်လေ့ရှိသည်။

‡ထက်သံ = ထက်စည်သံ

§စိတြ = နက္ခတ် ၂၇ လုံးတို့တွင်။ ၁၄ လုံးမြောက် နက္ခတ်မှာ။ စိတြနက္ခတ်ဖြစ်၍။ သင်္ကြန်ရေသွန်းပွဲနှင့် ကြိမ်ကြိုက်သော တာကူးလတွင်။ ၎င်းနက္ခတ်နှင့်ယှဉ်၍ လပြည့်လေသည်။

နစ်ပါးငယ်ညီ။ ရာသီနှစ်ဦးစ-ပါလို့လေး။ ။ ရေသွန်းလ,ငယ်မို့။ ရွှေဝဇိမာန်။ သာဟန်ထူးလှလေ။ ။ ရွှေဘလားငယ်နှင့်။ ပြန့်ရှားငယ်ထုံရည်။ ကြည်ကြည်သွန်းရလေး။

## ၂၆။ ။ မြဝတီဝန်ကြီးရေးသော မျှော်တော်ယောင် မိုယ်းဘွဲ့။ (ပတ်လည်ငယ်လေမိုင်း)

ပတ်လည်ငယ်လေ။ မိုင်းပင်သာမိုင်းလှ။ လျှပ်ပန်းလျှပ်ခြည်။ တိမ်သားငယ်စည်။ ရွာမည်ဟန်ရေးပြေပါလို့လေး။ ။ ဆောင်နန်းမ,ငယ်က။ နွမ်းလျငယ်ခွေယောင်။ ရွှေဘုန်းကြွလာပေါင်။ ။ စမွာယ်ညောင်ငယ်မှာ။ ရွှေဝန်းဆင့်ဆင့်။ ။ မြညွန့်ငယ်မပြန်။ အလွမ်းငယ့်သန်။ ဘန်ဘန်မျှော်ကိုး လင့်သည်နှင့်လေး။ ။ နတ်စည်ငယ် ရင့်ပါလို့။ ချိန်သင့်ငယ် ဆီလျော်။ ဆော်ခါငယ် ရွှမ်းလှလေ။ ။ ဥကင်တော်နန်းငယ်က။ မမြန်းငယ်စက်ရွှေ။ ထွေထွေသာဆန်းလှလေး။

## ၂၇။ ။ မြင်စိုင်းမင်းသားရေးသော မျှော်တော်ယောင်မိုယ်းဘွဲ့။ (နတ်စည်ငယ်လေ)

နတ်စည်ငယ်လေ-ကျူးရင့်ပတ်ချိတ်။ ။ ကြက်ယက်ကယ် ဇေယျာ။ မန်းကသာ။ ဇလာမိုင်းတည် ရိတ်သည်နှင့်လေး။ ။ မြတိမ်လိတ်ကယ်က-အပြိုင်ပြိုင်။ ညာဘယ်ရစ်သန်း။ လျှပ်ပန်းက-အဆိုင်ဆိုင်။ ။ ကြားချိုးငယ်တည့် သင်းမြိုင်။ နှင်းလှိုင် နှင်းလှိုင် နှင်းလှိုင်ကြော့ထဲ။ ပျောင်းညွတ်ကယ်ကြွေအောင်။ လွမ်းရစ်ကယ်နှောင်။ ပေါ်အောင်မာန်တင့်ရဲပါလို့လေး။ ။ အာကာမှာလဲ။ ယင်နွဲငယ်ဆောင်ခါ။ ရွာလာသွန်းလှလေ။ ။ သူဇာနှင့်ခြားလို့။ မူထားငယ်ထွေအောင် နတ်မောင်ညွှန်း ထင့်လေး။

## ၂၈။ ။ မကွေးဝန်ထောက်မင်းရေးသော စွယ်တော်ရောင်ခြည်ဘွဲ့။ (မာရဝိဇယ-ထွင့်ဘုန်းစည်)

မာရဝိဇယ-ထွင့်ဘုန်းစည်။ ကိုယ်တော်ရှင်ပြီး။ တင့်ဆုံးခြောက်ရောင်ခြည်။ ။ နိုင်းရှယ်ရည် ငယ်လေ၊ ထန်းလုံးမျှ။ ။ ဆံလျင်တော်မှာ။ လှည့်လက်ျာ။ သုံးခါရစ်ဝန်းခ,ပါလို့လေး။ ။ မိုးလုံးညီးမျှ။ ထွန်းပ,ငယ် ခါခါ။ စွယ်တော်မြတ်ဖျား။ နီးပါးကွယ်မြဲသာ။ ။ ဓမ္မတာငယ်လေ။ ဘုန်းအထူး။ သည်ပငယ် ကိုးဂုဏ်။ ချီးမကုန်။ ဆန်စုန်အောက်ထက် မြူးသည်နှင့်လေး။ ။ ညွတ်ကြည်နူးပါလို့။ ဆုထူးငယ်နတ်လူ။ ပန်ယူခါမြွက်တော့သည်။ ။ သဒ္ဒါငယ်ကွန့်ပါလို့ လက်ညွှန့်ငယ်ရှိကြာ။ တင်လှုခါ-ဆက်တော့သည်။

## ၂၉။ ။ ပြင်စည်မင်းသားရေးသော မွန္တလေးမြို့တော်ဘွဲ့။ (ဇမ္ဗူရည်ပွင့် ဆယ်ရောင်ဝေ)

ဇမ္ဗူရည်ပွင့် ဆယ်ရောင်ဝေ။ မင်္ဂလာအောင်ခန်း။ မန်းမြတောင်*ယာဇေ။ ။ နက်သန်မြေငယ်မှာ †သိုက်ဘုမ္မိကွန်း။ ။ နဘန္တရ။ မိုးမုနတ်ပြဟ္မာငယ်လေ။ ကောင်းကြီးသံသာ။ သြဘာအောင်ဆုညွှန်းသည်နှင့်လေး။ ။ ရှေ့ယံငယ်ပတ်ဝန်း။ မြရောင်ဝှန်။ သီလာမြိုင်ဖြူး။ တောင်မှူးရေတံခွန်။ ။ သာယာဘွယ်လွန်သည်လေ-စိမ်းလဲ့မောင်း။ နန္ဒာကြည်ရှင်း။ ကန်မင်းအောင်ပင်လယ်မှာ။ ကြာမျိုးငါးသွယ်။ လှိုင်ကြွယ်မွှေးပျံ့လှောင်းပါလို့လေး။ ။ ရွှေတချောင်းငယ်နှင့်။ နောက်စောင်း ဝိုက်ခါ။ ယှဉ်ပြိုင်တက်သေး။ မဝေးမြစ်ရော။ ။ သပြေညာငယ်လေ။ ကျွန်းမြေပြန့်မှူး၊ မြမန်းငယ်ဝေယန်-သာဘိဟန်။

---

*ယာဇေကို၊ ဇေယာဟုပြန်၍ အဓိပ္ပါယ်ယူရာသည်။ အောင်မြေဟုဆိုလိုသည်။

†သိုက်ဘုမ္မိကွန်း = သိုက်တပေါင်နှင့် အညီဖြစ်ပေါ်သောဘုံနန်း။ ။ ဤဌါ၊ ကွန်းဟူသောစကားမှာ။ (ပေါရာဏ)နန်းကို ဆိုသည်။

ဗိမာန်တောင်နန်းဦးဝယ်ပလေး။ ။ သြဘာတော်ထူးသည်နှင့်။ ရိုက်ကြူးငယ်သံလွင်။ အိမ်ရှင်ကြွေးတော့သည်။ ။ စကြာတော်သိမ်းပါလို့။ ချမ်းငြိမ်းငယ်ရာရှည်။ ရွှေပြည်ဇေတော့သည်။

## ၃၀။ ။ ပြင်စည်မင်းသားရေးသော မန္တလေးမြို့တော်ဘွဲ့။ (မင်္ဂလာသီရိ)

မင်္ဂလာသီရိ မြေမြတ်စွာ။ ရွှေဉာဏ်တော်ထူး။ ပိုင်မှူးအောင်ဇေယျာ။ ။ လေးရောင်ငယ်လျှံဖြာလေ။ ညီးလို့လင်း။ ။ ခုနစ်ခွေရစ်။ တောင်မြစ်သတ္တရာဘန်ငယ်မှာ။ အာလိန်နှင့်ငါးတန်။ ဝေယန်နှုန်းမယွင်းသည်သို့လေး။ ။ မြသီလာစံခင်း။ မြေမင်းငယ်ဘူမိန်။ သပြေမြန်ခန်း။ သိုက်မန်းရွှေ*ဂီရိန်။ ။ ထောင်ရဝိန်ငယ်လေ။ †နေနှုန်းနန်း။ ရတနာဘုမ္မိ။ ပြည်ကြီး ထွင်၍မှန်ကူငယ်မှာ။ ရာထီးဆူဆူ။ ရိပ်ဖြူပိုင်သိမ်းမြန်းပါလို့လေး။ ။ စက်ပုံနန်းငယ်နှင့်။ လေးခန်းငယ်ဇမ္ဗူ။ ခွန်ယူစိုးတော့မည်။ ရာကျော်လျှမ်းပါလို့။ ဘုန်းပန်းဇေယျာ။ တေဇာတိုးတော့သည်။

## ၃၁။ ။ ပြင်စည်မင်းသားရေးသော-ဘုန်းတော်ဘွဲ့။ (ခြည်ပန်းထောင်ကွန့် စက်နေရုံ)

ခြည်ပန်းထောင်ကွန့် စက်နေရုံ။ ဘုန်းတော်‡ဘက်ကျွန်း။ တက်ထွန်းဇေယခုံ။ ။ မြေဝသုန်ငယ်လေ။ တုန်ရိုက်မျှချုန်း။ ။ ရိပ်ဖြူကာဖွင့်။ ရာမင့်ထွင်၍မှန်ကူငယ်မှာ။ မြန်ခန်းဇမ္ဗူ။ ခွန်ယူပိုင်သိမ်းကြုံးပါလို့လေး။ ။ ရန်မာန်ပြုန်းသည်နှင့်။ ပတ်ကုံးငယ်သာဟန်။ မိုးယံတိမ်နန်း။ ငွေစန်းယုန်ယာဉ်ပျံ။ ။ ပုံသဏ္ဍာန်လေ။ ဝေးမခြား။ ။ ကုန်းဘောင်ပဝရ၊ နရထွင်၍စံတည်ငယ်မှာ။ သုံးပါးရင်းတည်။ ဆယ်မည်မြတ်တရားငယ်နှင့်လေး။ ။ နန်းဗိမာန်တောင်ပါး။ ရထားငယ်ယာဉ်သာ။ ဆက်ခါပုံဖြိုး။ ရောက်နီး ထံတော်မှာ။ ။ ကျွန်းလေးဖြာကို။ စကြာပိုင်စိုးမှူးချည့်လေ။ ။ ရာသက်တော်တည်။ ရှည်ကျော်လွန်ကာ ကျူးမည်တည့်လေး။ ။ တိုင်းကြေညာဘုံဦး။ နှိုင်းဘွေရှာပုံထူး။ လွန်တယ်ကို။ ။ ဝေယန်မွန်။ နေဖလ်ဝှန်နှုန်းငယ်သို့။ ရွှေဘုန်းပွင့်မြတ်သမ္ဘာတော်။

## ၃၂။ ။ လယ်ထွန်မင်္ဂလာတျာဘွဲ့။ (လယ်တော်ထွန်စ,နေ့ကျော်မှာ)

### ဘိုးတော် ပဌမမင်းတရားကြီးလက်ထက်တော် ရွှေတိုက်စာရေး-မောင်မင်းအောင်ရေးသော လယ်ထွန်မင်္ဂလာတျာဘွဲ့။

လယ်တော်ထွန်စ,နေ့ကျော်မှာ။ လမိုင်းတံခွန်-တွင်းဝန်တည့်မတ်လိမ္မာ။ ။ သည့်ပြင်မှာငယ်လေ ပြည်ဦးကင်း။ ။ မြောက်ဘက်ကယ်တိုက်ဝန်-ရွှေနန်းစဉ်ကျွန်။ ရွှေထွန်ကြီးတစင်းငယ်နှင့်လေး။ ။ ဇမ္ဗူပိုင် ထိပ်နင်းရှေ့တော်မှာ။ အစဉ်မကွဲ-လက်ဝဲနှင့်လက်ျာ။ ။ ဘုန်းဇောငယ်လေ၊ ကိုယ်လုံးဝင်း။ ။ ရွှေသားငယ်မြင်းတိုတွင်။ ချပ်မိန်ညိုဆင်။ နေလုလင် ပြိုင်နှုန်းကင်းရလေး။ ။ လယ်တော်တွင်းငယ်မှ။ ကြယ်မင်းဥက္ကာ။ နားလှာကျသို့လေ။ ။ သောက်ရှူးတော်-ရွှေကုံးနှင့်။ တိမ်လုံးပြည့်-လျှပ်နွယ်။ အံ့ဘွယ်များလှလေး။ ။ မဟာသမတ ဆက်စဉ်လာ။ လယ်ထွန်အောင်ခန်း။ ရွှေနန်းမင်္ဂလာ။ ထွန်တော်သိင်္ဂါမှာ-ရန်မျိုးပ။ ။ နန်းလုံးငယ်မျက်ရှင်။ ရွှေစက်တော်တင်။ စမ္ပါယ်ရှင် ရှဉ်းစုံက,သည်နှင့်လေး။ ။ ရွှေနန်းငယ်ရံသ,နတ်ကုန္ဒာ။ ရွှေထွန်တော်ကြီး-အနီးဝေးမကွာ။ ။ သည့်နောက်တော်မှာလေ-မင်းသားကြီး။ ။ တော်ဒူးငယ် စနည်။ ရာထူးလည်။ စဉ်စီရွှေထွန် စီးပါလို့လေး။ ။ လယ်တော်ကြီးငယ်မှ။ ရွှေထီးငယ်နှင့်သာ။ စံကာမြန်းတော့သည်။ ။ မြင်းရှည်တော် ရွှေသားနှင့်။ တိမ်ကြားကနတ်နယ်။ သွယ်သွယ်ဆန်းလှသည်။

---

*ဂီရိန် = ဂီရိန္ဒ(ပါဠိ) = တောင်မင်း-ဟူသော အဓိပ္ပါယ်ရှိသည်။

†နေနှုန်းနန်း(ပေါရာဏ) = နေနှင့်တူသည်။ နေကဲ့သို့ဟူသော အဓိပ္ပါယ်ရှိသည်။

‡ဘက်ကျွန်း(ပေါရာဏ) = တုဘက်မရှိ-ဟူသောအဓိပ္ပါယ်ရှိသည်။

## ၃၃။ ။ တောင်ဘက်ပိန်းဝင်တျာဘွဲ့။ (မိုယ်းဦးကာလ)

### ဝန်ကြီးပဒေသရာဇာရေးသော တောင်ဘက်ပိန်းဝင်တျာဘွဲ့။

မိုယ်းဦးကာလ။ ချောင်းကျပြီဆိုလျှင်။ ပန်းလောင်ကြောမှာ။ ပိန်းကောလှေငယ်ရှင်။ ။ တောင်ဘက်ကယ်တခွင်။ ထွက်ဝင်ဖေါက်ကား။ ပွဲပါမည့်သူ-မပါလူ။ ထိုးသူတစ်ယောက်သားငယ်နှင့်လေး။ ။ ငါးပိဆားပြား။ ဖေါက်ကားရအောင်။ ပဲလွမ်းပဲကြီး။ သီးသီးယူကြဦးဆောင်။ ။ တက်မ,ကိုမြှောင်။ ကွမ်းပေါင်နီကြောင်း။ ။ နာဘူးခက်ညို။ ကိုင်းညွှတ်ယို။ ပင်ကိုယ်နီးသားပေါင်းငယ်နှင့်လေး။ ။ ခမောက်မှာကောင်း။ အုပ်ဆောင်းငယ်မပါ။ [*]သိုးလည်းမစပ်-ဝါးပပ်ကယ်တစေသာ။ ။ ထိုးဝါးကိုယ်မှာ-ဘယ်ညာပခုံး။ ခြေနှင့်ကျောက်ကန်-တွန်းလိုက်လှန်။ အားအန်လွန်ကြီးဆုံးငယ်နှင့်လေး။ ။ ခါးတောင်းကျိုက်လုံး။ ပခုံးခဲထွေ။ ချွေးကလည်းစီး။ မီးမီးကျသည့်ရေ။ ။ စဖိုမှာပေ။ ချက်လေထမင်း။ ။ မနပ်နိုင်ပြီ တစီစီ။ နန်းနီသာ မီးအိုးခင်းငယ်နှင့်လေး။ ။ ဝမ်းလိုဏ်တွင်းငယ်မှာ။ သွတ်သွင်းမြဲပင်။ အငွေ့နှင့်ချောင်းချောင်း။ စလောင်းနှင့်ငပိကင်။ ။ လှေဆိုက်တည့်လျှင်။ ကြေးလင်နှင့်ကျင်း။ ။ ရိုးရွက်ကယ်ဖူးခေါင်။ အာပါးကိုလောင်။ ချဉ်ပေါင်ပူသည့် ဟင်းငယ်နှင့်လေး။ ။ တယောက်ချင်းသည်။ ထမင်းခူးသော်။ တဆုပ်ကယ်နေ့တိုင်း။ [†]လမိုင်းရှိပူဇော်။ ။ သွေးသောက်ကယ်ခေါ်။ အဖေါ်ပေါင်းညို။ ငုံ့ကာငုံ့ကာ။ ဝပ်၍သာ။ ဆုပ်ကာလွေးလိုက်ဘိသည်နှင့်လေး။ ။ စားမိစားရာ ဝမ်းမှာကျင့်တော့သည်။ ။ ပိန်းကောသူကြီးမှာ။ ချမ်းသာ မြင့်တော့သည်။

## ၃၄။ ။ ဝန်ကြီးပဒေသရာဇာရေးသော၊ ထန်းတက်တျာဘွဲ့။ (နွေဦးကာလ မြူထသော့ခါ)

နွေဦးကာလ မြူထသော့ခါ။ ရင်းတောင်ရင်းဆွဲ။ ဆောင်မြဲအိုးလွယ်ကာ။ ဓါးနီးထက်စွာ။ ခါးမှာချပ်လျက်။ ။ ထန်းပွင့်ထန်းခိုင်။ ရွှန်းမြိုင်မြိုင်၊ ကလိုင်လွယ်လို့ တက်သည်နှင့်လေး။ ။ ထန်းပင်ထန်းလက်။ ထန်းရွက်ကယ်ဝေဝေ။ စင်အောင်ခုတ်ထစ်။ နမျစ်ကယ် ထန်းဦးရေ။ ။ မယားငယ်ဆွေ။ ထန်းရေသိမ်းဆည်း။ ။ သားမြေးဟစ်ကြော်။ ခွေးဝက်ကယ်ခေါ်။ ထန်းရှော်ယုန်ပိုက်စည်းငယ်နှင့်လေး။ ။ ခေါ်သံရိုက်ဟည်း။ လူလည်းကြော်ငြာ။ ခွေးဟစ်လူဟစ်။ ခတ်ပစ်ကယ်ခြောက်သော့ခါ။ ။ ပတတ်ယုန်ခါ။ တောမှာရိုကြ။ ။ ငုံးကြက်ကယ် ဖွတ်မြွေ။ ဝံပုလွေ။ မနေထွက်လှာကြသည်တည့်လေး။ ။ ဝမ်းသာအားရ။ မယားကတသွယ်။ ဟင်းရွက်ဆိုးကောင်း။ သောင်းပြောင်းရော၍လွယ်။ ။ လင်ကတသွယ်။ ယုန်ငယ်ကစ။ ။ တောသတ္တဝါ။ တွေ့တိုင်းကိုသာ။ အိတ်မှာယူ၍ချသည်နှင့်လေး။ ။ သို့နှင့်ရောက်က။ ခဏအောင့်လျှင်။ တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်။ ။ ဟင်းအိုးဆူလျှင်။ အကင်ခပ်ပြီး။ ။ အိုးခင်းနှင့်လှော်။ ရေနှင့်ကြော်။ မိုးမျှော်ငရုပ်သီးငယ်နှင့်လေး။ ။ [‡]နီးဒေါင်းလန်းကြီး။ ခူးပြီးသော့ခါ။ သွီးနှင့်သား။ များလို့မဝင်သာ။ ။ ဒူးတဘက်ဟာ။ တွန်းကာဖယ်လျက်။ သူ့ထက်ငါလေ။ စားတော့မည်စေ။ စပေသာ။ လှအုန်း-ခွက်ကယ်နှင့်လေး။ ။ ငုံ့လျက်ကယ်ကိုယ်စီသာ။ ဆုပ်ကာလွေးတော့သည်။ ။ ပြီးလျှင် ရေမရှာ။ ခွေးသာ ကျွေးတော့သည်။

---

[*]သိုး = အဝတ်အထည်ဖြင့်ပြုလုပ်သော-အနားလေးဘက်ခေါက်၍ထားသော ပေါင်းရစ်ဦးထုပ်တစ်မျိုး ဖြစ်သည်။

[†]လမိုင်း = လယ်စောင့်နတ်။ ။ ထမင်းခူးသော်၊ တစ်ဆုပ်နေ့တိုင်း၊ လမိုင်းရှိပူဇော် = လယ်စောင့်နတ်ကို။ ထမင်းခူးတိုင်း။ တဆုပ်-တဆုပ်တင်သည် ဆိုလိုသည်။

[‡]နီးဒေါင်းလန်း = မြန်မာပြည်၌ ရှေးက။ ထမင်းထည့်စားရန် သုံးစွဲသော၊ ခြေ ၃ ချောင်းရှိ နီးဖြင့်ပြုလုပ်ထားသော ဖြတ်တမျိုး - ဒေါင်းလန်းဟုရေးသော်လည်း။ ဒေါင်းတန်းဟု အချို့ခေါ်ကြသည်။

## ၃၅။ ။ နန်းတွင်းသူမယ်ခွေးဆို၊ မင်းကွန်းဘုရားတျာဘွဲ့။ (ဇမ္ဗူကျွန်းရင့် သောင်းဒီပါ)

ဇမ္ဗူကျွန်းရင့် သောင်းဒီပါ။ မင်းနေသာလွန်း။ သိုက်ညွန်းရပ်ရွှေညာ။ ။ ရေသီတာငယ်လေ။ ခွေပတ်လို့ဝန်း။ ။ မြင်ထင်တောင်ကြီး။ ကာဆီးမှိုင်းညို့ညိုငယ်လေ။ ရှုတိုင်းမောက်မို။ နပျိုရွှေမင်းကွန်းငယ်နှင့်လေး။ ။ နိဗ္ဗာန်ကျွန်းသို့။ ရောက်ချိန်မှီ။ ရွှေကိုယ်တော်စား။ သိကြားတည်လာညီ။ မဟာစေတီငယ်လေ။ ရောင်ဖြိုးလို့ညီး။ ။ ရတနာခြသေ့်။ ဘုန်းပေ့ာမြတ်ညီနောင်ငယ်လေ။ ဝေမြင့်သီခေါင်။ တိမ်တောင်ထိလုနီးပါလို့လေး။ ။ ရိပ်ဖြူထီးငယ်နှင့်။ ဘုန်းမီးငယ် အာဟိန်။ ရာဇိန်သာထွန်းတော့သည်။ ။ တေဇာတော်တိုးပါလို့။ ဖြူမျိုးဆဒ္ဒန် ပတ်ရံဝန်းတော့သည်။

## ၃၆။ ။ ဦးလွန်းပြေရေးသော-နန္ဒာကန်တော်ဘွဲ့။ (မြရည်နန္ဒာ)

မြရည်နန္ဒာ။ ကန်သာရေခင်း။ ကြည်သုန်သုန်။ ။ ကြာမျိုးငါးမည်။ စီစီလဲ့ရွှေဝတ်မှုံ။ ။ ပျံ့မွှေးငယ်တည့်လှိုင်ထုံ။ ဝတ်မှုံ ခိုင်ညှာ။ သိင်္ဂါရောင်ရှုံး။ *ဘမရာ တောင်စာချွေယူသုံးလို့လေ။ ငှက်မောင်မယ်။ ပျော်ဘွယ်သာတင့်ဆုံးငယ်နှင့်လေး။ ။ သောက်ချွေယူသုံးပါလို့။ ပတ်ကုံးငယ် သာလွန်။ ပင်စုံစုံလှိုင်လန်း။ ကြိုင်ဖျန်းကြ မေဃဝန်။ ။ မြရောင်ဝှန်။ ကန်မွှန်နန္ဒာဦးမှာလှလေ။ ။ နတ်ပျိုးဘန်။ ပန်းမာလ် ဝေဆာဖူးလို့လေး။ ။ စံမလွန်ထွေထူး။ နန္ဒဝန်ဘွေဦး ဘုံငယ်မှာ။ ။ ကန်ရဂုံ။ မှန်မကြုံ-တောင်းငယ်ပ။ ခွေပျောင်းလု ညွှတ်ကြွေပုံ။

## ၃၇။ ။ လောကမာရဇိန်-ကုသိုလ်တော်ဘုရားဘွဲ့။ (သပြေသောင်းလုံး)

သပြေသောင်းလုံး ထွဋ်မဏ္ဍိုင်။ အောင်မြေရွှေမန်း။ စံမြန်းထီးရာပိုင်။ ပတ္တမြားဆိုင်ငယ်လေ။ ရံသန်းလို့ဝန်း။ မဟာအဏ္ဏဝ-ကြီးလှရွှေဘုန်းတော်ငယ်မှာ။ ဇမ္ဗူမြေပေါ်။ တေဇော်တုန် ရိုက်မွှန်းပါလို့လေး။ ။ ကုသိုလ်တော် တည်ထွန်း၊ စေတီမှာ။ ။ ရွှေကိုယ်တော်စား။ သိကြားကူညီညာ။ ။ဖလ်မှန် မြေမှာလေ-လျှံလန်းလန်း။ ။ ပိဋကတ်သုံးဖြာ-ကျမ်းစုံစွာ။ ကျောက်စာအခန်းခန်း ငယ်တည့်လေး။ ။ ကူလိုဂ်မှတ်နန်း။ ရှည်မြင့်ရာ။ ။ ဝိသုကံမင်း။ ဘန်နှင်းသည်ဝယ်သာ။ ။ ရွှေဗောဓိ ဆုပန်မှာလေ။ ကန့်ကော်ပင်လုံး။ ။ သီဝံတင့်ဆုံး။ ညွှတ်ရုံး ကျွန်တဆွေငယ်ကို။ ရှိတိုင်းဝေဏော။ ချမ်းရေကယ်ယူ ကြိုးပါလို့လေး။ ။ တေဇာတော်ဖြိုးပါလို့။ ရွှေမိုယ်းငယ်ခါခါ။ ရွှာလာသွန်းတော့သည်။ ။ အောင်မြေဝယ်စံစိုး။ ငွေမိုယ်းငယ်ခါခါ။ ပြဟ္မာညွှန်းတော့သည်။

## ၃၈။ ။ ရွှေတိဂုံသမိုင်းဘွဲ့။ (တဖုဿငယ်နှင့်)

တဖုဿငယ်နှင့် ဘလ္လိကညီနောင်။ မြတ်ဆံတော်ရှစ်ချောင်း။ စုပေါင်း၍ ယူခဲ့ဆောင်။ တန်ခိုးတော်က တောက်လောင်။ ရွှေရောင်လေ ငွေရောင်လေ။ မြရောင်ပြိုးပြက်။ ဥက္ကလာ။ များစွာဗိုလ်ခြေဆက်ပါလို့လေ။ ။ မြတ်ရာဇာ။ ဆံတော်ကိုင်ခါ။ လက်ကယ်နှင့်လေး။ ။ မှိုင်တွေးလျက်ခါခါ၊ မွေတော်ဓာတ်ကိန်း၊ ဝပ်ကျိန်းမြတ်နေရာ။ သိင်္ဂုတ်ကယ်တည့် တောင်သေလာ။ ဘယ်မှာလေ-ဘယ်မှာလေ-ဘယ်မှာလေလား။ နတ်ဆူးလေ-ရှာဘွေမိန့်တုံပြားလို့လေး။ ။ လေးဆူရှင်-သည်တွင် တည်တော်ထားလို့လေး။ ။ မြတ်စိန္တေဖျားကိုလှ။ လှူပြားပါကြအံ့မကုန်။ မည်တော်တည်ထား။ မြတ်ဖျားတည့်ရွှေတိဂုံ။ ။

(သဖြန်)။ ။ စိမ်းပြာလဲ့မှုံ။ ရဂုံကမှိုင်း။ ။ မြူခိုးရယ်မှောင်မှောင်နှင့်။ သည်တောင်မှာ-ရွှေရောင်ဖုံးတယ်။ ကုန်းမြတ်သမိုင်း။

---

*ဘမရာ(ပါဠိ) = ပျားပိတုံး။

## ၃၉။ ။ ၁၂၃၃-ခုနှစ်၊ ရွှေတိဂုံဘုရားထီးတော်ဘွဲ့။ (တရာမင်းများ့ ဥသျှောင်ကျင်)

တရာမင်းများ့*ဥသျှောင်ကျင်။ သိင်္ဂီရွှေသား။ ပတ္တမြားထီးတော်တင်။ ။ဘန်စီရင်သည်လေ။ ဝေယန်နတ်များ။ ။ ကိုးပါးငယ်ရောင်စုံ။ ရွှေတိဂုံ။ ရွှေဘုံထွဋ်ဖျားမှာတည့်လေး။ ။ ကုသိုလ်တော်ပွား။ ရွှေသားငယ်ဝင်းစင်။ မွေတော်မြတ်ပေါင်း။ ကိန်းအောင်းစေတီယင်။ ။ ရွှေထီးမိုးပြင်မှာလေ။ တိမ်နီးနီး။ ။ ဆည်းလည်းညံ့ညံ့။ ထက်ဝေယန်။ သာလျှံတညီးညီး ငယ်နှင့်လေး။ ။ အံ့ရာဝဲ့ခြီး-ထူးမြတ်စွာ။ ပြဟ္မာနတ်ပေါင်း။ ဆုတောင်း ကောင်းခြီးညာ။ ။ မြို့ဟံသာမှာလေ။ မှောင်မျိုးရဲ့။ ။ ရွှေဘုန်းတော်ကြက်သရေ။ ကျွန်းလေးထွေ။ တက်နေပေါ်ဆဲဆဲငယ်သို့လေး။ ။ အလှူတော်ထီးပွဲ။ ခြိမ့်သဲငယ်ကြော်ငြာ။ ဇမ္ဗူလျှံညီး။ ပြည်ကြီးဘုံရတနာ။ ။ ယာဉ်စကြာ။ ဘမရာရွှေဖွေနန်းသို့လေ။ ။ ဆိုက်မည်မှာ။ ကေလာတောင် ရွှေမန်းမှာတဲ့လေး။ ။ မြေပြင်ပတ်သန်း။ များဝေနေရွှင်လန်း။ သာတယ်ကို။ ။ ဝေယန္တာ၊ နေဖလ်ဝါ၊ နှုန်းနှယ်သို့။ ရွှေဘုန်းမြတ်ဇေရာ။

## ၄၀။ ။ ဘုန်းတော်ဘွဲ့။ (ရန်တကာအောင်)

ရန်တကာအောင်။ စံခေါင်ရွှေနန်း။ ဘွေငယ်မှာ။ ထွန်းတောက်ကယ်လျှံဝေ။ နေလိုပ၊ ရွှေဘုန်းတော်။ ။ ဦးနှိမ်ချဖူးမြော်။ ဆိုသော်လေ-ဆိုသော်လေ-ဆိုသော်လေ-ကုန်ဘူး။ ။ စကြာသာ။ စဉ်လာ-ဆက်ခါထူးငယ်နှင့်လေ။ ။ ကျွန်းလေးမည်၊ စိုးသည်[†]နရိန်ဖူးသာပလေး။ ။ ကြယ်ရံများ့ခေါင်မှူး။ ကွန့်မြူးငယ်မိုမို။ ထိန်ဝါလျှံဝင်း။ လမင်းစန္ဒာလို။ ။ ဇမ္ဗူရန်ပြို။ ရွှေကိုယ်ရာကျူး။ သက်မြင့်လေ။ ။ နောင်စဉ်လာ။ နန်းလျာ ရင်သွေး။ ဆင့်ဆင့်လေး။ ။ ဘက်ပြိုင်စံဝေး။ ကျယ်နိုင်ငံဇေ။ ရွှေတေဇာ။ ။ ကြံလေရာ။ ရွယ်လေရာ။ ပြီးပါလို့။ ရာထီးမင့်း အာဏာရှိန်။

## ၄၁။ ။ ဘုန်းတော်ဘွဲ့။ (သြဘာမင်္ဂလာ)

သြဘာမင်္ဂလာ ဇေယျာကျူးရင့်-လျှမ်း။ ထိန်ဘနန်းပင်ငယ်သာ၊ ဝသုန်မြေပေါ် တေဇော်တည့်ဘုန်းနေဝါ။ ။ ရာပြည်ပေါင်းလေ။ ခ,ဝပ်ညောင်းပေး။ ညွတ်ပျောင်းခါပ။ ထံတော်မှာသာ-ဖူးဝင်ကြလာ။ ။ ရွှေသွှာ-ကြေညာလျှံလင်းထွန်း။ ပပငယ် သာရွှန်း

(သံထောက်)။ ။ သွန်းဘိသိက်ခံ။ ညာမပေ ဒေဝီရံလို့။ ပျော်စံလေခင်း။ ။ ရဲဇာတိမာန်။ စဉ်ဆက်ကယ်မွေတော်ခံမို့။ နန်းယံမှာ ပျော်မဆုံးတယ်ကို ဘုန်းရှိန်နဲ့သင်း။

ထောင်ရောင်ဝါဝင်းပါတဲ့။ နေမင်းငယ်နွယ်လာ။ ဝေယန်ဘုံဖျား၊ သိကြားမျှတူစွာ။ ။ ရေလျှံဖြာ။ နန္ဒာကန်ဦး ထူးလှလေ။ နန္ဒဝန်။ သာလွန်မတူကြူးမှုလေး။ ။ ထိန်ဝေလျှံမြူး။ စိန်ရွှေမှန်ဘူး။ ချယ်စီအံ့။ ။ နန်းရွှေဘုံ။ သန်းရွှေလုံ။ ပေါင်းငယ်နှင့်။ ရှုပြောင်းတည့်အံ့ဘွယ်မကုန်။

## ၄၂။ ။ ဂူလီသဘင်-မြင်းခင်းတော်ဘွဲ့။ (လွှတ်တော်ငယ်စံကျွန်း)

လွှတ်တော်ငယ်စံကျွန်း။ ပြန့်မွှန်းငယ်လေကြိုင်စွာ။ ခွာပြာသဇင်လငယ်ကို။ ။ ရိုးမြတ်ကယ်တည့်သာ မင်္ဂလာ။ မြင်းခင်းအောင် ဇေယျာ။ ။ မြတ်သွှာငယ်လေ ဘုန်းနေတူ။ စက်ပန်းဖြန့်တော်။ ရာဆူဆူမင်းငယ်တို့ရှိပန်ကာ။ ဆယ်ဖြာ-

---

*ဥသျှောင်ကျင် = ဦးခေါင်းသျှောင်၌ ထိုးအပ်သော ဆံထိုးတစ်မျိုးဖြစ်သည်။ ။ ဤ၌ တရာမင်းများ့၊ ဥသျှောင်ကျင်-ဆိုသည်မှာ = တရာသောမင်းအပေါင်းတို့၏ ဦးထိပ်ထားရာဟု ဆိုလိုသည်။

†နရိန် = နရိန္ဒ(ပါဠိ) = (နရ=လူ + ဣန္ဒ=အစိုးရသော) လူအပေါင်းတို့ကို အစိုးရသောမင်း။

ဆယ်ဖြာ ဆင့်ဆင့်လေ။ ။ မန်းရွှေမြေဦး မြင့်မြင့်လေး။ ။ ချီးခွင့်ငယ်မပိုင်။ မဏ္ဍိုင်ဘွေဝန်း။ အောင်သံကြွေးရိုက်ညွှန်းပါလို့။ မော်ကွန်းမင်းဝံချာ။

## ၄၃။ ။ မြင်းခင်းတော်ဘွဲ့။ (ကိုးသွယ်ရတနာ)

ကိုးသွယ်ရတနာငယ်လေ ဥက္ကာ။ လျှပ်နွယ်ရွှေကြိုးဇက်ကယ်နှင့်လေး။ ။ နင်းကွက်ကယ်မှာ။ ဇမ္ဗူရောင်ဝှန်။ ပတ္တမြားက,မျက်မွန်။ ။ တိမ်စွန်လေ၊ တိမ်စွန်လေ၊ တိမ်စွန်ပျံနင်း။ ရန်မျိုးပယ်ပျောက်လည်သလေ။ ဇာနည်နတ်သ, မြင်းငယ်နှင့်လေး။ ။ မြတ်သနင်းငယ်တည့် မင်းမင်းဆံကြာ။ စက်ပန်းတင်သောခါ။ ဘယ်ညာ-ဘယ်ညာကြွကြွလေ။ ။ ဦးလည် ကိုယ်လုံး ထထလေး။ ။ ညီမျှငယ်လျှံရှိန်။ ချိန်တော် မူတိုင်း။ လုံတော် တံ့မဆိုင်းသည်နှင့်။ မြင့်လှိုင်းစက်ဝယ်သာ။

## ၄၄။ ။ နတ်ရွာစံအိမ်ရှေ့မင်းကြီးဘွဲ့။ (ခွန်ယူစိုးရ)

ခွန်ယူစိုးရ။ *ကံကျွေးပိုင်။ ။ ရွှေတောင်တောင်တွင်း။ တပယင်း ဝေမြိုင်မြိုင်။ ။ ဇမ္ဗူပိုင်ငယ်လေ။ တို့ထိပ်မိုး။ ။ အိမ်ရှေ့တော်ကြည်ဖြူ။ နင်းအပ်တော်မူ။ နတ်လူပန်းသို့ပျိုးပါလို့လေး။ ။ ထက်ခွင်ငယ် ပိုင်စိုး။ မိုးနတ်ငယ်ဣန္ဒာ။ ဝေယန်လေဘုံဖျားက။ သိကြားတဲ့ခွန်ဆက်လှာ။ ။ အပ်နှင်းငယ်စံရာ။ စိုးပေတဲ့မင်း။ ။ ထီးဆောင်းငယ်တရာ။ မင်းတကာ။ ရှိကြာ-ရှိကြာနှင်းပါလို့လေး။ ။ သောင်းရပ်ကယ်ပြည်ပေါ်။ မပျော်ပိုက်ကယ်။ ရှားပါသမို့လေ။ မင်းများထိပ်ခေါင်ဘွေ့။

## ၄၅။ ။ ဘုန်းတော်ဘွဲ့။ (ဆဒ္ဒန်ပေါက်မ)

ဆဒ္ဒန်ပေါက်မ၊ မာတင်ပြောင်။ ဖြူရည်လျှံဝင်း၊ လမင်းသော်တာရောင်။ ။ သူကြံဆောင်ငယ်လေ။ နတ်သ,နင်း။ ဇမ္ဗူညာရိုး။ စိုးရဘုန်းမော်မော်ငယ်မှာ။ မြတ်မြင့်မြေးတော်။ မြစ်တော်မင်းထက်မင်းပေမို့လေ။ ။ နှံ့အောင်ကျော်ခြင်း။ မြတ်အာဏာ။ နှစ်ထောင်ရံဝန်း။ ကျွန်းကျွန်းထိပိုင်မည်သာ။ ။ ကောင်းဟိတ်သာယာ။ မင်္ဂလာညွှန့်ညွှန့်လေ။ ။ ရွှေဘုန်းတက်ဖြာ။ စကြာအောင်ပွဲ ကွန့်ကွန့်လေး။ ။ ဘယ်ဝယ်စံခင်း။ ဘယ်ပြည်ဘယ်မင်း။ ဆက်နှင်းချန်စေ။ ကျန်စေဘြားလေလိမ့်။ ရွှေဘွားရိပ်တော်ခို။

## ၄၆။ ။ မြခြူသံစောင်းတော်ဘွဲ့။ (ဇမ္ဗူရောင်ကွန့် သရက္ခံ)

ဇမ္ဗူရောင်ကွန့် သရက္ခံ။ မျက်စုံလျှံမောင်း။ ရွှေစောင်းမြခြူသံ။ ။ ဝိသုကံငယ်လေ။ ဘန်နှင်းတော့လား။ ။ ပရမေသီရိ-ဘုန်းရှိမြတ်ဘုရင်ငယ်မှာ။ ဆက်စိုးစံရွှင်။ နန်းစဉ်ရွှေဘွဲ့ထားငယ်နှင့်လေး။ ။ မြသလွန်တော်ပါး။ ရွှေနားငယ်လျှောက်ရန်။ ကျူးသံမြည်ညှင်း။ ငွေနှင်းလေအပြန်။ ။သာဘွယ်ဘန်သည်လေ။ မှန်နန်းမြင့်ဦး။ ။ မဟာအမရ-နန်းမ,ထွင့်နရိန်ငယ်မှာ။ နတ်ပဥ္စသိန်-လက်ချိန်ရွှေစောင်း ကျူးသည်သို့လေး။ ။ သံဝှန်ထူးပါလို့။ ပျံ့မြူးငယ်ထွေသာ။ ဒီပါဓတော့သည်။ ။ ဩဘာတော်-ညွှန်းသည်နှင့်။ ဘက်ကျွန်းငယ်တေဇာ၊ ဇေယျာကြွေးတော့သည်။

*ကံကျွေး(ပေါ်ရာဇာ) = အခွန်အတုတ်နှင့်တကွ ပေးသောမြို့ရွာ။

## ၄၇။ ။ မျှော်တော်ယောင်ဘွဲ့။ (ပေ‌ါမဝန်ချာ)

ပေ‌ါမဝန်ချာ။ သီတာတောင်တော-သာတယ်ကို။ ။ ကြော့ဆုံးမေ့စံရာ။ ဘယ်မှာလို့-မမှန်းတတ်နိုင်ပါ။ ။ နန်းရွှေမြေ အောင်ချာငယ်လေ။ ယော်ရမ်းမိလေး။ ။ သည် သည်မြိုင်စွန်းငယ်က။ တခွန်းငယ်ခေါ်ယောင်။ ကြားပြန်ရအောင်။ ။ သေလာကျောက်ဆောင် ဘိညာဉ်စျာန်ယောင်။ သူတော်မြတ်ခေါင် ကျိန်းတယ်ဝပ်တယ်နှင့်သာ။ တောင်စောင်းငယ်ဥမင်။ ခိုဝင်ကြ-မြတ်သူတော်စင်။ ။ ကျင့်သိက္ခာသိမ်မွေ့လို့။ ရသေ့တို့စံပျော်ရာ။ တံခွန်တိုင်အင်း။ ကျောက်တွင်းနှင့်လိုဏ်ဂူသာ။ အိုင်ကုဏ္ဍလာ။ မုဥ္စလိန္ဒာ နတ်ရေကန်မှာ။ ရွှေကြာတင့်တယ်နှင့်သာ။ လှကြူးငယ်မပါ။ လှမ်းရှာရ-ဝေးမြေတာ။

(သဖြန်)။ ။ တိမ်ပုံကို လေပင့်သွေးလို့။ ရှုလေဝေး နန်းရွှေဘုံ။ ဆွေးစေဘို့ကြုံ။ ။ ဌာနီကျေးက-မလေးငုံ။ ကြိုလာပုံနှင့် မောင်ထင်စားတယ်။ မြိုင့်ဖျားကဆွေး။

## ၄၈။ ။ မန္တလေးမြို့တော် တံခါး ၁၂ ရပ်ဘွဲ့။ (လေးဒီပါ-အေးမြမြ)

### မင်းတုန်းမင်းလက်ထက် ၊ တဘက်ဆွဲရွာစားမင်း မောင်မြတ်ရစ် ရေးသော ။ မန္တလေးမြို့တော် တံခါး ၁၂ ရပ်ဘွဲ့။

လေးဒီပါ-အေးမြမြ။ မန်းဘွေညာ။ ရတနာပုံတိုင်း။ ပတ်ဝိုင်းတည့်ရှေ့ပြဂွ္ဂါ။ ။ သေန်မှာငယ်လေ။ ဒွါရာလွန်ကဲ။ ဦးထိပ်သောင်းညွှတ်။ တမွတ်ကျွန်းလုံးယူ။ ကျော်မိုးရွှေတူ။ ဇမ္ဗူရန်နည်ကဲပါလို့လေး။ ။ ကြေးမုံငယ်ခေါ်မြဲ။ မကွဲတည့်စဉ်ရှည်မှာ။ သညာထင်ရှား။ တံခါးတော်မြတ်စဉ်သာ။ ။ လေသိမ်းရတနာငယ်လေ။ သိဂ်ီမန်းဦး။ ဝေရော်စန-ရွှေပြ ပစွင်ဆောင်ငယ်မှာ။ ပြဿဒ်စိန်ရောင်။ တိမ်တောင်တိမ်ညွှန့် ကူးပါလို့လေး။ ။ ရာဇူငယ် *ဘူးပါလို့။ ရှိဦးငယ်လှယ်ခါ။ ညီလာဝန်းတော့သည်။ ။ ရာသက်တော်ရှည်ကြောင်း။ သွန်းလောင်းငယ်ညောင်ရေ။ အောင်စေညွှန်းတော့သည်။

## ၄၉။ ။ မန္တလေးမြို့တော် တံခါးဆဲ့နှစ်လီဘွဲ့။ (မြမန္တလာ ရွှေဗျာသိုက်မန်း)

### မန္တလေး-ယိုးဒယားဈေး၊ ဆရာသက်ရေးသော မန္တလေးမြို့တော် တံခါးဆဲ့နှစ်လီဘွဲ့။

မြမန္တလာ ရွှေဗျာသိုက်မန်း။ နန်းအောင်မြေ၊ တံခါးဆဲ့နှစ်လီ-စဉ်စီတည့် နာမံဖွေ။ ။ ရှေ့ရပ်ကယ်-ဒီသေ။ "လွှန်ကဲ"လေ။ "ဦးထိပ်" လေ။ "သောင်းညွှတ်" လေမခြား။ ဓာတ်မဖွေ့ မိတ်ရံလို့ထား။ ။ ဒက္ခိဏာ-တောင်ပါး။ မှတ်သါးဘွဲ့ပုံသေ။ "ကျွန်းလုံးယူ"ခေါ်ရိုး။ "ကျော်မိုး"နှင့်"ရန်နည်"ပေ၊ နောက်ခန်းထိန်ဘွေ။ တည်စေ"ကြေးမုံ" များနှင့်လေ။ ။ "စဉ်ရှည်"ခေါ်။ မည်ကျော်မှန် "ထင်ရှား"မို့လေး။ ။ ပင်ပဒေမြောက်ယိမ်း။ "စဉ်သာ"နော်-မှတ်ကိန်း။ ။ "လေသိမ်း"ပြင်။ ဆန်းထူးအင်။ "မန်းဦး"ပင်ထားပါတော့။ သိကြားနတ်ဝေယန်လို။

**မှတ်ရန်**။ ။ တံခါး ၁၂ ရပ်အမည်မှာ။ ၁-လွှန်ကဲ။ ၂-ဦးထိပ်။ ၃-သောင်းညွှတ်။ ၄-ကျွန်းလုံးယူ။ ၅-ကျော်မိုး။

၆-ရန်နည်။ ၇-ကြေးမုံ။ ၈-စဉ်ရှည်။ ၉-ထင်ရှား။ ၁၀-စဉ်သာ။ ၁၁-လေသိမ်း။ ၁၂-မန်းဦး။

*ဘူးပါလို့ကို ဖူးပါလို့ဟုဆိုရန်။ (မောင်မောင်သန်း)

## ၅၀။ ။ သုံးထပ်ဘုန်းတော်ဘွဲ့။ (ရွှေဘုန်းပွင့်။ နေနှုန်းမြင့်)

ရွှေဘုန်းပွင့်။ နေနှုန်းမြင့်။ တောက်ထိန်ပြောင်။ ။ မန်းဂီရိ။ ဆန်းညီညို။ နန်းသီရိလက်ျာတောင်။ ။ မာန်အောင်မြေ။ ရန်အောင်မြေ။ စံခေါင်နေ။ ထွင့်ဆင့်။ ရွှေလန်းလူ။ ရွှေနန်းသူ။ ရွှေဝန်းလယ်ယူ။ ရိပ်ဖြူရိပ်ဖြူ။ ရှစ်ပွင့်ဖွင့်ပါ သာလို့လေး။ ။ မှုးမတ်နှင့်၊ ထူးမြတ်မြင့်။ စံစားရေး။ ဖြာလင်းလို့။ ဝါဝင်း။ သာချင်းနှင့် ညွတ်ရာခွေ။ ။ ဝေမြိုင်ယံ။ မြေနိုင်ငံ။ ရွှေနိုင်ငံ ပြန့်မွေး။ ။ ယိုးဒယားငယ် ဒွါရာဝတီ။ အောင်ရေးတော်ချီ။ စုံစီရေသို့ သေည်မို့လေး။ ။ တိုင်းကျေး။ နိုင်းရေး။ ရိုင်းမှေးငယ်မယှဉ်။ ပြစ်စင်သာ ကင်းတော့သည်။ ။ ရွှေမိုယ်းငွဲ။ ငွေမိုယ်း။ ထစ်ကျိုးငယ်ပွဲတင်။ ထက်ခွင်ကျင်းတော့သည်။

## ၅၁။ ။ မင်္ဂလာသြဘာဘွဲ့ (အတိုင်းမသိ၊ မင်္ဂလာကြက်သရေ)

အတိုင်းမသိ၊ မင်္ဂလာကြက်သရေ ရှိပါဘိတယ်ကို။ ။ တော်ကြီးငယ် ယင်ရာ။ ဇမ္ဗူဒီ-တောင်ကျွန်း။ တင့်ရွှန်းတည့် ကြက်သရေဖြာ။ ။ ရှစ်ပြဟ္မာ။ လက်ျာသံချီးကြွေး။ ။ အောင်ဇေယျတု-ငွေခရုသခ်။ သွန်းဘိသိက်ငြာ။ ။ ပုဏ္ဏာဝန်းပြည့်။ ထွန်းသစ်ရာဝယ်။ တိမ်စင်သာသည့် စန္ဒာမင်းလို။ ရှင်းမြူပဝေး။ ။ အခါတော်ပေးတာက။ နတ်ရေးငယ်ရွှေစာ။ သာသနာ ရောင်လင်း။ ကောင်းခြင်းခု-သည်ချိန်ခါ။ ။ ထက်ပြဟ္မာ၊ လက်ျာ-ခရုသင်းငယ်နှင့်လေ။ ။ ရေသွန်းဖြာ။ ကျွန်းမှာ-ဇမ္ဗူတွင်းပေ မို့လေး။ ။ ကြည်လင်ဘွယ်-သန့်ရှင်း။ ရည်ရွှင်ဘွယ်-ပျံ့သင်း။ တော်မင်္ဂလာ။ ။ မြတ်စေနာ၊ နတ်ဒေဝါပေါင်းရယ်တို့။ ဆုတောင်းကြ-သည်ချိန်ခါ။

## ၅၂။ ။ ပန်းဘွဲ့ဝတ်တော်ရုံ။ (မှန်ညောင်သဠာ)

မှန်ညောင်သဠာ။ ညီလာ ပတ်ဝန်းမြိုင်။ ။ ခညောင်း သဘင်။ ဥကင်မြင့်-ရဝေဆိုင်။ ။ ကြိုင်ကြိုင်ငယ်သင်းလှိုင်။ မွှေးပျံ့ထုံ။ ပန်းခုံတော် ရင်းမှာမှ။ နင်းနှင့်မြတ်လေး ဇီဇဝါ။ ညွတ်ခါဖူးရလေး။ ညွတ်ခါ-ချပ်လွှာ။ ဝတ်ညှာသင်းပျံ့။ ပန်းမင်းသက-မြတ်စုကာ။ စုံစွာဖူးရလေး။

## ၅၃။ ။ မျှော်တော်ယောင်ဘွဲ့ ဝတ်တော်ရုံ။ (ခေါ်ပါယောင်နှင့် မျှော်ပါယောင်)

ခေါ်ပါယောင်နှင့် မျှော်ပါယောင်လေ။ ။ ရည်ယောင်ခါသာ။ တမ်းမှာတမ်းမှာ။ လုံမကလေး ဗျာပါစိတ်ကယ်ကများ။ ။ ခြုံတော်မူသည့် ပိတ်ဖြူပိတ်ပေါင်း။ များတောင်းငယ်ကိုပင်။ လွမ်းပြန်ရတယ်ရှင်။ ။ ချမ်းဇေ-ချမ်းဇေ။ တုန်ရင်-တုန်ရင်။ သည်းထဲ-သည်းထဲ။ ခုန်ရင်-ခုန်ရင်။ လုံလိုပါဘဲကိုရှင်။ ။ မလုံချမ်းမြ။ ပိတ်ဖြူပိတ်ပေါင်းများတောင်းပုံ။ မလုံချမ်းမြဇေ။

## ၅၄။ ။ ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (အတိုင်းမသိ၊ ဘုန်းတော်)

အတိုင်းမသိ၊ ဘုန်းတော်ကြီးပါဘိသကို။ ။ သတင်းငယ်လေ၊ ကြေညာလှိုင်ကြူ။ တောင်ကျွန်းလုံး ထွင့်မှန်ကူ။ ။ ပြိုင်သူလေ-ဆိုင်သူလေ-ရန်မြူကင်းဝေး။ ဘယ်ဘယ်ဘယ်မင်းမှ၊ ယှဉ်လှာဝံ့သေး။ ။ အခေါင်ငယ်စိုးပါတယ်။ အခေါင်ငယ်မိုးပါတယ်။ စိုးခါပိုင်ခါ ချုပ်ချည့်လေ။ ကျွန်းတောင်ယာလုံး အုပ်ချည့်လေး။ ။ ရွှေနန်း-ရွှေနန်းသူငယ်မှာ။ ငယ်မူ ငယ်ရာ သားငယ်နှင့်။ သနားချစ်ခင်စရာလေတည့်မှ၊ သနားချစ်ခင်စရာ။

## ၅၅။ ။ ရွှေနန်းသူဘွဲ့-ဝတ်တော်ရုံ။ (တရေးမကာ-သန်းခေါင်)

တရေးမကာ၊ သန်းခေါင်မိုးသောက်ထငယ်ကို။ ။ အချမ်းလေ ရင်မှာ ရင်မှာ။ ရွှေနန်းစိုးရရှင်ငယ်လေ။ ။ ဘုန်းအင်လေ။ နှုန်းအင်လေ။ ဘုန်းအင်-နှုန်းအင်ပျံ့မွှေး။ လုံမကလေးငယ်တို့ ရင်တော်စလေ။ ။ ဘယ်သူချမ်းပါတယ်။ ချမ်းရင်ခြုံပါ လှဲ့လှဲ့လေ။ ။ လွမ်းအင် ပုံလာခဲ့ခဲ့လေး။ ။ ရွှေနန်း-ငွေနန်းသူ။ ငယ်မူငယ်ရာ သားငယ်နှင့်။ သနားချစ်စရာလေတည့်မှ၊ သနားချစ်စရာ။

## ၅၆။ ။ မိုယ်းဘွဲ့ဝတ်တော်ရုံ။ (မိလ္လာခိုနှင့်နီလာလိုလေ)

### ဆိုင်းဆရာကြီး ဦးယာဘွဲ့ဆိုသော၊ မိုယ်းဘွဲ့ဝတ်တော်ရုံ။ (ခေါ်ပါယောင်အလိုက်။)

မိလ္လာခိုနှင့်နီလာလိုလေ။ ။ ရီပြာညိုရွှေ-မိုးလုံးမြိမ့်မှိုင်း။ ရွာဟန်သာရပ်ကယ်နှင့်ဆိုင်း။ ။ တိမ်ဇော်ဂျီက-ရစ်သည်ဝိုက်သိုင်း။ မှိုင်းမှိုင်းညိုလွှင်။ လွမ်းလေအောင်လို့။ ခုသာဆင်။ ။ ဖြန်းကြဲသွန်းကြဲ။ ရွာစေလိုပင်။ ဘယ်မာန်ဝင်ညှိုးလေဘိရှင်။ ။ ဘယ်အမျှန်ကိုးပေတုံ့။ မာန်လှဲ့ပျိုးကာ သုတ်လေဆောင်။ ညာတောင်တော်နန်းဆီကလေး။ ။ နီလာလိုဘဲ။ ရီပြာညိုမဲဆင်။ ရစ်ခွင် မိုးပတ်ကုံးတွင်မှ။ ရိုက်ချုန်းရွာဟန်-ဆော်လေတည့်၊ ရိုက်ချုန်း-ရွာဟန်ဆော်။

## ၅၇။ ။ ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (ဘုန်းတော်တေဇာ)

### စောင်းဆရာ၊ ဒေဝဣန္ဒာ မောင်မောင်ကြီးဘွဲ့ဆိုသော ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (မှန်ညောင်သဥ္စာအလိုက်။)

ဘုန်းတော်တေဇာ။ ဝေဆာထွန်းပထိန်။ ။ မင်းပေါင်းတရာ။ ဆယ်ကြာဦးညွတ်နိမ်။ ။ ရှိန်တေဇာတိုးလို့ဖြာ။ ထက်နန်းအာကာမိုးရယ်က။ သွန်းဖြိုးငယ်ဇေယျာ။ သမ္မာထူးလှလေ။ ။ မန်းဦး ဘွေချာ။ သာယာဆန်းလှ။ နတ်နန်းတမျှ ရွှေဘုံမှာ။ စုံစွာဆန်းလှလေး။

## ၅၈။ ။ နန္ဒာကန်တော်ဘွဲ့ ဝတ်တော်ရုံ။ (ရှုတိုင်းသာစွ)

### စောင်းဆရာ ဒေဝဣန္ဒာ မောင်မောင်ကြီးဘွဲ့ဆိုသော နန္ဒာကန်တော်ဘွဲ့ ဝတ်တော်ရုံ။ (ခေါ်ပါယောင်အလိုက်။)

ရှုတိုင်းသာစွ နန္ဒာရေယာဉ်။ ဟင်္သာစံရွှင် မြူးကြကူးသန်း။ တပင်ပြောင်းကြ-တပင်ပ,မြန်း။ ပျော်ခန်းသာစွ တခန်းတခန်း။ ။ ရေနန်းငယ် မြနဒီ။ တိုးလို့ဖြိုးဝေစည်။ ။ ဆန်းဆန်း ဆန်းဆန်း ထွေထွေလီလီ။ ပန်းမျိုး ပန်းမျိုး စုံစီစုံစီ။ ။ ပင်ညီညာ ယှက်လို့သာ။ ခက်ဖြာညွှန့်ဝေ လန်းပါလို့။ နတ်ပန်းတမျှ ရွှေအာသာ။ စုံစွာဖူးကြလေး။ ။ နန်းဦးဘွေချာ။ သာယာထူးလှ၊ လွန်ကြူးတမျှ-ဝတိန်ပမာ။ သာယာမန်းဘုံမှာ။

## ၅၉။ ။ ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (တုနှိုင်းမရှိ တေဇာ)

### စောင်းဆရာ ဒေဝဣန္ဒာ မောင်မောင်ကြီးဘွဲ့ဆိုသော ဘုန်းတော်ဘွဲ့ ဝတ်တော်ရုံ။ (အတိုင်းမသိအလိုက်။)

တုနှိုင်းမရှိ။ တေဇာကြီးပါဘိတယ်ကို။ ။ ကျွန်းလုံးဝယ်စိုးလေ။ ရေမြေတောင်တောဆုံးမျှ။ ဘုန်းတော်ရှိန်။ ။ ထိန်ထိန်လေ။ ထိန်ထိန်လေ။ စိန်ကြောင်ရောင်ခြည် ထွန်းလို့ညီးဝင်း။ ။ ထိန်ထိန်လေ။ ထိန်ထိန်လေ။ စိန်ကြောင်ရောင်ခြည် ထွန်းလို့ညီးဝင်း။ ။ မျက်ပျံကွမ်းချပ် ချယ်စီလျှပ်ဝင်း။ ဟင်္သာကွမ်းအုပ်တော်။ ရှုမျှော်လေ။ ရှုမျှော်လေ။ ဆန်းလှလေး။ ။

မြတ်ဝေယန်ဆောင်နန်း ထွန်းလို့လျှမ်း။ ။ နတ်နန်း-နတ်နန်းပမာ။ အံ့ရာထွေထွေများသည်မို့။ သိကြားမှတ်ထင် လေတည့်မှ။ သိကြားမှတ်ထင်ရာ။

**(ကျတွင် ဘွဲ့သီချင်း (၅၉)ပုဒ် ပြီး၏။)**

# သီချင်းခန့်များ

## ၁။ ။ ကေတုမတီ-တောင်ငူမင်းဆို ဘုန်းတော်ဘွဲ့ သီချင်းခန့်ကလေး။ (ဘုန်းမိုယ်း သွန်းလောင်း)

ဘုန်းမိုယ်း၊ သွန်းလောင်း၊ ရွှာစေလေ။ ဘန်ဝေလေ။ ချမ်းမြမြ။ ထွေထွေ၊ အောင်ချာမြေ။ ဒီပါကြေညာ။ တိုင်းမြို့ပြ၊ ပြည်ရွာ။ သိမ်းသိမ်းမြန်းမြန်း။ စံကာရံကာ။ ထူးထွေလာ။ အာဏာခေါင်ချာ။ မိုးလို့စေသာ။ ဝင်းရွှန်းရောင်ဝါ။ ညီးညီးလင်းလင်း။ နေခြည်ရောင်ဖြိုး။ ဘုန်းတန်းခိုးပွင့်လင်း။ ဘယ်ပြည်ဘယ်မင်း။ ပြိုင်သူဆိုင်သူ။ ရန်မူဝေးစွ။ ရတယ် ရတယ် ရတယ်နှင့်သာ။ များတောင်းပေါင်းစု။ သိန်းသောင်းသချာ။ ပြိုင်နိုင်းဆိုရာ။ မှန်စွာလွန်ထူးဆန်း။ ဣန္ဒာဒေဝါ။ ဆိုရာတည့်ပုံနှုန်းနှုန်း။ ဝေယန်ဘုံခန်း။ ဝင်းရွှန်းလျှံပြောင်။ ဆောင်ဆောင်ထီးနန်း။ ပိုင်စိုးမြန်း။ မွေးကြူသင်းပျံ့။ ဘုန်းတန်းတေဇာ။ အာဏာခေါင်ချာ။ ဖြာဖြာမိုးလို့။ ရတယ် ရတယ် ရတယ်နှင့်သာရှင်။ ။ ထိပ်စထိပ်ခေါင်တင်ငယ်ကိုလေး။ ယဉ်မျိုးချုပ်ယူ။ ပိုင်သိမ်း စိုးအုပ်တော်မူ။ ။

## ၂။ ။ ရှင်ကိတ္တိဆို ဘုန်းတော်ဘွဲ့သီချင်းခန့်ကလေး။ (ရွှန်းရွှန်းမြ)

ရွှန်းရွှန်းမြ၊ ရွှန်းရွှန်းလျှံပြောင်။ ဆောင်ဆောင်တည့် ထူးထူးဆန်း။ နန်းပင်သာနန်းမြင့်မြင့်။ ပွားပင်သာပွားဆင့်ဆင့်။ ကိုးပါးမီးရှူး။ ထွန်းလင်းပိုးဝင်းဖြာ။ ။ စိန်ကြောင်နီလာ။ ဆောင်ဆောင်ထွေလာ။ ကြူးကာဆန်းကာ။ မိုးလုံးလျှံဖြာ။ ရွှေနန်းဘုန်းအာဏာ။ ခေါင်ချာပိုင်သိမ်းမြန်း။ ဒီပါအောင်ချာ။ ကြေညာတည့် တိုင်းထီးနန်း။ ခွန်သာရှင်လန်း။ သိန်းသန်း သချာ။ ရွှေဘုန်းရောင်ညီးလင်း။ စံစိုးနှင်း။ ဆောင်ဆောင်သာလှ။ ရွှေနန်းသိင်္ဂါ။ ဒေဝီစန္ဒာ။ ရံကာရွှေရ။ ရှုမြင်မြင်လေ၊ ရှုမြင်အံ့ရာ။ မိုးထက်ထူးလှ။ ကြူးကဲထွေလာ။ ပြောင်ရွှန်းလျှံဖြာထိန်ညီးလင်း။ ဘုံဆောင်သာခေါင်။ နေရောင်ဖြာလင်း ထွန်းမြူး။ ထွေထွေထွေထူး။ ပျော်မြူးရှင်ခန်း။ ရွှေပေါင်းရံဝန်းလျား။ ပုံနှုန်းထား။ မွေးကြူသင်းပျံ့။ ဘုန်းတန်းဝေဆာ။ အာဏာထိန်ဖြာ။ သော်တာဆန်းသို့။ ရှုမြင် ရှုမြင် ရှုမြင် အံ့ရာပုံ။ ။ နတ်တည့်နတ်ရွှေဘုံငယ်မှာလေး။ ပြိုင်လွှတ်ကျွန်း။ ရွှေဘုန်းတက်နေဝါ။ ။

## ၃။ ။ ရှင်ဝရဆို။ မယ်ဘွဲ့သီချင်းခန့်ကလေး။ (ထက်မိုးသူဇာကက)

ထက်မိုးသူဇာကက။ ပုံနှုန်းတူရာလှလှ။ ကျွန်းလုံးဝင်းသာယာ။ ။ သော်တာရောင်လင်းထွန်း။ ယဉ်မျိုးပင် ပိုင်လှလှ။ ကုန်ကြအောင်နိုင်လှလှ။ တောင်တိုင်းမှာ။ များစွာပုံပေါင်းဝယ်ပြည်။ ထူးထွေလာလေ ယဉ်မျိုးပေါင်း။ သိန်းသောင်း သချာပင်။ ဆင်းသိင်္ဂါရောင်ဝင်းထွန်း။ ။ သွယ်သေးကိုယ်ပြင် ပုံယဉ်စံဝင်းရွှန်း။ ဘယ်သူပင်သာဆိုရာ တည့်တည်ရေး *ကျွန်း၊ ပြိုင်ဆွယ်စံရွှန်း၊ ထူးဆန်းလျှံပြောင်။ ဆောင်နန်းညီးလင်း။ နေနှုန်းဝင်း။ သော်တာရောင်သို့။ လင်းထွန်းစည်ပေါ်။ ခေါ်တော်မူယောင်။ ထိန်ဖြာလင်းသို့။ လျှပ်နယ်လေလေ။ လျှပ်နယ်ပြကာ။ ထူးဆန်းလှ ထွေထွေပင်သာ။ ရောင်ရွှန်းဝေဆာ။ ကြေငြာကျော်ကြူးလန်း။ ထွန်းရောင်မှန်ရောင်။ ရွှေရွှေတည့်ညီးညီးလင်း။ ဘယ်ပြည်ဘယ်မင်း။ ထံရင်းဝယ်ပဏ္ဏာ။ ဆောင်ဆောင်ညီးလင်း။ ပြိုင်နှုန်းတွင်း။ ပြည်ပြည်သူတို့ငြိမ်းချမ်းသာ။ ပန်ထွာဆိုကာ၊ ချီသာပျောင်းပြ။ ဆုသာဆုသာ၊ ဆုသာဆုယူပန်။ ။ လက်တည့်လက်ကြာငုံငယ်မှာလေး။ သဇ်ာပေါင်းရုံး။ ဆယ်ကြာထိပ်မှာတင်။ ။

---

* ကျွန်း(ပေါရာဏ) = အဘက်မရှိ၊ ပြိုင်ဘွယ်ရန်မရှိ၊ ကုန်ခန်းခြင်းအနက်ရှိသောစကား။

## ၄။ ။ ဘုန်းတော်ဘွဲ့၊ ကြိုးသတ်၊ ညွှန့်ပေါင်း သီချင်းခန့်ကလေး။ (ဆဒ္ဒန်ဆဒ္ဒန်ဆင်)

ဆဒ္ဒန်ဆဒ္ဒန်ဆင်။ ဖြူစင်လေဖြူစင်လေ။ ရွှရွှလေ။ ရွှေဘုန်းရွှေဘုန်းတော်။ ပေါ်မည်သာ။ ပေါ်မည်သာတည့်တည့်လေ။ ရွှေတည့်သာရွှေနန်းမှာ စံကာသာ။ မိုးတည့်မိုးယံတိမ်ဦး။ တောက်ပလို့လေး။ ။ မိုးတည့်မိုးယံတိမ်ဦး။ တောက်ပလို့လေး။ ။ ဘုန်းတောက်လျှံဝင်း။ ထန်ပြင်းတေဇာ။ နေအဝါလဲ။ မှောင်တကာမျိုး ရှဲကြဲကြဲ။ စိုးပိုင်ခေါင်ဖျားပင်။ ။ ရာမင်းရာမင်း ဘုန်းငယ်မှာ။ ဝန်းတည့်ဝန်းရံ။ ထံပါးညွှတ်ခ,လေ။ ရှေးရိုးဆက် စဉ်လာ။ မင်းတဲ့မင်းတကာ။ စံမြန်းမည်သာ။ မြဲတည့်မြဲမြဲစွာ။ လေးကျွန်းဒီပါ။ စိုးမိုးညီညာ။ ထံရင်းသည်မှာခေါင်ဖျား ညွှတ်ခယ,လေး။ ။ ဆန်းထူးခြားခြား။ သွယ်သွယ် ပါးပါး။ ထံပါးထံပါးတေဇာ။ မြင်းတည့်မြင်းမိုရ်ချာ။ ထိပ်တင်လေ ထွေလေဆန်း။ ယဉ်ရာယဉ်ရာဆန်း။ ။ စံပျော်မြန်းလို့။ ဘုန်းပန်းညွှန့် လူလူလေတည့်။ ဘုန်းပန်းညွှန့်လူလူ။ ။

## ၅။ ။ မယ်တော်အလယ်နန်းဘွဲ့ သီချင်းခန့်ကလေး။ (ဒီပါလေအောင်ချာ)

ဒီပါလေအောင်ချာမှန်လှလှ။ သီတာလေခွေကာရံဝန်း။ ရွှေပြည်လေရွှေဘုံ။ သာလှလှ။ ဆောင်ဆောင်မှာ။ သိင်္ဂါလျှံလန်း။ ပြောင်ပြောင်ရွှန်း။ ထွန်းဝင်းပ။ မိုးလုံးလျှံဖြာ။ ဖြာဖြာလင်း။ ဖြာဖြာလင်း။ ဝင်းမှည့်မှည့်။ ထူးလည်ထွေပြား။ ဆောင်ဆောင်များမှာ။ တွေးတောဆိုမှားရရ။ ကိုးပါးရောင်ညီးဝိုးဝင်း။ နေရောင်လင်း နေရောင်လင်း။ ဝင်းထွန်းလို့။ ကျွန်းလုံးလျှံလျှံဖြာ။ အံ့ကသာ အံ့ကသာ။ ညီးပင်သာ ညီးလှလှ။ မင်းဝံ ရွှေနန်းသာ။ ဆောင်ဆောင်သာဘုံတိုင်း။ ဆိုင်းဆိုင်း ရံကာ။ ပြိုင်နှုန်းဆိုရေးကင်း။ မှောင်မျိုးရှင်း။ မွှေးကြူသင်းပျံ့။ ဘုန်းပန်းဝေဆာ။ အာဏာတေဇာ။ ဖြာဖြာလင်းလှ။ လျှပ်နယ်လေလေ။ လျှပ်နယ်ပြန့်ကာ။ မိုးကဲထူးချည့်။ ကြူးတဲ့ထွေလာ။ ပြောင်ရွှန်းဝေဆာ။ ရွှေဘုန်းလင်း။ ဘုံဆောင်သာခေါင်။ နေရောင်ကဝေးဝေးကင်း။ မြူမှောင်ပယ်ရှင်း။ ထွန်းလင်းလျှံဖြာ။ ဆောင်နန်း ထွေထူးခြား။ ရွှေဘုန်းအား။ ဘယ်မှာတူရ။ ရွှေနန်းဘုံသာ။ ရောင်ဝါခေါင်ချာ။ သော်တာဆန်းသို့။ လျှပ်နယ်လေလေ။ လျှပ်နယ်ဖြန့်ကာတင်။ ။ ယဉ်ဆုံးဘုန်းမိုမိုငယ်မှာလေး။ တင်ရှိဦး။ စုံဖူးယှက်ခါခါ။ ။

## ၆။ ။ မြဝတီဝန်ကြီးရေးသော မယ်ဘွဲ့ သီချင်းခန့်ကလေး။ (စန္ဒာရောင်သို့သာ)

စန္ဒာရောင်သို့သာ ပြောင်ရွှန်းလင်း။ ။ နလှတယ်ကိုယ်လုံးဝင်း။ ။ သွင်ပြင်ရူပသာ။ ရည်ရွှင်းရွှင်း။ ။ နတ်နှင့်သာ ပုံနှုန်းခင်း။ ။ ယဉ်ရာယဉ်မျိုး။ ကြူးလို့ချုပ်ပိုင်ယူ။ မိုးတဲ့မိုးနတ်သူငယ်မှာ၊ ရာထီးစင်း။ ။ ဆန်းလှတယ် ဆောင်စဉ်။ ဘယ်ကျွန်းငယ်ယှဉ်။ ဝေါယာဉ် ရွှေသားနှင့်လေး။ ရထားစုံညီအင်္ဂါ။ ဆင်းဝါလေ။ ပွားစွာထူးဆန်း။ ရည်ရွှန်းရွှန်းနှင့်။ တူလျှမ်းဝေဝေ။ ဖြူရွှေညီပြာ။ ကိုယ်ဝါဝင်းလို့။ ပြည့်စေရွှေသား။ မြလိုဝေကြူးကဲ။ ပ, ထူးကဲ။ ထွေထွေ ဝေဝေဆာဆာ။ နေ့ကိုကြူးရည်ရည်။ ရွှန်းရွှန်း။ လန်းလန်း။ ယဉ်လှလှ။ ဆင်းဝါယဉ်မျိုးစုပုံ။ စုံညီအင်နှင့်သာ။ ကြည်လင်လွန်ပြား။ ရာခြားနား။ စံနေပိုင်သ။ ရွှေပေါင်းဝန်းရာ။ သူဇာလေ တူနေပိုင်သရတယ်။ များတောင်းပေါင်းစု။ သိန်းသောင်းသချ်ာ။ ပြိုင်နှုန်းတူရာ။ များစွာလွန်ထူးကဲ။ ဘယ်သူပင်သာ။ ဆိုရာတည့်တူနိုင်ဘဲ။ ပျော်ရွှင်စံမြဲ။ မိုးကဲအောင်သာ။ ထွေထူးကြူးကဲဆန်း။ ရွှင်လန်းလန်း။ ဆောင်စဉ်သာလှ။ ရွှေနန်းလုံးသူ။ ကြည်ဖြူရွှင်ပျော်။ ချီပေါ်မိုးမြင့်။ နှင့်နှင့်သာရွှင်။ ။ မေတ္တာရစ်ခါ။ ကြင်နာလွန်ကြူးရ။ လွန်မြူးသည်။ ထွေထူးစုလာပုံ။ ။

## ၇။ ။ ကေတုမတီ-တောင်ငူမင်းဆို- မယ်ဘွဲ့သီချင်းခန့်ကလေး။ (ကျွန်းလုံးသိမ်းကြုံး)

ကျွန်းလုံးသိမ်းကြုံး စံစံပယ်ပယ်။ များပင်များလှသွယ်။ ရည်ခရာကို။ သည်မှာပုံလာရွှန်း။ မြွေမြွေစုံစွာ။ ဆန်းဆန်းထူးထူး။ ထွေထွေလာလာ။ နန်းအောင်ချာမှာလေ။ ဘုံသာဆောင်မှာ။ ပျောင်းနနယဉ်ရာ။ ရွှန်းရွှန်းကိုယ်ဝါ။ ဝိုးဝိုးဝင်းဝင်း။ ယဉ်ရာယဉ်မင်း။ နန်းလှိုင်ပွင့်လင်း။ ဖြူပြာရောင်ချင်း။ ထွေထွေပင်သာ မူရာပျောင်းပျ။ နတယ်နတယ်။ နတယ်နှင့်သာ။

များတောင်းပေါင်းစု။ သိန်းသောင်းထောင်ရာ။ ရွှေနန်းသာခေါင်။ ဆောင်ဆောင်ရာခြားနား။ ဒေဝီစန္ဒာ။ သူဇာနှင့်တူရိုးမှား။ တူရိုးမှား။ ရံခါထွေပြား။ ထူးခြားဂုဏ်အင်။ ယဉ်ပင်ယဉ်မျိုးကြူး။ ထွေဆန်းထူး။ ရွှင်ပျော်မြူးကြြ။ ဝန်းလျားထံတော်။ သာကြည်ထွေငေါ်။ မြင်မြော်နိုင်းယှဉ်။ ထွက်ပြူလှတယ်လှတယ်နှင့်သာ။ ရဲရဲထွန်းပ။ ရွှန်းရွှန်းဝေဆာ။ ယဉ်ရွှေဖြူပြာ။ စန္ဒာရောင်ဝင်းထွန်း။ [*]သိင်္ဂါဇမွှော်။ ရွှေလျော်တည့် ပုံနှုန်းသွန်း။ ဖြိုးဖြိုးရွှင်လန်း။ ဘုန်းတန်းနေဝါ။ ပြောင်ရွှန်းဝင်း။ မှောင်ဝေးရှင်း။ စမွယ်ရေးခွင့်။ တိုင်းကျေးပြည်ရွာ။ ရွှေညာဏ်ပညာ။ [†]ဗျူဟာသြဇ။ အံ့ရာအံ့ရာ။ စုတယ်နှင့်သာ ရှင်။ ။ မြန်မြန်.ထွင့်ချာတင်ငယ်မှာလေ။ နှုန်းရာယှဉ်ဝေး။ နယဉ်ကျေးတယ်ရှင်။

## ၈။ ။ မျှော်ပါယောင်-မောင်ဘဲ့ သီချင်းခန့်ကလေး။ (မှိုင်းမှိုင်းမြ)

မှိုင်းမှိုင်းမြ- ဆိုင်းဆိုင်းညိုစင်။ မိုးလုံးပ လွှမ်းဖုံးခါဆင်။ ။ မင်းလွင်ရံဝန်း။ ထွေလာထူးထူးဆန်းလို့လို့။ တောင်လေသာမှာလဲ။ ဖြူးခါသာ။ နေမသာရေး ပွားဆင့်ဆင့်။ လွမ်းရာထွေပြားပင်။ ။ ဟေဝန်ခွင်ကသာ။ တောင်ပင်တည့်တောင်တောလုံး။ ထွေပေါင်းရုံး။ ကြေငြာလှိုင်ပျံ့။ မွှေးပေါင်းသင်းထုံ။ စုံစွာစီစဉ်။ စည်ပင်လန်းလို့။ ရွက်ရှည်ရွက်ရှည်။ ညွှန့်ဖြာညွှန့်ဖြာ။ သာသာရွှန်းမြေ။ ပန်းမျိုးစုံစွာ။ ဖူးညွှန့်ငုံအာ။ ထွေလာထွေထူးဆန်း။ ရာသီခါမီ။ စုံစီတည့်ဝင်းဝင်းရွှန်း။ ဂိမှန်နွေစွန်း။ ဆော်ရွှမ်းချိန်ခါ။ တိုင်းတိုင်းခွေယိမ်းပျောင်း။ ပူဆွေးကြောင်း။ ထွေထွေဆော်လှုံ့။ ရုံးပေါင်းများစွာ။ တိမ်နီတိမ်ဝါ။ တိမ်ပြာမှိုင်းလို့။ မြလိုလဲညို။ လွမ်းပိုဘဲ့စေ ပင်။ ။ ပတ်ကုံးဝန်းကာ။ ဆင်လာထွေထူး။ နေမပျော်ဘူး။ [‡]ကိုယ်ထူးကျွန်မမှာ။ ။

## ၉။ ။ ဇေယပတေ့ အမတ်ရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကလေး။ (ပြည်ပြည်မင်းပေါင်း)

ပြည်ပြည်မင်းပေါင်း။ ထီးဆောင်းထီးဆောင်း။ ရုံးပေါင်းထပ်လောင်း။ ညွှတ်ပျောင်းခညောင်း။ ထီးနန်းနှင့်သက်ကြူး၊ သက်ဆန်းထူး ထွေလာ။ ဦးတင်ခါ။ တိုးလျှိုးမင်းမျိုး။ မင်းမျိုးတိုးလျှိုး။ များတောင်းစုံညီ။ ဒေဝီဆက်နှင်း။ မှန်မယွင်းသည်မှာ။ [§]ကုံငေ။ ပုံလှလှ။ စုံကြြကြြ။ နတ်သွင်တူရိုး။ ယဉ်မျိုးကြူး။ ထူးရာပိုင်လေတည့်။ စုလျာဆိုင်။ ရွှေဘုန်းနိုင်နိုင်ငံလေတည့်။ ယူကြုံးပိုင်။ ဣန္ဒာမိုးမှာစံတိုင်း။ ပုံတူနိုင်း။ ပုံတူနှင်း။ ရွှေအရောင်လင်းတင့်ခြင်း။ ဝေဇယန်နှုန်းနှုန်းကင်း။ ထူးထူးငယ် အကြူးစံရာ။ ယာဉ်မျိုးစိုးသည်မှာ။ များတောင်းသိန်းသောင်းဂုဏ်အင်။ ထွေထူးဘက်စုံလင်။ ရည်ရွှင်မူရာ။ ရံခါစံခါ။ ဝန်းဝန်းလျားလျား [**] ဖြင်။ ဆောင်ဆောင်လယ်။ ရွှင်စမွယ်။ ထူးထွေထွေ။ ကြူးလေလေ။ ။ ခေါင်ဘွေမိုးလ။ ထွန်းသည့်နယ်တည့်။ ထွန်းသည့်နယ်။

## ၁၀။ ။ ဘုန်းတော်ဘွဲ့ ကျေးဇူးတော်သီချင်းခန့်ကလေး။ (အမင်းမင်းခရ)

အမင်းမင်းခ,ရ။ စိုးရာဇင်။ သောင်းမြေပြင်။ ဘုန်းအင်တေဇာတော်လေ။ ထွန်းလင်းလျှံဝေ။ ရွှေပြည်ထီးနန်း။ သိမ်းမြန်းစံယူ။ စိုးလို့စိုးတော်မူ။ ။ များရှင်လူ ချမ်းမြမြ။ နန်းအနန်းတုံ။ ဆောင်အဆောင် အဆောင်တိုင်းမှာ။ လန်းအလန်းဝေ။ ပြောင်အပြောင်ရွှန်းဖြာ။ ရံပိုလ်သန်း။ ရံပိုလ်သန်း။ စံရာခမ်းနား။ စုံပင်စုံလှ။ များဆောင်ရာလဲ။ ထွေထွေဆန်း။

---

[*] သိင်္ဂါဇမွှော် = သိင်္ဂနိက်ရွှေ။ ဇမ္ဗူရာဇ်ရွှေတို့ကို၊ ကာရန်ငဲ့၍ ရေးစပ်ထားခြင်းဖြစ်သည်။

[†] ဗျူဟာသြဇ = စစ်ဆင်ခြင်းအစွမ်းကို ဆိုလိုသည်။

[‡] ကိုယ်ထူး = တကိုယ်ထီး၊ တကိုယ်တည်း၊ တယောက်တည်း၊ တဦးတည်း၊ တပါးတည်း ဟူသောအနက်အဓိပ္ပာယ်ရှိသည်။

[§] ကုံငေ (ပေါရာဏ) = အများ၊ ပြည့်စုံခြင်း။

[**] ဖြင် (ပေါရာဏ) = ပေါသည်၊ များသည်။

ထွေထွေဆန်း။ အံ့ဘွယ်သာလေ။ ထူးပင်ထူးလှ။ ကိုးပါးမျက်စုံမြွာ။ ။ မျှော်လေရာပမ်း။ မျှော်လေရာပမ်း။ ရမ်းဆဆ။ နန်းဝေယန့်လားလေ။ ရွှေရွှေရွှေရွှေဘုန်း။ နှုန်းအနှုန်း ရာရှောင်။ ဘယ်ပြည်ထောင်ဘုန်းခေါင်။ ပြောင်ပြောင်ထိန်လင်း။ လေးဒီပါတွင်း။ စကြာထံရင်း။ စိုးနင်းပိုင်ယူ။ ရှင်လူတည့်ငြိမ်းကြောင်း။ ကြေညာဆုများတောင်း။ မြတ်ပေါင်းမှန်စွာ။ စကြာထွန်းတင့်။ နတ်ရွှေပြည်သာ။ အံ့ရာသို့လေ။ ငွေတောင်လျှံလင်း။ ဆင်မင်းစိုးရ။ ဘုန်းမိုးဘုန်းမိုး။ လျှံဝါလျှံဝါ။ ပြိုင်နှုန်းစံရာ။ ဣန္ဒာတူရိုးမြဲ။ အာဏာတေဇာ။ ထွေလာတည့်ထူးထူးကဲ။ ရွှေဘုံမှာလဲ။ ရဲရဲဝင်းလျှံ။ တန်တန်ဖလ်မှန်။ ရောင်ရွှန်းလင်း။ ထိန်ဝင်းဝင်း။ မျက်မြွာကျင်းပ။ ရောင်ချင်းထွေလာ။ ဘုံမှာဘုံမှာ။ စုံစွာများလှ။ အံ့ဘွယ်စုံလင်။ ဖြစ်ပေရတယ်ရှင်။ ။ မှန်လောင်းမြတ်ရာဇင်ငယ်ကိုလေး။ တင်ထိပ်ပန်း။ ရာနန်းများ ဥသျှောင်ကျင်။

## ၁၁။ ။ မယ်ဘွဲ့ တောင်ဆင်း သီချင်းခန့်ကလေး။ (အသချော်စုံလင်)

အသချော်စုံလင်။ ဂုဏ်အင်ပုံယဉ် တိုင်းသီလေ။ ထွေထွေပင်သာ။ ယဉ်ရာပျောင်းနလေး။ ဝေဝေဆန်းလှလေ။ ကိုယ်ရောင်ဝါရှင်ရှင်။ သူဇာပင် ထင်ယောင်မြင်ယောင်။ ဆိုယောင်မှားမိလေ။ စုံညီအင်္ဂါ။ မူရာပျောင်းပျလေ။ ယဉ်ပေတောင်းပလေ။ သွယ်သွယ်ထူးထွေထွေ။ မပြိုင်သာ စဉ်ကာ။ ယှဉ်လာ ပြိုင်ပြိုင်ခွာရှဲလေး။ ထိန်ဝေလျှံဖြာ။ သော်တာထွန်းသို့လေ။ ရောင်ဝါထွန်းမှည့်ဖြာ။ ယဉ်မျိုးစုံစွာ။ ထွန်းလင်းပ, ထွေထွေပင်သာ။ *ဂီဝါလေ။ သိင်္ဂါပုံသွန်း မြိုင်မြိုင်လေ။ ရည်ရှင်လျှံမြူး။ ရွှန်းလို့လို့။ ပျောင်းအင် ယဉ်မျိုးမှာ။ ကိုယ်ဟန်သားနှင့်လေး။ ဘယ်ညာတည့်ရည်ရွှန်းရွှန်း။ ထွေထူးဆန်း။ ယဉ်မျိုးလှိုင်အိ။ မိုးကဲထွေလာ။ တူမည်စန္ဒာ။ ယှဉ်ကာဝေးလှ။ လှတယ်လှတယ်။ လှတယ်နှင့်သာ။ သွားလာယိမ်းနွဲ့။ ရိုးပျောင်းသွယ်သွယ်။ ဝါဝင်းအူတယ်။ သွယ်သွယ်ထွေဆန်းပြား။ သချော်သချာ။ မူရာတည့် ရည်ရွှန်းရွှန်း။ ရည်ရွှန်းရွှန်း။ ကြည်လင်ပုံထား။ ငါးပါးကောင်းအင်။ ယဉ်ရွှန်းသွယ်ရှင်းရှင်း။ ဖြူဝင်းဝင်း။ စန္ဒာရောင်သို့။ မိုးကဲထူးထွေ။ ထိန်ဝေလျှံဖြာ။ ရောင်ဝါစိမ်းလဲ့ရီ။ ။ လှတ်လီလှတ်လဲ့။ အိတဲ့နပျိုပျိုငယ်ကိုလေး။ မူရာယဉ်ကျေး။ နတ်တူရေး။ ပုံသွေးဆင်းမူ။ ပမဍူ။ ။

## ၁၂။ ။ မြဝတီဝန်ကြီးရေးသော၊ ဘုရားရောင်ခြည်တော်ဘွဲ့သီချင်းခန့်အလတ်။ (ထူးမခြားနား)

ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား၊ ပြောင်လို့လို့များထွေ၊ ထူးထွေတည့် အံ့ရာသား။ ရွှန်း ရရွှန်းလင်း၊ စိမ်းပြာဖြူဝင်း၊ နေရောင်ခြည်လင်း။ ထွန်းလို့လို့ရွှန်းဝေ။ များထွေတည့် ပွင့်လှိုင်ကြူ။ ။ ဘုန်းတန်ခိုးလဲ။ နိူင်းဆိုရာဘဲ။ တူမည်မှာလဲ။ ရဲရဲဝင်းပြောင်။ နေမင်းနေမင်း သိန်းရာထောင်။ ယှဉ်ဆောင် ပြိုင်ခိုင်း။ နိူင်းရာတူဘဲကို။ ဖြူနီညိုပြာ။ ထွလာတည့် ထူးထူးဆန်း။ ထူးထူးဆန်း။ တေဇာရောင်လန်း။ ရွှန်းရရွှန်းလှိုင်။ ဖြာဖြာဝေမြိုင်-စိုး-ပိုင်။ ။ မပြိုင်တူဝေး။ နိူင်းဆိုရာသေး။ နေမတူရေး။ ဘုန်းမွှေးဝင်းပြောင်။ မြူမှောင်တည့်ပါယ်ခွာ။ ကြေညာလင်းပွင့်။ ထွန်းဝင်း ထွန်းဝင်း၊ လျှံပေါ်လျှံပေါ်။ စွယ်တော် စွယ်တော်။ စွယ်တော်ကျောင်းက။ ခြောက်ဖြာရောင်ခြည်၊ လွှတ်သည်နှင့်သာ။ သုံးပါးလောက။ ငြိမ်းဧငြိမ်းဧ။ ကယ်ယူ ကယ်ယူ။ ဉာဏ်ပန်း ဉာဏ်ပန်း။ မွှေးလှိုင်ကြူ။ မဍူမှန်ကင်း။ ထွန်းရောင်ဝါလင်းရှင်။ ။ တေဇာရှင်ရှင်။ ပေါ်ထင်တည့် လျှမ်းလျှမ်းဖြိုး။ လျှမ်းလျှမ်းဖြိုး။ အာဏာကျော်ဟိုး။ ဘုန်းတန်ခိုးရောင်၊ ဝေဝေ ရွှန်းပြောင်။ သိန်း-ထောင်။ ။ အခေါင်ဉာဏ်ပန်း။ ထွန်းရောင်ဝါလန်း။ ဇေတဝန်နန်း။ ခြားသန်းလေသာ။ ဆောင်စဉ်တည့် လယ်ချာ။ ကြေညာလင်းပွင့်။ ထွန်းဝင်းထွန်းဝင်း။ တေဇော်တေဇော်၊ ရောင်တော် ရောင်တော်။ ရောင်တော်ဖြိုးမြင့်။ အံ့ဖွယ်တော်သာ၊ ဆင့်ကာရင့်ပင်။ ။ †ရှင်ရင်းမြတ် စကြာစုံငယ်ကိုလေး။ တင်ထိပ်ဦး။ စုံဖူးတည့် ရှိကြောင်။

---

* ဂီဝါလေ။ သိင်္ဂါပုံသွန်း မြိုင်မြိုင်လေ = ရွှေအဆင်းကဲ့သို့။ ဝါဝင်းထိန်ကြည်။ လည်ရေးသုံးဆင့်ရှိသည်ဟူလိုသည်။ ။ ဂီဝါ(ပါဠိ) = လည်။ လည်ပင်း။ လည်တိုင်။

† အချို့သောမူများတွင် "ရှင်ရင်းမြတ်စကြာစုံငယ်ကိုလေး" ဟူသောအစား။ "ရှင်ရင်းမြတ်သကျာကိုလေး" ဟူ၍ရှိသည်။

*အောက်ပါ လူးတားနှင့် စွယ်တော်ကြိုး မှာ မူရင်း ဂီတဝိသောဓနီကျမ်းတွင် မပါဝင်သော်လည်း ဆက်စပ်နေသဖြင့် အလျဉ်းသင့်၍ ဖော်ပြလိုက်ပါသည်။*

**လူးတား၊ (မြန်မာသက္ကရာဇ် ၁၂၆၆ တွင် အဆိုတော်ကြီး ဦးကြွေ ရေးစပ်သည်)**

ဆို။ ဦးကျော်ညွန့်

နိဒါန်းမင်္ဂလာ ညှိတန်းဖြာ၍ ရတနာပူရ ရွှေစက်ကြွလို့ စတုတ္ထနန်း ဝကြငှန်းကို
စံမြန်းစိုးလျှက် ဖလ်ကနက်၏ ရွှေလက်ထက်တွင် စွယ်တော်စင်မှ
ထင်ထင်တမွတ် ရောင်တော်လွှတ်၍ အထွဋ်ရွှေဗျာ မိန့်အာဏာနှင့်
ကြေညာနှံ့သိ အမည်ရှိလျှက်၊ မြဝတီခေါ် ဝန်ရှင်တော်သည်
နာဖွယ်ကြည်နူး ကုံးသည်ကျူးသား၊ ထူးမခြားနား သီချင်းခန့်ကို
မြတ်ဘုရားစိန္တေ ပရမေအား ရိုသေပွားအောင် နတ်သားပုံချိန် ပဋ္ဌသိန်သို့
သောတိန္ဒြေ နှစ်ထွေညှတ်ပြောင်း နာဖွယ်ကောင်း၍ ရွှေဆိုင်းမင်္ဂလာ
တူရိယာဖြင့် ခါနော်တလီ ယှဉ်တွဲမှီ၍ ကျူးသည့်သံသာ သီဆိုပါမည်
ကြွလာသူအများ ကဗျာ တုဘက်ရှားတည့်လေး။

**စွယ်တော်ကြိုး (နန်းတော်ရှေ့ဆရာတင်)**

((မြတ်ဘုရား နိဗ္ဗာန်စံမြန်းယူ)၂ တေဇောဓာတ် ကျွမ်းလောင်တော်မူ သွားတော်လေးဆယ် စွယ်တော်မြတ်လေးဆူ) ၂၊

(ဖြူဖြူရာရာ အရပ်တော်တို့မှ မြတ်စွာဘုရား ကျက်သရေ အင်္ဂီရသသဘွဲ့ထူးခြွေ)၂၊

(စိန်စစ် စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့ဝိရောစန္တိ ဘဝင်ကြည်နူးမှု ရွှင်မြူးတက်ကြွ ဘက်မမှု ရောင်ခြည်တော်) ၂၊

(ရွှေကိုယ်တော်မှ ရှုချိန်မျှော် ဘမုကန္တရေ မျက်မှောင်ကျူးတော့ ဥဏ္ဏာလုံ မွေရှင် မြူး) ၂ မြူး တယ် ကို

## ၁၃။ ။ အချုပ်တိုက်စိုး ဦးတေနောင် ဘွဲ့ဆိုသော မွန္တလေးမြို့တော်ဘွဲ့သီချင်းခန့်အလတ်။ (ဆန်းအထူးထူး)

**(ထူးမခြားနားအလိုက်။)**

ဆန်းအထူးထူး။ မန်းရွှေတောင်ဦး။ သီဟာလျှံမြူး။ ထွန်းတင့်တင့်ဘုန်းရောင်။ ဘုန်းရောင်တည့် နေနယ်လို။ ။ တိုင်းအခန်းခန်း။ ရာပြည်ထောင်နန်း။ ဆယ်ဖြာရှိပန်း။ ဘုန်းဆင့်ဆင့် ဥကင်။ ဥကင်မြင့်မြတ်ရွှေဘုံ။ ။ သွန်းရရွှန်းညီး။ အောင်ချာပြည်ကြီး။ ဝင်းရွှေလျှံမီး။ ညီးညီးဝင်းဝါ။ စံစိုးစံစိုး။ နန်းရိုက်ရာ။ ဇေယျာလူလန်း။ မန်းရွှေတောင်နန်းမှာ။ ။

စုံညီအင်္ဂါ။ ရေစာပြည့်လျှမ်းလျှမ်းမိုး။ လျှမ်းလျှမ်းမိုး။ ရွှေငွေကျောက်မျိုး။ ဖြိုးအဖြိုးကာ။ ဆယ်မြည်သံသာ-လှိုင်-စွာ။ ။ ထူးလွန်ဖြာဆုံး။ ယာမာနတ်နန်း။ ပေါင်းရုံးသွယ်ကာ။ ရံကာတည့်ကျုံးမြောင်း။ ဂူကျောင်းဖြိုးမြင့်။ ပတ်ဝန်းလျှံဖြာ။ အောင်ချာအောင်ချာ။ စံရာထွန်းပ။ နတ်ဌာန်လိုလို။ မှတ်ထင်မိကာ။ ။ ထောင်ခန်းဖြိုးမြင့်။ ငြိမ်းဧငြိမ်းဧ။ ပြည်သူပြည်သူ။ လျှံလန်းလျှံလန်း။ ထွင့်မှန်ကူ။ မွေးကြူလှိုင်လန်း။ မန်းတောင်ရွှေနန်းဝယ်။ ။ ဝေယန်ဘုံလယ်။ သွယ်သွယ်တည့် ဆန်းဆန်းထူး။ ရေရှင်ယုက်ကူး။ ညွတ်နူးကြည်အောင်။ စံရာဗွေပေါင်။ စိုး - ဆောင်။ ။ ဇမ္ဗူရောင်လျှမ်း။ ဝင်းထိန်ထိန်ဆန်း။ ရွှေဝေယန်နန်း။ ထူးဆန်းထွေထွေ။ အောင်မြေမြင့်ရာချွေ။ တောင်ရွှေမန်းညွှန့်။ ဘုန်းပန်းဘုန်းပန်း။ ဝေဝေဝေဝေ။ ရေမြေရေမြေ။ ရေမြေညွှတ်ခ။ ရွှေပြည်သာဟန်။ နတ်ဌာန်ကဲ့သို့ပင်။ ။ ရှင်မြူးပျော်အံ့ရာအင်ငယ်ကိုလေး။ ထွေထွေဆန်း။ တောင်မန်းမြတ်ရွှေပြည်ဘုံ။ ။

## ၁၄။ ။ ပခန်းမင်းသားဘွဲ့ဆိုသော-ဘုန်းတော်ဘွဲ့သီချင်းခန့်အလတ်။ (ဘုန်းအကြီးဆုံး)

**(ထူးမခြားနားအလိုက်။)**

ဘုန်းအကြီးဆုံး။ ကျွန်းဒီပါလုံး။ သည်မှာလေရာမင်း။ ရုံး-ခယဝန်းရံ။ နန်းစံသည့် သက်တော်ရှည်။ ။ မင်းတရားကြီး။ စိုး *အာဟိန်ထီး။ ကြေညာကျော်ခြီး။ သဲခြိမ့်ခြိမ့်ကောင်းကြန်။ ဆဒ္ဒန်တည့်မြတ်ဆင်ဖြူ။ ။ မိုးသိကြားမင်း။ မြတ်ရွှေထံရင်း။ ကြည်ဖြူအောင်နှင်း။ နှန်းကင်းအံ့ရာ။ ပြည်တိုင်းညာသောင်း။ ကျော်ဝှန်ဝါ။ မြေချာကုန်စောင်း။ လောင်းသမ္မောဓိဉာဏ်။ ။ ရင့်မှံမှန်ပြီ။ စုံညီတည့်ကျူးဩှင်း။ ဘုန်းထွန်းလင်း။ ဝင်းရှိန်ရောင်ရွှန်း။ ဘယ်ဘယ်ရန်မပြူ။ ပုံ့ကြူကြည်ဖြူ။ ကျော်-ထိန်။ ။ အာဏာတော်ဟိန်။ တေဇာတော်ရှိန်။ ကြေညာဝှန်ထိန်။ ခြိမ့်ခြိမ့်ကြွေးညံ။ နိုင်ငံတည့်ကုန်အောင်။ ပြည်ထောင်မင်းတို့။ ခဝပ်ညွှတ်စင်း။ ထွင့်ထိပ်စိုးမှန်။ ကိုယ်တော်ကိုယ်တော်။ ကိုယ်တော်တွင်းပ။ ရန်မာန်ပယ်ခွါ။ ချမ်းသာမြင့်ရှည်။ သောင်းလုံးဓမြ။ မွှေးမွှေးရွှန်းရွှန်း။ ပျော်ဘွယ်ပျော်ဘွယ်။ တောင်ကျွန်းသူလုံး။ ကေသာလယ်။ သည်ဝယ်တင်မူ။ ညွှတ်ဦးခယ မှန်။ ။ ဘယ်ဘယ်နိုင်ငံ။ စက်ထံအောက်ပေါင်းရုံးငြိမ်း။ ကျွန်းလုံးသိမ်း။ တိမ်ဘွေသာပိန်း။ စက်ကျိန်းဘွားတော်။ ဆင်တော်အောင်မြင် စုံလင်။ ။ ခံဝင်တိုင်းပြီး။ ဝေဇယန်ကြီး။ အလျှံပြောင်ညီး။ နန်းထီးဗိမာန်။ ဣန္ဒာတည့်စီမံ။ ရွှေဉာဏ်တိုင်းသိ။ ထူးဆန်းထူးပြား။ မင်းခမ်းမင်းနား။ ကြယ်လ,နေနှယ်။ ဝင်းကယ်ထွန်းပ။ ကိုယ်တော်မူရာ။ ကောင်းစွာစုပုံ လာ။ ။ မင်းတရာခယသည့်။ နဂရ ရွှေပြည်သာကိုလေး။ ယာမာဘုံနန်း။ အောင်ခန်းတည့်မြတ်ဘူမိန်။ ။

## ၁၅။ ။ စာဆိုတော် ဦးတရုပ်ရေးသော၊ တန်ခူးရာသီ မိုယ်းဘွဲ့ သီချင်းခန့်အလတ်။ (မှိုင်းအဆန်းဆန်း)

**(ထူးမခြားနားအလိုက်။)**

မှိုင်းအဆန်းဆန်း။ တိုင်းအာကာနန်း။ ပြာခြေညှိုသန်း။ ဝန်းလုံ့လုံ့လွှမ်းဘွယ်။ မှန်းရှယ်တည့် ဖြန့်ကာဆင်။ ။ ညှင်းအသန်းမြူး။ တောင်ပြန်လေဦး။ ရှာလေဆော်ကျူး။ သွင်းဖွဲ့ဖွဲ့မိုယ်းမှောင်။ မိုယ်းမှောင်တည့် ရိပ်ခါဆင်။ ။ လင်းမလင်းဆုံး။ မြင့်မိုရ်တောင်ဆုံး။ တိမ်မှောင်လေချယ်ဖုံး။ ပေါင်းရုံးစဉ်ကာ။ ပိုင်စိုးပိုင်စိုး။ မိုးဣန္ဒာ။ ဗျာပါငယ်ဝေး။ ဆွေးအောင်ရှယ်ကိုးမှုံ။ ။ ဖလ်ရုံတိမ်ပြာ။ မိလ္လာပွင့် ထူးထူးဆန်း။ ထူးထူးဆန်း။ မြရည်ရောင်လျှမ်း။ မှန်းအမှန်းရည်။ ဂိမှန်ရာသီ-သွန်း-ချီ။ ။ မညီချိန်လွှဲ။ နွဲ့သာပြန်ရင်း။ ကွာတယ်လေ ကိုယ်ချင်း။ လွမ်းတင်းတမ်းယောင်။ ပင်ဘုံတည့်ညိုမှောင်။ တောင်တောင်မှိုင်းလို့။ ပွင့်လင်းပွင့်လင်း။ သာထွေသာထွေ။ ကြည်းရေကြည်းရေ။ ကြည်းရေချမ်းမြ။ ချစ်သူကိုသာ။ မှတ်ဆိုမိကာ။ ညှိုညှိုပျောင်းအိ။ ဂွမ်းပေါင်းဂွမ်းပေါင်း။ ထောင်ရာထောင်ရာ။ ဖြေလဲဖြေလဲ ဖန်စေသာ။ ထင်ရာမျှော်ကိုး။ သူမြင်လာနိုးပင်။ ။ စုံဟောဝန်ခွင်။ မျှောင်မြင်လို့ထူးထူးဆန်း။ ကူးကူးသန်း။ မောင်မယ်ခေါ်ထူး။

---

* အာဟိန် = အဟိန္ဒ (ပါဠိ) = လွန်စွာအစိုးရသော မင်း။

မြူးအမြူးနုန်။ ပေဟဝန်ဘွေဘုံ။ ပန်း-မှုံ။ ။ မစုံကြိုင်ဇေ။ သင်းကြိုင်ကြိုင်မွှေး။ ဝင်းရွှေလျှံပြေး။ တွေးတွေးနီရောင်။ ပင်တုံတည့်ညိုမှောင်။ တောင်တောင်မှိုင်းလို့။ ပွင့်လင်းပွင့်လင်း။ သာထွေသာထွေ။ ကြည်းရေကြည်းရေ။ ကြည်းရေချမ်းမြ။ ချစ်သူလိုလို။ လွမ်းပိုပူစေ ဘန်။ ။ မာဃမိုးက္ကန္ဒာငယ်ကိုလေး။ ဆင်ပြန်မှိုင်း။ ဆော်သိုင်းနတ် ကြူးရွှေစည်။

## ၁၆။ ။ ဇေယပတေ့အမတ်ရေးသော။ ပြာသိုလ မြင်းခင်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (နှင်းတမြူးမြူး)

### (ထူးမခြားနားအလိုက်)

နှင်းတမြူးမြူး။ ညှင်းလေဆော်ဖြူး။ ပေမန်သာမော။ ကြူးရင့်ရင့်ရွှန်းစို။ ခွါညိုပွင့်-ဖူးစီစီ။ ။ မွှေးဂမုန်းပန်း။ သင်းကြိုင်ကျော်လန်း။ ရွှေသဇင်ထူး။ ဆန်းလှလှကောင်းအောင်။ တောင်ငူနှင့်ရှမ်းပြည်ရွာ။ ။ ထုံးမယွင်းမှား။ ဆိုင်ပိုင်ဆောင်သား။ ထံတော်ရွှေဘွား။ ညွှတ်တွားဆက်လှာ။ ယဉ်ကျေးနှံ့မွှေး။ မြတ်ဆင်ရာ။ ။ အောင်ချာရွှေနန်း။ မြန်းပျော်ရွှင်ကြေည်။ ။ ရာသီခါမည်။ သာသည်တည့်မြင်းခင်းပွဲ။ ဖြိုးဖြိုးကဲ။ ဗိုလ်ပါသူရဲ။ ခေါ်ဘဏီအောင်။ ခြွေရွှေရံဆောင်။ ပေါက်-ပြောင်။ အရောင်စွယ်ချင်း။ ဦးမော်စီခင်း။ ရန်အခေါင်နှင်း။ ရဲချင်းအန်ဆို။ ချပ်သန်းတည့်မိန်ညို။ မောက်တိုဝင်းဘွင့်။ ဒိုင်းလွှားရွှင်ရွှင်။ ထူးခြားသွင်ပြင်။ လုံပျံလုံလျင်။ စက်ဝင်စွဲစိမ့်။ လွှင့်ခါ၊ လွှင့်ခါ။ ခန့်ရှုယ်အံ့ဘွယ်။ လေးမြှားမီးပွင့်။ မှူးပေါင်းမတ်ပေါင်း။ ဆင်ယင်စုံစီ။ ပြည်ကြီးရွှေနန်း။ မင်းဌာနီ။ ပီပီရွှင်ပြုံး။ ထုံးမှန်စဉ်ရေးလာ။ ။ က္ကန္ဒာဒေဝါ။ သာယာဆုကောင်းချီးမှန်း။ သောင်းကျွန်းခန်း။ ရွှေဘုံရွှေနန်း။ မန္တလေးတောင်။ ညာမြေရန်အောင်။ ဘုန်း-ရောင်။ ။ တထောင်ခြည်ဝင်း။ နတ်ရှင်နွယ်ရင်း။ နေဘုရင်မင်း။ ထွန်းလင်းစိုးစံ။ ရာပြည်ညွှတ်-ကျွန်ခံ။ သက်နံ့ဦးချ။ ဘုန်းမိုးတေဇာ။ ခေါင်ချာအာဏာ။ စည်ခါ-ပြည်ရွာ။ သာယာဖြိုးမျှ။ မြတ်ရွှေ-မြတ်ငွေ။ မိုးယံးစွေတော့မည် ပင်။ ။ ရွှေဘုန်း-ဘုန်းများ ရှင်ပင်ကိုလေး။ သက်ရာပေါင်း။ ရှည်ကြောင်းတည့် ဆုပန်ဆင်။ ။

## ၁၇။ ။ အမရပူရ မြို့တော်ဘွဲ့- သီချင်းခန့်အလတ်။ (ဇောင်းကလောအင်း)

### (ထူးမခြားနားအလိုက်)

ဇောင်းကလောအင်း။ စိမ်းရေကြည်ဆင်း။ ကြာစုံကြိုင်လန်း။ သင်းလို့လို့- ဝင်းဝါ။ ဟသ်ာငှက်ပုံပျော်လို။ ။ များမဝေးဘူး။ ချမ်းသီတာမြူး။ တောင်သမန်ကမ်း။ ဦးညွှတ်ကြို့။ ထူးသာ။ လယ်တာတည့် စိမ်းစိုစို။ ။ မျိုးနတ်သားမင်း။ ထွန်းတေဇာလင်း။ လိုရာရှယ်ရင်း။ သွားခြင်းတင့်စွာ။ မည်မှန်း။ သောင်ကမ်း။ မြစ်ရော။ ရံကာစီခင်း။ အင်းကြာရေဇေ။ ။ ပြိုင်ပြီဆိုင်ပြီ။ လှိုင်ညီတည့် တက်သေးအင်း။ များကောင်းခြင်း။ ပယ်နယ်ကျယ်ဝင်း။ အောင်ပင်လယ်ကန်။ ချယ်မျှောင်စီမံ။ ဝန်း-ရံ။ ။ နှိုင်းရန်စံထား။ နတ်ရွှေဘုံများ။ ထာဝတိန်လား။ ရိုးမှားအံ့ရာ။ ရွှေပြည်ကြီးအောင်ချာ။ သာယာပြောဝ။ ချမ်းချမ်းဇေ။ ကြည်လင်ကြည်လင်။ မှောင်ဆင်ရောင်ထင်။ အောင်မြင်ပြီးခွင့်။ သင့်ရာတင့်စွာ။ ဆင့်ခါမြင့်ခါ။ ကျုံး-မြောင်း-နန်း-မြို့။ ကြီးမားဝန်းလျား။ ဘွယ်ရာကျယ်စွာ။ မော်ရှန်း-မော်ကွန်း။ ပြ-ဒွါရာ။ အောင်ချာမှန်ကင်း မင်းစံရွှေနန်းတည်။ ။ ဇာနည်တိမ်ပေါ်။ ဘိုးတော်မြတ်-စိုးမြန်းဦး။ ဘုန်းတန်းမြူး။ ရွှေကိုယ် *ရှယ်လူး။ ဆက်စံရွှေတောင်။ မင်းမင်းအခေါင်။ ထွန်း-ပြောင်။ ။ အရောင်ထိန်ဝင်း။ နန်းရွှေဘုံတွင်း။ သဉ္ဇာလီခင်း။ ရှယ်လင်းဉကင်။ ရာဇာတည့်ပလ္လင်။ စံရွှင်ချမ်းမြေ့။ ငြိမ်းသောကြည်။ ငြိမ်းသောကြည်။ ရာပြည်ရာပြည်။ ရာပြည်ဦးချ။ မြတ်မှန် †မြတ်ကြန်။ ဆဒ္ဒန်ရ ပိုင်ပိုင်။ ။ ဖြူမိုးဖြန့်။ ရှစ်ဆူပိုင်သည်ကိုလေး။ ပျော်စံစား။ သိကြားနှင့်နတ်ရည်ပြိုင်။

---

* ရှယ်လူး(ပေါရာဏ) = ပျိုပျိုရှယ်ရှယ်။ အရှယ်ကောင်း။

† မြတ်ကြန် = ကောင်းမြတ်သော ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော။ ။ ကြန်= ကြန္ဓ= ကန္ဓ(ပါဠိ) = အမှတ်လက္ခဏာ။

## ၁၈။ ။ မြဝတီဝန်ကြီးဘွဲ့ဆိုသည့် ရွှေဘိုမင်း၊ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (ထောင်ရောင်နေကသာ)

[*]ထောင်ရောင်နေကသာ။ ရွှေဘုန်းဝင်း။ ။ ညွှတ်ခ,လာ။ ရာမင်းမင်း။ ။ ပွေသီဟာမြင့်မှာ။ ဖြာလင်းလင်း။ ။ ဖြန့်ရှစ်ဆိုင်။ ကာထီးစင်း။ ။ ဇေယျာသံကျူး။ ညှင်းလို့လို့။ မွှက်သာကြည်။ ။ ကျွန်းလေးမည်ငယ်ကို။ စိုးသည်ဥက္ကဋ္ဌ။ ကောင်းညွှန့်ငယ်နေဇာ။ ရှစ်ပြဟ္မာ။ [†]လကျ်ာသခ်။ မြတ်သည်နှင့်သာလေး။ ။ ကောင်းညွှန့်ငယ်နေဇာ။ ရှစ်ပြဟ္မာ။ လကျ်ာ-လကျ်ာသခ်။ သခ်လကျ်ာ-လကျ်ာသခ် မြတ်သည်သာနှင့်လေး။ ။ ရေဖြန်းစံရွှေညီလာ။ ဖူးပွင့်စုံစွာ။ ဆယ်ဖြာတည့် လန်းလန်း။ ပြည်ပြည်ထောင်တိုင်းခန်းက။ ရှိပန်း၊ ဆင်လာ။ ရွှေမြေအောင်ချာ။ သည်သာဘုန်းပွင့်စည်။ အမရရွှေဘုံပြည်။ ။ အနန်းနန်းက။ သိန်းသန်းရောင်ခြည်။ မှောင်မလည်။ စံတည်စံကျွန်းတထိန်ထိန်။ ဖလ်ရှိန်စိန်ရောင်။ ဝန်းလို့လို့။ ထွန်းလျှံဖြာညီးပင်။ ။ ဘယ်ရာဝင်မှသာ။ ပုံပြင်တူနှုန်း။ ဘုန်းကြိုင်လှိုင်လန်း။ ဒီပါအောင်ခန်း။ သိန်းမြန်းစိုးယူ။ ရှင်လူတည့်ငြိမ်းဧ။ ကြေညာသင်းပျံ့မွှေး။ ။ [‡]သာန္တေးလွယ်ကာ။ မျက်မြှာရွှန်းတင့်။ မြတ်ရိန္ဒမာ။ စကြာနှင့်သာ။ ။ အာကာပျံနှင်း။ ဆင်မင်းစိုးရ။ လွှမ်းမိုးလွှမ်းမိုး။ တေဇာတေဇာ။ ထံရင်းခွန်သွင်း။ ပုံလှာစုံစွာ။ သိင်္ဂါရွှေသား။ သိကြားဆက်သ။ ရံရွှေသော်တာ။ ခြယ်လှယ်စီကာ။ စံဆောင်ဘုံမှာ။ သူဇာတည့်ပုံနှုန်းထား။ ပုံနှုန်းထား။ ယဉ်မူရာသား။ များအများလှိုင် ဘယ်တူပါနိုင်။ သွန်း-မြိုင်။ ။ ရွှာပြိုင်ဆော်နှိုး။ ဘုန်းသီတာမိုယ်း။ ကန်စည်လျှံဖြိုး။ သီးမျိုးစုံစွာ။ မာလာတည့်သောင်းသောင်း။ ခြွေရံများလှ။ ရုံးပေါင်း ရုံးပေါင်း။ ခက်ဖြာညွှန့်ရှင်။ စုံစုံလင်လင်။ စည်ပင်ပွားလို့။ နတ်လူသာကြည်။ ဆုရည်ဆက်ခါပန်။ ။ [§]ကျိုပ်မာရင့်မုံ။ ရွှေဘွားစက်တော်စုံငယ်ကိုလေး။ ရွှေဘုံသာခန်း။ စိန်ကြောင်လေ မှန်နန်းမှာ။ ။

## ၁၉။ ။ ဘုန်းတော်ဘွဲ့သော-သီချင်းခန့်အလတ် (စံရာဘုံမြင့်မှာ)

### (ထောင်ရောင်နေကသာ အလိုက်။)

စံရာဘုံမြင့်မှာ။ ညာမန်းဦး။ ။ ရွှေဘုန်းရောင်လျှံမြူးမြူး။ ။ ပြည်ရတနာ-ဘုမ္မိမှာ။ ရှည်ကြူးကြူး။ ။ မင်းတရာ ညွှတ်ကြို့ဖူး။ ။ သီဟာရွှေနန်း ထူးတင့်တင့်။ လွှမ်းကြည်ဘွယ်။ ။ ကျွန်းလေးသွယ်ငယ်ကို ။ စိုးရှယ် [**]မန္ဓာတ်။ ။ ဘုန်းညွှန့်ငယ် [††]မြူတေ။ ဖြိုးဝေဝေ။ အောင်ရွှေမြေမန်း။ မြတ်ပြည်မှာတည့်လေး။ ။ ဘုန်းညွှန့်ငယ် မြူတေ။ ဖြိုးဝေဝေ။ အောင်ရွှေအောင်ရွှေမြေမန်း။ မြေမန်းအောင်ရွှေ။ အောင်ရွှေမြေမန်း။ မြတ်ပြည်မှာတည့်လေး။ ။ ရွှေနန်းပြည်တော် တည်ထောင်။ စိုးမိုးထွဋ်ခေါင်။ တောင်မြတ်တည့်ဝပ်စင်း။ ရာနန်းနေမင်းငယ်တို့။ စက်ရင်းခိုလှုံ။ ဝေယန်ရွှေဘုံ ပြည့်စုံဖြိုးမြင့်စည်။ ဘုန်းမိုယ်းစွေဘိသည်။ ။ ဆန်းဆန်းတင့်။ မန်းညွှတ်ရွှေပြည်။ ဖြိုးမြင့်စည်။ ရွှေပြည်ရွှေနန်း။ မြို့တော်မှာ။ သီတာကြာလန်းသို့သို့ ။ မန်းညာဖွေဥကင်။ ပျော်စံရှင်တည့်သာ။ ရေယဉ်ပတ်သန်း။ ဆန်းထွေထွေဘုန်း။ ဇမ္ဗူပတ်ကုံး။ သိမ်းကြုံးခွန်ယူ။ ကြည်ဖြူကြ ဆက်သွင်း။ ဘုန်းရောင်ထွန်းပွင့်လင်း။ ။ ထန်ပြင်းတေဇာ။ ဣန္ဒာရွှန်းရ။ ဆဒ္ဒန်ရိန္ဒမာ။ စကြာခုဝယ်။ သွယ်သွယ်လျှံလန်း။ ဘုန်းပန်း ဖြိုးမြင့်။ ရွှေမိုယ်းငွေမိုယ်း။ ရွာလာထန်စွာ။ ပြည်ကြီးလျှံညီး။ အံ့ရာထွေသာ။ ဝေဆာလျှံလန်း။ ရွှေနန်းသာစွ။ ရေယဉ်ရံကာ။

---

[*] ထောင်ရောင်နေကသာ ရွှေဘုန်းဝင်း = ရောင်ခြည်တထောင်ကို ဆောင်သောနေမင်းမှဆင်းသက်၍၊ မပျက်သော နန်းရိုးဖြင့်။ တန်ခိုးထွန်းလင်း၊ ဘုန်းတော်ရောင်ဝင်းသော နေမျိုးမင်း ဟုဆိုလိုသည်။

[†] လကျ်ာသခ် = လကျ်ာရစ်ခရုသင်း။ ။ သခ်(ပါဠိ) = ခရုသင်း။

[‡] သာန္တေးလွယ်ကာ = အလွယ်တကူ ဆွတ်ယူသည် ဆိုလိုသည်။

[§] ကျိုပ်မာရင့်မုံ = ရင့်မာတကျိုပ်။ ပွင့်တော်မူခါနီး။ အရင့်အမာပုဂ္ဂိုလ်။

[**] မန္ဓာတ် = မန္ဓာတု(ပါဠိ) = (မံသိရိ = ကြက်သရေကို + ဓာရေတိ = ဆောင်တတ်၏။) = ကြက်သရေကို ဆောင်တတ်သော စကြာမင်း။

[††] မြူတေ(ပေါရာဏ) = အမြူတေ = အမတေ = မပြိုမကွဲနိုင်သော အနှစ်။

ရွှေမြေအောင်ချာ။ နတ်ဘုံယာမာ။ သည်မှာခု ထင်တွေးမှား။ ထင်တွေးမှား။ ပြည်သူပြည်သား။ များအများမှာ။ လှူစည်ဆော်ကာ။ ကြွေး-လာ။ ။ ဇေယျာချီးကြူး။ သြဘာလျှံမြူး။ သည်ဝယ်ကြုံဘူး။ ကြည်နူးပျော်ရာ။ ဗိုလ်ပါတည့်သောင်းသောင်း။ ရေစာပြောဝ။ ပွားတောင်းများတောင်း။ ခက်သွယ်ကောက်ပင်။ မြေပြင်ကုန်အောင်။ တည်ထောင်ဖြိုးမြင့်။ မြတ်ထံတော်မှာ။ စကြာဆိုက်မည်ပင်။ ။ မိုးပင်မြင့်လယ်။ ရွှေဘုန်းလနေနယ်ကိုလေး။ သွယ်သွယ်လျှံလန်း။ အောင်ချာလေ ရွှေမန်းမှာ။ ။

## ၂၀။ ။ မြဝတီဝန်ကြီးရေးသော၊ ဆဒ္ဒန်အိုင်ဘွဲ့တချက်လွှတ် သီချင်းခန့်အလတ်။ (ဆဒ္ဒန်အိုင်သာ)

ဆဒ္ဒန်အိုင်သာ။ ရွှေကြာညီးလို့လင်း။ သောင်တင်းလေ။ သောင်တင်းလေ။ သောင်တင်းလေ [*]ငှက်တော်။ ။ တီတီတွတ်ကယ်နှင့်သာ။ ချည်ခင်စွပ်ကယ်က။ ဘော်ပြဟစ်ကြွေးကာ။ မြစ်တွေးမှာ။ ချစ်ရေးငယ်သာ။ ။ ရင်တွန်းငှက်ကယ်။ ရေပေါ်စံရှင်။ ဝမ်းဘဲဟင်္သာ ပင်ငယ်ကိုလေး။ ချစ်ခင်ဟန်နှင့်။ လည်ချင်းတင်။ ငှက်လွန်းကြင်ငယ်။ ပျော်ရွှင်စံမြဲ။ နွဲ့-ကြကြ။ ။ ရေပေါ်ဝဲ။ ခိုလဲ ချိုးလင်းပြာ။ ။ ဘုတ်ဝါနီလှ။ ဒေါင်းငယ်နှင့်သာ။ မယ်ညိုဘော်မြူးပြောင်း။ ။ ရွှေစာသောင်းသောင်း။ ကျေးပေါင်းတမာ။ ခေါက်ရှာတည့်မြူး၏။ ဇင်ယော် ကျူးရင့်ကြွေး။ ။ ပိတုံးထပ်တရာ။ ရွှေကြာထဲက။ လိပ်ပျာဝတ်မှုံ။ သုတ်ခါနှင့်သာ။ ။ ကရကတ်ရည်ရွှေ။ ဘော်ရွှေများနှင့်။ မြူးစားကူးသွား။ ပျော်ကာပျံကာ။ ပြည်စိုးဇီဝစိုး။ ငှက်ကယ်မှာသာ။ ကြော်ငြာသံ၏။ ကြွေးသည်ကမ်းနားမှာ။ ။ လေပြည်သာကာသာ။ မြူးလာတည့် သုတ်ဖြူးသွင်း။ ငုံဖူးကင်း။ ကြာနယ်ကြိုင်သင်း။ ငှက်ချင်းပျော်ကြ။ ကန်တော်မှာသာ။ [†]ဆဒ္ဒန်ဆင်လဲ။ တိုင်းသိဘဲ။ ကြာစွယ်ကိုစား။ မြူးသွားဟီလာ။ ရံကာတည့် သောင်းသောင်း။ ရွှေရံများလှတောင်း။ ။ စွယ်မောင်းနီလွင်။ ကိုယ်ပြင်ဖွေးလှ။ ပြော့တယ်ကော့တယ်။ ကြော့တယ်နှင့်သာရင်။ ။ ကြာမျိုးဆန်းလှ။ အိုင်နန်းမှာစံပျော်။ ရွှင်တယ်ကိုလေး။ ငှက်တွေမှာလဲ။ ရေနိုင်ဘဲ ဆဒ္ဒန်အိုင်ထဲ။ ပျော်စံဝဲကာရွှင်။ ။

**မှတ်ရန်**။ ။ ဆဒ္ဒန်အိုင်သာကို တချက်လွှတ်သီချင်းခန့်ဟုခေါ်ဆိုရာ၌။ တချက်လွှတ် ဟူသည်မှာ။ တီးရိုးတီးစဉ်၊ စည်း ၂ ချက်ခတ်စမြဲတွင်။ စည်း ၂ ချက်မခတ်ဘဲ။ စည်းတချက်လွှတ်၍တီးသောကြောင့်။ တချက်လွှတ်ဟု ခေါ်ကြောင်းဖြင့်။ ပညာသည်ကြီးများ၊ မိန့်ဆိုကြသည်။ အချို့သောပညာသည်ကြီးတို့က။ ဆဒ္ဒန်အိုင်သာသည် တချက်လွှတ် သီချင်းခန့်မဟုတ်။ ဘုန်းမိုဃ်းသွန်းလောင်းသီချင်းခန့်သာလျှင်။ အသွားတွင်၊ ကြိုးသီချင်းနှင့် ဆင်တူရိုးမှားဖြစ်၍။ စည်းကိုတချက်လွှတ်ပြီးလျှင်။ တချက်စည်း၊ ကြိုးစည်းယောင်ယောင်ဖြင့် သီဆိုရသောကြောင့်။ တချက်လွှတ်သီချင်းခန့် ဖြစ်ကြောင်းကို ဆိုကြသည်။

## ၂၁။ ။ နွေရာသီဘွဲ့တချက်လွှတ် သီချင်းခန့်အလတ်။ (ရွက်ညှာကြွေလျှံ)

**(ဆဒ္ဒန်အိုင်သာအလိုက်)**

ရွက်ညှာကြွေလျှံ။ ပင်ယံညီးလို့လင်း။ ကြိုင်သင်းလေ။ မြိုင်မင်းလေ။ ခိုင်ချင်းလေ။ ငုံမြန်းလေ။ ထွေဆန်းလေ။ ဝေလန်းလေ။ ယှက်-ရံ။ ။ မှုံရည်ညွတ်သည်နှင့်သာ။ ဘယ်ရွှေဝတ်ကယ်လို့။ ကြေဆွတ်ဘွယ်။ ခန့်တွေးပါနိုင်။

---

[*] ငှင်းသီချင်းကိုသီဆိုရာ၌။ အချို့ ဆရာကြီးများသည်- (ငှက်တော်)သို့ ရောက်ပြီးမှ။ ဆဒ္ဒန်အိုင်သာ-ပြန်၍ ကောက်သည်။ အချို့ကား။ (သောင်တင်းလေ) အဆုံးတွင် ဆဒ္ဒန်အိုင်သာ-ဟု ပြန်၍ကောက်ကြသည်။

[†] အချို့သောမူ၌။ (ဆဒ္ဒန်ဆင်လဲ) ရှေ့တွင်။ (ကြာနီကိုယှဉ်) ဟူသောတပိုဒ်ပါရှိသဖြင့်။ "ကန်တော်မှသာ။ ကြာနီကိုယှဉ်။ ဆဒ္ဒန်ဆင်လဲ" ဟု။ အချို့ဆရာများ ဆိုကြကုန်သေး၏။

ရင်လေးဆိုင်။ ပျံ့မွှေးငယ်လှိုင်။ ။ ရွှေနန်းငယ်တည့်ရာသီပိုင်။ နှင်းငွေအပြိုင်ငယ်မှာလေ။ ချစ်ခိုင်သွယ်ညွှန့်။ ကွန့်လှိုင်းဘုံ။ ။ သိုက်ရွှေမြို့။ ဝဲတုံခုန်လို့ တသွေးသွေး။ ယုယဘော်ဝေး။ ရင့်ကြွေးကျူးသီကာ။ ။ ခေါက်ရှာမယ်လျစောသည်နှင့်။ ကြင်ဆွေခေါ်ထူးမှား။ ။ သိင်္ဂါရွှေသား။ ဖောင်းကားတွံတျာ။ တမာတည့်သောင်းသောင်း။ သာရကာကျေးတို့ ဆွေးလေနွဲ့ပျောင်း။ လွမ်းရေးပွားကြောင်း။ သန်ကြွင်းဟေမာန်။ လေပြည်လောင်းလို့။ ချမ်းဆောင်းရည်ညို။ ခုပြုမည့်နယ်။ စံပယ်သာထွန်း။ ပန်းရွှန်းသော်က။ လောင်းပန်းအနန်း။ ဂေါ်ဇင်ရွှေသွယ်။ ရေကြည်သွန်ဆင်း။ တောင်မင်းဆီဆွယ်။ သံလှယ်သံညောင်း။ ဥဒေါင်းသီကာ။ ကိန္နရာမောင်မယ်။ စိန်ခြူးသွယ်သွယ်။ သိင်္ဂီရောင်နွယ်။ ရွှေကြယ်တည့် ညီးညီးလင်း။ မှောင်ဝေးရှင်း။ နန္ဒာပျော်ခင်း။ ကန်မင်းနောင်မြင့်။ အောင်ပင်လယ်ဆိုင်။ ရွှန်းပြိုင်။ ဂူလှိုင်ရွှေနန်း။ နှိုင်းရာရွယ်မှန်း။ မဥ္ဇူခိုင်လန်း။ ထူးဆန်းလှိုင်ကြွယ်။ သည်ဝယ်တည့် မွှေးမျိုး။ ရေယဉ်ဝန်းလှဲ့မိုး။ ။ ရိုက်ကြိုးပဉ္စင်။ အိမ်ရှင်နွဲ့လို့။ မြဆိုင်းအမွှန်။ မှိုင်းအုံတော့စေပင်။ ။ နန်းနွေလှကို။ [*]နေရုက ရွှေသက်တင်ငယ်ကိုလေး။ [†]ပိုက်ချွေနှင်နွှေး။ [‡]စောမည်ရေး။ လျှပ်နယ် [§]တဝေး။ တိမ်နယ်[**]ပြေး။ ရေးရာဆင်။

## ၂၂။ ။ မျှော်ပါယောင်မယ်ဘွဲ့ တချက်လွှတ် သီချင်းခန့်အလတ်။ (မြဆံကေသာ)

### (ဆဒ္ဒန်အိုင်သာအလိုက်)

မြဆံကေသာ။ ယဉ်ရွှေကြော့ထုံး။ ကြာရုံးလေ။ သာဆုံးလေ။ ဇာအုံးဘွေ။ ။ သုံးရွှေရုံလည်။ ရစ်သည်နှင့်သာ။ ဘုံမြင့်ငယ်စံရာ။ မြသွေးမှာ။ ခ,ရေးကြာ။ ဆ,တွေးခါ။ လှလေးငယ်မှာသာ။ ။ ထုံနှင်းသပ်ကယ်။ သော်မော်သဇင်။ ပန်းမွှေစက်ရာ။ ခွင်ငယ်မှာလေ။ ချစ်ခင်ဟန်နှင့်။ ဉာဏ်ရေးဆင်။ လှလွမ်းပင်ငယ်။ ရွှေစင်ပုံရုပ်ကယ်-သွန်းသို့သို့။ ။ သော်တာဝန်းလို။ ပုံညွှန်းသူ့ရုပ်ရေငယ်သာ။ ။ ညက်ပြာညိုနွဲ့နောင်းငယ်နှင့်သာ။ ယဉ်ရာယဉ်မျိုးပေါင်း။ ။ ရွှေဘော် သောင်းသောင်း။ ရုံးပေါင်းစီကာ။ ညီညာတည့်ဆေးလေး။ သံဝါကျူးရင့်ကြွေး။ ကြိုင်မွှေးပျံ့စွာ။ ယဉ်ရာရွှေးလို့။ ရွှက်ညှာ ဝတ်မှုံ။ ဆွတ်ခါနှင့်သာ။ [††]တမွတ်ရောင်ရွှေ။ ပြာခြေစိမ်းလဲ့။ ယိမ်းတိုင်းပျောင်းတိုင်း။ ယဉ်မူမြင်သူ။ မှိုင်မောလှိုင်စော။ ဗျာပါဝေဆူ။ ။ ဖြေယူသော်လဲ။ အုံးမပြိုင်ဘဲတုံ။ ။ ရွှေရင်တော်အုံ။ ရောင်စုံတည့်ဖြိုးဖြိုးလင်း။ ဝိုးဝိုးဝင်း။ သာသာလေညှင်း။ ပြတင်းပြူဝ။ မျှော်တော်စေသာ။ ကြော့ဆုံးနတ်မှာ။ ။ ကြင်မစုံဝေး။ လွမ်းဆေးစုံခါ။ ကြေညာတည့်ပျံ့ရှင်း။ လှိုင်စွာ မွှေးနံ့သင်း။ ။ ပြာဝင်းနွဲ့ပင်။ သဇင်အုံးက။ ဘုန်းငယ်ဘုန်းငယ်။ မုန်းမယ်နှင့်သာရှင်။ ။ ဆင်ရန်ပျိုးသည့်။ နောင်စိုးမည့်-လှလွမ်းပင်ငယ်ကိုလေး။ မျက်ရှင်ပုလဲ။ ပြည်တန်ရွှဲ။ ပြစ်တင်တော်လဲ။ ခံရခဲတယ်ကို။

## ၂၃။ ။ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (မင်းခမ်းတော်စုံ)

မင်းခမ်းတော်စုံ။ ရွှေဘုံရွှေနန်းမ,လေး။ ခေါင်ထွဋ်မှုစကြာ။ စံရာမြင့်ပလ္လင်ဗွေ။ ။ သာသာထွေဆန်းလှလှ။ မြပြသာဒ်နန်း။ ဘုံပျံပလ္လင်။ ဥကင်ဝမှာ။ သီဟာသ။ မောက်ဖြိုးလျှမ်း။ ။ လျှံသမ်းခတယ် သတယ်။ နာဂ ဘီလူး။ ဆင်းလှစွယ်ပြူးပြူး။ ။

---

[*] နေရုက ရွှေသက်တင်ငယ်ကိုလေး = မြင်းမိုရ်တောင်မှ ဆင်းသက်လာသော သက်တန့်။ ။ ဤ၌-မြင်းမိုရ်တောင်ခပန်း၌။ လှည့်သန်းရစ်ပတ်ခါသွားလာလျက်ရှိသော၊ နေမင်းမှ သက်တန့်ပမာ ဆင်းသက်လာသော။ နေမျိုးနွယ်ဟု ဆိုလိုသည်။ ။ နေရု (ပါဠိ) = မြင်းမိုရ်တောင်။ ။ သက်တင် = သက်တန့် = စက်တန့်။

[†] ပိုက်ချွေနှင်နွှေး = ဆွတ်ယူသိမ်းပိုက်သည်ဆိုလိုသည်။ ။ နှင်နွှေး (ပေါရာဏ) = နွှာသည်။ လှီးဖြတ်ဆွတ်ယူသည်။

[‡] စော(ပေါရာဏ) = စိတ်စောသည်။ မြတ်နိုးသည်။

[§] တဝေး(ပေါရာဏ) = မပြား = အတူ = တူညီသည်။

[**] ပြေး = တပြေး(ပေါရာဏ) = အကြောင်းတူညီသည်။

[††] တမွတ်(ပေါရာဏ) = အထွဋ်။ အမြတ်အဖျား။

မြူးဂဠုန်ဝဲ [*]ကွန်လို့ဖြာ။ ရွှေကိန္နရာ။ ဒေဝိန္ဒာ ကေသရာဇာ။ ဝေအလျှံဖြာ။ ဒေါင်းငယ်သံသာ။ ကျူးရင့်ရင့်ကာ။ ။ နန်းမ,မြတ်စွာ။ ဆောင်ညာတည့်ဇေတဝန်။ ။ သလွန်ပြောင်ရွှဲ။ စံရာထဲ။ မျက်ရှင်ပုလဲ။ ရောင်လျှံမစဲ။ နန်းဆောင်ဆောင်ထဲ။ သဘင်ပွဲ။ [†]ပြတိုက်တော်။ သာပျော်စနယွန်း ယွန်း-ယွန်းငယ်မှာ။ ရှုဘွယ်တင့်တယ်။ လှတယ်ပတယ်။ ဂဇာသန။ ရာချရွှေစကား။။ ပေါက်သားလိုပြောင်။ ဆောင်လုံးငယ်သာလင်း။ ။ ထိန်ဝင်းသိင်္ဂါလျှံဖြာ။ ချမ်းမြွေရိပ်ကြာ။ ပရိတ်တော်နာ။ ဘုံသာတည့်ဆောင်ထဲ။ ပွဲတက်ဆောင်လယ်မှာ။ သခ်ါစံဦးညွှတ်ရတန်း။ ။ ဖလ်နန်းလေ။ လျှံသန်းလေ။ ရှင်လန်းနော်။ ဖလ်နန်းလေ။ လျှံသန်းလေ။ မှန်နန်းတော်ထဲကစေသာ။ ကရဝိတ်တွံတျာ။ ဘမရာတည့်ကျူးသံချေ။ ။ ပြာဝါရွှေ ဆန်းလှလှ။ မြောက်စမုတ်နန်း။ လျှံဝါလျှံဝါတည့်ထူးဆန်း။ စံခန်း ဘုံပျံပလ္လင်။ ဖူးမြင်ရွှက်ဆင်။ ယဉ်တယ်ကိုလေး။ ဘုန်းထွင့်တင်။ သခင်စံသည့် နန်း-နန်း-နန်းငယ်မှာ။ သူဇာစန္ဒာ။ သိင်္ဂါညွှန့်လန်း။ ဖူးဝေကြာပန်း။ အကုန်ဆန်း။ ဘုံပလ္လင်နန်း။ မင်းခမ်းစုံစွာ။ ရံကာတည့်သောင်းသဲ။ ဆောင်ဘုံထဲက။ ကြူးနွဲ့ကြူးကဲ။ ဆင်ရန်ဆင်ရန်။ ကနက္ကဒဏ်။ ရောင်လျှံဝင်းလို့။ ရွှန်းတယ် ရွှန်းတယ်။ လွမ်းဘွယ်နှင့်သာ။ ဆန်းဆန်းငယ်လေ။ ဆန်းဆန်းတိုးဆင့်။ နန်းရိုးနန်းရိုး။ စဉ်ကာယှဉ်လာ။ ရွှေနဲ့ငွေနဲ့။ ပဋ္ဋင်တူရိယာ။ သံသာရှင်ညောင်း။ ကျူးလို့သာပေါင်းငယ်စုံ။ ။ မာလာရွှေငုံ။ ဝတ်မှုံနံ့မွှေးမျိုးသင်း။ ဆဒ္ဒန်ဆင်မင်း။ နတ်နှင်း ဆက်သ။ စံရာထံသာ။ ရွှေဘုန်းမြတ်တေဇာ။ ။ အာဏာခေါင်ဖျား။ ထူးခြားကိုးထွေ။ ရေသော်တည့်ပုံပြင်။ ဂုဏ်အင်ကြီးလှ။ ဘုန်းမီးဘုန်းမီး။ ထိန်လျှံထိန်လျှံ။ ပေါက်မ ဆဒ္ဒန်။ နတ်ဘန်ဆက်လို့ စကြာနောင်လာ။ ရောက်မည်နှင့်သာရှင်။ ။ ဉာဏ်သဗ္ဗည။ သုံးလူ့ဆုပန်ဆင်တယ်ကိုလေး။ ပလ္လင်သာခန်း။ စမွယ်မြန်း။ မျက်ရှင်ရောင်လန်း။ အံ့ဘွယ်ဆန်းသည်ပင်။ ။

## ၂၄။ ။ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (ဇမ္ဗူမြန်ချာဗွေမှာ)

ဇမ္ဗူမြန်ချာဗွေမှာ။ ထွန်းလှာထွန်းလှာ ထွန်းလှာပပလေ။ သောင်းဝန်းဗိုလ်လူ။ သိမ်းယူတည့်ချုပ်တော်မူ။ ။ လှိုင်ကြူကြူ မွှေးပျံ့ပျံ့သင်း။ ထူးဆန်းထွေလည်။ ပြည်ပြည်တည့် နတ်များမင်း။ ။ စံစံစံခင်း။ စံခင်းနတ်နယ်ပသည်။ ရွှေဝမြတ်နန်း။ သာလှထွင့်စိုးမြန်း။ ။ မိုးယံတိမ်ဦးငယ်ကသာ။ ထိန်ဖြာလျှံဝါ။ ဣန္ဒာစံရာ။ ရောင်ခြည်သော်တာ။ ရံသည်ပေါ်လာ။ ထွန်းသို့သို့ပင်။ ကျွန်းလုံးဝေဆာ။ ဝါဝါဝင်းလျှပ်ခြည်ရောင်။ ။ ဘုန်းဝေကျော်ကြား။ ပြိုင်သူရှား။ စိုးနေဝံ့စား။ ယဉ်ရာသား။ ထူးထွေရာထား။ ခေါင်ထွင့်ဖျား။ နန်းဗိမာန်ဘုံမြင့်စွန်း စွန်း စွန်းငယ်မှာ။ နှုန်းရာနိုင်းရာ။ မျှသည်ပသည်။ နေလ,အလား။ မာဃနတ်ရိုးမှား။ ။ ထက်ဘုံငယ်လျှံ။ တောက်ထွန်းငယ်သာဝင်း။ ။ စံခင်းအောင်ချာဗွေလည်။ ထူးဆန်းထူးသည်။ နန်းသာရွှေပြည်။ ဝန်းလည်တည့်သိမ်းမြန်း။ ရွှန်းရွှန်းသော်တာ။ ပေါ်လာလင်းစင်ထွန်း။ ။ ရောင်ရွှန်းလေ။ ပြောင်ထွန်းလေ။ မှောင်ယွန်းလေ။ ရာဇဉ်းလေ။ စံခင်းလေ။ ခြေရင်းလေ။ ဦးညွှတ်ခသာ။ ။ မင်းခမ်းစုံစွာ။ ရွှေသားတည့်မျက်ခြည်ရောင်။ ။ ဆောင်ရောင်သာညီးငယ်မျှ။ မင်းခန်းစုံစွာ။ ရံကာရံကာတည့်ကျင်းထား။ ခေါင်းဖျားညွှန့်ဖူးမှာ။ ဆောင်းဦးရိပ်ဖြူငယ်မှာကိုလေ။ ဝန်းယှက်ခါ။ လှိုင်လှိုင် လှိုင်ပွင့်လန်း-လန်း-လန်းသည်နှင့်လေ။ ထွန်းလျှံဝင်းလျှံ။ ပသည်လနယ်။ သာလှရိပ်ဝဲ။ ဘုံမြင့်မြတ်နန်းထဲ။ ။ မြန်ခွင်ငယ်လေ။ ဥကင်တော်ပွဲ။ စဉ်ကာယှဉ်ကာ။ ယဉ်ရာတင့်တယ်။ သွယ်သွယ်ထွေပြား။ ထူးထွေရာများ။ မင်္ဂလာသား။ ခမ်းနားအင်္ဂါ။ စုံစွာတည့်ထူးဆန်း။ ရှင်လူလန်းလို့။ ဘုန်းပန်းဖြာဖြာ။ ဝေဝေဆာဆာ။ စည်လာတိုးဆင့်။ သက်တော်ရာကျော်။ ထွန်းပေါ်တင့်ဆောင်။ ရွှန်းရွှန်းငယ်လေ။ တိုးဆင့်ဆင့်။ ဘုန်းမိုယ်းဘုန်းမိုယ်း။ သီတာသီတာ။ ပြည်လုံးရှင်ပြုံး။ စည်ပင်သာယာ။ ယာမာတူနိုး။ ထွန်းလျှံသာမျိုးစုံ။ ။ ရွှေဘုံပြောင်ပြောင်။ ဆောင်ဆောင်တည့် ထူးထူးဆန်း။ ထူးထူးဆန်း။ ရွှေဘုံရွှေနန်း။ ထူးဆန်းပင်သာ။ ကျွန်းကျွန်းတိုင်းခန်း။ ဘုန်းရောင်ခြည်မွှန်း။ ပြည်တရာနန်း။ သိမ်းမြန်းပိုင်ပိုင်။ နိုင်ငံတည့်ကျယ်စွာ။ သာယာထွန်းပ။ ညီးလင်းညီးလင်း။ ပြောင် ပြောင် ပြောင် ပြောင်။ မြေချာကုန်အောင်။ ပြည်ထောင်မင်းက။ စကြာရွှက်ပန်။ သက်နံ့စုလှာပုံ။ ။ သုံးဘုံရပ်က။ လူနတ်တို့မှီရာငယ်ကိုလေး။ နောင်လာမဝေး။ ပျံ့ကြူမွှေး။ သစ္စာတော်ကြွေး။ ပွင့်မည်ရေးပင်မှန်။

---

[*] ကွန်(ပါရာဂ) = ပျံတက်ခြင်း။

[†] ပြတိုက်(ပေါရာဏ) = လူပျိုတော်များ စွဲမြဲခစားရာတိုက်အိမ်။ ။ ပြ= လုလင်ပျို

## ၂၅။ ။ မျှော်တော်ယောင် မယ်ဘွဲ့ သီချင်းခန့်အလတ်။ (ဝတိန်နန်း)

ဝတိန်နန်း။ မြင်းမိုရ်ချာစွန်းကက။ ဝန်းဝေဝေ။ မှိုင်းပြာလေ။ တင့်ဆန်း လျှပ်ခြည်ထွေ။ ။ တိမ်ခြေလေ မည်းမှို့မှို့ဆင်။ ထူးထွေလာ။ ဘယ်ညာတည့်ယှက်ကူးသန်း။ ။ ရံဝန်းပြလာ သ,လာ။ ရီမြအုံ့မှိုင်း။ ညိုမြပိတ်ဖုံးဆိုင်း။ ။ မှိုင်းအာကာ။ မည်းညို့ညို့ဆင်။ ။ နီလာလိုသာ။ ညိုပြာမှောင်ကွာ။ ထွေထွေလာသာ။ ဆန်းလှလေ။ ။ ညှိုးမြန်းပူဆာ။ နေလို့လို့ ကောင်းနိုင်အောင်။ ။ မိုဃ်းညိုမှာလဲ။ စာနာဘဲ။ ငြိုးငြိုအုံ့နွဲ့။ ရွာလာရွှဲ။ ဝမ်းမှာကြေကွဲ။ ဘန်ဘန်ကဲ။ ခန်းစက်ရာဘုံမြင့်အုံး-အုံး-အုံးငယ်မှာ။ တွေးကာမှိုင်ကာ။ ယိုင်သည်နှင့်သာ။ ခါမြင့်ရက်ကြူး။ ဖြာဆင့်ဆွတ်ရှိန်မြူး။ ။ ပျံ့ထူးငယ်ထွေ။ အုံ့မှုူးငယ် သာဆန်း။ ။ သည်မင်းပျိုငယ်မှာလေ။ လားလားယွင်းသွေ။ ခြားနားကွင်းကွေ။ လွဲအောင်ရှာဘွေ။ ထွေထွေပြားပြား။ လာပါဘဲနှင့်သား။ ။ ဟိုများမှာ။ စံစားကာ။ ပျော်ပါးကာ။ ယှဉ်နွဲ့လေ။ ကြာမြင့်လေ။ လာထင့်လေ။ နှင့်နှင့်ပင်။ ။ ရှေးကျိုး ကြမ္မာ။ ကံရင်းထူးထွေလာ။ ။ ကြိမ်ဘန်သာများလှလှ။ မိုဃ်းထပ်ခါလေ။ ပွေရှာလို့ကြူးနွဲ့။ တိမ်ပန်းသက်တင်ရောင်။ မှိုင်းလှဲ့ ညိုမှောင်။ ပြောင်သည်သာလေ။ မြူးယှက်ခါဝေလို့။ ပတ်ကုံးငယ်ဆင်။ ရှည်ရှည်ကြာကြာ။ မြင့်ကာဆင့်ကာ။ လေနှင့် ရောထွေး။ သံရင့်တကြွေးကြွေး။ ။ ဆန်းကြယ်လေ လွန်ပြည့်တင်း။ ပျော်နေကာ။ ဟိုမှာဘွေရှာ။ ထွေရာလို့သာ။ လေညာ ရင်တွင်း။ မြူးလာကာသွင်း။ ဖြေမသာခင်း။ လွမ်းပုံလာ။ ဒေဝါကဲထွင်၍ထား။ မွေးထူးဆန်းလှ။ ကြူးကဲထွေလာ။ ဘန်ဘန် ချိန်ခါ။ အုံကာအုံကာ။ အုံကာဝန်းလို့။ နတ်ရှင်မှာလေ။ တွဲကာနွဲ့ကာ။ ။ မြူးထူးသားနှင့်။ လားလားထံပါး။ ခွေယိမ်းရွှေကြာ။ မာလာဖြာဖြာ။ သီတာရေဆင်း။ နှုန်းလျော်ပုံခင်း ပင်။ ။ ဖေါ်ကွာစုံလင်။ ပျော်ရွှင်ကြ ခက်ခဲတောင်း။ နေမသာကောင်း။ လွမ်းရအောင်သာ။ သင်္ချာထွေထူး။ *အကြူးမင်း ထိပ်တကာမှာ။ လှည့်ပါမြောက်တောင်။ ညိုမှောင်တည့်ပြာပြာ။ အာကာလုံးက။ မှိုင်းမှိုင်းညိုရောင်။ မှိုင်းမှိုင်းရောင်ဖြာ။ ဆင့်သွယ်ညွှတ်ရှင်။ ထက်ခွင်ဘုံလို။ ရင့်လာသံဝါ။ ညခါမှသာ ပေ။ ။ ခန်းစက်ရာဘုံမြင့်အုံးငယ်မှာလေး။ ခြံကြာလုံရေး။ မျှော်မှိုင်ဆွေး။ ဖြေမသာရေး။ ဖေါ်ကွာဝေးတယ်ကို။ ။

## ၂၆။ ။ ဗျာသီဆယ်ရွာစား။ ဦးလွန်းပြေရေးသော မယ်ဘွဲ့ သီချင်းခန့်အလတ်။ (ရွှေစံပယ်ရုံ)

### ဟံသာဝတီရောက်မင်း၏ ဘိုးတော်ဘုရားလက်ထက်၊ ဗျာသီဆယ်ရွာစား၊ ဦးလွန်းပြေရေးသော မယ်ဘွဲ့ သီချင်းခန့်အလတ်။

ရွှေစံပယ်ရုံ။ ငုံဖူးညွန့်ညွန့်လေ။ မိုးနန်းတောင်ညာ။ သူဇာထင်မားဘွယ်စေ။ ။ ဆံကေသာပန်းပင်ပန်းပေါင်း။ လျောင်းပျံ့သင်းရှိန်း။ ယဉ်ပင်ကိုယ်ညိုနွဲ့မှာ။ ယဉ်မိုနှင့်ကြော့စိမ်းစိမ်း။ ။ ဆောင်ငြိမ်းတွဲ့သည်-နွဲ့သည် လေသွဲ့ပြတင်း။ မျှော်ရှုခိုက်တုန်းတွင်း။ ။ ဝင်းသော်တာ။ ထွန်းသို့သို့သာ။ စံဆောင်အိမ်မှာ။ ဂုဏ်အရှိန်ဝါ။ ကိုယ်ရောင်လျှံဖြာ။ ရွှန်းတော့တော့သည်။ ပါးနားရေရည်။ လည်၍စိမ်းညိုညို။ ။ စီးယိုသည်လား။ အထင်မှား။ ဆွဲဒါလီပွား။ စုံလင်များ။ မီးကုန်ရွှေသား။ နီခေါင်ဖျား။ ကိုးမျက်ရှင် ရောင်ခြည်ဝန်းမျှ။ ပြစ်မျိုးစင်ငယ်ကို။ ပါးတွင်လျှားလျှင်။ တွေ့ပါ၍သာ။ သည်က-ဆကဲ။ ပူရစိတ်ဝမ်းထဲ။ ။ ရစ်သန်းငယ်လိန်။ ။ ချစ်မျိုးငယ်လေစွဲ။ ။ ဖြေလဲပြေပါနိုင်လို။ နွမ်းလျငြိုးသို။ လွမ်းအားဖြိုးမို။ အိုလေဝေဆူ။ ရဲပူတည့်မီးကျီး။ ညိုစွဲ-ရင်မှာ။ လောင်စာသာ ကျွမ်းလှူနီး။ ။ ဆောင်ကြီးလယ်။ အောင်ပြီးလွယ်။ လုံလေးမယ်။ ဖြူသေးသွယ်။ ပူရေးကြွယ်။ ခဲလှလှကံ။ ကျိုးကျိုးနွံ့နွံ့။ ကြံကြံမိချိန်ခါခါ။ ။ လွမ်းပါနိုင်ဘူးမို့မို့။ ညှိုးလျော်ခွေရင်း။ ဘုံဗွေ၊ ဘုံဗွေတည့်စက်တွင်း။ မှိုင်ရင်း။ စိတ်ဆင်ခြင်။ ကူးသန်းယှက်တင်။ ချင်ပါသော်လဲ။ ချွဲဘက်ကယ်ရုံမျှ။ ကျွန်းကျွန်း ကျွန်းမာယာ။ လန်းဖြာဆန်းသာ။ ချဲ့တယ်နွဲ့တယ်။ ကြင်ဘွဲ့ညွှတ်ပြောင်း။ ကြံလို့ဖြစ်ခဲတောင်း။ ။ ညောင်းသံငယ်ပြသည်။ မူလငယ်ဟုတ်ဘဲကို။ ။ လှည့်လှည့်ဝန်းဝန်း။ နွဲ့ပင်ပျော်မူ။ အုံးအုံးအုံးမှာတွင်။ အုချာရွှေရင်။ ပူပင်တုံးတွင်။ မိုဃ်းတိမ်ခေါင်ချဉ်း။ ဒေဝါမင်း။ ရွာမလိုဆင်း။ ထွန်းဝင်းစက်ပျံ့။ ရွှေတိမ်ယာဉ်ဟန်။ ခြည်လျှံဝင်းဝင်းလင်း။ သိမ်မွေ့တဲ့ ဗွေချာမှာ။ ဘော်ကွာဝေးစေဘို့။ စိတ်ဝယ်လောက်ကူ။ နောက်ပူခဲ့ပြီ။ လွမ်းပေါင်းငယ်လေ၊ လွမ်းပေါင်းမှားလို့။ နွမ်းပွားနွမ်းပွား။ တွေရီခွေမှိ။ ဘုံသုံးခွင်လုံး။ ယှဉ်မတူညီ။ သိင်္ဂီယဉ်ကျေး။

* အကြူး = အလွန်အကြူး။ အထူးတလည်။

ဆွေးကြုံဘွယ်ကြီးစေ။ ။ နေတိုင်းမှာပင်။ ပျော်ရွှင်မှုလမ်းကဝေး။ နွမ်းပန်းရေး။ ပူဘွယ်ကံပေး။ ဧ မငြိမ်းချမ်း။ ဖလ်လယ်ဘုံမှာ။ မှိုင်ယောင်ကာသာ။ သူဇာလေလား။ ထင်တွေးမှား။ သနားဘွယ်သာ။ ပျော်ရာတည့်ဝေးစေသောပင်။ ။ သည်ကြာညောင်သာ။ မယ့်မှာသေလှူနီးပါပြီလေး။ မူးခွေယိုင်ကာ။ နေကြူးတယ်ရှင်။ ။

**မှတ်ချက်**။ ။ လုကို လူဟုရိုက်ထားသည်။

## ၂၇။ ။ ဘုန်းတော်ဘွဲ့ သီချင်းခန့်အလတ်။ (အယဉ်မျိုးကြူး)

အယဉ်မျိုးကြူးပင်သာ ကြူးလှလှလေ။ ဆန်းထူးအထွေထွေ။ နှုန်းရာပုံထား။ နတ်နယ်သား။ ။ ခေါင်ချာ စိုးရရ။ တိုင်းပြည်ထောင်။ ရန်မှောင်တည့်မြူမေးကင်း။ ။ ထိန်ဝင်းလျှပ်ခြည်ပ,သည်။ ရွှေဝမြနန်း။ သာလှထွဋ်စိုးမြန်း။ ။ ဘုန်းတော်လေ။ ကြီးမြင့်မြင့်စွာ။ ထိန်ဖြာလျှံဝါ။ နေခြည်သော်တာ။ ပေါ်လာလျှံဝါ။ ထွန်းသို့သို့ပင်။ စိုးမိုးစံရှင်။ ပြိုင်နှုန်းနတ်ရည်တူ။ ။ မင်းဝံတောင်ဖျား။ ယဉ်ရာသား။ စိုးနေစံစား။ ခေါင်ညွှန့်ဖျား။ ထူးထွေပုံထား။ ခြွေရံများ။ နန်းဗိမာန်ဘုံမြင့် ထွဋ်စွန်ငယ်မှာ။ နှုန်းရာနှုန်းရာ။ ပ,လာ မျှရာ။ နေလ,အလား။ မာဃနတ်ရိုးမှား။ ။ ထက်ဘုန်းငယ်လျှံ။ ။ ပတ်ကုံးငယ်လင်း။ ။ စံခင်းခေါင်ချာဖွေလည်။ နန်းသာရွှေစည်။ ဝန်းလည်တည့်သိမ်းမြန်း။ ရွှန်းရွှန်းသော်တာ။ ပေါ်လာလင်းစင်ထွန်း။ ။ ပြောင်ရွှန်းလေ။ မှောင်ကျွန်းလေ။ ဆောင်ယွန်းဖွေ။ ရာဇဦးလေ။ ရန်လင်းလေ။ ထံရင်းလေ။ ဦး-ညွတ်ချကာ။ မင်းခမ်းစိုးစည်။ ရွှေသားမြ-မျက်ခြည်ရောင်။ ။ ပြောင်ပြောင်လေညီးမျှ။ လင်းလင်းထိန်ဖြာ။ ရံကာရံကာတည့်ကျင်းထား။ ခေါင်ဖျားညွှန့်လူးလာ။ ဆောင်းရိပ်ဖြူမှာလေလဲ။ ဝန်းယုက်ခါသာလှိုင်လှိုင်ပွင့်။ လင်း လင်းလင်းသည်လေ။ နှိုင်းရာနှုန်းရာ။ လှတယ်ပ,တယ်။ သာလှရိပ်ဝဲ။ ဘုံမြင့်မြတ်နန်းထဲ။ ။ မြန်ခွင်လေ။ မြန်ခွင်လေ။ ခေါင်ဖျားမှာ။ စဉ်ကာလေ။ ယှဉ်ကာလေ။ ယဉ်ရာနုနုနယ်။ သွယ်သွယ်ထွေပြား။ ထူးလည်ရာခြား။ မင်္ဂလာသား။ ခမ်းနားအင်္ဂါ။ စုံစွာတည့်ထူးဆန်း။ ရွှင်ရွှင်လန်းမျှ။ ဘုန်းပန်းဖြာဖြာ။ ဝေဝေဆာဆာ။ စဉ်လာစဉ်လာ။ စဉ်လာဖြိုးမြင့်။ သက်တော်ရာကျော်။ ထွန်းပေါ်တင့်အောင်။ ရွှန်းရွှန်းငယ်လေ။ ရွှန်းရွှန်းတိုးဆင့်။ ဘုန်းမိုယ်းဘုန်းမိုယ်း။ သီတာသီတာ။ ပြည်လုံးရွှင်ပြုံး။ စည်ပင်သာယာ။ ယာမာတူရိုး။ နှုန်းရာသာမျိုးစုံ။ ။ ရွှေဘုံပြောင်ပြောင်။ ဆောင်ဆောင်တည့် ထူးထူးခြား။ ထူးထူးခြား။ ဝေယန်ခေါင်ဖျား။ မိုးသိကြားသွင်၊ ရည်တူစံရှင်။ ကျွန်းကျွန်း တိုင်းခန်း။ ဘုန်းရောင်ခြည်လန်း။ ပြည်တရာနန်း။ သိမ်းမြန်းစိုးပိုင်။ နိုင်ငံတည့်ကျယ်စွာ။ သာယာထွန်းပ။ ညီးလင်း ရွှန်းပြောင်။ မြေချာကုန်အောင်။ ပြည်ထောင်ပြည်ထောင်။ ပြည်ထောင်မင်းတို့။ စကြာရွက်မှန်။ သက်နံ့စုပုံလှာ။ ။ သုံးဘုံရပ်ကယ်မှာ။ လူနတ်တို့မှီခိုရာငယ်ကိုလေး။ ။ နောင်လာမဝေး။ ပျံ့ကြူမွှေး။ သစ္စာတော်လေး။ ပွင့်မည်ရေးပင်မှန်။ ။

## ၂၈။ ။ မင်းရဲကျော်စွာ ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဇမ္ဗူကျွန်းလုံး)

ဇမ္ဗူကျွန်းလုံး။ သိမ်းကြုံးပေါင်းရုံး။ ဘူမိပတ်ကုံး။ ရေမြေတောင်တောဆုံး။ မျှမျှ။ ချုံး။ ချချ။ ။ ကျွန်းကျွန်းတိုင်းခန်း။ မင်းပေါင်းထီးနန်း။ နိုင်ငံကျယ်စွာ။ ထူးထူးဆန်းဆန်း။ ဝန်းဝန်းလျှားလျှား။ နီးဝေးအများ။ ပိုင်သနိပ်နင်း။ ကျယ်ဝန်းနိုင်ငံ။ မင်းဝန်အောင်ချာ။ မြတ်စွာရွှေဘုံနန်းကက။ ထွန်းပပ။ ။ ညီလင်းရောင်ဖြိုး။ နေတူရိုး။ သိမ်းမြန်းပိုင်စိုး။ အခေါင်မိုး။ စံကာဘုန်းပန်း။ လန်းလန်း ဝင်းရွှန်း။ မိုးမျှယဉ်မျိုး။ ပုံယာမာယှဉ်။ ရောင်ထင်လျှမ်းလျှမ်း။။ မင်းခမ်းမင်းနား။ စုံလှလျှပ်သား။ စိန်ကြောင်နီလာ။ များနှင့်နှင့်။ ပွါးဆင့်ဆင့်။ ။ ကိုးပါးမျက်မျိုး။ ဘိုးကားလွန်ကြူး။ ချယ်လယ်စီမွှာ။ ခိုနန်းအချွန်း။ ကွမ်းလောင်းအရွှန်း။ ထူးဆန်းအမွှန်း။ နေလားလျှပ်လား။ ထင်မှားဘွယ်သာ။ ရွှေနာရဏီ။ သိဂီစံလျော်ဖြိုးမြင့်မြင့်။ ကဲဆင့်ဆင့်။ ။ မင်းတို့ဆောင်ပြား။ အရာများ။ တိုင်းပစံစား။ ယှဉ်ရာသား။ ဘွယ်ရာထူးခြား။ ကြူးကဲရွှန်းစား။ မိုးမျှ။ ယဉ်မျိုး-ပုံယာမာယှဉ်။ ။ ရေလျှင်ပျော်ရွှင်။ ကြာတင်နီးလှ။ ကုံလုံလျှံဖြိုး။ ယဉ်မျိုး-ချုပ်တော်မူသည်ကိုသာ။ ရှုရာများလှ။ ချေင်းကျူးချင်း။ နာဘွယ်ချိုသာ။ ယှဉ်လှလုံခြုံစွာ။ ။ နတ်ဘုံမှာလိုလဲ။ သည်မှာ ရွှေဝရွှေပြည်သာ။

ပြည့်စုံစွာဖြစ်လာထွေထူးဆန်း။ ။ နစ်များငယ်ဖြင်။ ပွင့်လင်းငယ်ထွန်း။ ။ စည်ပင်ပျော်ရွှင်ဘွယ်သာ။ နန်းအောင်ချာခန်း။ ဘုံသာတည့် နန်းတွင်း။ သင်းသင်းမွှေးလှိုင်။ ကြေိုင်ပန်းနှင့်။ နင်းပန်းလောင်းပန်း။ ပန်းရွှန်းပန်းသွန်း။ နော်ဇာရွှေဝါ။ မာလာရနံ့။ မဟာလေ့ကား။ ရွှေသားပန်းသစ္စာ။ ။ ဆတ်သွားဒန်းနှင့်။ အနန်းအနန်း။ မာလာမာလာ။ ခေါင်ရန်းနှင့် ဇီဇဝါ။ ။ နင်းဆီသာ မဉ္ဇူပန်း။ ရေကန်နန်းဥယျာဉ်လယ်မှာ။ နန်းစည်ပင် ယဉ်ကျေးဆန်း။ ။ နပင်နလှ။ ဆင်ဘွယ်များ။ ရွှေသားပွင့်နီဝါ။ သူဇာစန္ဒာ။ မည်သာနှင့်ကျော်။ ပျိုတော်ရွှေများ။ ကုံးသီပျော်ပါး။ ရံကားထံပါး။ ဦးထားရှိရှည်။ သာကြည်တည့်ညွှတ်ပြောင်း။ စုံစွာဆုမျှတောင်း။ ။ ထောင်သောင်းသချ်ာ။ ဖြိုးကာမိုးလှ။ နယဉ်စေသာ။ ဖြစ်ပေရလေ။ ။ ထူးထူးထွေထွေ။ ရွှေငွေများလှ။ တိုးပွားဝန်းလျား။ ချယ်လယ်စီကာ။ ဆောင်ကြဆက်သွင်း။ ဆင်မြင်းရတနာ။ ကညာဆယ်ပါး။ ထွားထွားဖြူစင်။ ဆောင်ဆောင်ဘုံမှာ။ ခြွေရွှေရံကာ။ ဒေဝီသူဇာ။ ပြင်လျာတည့်ပြစ်မျိုးကင်း။ တောက်ထွန်းလင်း။ နတ်နယ်ပုံခင်း။ မယွင်းတူစွ။ မူရာဂဇာ။ တင်-ဆင်ယဉ်သည်နှင့်လေး။ ပျော်ရွှင်စံစား။ တရားနှင့်အညီ။ ယှဉ်မှီတည့်ဘက်ကင်း။ ဘုန်းအင်ကြီးသည့်မင်း။ ။ ပုံခင်းနိုင်းရာ။ စကြာမင်းသို့။ သက်တော်ရှည်မည်။ မြဲသည်နှင့်သာပင်။ ။ တိုင်းခွင်မြေလို ရွှန်းလှနပျိုပျိုငယ်ကိုလေး။ ပျော်ရွှင်စံစား။ ရေစာများ။ ဘုန်းလှိုင်ပွင့်ပြား။ မြိုင်မြိုင်သားစည်ပင်။

## ၂၉။ ။ ပုခန်းမင်းသားရေးသော မယ်ဘွဲ့ သီချင်းခန့်ကြီး (ပန်းကြာဝတ်မှုံ)

ပန်းကြာဝတ်မှုံ။ ရွှေဘုံ-ရွှေဘုံနန်းကလေး။ ။ ညွတ်ရုံးဝန်းလည်။ သုံးမည်ခ-ရံရွှေလယ်။ ။ ကြော့နတ်နယ် နွဲ့လန်းကြူးယဉ့်။ ပတ်ဝန်းယှက်သန်း။ သလွန်မြင့်မှာ။ သလွန်မြင့် မှန်သိန်းမြန်း။ ။ မြနန်းယုန်နယ် မှုံတယ်။ တိမ်ဘုံ့ထက်ပိုင်း။ ရွှေလ, ရိပ်သည့်တိုင်း။ ။ နှိုင်းဘွယ်ခိုင်းဘွယ်သာ။ ။ ရွှေရင်မှာ။ ငွေဇလတ္တာ။ တခြမ်းဖြူလွှာ။ ပိတုံးတောင်စာ။ ပန်းလွှာရွှေရည်။ မောင်းရင့်ရင့်လေ။ ။ နှုန်းသင့်ဘွေရှာ။ စကြာတည့်ဘန်ဘွယ်ပင်။ ။ ကေရှင်မြကုံး။ မြိတ်ရစ်ရုံး။ နက်စဉ်ပိတုံး။ တောင်ပန်နှုန်း။ မြကေသွယ်လုံး။ ရောင်လျှံဘုန်း။ ထုံးယှက်ခါ။ ယဉ်ရာယဉ်ကြော့ ဆုံး ဆုံး ဆုံးငယ်မှာ။ ဖြူပြာမူရာ။ ကြော့တယ်ပြော့တယ်။ ရွှေဖဲ့ရုပ်လား။ မြင်တိုင်းတွေးကြမှား။ ။ လျှပ်သားလိုသာထိန်။ ။ စိန်သားလိုသာဝင်း။ ။ ရွှေညှင်းစီကာရီကာ။ နင်းပွင့်လိုသာ။ နန်းရင်းရွှေညှာ။ ရွှေရင်တော်မှာ။ စိမ်းပြာတည့်လန်းလန်း။ တက်ဆန်းငယ်သော်တာ။ ပေါ်လာသာထွန်းတင့်နှုန်း။ ။ မှောင်လုံးလေ။ ပြောင်ဆုံးလေ။ ဆောင်လုံးရွှေ။ ခေါင်ဆုံးဖွေ။ ရောင်နှုန်းလေ။ ရွှေသုံးရံ၊ ဝန်းခလို့သာ။ ။ ဆန်းမျိုးပုံရာ။ သည်မှာတည့်စုတယ်ကို။ ။ လေချိုချို ယိမ်းလို့လို့။ ပန်းခင်းပြန့်ပိန်း။ လည်မှာ၊ လည်မှာတည့်ညွှတ်ယိမ်း။ စိမ်းစိမ်းညိုညိုပြာပြာ။ ဝင်းလို့ရှိန်ဖြာ။ လင်းလို့ထိန်ဝါ။ ယဉ်စရာကို။ သည်မှာတည့်စုပေါင်း။ နင်းတခိုင်လို။ လေချိုရာပါလို့ပြောင်း။ ။ သာတောင်းလေ။ ရာတောင်းလေ။ ကြာညောင်းဘွေ။ ထုံသင်းလေ။ ဘုံခင်းလေ။ မွှေးလှလှကြူ။ ခရားလှိုင်ကြူ။ မဉ္ဇူတည့်ပန်းယင်းမာ။ ။ ပြာပြာသာ ယိမ်းတိုင်းပြောင်း။ ပိန်းတမှောင်သန်း။ ရွှေဘုံ၊ ရွှေဘုံတည့်မြနန်း။ ရောင်ရွှန်းမည့် ပတ်လည်သွယ်။ ဆောင်လုံးပွင့်။ လျှပ်ခြည်နယ် ငယ်ကိုလေ။ ချစ်ဘွယ်သာရွှေရင်ဝမှာ။ ဆန်းဆန်းဆန်းပါတယ်။ ပြုတယ်မှုတယ်။ ပြုတယ်မူရာ။ ပါးမှာမဝေး။ ထင်တော်တရေးရေး။ ။ ကြင်မည်မောင်မှန်း။ ချစ်ပန်းပျိုစ။ ကြံကာကြိုး။ ပူညှိုးဘွဲ့စေသား။ ။ နွဲ့နွဲ့လန်းလန်း။ သုံးရွှေရံခ, ဝန်း ဝန်း ဝန်းငယ်မှာ။ ကြင်မည်ခင်မည်။ ဆင်မည်မို့လဲ။ ပြောင်းကုန်နိုင်ဘဲ။ မျက်မှုံရွှဲ။ ညှာမတည်ဘဲ။ မျက်ရွှဲသိဂ်ါ။ ထိန်ဝါတည့်ရဲရဲ။ တိမ်ဘုံပန်းက။ နန်းထဲနန်းထဲ။ ဖြစ်သည့်သိဂ်ီ။ ချိန်မှီချိန်မှီ။ မှုသည်မြန်းလို့။ တွဲတယ်နွဲ့တယ်။ ဘဲ့နယ်နှင့်သာ။ ။ စိန်းစိန်းငယ်လေ။ စိန်းစိန်းခါးလို့။ ဆန်းပြားဆန်းပြား။ ထွေထွေလာလာ။ ကြင်ရေးဘယ့်နယ်။ သေသေချာချာ။ ရွှေဗျာတော်ခွန်း။ ညွှန်းလို့ကြင်ရေးယူ။ ။ အတူဇာပြိုင်။ ပိုင်ပိုင်တည့် နွဲ့ပရှင်။ စံဆောင်တသင်း နတ်နင်းတပွင့်။ ယဉ်သူကေသွယ်။ ရွှေဝန်းဘုံသဉ်လယ်။ ငယ်မာန်ပိုတုန်း။ နတ်နှုန်းဘွယ်ပင်။ စိန်ကြာတည့်ပုံပြင်။ ကုန်စင်ဖြူးလို့။ ကျူးနွဲ့ကျူးနွဲ့။ ပျော်ကာစံရွှင်။ ဖိုမလွန်းကျင်။ တူပင်နွဲ့လို့။ ချစ်ဘွယ်ချစ်ဘွယ်။ ချစ်ဘွယ်နှင့်သာ ပင်။ ။ ပန်းဘုံတွင်း။ ငွေနှင်းမဉ္ဇူတွင် ငယ်ကိုလေး။ ပြောကုန်နိုင်ဘဲ။ မျက်မုံရွှဲ။ ရွှေလည်မှာဆွဲ။ ဆင်ရခဲသည်ရှင်။

## ၃၀။ ॥ အဝမြို့ မင်းကြီးကတော်ခင်ဆုံရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ရဝေနန်း)

ရဝေနန်း။ စိန်ကြောင်ဖလ်ရောင်ဆန်းထွန်းပထိန်။ ॥ [*]ဗူဦးရာနိမ်။ အာလိန်မြင့်ဘုံလယ်။ စမွယ်စိုးမြန်း။ ဝေယန်မိုးနန်း။ သည်မှာ လွန်ထူးဆန်း။ ထွန်းလို့ညီး။ ॥ မပြိုင်နူန်းရာ။ အာဏာတေဇာ နှံ့စေသား။ သာနအောင်မြေချာ။ ॥ တက်နေဝါသူရိန်။ မြတ်အာဟိန်။ နွယ်တော်ရှိန်လေ။ ဘုန်းရောင်ခြည်။ သောင်းဖွေလည်။ အံ့နိုင်ဆန့်အောင်။ ကြုံရအထူး။ တေဇာထွင့်ရှ လျှံမြူး။ ॥ ပြည်ပြည်ထောင် လျှိုးဝပ်ကြလာ။ စုံကြာမုံအာ။ ဆယ်ဖြာပန်ဆင်-သာယာစံရွှင်။ ကျွန်တော်ခံဝင်။ ဆယ်ပြည်ဆယ်မင်း။ ဦးညွှတ်ခ ပန်တယ်သာ။ ॥ ဆင့်ဆင့်ပဏ္ဏာ။ ထွေရာပြည့်ပုံယင်။ မြင်းဆင်များတောင်း စိုးမိုးကဲကြောင်း။ ဖေါ်တရွှေပေါင်း။ ပျော်ဘွယ်များတောင်း။ ခေါင်အချာစိုး။ ထောင်ရာဖြိုးဝေ။ နေနူန်းနန်းဆိုမှား။ ကြူးကဲဆန်းပြား။ တိုင်းကားသာရွှင်ကြတန်ခိုးငယ်ပေါ်။ ကြူးကြော်လေ။ ဘုန်းတော်လေ။ ပတယ်ပတယ်။ နေလ,တသန်း။ ပြိုင်ကြဘက်နူန်းနန်း။ ॥ တက်ခန်းငယ်ဖွေ။ ဘဝဂ်ဆုံးငယ်သာချင်း။ ॥ ဘယ်မင်းစဉ်လာယှဉ်စွာ။ ကြားရဘူးပါ။ ရေးဆက်ထုံးလာ။ ဘယ်တူနိုင်ပါ။ တောင်ညာကျွန်းတွင်း။ ဘက်ကင်းငယ်ရွှေဉာဏ်တော်။ ထင်ပေါ်လွန်ချီးနိုင်၊ ကြူးအံ့မျိုး။ ॥ ရှည်ကြာဖြိုးဝေ။ အောင်ချာစိုးပေ။ ခေါင်ချာမိုးနေ။ ရာပြည်မင်းလေ။ ရွှေစက်ရင်းလေ။ ခွန်ဆက်သွင်းပေ။ ကျွန်းချက်မ-အောင်မြေချာ။ ပွင့်ဆုမုန်စွာ။ နောင်လာတည့်ကေန်။ နိုင်ငံတိုင်းလုံး။ သာယာခြိမ့်အုံး။ ပြောစည်ပင်။ ဝန်းကျင်တိုင်းသိ။ ရွှေငွေပြည့်ဖြိုး။ အင်္ဂါ အင်္ဂါတည့်စုံညီ။ ခေါင်ဖျားသူရိန်သော်တာ။ ဆန်းလို့ထွန်းဝါ။ ချမ်းမြလင်းဖြာ။ အောင်မြေလယ်ချာ။ ထီးရာလုံးမှူး။ မြင့်ဖြူးငယ်ရွှေဘုံ။ စိန်ငုံဖလ်ရောရာ။ ဖြိုးပြည့်လျှမ်း။ ॥ အောင်ဆုပန်လေ။ ရှင်တော်ထံလေ။ ကိုယ်တော်ဉာဏ်ပေ။ ကြည်ယုံဖြိုးဝေ။ ဆယ်ဖြာမိုးလေ။ ကွယ်ကာကိုးစေ။ ဦးညွှတ်ခ,ရန်အောင်ရာ။ ॥ ပြည့်ဆုမုန်စွာ။ [†]ဗူသာ ကျွန်းပေါ်။ ညာမော်သောင်းခန်း။ မြူမှောင်ဝေးထွန်း။ ရောင်ခြည်ဖြာဝင်း။ ထိန်လင်းညီးမျှ။ ရှင်စောစန္ဒာ။ တေဇာတေဇာတည့် အာဏာ။ ရောင်ဖြာရောင်ဖြာလုံ့း။ မျက်ရှင်မျက်ရှင်သာ။ ॥ ညွှန်းငယ်လေ ဆက်လှာ။ သ,လှာ။ ဆဒ္ဒန်မာတင်။ ဆင်ပုံဖြူမျိုး။ ဘုန်းမိုယ်းစွေရွှာချ။ မစဲငယ်နိုင်ပါ။ ဖြိုးကာမိုးကာ။ သိမ့်အောင်ခြိမ့်တယ်။ ဘယ်ကအခြား။ ရန်ညွှန့်ပေါက်စမ်းငြား။ ॥ သိသိကြေ။ ထုံးလိုမှုန်းရ။ အာဏာပြင်းတယ်။ ရာမင်းမင့်ထိပ် ဦးငယ်ဖွေ။ ॥ ခယသည်။ ပြည်တရာဇာ။ လှဲ့ပြာပြာ အိပြာပြ။ ငယ်မူပွတယ်ရွှတယ်။ ယဉ်ရာဖြူပြာ။ မူရာနန်းရိုး။ မိုးသူဇာလား။ ထင်ယောင်မှား။ ဆိုမိဘွယ်သား။ ကိုယ်ရောင်ဝါဝင်း-ထွန်း။ နနပြောင်းရွှေစင်။ စိုးစမွယ်ရွှင်ပါလို့ ပျော်ဘွယ်သာ။ လန်းတယ်ဆန်းတယ် ယဉ်ဆုံး။ သုံးရံလယ်ဝန်းရွှေခ။ ဘုန်း [‡]ကေရာ ကြီးပေလှ။ ရွှေနန်းဆောင်ဘုံတွင်းဝင်းပ။ နနယ်ရှုဘွယ်။ ရွှတယ်အိတယ်။ ॥ လျှုံလျှုံကိုယ်လုံး။ ဟန်မထူးခြား။ ကိုယ်တော် ရွှင်လန်း။ စံမြန်းစိုးတင့်။ ညိုးညိုးညီးညီး။ ရွှေရောင်ကြူးကဲအောင်။ ဆောင်ဆောင်ဘုံမှာ။ ပြောင်ပြောင်ထိန်ဝါ။ ဝန်းကျင် တိုင်းကား။ နှိုင်းဆယ်ဖြာခ-ပန်ဆင်။ ॥ အောင်မြင်ကာသာ အလွယ်။ ရန်ဘယ်ဘယ်ဝန်း။ ဆယ်ခိုင်စုံပန်း။ တိုင်းနိုင်ငံ စည်ပင်လို့ ရွှင်တယ်ကို။ အိုပျိုသူ ရှင်လူသာ။ စံရာညာနေ။ အောင်မြေကျွန်းလုံး။ ဖွေအုံးရာညီးလှ။ ပုလဲငယ်သောင်ငွေ။ ရေ-သဲ-တနဲ ဆန်းတယ့်လန်းတယ့်။ လွယ်တည့် လွယ်တကူ။ တိုင်းသူချမ်းသာ။ ပူမဆာ။ သာဖြူ နလုံးထား နလုံးထား။ ပုံပမာ တဆန်းတထူး။ ရေယဉ်လယ်မော် ကျွန်းဦး။ ရာရှည်ကြူးအောင်။ ဘုန်းတော်ဖြိုးမြင့်။ နှစ်ပြိုင်တဆူ။ လင်းဖြာထွန်းလာ။ အရောင်အဝါ။ ဖြိုးတယ်မိုးတယ်။ တေဇတန်းခိုးငယ်ဝေ။ ॥ ထွန်းညာကြေ၊ လေးကျွန်းလုံးက။ နှံ့ကြော်ငြာ။ ဆန့်အောင်သာ။ ဆင့်ကာမြင့်ကာပေ။ ॥ [§]သောင်းခန်းနေ ဖွေဝန်းလယ်။ ဘုန်းတော်ဘိကာ။ နိမ်နင်း နိမ်နင်း။ ရန်စမေးရင်းပြေးဆုံး။ ပိုင်ကာ သိမ်းရုံး။ ဘယ်မှာပုံရာရှိပန်ကာ။ ပြည်ထောင်သာမင်းမျိုး။ စုံဦးလျှိုး။ ရန်မျိုးခရသည်။ ရာရာမင့်းထွင့်ရှ ဦးငယ်ဖွေ။ ॥

---

[*] ဗူဦးရာနိမ် = ဇမ္ဗူဒီပါကျွန်း၌။ တရာသောမင်းတို့၏ ဦးနိမ်ရာဖြစ်သည်။ ဆိုလိုသည်။

[†] ဗူသာကျွန်းပေါ် = သာမျိုးအပေါင်းနှင့် ပြည်စုံသော။ ဤဇမ္ဗူဒီပါ၊ လက်ျာတောင်ကျွန်းပေါ်တွင် - ဟူ၍ ဆိုလိုသည်။

[‡] ကေရာ = ကေရာဇ(ပါဠိ) = တကျွန်းလုံးကိုသစိုးပိုင်သော။ တဦးတည်းသောမင်း။

[§] အထက်ပါ ရဝေနန်းသီချင်းခန့်ကြီးအဆုံးတွင်ပါရှိသော (သောင်းခန်းနေ။ ဖွေဝန်းလယ်) အစချီ သံထောက်မှာ။ ပဌမမူရင်းသံထောက် ဖြစ်သည်။ ॥ ၎င်းသံထောက်အစား အဆိုလွယ်ကူစေရန်။ ဒေဝက္ကန္ဒာဆရာက။ (သောင်းစကြာဝဠာ၊ တေဇာရိုက်ချုန်း၊ ဘုန်းတော်ကြီးစွာ။ ထီးတရာကို၊ စိုးခါပိုင်မြန်း၊ ရွှေဘုံနန်းဝယ်၊ ဆန်းစုံစွာ၊ စကြာဆက်လှာ၊ ပံ-သ-ရာမျှား၊ ထွင့်ရှ်ဦးငယ်တင်) ဟူသော သံထောက်ကို၊ ပြင်ဆင်ပေးခဲ့သဖြင့်။ အချို့မူများတွင်၊ ထိုပြင်ဆင်ချက်သံထောက်အတိုင်းပါရှိနေသည်။

## ၃၁။ ။ မြဝတီဝန်ကြီးရေးဆက်သော တောတောင်ဘွဲ့-သီချင်းခန့်ကြီး။ (စုံသာမြိုင်လယ်)

### နောင်တော်ဆဒ္ဒန်ဆင်မင်းသခင်လက်ထက်။ မြဝတီဝန်ကြီးရေးဆက်သော တောတောင်ဘွဲ့-သီချင်းခန့်ကြီး။

စုံသာမြိုင်လယ်။ လွမ်းဘွယ်တခန်း။ ယဉ်ပုံဝေ။ ထွေဆန်းလှလေ။ ။ ရော်မြန်းရွက်ကျင်။ ညိုလွင်တည့် မောင်းပြေပြေ။ ။ သာသာလေ ညှင်းဆော်လှို့။ မြူးလာ-ယှက်သန်း။ ကျုံကျုံရွှေငုံ့။ ပန်းမှုံနံ့ ကြိုင်လန်းလန်း။ ။ ဖလ်နန်း စကြာလှဲ့မှိန်။ တိမ်က တင့်ရဲ။ ဆင်လို့အနဲနဲ။ ။ ကွဲကြေကြွေဆွေး လှူလှူဘွယ်။ ။ တပင်ပျံလှယ်။ မြေယံဝယ်။ ရွှေရင်ပေါင်လယ်။ ဖိုမ,မောင်မယ်။ ကျူးတယ်ခေါ်သံသာနှင့်လေ။ ။ ကိုယ်လုံးမြစေ။ သိုက်ရွှေညှံ့နန်းလယ်မှာ။ ။ ပန်းလွှာရည်ရေး။ နီလာသွေး။ မြူးပျော်ကာ ကြွေး။ ဘော်ညီဝေး။ လှမ်းခြေယူနေး။ ပူဝန်လေး။ ကျေးငှက်ကယ်။ ညာဘယ်တောင်က။ တောတောတောငယ်မှာ။ လွမ်းရန်သွယ်သွယ်။ ဆင့်အောင်ရင့်ရှူ။ ကူးလို့တခန်း။ မြူးကြအဆန်းဆန်း။ ။ ရှုတိုင်းငယ်ထွေ။ ဘွဲ့ရေးငယ်သာ-ပန်း။ ။ နွေကူးသာစွ လိုင်ညီ။ သင်းတဲ့ရာသီ။ နှင်းလှဲ့ဖြာစီ။ ရွှေကိန္နရီ။ နွဲ့မှီတည့်ပြောင်းမြန်း။ ပတ်ကုံးငယ်ဆင်ကာ။ မှုံပြာပြာ ရောလို့ဆန်း။ ။ စံခန်းလေ။ လျှံလန်းလေ။ ဘယ်မှန်းလေ။ တိမ်ဆိုင်းလေ။ တိမ်လှိုင်းလေ။ ဝေမှိုင်းကာ မြူးလို့လို့ဆင်။ ။ နရန့်းကျောက်တင်။ ရေရှင်တည့်မြလိုလို။ ။ ခွံစိုစို စိမ်းလန်းရင့်။ ညှင်းခင်းမည်ပြား။ စုံစွာ၊ စုံစွာတည့် ခြားခြား။ ရွှေဝါး၊ သိုက်မြင်နွယ်။ သွန်းသွန်းမြင့် သွယ်သွယ်ငယ်ကိုလေး။ နန်းနယ်သာ ဝေယန်ထင်မိ။ မှား မှား မှားလေအောင်။ တောတောင် သီတာ။ တင့်လှိုင်ပွင့်ဆိုင်။ ကြိုင်နံ့မဆုံး။ မြိုင်က ပန်းဂမုန်း။ ။ တိမ်လွှာငွေနှင်း။ လေသွင်း ရစ်ဖွဲ့။ ဖျော်-ဖြေတယ်ငယ်ကို။ ကြည်ကွဲ့ဘွဲ့စေသား။ ။ ရင့်ရင့်၊ ဖြိုးဖြိုး။ ဖိုးခေါင်မယ်လျှ။ ဒေါင်း ဒေါင်း ဒေါင်းငယ်မှာ။ ဖေါ်ရှာခေါ်ကာ။ ကြော်ပြာကျူးဇေ။ ကြွေးမြည်သံသား။ ရွှေပင်နား။ စုံယံလေ မြိုင်ဖျား။ ဖောင်းကား တမာ။ ခေါက်ရှာ ခေါက်ရှာတည့် သောင်းသောင်း။ ခြွေရံ များနှင့်။ ရုံးပေါင်း ရုံးပေါင်း။ ဝတ်ရည်မြရုံ။ ငွေခုံရွှေမြံ-တူစုံနွဲ့လို့။ သက်ပြိုင် ဝေလှယ်။ ချစ်တယ်နှင့်သာ။ ထုံသီတာခင်း။ အိုင်မင်းချမ်းမြ။ နှိုင်းတန်းနှိုင်းတန်း။ ဘွေရှာဘွေရှာ။ မည်ရေးမည်ရေး။ ကုဏ္ဍလာ။ မန္တာတူကင်း။ ငါးမည်ကြာမင်းလှိုင်။ ။ ကြည်ကြည်ဝေမြိုင်။ ရေဆိုင်တည့် လျှမ်းလျှမ်းဖြိုး။ လျှမ်းလျှမ်းဖြိုး။ ပန်းမာလာမျိုး။ မစိုးသော်က။ ရွှေဇူပါယူ။ မိုးစွေ သင်းခွေတည့် မွှေးလှိုင်ကြူ။ ။ မဟာလေကား။ ဆတ်သွားမဥ္ဇူ။ ပြင်းဖြူတည့်အနန်း။ ပုံယဉ်များလှ။ နှင်းပန်းလောင်းပန်း။ နံ့ကြွယ်ပြန့်လှယ်။ ရဂုံပျော်ဘွယ်။ ဖေါ်မယ်ဝေးလို့။ တံ့နိုင် ဘန်ရေ။ သဲကြွေလုပြန်အောင်။ ။ မိုယ်းမာန်ဖွဲ့မှာ။ ပြုံမဲ့ခုဟန်-ဆောင်တယ်ကိုလေး။ လွမ်းနောင်သွယ်လျား။ ဖြေတော်အား။ တံ့ရန်ပျော်ပါး။ မြင်လာသားစေပင်။

**မှတ်ရန်**။ ။ သက္ကရာဇ် ၁၁၈၁ ခုနှစ်။ နောင်တော် ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီးလက်ထက်။ စောင်းတော် အတီးသင်ရာတွင် အထက်ပါ-စုံသာမြိုင်လယ် သီချင်းခန့်ကြီးကို။ အမိန့်တော်နှင့် ရှေ့တော်တွင် မြဝတီဝန်ကြီး ရေးသား ဆက်သွင်းရသည်။ ။ ထိုသီချင်းခန့်ကြီးမှာ တေးဒူးလေ များသည်ဖြစ်၍။ သီချင်းသားနှင့်တကွ။ စောင်းကြိုး ပတ်သာတို့ တီးမှတ်ရန် အသံများကိုပါ ထည့်သွင်းရေးသားရမည်။ အမိန့်တော်ရှိပြန်သည်နှင့်။ အောက်ပါ-"ဇေယျာရွှေမြေ" သီချင်းခန့်ကြီး ကို ထပ်မံရေးသား ဆက်သွင်းရသော ဟူ၏။

## ၃၂။ ။ မြဝတီမင်းကြီးဘွဲ့ဆိုသော၊ ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဇေယျာရွှေမြေ)

ဇေယျာရွှေမြေ။ ယဉ်ရေခွေဝန်းလျား။ ရှုဆန်းပြား။ သီတာခြံ့ရံနေခ။ စံရာရွှေနန်း။ ကြူးလွန်ကဲမြင့်။ အရောင်ဝေ။ ။ ထွေတယ်လေဇမ္ဗူ မဥ္ဇူမှူးမြေညာ။ ရွှေမေရုဗ္ဗေချာ။ သည်မှာနှုန်းနန်း။ ဖြာလန်းဖြာဝေ။ ထောင်ရောင်နေ။ မှောင်ချွေ။ ရောင်သွေ။ လင်းလာထွန်းသို့။ ချီး-ဘဲ-ကုန်နိုင်ငြား။ များဆင်ဖြူယဉ် ညဉ်နှင့်သာ။ ကျွန်ဝင်ခ,ရှိဦးထား။ ။ သူမတူခယ-စေသာ။ ရေမြေနှံ့-တေဇာအာဏာ။ ဝေယန်မြင့် အာကာဗွေချာ။ ရွှာလာထန်စွာ။ ရွှေဖျာဦးထား။ ဆင်ကာညွတ်တွား။ နှင့်စေနှင့်စေ။ သွေငွဲ့နိုင်-လျင်စွာထန်စွာ။ ကြေညာနှံ့ပြည့်လျှမ်းငယ်များ။ ။ သွန်းမြူးဖြန်းလောင်းကာ။ ဒီပါလုံး ဆယ်ကြာညွှန့်။ ဆင်ရာဆင်ပန်း။ ဘုန်းသီတာဖြန်း။ ရွှေပြည်နိုင်ငံ။ ချမ်းငြိမ်းဇေ။ ဆေးဆေး လေးလေး။ သာယာစည်ဖြာ။

ဘုံမြင့်မော်။ စံဖွေသီဟာ။ တင့်ရောင်ရွှန်း။ ဝေဝေဆာဆာ။ ဝတိန်သာနန်း။ ဆိုရာမှန်းလေ။ မတူထွေဆန်း။ သာဝေမော်ဝယ်။ ဘော်အညီလာ။ စီကာရွှေဝန်းရံများခ။ ညာနေသူ့ကေသွယ်သီလေ။ နေနတ်နွယ်ပီပီညွှန့်။ [*]မြူအငွေလ္ဘာ။ [†]ကြေးအမြေတာ။ ဘယ်မှာငံ့-တံ့ရာ။ မြေချာလွန်ဝေး။ ကျွန်းဦးစုံစွာ။ အံ့ရာခမ်းနား။ ထွေဆန်းပြား။ နိုင်နိုင်ငံ ဝန်းလျား သူ့တိုင်းကား။ ပြည်ပြည်မင့်း ပန်ရာဖွေလယ်။ မြေမြန်ချာ အောင်မြေကြော့။ ရော မြလျှံဖြာကူး။ မင်းဝံတောင်ရင်းမြူး။ တင့်မျိုးကြူး။ ။ နူးငယ်လျာဘွယ်။ တောင်နယ်ရေနှင့်။ လွမ်းရန်များတယ်။ သွယ်သွယ်ကိုလေ။ သောင်ငွေမှောင်ချွေ။ ရောင်ဝေလင်းထွန်း။ ပျော်ဘွယ် [‡]လ္ဘတ်ကျွန်း။ ပြန့်လေသွဲ့မှာ။ ညိုလှဲ့ငယ်ဖြူရောင်ပြာရောင်။ မယ်မောင်တို့ ချစ်ရေးငယ်မြန်း။ ။ ကူးသန်း-နွဲ့ပျော်ခါ။ ။ တောင်မန်းငယ်သာ။ သီတာသွန်းသွန်း။ ဖြာရွှန်းညာလေ။ ကန်မင်းငယ်သာ။ လျှံလင်းငယ်သာထွန်း။ ။ များလွန်း စိမ်းလန်းကြည်။ ။ ဝတ်ရည်သင်းမြူး။ မြိုင်မင်းဦး။ ငုံရွှေမှုံချွေ။ ထုံလေ ညှင်းသာပျံ့။ မာလာသိင်္ဂါလေ။ ညိုပြာဖြူဝါ။ ရဲကြာမျိုး။ လွှမ်းမိုးကါသာ။ တမ်းမျှော်ရာ။ ဘော်ကွာနင့်သာ။ ခေါ်ကာတည့် ရွှန်းစား။ ဟသ်ာမည်ပြား။ မယ်ညိုသွားရင်ဘောင်။ ပျော်အောင် ဘော်ဆောင် ခေါ်နှောင်-ဖေင်ကြွေးရင့်ကြူး။ ။ ဇမ္ဗူမြေမှူးလေ။ မတူထွေထူးလေ။ တမူကြေနူးဘွယ်။ မဟာလေှကား။ ပင်ယံနားလေ။ ဗျပါဖြေပြား။ ပြေနိုင်ပါလွယ်။ နယ်နန္ဒာ ကန်သာရေလျှံ။ ဝန်းကြည်စိမ်းလဲ့။ ဖလ်ရှိန်ညို့ တိမ်မိလ္လာသွယ်။ ကန်အောင် ပင်လယ်သာစွ။ ကျယ်တပြန့်ပြိုင်။ ဘယ်မတန့်နိုင်။ လှိုင်လှိုင်လှပုံရာ။ ရေစာလွန်ပေါ။ များလျားစုံစီ။ ။ ခါမှန်ရာသီ။ သွန်းညီဖြိုးလို့။ မိုယ်းနွေယံစင်။ ကြိုးစွေလျှံလင်။ သါနထွေထွေ။ ရှုလေလေတင့်။ စံဖွေမှန်ရွှေ။ ညာနေကြည်ရှင်း။ အိုင်မင်းတောင်သမန်။ ။ မြတ်ဟန်လေနတ်ဌာန်။ မန္ဒာကီနိလဲလို။ ဆိုယောင်ထင်တွေးမှား။ ခမေးမှား။ များငယ်အံ့နိုင် စည်မြိုင်ဖြာဆင့်။ ပွားတယ်များတယ်။ သွယ်သွယ်ကိုလေ။ ။ယူနေ ပြူစေ။ ကြူထွေသင်းသင်း။ ဆယ်မည်မင်းမင်း။ ကျင့်ရာဆင့်ကာ။ ညီလှငယ်မှန်နေဘန်ဝေ။ မြန်မြေလုံ့-ထွင့်ဦးငယ်ထား။ ။ တိုင်းကား ချမ်းငြိမ်းသာ။ ။ ရှင်လူကြည်ဖြူ ပြည်သူပေါင်း။ ကြွယ်ညှောင်းဖြိုးလှ။ လှူဟန် များထွေ။ နေနွယ်ဝံသာ။ ဘယ်မှာဘွယ်ရာ။ တွယ်တာငံ့။ လွယ်ကာပံ့ဖျော်ဖြား။ ကြင်ကြင်နာနာ။ ကျူးကျူးဇေ။ ဆေးဆေး လေးလေး။ စဉ်ကာယှဉ်လာ။ ။ ရွှေငွေရတနာသာ။ သည်မှာစုံစွာ ပုံလာရ။ ပြောထူမောသူ။ သယ်ယူခွင့်ကုန်နိုင်ပါ။ ။ ဝေယန္တာ။ မြေမြန်ချာ။ နေဖလ်ဝါနိုင်းတမ်း။ ချယ်ကာလှယ်ကာ။ ဘွယ်ရာထူးဆန်း။ နန်းအောင်ချာ။ ။ စိန်ကြောင်ချယ်နီလာ။ သိင်္ဂါဇမ္ဗူရောင်မှန်း။ လျှမ်းတင့်တင့်။ ပွားဆင့်ရှင်လန်း။ မြူးထောင်ခြည် [§]မှောင်နည်နှင့်သာ။ ပျံ့မည်ခန့်ထွေဆန်း။ ရာ-ပြည်ထောင် ပြည်ထောင်တိုင်း။ နိုင် နိုင်ငံမင်း။ ပန်းမြန်းစုံကာ။ ။ ဖြူပြာမူရာ။ သူဇာနူန်းထား။ ခတွေးမှား။ တင့်ဟန်ဖျောဖြား။ ရင့်ရွယ်စေသား။ မန်းတောင်ညာမော်။ သုံးရွှေဝန်းခ။ မြမြေ သပြေသပြေ။ ညွှန့်လေ မသွေ မသွေ။ ပြန့်ပေါင်းသာထွေ။ မြန့်ဖွေကွန့်မှာ။ ။ ထွန်းလျှံဖြာမိုးဖျား။ ရေမီးသား။ ရောင်တော်ထွေပြား။ ကြူးလွန်ပွားဆင့်။ ကဲမြင့်လေလေ။ ရွှန်းတင့်ဝေဝေ။ ရှင်တော်ရာမွေ့။ မြတ်ဆံကေပွင့်။ များလေပုံမှီး။ မောင်းရွှေရေမီး။ [**]အံ့ရာလ္ဘန်ဝှဲချီး။ ညီးတေဇာ။ ။ သည်သာသည်မှာ။ ကြုံလာကြုံပြား။ ဘုန်းကိုယ်တော်စား။ ကြည်ဘွယ်သားနှင့်အလွန်ပင်။ ။ [††]ရေသော်ဖြင်-မှန်ကူ။ မြတ်ဆူဆူပေါင်း။ လျှံလူရောင်နွယ်။ [‡‡]မိုးယံကယ်။ ညာဘယ် ဝန်းလျား။ တေဇာနံ့ ရှင်စေဖျား။ နေနူန်းထား။ ရွှေဘုန်းအား သည်သာသည်မှာ။ တည်လာထွန်းပြား။ မာန်မြူမမှုံသိင်္ဂါ။ ယာမာထင်ရ။ နှိုင်းဘွယ် နှိုင်းဘွယ်။ ကိုလေ ကိုလေ။ ။ ဝေး-လွန်း-ကျွန်း နိုင်ငံခြား။ စုံရှိမုံကြာ။ တင့်လုံကာ။ များပုံရာ ပဏ္ဏာနင့်သာ။ ဆယ်ဖြာတည့်ဦးထား။ ရွှေငွေဆင်မြင်း။

---

[*] မြူအငွေလ္ဘာ = အ, ကား။ ပြန့်နှံ့ခြင်း ဗဟုဝုစ်ဖြစ်၍ ရွှေပေငွေပေ အလ္ဘာလ္ဘာ ဆိုလို၏။

[†] ကြေးအမြေဟာ = ဤတွင်လည်း။ အမြေမြေ ဟူ၏။

[‡] လ္ဘတ်ကျွန်း = ကျွန်းကား = မဲ့ = မရှိ။ ။ အတုမရှိ။ အတုလွတ် ဆိုလိုသည်။

[§] မှောင်နည် = အမှောင်တည်းဟူသော အမိုက်တိုက်ကို နိပ်နင်း ဖျောက်လွှင့်သည် ဆိုလိုသည်။ ။
နည် (ပေါရာဏ) = နိပ်နယ်အောင်မြင်သည်။ ။ ည်=ယ်။

[**] အံ့ရာလ္ဘန်ဝှဲချီး = အလွန်တရာ ချီးမွမ်းအံ့သြဘွယ်ရာ ဖြစ်ပေါ်လာသည် ဆိုလိုသည်။ ။ ဝှဲချီး (ပေါရာဏ) = ချီးမွမ်းအံ့သြခြင်း။

[††] ရေသော်ဖြင် = ရေတွက်၍ မကုန်နိုင်အောင်။ ပေါများသည် ဆိုလိုသည်။ ။ ဖြင် (ပေါရာဏ) = ပေါသည်။ များသည်။

[‡‡] မိုးယံကယ် = မိုးလုံးပြည့်မျှ ဆိုလိုသည်။ ။ ကယ် (ပေါရာဏ) = ပြည့်နှက်သည်။ ပိုလျှံသည်။ များပြားသည်။

*သည်ရင်းသော်တာ။ ။ စံရာရွှေညီလာ။ သီဟာဘမရာထား။ မိုးမြင့်မြင့်။ ကိုးဆင့်ဖြန့်ဝန်း။ ထီးဆိုင်ဆိုင် ရောင်ပြိုင်နှင့်သာ။ စည်မြိုင်လှလင်းထွန်း။ ဘယ်-ပြည်ထောင် ပြည်ထောင်တိုင်း။ နိုင်းဆွယ်စံကျွန်း။ ကောင်းညွှန်းဆိုကာ။ ဧရာအဏ္ဏဝါ။ ဗိုလ်ပါပေါင်း။ ငြိမ်းမှုသွန်းလောင်း။ လေရေမြေစောင်း။ ရဲယုံကျွန်ပေါင်း။ သူပြုလာစေ။ နှင်းနေမောင်းသို့။ တံ့နိုင် အကြေအကြေ။ ရွှေ့ယိုင်အကြွေအကြွေ။ ခုဘန်ရေရေ။ လွင့်လေလွင့်လေပင်။ ။ ရာရာဝင်မပြူ။ ရှေးက ငယ်ကြားဘူး။ ။ ကြုံပေရ ရွှေမြေတိုင်းသူ။ ကယ်ယူခွင့်။ သည်မှာ ဘုန်းပန်း။ ပျော်ခန်းသာထွေ။ ရင်းနေမှန်လွန်ငြား။ ကြော့ရွှန်းစား။ ညီလှငယ် ရွှေညီရွှေညီ။ ကေသီလုံ့း ထွင်ရှဦးငယ်တင်။

## ၃၃။ ။ မြဝတီဝန်ကြီးရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဒီပါမြေယံ)

### ရွှေဘိုဘုရင်လက်ထက်။ တောင်ဉယျာဉ်စံနန်းတော်တွင်။ မြဝတီဝန်ကြီးရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (စုံသာမြိုင်လယ်အလိုက်)

ဒီပါမြေယံ။ သောင်းလုံးငယ်ရှိဦး။ ဆယ်ကြာရုံ။ စုံဖူးလို့လေ။ ။ ရာကြူးစက်ရွှေ။ တက်နေညွှန့် လင်းထိန်ဖြာ။ ။ ရေမြေ သီလာပျောင်းမြန်း-ညွှတ်ခ။ ဘုန်းပေါင်းလှိုင်လန်း။ မြန်ချာပရမေ။ အောင်မြေမြင့်-စံစိုးမြန်း။ ။ မှန်နန်း ရိပ်ဝေ ပြန့်ဝယ်။ ဝေယန့်ထွင့်ရှုဖူး။ မျှော်တိုင်းတွေးအံ့မူး။ ။ ထူးချွန်လွန် များမြတ်လှစွာ။ အစုံခိုင်မြှာ။ အရောင်ဝေဖြာ။ နိုင်ငံကြေညာ။ ဆွတ်သုံး ငယ်လိုရာ။ ပင်ပဒေသာ။ ကြီးငယ်နှင့်လေ။ ။ အမရမင်းနေ။ ယဉ်ရေနှင့်မြသီလာ။ ။ ပတ်ကာရံသန်း။ ထွေထွေဆန်း။ ရဂုံမြိုင်ခန်း။ ရွှေလျှံမြန်း။ ဝတ်မှုံကြိုင်လန်း။ လေပြေဖြန်း။ မန်း-ရှေ့ညာ နန္ဒာရေပြည့်။ လင်း-လင်း လင်းငယ်မှာ။ သင်းလှိုင်ဂန္ဓာ။ ပျံ့တယ်နံ့တယ်။ မြိုင်ယံလွတ်ကြူး။ လှိုင်လှ တမြူးမြူး။ ။ သောက်သုံးငယ် သာချွေ။ စိတ်ဝမ်းငယ်လေနူး။ ။ ကန်မင်းတောင် အောင်ပင်လယ်။ ပြောဝသာကျယ်။ ဝေးကကြည်ဘွယ်။ ချပ်ရုံမှုံကြယ်။ ငါးသွယ်တည့်ပွင့်ဖူး။ တင့်ဆန်းငယ် ဝေဆာ။ ရေပေါ်ကြာ မိုးလို့ကူး။ ။ ပင်လူးလေ။ ပင်ဦးလေ။ ခေါ် ကြူးဖြေ။ သီမှူးလေ။ ရွယ်စူးလေ။ ပျော်ကြူးခါ။ ပွားဆင့်ဆင့်စေ။ ငှက်ပေါင်းလှယ်ဝေ။ သဲကြွေလှူလွမ်းဘွယ်ပင်။ ။ ညိုမောင်းလွင်။ သက်တင်လှိုင်းညွှန့်။ ချပ်ရုံငုံမြန်း။ ပြိုင်ညီ-ပြိုင်ညီတည့် လိမ့်လန်း။ ထွေဆန်းရွှေဗိမာန်။ ဇောင်းကလော။ နတ်ရေကန်ငယ်မှာလေ။ တင့်ဟန်ငယ်၊ တင့်ဘန် မြင်မိ။ စော-စော-စောဘွယ်သာ။ ရိုးညှာရွှေတံ။ မြလျှံရွှက်ဝေ။ ချွေကြသောင်းသောင်း။ ကြာနှင့်ကျေးငှက်ပေါင်း။ ။ ကိန္နရာခွေပျောင်း။ ရွှေဒေါင်းကျူးရင့်။ တွေကြည်ရှင်းသည်လေ။ မြအင်း-တောင်သမာန်။ ။ ညို့ညို့ဆိုင်းဆိုင်း။ ဝိုက်ခွေရေကြော့။ လှိုင်း-လှိုင်း-လှိုင်းလွန်ဟန်။ နွေသန်ဟေမန်။ ဝေယန်ပတ်ကုံး။ နတ်ဌာန်တင့်ဆုံး။ သာစွကျုံး။ ဇေယျာလေ †သလ္လာရေလုံး။ ပေါင်းရုံးရုံကာ။ ဘယ်ညာ ဘယ်ညာတည့် ချစ်ထုံး။ သောင်ငွေခင်းက။ ပိန်ညင်းလွမ်းရန်။ ငှက်ကျေးသောက်သုံး။ ရွှေလောင်းရွှေဒွါ။ ကြော်ငြာကြုံးလို့။ ဗိမာန်သာရကာ။ ရှုရာတင့်တယ်။ ဆွေလာစဉ်ဆင်း။ နန်းချင်းချီချ။ တက်လှတက်ရေး။ ညီညာပြန်လှယ်။ ရွှေဘုန်းနေနှုန်း။ အံ့ဘွယ်ဘွယ်။ စိန်ချယ်ရံသန်း။ ဘုံသီဟာ မှန်နန်းဝယ်။ ။ သော်တာရောင်နွယ်။ တိုင်းကျယ်နှံ့ပြည်လုံး‌ဇေ။ ငြိမ်းဆေးလေး။ လှူစည်ဆော်ကြွေး။ စွန့်ရေးစာဂ။ သီလလှိုင်ကြွယ်။ တင့်-ဟန် ညာမှန်လုံ့ သောင်းရွှေလယ်။ ။ ဒေဝီရံသန်း။ စိုးမြန်းစမွာယ်။ သွယ်သွယ်တည့်ဆေးလေး။ ပြည်သူပေါင်းတို့။ သွန်းလောင်းငြိမ့်ရေး။ ယဉ်ရေသင်းမွှေး။ မဝေးဆက်ခါ။ ဣန္ဒာမင်းတို့။ ဆဒ္ဒန်ရိန္ဒမာ။ စကြာသ,မည်ရှင်။ ။ မိုးယံဝဝယ်။ နေလ, ဘုန်းနှစ်သွယ်ကိုလေး။ ‡အိမ့်ရှင်မြည်ကြွေး။ တံရှည်ဇေ။ နတ်ထံတသွေး။ ယာမာလိုတွေးဘွယ်ပင်။

---

* သည်ရင်းသော်တာ = သည်ရင်း (ပေါရာဏ) = လင်ယောက်ျား။ သို့မဟုတ် မယားမိန်းမ။ ။ သော်တာ, ကား။ လ, ဟော။ သီတရံသီ = သုဓိ,ပုဒ်ပျက်ဖြစ်ရကား။ ဤ လ,မင်းကဲ့သို့ ထွန်းလင်းထိန်ကြည်သော ရှင်မိဘုရားဟူလို။

† သလ္လာ = သလ္လာဝတီ (ပါဠိ) = မြှားအဟုန်ကဲ့သို့။ တသုန်သုန် စီးဆင်းခြင်း မြန်သော-သလ္လာဝတီချင်းတွင်းမြစ်။ ။ တနည်း-မြစ်ကမ်းပါး၌ သနပ်ခါးပင်ပေါက်သော ဟူ၏။

‡ အိမ့်ရှင် (ပေါရာဏ) = နန်းသုံးစည်တော်ကြီး။

## ၃၄။ ။ တဘက်ဆွဲရှာစား မောင်မြတ်ရစ်ရေးသော မွန္တလေးမြို့ဘွဲ့ သီချင်းခန့်ကြီး။ (အောင်ဖေသခ်ၢ)

### (စုံသာမြိုင်လယ်အလိုက်)

အောင်ဖေသခ်ၢ။ ပြဟ္မာရေသွန်း။ ဖြူရှစ်ဖြာကာဝန်းဖြန့်လေ။ မြမန်းစံခေါင်။ ရန်မှောင်လွှင့်တိုင်းရွှေမြေ။ ။ စိန်ကြောင်ရွှေမိုးသီမြင့်။ ကြယ်ပြိုင်လျှံမြူး။ ဖလ်မှန်ချယ်အုံ။ ရောင်စုံပွင့်တိမ်ဆိုင်ကူး။ ။ စုံဖူးဆင့်ကာနင့်သာ။ သြဘာရင့်ကြွေး။ အောင်သံက-တဇေ။ ။ လေးဒီပါ ကြုံးမဲ့ ဘုန်းရှိန်။ သဗ္ဗာလျှံထိန် နေသဒ္ဒိန်။ တိမ်ပုံနာဂိန်။ စွယ်ရိန္ဒမာ။ စကြာဆင်များမင်းနင့်လေး။ ထီးဆောင်းတရာ။ ညီလာခ ရှိဦးလုံ့။ ။ နိတုံ ရောင်သန်း။ မှန်ညောင်နန်း။ စိန်ကြောင်ချယ်သန်း။ *ရွှေကျီးရန်း။ ။ စန်းသော်တာ။ ရွှေညာရံခ။ ထူး-မူး-ဖူးရည်ရော်။ သက်တော်ရာကျော်။ မြင့်ရှည်ပွင့်စည်။ ကြူးရင့်အောင်ခွန်း။ ချိုဗျာမိန့်-ကြိုင်ကြိုင်ရွှန်း။ ။ သတင်းရောင်ဖြာ။ သာမျိုးတုကျွန်း။ တာဝန်းကျယ်စွာ။ ချယ်ကာ။ ကျုံးနှင့်ရံကာ။ နှုန်းမဲ့စံရာ။ ဇမ္ဗူသိဂ်ၢ။ ထိန်ဝါတည့်ပိုးဝင်း။ တံခါးတော်ရတနာ။ ကိုးမျက်မြွာညီးလို့လင်း။ ။ မှန်ကင်းလေ။ လျှံဝင်းဝေ။ စံကင်းလေ။ စိန်ဖူးလေ။ တိမ်ဦးလေ။ ထိန်မြူးလေ။ ထူးတဲ့တေဇော်။ သာသနာတော်။ ရှည်ကျော်မြင့် ပွင့်လင်းစည်။ ။ မှောင်မြူနည်။ ရန်တိုင်းရှောင်ရ။ ဘုန်းရောင် ဝိုက်ကြုံး။ ဒီပါ-ဒီပါပြန့်တိုက်လုံး။ မိုးဖုံးမြေအပြင်။ ဆယ်ချောင်းညွှတ်ခါတင်တယ်ကိုလေ။ လန့်ကြောက်ပြင် ပဏ္ဏာပုံရ။ ဘုန်းတေဇော်။ မြေပေါ်။ ရေပေါ်။ ဇေယျော်ကြွေးမြည်။ စည်ကရိုက်ချောင်း။ ဒီပါပြန့်သံကြီးလောင်း။ ။ ဝေနေရွှင်လန်း။ သာချမ်းဇေပြိမ့်။ ပဇ္ဇုန်မောင်းဆည်။ မြောင်းကန်ရေလျှံ။ ရင့်ရင့်ချုန်းချုန်း။ ဘုန်းတော်ပြုမိုးငယ်မှာ။ ။ တိမ်ဇာ၊ မိုန်ပြာ၊ စိန်လွှာသင်တိုင်း။ သိုင်းကဆော်နှိုး။ ရွာစွေကြိုး။ မာလာလေထုံခိုး။ နံ့မျိုးသင်းကြူ။ ဒါရူတည့်အနန်း။ ခိုင်ညှာလန်းလို့။ နှင်းပန်း၊ ဖွန်ပန်း။ မွှေးကြိုင် ဧကြွယ်။ ကန်တော်ယဉ်ကျယ်။ ရေစွယ်နန်းမြင့်။ ရှစ်ဆိုင်ရွှက်လွှာ။ စကြာဖြန့်ရန်။ လက်သင်ရွှေလောင်း။ ရေကြောင်းဗိုလ်ရှူ။ ကူးသွား။ ထူးခြား။ လှော်ပြိုင်။ ဆော်အိုင်။ စည်ရှေးတင်ရေးတည့်ကုန်ပါနိုင်။ ။ ရောင်ပြိုင်တက်ထွန်း။ ခေါင်ပိုင်ဘက်ကျွန်းသာ။ ။ မြတ်ဘုန်းတေဇာ။ ကြေညာတည့်တိုက်လုံးလင်း။ ရိုက်ကျုံးချင်း။ ဝတိန်စံကင်း။ မယွင်းတူလှ။ ပြည်တော်ရန်အောင်။ ပေါ်-ထွန်း။ မော်ကွန်းတည့်စိုက်ထူထောင်။ ။ ရန်မှောင်ပယ်ရှင်း။ သက်နှင်းကညာ။ ဆက်ခါတည့်စုံပေါင်း။ ရွှေညာဏ်နှိုင်းချင့်။ ထုံးဟောင်း ရုံးပေါင်း။ ရည်ဆောင်တည်ထောင်။ သိုက်ညွှန်းဗျာနှောင်။ အောင်စည်နိုးလို့။ ကောင်းကျိုးဇေယျံ။ ကြွေးညံမျို့ကြီးသာ။ ။ ပြုဗ္ဗါနန်းမြင့်။ တသန်းဖလ်မျက်မြွာငယ်ကိုလေ။ စကြာပုံတောင်း။ ရောက်လွယ်ကြောင်း။ နတ်လူစုံပေါင်း။ ဆုတောင်းတယ်ပင်။

## ၃၅။ ။ ဝန်ကြီးပဒေသရာဇာရေးသော၊ ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဘုန်းထူးဝေဆာ)

ဘုန်းထူးဝေဆာ။ တောင်ညာ တောင်ညာ တောင်ညာကျွန်းမှာလေ။ ထွန်းလင်းလျှံဖြာ။ အောင်ချာတည့်မင်းဝံပြည်။ †သီသံဝါ ကျူးရင့်ရင့်။ ဘုန်းပန်းဘုန်းတန်း။ ရှင်တော်ရှင်တော်တည့်ဟောရေညွှန်း။ ရွှေခွန်း ဟတယ် ပြတယ်။ ရွှေဝကြဲငှန်း။ ဆင်ရရွက်ဦးပန်း။ ။ မြင်းမိုရ်ချာ ဖူးညွှန့်ညွှန့်နယ်။ ရေကြည်သီတာ။ ခုနစ်ခွေကာ။ တောင်စဉ်ရံကာ။ ဝန်းလို့လို့ပင်။ မှိုင်းမှိုင်းညိုစည်။ မြင်တိုင်းမြရောင်ခြည်။ ။ ပန်းလောင်ခွေသွင်း။ စမုန်ဆင်း။ မင်းဝံတောင်ရင်း။ ရောခင်း။ စိမ်းကြည်လဲ့ရှင်း။ ယမုန်ကျင်း။ ပေါင်းယုက်ခါဆုံကြ။ ကျွန်းထိပ်ဦးငယ်မှာ။ စီးဝင်နှုန်းအင်။ မြရည်ကျသည် တောင်ကြွက် နဖား။ လိုဏ်ကအောက်လျှိုးသွား။ ။ ခပ်သိမ်းငယ်လူ။ သောက်ချိုးငယ်ငြိမ်း။ မော်ယွန်းဇွေလည်အောင်ချာ။ ထွန်းသို့ဝင်းဝါ။ ကိုးဖြာရောင်ခြည်။ ဝန်းလည်တည့်ညီးညီး။ မြနန်းဘုံသာ။ ရောင်ဖြာထွန်းလို့လင်း။ ။ စံကင်းလေ။ လျှံဝင်းလေ။ ဖြူရွှန်းလေ။ စံကျွန်းလေ။ လျှံထွန်းလေ။ ရွှင်လန်းရာ။ ထူးမြတ်လှသည်။ ဘုန်းပန်းလှိုင်ဖြာ။ ရာမင်းမင့်းထွဋ်မှန်ကူ။ ။ ကြည်ဖြူသာများလှလှ။ ထီးတရာဆောင်း။ နိုင်ငံ-နိုင်ငံတည့် ညွှတ်ပျောင်း။ စံခန်းအောင်မြေဘုံတွင်။ ပြည့်မျှဝန်းကျင်။ ကျွန်းခွင်ဇမ္ဗူ။ သိမ်းယူတည့်စိုးမြန်း။ ညွှန့်လန်း ကြက်သရေ။ မှောင်ဝေ လင်းဆင့်ထွန်း။ ။ ပြောင်ရွှန်းလေ။ ရောင်လန်းလေ။ တောင်နန်းနေ။ စံကျွန်းလေ။ အောင်ပန်းလေ။ မှောင်ယွန်းဇွေ။ လင်းပွင့်ရောင်ခြည်။ ရွှန်းရွှန်းဝေမြိုင်။ လှိုင်လှိုင်မွှေးကြူကြူ။ ။

---

* ရွှေကျီးရန်း = ရွှေအမွှမ်း။

† သီသံဝါ = သီဆိုသော အသံဝါ။

မာတိကာသို့ ▶ စာညွှန်းသို့ ▶

မဥ္ဇူငုံဖူးသို့သို့။ သုံးရံရွှေများ။ တင်ကာတင်ကာတည့် ညွှတ်တွား။ ခေါင်ဖျားထွင့်ရာဇာ။ ရေးမင်းစကြာပင်ငယ်ကိုလေး။ နှန်းစပ်ခါတူ တူ တူတင့်။ ထုံးစံညွှန်းရန်။ မြသားခုမှား။ မြင်ရမှတ်စွဲ။ ရွှေဝမြနန်းထဲ။ ။ ဘုန်းတော်ပသည်။ ရာမျှား့ထွင့် ဦးကိုင်။ ။ မြင့်မြင့်ဖြိုးဖြိုး။ ညွှန့်ဝေယန် နှန်းနန်းငယ်မှာ။ စိန်သာစီမွြာ။ လျှံဖြာထွန်းလင်း။ နှန်းစံရာခင်း။ ဝေယန်မင်း ပုံမသေ့ွယွင်း။ ကိုးပါးမျက်ရှင်။ ရောင်တင်ရောင်တင်။ မှောင်စင်ညီးမှုလင်း။ ။ ဘုံမြင့်ခေါင်ချာ။ တိမ်ပြာထဲက။ သက်လှာ ပေါက်လှာ။ ရောက်လှာသည့်နယ်။ လျှမ်းလျှမ်းငယ်လေ။ လျှမ်းလျှမ်းဖြိုးမှု။ ဘုန်းမိုးဘုန်းမိုး။ တေဇာတေဇာ။ တောင်ကျွန်းခွင်လုံး။ တမ္ဗဒီပါ။ ကြေညာရန်မျိုး။ ဦးသာညွှတ်လျှိုးနိမ်။ ။ ပြည်လုံး-စည်ပင်သာရွှင်။ လူရှင်တည့်ဧငြိမ်း။ ဧငြိမ်း။ စံကာပျော်ရေး။ သီးအခြားခြား။ မင်းပွဲစုံလင်။ သံညောင်း ရွှင်ရွှင်။ တီးသာယာခွင်း။ စောင်းညှင်းတေတျာ။ စဉ်ကာ ယှဉ်လာ။ သာယာကြွေးလို့ဆန်း။ ပျံ့မွှေးငယ်သာ။ ယဉ်ရာရွှေးလို့။ တောက်သည်ရောက်သည်။ လျှောက်သည် နချိုချို။ ။ မြင်းမိုရ်ထိပ်ဝယ်။ သုဒဿပြည်ကြီးနယ် ငယ်ကိုလေး။ ဘုန်းတော်ရောင်ပြေး။ ပျံ့ကြူမွှေး။ ရန်းမပြူဝေး။ လွင့်မြူမေးလို့စင်။

## ၃၆။ ။ ပြင်စည်မင်းသားရေးသော ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီး။ (ဘုန်းပန်းပရမေ)

### (ဘုန်းထူးဝေဆာအလိုက်)

ဘုန်းပန်းပရမေ။ အောင်မြေမှောင်ချွေ။ ရောင်ဝေဝင်း လင်းပွင့်ထိန်။ မြမန်းဂီရိန်။ ဝတိန်ညွှန့်နှန်းဘွယ်သာ။ ။ ဝေယန်သီလာ။ သွန်းသွန်းဖြိုးမှု။ ကိုးသွယ်လျှံလန်း။ ဇမ္ဗူသိင်္ဂီ။ ထိန်ဝါကွန့်ညီးညီးလျှမ်း။ ။ မှန်နန်း။ မြင့်လွန်တင့်မွန်။ ရာမျှား့ကြငှန်း။ နေလ,မျှ ဘုန်းတန်း။ ။ ထီးဆူဆူ ဦးညွှတ်ခ,ရာ။ တောင်ရေရံကာ။ ယမုန်သီတာ။ သလ္လာရော။ ဝန်းလို့လို့လေ။ ။ သိုက်ညွှန်းဇေယျံ။ မြေခံပြန့်နက်သန်ဇွေ။ ။ မင်းဝံခွေဆန်း။ မြင်တင်တန်း။ *ကြက်ကယ်ငွေနန်း။ တောင်ရွှေမန်း။ မြရောင်ခြည်လျှမ်း။ စိမ်းညိုလန်း။ သောင်းလက်ျာ-ရွှေမြေတမွ။ ကျွန်းငယ်မှာ။ စကြာဆက်ခါ။ ဆိုက်မည်နှင့်သာ။ ပိုင်သ,မြေမိုး။ ရာမင့်ဦးညွှတ်လျှိုး။ ။ ညွှန့်သားငယ်စည်။ ပွင့်လင်းငယ်လေစိုး။ ။ ပျံမျိုး †ရုစာမာတင်။ ဖွေးလှဖြူစင်။ နှန်းရငွေသွင်။ ဟောဝန်စုံခွင်။ နတ်ရှင်တည့်နတ်မှုး။ ဆက်နှင်းငယ်ဘန်လာ။ ထံတော်သာ များတင့်ကြူး။ ။ ငုံဖူးလေ။ ထုံမြူးလေ။ ဘုံဦးဘွေ့။ စံမြန်းခါ။ လျှံလန်းဖြာ။ မြနန်းညှာ။ ကိုးမျက်ပွင့်ချွေ။ နဝရတ်ရောင်ရွှေ။ ရဝေညွှန့် စိန်ကြာခြူး။ ။ မဥ္ဇူလေ သင်းသင်း။ သုံးရံရွှေပေါင်း။ ဆယ်ကြာ-ဆယ်ကြာတည့် ညွှတ်ပျောင်း။ သံညောင်းကြူးသာလွင်။ ညှင်းညှင်းနတ်ပဥ္စင်ငယ်ကိုလေ။ ထက်ခွင်သာ-တိမ်စဉ်မေရု။ နန်းငယ်မှာ။ မိုးယံတာရာ။ ခ,သည်နှင့်သာ။ ငွေလ,ယုန်စန်း။ မြင်တိုင်းတွေးကြမှန်း။ ။ ဆောင်ဆောင်ရံသန်း။ စံမြန်းဘက်မဲ့။ နတ်ထံလားငယ်လေ။ ထင်မှားအံ့ဘွယ်သာ။ ။ တင့်တင့်ဆန်းဆန်း။ မန်းရွှေမြေပြန့်ခင်းငယ်မှာ။ နန္ဒာကန်သာ။ လျှံဖြာပြည့်လင်း။ စိမ်းကြည်ကြည်ရှင်း။ သည်ရေကင်း။ ဝေဆာလေ။ ရွှေကြာပင်မင်း။ သင်းသင်းမွှေးလှိုင်။ ဧကြိုင်ပျံ့လှောင်းလှောင်း။ ဘော်စုံကြွေးရင့်။ ချစ်ရေးနွဲ့ပျောင်း။ ငှက်ကျေးသောင်းသောင်း။ ပျံဝဲလူးလာ။ သံသာညောင်းလို့။ သိုက်မြုံပင်မှာ။ ကူးခါနှင့်သာ။ ။ ညှင်းညှင်းသွေးလို့လို့ ကြူးဧကြူးဧ။ ပျူငှါမူရာ။ ကန်မင်းကန်မင်း။ အောင်ပင်လယ်မှာ။ သာယာရင့်မြူး။ ရေပေါ်ကြာမျိုးစုံ။ ။ ဝတ်ရည်ထုံမွှံ။ ရဂုံက စိမ်းစိမ်းလန်း။ သိင်္ဂါရွှေနန်း။ စံမြန်းဘွေမြင့်။ စီဖြာရောင်မွန်။ ပန်း-ပုံ။ နေရုံတည့် နှန်းရန်လွန်။ တောင်တွင်တောင်မင်း။ ညီးလင်းရောင်ဂှန်။သိုက်ညွှန်တည့်မဝေး။ ရွှေဗျာခွန်းရင့်လေး။ ပျံ့မွှေး သာနာရောင်ဝါဖြိုးမြင့်။ ဗိမာန်ကန္တာ။ နတ်မှာ နတ်နယ်စေ။ ။ စည်ထွန်းညွှန့် ခက်ဝေငယ်ကိုလေး။ တက်နေရောင်မြူး။ ရွှေဘုံဦး။ သက်တော်ရာကြူး။ စံပြန့်ဖြူးသည်ပင်။

---

* ကြက်ကယ်ငွေနန်း = ရွှေကြက်ယက်၊ ရွှေကြက်ကျတောင်ကို ဆိုလိုသည်။

† ရုစာမာတင် = ရုစာဂီမာတင် (ပါဠိ) = လှပတင့်တယ် နစ်သက်ဘွယ်သောဆင်။

## ၃၇။ ။ တောပန်းတောင်ပန်းဘွဲ့ သီချင်းခန့်ကြီး။ (တောဟောဝန်တောင်)

**ဟံသာဝတီရောက်မင်း၏ ဘိုးတော်ဘုရားလက်ထက် ဗျာသီဆယ်ရွာစား ဦးလွန်းပြေရေးသော တောပန်းတောင်ပန်းဘွဲ့ သီချင်းခန့်ကြီး။**

တောဟောဝန်တောင်။ သာခေါင်သာခေါင်။ သာခေါင်ကြျူးလှလေ။ ပန်းမျိုးထူးထွေ။ ရေတိုင်းအုံ့ဘွယ်သာ။ နီရွှေဝါစိမ်းထန်းရင့်။ ပန်းသွန်းအနန်း။ သဇင်နှင့်သာ။ သဇင်နှင့်ဆပ်သွားပန်း။ ။ လေဖျန်းသွေးလျှင်ဝေးလျှင်။ ကြိုင်မွှေး ပျံ့ရှား။ ပင်မြင့်ပန်းစကား။ ။ မွှေးကြျူကြျူ သင်းပျံ့ပျံ့စွာ။ ထွေထွေလာလာ။ ဝေဝေဆာဆာ။ စမ္ပာယ်ဇလတ္တာ။ နော်ဇာရွှေဝါ။ မာလာသိင်္ဂါ။ ရွှန်းတင့်တင့်လေ။ နင်းနှင့်မိုယ်းစွေ။ သင်းခွေတည့်ပန်းယင်းမာ။ ။ ဖျာပါယူပန်း။ ထွေထွေဆန်း။ စွယ်တော် ခေါင်ရန်း။ ဝေဝေလန်း။ နင်းဆီသာထန်း။ ရွှေနွယ်ဒန်း။ မွှေးမြတ်စွာ-နံ့သာပင်မြင့်။ နန်း-နန်း-နန်းငယ်မှာ။ တူသာယှဉ်ကာ။ တွဲတယ်နွဲ့တယ်။ ကိန္နရီဖိုမ။ ရွှင်ကြအကြျူးသား။ ။ ပတ်ကုံးငယ်ညို။ တောလုံးငယ်သာမှိုင်း။ ။ ပင်တိုင်းစဉ်ကာယှဉ်ကာ။ စိမ်းရင့်ရွှေပြာ။ ထွေထွေလာလာ။ မွှေးစွာတည့် လှောင်းလှောင်း။ ငှက်ပေါင်းသံသာ။ ကြော်ငြာရေင့်ကျူး။ ။ ခေါ်ထူးလေ။ ပျော်မြူးလေ။ ကြော်ကျူးလေ။ ကြင်ကူးလေ။ ရွှင်မြူးလေ။ ပင်ကူးကာ သန်းလို့လို့ပင်။ လွမ်းဘွယ်စေပင်။ မြင်တိုင်း မြလိုလို။ ။ လေချိုချို ဖျန်းပင်ဖျန်းလှ။ တောပန်းနံ့ပေါင်း။ ကြိုင်စွာကြိုင်စွာတည့် လှောင်းလှောင်း။ အင်ကြင်း စုံကာငုံကာ။ နင်းနှင့်သစ္စာ။ ဇီသဝါမှာ။ မွှေးစွာတည့် လှောင်းလှောင်း။ ပန်းပတိမ်ငို။ ဆိုဘွယ်သာ များလှတောင်း။ ။ ကြိုင်တောင်းလေ။ လှိုင်တောင်းလေ။ မြိုင်တောင်းလေ။ သာထွန်းလေ။ ဖြာရွှန်းဝေ။ လေညှင်းရာ-မွှေးရနံ့ကြျူ။ စကားလှိုင်ကြျူ။ မဥ္ဇူနှင့် ပန်းခတ္တာ။ ။ ဖြာဖြာသာ-စိမ်းလန်းရင့်။ ဖူးတခိုင်လုံး။ ဝေဝေ-ဝေဝေတည့်ညွှတ်ရုံး။ တိမ်လုံးတည့် လျှပ်ခြည်နွယ်။ မိုးလုံးပြိုမည့်နယ်ငယ်ကိုလေ။ လွမ်းဘွယ်သာ ဟောဝန်တောင်က။ မှိုင်း-မှိုင်း-မှိုင်းပါတယ်။ ညကို၊ မြလို။ ကျယိုမည့်နယ်။ ရေပေါက်ပုလဲ။ စွေလို့တဖွဲဖွဲ။ ။ လေပြေဆော်ဖျန်း။ တောပန်းမွှေးလှ။ ကြင်သူဝေး။ ပူဆွေးဘို့စေသာ။ ။ ညို့ညို့မှိုင်းမှိုင်း။ သုံးထောင်သာလှ တော တော တောငယ်မှာ။ ။ စုံကာ-ငုံကာ-မှံရာစုပေါင်း။ မြူးဟီသံညောင်း။ အကုန်ပြောင်း။ စာမရီဒေါင်း။ တိုးအောင်းဆင်မှာ။ ရုံကာတည့်သောင်းသောင်း။ ခြွေရံများနှင့်။ ရုံးပေါင်းရုံးပေါင်း။ ထွက်စည်စံကာ။ ဖိုမသံသာ။ ကြော်ငြာကြွေးလို့။ ချစ်ဘွယ်-ချစ်ဘွယ်-ချစ်ဘွယ်နှင့်သာ။ ။ ဆန်းဆန်းငယ်လေ။ ဆန်းဆန်းတိုးဆင့်။ ပန်းမျိုးပန်းမျိုး စုံစွာစုံစွာ။ ပင်တိုင်းမြလို။ ရွှေရွှေဝါဝါ။ ထွေရာယှဉ်မျိုး။ ထူးလို့သာမျိုးပုံ။ ။ ရဂုံ-ဂနိုင်။ လှိုင်လှိုင်တည့်မွှေးမျိုးဆန်း။ မွှေးမျိုးဆန်း။ ကြေညာကျော်သန်း။ နတ်ပန်းသက,မဥ္ဇူရွှေပင်။ ကြာတောနင်းဆီပင်။ ။ မန္တာအိုင်နန်း။ ထူးဆန်းထွေထွေ။ ရေသော်တည့်ပုံပြင်။ ကုန်စင်များလှ။ ကျူးနွဲ့ကျူးနွဲ့။ ပျော်ကာစံရွှင်။ ဖိုမ,လွန်းကြင်။ တူပင်နွဲ့လို့။ တွဲတယ်-နွဲ့တယ်။ တွဲတယ်နှင့်သာရှင်။ ။ သုံးထောင်တော တိမ်ကြောနှင့်။ မြူမင်းလွင်ငယ်ကိုလေး။ မှိုင်းရီဝေလဲ။ ဖြေနိုင်ဘဲ။ သက်တင် ရောင်ရဲ။ တိမ်ညိုထဲမှာဆင်။

## ၃၈။ ။ မိုယ်းဘွဲ့ သီချင်းခန့်ကြီး။ (သံသာညိုးညင်း)

သံသာညိုးညင်း။ ဝိုးဝင်း-ခြိမ့်မဲ။ ယိုလှပတ်ရွဲ။ နီလာလိုသာ-စွဲလို့လို့။ မဲမို့မို့။ ။ ငြိုးငြိုးဂြင်းဂြင်း။ ဝိုးဝိုးဝင်းဝင်း။ ရွှေရွှေပြာပြာ။ မိုးမြအဆုံး။ တိုးလို့စုရုံး။ ပြိုးပြည့်ပိတ်ဖုံး။ မှုန်လှတိမ်လုံး။ မြကုံးလျှံပြောင်။ လျှပ်ရောင်မှန်ရောင်။ စိန်ရောင် ဖလ်ရောင်။ ဝင်းလို့လို့။ ခင်းသို့သို့။ ။ လွမ်းစ,ဖြေနိုင်ဘဲ။ ပန်းပုံသာထဲ။ ခွေကာလဲ။ သံသာညင်းညင်း။ ညောင်းညောင်း။ ညှန်းညှန်း။ အုန်းလို့စုခဲ။ ဗွေချာဝေဆာ။ တိမ်တောင်-ခဝဲ။ ပုံနဲမြခဲ။ သွန်းဆော်ခြိမ့်သဲ။ ရွှန်းပြောင်ညိုပြာ။ မဲလို့လို့။ စွဲညို့ညို့။ ။ မိုးလုံးမလင်း။ ငြိုးငြိုးအပြင်း။ ဝေဆာဝေဆာ။ လွမ်းလို့မရဲ။ တမ်းလို့မစဲ။ စုံမ,ဘော်ကွဲ။ စက်မြဲဘုံမှာ။ သည်းချာဝေလောင်။ ပူအောင်စေသာ။ ဆူလို့လို့။ ပူလို့လို့။ ။ ကွေးလို့ခြုံလဲ။ လုံနိုင်ဘဲ။ မွှေးပျံ့ထုံခဲ။ ထည်ခြုံထဲ။ ခွေကာ-ညောင်းညောင်း။ ပျောင်းပျောင်း။ ကွေးကွေး။ လွမ်းရေးပုံလာ။ စံရာမှာသာ။ ။ တွေကာဝေကာ။ ဗွေချာမူးလို့လေး။ တွေးလှလျှပ်ခြည်ရောင်။ ထူးလှကွန့်မြူး။ ထပ်ကာဝေ။ စုံရေးငယ်လေ။ မင်းနွဲ့ငယ်သွေး။ ခြုံခြုံလို့ ကွေးတဲ့စေ။ ။ ပန်းပုံဗွေမှာ။ သေသေရခင်းရိုင်း။ ချစ်ဘုန်းလှိုင်း။ ရစ်ထုံးငယ်သိုင်း။ ။ တိမ်ဆိုင်းညိုကာထွေလာ။ စိမ်းရင့်ပြာ။ ချိပ်လွှင်ချီကာ။ ထွေထွေရာရာ။ ဖြိုးလာလို့သီးသီး။ မြထီးလိုသာ။ လျှံဖြာဖြိုးမျှစီး။ ။ လျှံညီးလေ။ လျှံညီးလေ။ လျှပ်ဝါပုံလာ။ ဆော်ကာတိုးလို့စေ။

ကြေွလုသည်းအူမှာရှင်။ ။ ပန်းလှဆန်းထူးထပ်ကာလေ။ ထွေထွေပူအောင်။ ရည်ဆောင်ကြံရင်း။ မိုးနတ်မှောင်မှာ။ တိတ်အောင်မာန်ငြိုးပြင်းလို့လို့။ ကျူးမြည် ထိန်ဝင်းဝါ။ ။ မြေချာတောင်ကသာ။ ပြောင်ပြောင်ပြောင်ဝင်း။ လင်းထိန်ပြန်ရင်း။ နေမတည်ခင်း။ ဝင်းဝင်းပတ်လည်။ လျှပ်ခြည်တည့်ဖြိုးဖြိုး။ ပဇ္ဇုန်ဆော်လှုံ့နှိုး။ ။ မြကြိုးနီလာ။ တိမ်ပြာထဲက။ လျှပ်ရောင် လျှပ်ရောင်ပြသည်နှင့်သာ။ လွမ်းထူးထွေ ခွေခွေမူးရ။ ဘုန်းထူးနတ်များ ကယ်တင်ပါ။ မှုံမှိုင်းလေပြည်။ ကွေသည်ချိုသာ။ ပြည့်လာရင်ထဲ။ စက်မြိုစက်နိုင်ပါ။ ။ ညဥ့်ခြံမြိမ်လွှာ။ ထပ်ပါလို့တလဲလဲ။ အမြိုစွဲ။ ကြာညောင်ဘုံထဲ။ ခွေနွဲပျော်ရွှင်။ ရွှေပေါင်းရံကာ။ မိုးလုံးဝင်းညီး။ ။ ရွှေရည်လျှံစီး။ မီးမှာလျှပ်ရောင်။ ပြောင်ပြောင်တည့်ရဲရဲ။ အာကာဖွေကကြဲ။ ပုလဲပွင့်သာ။ စွေလာဖြိုးလို့။ ညကိုညကို။ ကျယိုလို့သာ ရှင်။ ။ ကြာနန်းဦးငယ်မှာ။ ကိုယ်ထူးငယ် မပျော်ရွှင်တယ်ကိုလေး။ လျှပ်ခြည်ပြောင်ရဲ။ ရောင်စုံကြဲ။ မျက်ရှင်ဆောင်ထဲ။ ပျော်နိုင်ဘဲကို ရှင်။

## ၃၉။ ။ မယ်ဘွဲ့သီချင်းခန့်ကြီး။ (သင်းသင်းကြိုင်ကြိုင်)

သင်းသင်းကြိုင်ကြိုင်။ လှိုင်လှိုင်သာမွှေး ပျံ့ပျံ့ကြူ။ ဖြိုးဖြိုးပိုင်ပိုင်။ ဆိုင်ဆိုင်တဲ့ ရွှအူအူ။ ။ မဥ္ဇူငုံ-သင်းပျံ့ပျံ့။ ကောင်းတောင်း ပြောင်းတောင်း။ စုံစွာ။ စမ္ပာနှင့် နံ့လှောင်းလှောင်း။ ။ လေညှင်းဝှေ့လျှင်ခွေလျှင်။ ယဉ်နုညက်ထွား။ ကြေွလုဖြစ်တိုင်းထွန်း။ ။ ရွှန်းရွှန်းသာတွဲ့တယ်။ အိတယ်ပုံ။ မလ္လာဖူးငုံ။ သီဂီရွှေဘုံ။ စန္ဒာရောင်ဟုံ။ လင်းသို့သို့ပင်။ ။ ထွန်းလင်းလျှံဖြာ။ ဝင်းဝါတည့်လျှပ်ခြည်ရောင်။ ။ ဘုံသာခန်းတွင်း။ ကိုယ်ရောင်လင်း။ မိုးသူဇာဆင်း။ ဖြူပြာဝင်း။ စိမ်းပြာပြာချင်း။ ရွှေရင်ညှင်း။ နှုန်းဘက်ကွာ။ ယဉ်များ့ထိပ်ပန်းငယ်မှာ။ မူးအောင်ကြူးအောင်။ လှတယ်ပ,တယ်။ မြင်ကထွက်ဇော။ ကြေွလုပြတ်နီးနီး။ ။ စိတ်ထားငယ်ယိုင်။ ညွတ်တိမ်းငယ်မူး။ ။ ငယ်သွေးပြင်လျာမူနည်။ စိမ်းလဲ့ဝင်းကြည်။ ပါးနားရွှေရည်။ ထူးလည်တည့်ဆန်းဆန်း။ ဝတ်လဲတော်သီဂီ။ ရင်ဆီမှာထည့်လို့ထား။ ။ မှောင်များလေ။ ကွယ်ငြားလေ။ ပယ်ရှားလေ။ ဖြာလန်းလေ။ စံကျွန်းလေ။ ဖြူဝန်းလေ။ ထူးရွှေမပိုင်။ သောက်ရှူးလျှံဖြာ။ သော်တာတည့်နှုန်းရည်တူ။ ။ ရွှေရင်မှာ စိမ်းပင်စိမ်းလဲ့။ ဖူးတခိုင်လုံး။ ယိုင်ခါ-ယိုင်ခါတည့်ညွတ်ရုံး။ စိန်သားမြရောင်ပင်။ ထွန်းတောက်ရောင်ထင်။ ရှင်တယ်ကိုလေ။ လဲ့ဝင်းညက်ပြာစင်။ ယဉ်နုမင်းငယ်မှာ။ နှုန်းအင်ရွှန်းတင့်။ ပသည်ဆင့်သည်။ ယဉ်များ့ဘက်ကြံး။ ခေါင်ကထွင့်ရှုဖူးဖျား။ ။ ဘုန်းတော်ပသည်။ ရာများ့ထွင့်ဦးခိုင်။ ။ အိအိပျောင်းပျောင်း။ နနယ်ကြိုင်ပွင့် လန်းငယ်မှာ။ မူရာငယ်စွာ။ မာယာထူးပြား။ ပြုံးရယ်ခါသာ။ စိုးပိုင်ပိုင်တွဲ့။ မိန်းမူးညွတ်ခွေ။ မြင်သူရှင်လူ။ မောဠ်မိန်း။ ရင်နပန်းနီလွင်။ ရွှေကြာတိုက်က။ တောက်သည်လျှပ်သည်။ ဝင်းသည်နှင့်သာ။ ရွှန်းရွှန်းတိုးဆင့်။ လွှမ်းမိုးလွှမ်းမိုး။ ယဉ်ရာပုံလာ။ သည်မင်းသည်မင်း။ ရှင်ငယ်မှာသာ။ မြင်ခါလူများ။ မူးလေအောင်သားပင်။ ယဉ်မျိုးချုပ်ချာ။ သည်မှာတည့်ပေါင်းစုရုံး။ လေသာစံကင်း။ ထွန်းတဝင်းဝင်း။ လင်းသည့်ကိုယ်ရောင်။ နေလားတွေးမလွဲ။ ကြယ်အရောင်လဲ ခြားဘဲ။ စိန်လျှံသာ။ ထွန်းလင်းတောက်ဖြာ။ ဘုံသာဆောင်မှာ။ သော်တာလ,သို့လင်း။ စိတ်ထားဘဝင်။ ဖောင်ဖင်လိုက်သို့။ ရှိုက်သည်၊ ရှိုက်သည်၊ ရှိုက်သည်တကြောင်းပင်။ ။ သီဂီဥကို။ ယဉ်နုလှစ်တိုင်ထင်တယ်ကိုလေး။ တန်မတူဘဲ။ ခွေကာလဲ။ ယူမည်မလွဲ။ သွေလှန်ဘဲကိုရှင်။ ။

**(ဤတွင် သီချင်းခန့်. (၃၉)ပုဒ် ပြီး၏။)**

# အပိုင်း-၂။

## (စောင်း၌ လေးပေါက်အောက်ပြန်သံကိုဘွဲ့၍ သီဆိုတီးမှုတ်ရသော သီချင်းများကဏ္ဍ။)

## ပတ်ပျိုးသီချင်းများ

### ၁။ ။ ပတ်ပျိုးကလေး (လင်းယဉ်ငယ်ကြယ်စိုင်ရှူး)

လင်းယဉ်ငယ်ကြယ်စိုင်ရှူး၊ တိုင်းဘူးတိမ်ယံ။ စိန်ခရာသံ။ ညိုးညိုးညံ။ မြရေသီလံ။ ပိန်ညင်းငှက်တောင်ပံ။ ညီးညီးငယ်ပျံ။ ဧကန် ရွှေချည်ယှက်ပါတဲ့။ ငွေရွက်ရောင်လျှမ်း။ ။

(သဖြန်)။ ကြုံကြုံငယ့်ရစ်ပွေလှိုင်း။ ဘယ်နတ်ကယ်ဘန်ညွှန်းမှ။ လွှန်းပမယ်ကြုံတော်တွေ့ငယ်မှာ။ တောင်ကွေ့မြောက်ခိုင်း။

### ၂။ ။ ပဥ္စည်မင်းသားဆို၊ ပတ်ပျိုးကလေး။ (ကုန်းဘောင်အာဟိန်ညွှန့်)

ကုန်းဘောင်အာဟိန်ညွှန့်။ ဖြိုးဖြိုးမြင့်မြင့်။ မြတ်မင်္ဂလာသီဟာနန်းက။ လျှမ်းလျှမ်းစွင့်စွင့်။ ဆင့်ဆင့်ရွှန်းရွှန်း။ သွန်းသွန်းဝေယန်။ ဗိမာန်ဆန်းဆန်း။ သိမ်းမြန်းငြိမ်းချမ်း။ တိုင်းခန်းသာလှ။ ထီးပေါင်းခ,ပါတဲ့။ မဟာနဂရ မန္တလာ။ သိင်္ဂါရွှေမြေ နန်းမြင့်မြင့်။ လျှမ်းစွင့်စွင့်။ ရာဇဥ္စံမြန်း။ ဘုန်းပန်းညွှန့်လူလူ။

### ၃။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (အိုမြင်လှဲ့စမ်း)

အိုမြင်လှဲ့စမ်း။ သည်ပန်းရွှေလျှံ။ ယဉ်သာရွှေရံ။ ဘယ်ဘုန်းစီမံ။ ကျုံကျုံလှဲ့ဝင်း။ ပျံ့သင်းလှိုင်ညီ။ ကန်မင်းငယ် မန္တာဂီ။ ။ အိုထွေးတတ်ပြီ ကေသီကြော့ဖျား။ နန်းမှန်မြင့်ဘွား။ ။

(သဖြန်)။ သည်ကိုပါးဝယ်၊ နတ်ကယ်ဘန် ဉာဏ်ရော်ခွင့်၊ ခမျှော်တော်လား။ ။ မိုးနယ်ကလွန်၊ ပူညွှန်ရုံထင့်-မှုံရွှေဝတ်ကယ်မှာ၊ ချွေဆွတ်ဘွယ့်သား။

### ၄။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (ပရမေရွှေဉာဏ်)

ပရမေရွှေဉာဏ်-သာဝေယန်။ ဘယ်ဘုန်းစေဆင့်-ချွေခွင့်ငယ်ဘန်။ ကိုးနယ်ရပ်ဌာန်ပျံ့ပျံ့မွှေး။ ခါနွေဝသန်-သာဟေမန်။ တောင်တောညီညီ သာဘိဟန်။ ညာလေပြန်ညှင်းညှံ့ဇ။

(သဖြန်)။ ။ ပျံ့ပျံ့ငယ်ထုံ၊ ဝတ်မှုံရဂုံနယ်က၊ အသွယ်သွယ်ဖေါ်ရွှေရံ နှင့်၊ ငှက်သံတဝေး။ ။ မလွမ်းဘယ်ဖြေတတ်ပမယ်၊ ဝရတ်ကယ်စိန်လေသွန်မှာမှ၊ ဘုန်းညွှန့်လှဲ့လေး။

## ၅။ ။ စင်တော်ကြီးမင်းသား-ဦးသာပြောဆို မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (အာကာတခို)

အာကာတခို၊ ပြာပြာညို။ ဘယ်မှန်းမာန်ပို။ ရွာမလိုဟန်ဘဲ။ တဖွဲဖွဲရွာမြဲပ။ ကျူးလည်ခါ။ ရွာဦးမှာဖြင့်ရွာလိုရွာ။ ။ ချိန်ခါလေ မှန်သမျှ။ ဣန္ဒာဆွေ-ဆွေမေဃ။ သွန်းရုံပ၊ စွမ်းကုန်ပြ၊ ရွာလိုရွာ။ ။ ခါလဲဟုတ်ဘဲပင်မို့။ မိုယ်းဒေဝါချုန်းလို့ရွာ။ တဖွဲဖွဲ၊ ချုန်းရဲတင်းကာ၊ နိုင်ချင်တာဖြင့်။ နိုင်ပါတော့ ဒေဝါ။

## ၆။ ။ မြဝတီမင်းကြီးရေးသော-ချောင်းခြားပတ်ပျိုးကလေး။ (ကြေးကြိုင်သင်း)

ကြေးကြိုင်သင်း။ မွှေးကြူလှိုင်ရင်း။ ရဂုံမြိုင်ယံတွင်း။ ရေခင်းမြကြည်သွန်။ တောင်မင်းချပ်ရိပ်မွန်။ ။ ညာကျွန်နေညောင်း။ ဝါစွန်ရွှေမောင်း။ ရာသီခါနွေပြောင်း။ ။ သိုက်အောင်းသာသည့်ချိန်။ တိမ်ဆိုင်းလဲ့လဲ့ငယ်မှိန်။

(သဖြန်)။ လွမ်းပိုဘွယ့်သိန်၊ ဖလ်ရှိန်မှာခိုခိုနှင့်၊ အညိုမှာပြိုဟန်လူချည့်၊ ကြွေမှုဟန်စော။ ။ ကျေးသံရင့်စီ၊ ကိန္နရီဘော်နှောင်သူ့၊ ရင်ဘောင်ရေ တောင်ကွေ့ငယ်မှာ၊ မှုံကြွေ့တဲ့တော။

## ၇။ ။ မြဝတီမင်းကြီးရေးသော-အီနောင်ဇာတ်လိုက် တလာကံခမ်း-ပတ်ပျိုးကလေး။ (လူမနော)

လူမနော။ စုံခြေတင့်မော။ တိမ်ကြောတောင်ယံ။ ။ ဆွေမနီးငယ်လေ။ ညှင်းပြွေနရီး။ ရွှေဆီး-ဆီးကာကံ။ ။ နီလာမြနှုန်း။ တောင်ဇာပိတုံး။ ဂမုန်းဝတ်ရည်လျှံ။ ကြိုင်လှိုင်ညွတ်။ အိုကြွေလူလွတ်။ ဖက်ဆွတ်ကယ်မွှေး။ ။ လေချိုကသွေး။ ငှက်ကျေးချီချငယ်ညံ။ ။

(သဖြန်)။ တလာကံ၊ မိနတ်ကယ် ဖျော်ဖြေစံသည့်၊ မြစကြာဝေသဝန်နှင့်၊ စုံရိပ်မွန်ကြော။ ။ ချစ်ကြည်နူး၊ တီတူးငယ်တည့် မိုးကကြော်၊ မြင့်တော်မူလှဲ့၊ စာနာယိမ်းငယ်လေ၊ စိမ်းလေသည့်ကော။

## ၈။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (ခါနွေဝသန်)

ခါနွေဝသန်။ သာလေမထန်။ ဆောင်းဟေမန်။ မြနန်းငယ်ဝေယန်လေ။ တူဟန်ငယ်နှုန်း။ ။ တောင်ငွေကာလို့မှ။ ရောင်ဝေဖြာ။ ငှက်ပေါင်းငယ်သံသာ ပျော်ရာလေသာဘုန်း။ ရွှေဝတ်ကယ်ကြိုင်လှိုင်တုန်း။ ။ ဘယ်ငြိုးနှင့်မှန်းလေသိ။ ရွှေဘုန်းငယ်ညာနေမွန်။ လေးမဲ့ထွဋ်စွန်။ ။ အို ကြေကွဲပါဘိ။ ရေဝဲငယ် ဘယ့်နယ်လွန်ရမယ်။ မြလှိုင်းကွန် ဆူမွန်ရက်ကယ်။ လေဆက်လို့ချုန်း။

## ၉။ ။ မြဝတီမင်းကြီးရေးသော - မင်းအငယ်နတ်ချင်းအလိုက် ပတ်ပျိုးကလေး။ (မြိုင်ယံ ရွှေလှုံ)

မြိုင်ယံ ရွှေလှုံ။ ကျုံကျုံပြန့်ပြန့်သင်း။ မှုံပြေပြေ၊ သာလေညှင်း။ သုံသုံငွေနှင်း။ သန်မိုယ်းကွင်း။ ရေခင်းလဲ့လဲ့ငယ်ကြည်။ ကန်မင်းမှိုင်းဝေစည်။ ။ သံရှည်လေခေါ်ကျူးကြွေး။ မောင်မယ်လေ ပျော်မြူးဇေ။ ။ ယဉ်မူဆေးလေး။ သေးသေးသွယ်သွယ်။ နန်းတဲ့နန်းသူငယ်။ စံရာလယ်ဘုံခွင်မှာ။ ဝေယန်မြင့်တူနှုန်းဘွယ်။ ။

(သဖြန်)။ ကြုံတယ့်လွမ်းနယ်။ မိုးလယ်မှာ ပွေသီလာနှင့်။ မြေဒီပါအဏ္ဏဝမှာမှ။ မကာလေ(း)ဘူး။ ။ မြိုင်သစ်ကယ် စုံရဂုံနှင့်။ ဝတ်မှုံလေသွဲ့ငယ်မှာ။ ကြွေခဲ့ညွတ်နူး။

## ၁၀။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (စက်လဲပျော်ပါလို)

စက်လဲပျော်ပါလို။ သုံးဗဟိုရ်သံ ရင့်ကျူးသည်နှင့်လေ။ ဖလ်နန်းငယ် တိမ်ခိုခို။ ကျေးညိုဆော်ဆင် မြူးသည်နှင့်လေး။ ။ ညှံ့နူးငယ် သင်းလှိုင် သင်းမြိုင်။ ကြာယွန်းငယ်မှာ-ညှိုးလျော်ကာ။ စိုးပူဗျာပွားပြန်ခဲ့သာ။ ။ *ကောင်ရွှံ့ငယ်ကြိုင်ပျံ့။ နှင်းနံ့ရွှေ ညဥ့်ခြုံငယ်ကို။ ပိုက်ဖြားမလုံ။ ထင်ယုံမြင်မှားမေ့သည်နှင့်လေး။ ။ နန်းဝေယန်ပျော်လေ့။ တွေ့များပြစ်တင်ချင်၊ သည်ရွှေဘွင် ကြွေကျွန်းလုလေး။ ရေးဘယ်မူ ဘယ်ထားသိ။ ကိုယ်ပွားတော်မလျှင်။ ခါသဘင်နွေယွန်းလုလေး။

## ၁၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သင်းလှိုင်ညီ)

သင်းလှိုင်ညီ၊ ညှာစီမှုံလွင်-စုံနန်းဦး၊ ပျော်ဘွယ်သာပျံ့ပျူး။ ရေယဉ်ဦးငယ်၊ ရွှေကုဏ္ဍလငါးမည်ကြာ။ စိန်လွှာရင်းငယ် ဝင်းလျှံဖြာ။ ငှက်ဖော်ရွှေနှင့် ရွှေဟသာ်။ ပိတုံးတောင်ဇာ ပန်းလိပ်ပျာ။ ကျူးသီရင့်ညောင်း ချယ်လှယ်ကာ။ ဆွေးစေသွင်း-ဘုံတိမ်မိလ္လာ။ (သဖြန်) ။ ဆင်တဲ့မိုယ်းပြာ။ မှုံရာမှာ ဘယ်စီမံလို့။ ခိုးအလျှံမြူး။ ။ ချွေရက်မယ်သည်ရွှယ်ရန်ဖြင့်။ ဗိမာန်ဘုံ သိင်္ဂါမှ။ ညွန်လိုရာဘန်ဘန်ဝေလို့။ သွန်းချွေလှဲ့ဦး။

## ၁၂။ ။ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်ဆို ပတ်ပျိုးကလေး။ (ပြဒ့ငယ်ချပ်ရံ)

ပြဒ့ငယ်ချပ်ရံ။ မတ်ပေါင်းစံ။ ရှစ်သန်း ဗိုလ်ထုငယ်ခြံ။ ။ နောင်နန်းရံ ငယ်လေ။ တူစံမယ်နော်ဘုန်း။ ကြိုးပါတယ် သဲရေကျဆုံး။ ။ ရွှေကုန်းငယ်တည့်သွင်။ မရှင်ကိုယ်ထူး။ ဖြန့်ကူးလှိုင်စွာ။ လင်းပြာကြက်တော။ ရွှေဥက္ကာနတ်ကယ်ကြောင့်။ ရင်သတ်ခါ မော။

(သဖြန်) ။ စောလိုက်တဲ့စိတ်ကယ်နယ်။ ခုသည်ဝယ် ဘယ်လိုများငယ်။ သွားခက်လှတယ်။ ။ အသွယ်သွယ်။ ဖြေတယ်ပ မဇ။ ငိုများတောင်ငိုချင်လှပါပေ့။ နန်းမှရင်သွေး။

## ၁၃။ ။ မြဝတီမင်းကြီးရေးသော တန်ခူးလရာသီဘွဲ့ ပတ်ပျိုးကလေး။ (တာသစ်ကယ်လေကူး)

တာသစ်ကယ်လေကူး။ ပင်လူးငယ်တည့်မြိုင်ရဂုံ။ သင်းသင်းငယ်လှျံ။ ညှာရွှေတံထွေထွေဆန်း။ ပန်းဝတ်ကထုံ။ ။ ရေအမွှန်။ ချယ်လှယ်စုံလို့ဆော်ကျူးကြွေး။ သာကာ၊ မယ်လျကျေး။ ။ ဖော်ညီဝေးငယ် သိုက်ရွှေမြုံ။ နွေဂိမှာန် လေပြန်ညှင်း။ နှင်း ဝတ်ကယ်မှုံ။ ခိုင်ရွှေညှာနွဲ့မာလာငုံ။ မောင်မယ်ဆွေစုံ-သာငွေခုံ။

(သဖြန်) ။ ရေးနောင့်အကြံ့။ လှုံရမယ် ဘယ်ခါမွန်လို့။ မြဟောဝန်မှူး။ ။ သင်းပျံ့လှိုင်ကြွယ်။ တင်ဆင်လွယ်မဲ့-တိမ်နယ်ကွန့်ငယ်မှာ။ ဆယ်ညွှန့်ရှိဦး။

## ၁၄။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးကလေး။ (ဘုန်းဆင့်ဆင့်တိုး)

ဘုန်းဆင့်ဆင့်တိုး။ ချယ်စီ။ ဆယ်ပါရမီ၊ ရင့်မာပွင့်လျာ၊ ရွှေသမ္ဘာတော် ဝေဖြိုး။ ကုန်းဘောင်ဆွေနေမျိုးမို့။ မြေမိုးထိ လှိုက်ဆူတုန်။ ။ ချွေရွှေညီညာ။ သီဟာရွှေဘုံ။ ထီးနှစ်ပွင့်စုံ။ ။ ဆယ်ကြာပဒုံ။ စုံဖူးလာရ။ ဘွားစက်စုံဦး တခခဖူး။ ။ ကွန့်မြူး ဝေဆာ။ ရွှေဗျာသိုက်မန်းမှာ။ မြစ်မင်းဆီးကာ။ တောင်တမန်တောင်ပြုံး။ ပိတ်ဖုံးကာဆို့။ နန်းမြို့ပြည်သာခေါင်။

---

* ကောင်ရွှံ့ = ကောင်ရွှံ့ပရာဇ်တိုင်းမှ ယက်လုပ်သော ခြုံလွှာတော်။

(သဖြန်)။ ။ ကနက်ကယ်ထောင်။ *ရွှေချက်နောင် အောင်မြေချာသို့။ ရိပ်ရာခံ စံယူခွင့်။ ရွှေနိုင်ငံဇ။ ။ ကုန်းဘောင်အာဟိန်။ မြတ်မျိုး ဆွေဇနိန်နှင့်။ †အသဠိန်နွယ်လာကွန့်တယ်။ ဘုန်းနေညွန့်သွေး။

## ၁၅။ ။ ပတ်ပျိုးကလေး။ (ကန်မင်းကသာ)

ကန်မင်းကသာ။ ရေမှာလေ - ရွှေကြာလေ။ ဟသ်ာသောင်တင်း ချစ်ရေးပို။ မယ်ညိုရွှေပိန်ညင်းနှင့်လေး။ ။ ကြိုင်လှိုင်ငယ်ပျံ့သင်း။ ပျော်ခင်းနှင့် လွမ်းဘွယ်စေ။ မှုံပြေပြေ တိမ်ခြေငွေနှင်းပေါင်း။ ။ အို-ရော်ပြောင်းကြွေခဲ့ဟန်၊ ပင်တိုင်းဆင့်ဆင့်သာဘန်။

(သဖြန်)။ ။ နန်းမြေ့ငွေလျှံ၊ နက်သန် နန္ဒဝန်နှင့်၊ မကျွန်မကြေလေသင့်၊ ဝါညိုရွှေမောင်း။ ။ မီးရေပွင့်စုံ၊ ကျေးငှက်ကယ် သံစုံစုံနှင့်၊ သိုက်မြုံမှာ ပျော်ဝလေ့ငယ်ကို၊ ရင်ပွေ့တပျောင်း။

## ၁၆။ ။ မြဝတီမင်းကြီးရေးသော အီနောင်ပတ်ပျိုးကလေး။ (မော်တင်လယ်)

မော်တင်လယ်။ ပျော်ပြင်ကျယ်၊ ရီဝေမှိုင်း။ ဒီရေလှိုင်းက ဆိုင်းနိုင်ဘွယ်။ ကြံမှိုင်တယ်နှင့်သာ။ ငယ်ညှိုးဆွေး။ ။ ဝေမြိုင်မြိုင်၊ ရေဆိုင်ဝဲ၊ ခွေယိုင်လဲလို့၊ သဲကြွေနိုင်။ သုံးပင်တိုင်ကသာ၊ မှိုင်သေးပန်း။ ။ ကမ်းရေယမုန်၊ စီးသွယ်သုန်သုန်လေး။ ။ သာပုံကို လွမ်းလေသည့်။ ရမ်းရော်တတ်ပြီ။ ‡နာဂဏီလေးရယ်နှင့်။ ဝေးပျော်ရပ်ဆီ။ ။ ရစ်သည်ပတ်ခွေ၊ ဆော်လေပြေ။ မျှော်တိုင်းမှိုင်ငေး လွမ်းလွမ်းလို့လေး။ ။ မာလာရွှေကျွန်းဆီက၊ လွမ်းတိမ်ရစ်တန်။ အာရရှန်တိုင်းရယ်က မှိုင်းရီခဲ့ပြန်။ (သဖြန်)။ မြင်လှဲ့ပပင်စံငယ်။ ကြာရံကြော့မှူး။ ဆူလှိုက်ကယ် လှိုင်းသံနှင့်၊ ဒီရေငံပုသိမ်ချောင်းငယ်မှာ။ လေ့လောင်းကလူး။

## ၁၇။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (ရွှေဇီဝိုး)

ရွှေဇီဝိုး။ ပူပျိုးငယ်လွန်။ သူစေယုံကျွန်။ ညွှန်ဘိသောလား။ ။ သာဖျားငယ်ချိုပြေ။ မှာတိုင်းတင်ပါချေ။ ။ သည်ပါးမှာစေ။ လုဆယ်ထွေ။ ရွှေကြော့မှူးကိုတဲ့။ လွမ်းတယ့်မေ့ဘူး။ ။

(သဖြန်)။ တိမ်ခိုးငယ်ဆင်။ မင်းလွင်-နွေသစ်လို့။ ရွှေနစ်ကယ်ကြိုင်လှိုင်ထုံတဲ့။ ရဂုံကြော့ဦး။ ။ ရွာဘဲနှင့်မှန်။ ရွှေအမွှန်ဆော်တင့်ရဲလုချည့်။ နှောင့်သဲမှာ ကြွေရည်စေလို့။ မိုယ်းစည်ခြိမ့်ကျူး။ ။

## ၁၈။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (အို ကြော့ဆုံးမယ်)

အို ကြော့ဆုံးမယ်။ ကေသွယ်လျော့လျား။ မောင်သနားလှတယ်၊ အို ဘဲ့နယ်-ဘော်မပါ။ သွားရှာရော့ ဝေးမြေတာ။ ။ သဇင်ညှာ၊ ခွါပြာက သင်းတယ်လေး။ မြိုင်တွင်းတောရဂုံ၊ ငှက်ကျေးဘော်ရွှေစုံ။

---

* ရွှေချက်နောင် = ရွှေချက်သိုဟူသောစကားကဲ့သို့ သုံးစွဲခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီး ချက်တော်မြှုပ်ရာရွှေဘိုမြို့သို့ဟု ဆိုလိုသည်။

† အသဠိန် = အသဠိန္န (ပါဠိ) = မကျိုးမပျက်သော။ ကပ်ဦးမဟာသမ္မတမင်းမှ မပျက်သောနန်းရိုးဖြင့် ဆင်းသက်လာခဲ့သော မင်းဟု ဆိုလိုသည်။

‡ နာဂဏီ = နရဏီရွှေကို ဆိုလိုသည်။ ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးသည့်အလျော် စိန်တခက်၊ မြတခက်၊ ဘယက်၊ ပုလဲ၊ ဒါယူ - စသည်ဖြင့် ချီးမြှောက်၍ ချစ်သူကိုခေါ်လေ့ရှိသည့်အတိုင်း နာရဏီဟု ခေါ်ခြင်းဖြစ်သည်။

(သဖြန်)။ ။ လွမ်းလို့မကုန်။ နဂရုံ ရွှေတိမ်ဆိုင်းဆီက၊ ရှုတိုင်းသာလှ။ ။ သွားရာရောနဲ့မေ။ မိငယ်လေ-မမြင်ဝံ့ပါဘု၊ ရွှေရင်မှာ ပူဗျာဆိုက်အောင်။ ဆွေးလိုက်မယ်က။

## ၁၉။ ။ ပတ်ပျိုးကလေး။ (မြတောင်ဝေရှင်း)

မြတောင်ဝေရှင်း။ လရောင်ငွေမင်း။ တောင်ဒီပါ-ထိန်ထိန်လင်း။ အို တိမ်ညင်းလေ မြနောင်၊ ခွန်သွင်းသ, လက်ဆောင်။ ။ ကုန်းဘောင်နေမျိုး။ ဘုန်းရောင်ဝေဖြိုး၊ တောင်ဒီပါ-ပိုင်သိမ်းစိုး။ ။ အို နေမျိုး *ဥက္ကဠ်ဆွေ။ ယာဉ်မျိုးကြော့မဟေ။ ။

(သဖြန်)။ ။ များထုဝေနေ။ သုံးရံရွှေပြိုင်လွတ်တဲ့။ ယဉ်ထွဋ်ညာကြူး။ ။ သားမယ်တော်-နစ်ပြည်ပိုင်မို့။ အုံးနှစ်ခိုင်-သာတင့်ဆုံးငယ်မှာ။ ရွှေဘုန်းကွန့်မြူး။

## ၂၀။ ။ မြဝတီမင်းကြီးရေးသော ကုန္တာဝုဓ နန်းတွင်းဇာတ်တော်ဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်တွင်းကသာ)

မြိုင်တွင်းကသာ။ ထုံစွာငယ်-မှုံပြာလေခိုင်ညှာလှဲ့လန်း။ ငှက်ပေါင်းစုံ။ ရဂုံပင်မြင့်နန်းမှာတဲ့လေ။ ရှစ်ခန်းငယ်သာ။ ရစ်သန်း မှိုင်းလို့ဝေ။ ပြာအညိုရွှေ-တိမ်ခြေမြူခိုးဆိုင်း။ ။ အို စံတိုင်း-ရွှေမြို့ဆီ။ ရော်ရမ်းသိတတ်နိုင်ပြီ။ ။

(သဖြန်)။ ။ သီကရီ၊ သိဂီငယ် ဘုံဘွားနှင့်။ ပျော်များ ပျော်တော်ချိန်မှ၊ ပြာမှောင်မိုန်ဖြိုး။ ။ ဖြေလဲဖြေနိုင်နှင့်။ သည်ဂနိုင် တောင်ဖွေရိပ်မှာ။ ပူစိတ်နှင့်ညှိုး။

## ၂၁။ ။ ပတ်ပျိုးကလေး။ (မြနန်းဘုံပေါ်မှန်)

မြနန်းဘုံပေါ်မှန်။ ရွှေဝတ်မှုံတင့်ဆန်း။ ဆင်တော်ရန် ကုံးတဲ့ပန်း။ လက်ျာငယ်ရစ်သန်း။ ဖလ်နန်းငယ်ရုံကာ။ ပေါ်ထွန်းပြန်လို့သာ။ ချပ်လွှာငယ်ယွင်းယိုး။ သင်းမလှိုင်၊ လေဆိုင်ရာပါးပြန်ခဲ့လေး။ ပုံ့ပေါင်းငယ်ထွေသလေ။ နှင်းငွေ ကြော့ဦး။ ရွှေသည့်ရုံ မှုံပန်းကဖူး။ ။ ကျူးပါငယ်နိုင်ဘူး၊ ပူကျူးရာသီ။ ကြုံများကြုံခဲ့ပြီ။ ။ အိုဘယ်ဆီနေ့ငယ်မှ။ စောတော်လေ့မယ်။ ခုသာလွယ် ဘန်ဆင်းလှဲ့လေး။

## ၂၂။ ။ မြဝတီမင်းကြီးရေးသော မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (မိုယ်းဒေဝါ-ချိန်ခါလေ)

မိုယ်းဒေဝါ-ချိန်ခါလေ။ ချိန်ခါလေ-ချိန်ခါဟုတ်ဘဲ။ ရွာဖွဲ့စွေလိုစွေ၊ ရွာဘဲနေလိုနေ။ ။ ရွှေအာကာဘုံစိုး။ အလို ပဇ္ဇုန်မင်း ငယ်လေ။ ဘယ်ခင်းနှင့်ပြီး။ ။ မျှော်မိခိုးငယ်နှင့် ရှစ်ရပ်ခွင်။ တိမ်နီလာပေါင်ခရမ်း။ သမ်းညို့ညို့မှုင်။ ။ အို-မိုးနတ်ရှင်။ ကယ်ပြုချင်တိုင်း။ စည်တော်ငယ် နှိုးပါလို့၊ ထံပိုးငယ်ပြိုင်။ ဘော်ဝေးသူ၊ တကိုယ်ထူး-မူးဝေလို့မှိုင်။ ။

(သဖြန်)။ ။ ဟာဆုတ်ပဖျာ။ ပြောင်လာနှင့်လေး။ ။ မျက်ထားချိုချိုနှင့်။ ဘာလိုလို-သူရှိတယ်။ ဘုန်းကိုယ်သိရေး။

## ၂၃။ ။ ရွှေဘိုမင်း ဘုန်းတော်ဘွဲ့ ပတ်ပျိုးကလေး။ (ကျွန်းကျွန်းတိုင်းခန်း)

ကျွန်းကျွန်းတိုင်းခန်း။ သိမ်းမြန်းပိုင်ယူ။ ရှင်လူပြိမ်းရေး။ နီးဝေးရုံခါ။ နေလ,တန္တန်း။ ရွှေဘုန်းရောင်ဖြာ။ ကြေငြာထိန်ထိန် လင်းလို့လို့။ ဝင်းလို့လို့။ အမရရွှေနန်း။ စံခန်းအောင်မြေချာ။ ။ ဝေယန်ကုန္တာ။ ပရမေသူရာ။ နတ်ပေါင်းငယ် ညီညာ။

---

* ဥက္ကဠ် = ဥက္ကဋ္ဌ (ပါဠိ) = မြင့်မြတ်သော။ အကြီးအမှူး

ပြဟ္မာရေစင်။ ဘုန်းပွင့်လျာကို။ ဘန်လာစုံစုံ နင်းနင်းလို့လေး။ ။ ပြည်ပြည်ထောင်ထီးစင်း။ ထံရင်းငယ်များရုံရွှေ။ ။ ဘုံရဝေညာ။ သီဟာမှန်ယွန်းဦး။ ရာကြူးရှည်မြင့်ကျော်။ စံမြန်းချိန်သင့်လျော်။ ။

(သဖြန်)။ ။ ရှေးမြင်သိမြော်။ ရာဝင်တော် သည်သည်ပုံသို့။ မကြုံလေသေး။ ။ သံကြီး ဆယ်မည်သာလို့။ စကြာတော် လျှင်မည့်ကြောင်းငယ်ကို။ သောင်းဝှန်ဝေ-မြေဝသုန်က။ မြူးစုန်ရင့်ကြွေး။

## ၂၄။ ။ တွဲဘက်ရုံးစာရေး-မောင်တာရေး၊ မယ်ဘွဲ့-ပတ်ပျိုးကလေး။ (ပပငယ်လေ-ဝင်းဝင်း)

ပပငယ်လေ-ဝင်းဝင်း။ ညာပင်တိုင်-ဝေမြိုင်ဆောင်လုံးလင်း။ ယဉ်အရွှေကို။ ပူပိုလေခြင်း။ ကြော့ရှင်းကေသာ။ သုံးတောင်က သာသလေလေ့။ ပိတုံးရောင် မြတောင်ဇာ။ ။ ရွှေရည်သိင်္ဂါ။ [*]ပဋ္ဌာလွန်သန့်ရှင်း။ သူဇာပုံမယွင်း။ ဆင်ဆဒ္ဒန်မင်းငယ်သို့။ ကြော့ရှင်းလေ။ ။ ရိုးဆစ်ပြေပြေ။ ခါးလျားရင်တော်နေ။ မောက်ဖြိုးဝေ၊ ရွှေများ့မှူး။ ဇမ္ဗူမြေ၊ ရှာဖွေတွေ့နိုင်ပေါင်၊ လှများ့ခေါင် ယဉ်ကြော့မှူး။ မောင့်ကိုယ်ထူး ကြုံရတယ်လေလေလေ့၊ တွေ့ဘူးကွယ် ထင်မိတယ်။

## ၂၅။ ။ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်ရေးသော၊ မျှော်တော်ယောင် ပတ်ပျိုးကလေး။ (ညဥ့်သုံးယာမ်ခါ)

ညဥ့်သုံးယာမ်ခါ။ လေပြေလာ။ လေပြေလာ။ ဇရွှေရင်မှာ။ ။ [†]လာနိုးမျှော်မိ။ ဖြေမပျော်နိုင်ဘူး။ ဘုန်းမယ့်ကိုယ်ထူး။ ။ မဖူးသာ။ လွမ်းတာကပွား။ ရှင်နတ်များ။ အိုအို-မ,ဘဲကို။ ။ မဖူးသာ။ လွမ်းတာကပွား။ ရှင်နတ်များ။ အိုအို-မ,ဘဲကို။ ဆိုငို မှိုင်ရက်ကယ်ငေး။ ။ သေလုပါပြီ။ ကြွေလုပါပြီ။ အို-ဘာပြုမလာသေး။ ဘုန်းသူနှင့်ဝေး။ ။ လေးမယ်ငယ်ကံ။ ရေးမဘွယ် ဘန်သလေး။ ။ ကြုံကာပမ်းပါဘိ။ လမ်းဘယ်မမြင်။ ရွှေပင်လယ်ဆီးသည်သို့။ နီးမယ်မထင်။ ။ သုံးရွှေကြော့ရှင်။ ဘုန်းလာ မမြင်သလေး။ ။

(သဖြန်)။ ။ နမလေးမယ့်သခင်။ တင်ရန်ကများ။ ။ လှိုင်းကြီးတဲ့ရေ။ မြကြောအဏ္ဏဝေသို့။ မစုံရွှေ-စကြာကွန့်တယ်။ နန်းနေညွှန့်ဘွား။

## ၂၆။ ။ မြဝတီမင်းကြီးရေးသော - ကန်တော်ဘွဲ့ပတ်ပျိုးကလေး။ (တောင်နန်းရွှေပိမာန်)

တောင်နန်းရွှေပိမာန်။ သာဟန်လွန်တင့်မော။ ရှင်စောငယ် မြတ်ဘုန်းကြွယ်။ ။ မိုးယံရောင်လျှံစက်။ ဘုံဘဝဂ်ညီးညီးကယ်။ သီလာရီညွှတ်ထား။ တောင်များ့ဖျား။ ။ ငါးမင်းနယ်။ ရည်သွယ်ဖြာ။ နန္ဒာရေပြည့်လင်း။ ကန်သနင်းအောင်ပင်လယ်။ ။

(သဖြန်)။ ။ ကြာမျိုးလှိုင်ကြွယ်။ ချပ်ရုံမှုံအလယ်က။ မင်းမယ်ရွှေဟံသာနှင့်။ ပျူပျူဂှာ မာယာပိုသည့်။ မယ်ညိုတဝေး။ ။ မလွမ်း ဘယ်ဖြေတတ်ပမယ်။ ဆယ်မြတ်ကယ်လေး။ ။ သာစွနောင်။ ပြိုလုငယ် ဆည်ဖြေယောင်နှင့်၊ တတ်နိုင်အောင် ပုံတသွန်းလို။ သိုက်ခွန်းရွှေရင်ငွေ့ငယ်လေ။ လှုံ၍ချစ်ကြွေး။

---

[*] ပဋ္ဌာ (ပါဠိ) = အပြစ်

[†] အချို့ဆရာများက။ "လာနိုးငယ်မျှော်လဲခု" ဟူ၍လည်း ဆိုကြသည်။

## ၂၇။ ။ မြဝတီမင်းကြီးရေးသော ၈၀-ပေါ်ပတ်ပျိုးကလေး။ (ရှုလဲနိုင်နှင့်)

ရှုလဲနိုင်နှင့်၊ မြသားငဲ့ရောင်လို။ တောင်စဉ်ခွေပတ်။ နောဒတ္တရေညို။ ရေညို ရေညို၊ ရေညိုတည့်သာ။ တောင်စဉ်ခွေပတ်။ နောဒတ္တရေညိုညို။ ။ နတ်ပေါင်းငယ်ဆို။ စိမ်းညိုစိမ်းညို၊ စိမ်းညိုငယ်လျှံညီး။ လက်ျာရစ်ခွေ။ တွေတွေသွယ်ကျစီးလို့လေ။ ။ အံ့ချီးပျော်ကြ အကုံကုံ။ ငှက်ကျေးမောင်နှံ။ ပျံခါဝဲတယ်။ နွဲလည်ယှက်ခုံ။ ။ လွမ်းလို့ပူပုံ။ ခုကြုံသည်ဝယ်ရောမို့လေ။ သံလေးသံဆင့်။ ။ ငှက်ကယ်မောင်မယ်။ ခေါ်ထူးလူ့နယ်။

## ၂၈။ ။ မြဝတီမင်းကြီးရေးသော - မယ်ဘွဲ့ပတ်ပျိုးကလေး။ (သေးသေးငယ်တည့်သွယ်သွယ်)

သေးသေးငယ်တည့်သွယ်သွယ်။ သည်ဝယ်လေ။ သည်မယ်လေ။ ဆည်ဘွယ်မတုံ့။ ဆွတ်လွတ်ကယ်သာ။ ကွဲကြေငယ် ပြန်တယ်ကို။ ဘုန်းကေသီခံ့ရှာဘု။ သေအံ့ငယ်သည်ဆည်ဝယ်။ ဆိုင်တယ်သား ငယ်ပလေး။ ။ မှိုင်းဝေပတ်ခါချုန်းသည်နှင့်။ မြိမ့်အုန်းငယ်ဆင်။ လွမ်းပင်သာပွားပြန်ရတယ်လေး။ ။ တိမ်ခြေမြန္တယ်လို။ နေညိုရီမပွင့်သည်နှင့်လေး။ ဆင့်ဆင့်ငယ် ကဲလွန်လေ။ မြင့်မြင့်ငယ် လှိုင်ချွန်လေ။ ။ မောက်ဖြိုးငယ်သာဟန်။ စွင့်စွင့်ငယ် ကန်မွန်မွန်လေး။ မယ်ညာနေစွန်။ သူမွန်ငယ် ပျော်မြူးမျှလေး။ ရင့်ရင့်ငယ်ကျူးနွဲ။ ရေဝဲတသွန်။ ပယ်နယ်စွန်ရွယ်စူးလို့။ ကူးကာ ညွန်လေတည့်။ ကူးကာညွန်။

## ၂၉။ ။ ပတ်ပျိုးကလေး။ (ကြုံလေ၊ ဘုံဘွေ)

ကြုံလေ၊ ဘုံဘွေ၊ ဆော်ထွေ မှိုင်မိရင်း။ ကံကံငယ်ခေလို့။ ကြုံရလေခြင်း။ ။ ကြမ္မာလေယိုယွင်း။ ဘန်တဲ့ခင်း။ ငြိုဟ်မင်း မယ့်ကိုမွေ။ နတ်မင်းတို့ နေနိုင်ပေ။ ။ ထက်ဘုံဘွေ ပိုင်စိုးညား။ မြကေခိုင်-ရှိဦးထား။ စုံခြေတောဖျား။ မယ့်အားပူတာ-နတ်မင်းတို့နေနိုင်ရှာ။ ။ ဗျာပါဝုန်တောင်ထုမှာ။ လေးရောင်ဆိုင် ရွှေမေရုလို။ နိုင်းတူဘု မယ့်လွမ်းတာ။ ။

(သဖြန်)။ ။ မတင်းတဲ့ ကျောက်ဖျာ။ ကသစ်ကယ် ရွှေပင်ရင်းမှာ။ ခင်းတဲ့သေလာ။ ။ မိုးက္ကန္တာငယ်လေ။ မ,ပါခု-နတ်များ။ သည်ပူကို။ မကြာလွန်းစေနှင့်။ ကျွန်းချည့်ဘုရား။

## ၃၀။ ။ ငယ်တိုးဝန်ဆို-ပတ်ပျိုးကလေး။ (မင်းဝံတောင်)

မင်းဝံတောင်။ သာခေါင် သာခေါင်ကြူးလုလေး။ ဝေမှောင်-ဝေမှောင်-ဝေမှောင်မှိုင်းမြနယ်။ တိမ်ပြာဆိုင်းလို့ချယ်။ မြူးနယ်မှို ဝိုင်းရီ။ ။ ထွေလည်။ ရွှေပြည်ရွှေဝန်းကကာ။ ကျွန်းစေနော်ခန်းငဲ့။ ရွှန်းအောင်ရှာဘဲကို။ ဆို ဆို ဆို ငိုယောင်မှား။ ။ ဖေါ်မစုံဘဲ မယ်တကိုယ်ရည်။ ဆင်တယ်ညိုးခွေကာ။ တိမ်းပါး၊ ယိမ်းပါး။ အုန်းအောင်လေ အုန်းအောင်လေ။ ပဖ္လုန်မိုယ်းက။ ပြုံမလိုလိုပင်။ ။ သယ်လေ မိုယ်းဒေဝါ။ စွေလွန်းလုလုလေ။ ။ တိမ်ပန်းလျှပ်ခြည် ပြောင်းတသွယ်-ကွယ်တဆန်း-နန်းမြို့ဆီ။ ပြာရီပိတ်ကွယ်။ ရှုလယ်အင်။ မြင်လာဘဲ သွယ်သွယ်ဆန်း။ ။

(သဖြန်)။ ။ နန်းကြော့သူ။ ရွှေဘုန်းမကူလို့။ မြချူလေသွဲ့က။ အို-မယ့်ကံသေအောင်ဆိုးတယ်။ ဘယ်မိုယ်းတဲ့လဲ။

**မှတ်ချက်။**

သဖြန် တွင် အချိုးမစုံ ဖြစ်နေပါသည်။ ဒုတိယပုဒ်တစ်ခုထဲ ဖြစ်နိုင်ပါသည်။ သို့ရာတွင် နစ်ထပ်ကွန့်ထားသည်။

## ၃၁။ ။ မယ်ဘွဲ့-ပတ်ပျိုးကလေး။ (လေညှင်းချွေသင်း)

လေညှင်းချွေသင်း။ တောင်မင်းတည့်ဆီးသွယ်။ ။ ရှုဘွယ်ခုဝယ်။ သူ့နယ်မျှော်ဆ, မှန်းသည်နှင့်။ မြိုင်နန်းဝယ်။ ။ ပျံ့သင်းကြိုင်လှိုင်ကြွယ်သည့်။ ရဂုံလယ် ဗွေဂီရိမှာ။ ဖြေဆည်မပိုင်ဘိသည်နှင့်နှင့်။ ။ လွမ်းခွင့်ဘန်လဲ။ သည်သဲဝယ်သာ ဖိုလို့လို့။ ကြည်ဘဲနှင့်သာမျို။ တောင်ဗဟိုရ်။ ရောင်ပျိုငယ်ဗွေသနင်း။ နတ်မင်းခုဘုန်းဝယ်မတည်။ ။ ဘန်မကူ၊ ဉာဏ်ယူနေး။ တင်ရေးကုန်ခက်လှ။ ကြာရက်ရှည်။ ။

(သဖြန်)။ ။ ဖြေမတည်။ ဗွေသဉ်လီ-စိန်ညောင်ကြာက။ လေးဖြာရွယ်-ရွှေညီလုံ့။ ရွှေကေသီထား။ ။ ပူဘူးတဲ့ဟန်။ ကြည်ရန်မှာ မကြည်လှလေဘု။ ဆည်ဖြေဖြေခု-ပုံမရိပ်ကယ်မှာ။ ယုံစိတ်ကယ့်လား။

## ၃၂။ ။ ပဲ့နင်း-ဦးနေဦးဆိုသော၊ ပတ်ပျိုးကလေး။ (လွမ်းရန်ထွေ မျှော်လေတိုင်း)

လွမ်းရန်ထွေ မျှော်လေတိုင်း။ ပြာခြေဆိုင်းလို့။ မှိုင်းမှုံဝေ။ စုံခြေသာဆန်း။ သည်မြိုင်လမ်း။ ။ နန်းသူများမယ်။ ပျော်ဘွယ်ကများ။ သွားကြစို့နော်။ တူနစ်ဘော် သည်မြိုင်ထဲ။ မှိုင်းရီလို့မဲ။ ။ ရှာဘဲနှင့်ဆင်။ နန်းပင်မြင့်ဘွား။ ထားနွဲ့ရွှေကိုယ်။ ပြိုမလို။ ညိုညိုဆိုင်း။ ဝိုင်းအုံလို့မဲ။ ။ ကြုံနဲသည်တွင်။ မျှော်မမြင် တကိုယ်ထဲမို့။ ပူအင်ပိုကဲ။ ။ နွဲလို့ကြုံလှာ။ ဘယ်ရေးဆုံကြမ္မာ။ ရဂုံချာ ဆန်းတဲ့မြိုင်လယ်။ တပုံသာ ပန်းဘို့ထွေတယ်။ ။ နန်းသူများမယ်။ ပျော်ဘွယ်ကများ။ လွမ်းရန်နှင့်သား။ ။

(သဖြန်)။ ။ ခါများခုနော်။ မျှော်တာကဝေး။ ။ ဆွေးပါနှင့်မယ်။ လွေယ်အောင်၊ မောင်ဆောင်ပမယ်။ ပြည်သာခေါင်။ ရွှေဘုံကြော့ကို။ နီးပါပေ့ါလေး။

## ၃၃။ ။ ဆရာ ဦးကျောက်ခဲဆို၊ ပတ်ပျိုးကလေး။ (ရေပင်လယ်)

ရေပင်လယ်၊ ပြည့်နယ်လျှံ။ ညံ့ညံ့ကျူးလို့။ မြူးပျော်စံ။ ကြာရံနေညောင်း။ ရွှေပေါင်းများသူ့ထားကေဆံ။ ဘယ်ရှေးကံ ဘယ်ရွှေကံ။ ဘန်လာညွန်း။ မာလာထွန်းတဲ့ ကျွန်းနိုင်ငံ။ အောင်ဇေယျံရင့်ကျုံညှင်းကြွေး။ ။ ရေးမာမာလိန်။ ကူးရွှေဉာဏ် ချိန်တယ်လေး။ ။ စိန်မှန်ဆောင်နန်းငယ်က။ ဆန်းရွှေသော်တာ။ အို ပူပုံပန်းပါဘိ။ နန်းရွှေများညာ။ ။ ကျူးကြော်ညံ့ဝေ။ မြူးပျော်စံထွေတယ်လေ။ ။ သောင်းရွှေပေါင်းလယ်။ ပျော်စမွယ်။ မျှော်လဲဘန်ဝေ။ လွမ်းလွမ်းလို့လေး။ ။ သာရွှေမြေ နန်းငယ်က။ ဆန်းငွေသော်တာ။ အို ပူပုံပန်းပါဘိ။ သန်းရွှေများညာ။ ။ နွဲ့မူရာသိန်။ လွမ်းရွှေသွယ်လိန်လေး။ ။

(သဖြန်)။ ။ ခိုးရိပ်ကယ်ပြာမှိန်၊ လွှာတိမ်ကမေ့။ ။ လေညှင်းညံ့ညံ့နှင့်၊ မြလှိုင်းသံဗွေလယ်ဦးမှာ။ မှိုင်မူးလို့ဆွေး။

## ၃၄။ ။ ပတ်ပျိုးကလေး။ (ဆင့်ရရင့်ငယ်လေ-ရွှန်းလန်း)

ဆင့်ရရင့်ငယ်လေ-ရွှန်းလန်း။ သီလာမြိုင်-တိမ်ဆိုင် မြူခိုးတန်း။ စံညာတည်၊ ရွှေပြည်ဘယ်မှန်း။ ရော်ရမ်းနိုင်ပြီ။ တိုင်း မေရို့ဆီလေလေ့။ မှိုင်းအုပ်ကယ်ဝေညို့ရီ။ ။ ခါဘယ်ရာသီ။ လှမ်းမိုလိမ့်မယ်လေး။ ပြန်တာ-ကွာလှမ်းဝေး။ ရည်ရေကွန်း စိမ်းလဲ့ကြည်ဝှန်။ ချမ်းမြရိပ်မွန်။ ဘော်နှောရွှေတသွန်။ ရင့်ရှုညွှန်။ တွံကျူးဗေ။ ပျူဟာ မူရာ နွဲ့သံချို။ သဲငယ်ဖိုအောင်။ ဆိုတင်းရေး။ သာကာကျေး မောင်နှင့်မယ်လေလေလေ့။ ဆွတ်လွတ်ကယ် ကြွေလျဘွယ်။ ။

(သဖြန်)။ ။ အသွယ်သွယ်။ သည်နယ် စုံရဂုံက။ လွမ်းပုံကို ဖြေဆီတန့်အောင်လို့။ မခန့်လေသေး။ ။ သင်းလှိုင်ပျံ့ကြူ။ ရွှေဝတ်ကယ် ဘယ်မဥ္ဈူလို့။ နန်းသူကြုံလေရွှေ့ငယ်မှာ။ မှိုင်မေ့နှင့်ဆွေး။

## ၃၅။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (မှန်ရဝေ)

မှန်ရဝေ-စံနေရာ-များ့ထီးမို့လေ။ ကျွန်းများပေါင်။ တန်ဆောင်ဖလ်ရှိန်ညီးလို့လေး။ ။ ကြီးစေအာဏာ။ နှုန်းနေသွယ်ဖြာ။ သောင်းဒီပါ ဘွေမြင့်မှာ၊ ပြည်ပြည်မင်း ကိုးကွယ်ရာ။ ။ ဘုန်းတဲ့ဘုန်းတေဇာ။ နှုန်းတဲ့နှုန်းနေဖြာ။ သီဟာလေ-ရွှေနန်းဦး။ ညီလာစုံ ဗိုလ်ပေါင်းဖူး။ ။ တပုံသာထူး။ သောင်းရွှေများ့မှူး။ ။ ကြည်နူးစေဌာ။ ဒီပါသပြေကျွန်းမှာတဲ့လေ။ ထုံးစဉ်လာ။ ဗြဟ္မာ ရေတော်သွန်းချိန်မို့လေး။ ။ ရံဝန်းညီလာ။ ခွန်လိုင်ဘွယ့် တိုင်းသိဂ်ါမှာလေ၊ ပျော်မြန်းစေဘို့သာ။ ။

(သဖြန်)။ ။ မတ်ပေါင်းငယ်ကာ။ နရိန္ဒာခေါင်ဆင့်တဲ့။ ရာမင့်းမှင်းဘုန်း။ ။ တန်ခိုးတော်လျှံ၊ ပြောင်ဆဒ္ဒန်ပိုင်စိုးတဲ့။ မြတ်မျိုး ဧကရာမို့။ ကဲသာလို့နှုန်း။

## ၃၆။ ။ ငယ်တိုးအတွင်းဝန်ဆိုသော၊ မယ်ဘွဲ့တောင်လား-ပတ်ပျိုးကလေး။ (ဂန္ဓမာတောင်)

ဂန္ဓမာတောင်။ ။ လိုဏ်နန်း ချောင်ငယ်ကသာ။ ပူအောင်စေသာ။ ပမ်းဖြေနိုင်ပါငယ်နှင့်လေး။ မာလာရွှေခိုင်။ နွမ်းခွေယိုင်။ ပူဝန်ပိုပွား။ မြသားငယ်တည့် အငုံငုံ။ ။ ဝတ်မှုံငယ်ကြွေညောင်း။ သင်းကြိုင်ပျံ့လှောင်း။ ။ မဥ္ဇူရွှေရောင်။ နန်းမေရုတောင်ငယ်မှာ။ ရီမှောင်မှောင်တောင်ဖျားမှာ။ ဗိန်းခြုံလို့ထား။ ။ အထူး-ထူး-ထူးလို့ခြား။ မြသားငယ် အသွယ်သွယ်။ ညာဘယ်ဖြိုး မိုးလုံးမဲ။ ။ ဆိုလဲ-တန်ဘဲ-တန်ဘဲ-ဆိုလဲ၊ လွမ်းဟုန်က ကဲသကိုလေ။ နွဲ-နွဲ-နွဲ-နွဲ ကျူးသီဖွဲ။ ။ မစဲနေ့လုံး။ ပောဝန်ပတ်ကုံး။ ရီမှောင်ပိတ်ဖုံး။ နံးလျှလျှ။ လှိုက်ခုံ-လှိုက်ခုံတည့် ဆန်း-ဆန်း။ နွမ်းတပြော့ပြော့။ ။

(သဖြန်)။ ။ သဲကြွေလု ပြုမလိုပင်။ မိုးလုံးပြည့်ဆင်။ အို-ထိပ်တင် ရှုပါဘုရား။ ။ တကိုယ်တမ်းမို့။ ပန်းဘုံဗွေ။ ချော့ချေ ပိုက်ချေ။ ကြာနေနွမ်းငယ်မှာ။ ပန်းစေတော့လား။

## ၃၇။ ။ မြဝတီမင်းကြီးရေးသော ဣန္ဒာဝုဓ နန်းတွင်းဇာတ်တော်ဘွဲ့ ပတ်ပျိုးကလေး။ (နန်းမြေနှင့်ကွာ)

နန်းမြေနှင့်ကွာ။ သည်တောပေမာ။ ပူဗျာသာပွားပါလို့။ ဖြေများဖြေနိုင်။ ရှစ်ပြိုင်ရိပ်လယ်။ ပျော်တော်နိုင်ဘဲငယ်မို့။ သဲကြွေဘွယ်။ ။ တင်မလွယ် လွမ်းနယ်ဝေး။ ကြံလေလေငယ်နှင့်သာ။ ဘန်ဆယ်ထွေ။ ။ မှိုင်းလို့ဆင်။ ရှစ်တိုင်းငယ်မှုန်။ ဘယ်ပဇ္ဇုန် မိုဃ်းငယ်လို့။ အို ငြိုးရက်တယ်။ ဆွေးဗျာကြွယ်။ သည်ဝယ်ဘန်ပြန်တော့မယ်လေ။ ။ ကြံငယ်လေ သေးငယ်နှင့် သာ။ ဘန်ဆယ်ထွေ။ ။ ဖြေများဖြေတော့ဘူး။ စုံခြေဦး၊ ကျူးပြန်လှာ။ ငှက်ပေါင်းငယ် ညံစာစာ။ သည်ချိန်ခါ လွမ်းရနဲ။ ရွှေသာကာကျေး မောင်မယ်ကြွေး။ ရေင့်နွဲ။ စံမြဲငယ် နန္ဒမူ။ လိုဏ်ရွှေကူ ပုံမလွဲ။ ။

(သဖြန်)။ ။ တင်လိုက်ကဲ့နော်။ ထက်နန်းဝေယန်ပျော်က။ ဘယ်ငြိုးသော်လဲ။ ။ သန်းရွှေမြင့်ညာ။ စံတော်ရာသို့ မှုန်ငွေနှင်းငယ်။ ဆောင်သွင်းလို့သဲ။

## ၃၈။ ။ ပတ်ပျိုးကလေး။ (ပတ်ဝန်းငယ်တည့် ညာဘယ်)

ပတ်ဝန်းငယ်တည့် ညာဘယ်။ ရဂုံသာရီမှိုင်း။ ရှုတိုင်းသာတော့တယ်။ ။ လွမ်းတယ်ဆို ရွှေကျွန်းမှာ။ သွန်းလာတဲ့မိုဃ်း။ ။ မြူခိုးငယ်ညို။ မြနန်းလှုံ ရွှေယုန်ရုပ်ကယ်။ ဖုံးအုပ်လို့ဖြိုး။ ။ ခြံုပါကတဲကို။ လုံဘဲခုဆို။ လေချိုဆောင်သာခန်းမှာ။ ဖြန်းလာတဲ့ညှင်း။ ။ ပင်မင်းက သင်းလှတယ်။ အို-ရွှေအင်ကြင်းက မင်းနယ်ငယ်။ ။ ခိုက်ခိုက်တုံ-မလုံကွေး။ ကိုယ်ရေးငယ် ကြုံတော့တယ်။ တပေါင်း-တံခူး။ မိုဃ်းသားကြူး။ လေရူးဆော်လှုံ့ချီ။ ။ နဒီမြစ်တွင်း။ ရွှေငကြင်း။ ဘော်ချင်းပြေ-လူလိုဟန်။ ဒေါင်ဒင်းသံ၊ သာသာနှင့်။ တံငါလှေလုပ်ဆင်း။ ။

(သဖြန်)။ ။ ရွှေအင်ကြင်းက။ မင်းမူပြန်။ မြိုင်ယံကြော့တော။ ။ ရှုလဲ မှုံဝေရီနှင့်။ ထုံရွှေဖီ ငုံအပွင့်ငယ်မှာ။ ကြွေရင့်ချက်စော။

## ၃၉။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (ညှင်းလေကသွေး)

ညှင်းလေကသွေး။ ။ ဘယ်ကျေးငယ်တည့် ဆွေမျှားညှာ။ ။ ရင့်ကြွေးငယ်သာ။ စံသိင်္ဂါပင်ဘုံဦး။ ကျူးလာဘိတယ်။ ။ မှုံကြွယ်သည့်တော၊ ရည်ရော ဆည်ဆွယ်။ လွမ်းစေစိမ့်ရှယ်။ ။ လွန်ချယ်လယ်လှ။ ဘယ်နန်းဘွား။ ရွှေဂူ၊ ကြိုင်ပျံ့ရှား။ ။ မဉ္ဇူဖျားငယ် သိုက်မြုံလယ်။ ။ နန္ဒမူ။ လှိုင်ကြူသင်း။ ခင်းညှံ့ဝယ်။ ဝတ်ရည်လျှံသည့်။ ပင်ယံနယ်။ မကြုံလေဘွယ်။ မှုံချွေလှယ်။ ။ နန်းပေဟဝန်မှူး-မောင်မယ်။ ပန်းဖြေလဲ-ဦးသာလွယ်။ ။

(သဖြန်)။ ။ သည်ချစ်ကြိုးသွယ်။ ဘယ့်နယ်ဘန်-ဉာဏ်ဝေလို့။ ဖြေပမယ်လဲ။ ။ စောပြန်မိယောင်။ မယ်မောင်ကြင်တဲ့ သွင်မညို့ငယ်မှာ။ သည်ကိုယ့်ဖြစ်နဲ့။

## ၄၀။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (ရှုလိုက်တိုင်း-မှိုင်းခဲ့ပြီ)

ရှုလိုက်တိုင်း-မှိုင်းခဲ့ပြီ။ သွင်းလေပြေရော။ တောင်တောက မှိုင်းဝေရီ။ ။ ခြည်ခြည်နှင့်သာ။ မြူခြေမှုံပျိုး။ ငွေမိုယ်းက ဖွဲစီစီ။ ။ ချစ်ကြိုးသီ။ သိင်္ဂီရွှေလှော်လှဲ့နှင့်လေ။ ဘော်ကွာ-မြော်ပါ တကိုယ်နွဲ့လို့လေး။ ။ လွမ်းဘွဲ့ခွေယိုင်။ နှင်းလှိုင်လှိုင်ဘုံပြန့်မှာ၊ စံပယ်နံ့သင်းကြိုင်ကြိုင်။ ။ ဖူးတဲ့ဖူးရွှေခိုင်လေ။ မြိုင်တဲ့မြိုင်သာယာ။ ။ ပုံလာလေ ယင်မျိုးဆန်း။ ။ မွှေးစွာကြိုင်လှိုင်လန်း။ ။ တပင်ပျံသန်း။ ကျေးသိုက်ဘွဲ့နန်း။ ။ ဆိုတမ်းမိယောင်။ မောင်မယ်ခေါ်သံ ထူးလို့လေ။ ငါးကြင်းဆန်။ သကြံန်ခါနွေဦးမို့လေး။ ။ အို-ငုံဖူးကင်းစရွှေ။ ညှာညောင်းရွက်ဝါကြွေ။ ။

(သဖြန်)။ ။ ကောင်းကင်ပြန့်ဖွေ။ တိမ်ခြေကမဲ။ ။ ရွာရုပ်ကယ် ဟန်လိုနှင့်။ တော်ဆိုရင် နိုင်တော့မိုးငယ်။ ဆိုတိုးတင့်ရဲ။

## ၄၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (လေးဒီပါလုံး မြေတန်ဆောင်)

လေးဒီပါလုံး မြေတန်ဆောင်။ ဆန့်တိုင်းငယ်ရန်အောင်။ မြူမှောင်မခန်း။ နတ်ရုပ်ကယ်သာ။ သင်းလှိုင်ပျံ့တယ်ကို။ ။ ပေးလှူဒါပွံ့သည်နှင့်။ ဆည်ငုံ့ငယ်တာမတွယ်။ ရည်ရွှယ်တော်မူတိုင်းပလေး။ ။ များရွှေဗိုလ်ခပင်းငယ်နှင့်။ လက်ရင်းတော်ယုံ၊ ဆင်ပုံပြင်ချေအံ့ဘွယ်စေ။ ။ တွက်ရေမှန်းနိုင်ရာ၊ တိမ်လွှာကြယ်တမျှငယ်နှင့်လေး။ ။ သည်ပငယ် ချီးထွေလေ။ ရှင်စောစိန္တေ၊ ဓာတ်ပေါင်းငယ်သာမွေ။ ငါးဦးငယ် မာရ်ချွေလေ။ ရောင်ခြောက်သွယ်ဝေ။ ဆယ်တန်ဆောင်လွန်ကြူးရလေး။ ။ အမရ ရွှေတိုင်းခန်းလေး။ သာဆန်းခေါင်ဖွေ။ တောင်ယဉ်ရေကာသန်းသည့်။ နန်းအောင်မြေလေတည့် နန်းအောင်မြေ။

## ၄၂။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သင်းသင်းငယ်တည့် ကြိုင်လှိုင်ညီ)

သင်းသင်းငယ်တည့် ကြိုင်လှိုင်ညီ။ ။ ရဂုံငယ်သာညီ ရာသီမတုံ့။ ထပ်ချပ်ကယ်သာ မွှေးကြူပျံ့တယ်ကို။ ။ စိုးပူတော့သည်သို့။ ဆည်အံ့သည့် ကြံနိုင်ဘွယ်။ ။ ထုံမှုံလယ် မြိုင်မင်းကလေ။ ။ သွန်းချွေခဲ့ဟန် ဆိုင်းသည်နှင့်။ ကွန့်လှိုင်းငယ်သာမိုး။ ငြိုးဘယ်ညို ပျိုးပါဘိတယ်လေး။ ။ ရစ်ခွေမြနှယ်ရုံ။ အမွှန်ကို အသိငယ်ပလေ။ ပျောင်းယိငယ် ညှိုးဘွယ်လေ။ ပင်ယံကြော့ မင်းငယ်လေး။ ။ ချစ်ရေးငယ် သာလှယ်။ လှဲ့လှဲ့ငယ်ရွှင်လန်းလေ။ တောင်နန်းတိမ်နယ်။ ရီဆွယ်ဆွယ် ဘန်သိမ်းလို့လေး။။ ရင့်ရင့်ငယ်ကျူးဇေလေး။ ။ ဘယ်ကျေးမြတ်နွယ်။ သည်ဝယ်သာ။ ပူဘန်ခွင့်။ မှန်းရည်ရွှယ် လေတည့်။ မှန်းရည်ရွှယ်။

## ၄၃။ ။ မြဝတီမင်းကြီးရေးသော ကန်တော်ဘွဲ့ ပတ်ပျိုးကလေး။ (စိမ်းကြည်လဲ့ရှင်)

စိမ်းကြည်လဲ့ရှင်။ ။ ကန်မင်းငယ်လေ လွန်ပျော်ဘွယ်။ ရှုတိုင်းငယ်သာ။ စိန်မှုံလွှာကြာရေခင်း။ သင်းလှိုင်ပျံ့ကြွယ်။ ။ သွယ်သွယ်ရင့်ရော။ ဘော်နှောသံလှယ်။ ဟသ်ာမြမယ်။ ။ ကိုယ်ရောင်နွယ်နှင့် ငယ်သေးသေး။ ဇင်ရော်၊ ရွှေမြစ်တွေး။ ။ မာယာရေးငယ်ကျေးဆည်ဆွယ်။ ။ ညှာကေသီ-ရွှေညီပန်းငယ်၊ မြန်းစံပယ်။ ။ ရွှေဝေယန်မြင့်မန္တာလယ်။ မလွမ်းလေဘွယ်။ ကန်မွန်ဝယ်။ ။ သွန်းချေ တင့်ရဲဘန်ရှုယ်။ ညိုစေသင့်ညာမယ်။ ။

(သဖြန်)။ ။ ပြည့်နှန်းသာလွယ်။ နန်းလယ်ရွှေညီလာမှာမှ။ ဆင်လိုရာ တိမ်လွှာရုံလို့။ ဝိုင်းအုံပါလား။ ။ အမွှန်မှူး။ သီကျူးငယ်လေ့ ချွေတော့ဟန်။ ဘယ်မာန်ညိုသည့်။ သည်ကိုယ်မူငယ်မှာ။ ကြွေလုငဲ့သား။

## ၄၄။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သာဂိမှန်။ ညာလေပြန်)

သာဂိမှန်။ ညာလေပြန်။ ဖူးခိုင်ဆင့်-ခါသင့်ရန်။ ။ စုံမြိုင်ဌာန် ပျံ့ပျံ့သင်း။ ဝတိန်ဝေယန်။ ညာရွှေမှန်။ လွမ်းစေဆင့် ချွေခွင့်ငယ်ဘန်တယ်။ ဘုန်းစေမန်ငယ်လေ၊ သီကျူးလာပြန်တယ်ကို။ ။ ဘယ်ဘုန်းစေမန်။ ရေးရေးရွှေညာဏ်။ လှိုင်းရေယာဉ်သံလေး။ သွန်းချွေရှုယ်ရန်။ တန်ပြီတဲ့လားငယ်လေ။ နန်းမြဝေယန်မှာ ညာစံပွင့်ထွား။ ။ ပျော်ပါးဘွယ်ကို။ ရေးမာယာပိုလေး။ စောတယ်ဆို။ အညိုငယ်အမွှန်မှူး။ ဆိုင်းညှာလင့်ဦး။ ။

(သဖြန်)။ ။ တိမ်းခိုးငယ်ကြွေ။ သွင်းလေကမြူး။ ။ ဝတ်ရက်ကယ်မှုံရုံနှင့်။ သင်းထုံကြိုင်လှိုင်ပျံ့ငယ်လေး။ နေခန့်တို့ဘုး။

## ၄၅။ ။ ပတ်ပျိုးကလေး။ (မြမြမောင်းမောင်း)

မြမြမောင်းမောင်း။ ပြာညိုရွှေ-တိမ်ခြေငွေနှင်းပေါင်း။ ။ ဝေအစည်စည်။ လေပြည်လေညှင်း။ လုံနိုင်အောင်သာ။ လောင်းပြန်တော့သာလေလေ့။ ပြောင်းရိုက်ကယ်ဆော်ကာသာ။ ။ အုံးရွှေသဏ္ဌာ၊ ယွန်းမော်ကြာယံလယ်။ ညှိုးညှိုးငယ်ငယ်၊ သေများသေချင်ဘွယ်။ ဘုန်းကြွယ်ကြွယ်-ဘန်ဘဲအား။ ဝေယန်လယ်စမွယ်-မြနယ်လေ။ ရတာစေ နေလွန်းအား။ ပူသူများ ပူရော့မယ်လေလေ့။ မေ့ရက်ကယ်နေနိုင်တယ်။ ။ သဇင်၊ စကား၊ ချယား၊ စံပယ်။ စမ္ပီရွှေသွယ်။ ပျံ့လယ်ဝတ်မှုံမွှေး။ လေပြေ တသွေးသွေး။ စုံမြိုင်ခြေကျေးကပန်းသာထွေ။ ။ ဆောင်ယွန်းယံဇွေ။ လေဝန်းရစ်ခါချွေ။ ရွှက်ဝါကြွေ *နွေမူးမူး။ မိန်ရာသီခါမို။ လသာခေါင်၊ မြလွှာမှောင် တောင်ခိုးမြူး။ ရွှေဗီဖူး ပေါ်ရော့မယ်လေလေ့။ မေ့ရက်ကယ် နေနိုင်တယ်။ ။ ညှိုးငယ်ခွေ ယိမ်းနွမ်း။ ပူပုံပမ်း ရွှေပင်လယ်။ အိုကြာနယ်-ကွာရေဝေး။ မြင်လာပါဘဲဆွေး။

## ၄၆။ ။ မြမြမောင်းမောင်းအလိုက်၊ ပတ်ပျိုးကလေး။ (ပျံ့ပျံ့ငယ်လေသင်းသင်း)

ပျံ့ပျံ့ငယ်လေသင်းသင်း။ ခိုင်ရွှေလျှံ။ ညှာတံမြိုင်လုံးလင်း။ မှုံသိင်္ဂါ မာလာအင်ကြင်း။ ဂေါ်ဇင်ခွာပြာ- ပန်းစုံကသာလေလေ့။ မြရွက်ကယ်ဝေဆာဆာ။ ညိုရည်တောင်ဇာ လိပ်ပျာမြတဆင်း။ ။ သာကာခေါ်ကျူးရင်း။ တွန်သံချွေကြွေးရင့်။ လွမ်းရန်ထွေ။ တိုင်းသူ့ရပ်မြေ။ တိမ်ဆိုင်းနီလာခွေ။ လဲ့ပြေပြေ။ လေညှင်းမြူး။ ဖြေဆည်။ နေတည်တိမ်းနိုင်အောင်။ ဌက်မယ် မောင်ငယ်လေ ဖေါ်နွဲ့ကျူး။ ကိုယ်တော်ထူး။ ကြွေလုဘွယ်လေလေ့။ တွေ့ရက်ကယ်ကြုံရတယ်။ ။

(သဖြန်)။ ။ လွမ်းပိုရမယ်။ တောင်နယ်ထုလေး။ ။ နစ်နန်းပိုင်ရွှေကိုယ်တော်နှင့်။ မြတ်ညာပျော်စံရာမြို့ကို။ မှိုင်းညို့ညို့ဝေး။

**မှတ်ချက်**။ ။ ***၄၇။ အိမ်နှောင်ပတ်ပျိုးကလေး***နှင့် အစမှ "တိမ်ဆိုင်းနီလာခွေ" အထိ စာသားအနည်းငယ်မှလွဲ၍ တူပါသည်။

---

* နွေမူးမူး = နွေရာသီရောက်လုနီးပြီဟု ဆိုလိုသည်။

## ၄၇။ ။ အီနောင် ပတ်ပျိုးကလေး။ (ပျံ့ပျံ့ငယ်လေသင်းသင်း)

ပျံ့ပျံ့ငယ်လေသင်းသင်း။ ခိုင်ရွှေဝါ-ညှာတံပင်လုံးလင်း။ မှုံသိင်္ဂါ မာလာအင်ကြင်း။ ဂေါ်ဇင်ခွာပြာ။ ပန်းစုံကသာလေလေ့။ မြရွက်ကယ်ဝေဆာဆာ။ ညိုရည်တောင်ဇာ။ လိပ်ပျာမြတဆင်း။ ။ ဘာသာခေါ်ကျူးရင်း။ တွံသံခြွေကြွေးရင့် လွမ်းရန်ထွေ။ ။ တိုင်းသူ့ရပ်မြေ-တိမ်ဆိုင်းနီလာဖွေ။ ညှင်းပြေပြေနေနှန်းထား။ ဒါဟန်ပျော် ညာမော်နတ်ကယ်လေ။ မျှော်လျက်စေ၊ ခွေယိမ်းနွမ်း။ ကြာလေပမ်း။ ပွေလေအောင်လေလေ့။ ထပ်ချပ်ကယ် ပူဖွဲ့နှောင်။ ။ တောတောင်မြိုင်လုံးလင်း။ ရွှေအင်ကြင်း။ သင်းပျံ့ကြွယ်။ အို-ကြံဆောင်ကယ်ယူနေး။ မြင်လာပါဘဲဆွေး။ ။

(သဖြန်)။ ။ မဒေးတဲ့နိုင်။ အရေးတော်သည်ခါဆိုင်လို့။ မပိုင်လေခြင်း။ ။ နန်းနေညွန့်မျက်ဖျော်။ ကိုယ်တို့မှာ ဘဏ္ဍာတော်မို့။ မခေါ်သာ မျှော်ခါပြီးရတယ်။ မုန်းစိတ်မသွင်း။

**မှတ်ချက်။** ***၄၆။ မြမြမောင်းမောင်းအလိုက်၊ ပတ်ပျိုးကလေး။ (ပျံ့ပျံ့ငယ်လေသင်းသင်း)*** နှင့် အစမှစ၍ "တိမ်ဆိုင်းနီလာဖွေ" အထိ စာသားအနည်းငယ်မှလွဲ၍ တူပါသည်။

## ၄၈။ ။ မြဝတီမင်းကြီးရေးသော အီနောင်ပတ်ပျိုးကလေး။ (ညို့ညို့ မှိုင်းမှိုင်း)

ညို့ညို့ မှိုင်းမှိုင်း။ ရီအဝေဝေ။ တိမ်ခြေမြူခိုးဆိုင်း။ ။ အို ဘယ်မှာ ဒါဟန်ရွှေတိုင်း။ မျှော်တိုင်းအောင်သာ။ နန်းမြေသိင်္ဂါ လေလေ့။ မှိုင်းအုပ်ကယ် ဝေညီပြာ။ ။ အို-ဝေယန္တာ နတ်ကယ်မေ့လေငြား။ နေတယ်ဘန်ဘဲအား။ ကူရေပန် တိုင်းလုံးကေသီမှန်။ ။ နန်းနန်းရာရုံ။ မြင်လဲ မြင်လာပြန်။ လျှောတဲ့ကံကြီးယွင်းမှား။ ဒါဟန်ပျော် ညာမော်နတ်ကယ်လေ။ ရှေ့မှာစေ ထင်မိမှား။ ခေါ်တော်သားထင်မိယောင်လေလေ့။ ထပ်ချပ်ကယ်ပူဘို့နှောင်။ ။ တောတောင်ပိုင်စိုးမြန်း။ ရွှေပင်နန်း နတ်ကယ်မောင်။ အို-ဘန်ဆောင်ကယ်ယူနေး။ မြင်လာပါဘဲဆွေး။ ။

(သဖြန်)။ ။ လေးပြန်တော့ဝန်။ ပုညွှန်သူ့ဘုန်း။ ။ တောင်ရိပ်ကယ်မြိုင်ဆွယ်က။ ဖူးမလွယ် ကြံရာမဲ့ငယ်ကို။ မြင်စမ်းလှဲ့အုံး။

## ၄၉။ ။ မြမြမောင်းမောင်းအလိုက် မယ်ဘွဲ့ ပတ်ပျိုးကလေး။ (ပပငယ်လေ-ဝင်းဝင်း)

ပပငယ်လေ-ဝင်းဝင်း။ မုန်ရဝေဆောင်။ ကိုယ်ရောင်တိုက်ခန်းလင်း။ ။ ဟန်တခါပြင် ရွှေစင်ဆယ်တင်း။ ဆက်သွင်းပုံသေ။ သိန်းတန်တဲ့မေလေလေ့။ တင့်ကြူးငယ်မူရာထွေ။ ။ မြင်သူမြင်သူဗျာဝေ။ ကွဲကြေအံ့မဆုံး။ ။ တင်ကာတင်ကာ-သွင်မျက်ခုံး။ ။ ချယ်မှင်ရောင်ပိတုန်းငယ်နှင့်။ သန်းခါမှောင်။ ။ မျက်လုံးတော်ရောင်။ သောက်ရှူးကြယ်ညီနောင်။ မြမျက်တောင် ကော့ကော့ရွှန်း။ ကေသီမှာ ဒေဝီကျမ်းစာဝင်။ မျက်နှာပြင်။ [*]စံလွတ်ကျွန်း။ ငွေလဝန်း-ပေါ်သည့်သွင်လေလေ့။ ခြောက်ပါးငယ် ပြစ်လွတ်စင်။ ။ တနဲလေ-တဖုံလေ-တနှုန်းလေ-တအင်လေ။ တနဲလေ-တဖုံလေ-တနှုန်းလေ-တအင်လေ။ မူရာမူရာစုံလင်။ နတ်ပင်လုပင်လား။ ။ ထင်ယောင်ထင်ယောင်ဝိုးတဝါး။ မြင်မြင်သူများပေကာ။ အံ့ခြားလေရှာ။ ။ ငုံကွမ်း ကြိုင်စွာ။ သင်းပျံ့မွှန့်သာ။ ရူပသာလှခေါင်ကြူး။ ခင်မေကို ကြင်ဆွေ လွဲဘူးနှောင်။ မြိုင်အောင် ဆောင်မယ်ကူး။ မောင်ရွယ်စူး မုန်ပါတယ်လေလေ့။ ကြော့မှူးရယ် ယုံတော့ကွယ်။ ။ သဲဘွင်ဝယ်။ ကြင်ခင်နှိုင်း။ ထင်မြင်တိုင်း။ တင့်လှတယ်။ အို-မိုးလယ်ဝေယန်ဖျား။ သူဇာထင်ရှိုးမှား။ ။

---

[*] စံလွတ်ကျွန်း = စံဘက်ပြိုင်ဘက်မရှိဟု ဆိုလိုသည်။ လွတ်ကျွန်းမှာ တုကျွန်းကဲ့သို့ အတုမဲ့ အတုမရှိဟု ဆိုလိုသည်။

(သဖြန်)။ ။ မျက်ထားတော်ချို။ မြွက်ကြားပျို ဖရဏာဟုံဖြင့်။ သဒ္ဒါရုံဗ။ ။ ထူးမြတ်သဠာ။ ဘယ်ကုသိုလ်ဘန်လာလေသည့်။ ဆွယ်စရာ ဇမ္ဗူလုံးမှာ။ နှုန်းစံဘက်ဝေး။

## ၅၈။ ။ ရွှေဘိုမင်းလက်ထက်၊ ပဲ့နင်းဦးနေဦး ရေးသော သစ္စာတိုင်ပတ်ပျိုးကလေး။ (ချစ်သမျှကို)

ချစ်သမျှကို-မြင်းမိုရ်ရွှေတောင်လုံးသို့လေ။ လေးဆူဒီပါ။ သီတာရေမြေဆုံးစေတော့လေး။ ။ အို-ဘယ်မမုန်းပါတော့နိုင်။ ။ ကပ်လုံးပ ဆုံးတိုင်တိုင်။ ။ ရုံးညာပိုင်။ အုံးပြိုင် သဋ္ဌာကြွေ့မှာလုလေ။ ။ ကြိုးမည်နောင်တာ။ [*]ကမ္ဘာမြေဝယ် မြေ့စေတော့လေး။ ။ မုန်သရွှေ့ကိုလှ၊ ဘန်စေ့ငယ် ရေရေ။ ကိုးဂုဏ်ရှင့်-ဂုတော်မွေ။ ။ တူမသွေပါစေမယ်နှင့်သား။ ။ လှစ်ကြူးမြွက်ကြား။ ဝှက်မထား။ မြတ်ရှင်ပင်တန်ခိုးအား။ ။ မခြား သိစေကြောင်း။ ပန်ထွာတည့် ခဝပ်ညောင်း။ ။ တူပြိုင်-ဂူလိုဏ်-စကားသစ္စာခိုင်။ သံသာလေ ကမ်းတိုင်။ တူပြိုင်လေကူးမယ်။ ဆုထူးငယ် ပန်ရွယ်သွန်း။ ။ ချစ်လို့ရယ်မကုန်။ ဝသုန်ဤမြေ။ သိ-ကြားစေ သက်သေညွှန်း။ ။ ပုံ့မွှန်းမွှေးလှိုင်ကြူလေတည့်မှ။ သုံးလူ့ထွင့်မှန်ကူ။ ။ မတူလေ ပြိုင်နှုန်းကင်း။ ခြောက်ဖြာစုံ ရောင်ဖြိုးလင်း။ ။

(သဖြန်)။ ။ ချစ်ခြင်းငယ်ပြိုင်။ မြစ်မင်းပိုင် အဏ္ဏဝါက။ ပြန်တစ်ရာကဲ။ ။ ယွင်းစေဝသုန်။ ငွေဝန်း-သော်တာယုန်သို့။ ကမ္ဘာကုန်ကျယ်သရွှေ့ငယ်မှာ။ဘယ်မေ့လိမ့်လဲ။ ။

## ၅၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (တံပိုးငယ်တည့်နတ်ပဥ္စင်)

တံပိုးငယ်တည့်နတ်ပဥ္စင်။ ရှစ်ခွင်ညီးညံ့။ မိုဃ်းသံတမူ။ မြင်သူလိုလို။ ဧချိုငယ်ကြည်နူး။ ဘယ်ဘုန်းစေလိမ့်။ နှစ်သိမ့်ခွန်းရည်၊ လွမ်းစည်ဆင့်ရင့်။ ကျူးသံနှင့်နှင့်။ ။

(ရတု)။ ။ မူးခွေညွတ်၍။ ကြွေဆွတ်သည်းအူ။ ဆည်ယူယုယ။ ငြီးငြီးတလျက်။ လျလျညှိုးမြန်း။ မြူပန်းလွင့်ချွေ။ မိုဃ်းရှည်လေလည်း။ ဝေဝေရစ်ဝိုင်း။ အုံ့ကာမှိုင်းသော်။ တိမ်ဆိုင်းရွက်ချပ်။ ကြယ်လျှပ် [†]ဝိဇ္ဇုန်။ ဘုံ [‡]ရဝိန္ဒာ။ [§]နိန္ဒရာမှာ။ [**]နွယ်တာဖြန့်သန်း။ နဝင်းစွန်းခဲ့။ ။ ကြိုင်မွှန်းငယ်တည့်နှင်းလှိုင်ကြွယ်။

မြသွယ်မြိတ်ကေ။ ရုံးဖြေငယ်သင့်ရင်း။ စိန်ဇမ္ဗူ။ ကြယ်ချူကြာရံခင်းမှာတည့်လေ။ ။ တံ့စားမူ။ လျစ်လျူပေါ်ဆောင် သင်းသည်နင့်လေး။ ။

(သဖြန်)။ ။ ညှင်းသီဖွဲ့လွင်။ နတ်ပဥ္စင်စည်တော်စုံက။ သဲအုံကြွေစိမ့်ငယ်လို့။ ဆော်မြိမ့်သီကျူး။ ။ ချိန်ရဇီ။ တင့်ရီငယ် လေတည့် ဆိုပေ့ကို။ ဘယ်ညိုးမာန်နှင့်ဘန်ပါလိမ့်မယ်ကို။ ရွှေတိမ့်နတ်မှူး။

---

[*] အချို့ဆရာများ။ ရှိးပြာမြေဝယ်-မြေ့စေတော့လေဟူ၍လည်းကောင်း။ ကမ္ဘာမြေငယ်ရွှေ့စေတော့လေ-ဟူ၍ လည်းကောင်း ဆိုကြသည်။

[†] ဝိဇ္ဇုန် = ဝိဇ္ဇု (ပါဠိ)၊ လျှပ်စစ်။

[‡] ရဝိန္ဒာ = ရဝိန္ဒု (ပါဠိ) ရဝိ = နေ + ဣန္ဒု = လ။

[§] နိန္ဒရာ (ပါဠိ) နေသွား-လသွား တွက်ရိုးကိန်းတမျိုး။

[**] နွယ်တာ (ပေါရာဏ) ဝါဆိုလ။

## ၅၂။ ။ ပတ်ပျိုးကလေး။ (ရေလှိုင်းကမို)

ရေလှိုင်းကမို။ ။ အလိုဘယ့်နယ်။ ကူးလွယ်ပါမှန်း။ ဘုန်းပွင့်ရန်။ ရွှေညာဏ်ဘန်တော် ဆန်းပါအံ့လေး။ ။ ရှစ်ခန်းငယ်သာ။ ရှစ်ခန်းငယ် မှိုင်းလို့သာဝေ။ ။ ပြာခြေဝါရွှေ တိမ်ခိုးဆိုင်း။ ။ ဘယ်တိုင်းရွှေမြို့ဆီ။ ဘယ်ကမ်းလို့မျှော်တတ်နိုင်ပြီ။ ။ မြကေသီ။ ဒေဝီမယ်အဏ္ဏဝါပိုင်။ မေခလာ ညာလဲ့ဖျားငယ်က။ မြင်များမြင်လှဲ့။ တောမြဟောဝန်။ ။ တိမ်နယ်စွန် တောင်ခရီးဝယ်ပ။ ပုံကြီးငယ် မပူလှပါဘု။ သည်ရေဆူ ပင်လယ်ဝဲမှာ။ သဲကကြွေခဲ့။ ။

(သဖြန်)။ ။ အမ္ဗုန်စိုး။ မြကြိုး ဒွါဒရာသွယ်။ နန်းလဲ့လဲ့မယ်။ ။ ယဉ်ရေလှိုင်း။ တိမ်ဆိုင်းငယ် ဝေမှောင်ကယ်မျှ။ သည်ဝယ်သာ ပူစေရှိတယ်လို့။ ညှိုးဘိထင်ငဲ့။

## ၅၃။ ။ ယိုးဒယား-ပတ်ပျိုးကလေး။ (သိင်္ဂါရွှေဘုံ)

သိင်္ဂါရွှေဘုံ။ တိမ်ပြာရောင်စုံ။ မန်းမြေခံ။ ရေယမုန်ပတ်သန်း။ ရွှေမြို့နန်း။ ။ ပျော်ခန်းသာတဲ့သာ။ ပြည်ကြီးပုံရတနာ။ ။ မိုးကုန္ဒာ ဘန်ညွန်းရှယ်ဆ။ စိုးစံကာ။ ညာကျွန်းဝယ်ပ။ သွန်းဇေယ၊ ရွှန်းဝေမျှ။ ထွန်းနေလသည်ဝယ်သာ။ ။ ဖြိုးတဲ့ဖြိုးဝေဆာလေ။ ။ ပြည်ကြီးအောင်မြေချာ။ ။ မင်္ဂလာသာတင့်ဆုံး။ ခပ်လေယဉ်ပြိုင်ရေးရကျုံး။ ။ မြနန္ဒီမြစ်လုံး။ လှိုင်းရေ ပြည့်ဖုံး။ ။ အို-နတ်နှုန်းရွှေတေဇာ။ ရွှေမန်းဖွေလက်ျာ။ ။

(သဖြန်)။ ။ မျှော်ဝယ်သာ။ မြဉယျာဉ်မင်္ဂလာနှင့်။ မနော်မာပင်ရွှေပြိုင်က။ သင်းပျံ့ကြိုင်မွှေး။ ။ ငှက်ကျေးဖိုမယ်မောင်တို့။ ပြည်သာခေါင် ဉယျာဉ်နန်းငယ်မှာ။ ပျံသန်းကြလေး။

## ၅၄။ ။ ယိုးဒယား-ပတ်ပျိုးကလေး။ (ရဂုံဟောမာ)

ရဂုံဟောမာ။ ပင်စုံဝေဆာ။ တောမြိုင်ချာ။ မြှောင်ဘီလာပတ်သန်း။ အဆန်းဆန်း။ ။ ပင်နန်းသိုက်မြုံလယ်။ ငှက်ကျေးတည့် အိုမောင်မယ်။ ။ ဆွေးစေဘွယ် သူတို့နယ်။ လွမ်းကြွေဆယ်ပူဘို့ဝယ်။ ခွန်းကြူးကြ၊ ကျွန်းသူတ။ *ညွှန်းသူဝ-သံစာစာ။ ။ မြိုင်ခြေရိုး။ ရွှေချိုးလေဖိုမဖိုမ။ မြူးပျံကြရှာ။ ကျူးသံသာ။ ။ တောကြီးတောကြီးကန္တာ။ ဇော်ဘောဂျီငယ်တို့။ လိုဏ်ညီ သည့်စံရာ။ တောင်သေလာ။ ဆေးဝိဇ္ဇာတို့ပျော်ရာလမ်း။ မြိုင်နန်းမြိုင် နန်းဖွေလယ်။ ပင်သူယောင်ဖူးကိုတဲ့။ ဆွတ်ခူးကာ သူတို့လွယ်။ ။

(သဖြန်)။ ။ မြိုင်ညိုညို့နယ်။ စုံတောရဂုံလယ်မှ။ ဖိုမောင်မယ်-ကိန္နရီနှင့်။ ရွှေစာမရီသား။ ။ ကျားကြံ့ပြောင်ဆင်။ တိုးအောင်း စံပျော်ရှင်တဲ့။ စမ်းရေယဉ်ဖွေဂီရိငယ်မှာ။ ဘန်ဘိနတ်များ။

## ၅၅။ ။ ယိုးဒယား-ပတ်ပျိုးကလေး။ (မြိုင်ခြေတခွင်)

မြိုင်ခြေတခွင်။ ခိုင်ရွှေသဇင်။ မွှေးလှိုင်ရှင်။ ပန်ဆင်မည်ရှယ်စူး။ မှီတို့ဘူး။ ။ ညွှတ်နူးကြည်ဘွယ်သာ။ ကိုယ်ထီးခု ဘန်တော်လာ။ ။ ဘော်မပါ ကြုံရတယ်။ တောရဂုံ မြိုင်ဝမှာ။ တိုင်းရွှေဘုံဌာနကို။ တမ်းခေါ်တ၊ ရမ်းရော်ဆ။ လမ်းဘယ်မှသိနိုင်ပါ။ ။ လွမ်းတဲ့လွမ်းဘို့ရာလေ-မိုဃ်းက ဆင်ပြန်လာ။ ။ ကျူးကာသာ ဆော်ကြွေးချုန်း။ ဝေယန်ပိုင် ဘန်အားတဲ့ဘုန်း။ ။ ရှစ်နယ်တိမ်လုံး။ မှိုင်းရီတော့ဆုံး။ ။ အိုပိတ်ဖုံးဖွေအာကာ။ မျှော်တိုင်း လွမ်းဘွယ်သာ။

---

* ညွှန်းသူဝ-သံစာစာ = သူဝ(ပါဠိ) - ကျေးသား။

(သဖြန်)။ ။ ဟေမဝါ။ ပင်သိဂ်ါ ရွှေရွှယ်ညီသည့်။ ခါရာသီ သည်ရတုမှာမှ။ ကြွေလုဟန်စော။ ။ တောင်ခြေရိုး။ ရွှေချိုးဖိုမ-သံစာစာ။ ဘာသာသူတို့ပျံကာမြူးတယ်လေ။ ကြည်နူးဘွဲ့တော။

## ၅၆။ ။ ရွှေဘိုဘုရား၏အနောက်နန်းမတော် မမြကလေးဆို၊ မယ်ဘွဲ့ ပတ်ပျိုးကလေး။ (မြယဉ်ရေညို)

မြယဉ်ရေညို။ ကိုယ်တော်ပျော်ခန်း။ သန်းကာဝေလည်။ ရွှေပြည်ဘယ်မှန်း။ ကံကံငယ်သာအို။ ဆိုင်ငိုမှား။ ထွေထွေသား။ ပါလေမှန်း။ ။ သန်းရာရှင်။ ပန်းအပန်းငယ်။ ပန်းငယ်လိုပင်။ မြင်လာရေး။ ။ ရွှေရင်ပေါင်လယ်။ အသွယ်သွယ်။ စမွယ်ခွါပြာ။ ညှာငုံလန်း။ နန်းရွှေပွင့်ခြူးနွယ်မျှင်။ ။ မဥ္ဇူရုံးတဲ့ ကုံးသဇင်။ နင်းရွှေပင်မှာလေ။ မျက်ရှင်လို ရောင်ရှိန်ဖြာပါတဲ့။ မြကြောသာ ရင်ပေါင် ရေခပါသလေ။ ။ ရွှေနော်ဇာငွေပုလဲ။ မြလျှံ ဘန်ဘဲကို။ နတ်ကယ်လေ ညီပေဘဲ။ လွမ်းဘွယ်လေနွဲ့ပို။ ။

(သဖြန်)။ ။ အိမ်ရိပ်ကယ်ခို။ မာန်ပိုနှင့်အုံး။ ။ သဲဘွင်ကဖို။ ဘယ်ညိုတော်သည့်ပူအောင် သားငယ်ကို။ ထားတတ်ပေ့ဘုန်း။

## ၅၇။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (ဝေဖြိုးကုန်းဘောင်ညွှန့်ညွှန့်)

ဝေဖြိုးကုန်းဘောင်ညွှန့်ညွှန့်။ နေမျိုးဘုန်းရောင်ကွန့်ကွန့်။ ခက်သွယ်ရှည်။ ဆက်နွယ်စည်။ တိုင်းအောင်ချာ။ စံရာ ဘိုးတော်နေပြည်။ ။ သီးသန့်သန့်။ ထီးခန့်ခန့်။ ချီးအုံ့ငယ် ထွေဆန်း။ နန်းဆောင်ဆောင်။ ထောင်သစ်ကယ်တည်။ ။ သန်းမြှောင်ခွေ-ရေအင်းအိုင်နှင့်။ မန်းတောင်မြေ-နေခင်းပြိုင်တင့်။ တောင်မြင့်တောင်ပြုံး။ ပတ်ကုံးဘွဲ့ခြံရံလည်။ ။ ငြိမ်းချမ်း သာကြည်ဖေ။ ဆုတောင်းဆုယူ။ နတ်လူခေါ်သံ။ ကောင်းခြီးငယ် ကြော်ငြာကြွေး။ ရာဇာသွှိုန်။ အာဏာလျှံထိန်။ ကုန်းဘောင်အာဟိန်ဘေး။ မြတ်ဘိုးတော် နတ်ရှင့်မြေး။ အိမ်ရှေ့ရင်နှစ်သွေး။ ။

(သဖြန်)။ ။ အရေးတော်ပိုင်။ ဉာဏ်စိန်တိုင် သီလဝင်နှင့်။ နတ်သေနင်သူရာအောင်သို့။ ရန်ပေါင်ပယ်ချိုး။ ။ မန်းမော်ဖွေငူ။ သောင်းပြန့်ဝယ် သယ္ဘမျှနှင့်။ ဥက္ကာဂူ နေနွယ်ရိုက်ပေမို့။ နန်းစိုက်ထောင်စိုး။

## ၅၈။ ။ အိမ်ရှေ့ထိပ်ထား-လှိုင်ထိပ်ခေါင်တင်ရေးသော ပတ်ပျိုးကလေး။ (ပန်းသဉ်လယ်)

ပန်းသဉ်လယ်။ လွမ်းဘွယ် ပူဝန်ရေးငယ်နှင့်လေ။ ။ ညှင်းကျည်ကျည်။ လေပြည်ဆော်ကာသွေးလို့လေး။ ။ ကျေးသံ ရင့်နှောင်။ တောင်တော်မြင့်ဖျား။ သိုက်ကွန်းငယ် ပျော်စံကာနှင့်။ မာဂဓာ-ဘာသာကျူးတယ်လေး။ ကြည်နူးဘွယ့်များ။ နန်းပင်တိုင်ဘွား။ ။ ဖြေဖျော်ဖျား၊ များရွှေညီ။ ရှိဦးစုံစုံချီ။ ဝတိန်ညွှန့်ရွှေကေသီ။ ဒေဝီပုံလေ ဘုန်းမျှားဖျား။ ။

(သဖြန်)။ ။ ဖြေမသာ။ မှုံညာမြင့်ဘွား။ ။ ရွှေသဲမှာ ကြွေယောင်နှင့်။ ဝဇီညောင် ဖွေကြငှန်းငယ်မှာ။ ပူပန်းစေလား။

## ၅၉။ ။ ပတ်ပျိုးကလေး။ (မိုးလုံးပတ်လည်)

မိုးလုံးပတ်လည်။ သွင်းလေချီ။ ။ နတ်စည်ငယ်လေရင့်ကျူး။ ထူးထူးထွေလာ။ ကြော်သံဝါ။ ဟန်-ဘန်ဘန်လဲ။ နွဲ့လို့စေ။ ။ ဘန်လို-ရွာရွန်းစို။ မိုယ်းမိုယ်းရွာဘဲချုန်း-ပြေ့အုံးမှာခွေ။ ဖြေလဲနုံးသည်နှင့်။ *ကုံးအာကာ။ အကွ့ရာကြော့ကောက်ကွေး။

---

* အချို့မှာ၊ အုံးအာကာ-ဇေရာက ကြော်ငြာကြွေး။ မာလာမာလိန်လေး-ဟူ၍လည်း ဆိုကြသည်။

[*]မာလာမ,လက်ရေး။ ရွှေကိုယ်လေး-သူ့ရုပ်ပုံ။ ရှုမကုန်၊ ဘဝင်မှိုင်း။ မှိုင်းမှိုင်းဝေ။ သလွန်ဇွေ။ နော်ရွှေသား။ တ,ယောင်မှား-မှိုင်းမိမူး။ ။ ဆော်မြည်သံကျူး။ စက်ဦးပန်းဘုံဇွေ။ ဆံကေနွဲ့ယိမ်း။ ခေါ်တော်လိုသား။ ထင်မှားဘွယ့် လွမ်းဘွယ်စေ။ ။

(သဖြန်)။ ။ ဖြေလဲခု နော်မပြေ။ ဆော်လေကမြူး။ ။ စက်အုံးဇာမရီက။ ကြံတတ်ပြီ ဘယ်မလင်းတယ်လေ။ ခင်းသာတို့ဘူး။

## ၆၄။ ။ ပတ်ပျိုးကလေး။ (မြိုင်ခြေ-ခိုင်ရွှေ)

မြိုင်ခြေ-ခိုင်ရွှေ။ ဆော်လေပျံ့ပျံ့ညှင်း။ ထုံဂန္ဓာ မာလာသင်း။ ဂေါ်ဇင်လေ ကျန်ကြွင်း။ မြူနှင့်နှင်း။ ။ မလင်းမှိုင်းအုပ်ရီ။ ရှစ်တိုင်းကမှောင်ချီ။ ။ နရီတော် ခါညောင်းလို့။ ဇာမရီ ဟိုတောင်စောင်းမှာ။ ဒေါင်းဖိုမ-တွံသံညီ။ ။[†]သဥ်လီ၊ ဖြေဆီ။ စက်လဲ ပျော်နိုင်ပြီ။ ။ ဆောင်ယွန်းငယ် ရာသီ။ ကထိပန်းလွှာ။ ခြုံလဲငယ် လုံပါသေး။ ။ အဆွေးငယ်ထပ်ပို။ တကိုယ်ထီးသာ။ ရွှေသဲမှာ တုံကာဇေ။ ။ မြသွေးရောင် မိလ္လာငယ်နှင့်သာ။ ရွှေသား အုံးသဥ္ဇာ။ ပျော်တော်ရှာနိုင်ဘဲ။ ညဥ့်ဆည်းဆာ သံယိမ်းလွဲ။ ။

(သဖြန်)။ ။ လဲသဥ်ပြန့်ညောင်း။ ရွှေတောင်မြင့်ဖျား။ ။ ဖြေများဖြေတော်နိုင်နှင့်။ ခြည်ရောင်စိုင် ထိန်ထိန်စ,ပါပေါ့။ ရေ့ပြဗ္ဗာ ဝိဒေဟာဆီက။ မိုးစလို့လင်း။

## ၆၃။ ။ မွန္တလေးမြို့ဘွဲ့-ပတ်ပျိုးကလေး။ (အောင်မြေမြမန်း)

အောင်မြေမြမန်း။ သိုက်ကျမ်းစုံစွာ။ ဘုံရတနာ မန်းတောင်လက်ျာ။ ။ နှုန်းနေကွန့်ဖြာ။ ရွှေဘုန်းထိန်လို့သာ။ ။ ဣန္ဒာမျှော့မင်း။ ဆင်းကူညီဘန်။ ပြောင်ဆဒ္ဒန်-မျိုးမှန်လှ။ သိန္ဓဝါ။ မြင်းပျံယျ။ စိုးပိုင်သ။ မန္ဒာတ်မင်း။ ။ အိုလေ မန်းရွှေမြို့။ နန်းလေအောင်မြေခင်း။ နန်းလေလေ - နန်းလေအောင်မြေခင်း။ ပယ်ရှင်း၊ ရန်မျိုးအောင်လေလေ့။ မန်းသာခေါင်။ ။ တောင်ခြေပတ်ဝိုင်း။ မျှောင်ခွေလို့ဆိုင်း။ စံတိုင်း ရွှေဘုံဆောင်လေလေ့ ရွှေဘုံဆောင်။ ။ အိုလေ ရာပြည်ထောင်။ ခွန်ဆောင် ဆက်သွင်း။ တေဇာ ဝင်းထိန်လို့ပြောင်။ ရွှေဘုန်းနေသို့ရောင်။ ဝေနေယျာပေါင်း ပါစေအောင်။ မဂ္ဂင်ဖောင်ကြီး။ စီးမဲ့ ဘုန်းခေါင်။ နိဗ္ဗူသောင်သို့။ နောင်ရောက်အောင်ကြိုး။ ။

(သဖြန်)။ ။ နန်းရွှေမြို့မှာ။ အဏ္ဏဝါ-ဝေလျှံဖြာသည့်။ ရေနန္ဒာဝိုင်း။ ။ တိုင်းခြိမ့်ခြိမ့်တုံ။ မြမန်းပြည်ရွှေဘုံသို့။ အောင်ဇေယျ-ရတနာလျှမ်းတယ်။ စံခန်းနဲ့နီး။

## ၆၂။ ။ သစ္စာတိုင် ပတ်ပျိုးကလေး။ (နှစ်ကိုယ်သစ္စာ)

နှစ်ကိုယ်သစ္စာ။ အဆိုမေတ္တာ။ မြဲအောင်သာ။ ။ ကေသာလေမြတ်ဖျား။ တင်ဦးထား။ နှစ်ပါးကျိန်သစ္စာ။ စုလျားတဲ့ ရစ်ခွေကာ။ ။ သေချာလေမှန်ကြောင်းလျား။ တူနှစ်ကိုယ် ချစ်ရေးတော်ထား။ ။ စာရွှေလေနှစ်ပြား။ စုလျားတဲ့ဂဟော။ ဆော်မြဲပမှန်ပုံသေ။ ။ ခင်တမေ သည်တသက်တွင်ဖြင့်။ မြတ်ဆံကေ စိန္တေစက်မှာမှ။ ကျမ်းရွှက်စို့-လှမ်းဆက်လို့-နန်းဆက်ညွှန့်လျှော်ဆံကေ။ ။ မသွေတမ်း။ ရွှေကျမ်းကိုရွက်ပရွက်ပ။ ရွက်ပမယ်တဲ့။ ပျို့သက်လယ်။ မမုန်းတမ်း။ ဆုံးခန်းတိုင်ရွယ်။ မရှုံးတမ်း သုံးခန်း ရွှေလယ်။ နောင်မသွေဘူး။ ဆွေမယ်လျှနတ်ကယ်။

* မာလာ မ,လက်ရေး = ပန်းကုံးသဘွယ် စီကုံးရေးသားထားသော၊ ကျမ၏လက်ရေးဟု ဆိုလိုသည်။

† သဥ်လီ = သဥ္ဇာလီ(ပါဠိ) = စက်ခန်း-အိပ်ရာနေရာ။

## ၆၃။ ။ ပတ်ပျိုးကလေး။ (ပဟမန်ပွေဟန်)

ပဟမန်ပွေဟန်။ ညံ့ညံ့ပိန်ညင်း။ သောင်ခုံငွေကသာ ဘော်ကွေကွင်း။ ။ မြောက်ပြန်လေလေညှင်း။ ဆော်လှုံ့သွင်း။ ။ ဇင်မင်း နွဲ့နွဲ့ငယ်ရှည်။ မြိုင်တွင်းမှာ ထုံမှုံချီ။ ။ ရာသီလေ ခါသင်းမွှေး။ မစုံသူ ပူကြောင်းပလေး။ ။ ဇင်ယော်မြစ်တွေး ဘော်သွေးခေါ်ကာ။ ကမ်းတဲ့ကမ်းယံမှာ။ ။ ဘက်လှယ်ကာ စံကြတယ်။ လူဟန်ပ သူတို့မှာ။ ။

(သဖြန်)။ ။ ငွေသဲငယ်ကာ။ ယမုန်နာရေနဒီသို့။ မြစ်မဟီ ဆိုစလောက်လေငဲ့။ ထုံးပေါက်အိုင်အင်း။ ။ စိမ်းကြည်လဲ့ရေ၊ ငှက်ပေါင်း ဘော်စုံခြွေတဲ့။ ကြုံလေတယ် တကိုယ်မယ့်ငယ်မှာ။ ပွေတဲ့အခင်း။

## ၆၄။ ။ ကွပ်ရွာမြို့စား မင်းကြီးကတော်ခင်ဆုံရေးသော အီနောင် ပတ်ပျိုးကလေး။ (ဆောင်ဝဇီရာ)

ဆောင်ဝဇီရာ။ ညောင်ကွန်းညာငယ်ကလေ။ ။ သီဟာရွှေပြင်။ များဖော်ဖြေ ရှင်သည်နှင့်သာ။ ကြည်လင်နိုင်ဘွယ်။ တွေးကြံရည်ရွယ်သည်နှင့်လေး။ ။ ဇရန်ဝယ်ချယ်တော်မူရင်း။ ခွါပန်းငယ်အခိုင်ခိုင်။ ။ ဆွတ်ကြိုင်ငယ်လေညှင်း။ ချမ်းစေစိမ့်သွင်း။ ။ ငွေယုန်သီတာ။ မိုးယံမြင့်မှာ။ နှင်းငွေလွှာ ရည်မှေးတယ်။ သဲရေမြေ့ဇ။ ။ ညိုးညိုး ညိုးငယ်ရေး။ သင်းကြူကြူ ဒါရူနန်း။ နန်းကမွှေး။ ။ လေသွေး၊ ခြံထွေး၊ ချမ်းဝန်က လေးတယ်ကိုလေ။ နွေးနွေးနွေးနွေး၊ နွေးနိုင်သေး။ ။ မုလေးပျံ့သင်း။ ကြာရံရောင်လင်း။ သဏ္ဍာဘုံတွင်း။ ညှင်းညှံ့ညှံ့၊ ဆွတ်ကြည်။ ဆွတ်ကြည်ဘွဲ့ညွှန်းညွှန်း။ လွမ်းတပျံ့ပျံ့။ ။

(သဖြန်)။ ။ ငြီးငြူခန့်ဆွေးစဘွယ်သာ။ လောင်းရွှေပွင့်ဝါ။ ။ သည်မာလာပင်မြင့်ဆုံး။ ။ သဇင်မင်းရွှေခက်ကယ်။ ပန်ချင်ပါတယ်။ ရွှေချည်စည်းကို။ နည်းဖြေလျော့ရုံး။

## ၆၅။ ။ ပဥ္စည်မင်သားရေးသော ပတ်ပျိုးကလေး။ (စိန်ငွေလျှံ)

စိန်ငွေလျှံ။ သာဟန်လေ။ ထွေထူးဆန်း။ ။ ပန်းနံ့ငယ်တည့်၊ သင်းကြူ။ ရွှေတည့်သာ၊ ရွှေမဥ္ဇူ။ ။ ဆွတ်ယူချွေကာ။ ဖိုမသံ ကြွေးပါလို့။ *ငှက်ကျေးငယ်ငြာ။ ဘာသာတွံထူး-ပျော်ကြမြူး။ ။ တိမ်ဦးငယ်တည့် လေဆင်။ နယ်တည့်သာ၊ နယ်ရှစ်ခွင်။ ။ မင်းလွင်ကဖြိုး။ အို-ငြိုးတော်ဘန်လာသကိုး။ †မှိုင်းရီဘွဲ့မိုယ်း။ ။ ရေနယ်လျှံ။ ။ ပျော်စံအိုင်မင်းမှာ။ သင်းထုံနံ့မွှေး။ လေပြေ သွေးသွေး။ မြသွေးငယ် ကြည်လင်ဇ။ ။ မျှော်ရေးခညောင်း။ စုံမြိုင်ယံ။ ညှာတံပင်လုံးပျောင်း။ ။ ရွှေပေါင်းပျော်ရာ စုံလေတည့်မှ။ ရနံ့ရွှေပဒုံ။ ။

(သဖြန်)။ ။ လွမ်းစေဘို့ကြုံ။ နေအရုဏ်-ရောင်ခြည်ချို့ပါပေ့။ ပြန်စို့ဘုံနန်း။ ။ ပျော်မြဲအိုကုဏ္ဍာက။ ရွှေကြာကို လေပြေ သွဲ့တယ်။ ဘော်မဲ့သူပန်း။

## ၆၆။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (သာရကာကျေးငယ်တို့)

သာရကာကျေးငယ်တို့။ ။ ‡ ခွံနွေးရာသိုက်မှီ။ ရဝိန်ဘုံခန်း။ လယ်လမ်းကွန့်ဒေသစာရီ။ ။ ပတ်သန်းငယ်တည့်စီအရီ၊ ဇော်ဂီ-ကွက်ဆင်၊ သက်တင်-ချိတ်ပန်း။ တိမ်မိလ္လာ-စုကာ-ဆင်ဇော်ရမ်းနှင့်လေ။ ။ ဆေးပန်းချီ။ စုံစီချယ်လှယ်သန်းလို့လေး။ ။ ရှစ်ခန်းတခွင်။ ချယ်မင်လှိုင်းပါလို့။ အိုဆင်သင်တိုင်း ငယ်နှင့် ဝိုင်းခါသာအုံ။ ညွှတ်ခွေယိုင်-အို ဖြေနိုင်ဘဲငယ်လေး။

---

* အချို့ဆရာတို့က။ (ငှက်ကျေးငယ်ငြာ၊ ဘာသာတွံထူး၊ ပျော်ကြမြူး) အစား။ (ငှက်ကျေးငယ်ငြာ၊ ဘာသာတွံထူး၊ ကျေးသူဝမြူး) ဟူ၍လည်း ဆိုကြသည်။

† မှိုင်းအုံဖွဲ့မိုယ်း ဟူ၍လည်း ဆိုသည်။

‡ ခွံနွေးသိုက်မှီ - နွေးသောအသိုက်အခွံ။

ဘွင်သဲကြွေလု-ဆွေးစေကြုံ။ ။ အို မိုယ်းငယ်ရွှေအမွှန်က။ စည်သံစုံ ဆော်လာချဲ့ပါလို့။ ဖော်ကွာမယ့်ဆွေးစေဘန်။ ရွာပုံဟန်နှင့်သာ။ မာန်ပြိုးပြင်း။ အသူရာတို့ ဗျူဟာကျင်း။ ။ စစ်ခင်းမာန်ဘွဲ့။ မိုးလေတိမ်ဆီ လှမ်းဘယ်မမှီ။ ။ ရာသီနန်း။ ဘုံခန်းခါပြုနှင့်။ ညီအောင်တဲ့ ရီမှောင်။

(သဖြန်)။ ။ ရစ်သိုင်းငယ်မှောင်။ မကာရံးစုကာနှောင်သို့။ ရွာယောင်မာန်ပျိုး။ ။ ကြွေးရင့်ငှက်သံ။ နွေရက်ကယ်-မိန်အကျန်မို့။ ချိန်မတန်-ရွာစေဖွဲ့တယ်။ တင့်ရဲတဲ့မိုယ်း။

## ၆၇။ ။ မြင်စိုင်းမင်းသွီးရေးသော ပတ်ပျိုးကလေး။ (သူရကန်)

သူရကန်။ စက်ပျံဖလ်ရွှေဒေါင်းငယ်ကလေ။ ။ ပြင်လမ်းစုံ။ ဟေမန်ရာသီ ဆောင်းပေမို့လေး။ ။ ထွေးလုံနိုင်ရှာ။ ဘော်ကွာသူ့ပွန်မှာ။ သဲကြွေလု ဆွေးစရာ။ ။ နှင်းနှင်းဝေဖြာ။ သွင်းလို့သွင်းလေလာ။ ။ ကြိုင်စွာလေ ဇင်ပန်းဖူး။ ခိုင်ညွှာတံ ပင်ချင်းကူး။ ။ ရဂုံမြိုင်လယ်ဦး။ ကျေးသူတို့မြူး။ ။ ခေါ်ထူးလူလို-မဖိုရွှေလည်တွဲလို့လေ။ ။ ရစ်ဝဲပျံ။ ပျော်စံ သိုက်မြို နန်းမှာတဲ့လေး။ ။ သည်မြိုင်ယံ။ ။ တောင်စောင်းက။ ဒေါင်းအိုးဝေသံ။ ။ ငှက်ပေါင်းတို့သောင်းကွက်ညံ။ ။

(သဖြန်)။ ။ သည်တောမြိုင်ယံ။ ဘော်ကွာသူ ပူစေဘန်လို့။ ဖြေရန်မခန်း။ ။ ယိမ်းနွဲ့ညွှာတံ။ ဇင်မင်းရွှေရည်လျှံလို့။ ခါတော်မှန် ရာသီလိုက်တယ်။ သိန်းထိုက်တဲ့ပန်း။

## ၆၈။ ။ တောဘွဲ့ ပတ်ပျိုးကလေး။ (နဝတတ္တကုဏ္ဍာလ)

နဝတတ္တကုဏ္ဍာလ။ စိမ်းကြည်မြရေယမုန်။ စိမ့်စမ်း-တွေတွေဆင်း။ ငွေခင်းပြန့်သဲသောင်ခုံ။ စုံခြေယှက်ရုံ။ စန္ဒရကန် အနန်း-နွယ်ပန်းက သင်းလို့သာစုံ။ ။ ပျံ့မွှေးငယ်တည့်လှိုင်ထုံ။ ကူတုံလေ မြူတုံလေ တူစုံမကွဲ။ သူရို့ဘာသာ-မာကဓာ။ သံစုံနွဲလို့လေ။ ။ တိုးအောင်းကိန္နရာ။ ဂဇာရောင် ပုလဲငယ်နှင့်လေး။ ။ တင့်ရဲခုဘန်ခါခါ။ မြိုင်ချာမှာ-ကုန်ကုန်ပမ်းပါပေ့။ ရှာလမ်းသည်မှာသာ။ ဘယ်နဲ့သိကံကြမ္မာ။ ။ ကြံခါဘန်ပါ၊ သည်ဖူးစာက၊ သိရှာလေဘူးငယ်ကို။ ကျူးယောင်မိရှာ။ ။ သင်း တပျံ့ပျံ့။ နှင်းနံ့ငယ်တဲ့ ဂေါ်ဇင်ဂန္ဓာ။ ပင်မင်းအင်ကြင်းရွှေဝါ။ ယင့်မာကြိုင်လှိုင် မြိုင်လုံးမွှေး။ ။

(သဖြန်)။ ။ လေသွေးငယ်ဆော်။ ပြည်တော်ကဝေး။ ။ လေးမယ့်ဖြစ်အင်။ ပူရေးသည်မှာ မြင်တော့တယ်။ နန်းပင်မြင့်သွေး။

## ၆၉။ ။ ပတ်ပျိုးကလေး။ (ဖြေလျော့ခွေ)

ဖြေလျော့ခွေ။ ရှည်ကေ ရှိရှင် ထားသာပလေ။ မုနိစိန္တေ။ ပရမေကိုယ်တော်ဖျားငဲ့လေး။ ။ တောက်ပွားညီးဝေ။ ခြောက်ပါး မီးရေ။ ယမိုက်စုံ ရောင်ခြည်ပွင့်တယ်။ သုံးပြည်ခွင့်ထွင့်ခေါင်နေ။ ။ ဘန်ဘန်လေ-တင်လျှောက်ထား။ ။ ရွှေဉာဏ်တော် သိရင်းသား။ ။ ချစ်သူငယ်သူ့အား။ ဝေးပါပေ့ါဘုရား။ ။ ထွေပြားသစ္စာ။ မေတ္တာညိုမှု ငြိုပြီထင့်လေ။ သွေလျားပစ်ခွာ။ သစ္စာ ဆိုသူ ရှိပြီထင့်လေး။ ။ စောမိရွှေဘွင်။ မြတ်ဆုံးပ-ရှင်ဘုန်းပင်ငယ်လေး။ မ-စေကြောင်းငယ် တောင်းဆုဆင်။ ။

(သဖြန်)။ ။ သုံးဘုံတိုက်ပြင်။ ယမိုက်လျှင်ရောင်ခြည်ဝေသည့်။ စိန္တေယျာဖျား။ ။ ယိမ်းလှဲ့မကြုံ။ စိမ်းမဲ့ပုံသူပေါ်ပေ့ါ။ အမူတော် ဟန်ပန်ရအောင်။ မှိုင်းမ,ပါ့ဘုရား။

## ၇၀။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (စိန္တေကိုးသွယ်ဂုဏ်)

စိန္တေကိုးသွယ်ဂုဏ်။ ရေမီးပွင့်စုံ။ ။ မန်းမော့်ဇေယျုံ။ နန်းကြော့ရွှေဘုံ။ ရာပြည်မင်းငယ်တို့။ ဝပ်စင်းခိုခ,လုံ။ ။ မန်းဂီရိ မြေဇေယျုံ။ ရွှေဘုံရွှေပြည်ထောင်တည်စိုက်ပျိုး။ ရန်ကြီးအောင်၊ ကုန်းဘောင်နေနွယ်မျိုးမို့လေ။ ။ ညွှန့်ကိုက်ဖြာ၊ ရိပ်ရာစံယူစိုးလို့လေး။ ။ ဝေလန်းရေဖြန်း။ ချွေသန်းငယ်အုံညီညာ။ ဝေဘူမျက်ကိုးစုံစီမြွာ။ ။ ဘုံသီဟာ-လက်ျာသွန်း။ ရှစ်ဖြူငွေဝန်း။ ။ အောင်စည်ရွှန်း။ မွှန်းရိုက်ကြူး။ ဆုထူးငယ်ပန်ရွှက်ဆင်။ နောင်လာပဲ့မှူး။ ဘောင်မင်္ဂင် ကျိပ်ဆယ်ဝင်ဗောဓိလောင်း။ ။

(သဖြန်)။ ။ ရင့်ကြောင်းငယ်သန်။ ဗျာဘန်ဘန်-သံစုံချွေလို့။ မိုးရေမြေလျှင်နှင့်။ တော်ပဲ့တင်ဟီး။ ။ အံ့ချီးမကုန်။ မန္တာတ်ကယ် တေဇာဂုဏ်ကြောင့်။ ရန်သူပုန် မြူမှုံလွင့်တယ်။ ဘုန်းနေပွင့်မီး။ ။

(သဖြန်)။ ။ ရှုတိုင်းငယ်စို။ မြရေညိုတောင်တမန်နှင့်။ မြှောင်ပတ်ရံဆီး။ ။ မီးစုံပွင့်ရေ။ ဗျာသိုက်ကယ် ကုန်အောင်ချွေမဲ့။ မန်းခေါင်ဘွေ-ညာမြေမော့်မှာ။ ဘိုးတော့်ပြည်ကြီး။

## ၇၁။ ။ မြဝတီမင်းကြီးရေးသော-ပတ်ပျိုးကလေး။ (အောင်ဇေယျာကျွန်းကျွန်း)

အောင်ဇေယျာကျွန်းကျွန်းငယ်-ရေမြေသီတာလေ။ ကောင်းကြီးကြူးသော။ ။ ကျုံကျုံငယ်ဆော်နှိုး။ ပျံ့သင်းငယ် ညှာဆိုင်ဖျန်း။ ။ စံဆောင်သိင်္ဂါ။ စိန်ကြောင်နီလာ။ မျက်မွန်ရတနာနန်း။ ။ နေနှုန်းမြင့်ဖျား။ နရိန္ဒာ-တေဇာလေရွှေဘုန်းတန်း။ ။ ရာမင်း-ရှိလန်းလန်း။ ကဲလွန်မြင့်စံစိုးမြန်း။ ။ တိုင်းခန်းကြေညာ။ စီးပွားနွယ်ဝံသာ။ မြတ်လှတေဇာ။ ဘုန်းလှိုင်မြတ်ရေစာ။ ။ စမွယ်စမွါ၊ ပျံ့မွှေးသင်းဂန္ဓာ။ ။ ငှက်ပေါင်းငယ်သံသာ။ ရွှေကြာငါးမည်။ ကန်မင်းငယ် ရေကြည်ဇ။ ။ ဆင့်ဆင့်ငယ်ပဒ္မာ။ ပတ်သာမျိုးမည်။ ရင့်ညောင်းငယ်တံရှည်ကြွေး။ ။ ရာဇဉ်းထွင့်ရှုစိုး။ ဖြူရိပ်ဝေ။ သောင်းညာမြေကြိုင်သင်းမွှေး။ ရွှေစောင်း နဲ့နှင့်ကြေး။ ။ ကြူးသီဘွဲ့-လွန်ဆေးလေး။ ဘွဲ့ရေးငယ်ကုန်နိုင်ပါလေတည့်။ လွန်ထူးမင်္ဂလာ။ ။ ရိပ်ကြာရွှေပန်းပွဲ။ ရွှေညီလာပျော်မြူးနွဲ့။ ။

(သဖြန်)။ ။ အံ့အဲမကုန်။ ဝသုန်-မေခလာတို့။ သြဘာဇေယျာသံနှင့်။ ကျုံကျုံခြိမ့်သဲ။ ။ သွန်းဖျော်ဖျော်ပဖ္ဖုန်က။ မြူးခုန်-သာစွာသီလို့။ ဘယ်ရာသီခါမလင့်ငယ်လေး။ ငွေပွင့်ပုလဲ။

## ၇၂။ ။ အီနောင် ပတ်ပျိုးကလေး။ (လွမ်းဘွယ့်စေ)

လွမ်းဘွယ့်စေ။ တိမ်ခြေမြူလွှာသမ်းလို့လေ။ ။ ဥဒေါင်းငယ်ကြော်။ မြိုင်ပေါ်ဂန္ဓာလမ်းမှာတဲ့လေး။ ။ ပန်းစေအောင်သာ။ နွမ်းခွေနှောင်ခါ။ ပစာငံ-တောင်မော့်မှာ။ ညှင်းလေပြေဆော်လာသော့ခါ။ သင်းပြန်တော့ရွှေကူချောင်။ ။ အို မိုဃ်းနတ်မောင်။ ပူအောင်ဘို့-ဘန်သလားငယ်လေး။ လွမ်းဝှန်ထပ်ပွား။ ။ ထင်မှားလေအောင်ခု။ ဘုန်းမောင်သက်ဝေ။ မြင်စမ်းလှဲ့လေ။ ။ ညနေစောင်းပြန်ပြီ။ ငွေမောင်း-မောင်းကဟီ။ ။

(သဖြန်)။ ။ သံညှင်းငယ်ဆော်။ တိုက်ကျော်ကကြွေး။ ။ ငှက်ပေါင်းရယ်-တွံသံနှင့်။ ပြည်တော်ပြန်သာတဲ့လမ်းငယ်မှာ။ ငုံပန်းကမွှေး။

## ၇၃။ ။ ပတ်ပျိုးကလေး။ (ဘုံလယ်ခွင်-ကြုံတယ်အင်)

ဘုံလယ်ခွင်-ကြုံတယ်အင်။ မြင်လာဘဲမို့။ ရွှေရင်ကွဲလို့-လဲသေချင်။ ဘယ်ဉာဏ်ဆင်လို့သာ။ ပြင်ပြင်ငယ်လွှဲ။ ။ ဖဲဇာပြန့်စက်ဝယ်လေး။ ပျော်လိုဘဲနှင့်။ ရွှေဘွင်သဲ ကွဲကြေဘွယ်။ ။ အို ဘုန်းကြွယ်ကြွယ်။ မယ်ဝယ်ငြိုးတော်ငယ်တဲ့-ရှိသလားငယ်လေ။ မကြင်နာ။ သစ္စာတော်သွေ့ယိမ်းတယ်။ စိမ်းသင့်မှုစိမ်း။ ။ ဘန်များငိုမိ။ မချိငဲ့ဗျာနှောင်။ သုံးယံလေကျော်ညောင်း။

ငွေမောင်းက-ဆော်လုအောင်။ ။ ကြာညောင်ရိပ်လယ်။ ကြွလာတော်မူနိုး။ တိတ်ခိုးမျှော်မိပြန်တယ်။ ။ တိမ်အဆာကျယ်။ ညာဘယ်ညှိလှဲ့ဝိုင်း။ ။

(သဖြန်)။ ။ ဝိုက်သိုင်းငယ်ဆင်။ နယ်ရှစ်ခွင် ဝလာပေါင်က။ ကြာညောင်မှာ-ဗျာနှောင်ဆို့သည်နှင့်။ ပူဘို့ဘန်လဲ။ ။ နကသိုဏ်း။ ပြုတိုင်းငယ်တဲ့ခံရသူ။ ငြိုးမာန်ကူလို့၊ ပူဝန်ဘွဲ့တယ်။ အိုဘဲ့နတ်မွဲ။

## ၇၄။ ။ ပတ်ပျိုးကလေး။ (ပန်းတသင်းသင်း)

ပန်းတသင်းသင်း။ ရဂုံမြိုင်တွင်း။ သံသာလေညှင်း။ ဆော်လို့လို့ထူးထွေ။ ကျူးဝေတည့်ငှက်သံသာ။ ။ ဒေဝါလေ မိုယ်းက လောင်း။ ရွှေညာလေ ကြိုင်သင်းပေါင်း။ ။ ဆောင်းပြန်လေငွေနှင်း။ ကျန်မိုဃ်းကြွင်း။ ။ လေညှင်းငယ်ရောပါလို့။ တောင် တောကည်စာစာ၊ လောင်းတဲ့လောင်းကုမ္ပာ။ ။ သံလာလာ-ဖေင်သာရေင့်ညောင်း။ ။ ရွှေစောင်းစောင်း-ငွေမောင်းမောင်း။ တိမ်ခိုးကဖြာသကိုလေ တိမ်ခိုးကဖြာ။ ။ ဘယ်သူသာ။ ဘယ်သူသာ မယ့်မှာကြင်ဘော်ဝေးလို့လေ။ ဆိုလဲဆိုနိုင်နှင့်။ ထိုင်ထိုင် ယောင်မှား။ ။

(သဖြန်)။ ။ ထားကျွန်မလင်။ မြင်ပါလှဲ့လား။ ။ တညိုးငယ်ငယ်နှင့်။ လ,လယ်မှာ၊ ရွှေယုန်ရုပ်ကို။ ပုံလုပ်လို့ထား။

## ၇၅။ ။ ဇာတ်ဆရာ ဦးကျောက်ခဲ ရေးသော ကိန္နရာချောင်းခြား ပတ်ပျိုးကလေး (မြူဝန်းလို့ခို)

မြူဝန်းလို့ခို။ ။ အလို ဘယ်ဝယ်။ ရောက်လွယ် ငယ်နိုင်ဘဲ။ ပတ်ဝန်းဘယ်ညာ။ သီတာ ချောင်းရေ ကွဲ။ ။ သဲကြွေလောင် တောင်ခရီး။ ဇနီးငယ်တည့် နန်းကိန္နရီမယ်၊ မြန်းရှာရတယ်။ ။ ရေယဉ်ဝယ် သည်တသွန်း အလွှမ်းတွေကကြွယ်။ ။ အိုလုမျှားမယ် ဘယ်ပြည်သည့် လှမ်းရမယ်။ ကုန်ကျောဘွယ် ရေလှိုင်းပေါင်က။ ပူဗျာသည်နှောင်စိုး၊ ဘန်လာမိုယ်း။ အို ညိုးရကံ၊ မြိုင်ယံကြော့ဖျား။ တအားရယ်ကယ်။ ။

(သဖြန်)။ ။ နှောင်နဲ့တူ။ ဘော်မပါ။ ။ သနားငယ် မူယူနှင့် ချောင်းရည်တူ တနယ်ဘက်မှာ။ ကူးခက်လှပါ။ လေနံ့ဝိုင်းပါလို့။ ဒေါင့်တိုင်းငယ်က မှုံလို့ပြာ။ သေလာကြော့တခန်း။ ။ နတ်နန်းကိန္နရီ။ မောင်ကြီးကိုကူလာညီပ့ါ။ မြဂီဝါ တောင်လိုဏ် ကွေ့မှာ။ ဘုန်းမေ့ကြောင့်ပန်း။

## ၇၆။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (စိုးမိုးသိမ်းကြုံး)

စိုးမိုးသိမ်းကြုံး။ သောင်းလုံးမြေယံ။ နိုင်ငံထီးစင်း။ မင်းမင်းညွှတ်ခ။ မဟာနဂရ။ သာစွဝေယန်။ နက်သန်ပရမေ။ ရွှေမြေ အောင်ချာ။ နန်းမြင့်မြင့် ဘုန်းပွင့်ပွင့်။ နေအာဟိန်ရွယ်လူး။ လူမှူးလုံ့း ကေရာ။ ။ ပဒုံသိင်္ဂါ။ အစုံထိန်ဖြာ။ ရဂုံဇွေမှာ ဝင်းဝင်း ညီးညီး။ ။ စကြာတော် ဆိုက်ချိန်လုနီး။ ။ နတ်ဌာန်တညီး။ [*]သွေးသီငယ် အံ့ချီး။ ။ ခိုင်ဖြိုးငယ် ပြောကျယ်။ ယဉ်ရေပြည့်လင်း။ ကန်မင်းအောင်ပင်လယ်။ ။ မြရောင်နွယ်။ ယှက်သွယ်တူ တလျောနှင့်လေ။ ။ ပျော်ဘွယ်သာ။ နန္ဒာ ဇောင်းကလော ငယ် နှင့်လေး။ ။ တိမ်ကြောညာညွှန့်။ ကွန့်ကွန့်ငယ်အာဟိန်။ ယဉ်ရေသီလာ ပတ်ခါသန်းသည့်။ မန်းမြေ့ တသိန်ငယ်မှာ။ ။

(သဖြန်)။ ။ ဘုန်းတောက်လို့ထိန်။ [†]ရာနရိန်တင်ရှိဦး။ ။ ဆယ်မျိုးငယ်သံရှင်နှင့်(နှင့်)။ နတ်သဘင် သာယာငြိမ့်ငယ်လေ။ ရွှာသိမ့်ကွန့်မြူး။

---

[*] သွေးသီ (ပေါရာဏ) = ပြောဆိုသည်။ ။ ကိုးခဏ်းပျို့၌၊ သွေးသီတသုန်၊ ချီးမွမ်းဟုန်ဖြင့်၊ ဟု စပ်ဆိုလေသည်။

[†] ရာနရိန်တင်ရှိဦး = တရာသော မင်းအပေါင်းတို့ဦးခိုက်ရာဟူ၍ ဆိုလိုသည်။ ။

## ၇၇။ ။ သမုဒ္ဒယောသထွက်- ပတ်ပျိုးကလေး။(ရွှေဘုန်းတေဇာ)

ရွှေဘုန်းတေဇာ။ နေနှုန်းသွေခွါ။ သောင်းညာဘွေ။ သပြေမြင့်မှာ။ ပြည်ပြည်မင်း ကိုးကွယ်ရာ။ ။ သင်းပျံ့ပျံ့မွှေးကြိုင်စွာ။ ။ ထောင်ရောင်သိင်္ဂါ။ ပျောင်းညွတ်ပန်ထွာ။ ရှိဦးငယ် တင်ဆင်ကာ။ ။ သြဘာတော်ထူး။ ရန်တိုင်းငယ် ဆင်ချင်လှ။ ရှင်ရှင်နတ်မှူး။ ။ ကြည်နူးဘွယ်ပင်။ တောင်းဆုမြတ်ဘုန်းရင်။ သည်တွင်သာပဖျား။ ရွှေဉာဏ်တော် လင်းပါရော့လား။ ။ ရှင်ရင်း မြတ်မွန်ငယ်လေ။ ဘန်ညွန်တော် ရှင်းပါမှလေး။ နတ်မင်းညာမြင့်နေ။ ။

(သဖြန်)။ ။ မယ့်ဖြစ်ထွေ။ ပရမေသွယ်လျဖျားက။ မြင်များ မြင်တော်မူလှဲ့။ ပူသူမဇ။ ။ ဘယ်မှာသာကြာနေလို့။ ခွါပြေအောင် သွေမလင့်ပါနှင့်။ ဘုန်းဘန်ခွင့်ရေး။

## ၇၈။ ။ ပုခန်းမင်းသားရေးသော ဘုန်းတော်ဘွဲ့- ပတ်ပျိုးကလေး။ (ဇေယျာ အောင်စည်)

ဇေယျာ အောင်စည်။ တေဇာခေါင်တည်။ ။ နေဝါရောင်ခြည်မွှန်း။ ။ ဖြူဝန်းဖြန့်လွှား။ ရာနန်းနေ။ စက်ရွှေတင်ဦးထား။ ။ နတ်လားသွင် ကညာလေတည့်မှ။ ထံရင်းများစုံစွာ။ ။ သြဘာလေ သံဝှဲချီး။ ။ စကြာတော်ရောက်နီးနီး။ ။ ကောင်းကြီးဇေယျာ။ သီတာလေမိုးယံ။ နတ်ပေါင်းငယ်ကျော်ငြာကြွေး။ ။ တီးမျိုးငယ်ဆယ်ဖြာ။ သာယာလေကြွေးမည်။ ပတ်ဝန်းငယ် ရွှေပြည်ဦး။ ။ သပြေမြန်ဘောင်။ [*]ရဝေမှန်ဆောင်။ ပရမေစံခေါင်မှူး။ ။ ပျော်မြူးအံ့ရာလွန်တည့်လေမှ။ နတ်လားပုံတသွန်။ ။ ခြည်မွှန်လေ မခြားတောင်း။ ထုံဂန္ဓာ ကြိုင်သင်းလှောင်း။ ။ လေပြောင်းညာဘယ်။ နွှေပြောင်းခါဝယ်။ ချိန်ခါစွန်သာစွမှာ။ ဟေမန္တ ဆောင်းရက်ကြွယ်။ ။ လွမ်းဆင့်ဆင့်၊ ညွှန်းရှယ်ထွေလေ။ တိမ်ယံဘုံစွယ် [†]နန်းမေရုနယ် လေလေ့။ ရွှေနန်းသိင်္ဂါလယ်။ ။

(သဖြန်)။ ။ ကိုးရောင်ကွန့်ချယ်။ စံစမွယ်လှိုင်ရွှေညီလို့။ ရွှေကေသီဆင်တော်ရန်ပ။ မြဆံကြာပန်း။ ။ ထူးသာဘွယ့်ချိန်။ တိမ်ဝဇိန်နန်းမော်က။ ငွေစံလျော် ပုဏ္ဏာကဲ့ငယ်လို။ ဖူးမြော်လှဲ့စမ်း။

## ၇၉။ ။ အီနောင်-ပတ်ပျိုးကလေး။ (ရွှေနှုတ်ကယ် လှယ်လှယ်)

ရွှေနှုတ်ကယ် လှယ်လှယ်။ သင်းပျံ့ကြွယ်။ သာဆုံးပ-မောင့်နားဝယ်။ ။ လေးနတ်ကယ်မိမယ်။ စမွါယ်လို့ပျော်ဘူး။ မြင့်သီလာ-သာမျိုးစမှူး။ ။ ညှင်းလေပြေယှက်ကူး။ မှုံမြူးငယ်- ကြိုင်လှိုင်။ ကြာမင်းက-အဆိုင်ဆိုင်။ ။ လွမ်းလို့ပမှိုင်။ မြရည်မြိုင်ဂန္ဓာနှင့်။ မျှော်ရာ မျှော်ရာတိုင်းဝယ်ပ။ တိမ်ဆိုင်းဆင်ခဲ့။ ပန်းဘွေကြော့ဘုံ။ သိုက်ရွှေမြို့ ထုံခလေ့ငယ်နှင့်။ ရင်ငွေ့လှုံ မသွေလှလေဘု။ အထွေထွေ- ဘော်ရွှေငှက်သို့။ ဘန်လျှက်ယူလှဲ့။ ။

(သဖြန်)။ ။ သစ်တဂုဏ်။ အပြစ်တော်တော်ပုံပ။ မယုံတယုံပြုပါနှင့်။ အမှုတော် အပွေဆိုက်ခါမှ။ မထိုက်ဟန် တိမ်း။ ။ အားမတန်။ သူမုန်းရင် ဆယ်ပြန်ပ။ တန်ချင်လျှင်- ရန်မခုပါနှင့်။ ဘုန်းသူ့ကယိမ်း။

## ၈၀။ ။ နန်းဘွဲ့-ပတ်ပျိုးကလေး။ (ရွှေတေဇာ)

ရွှေတေဇာ။ တိုင်းကြေညာ။ ဒီပါလေ ညီးညီးလင်းသာ။ ထောင်ရောင်လျှမ်း- ဘုန်းတန်းနေနှစ်ဖြာ။ မင်းမင်းစကြာပန်း။ ။ ကျွန်းကျွန်းနိုင်ငံ။ မြေယံငယ်ကြူးသွယ်။ စိုးမိုးသာလွယ်မြန်း။ ။ တောင်ရေရံကာ။ ခေါင်ဘွေစံရာ။ မှောင်ချွေ ရတနာနန်း။ ။

---

နရိန် = နရိန္ဒ(ပါဠိ) = (နရ=လူ+ဣန္ဒ=အစိုးရသော) = လူမင်း။

[*] ရဝေမှန်ဆောင် = မှန်စီချယ်သောနန်း။ ။ ရဝေ (ပေါရာဏ)=နန်း။

[†] နန်းမေရုနယ်လေလေ့ = မြင့်မိုရ်တောင်ထိပ်၌ရှိအပ်သော နတ်နန်းကဲ့သို့။ ။ မေရု(ပါဠိ)= မြင်းမိုရ်တောင်

မြန်ခန်းတင့်လှမ်း။ ရွှေဝေယန်- သာဟန်အဆန်းဆန်း။ ။ မျှော်တိုင်းတွေးကြမှန်း။ တိမ်လေမသန်း။ ။ ယန္တရားငွေအုံ။ ကြည်လဲ၊ ကြည်ကွဲပုံ။ ။ စမာစမုန်- မြကြော- ဇရာရုံ။ ဖြူပြာညိုမှုံ။ ငှက်ကျေးဘော်ရွှေစုံ။ ။ ပုလဲသောင်ခုံ။ ပျော်တုံဝဲပျံ။ သောင်းသောင်းညံ့ညံ့ကြွေး။ ။ ပဲထွေးဝံလို။ မယ်ညိုဟသ်ာ။ ကြူးနွဲ့ဘော်ရာဇ။ ။ ဘွဲ့ရေး ကုန်နိုင်ပါလေတည့်။ ဘွဲ့ရေးကုန်နိုင်ပါ။ ။ သိင်္ဂါလေ ရွှေနန်းပွဲ။ သံသာလေချစ်ကြူးနွဲ့။

## ၈၁။ ။ သမုဒ္ဒယောသထွက်- ပတ်ပျိုးကလေး။ (တပင်စံရာ)

တပင်စံရာ။ သဇင်မလ္လာ။ ရွှေလျှံသိင်္ဂါမြန်း။ ထွေထွေဆန်း။ ။ ဘန်ချယ်ခါ။ စိန်ကြောင်နီလာ။ ဆောင်ဆောင်ရတနာနန်း။ မြင်သူပန်း။ ။ မျှော်တိုင်းတင့်ဆုံ။ စိန်လေသွန်။ သလွန်အခန်းခန်း။ ။ လေညှင်းကြူးဖျန်း။ ဖျော်ဖြေလို့တမြန်းမြန်း။ ။ မှန်းမှန်းရည်ရွယ်။ ရေလဲရေနိုင်ဘွယ်။ ။ စမ္ဗိစမ္ဗယ်စကား၊ ခွါပြာနွယ်။ သင်းသင်းထုံလှယ်။ ပျံ့လှိုင်ကြွယ်မွှေးကြူ။ ဆတ်သွားမဥ္စူဒန်း။ ။ နှင်းရွှန်းမိုးစွေ။ သီဝေဝင်းလျှံ။ ရွှေဝတ်ကယ် ညှာတံလန်း။ ။ အနန်းဇီဇဝါလေတည့်။ ပျံ့မွှေးပန်းညီလာ။ ။ သံသာသံနွဲ့ပျောင်း။ လေပြည် လေညှင်းလောင်း။ ။

(သဖြန်)။ ။ သောင်းများမပေ။ ကေသီနွဲ့နှောင်း။ ။ မစုံသူ- သည်ရတုငယ်မှာ။ လွမ်းမှုနှင့်ပျောင်း။

## ၈၂။ ။ ဆောင်းဘွဲ့အမျှော်ဆိုက် ပတ်ပျိုးကလေး။(ပဟိုရ်မြွက်သံ)

[*]ပဟိုရ်မြွက်သံ။ တကိုယ်စက်ရန်။ ညှင်းလေကထန်။ ။ ယုန်ပျံလေပဝင်း။ ရွှေလမင်း။ ။ နဝင်းလဲ့လဲ့သာကြူ။ တည့်မွန်းလ သီတဂူ။ ။ နန္ဒမူ သော်ကသင်း။ ။ စန္ဒကူ ဇော် တ နှင်း။ ။ ဆောင်လေသာပြူတင်း။ ယောက်ချင်းခုထထိုင်။ မြကေခိုင် မင်လုံး။ ဇင်ကုံးကထုံလို့သာကြိုင်။ ။ သူဇာပိုင် ဒေဝရာဇ်မှာမှ။ ပုပ္ဖာလှိုင် ပွေအဖြစ်ကိုဖြင့်။ ဆေးမင်နှင့်ရေးတင်သင့်။ လေးခင်ခင့် တွက်သာဆိုင်။ ။ မပိုင်သေး- မှိုင်ငေးလေ ခက်လှခက်လှ။ လိပ်ပျာတွင်တဲ့မှ ရိပ်ကြာဝင်။ တသန်းမှူး။ ဆန်းထူးတော်ဝင်။ တနန်းမှူး။ ပန်းဦးငေါ်ဇင်။ မှန်ရဝေမှာလှ- ထုံရွှေမဲ့ လှကေရှင်။

## ၈၃။ ။ အီနှောင် ပတ်ပျိုးကလေး။ (ရွှေတောင်ပံ-နေရောင်ခံ)

ရွှေတောင်ပံ-နေရောင်ခံ-ကြူးကြော်ရင့် မြူးပျော်စံ။ ။ ညှင်းညံ့ညံ့သံရင့်ကြွေး။ စုံနယ်ယံ- ကြုံတယ်ကံ။ ကျွမ်းလောင်လှ ဆယ်နေလျှံ။ ။ ဘယ်ဖူးစာကံငယ်လေး။ ကြုံဘူးရာပြန်။ တကိုယ်ရေး၊ ဘယ်ဖူး- ဖူးစာကံ။ ဆယ်ဆယ်နေလျှံ။ နန်းကေသီ မှန်လေး။ ။ တိုင်းကူရေပံ။ စံမည့်ဘုန်းငယ်လေ။ မှိုင်းရီဝေလျှံမှာ။ မြင်ပြန်လဲ့အုံး။ ဘုန်းမိုမို။ လွမ်းရန်သာပိုလေး။ ။ လွမ်းတယ်ကို။ လွမ်းဆိုတူဘူး။ ခွေယိမ်းမူးလေး။ ။

(သဖြန်)။ ။ ဖလ်ခိုးငယ်ချည်။ လေပြည်ကသွေး။ ။ ပမ်းပူရကြုံ။ စံရွှေဘုံ ဘယ်ဆီမှန်းတယ်။ နန်းမြေကဝေး။

## ၈၄။ ။ မင်းကြီးကတော် ခင်ဆုံ ရေးသော- တောဘွဲ့ပတ်ပျိုးကလေး။ (ဟေမာ-ဝေဆာ)

ဟေမာ-ဝေဆာ- ဘွေချာစုံမြိုင်။ တောတောင်ဂနိုင်-အိုင်ထုံးအင်း။ ။ ကျောက်စက်ကယ်-ရေတံခွန်က။ လျှောသွန်ကျဆင်း။ ။ ဘန်ခါခါ- သံသာညှင်း။ ချစ်တင်းခေါ်တ,ငှက်မောင်နှံ။ သွင်းလေချို နေညိုချမ်း။ သိုက်နန်းပေါ်မြင့်။ ရွှေပြည်တော်ပြန်။ လွမ်းစေဘို့ဘန်။ ။ သစ်ဆန်းနွေ ဂိမှန်မို့။ သဇင်ကျန် ပင်ယံမြင့်မှာ။ ဆင်တော်ရန်လင့်ညောင်း။ ။ ထုံကြိုင်စုံမြိုင်

---

[*] ပဟိုရ်= ပဟိုရ်စည်။ ။ ပဟာရသဒ္ဒါမှလာသည်ဖြစ်၍။ တီးခတ်ရိုက်နှက်အပ်သော အဓိပ္ပါယ်ရှိသည်။

ခွေယိုင်လျောင်း။ နွဲ့နွဲ့နှောင်းနှောင်း။ ပျောင်းပျောင်းခွေယိုင်။ ဖူးတံသွယ်လို့။ နွယ်ယှက်ဆိုင်။ ။ ဂနိုင်တောလုံးလန်း။ တောင်စဉ်နယ် ဝန်းယှက်-တန်း။ ။

(သဖြန်)။ ။ ဇော်ရမ်းငယ်တိုင်။ စူကာခိုင်အညိုဖေါက်ပါလို့။ တရောက်ကယ်-ဟိုတိမ်ပြာက။ *မိလ္လာရည်ရော။ ။ မုန်းမာန်ပြစ်ရှာ။ ကသစ်ညာ ဘွေစွန်းက။ ခွေနွမ်းရန် ကြွေစေမည်ထင့်။ မိုယ်းစည်ခြိမ့်စော။

## ၈၅။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (အောင်ခန်းမြို့ထောင်နန်းတည်)

အောင်ခန်းမြို့ထောင်နန်းတည်။ မြတ်နွယ်လာ သွှမ်ာတိုး၊ ဝေဖြိုးကွန့်ကွန့်လည်။ ။ တေဇာညွန့်စည်။ ရာပြည့်ပြည့်မင်း။ ဦးညွှတ်ခစင်းစင်း။ ။ ပြည်သိင်္ဂါ- နဒီချင့်တယ်။ နှိုင်းစံတင့်တင်းတင်း။ ။ တွင်းခိုခ- ရာပြည် ပြည်ပေါင်း။ ဦးညွှတ်ခညောင်း။ ။ သောင်းသောင်းကြေငြာ။ ဒီပါမြေလျှံ။ တေဇာနှုန်းလို့။ ဘုန်းတော်ဘန်။ ။ တမွဒီဘွေ။ ပတ်လေးထွေ- ရေယဉ်ခတယ်။ စီးသွယ်ကျလျှော့ဆင်း။ ။ နေနတ်နွယ်တော်မဟာ။ ထွန်းလင်းလို့ဖြာ။ ။ သွှမ်ာလျှံ။ နက်သန်ဘုမ္မိတိုင်းမှာတဲ့လေ။ ။ ပြောင်ဆဒ္ဒန်ရောက်ပြန်- တွင်သမိုင်းငယ်နှင့်လေး။ ။ ဆိုင်းဆိုင်းညို့မှိုင်းမို့ကာ။ တောင်သေလာက။ ဘီလာဆီး။ ။

(သဖြန်)။ ။ မန်းမြို့အောင်ချာ။ မွန္တလာလျှံဖြာဝေလို့။ ရေပတ်ရံဆီး။ ။ သဲခြိမ့်ခြိမ့်တုံ။ နတ်နန်းဝေယံဘုံသို့။ ပြည်ဇေယျံုတောင်ရွှေမန်းငယ်မှာ။ စံနန်းကညီး။

## ၈၆။ ။ မြင်ကွန်းမင်းသားရေးသော- ပတ်ပျိုးကလေး။ (မြန်ချာမြေကို)

မြန်ချာမြေကို။ စံရာရွှေဘို။ နန္ဒာရေညိုဝန်း။ ဖြာရောင်ရွှန်း။ လူမှုုလုံ့းဖျား။ ပြည်ကုန်းဘောင်။ ရန်အောင်- မော်ကွန်းထား။ ။ ခြောက်ပါးခြည်ရောင်စိုသည်နှင့်သာ။ တည်ထွန်းရွှေချက်သို။ ။ ဗဟိုရ်လေ။ ရွှေကွန်းနန်း။ ။ကျုံးပတ်ခွေ- ထွေထူးဆန်း။ ။ စံခန်းက္ကန္ဒာ။ လျှံလန်းသိင်္ဂါ။ ခုနစ်မည် ဌာနမှာ။ ပြည်ပြည်များ ဦးညွှတ်ရာ။ ။ ရင်းနေက ဆက်စဉ်လာ။ ကိုးထောင်သီလာ။ တိုင်းကြီးမြောက်ညာလေလေ့။ ရှစ်မင်းငယ် ပယ်ခန့်တာ။ ။ မြတ်ရွှေသွှမ်ာ။ တေဇာလျှံလင်း။ ရန်ပေါင်း သည်ဝယ်ဖြိုခွင်း။ ရွှေဘို-မြေများမင်း။ ။ စံခင်းငယ်အောင်ချာ။ ဘေးမြတ်မြင့် ဘိုးစဉ်လာ။ တေဇာဝှန်သည်း။ ရိပ်ဖြူပိုင်ချည်းပေမို့။ ခမည်းမြတ်ရာဇိန်လို။ အောင်ချိန်ရွှေပြည်။ စိုး- စံဘိသည်လေလေ့။ နတ်များငယ် ဘန်တော်ရည်။ ။

(သဖြန်)။ ။ မင်းမင့်းခေါင်တည်။ ကျူးရွှေစည် သပြေညာလုံ့။ သောင်းဒီပါရေမြေနွံ့ရ။ သံဝှန်ခြိမ့်သဲ။ ။ †ဘုန်းတေဇာနိသင်နှင့်။ ဘယ်ရာဝင် သည်ဝယ်ခါသို့။ ဘွေသုနာ ပရ္တွငယ်မှာ။ ကြုံဘူးရခဲ။

## ၈၇။ ။ မျှော်တော်ယောင် မောင်ဘွဲ့ ပတ်ပျိုးကလေး။ (ပြာပြာညိုရောင် မှိုင်းတလွဲ့လွဲ့)

### အနောက်နန်းမတော် မမြကလေး ရေးသော၊ မျှော်တော်ယောင် မောင်ဘွဲ့ ပတ်ပျိုးကလေး။

ပြာပြာညိုရောင်မှိုင်းတလွဲ့လွဲ့။ ။ အာကာပြင်ပေါင် သိုင်းတချဲ့ချဲ့။ ။ ရွှာလှာပြန်လဲ။ တဖွဲဖွဲ။ စက်မြိုပန်းဘုံ။ သုံသုံငွေနှင်း။ သွင်းလာ ပြန်အို။ ပျော်လိုဘဲ။ သဲကြွေကျွမ်းမှု။ လွမ်းရန်ဆင်။ ။ သေချင် အောင်နယ်။ ကြုံတယ်ကံ၊ ဘန်လာမုန်း၊ ဆိုငိုတမ်း။ ။ နန်းဘုံမြင့်ရိပ်ကြာလယ်။ သုံးယံကြူးလို့။ ဖူးမလွယ်။ ။ ကျွမ်းကြွေဘွယ်ငယ်လေ။ စက်ရာဝယ် ဘန်တော်ရက်ပေငဲ့။ ဆော်ကြက်ကယ် ညံ့ညံ့စီစီ။ လင်းပြန်လုပြီ။ ။ အို-ဘယ်ဆီစံသိမှန်း။ နတ်သွင်-ယဉ်တဲ့သူ။ ။ ပူအောင်လေ ဘန်တော်နဲ့။ ရွှေသဲကျွမ်းမှု လွမ်းစေဘွယ်။ ။

---

* မိလ္လာရည်ရော = မိလ္လာရောင်အသွေး ရောသည်ဆိုလိုသည်။ မိလ္လာရောင်ဆိုသည်မှာ။ မှိုင်းညိုသောအနီရောင်ဖြစ်သည်။

† ဘုန်းတေဇာနိသင်နှင့် = ဘုန်းတန်ခိုးအာနိသံနှင့်။ ။ အာနိသံသ (ပါဠိ) = အကျိုး။

(သဖြန်)။ ။ သန်းရွှေထုလယ်။ မျှော်တယ်ခုသား။ ။ ခြားတဲ့အယူ။ ။ဘယ်အမူလေသိ။ နော်ခင်ဘုန်းငယ်။ မုန်းမာန်ဘွဲ့အား။ ။

(သဖြန်)။ ။ သနားငယ်ခံ။ တင်ရန် ကုန်ခက်တဲ့။ ရွှေမျက်မှုထား။ ။ ဖြူရှစ်စုံ။ ဗိုလ်ပုံရွှေပွဲက။ မယ့်နဲမညီရှိမည်ကို။ စိုးမိပြန်သား။

## ၈၈။ ။ တောတောင်ပန်းဘွဲ့ ပတ်ပျိုးကလေး။ (ပြာပြာညိုရောင် မှိုင်းလို့ရီမှောင်)

### ဇာတ်ဆရာမောင်ကျောက်ခဲရေးသော တောတောင်ပန်းဘွဲ့ ပတ်ပျိုးကလေး။

ပြာပြာညိုရောင်။ မှိုင်းလို့ရီမှောင်။ ။ ပူအောင်စေသာ။ လွမ်းလို့ဘွေရှာ။ ။ အခြားအခြား ထွေလာ။ ဝင်းလို့ထိန်ဝါ။ ။ ဝါဝါထိန်ထိန်။ ညီးလို့ရောင်ရှိန်။ ။ စိမ်းရယ်မိမ်း။ ညီးရယ်ညီး။ ။ ညိုရောင် မှောင်ရိပ်ကယ်ဆီး။ ။ လွမ်းအောင်လို့ ဘန်လာသကို။ လွမ်းအောင်ခုဆင်။ ။ ပန်းမျိုးငယ်ညိုစင်။ မင်းလွင်ငယ်တိမ်ခိုး။ မြောက်ပြန်လေစပျိုး။ ။ ဝတ်မှုံငယ်ကြွေနိုး။ ပန်းမျိုးငယ်စုံစွာ။ မြိုင်ကြီးတောဟေမာ။ ။ သင်းပျံ့ကြိုင်စွာ။ ခွါပြာတသွယ်။ ဆန်းလို့လေ။ ။ နှင်းနံ့ခိုင်ညှာ။ မာလာစံပယ်။ ပန်းစုံကမွှေး။ ။

(သဖြန်)။ ။ ဗျာပါငယ်ပူ။ မဠူရွှေဝတ်ကယ်။ ညောင်းညွတ်လို့ကွေး။ ။ နန္ဒမူ။ ဖလ်ဂူလိုဏ်နန်းမှာ။ မြန်းပျော်ကြလေး။ ။ စိန်တံချူ။ လေယူရာ ညှာသွဲ့ငယ်။ သွင်းလာတဲ့ရေး။

## ၈၉။ ။ ငယ်တိုးအတွင်းဝန်ရေးသော၊ ပတ်ပျိုးကလေး။ (ဂန္ဓမာရိပ်သာ)

ဂန္ဓမာရိပ်သာ ဖလ်ဂူနန်းကလေး။ ။ ပန်းမဠူ။ မွှေးကြူပန်တော်ပန်းငယ်နှင့်လေး။ ။ သုတ်ဖျန်းငယ်လေချို။ ရွာမလိုခြိမ့်မှိုင်း။ ဘယ်ညာပတ်လည်ဝိုင်း။ ။ တိမ်ဆိုင်းငယ်ဖြိုးပါလို့။ မြခိုးငယ်ရီမှောင်။ လွမ်းတဲ့လွမ်းလေအောင်။ ။ တောတောင်ငယ် ရွက်ဆင်။ စုံအင်ပျံ့ပျူး။ ရွှေညှာခိုင်ပြည့်လူး။ ။ မှုံမြူးသွင်သွင်။ ကြည်စင်လျှံမောင်း။ ရေးခွင့်မသာတောင်း။ ။ သောင်းသောင်းသောင်းသောင်း။ ညံ့ညံ့လေညံ့ညံ့လေ။ နန်းပင်မြင့်ရွှေငှက်သံ။ ပျံကာသာဝဲကာသာ ကျူးရင့်ကြ- ရဂုံမှာ။ ဥသြတွံတျာ။ သာရကာဥဒေါင်း။ မောင်မယ်ဖေါ်စုံပျောင်း။ ။

(သဖြန်)။ ။ ဖေါင်းပင်မြင့်ဖွေ။ ငွေပွင့်ငုံအလား။ ။ ပုလဲခုံသောင်ထိပ်က။ မှောင်ရိပ်ကယ် ဖြိုင်ဖြိုင်နှင့်။ *ငွေဗိုင်းတိုင် ခေါ်တဲ့ငှက်ကယ်လေ။ ကွန်ရွက်ဖြန့်နား။

## ၉၀။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (လွမ်းခလေ့)

†လွမ်းခလေ့။ ။ မျှော်၍ငယ်စေပင်။ မိုးယံဝဝယ်။ လကိုမြင်။ ။ ‡ကြယ်စင်ဟုတ်ဘူး။ လွမ်းသူ့နောင်။ §စောရွယ်လူး။ ။ စိုင်ရှူးငယ်တည့် တန်ဆောင်။ ။ ကြယ်မောင်မင်းနှင့်။ ဟသာ်တောင်။ ။ ညီနောင်ကြက်ကယ်။ မောင်ရင်ဆိုင်းနှင့်။ တိမ်လိုင်းနယ်။ ။ အသွယ်သွယ်။ ။ လွမ်းတယ်လေး။ နိုင်ဆည်ဖြေငယ်နှင့်သာ။ ဘန်ရေးရေး။ ။

(ရတု)။ ။ ကြွေမည့်ရွက်လည်း။ ပင်ထက်တမျှ။ ရွှေလျှံခသား။ မယ်လျဖိုးခေါင်။ တောင်လည်းမြင့်သွန်း။ ဇေ့ဝန်းရစ်ဝိုက်။ တိမ်တလိုက်နှင့်။ ရွှေကိုက်သပြေ။ ပင်ရိပ်ဝေ။ ။

---

* ငွေဗိုင်းတိုင် ခေါ်တဲ့ငှက်ကယ်= ဗျိုင်းငှက်ကို၊ ငွေဗိုင်းတိုင်ငှက်ဟူ၍လည်း၊ ရေးက ခေါ်ကြသည်။

† လွမ်းခလေ့ကို၊ လွမ်းသလေ့- ဟူ၍၄င်း။ လွမ်းတယ်လေ့- ဟူ၍၄င်း။ အချို့ဆိုကြသည်။

‡ ကြယ်စင်ဟုတ်ဘူး= စင်ကြယ်သည်မဟုတ်ဘူးဟူ၍ ဆိုလိုသည်။

§ စောရွယ်လူး= မင်းပျိုမင်းလွင်။ ။ စော(ပေါရာဏ)=အထွတ်အမြတ်။ မင်း၊ ရွယ်လူး။(ပေါရာဏ)=အရွယ်ပျိုပျို။

နန်းမြေမနီး။ ။ မြိုင်ကြီးကာသည့်ပေဟမာရဂုံ။ ဘယ်ဘုန်းစေသိ။ သည်ရွှေအမွှန်။ သင်တိုင်းချြပါမှ။ ဆင်တိုင်းငယ် ထွေပါရော့လ။ ဖြစ်လေဆန်းငယ်။ ပူပန်းစေဘို့သာကြံ။ ။

(သဖြန်)။ ။ မိုင်းမိုင်းငယ်လေမို့မို့။ ။ ရစ်ဆို့ငယ်ဝန်းလို့အုံ။ ဇေယဘုံ ရွှေဘွေနယ်က။ နတ်ကယ် ဘယ်ဘန်ဝေခွင့်။ ပူစိမ့်စေပျိုး။ ။ ပျော်တော်ကြူး။ ရွှာဘူးထင့်ကောင်းပေကို။ သည်လိုသာ မှန်ပါရော့။ နွေပြန်ညွန့်ငယ်မှာ။ လေကွန့်တဲ့မိုယ်း။

## ၉၁။ ။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကလေး။ (မြသားဘွေစွန်)

မြသားဘွေစွန်။ ရေသွန်မြစ်ကယ်စီးလို့လေ။ ။ ယောင်ရမ်းတ,ဆို။ ပဟိုရ်စည်သံညီးလို့လေး။ ။ ရာထီးငယ်ခွန်ချွေမည့်။ နန်းအိမ်နေရင်း။ ဘုံဆောင်ဆောင်လင်းလင်း။ ။ ငါးကြင်းငယ်ဆန်။ ကမ်းယံပြည့်လှိုင်းလေးလေး။ ။ သဲငွေဖြူချောင်းငယ်က။ ပေါင်းလာတဲ့ရေ။ ။ နန်းအိမ်နေသူတို့ ရံရွှေတော်ပေါင်းငယ်။ လောင်းရေပြည့် သွန်းသွန်းသွန်း။ ။ ရှစ်ရပ်ကယ် ဘယ်မှာမြင်မတုံး။ ကမ်းရေပြည့် ဘုန်းဘုန်းဘုန်း။ ။ မြစ်လှိုင်းပြည့် စီတယ်နော်မေ။ ဒီပါဘဲ့ လှိုင်းလှိုင်းလှိုင်း။ ။ ရွှေကညင် လောင်းညှိနှင့်။ ကိုယ်တံငါရေယဉ်ပိုင်းတယ်။ မိုယ်းသက်က ဆိုင်းဆိုင်းဆိုင်း။ ။ *သက်တင်ခို၊ ချပြုမည့်နယ်။ အို-မိုယ်းနတ်ကယ်။ သွယ်သွယ်လေ လှယ်လှယ်လေ။ ။ အိုမိုယ်းနတ်ကယ် မယ်ဝယ် ငြိုးတော် ရှိသလားလေး။ ။ ကျမ်းစေရွှယ်ကိုး။ ပိုင်းအုံဘဲ့မိုယ်း။ ။ ရှစ်တန့်ငယ်ပတ်လည်။ ရိုက်ဆော်ကြူးလို့။ နယ်ကိုးမိုင်းရီ။ ။

(သဖြန်)။ ။ အို လွမ်းတတ်သည်။ စံရာတည်ရွှေနန်း။ ။ မျှော်တိုင်းမိဝယ်။ ရှစ်နယ်မှာ တိမ်ဘွေနှင့်။ သွင်းလေပြည် ဘယ်ညာသွဲ့ငယ်မှာ။ ပူဘဲ့တခန်း။

## ၉၂။ ။ ဘုန်းတော်ဘွဲ့- ပတ်ပျိုးကလေး။ (ဇေယျာအောင်သံ)

ဇေယျာအောင်သံ ကျူးတရင့်ရင့်။ ။ တေဇာသျှောင်ပံ ထူးအဆင့်ဆင့်။ ။ မိုးမြင့်မြင့်နန်းစံတည်။ ။ ထီးရာပြည့်ခ,တယ်ခ,တယ်။ ယဉ်သီတာ့သောင်ကမ်း။ သန်းပတ်ခွေရံဆီးကွန့်။ အောင်ချာမြတ်မြေခံ။ ။ ဂန္ဓာလှိုင်ထုံ။ မာလာခိုင်ငုံ။ သိင်္ဂါဝတ်မှုံ၊ မွှေးမွှေးသင်းသင်း။ ။ မြဝေယန် မှန်နန်းကြော့ခင်း။ ။ ဘန်တော် ရည်ရွှယ်။ သည်ဝယ် နတ်မင်း။ ။ မျှော်တင်းငယ် စီမံ။ ရန်မြူပယ်ရှား။ ဟန့်တားစောင့်ဆော်ဘန်။ ။ ရွှေဗိမာန်။ နက်သန်မြေပြန့်ဦးဝယ်ပလေ။ ဘွားစက်လုံ။ ဆယ်စုံ ရာမင်းဖူးမည်နှင့်လေး။ ။ ဗွေ †ဥကင်သ။ နေလငယ်ခြည်စုံ။ အာလိန်ရံရွှေ။ ရာဇေနန်းနှင့်။ မန်းနေရ ဘုံငယ်ကို။ ။

(သဖြန်)။ ။ ဘုန်းနယ်ကွန့်ခြုံ။ စကြာစုံ လျှင်မည်ရေး။ ။ နတ်မိုးရေယဉ်ပိုင်တို့။ ပုလဲဆိုင် တိမ်ယံငြိမ့်အောင်လေ။ သီကျူးခြိမ့်းဇ။

## ၉၃။ ။ မင်းကြီးကတော် ခင်ဆုံ ရေးသော၊ တပေါင်းဘွဲ့ ပတ်ပျိုးကလေး။ (သင်းရနံ့)

သင်းရနံ့။ လှိုင်ပျံ့ငယ်ကြည်ရွှင်။ နင်းငွေဥဝယ်။ ရှုဘွယ်အင်။ ။ ညာကျင်ရွှက်လျှော။ ဆောင်းရက်ကျန်- မြူနှင်းရော။ ။ ဘောင်သောငယ်တည့်တခို။ ။ မြရည်လိမ်း- စိမ်းလို့စို။ ။ လူလိုငှက်ကယ်။ ။ ပျော်စံမြန်းတဲ့။ သိုက်နန်းလယ်။ ။ အသွယ်သွယ်- လွမ်းတယ်လေ။ သွေးခေါ် ပျံသည်နှင့်သာ။ ကြွေးကျော်ညံ။ ။

---

[*] သက်တင်ခို= သက်တန့်ရောင်များခိုလျက်ရှိသော မိုးကောင်းကင်။

[†] ဥကင်သ= မြင့်မြတ်သောရာဇပလ္လင်။ ။ ဥက္ကံသ ဟူသော ပါဠိမှလာသည်။

(ရတု)။ ။ [*]ဖလ်ဂယက်လည်း။ လယ်ချက်ခွါစွန်႔။ ပြင်လမ်းကွန်႔၍။ [†]ဂေါ်ညွှန့်ကိုက်ညှာ။ ပန်းမာလာလဲ။ အင်သန္တာရိုး။ ဝစ္ဆံပျိုး၍- သွယ်ဖြိုးနုနယ်။ ခက်ချင်းသွယ်ရှင့်။ ။ ဆွေးဘွယ်ခမန်း။ သာဆန်းထွေလှ။ စုံဟေမဝန်။ ။

စိမ့်စမ်းတွေလဲ့။ ကြည်ရေတံခွန် သောင်ကမ်းပြွန်လာပေါ့လေ။ မြှောင်တန်းချွန် သါပေ့မေ။ ကျသွန်လှိုင်း။ စံတိုင်းပြည်နှင့်သာကွာ။ ။

(သဖြန်)။ ။ လွမ်းဟုန်ကဖြာ။ [‡]သုန္ဒရာမြေမကန်ဘွဲ့။ [§]ငွေနဘံ၊ တောင်ယံသစ်ချိန်မို့။ နယ်ရှစ်ခွင်တိုင်း။ ။ ဖူးစ-လက်ပံ။ နွေရက်ကယ်မိန်အကျန်မို့။ တိမ် [**]ဗိတာန် လေပြန်ဝေ့တယ်။ ခိုးငွေ့မြူမှိုင်း။

## ၉၄။ ။ မြဝတီမင်းကြီးရေးသော- ဘုန်းတော်ဘွဲ့နှင့် နန်းဘွဲ့ ပတ်ပျိုးကလေး။ (တန်ဆောင်ရွှေတိုင်)

တန်ဆောင်ရွှေတိုင်။ အရောင်ဝေဆိုင်။ မွှေးကြူကြိုင်လှိုင်လန်း။ ဆယ်ခိုင်ပန်း။ ။ စိန်ကြောင်နီလာ။ ဖလ်မှန်သိင်္ဂါ။ ကိုးသွယ်ရတနာနန်း ထွေထွေဆန်း။ ။ ရွှေဝန်းခညောင်း။ ဗွေသီဟာ၊ ရိပ်ကြာစံစိုးမြန်း။ ။ တင်းရေများသိန်းသန်း။ မြူးပျော်ကွန့်ရွှေမိုယ်းဖျန်း။ ။ သောင်းခန်းမြေဒီပါ။ ရေယဉ်အဏ္ဏဝါ။ ပြည်ပြည်မင်း ကိုးကွယ်ရာ။ ။ ဘုန်းပွင့်ပွင့် လင်းထိန်ဝါလေ။ ကြယ်ညီလာနန်း။ ငွေသော်တာလေလေ့။ ပုန်တောင်းငယ်ခုနစ်မြွာ။ ။ စကြာတော် လျှင်ကြောင်း။ မုနောငယ်ရွှေသိင်္ဂါနှင့်။ တံမြွာရင့်ပြောင်းပြောင်း။ ။ နတ်ပေါင်းဘုံပြဟ္မာ။ သင်းပျံ့ပျံ့နှင်းဂန္ဓာ။ ရှာလာလျှံမောင်း။ ဂိမှန်ဝသန်ပြောင်းပေမို့။ သိုက်အောင်းရိပ်နေငယ်လေ။ ဇေယျာအောင်သံကြွေး။ ဖော်ညီရွှေလေလေ့၊ ငှက်ကျေးငယ် စုံမြိုင်ခြေ။ ။

(သဖြန်)။ ။ သီးညှာမှည့်ကြွေ၊ ဇမ္ဗူရွှေသပြေလုံ့း။ [††]နက်သန်မြေမှူး။ ။ ဘုံဥကင့်ဝေယန်။ ပြည်နတ်ထံ တူတမျှငယ်လေး။ ရွှေနန်းမ,ဦး။

## ၉၅။ ။ မျှော်တော်ယောင်- ပတ်ပျိုးကလေး။ (ရှိုစုံရွက်ကြာ)

### အနောက်နန်းမတော် မမြကလေးရေးသော မျှော်တော်ယောင်- ပတ်ပျိုးကလေး။

ရှိုစုံရွက်ကြာ။ ဆူဆူဝေဆာ။ စံရာဘုံနန်း။ ဘုံရွှေနန်း။ ။ အခန်းခန်းငယ်နှင့်။ ဆောင်နန်းမ- ရိပ်လယ်။ ရိုးဘွယ်တည့် ဝတိန်နယ်။ ။ မြတ်ဘုန်းမိုငယ်လေ။ ရွှေကိုယ်နန်းလောင်း။ သောင်းစကြာဝဠာ။ များစွာတည့် ခ,ဝပ်ညောင်း။ ။ ဗိုလ်ပေါင်း ဝန်းရံ။ ။ လွှတ်စံဇမ္ဗူကျွန်းသူမျှလေ။ ။ ခွေပျောင်းညွတ်ပန်။ ။ ရှင်စံမတူ ဂုန်းဖြူစွလေး။ ။ နောက်အိမ်တော် ဆောင်ရိပ်မှာ။ လွမ်းစိတ်နှင့်ဆွေး။ ။ လာလှူငယ်လာလှူ။ တမ်းခုခုမေး။ ။ အိုသေသေထားတဲ့ရေး။ ရွှေရင်ချမ်းမြဇ။ ။ ဗျာပါရေးနှင့်မကြံပါနိုင်။

---

[*] ဖလ်ဂယက် = နေဗိမာန်သည်။ အပြင်ပဉ္စ၊ ဖလ်ဖြင့်ပြီးရကား။ နေကို ဖလ်ဟူ၍ စပ်ဆိုကြသည်။ ။ နေထွက်သောအခါ၊ ရောင်ခြည်သည် ရေလှိုင်းဂယက်ကဲ့သို့ဖြာ၍ထွက်သောကြောင့်။ ဖလ်ဂယက်- ဟုဆိုလေသည်။ ။ အချို့က (ဖလ်ကနက်) ဟူ၍ ဆိုကြသည်။

[†] ဂေါ်ညွှန့်ကိုက်ညှာ = ဂေါ်သဇင်ပန်း၏ အညွှန့်အညှောက် ဟူ၍ဆိုလိုသည်။ ။ ကိုက် (ပေါရာဏ)= အညွှန့်အညှောက်။

[‡] သုန္ဒရာ- မြေမကန်ဘွဲ့ = ရတနာတို့ကို ဆောင်တတ်သော ကမ္ဘာမြေမဆန့်နိုင်အောင်ဟူ၍ ဆိုလိုသည်။ ။ သုန္ဒရာ= ဝသုန္ဒရာ (ပါဠိ) = ရတနာတို့ကို ဆောင်တတ်သောမြေ။ ။ မကာန်( ပေါရာဏ)= မဆန့်နိုင်။

[§] ငွေနဘံ = ငွေရောင်အဆင်းရှိသော မိုးကောင်းကင်။ ။ နဘံ (ပါဠိ)= ကောင်းကင်။

[**] ဗိတာန် = မျက်နာကြက်။ ။ ဘတ်သောအခါ။ ပြတာန်ဟူ၍၄င်း၊ ဗတာန်ဟူ၍လည်းကောင်း၊ အသံထွက်ခါဘတ်ဆိုကြသည်။

[††] နက်သန် (ပေါရာဏ) = မင်္ဂလာရှိသောမြေ။

နွမ်းခွေလို့ယိုင်။ ။ နွဲ့ပင်တိုင် ကြည်ရှောင်တိမ်းတယ်။ စိမ်းသင့်မှစိမ်း။ ။ *ချွဲလှဲ့ပါ-တုန်သဲ။ မိုယ်းညိုလို့မဲ။ ။ ဖြေလဲနော်ခု-နေမရွှင်။ ရွှေရင်အုံ။ မလုံကွေးတယ်လေး။ ချမ်းတုံလို့ဇ။ ။ ရီရီငွေနှင်းငယ်။ သွင်းလာလို့ဖျန်း။ ။ ချစ်မေတ္တာ သူတထူးကို။ ကူးပေသည့်မှန်း။ ။

(သဖြန်)။ ။ သနားငယ် မညှာရက်ကယ်မို့။ သူ့တွက်ကယ် ဘန်ရာဆယ်။ ရေးနှောင့်မလွယ်။ ။ ဘယ်ခါနေ့ငယ်မှ။ ကိုယ်တွေ့- သည်ပူနယ်လိုဖြင့်။ ဇလွယ်သိမှန်း။

## ၉၆။ ။ မင်းဘူးပဲ့နှင်း ဦးနေဦး ရေးသော၊ ပတ်ပျိုးကလေး။ (သေနင်္ဂမည်)

†သေနင်္ဂမည်။ နတ်စည်ဆော်သံလှိုင်းလို့လေ။ သွန်းမဲ့ရုပ်ပုံ။ ပဇ္ဇုန် ဆင်သင်တိုင်းနှင့်လေး။ ။ မိလ္လာ ရီဆိုင်းပြန်ပြီ။ ပြာချီအုံ့မှိုင်းဝေလို့မှောင်။ ။ အာကာဘောင်။ ဂဠုန်တောင်ချိတ်ပါလို့။ ပန်းတိမ်လိပ်ရောင်။ ။ သဲကြွေလုအောင်။ ဆွေးတဲ့ဆွေးဗျာနှောင်။ မိုယ်းနတ်မောင် ဘန်တော်အား။ ။ စာနာပါသင့်သားငယ်လေး။ ငြိုးမာန် ဘာပြုပွားတယ်ကို။ ။ သနားမညှာ။ ဝဠာပိုင် ဘုန်းငယ်က။ မုန်းရက်တော့ရှာ။ ။ ကျူးရင့်သံသာ။ စည်တဲ့စည်တံမြွှာ။ ရှိန်တေဇာ။ ကြော်ငြာကြွေး။ ။ ‡ပုဇွန်သံလေးညွှင်းစီစီ။ ရှာဟန်ရုပ်ရေးဆင်ခဲ့ပြီ။ ။ §မန္တာကီ။ ဇာပလီလှိုင်းပါလို့။ သိုင်းဟန်နွဲ့ချီ။ ။ သိုင်းဟန်နွဲ့ချီ။ မှိုင်းရီလို့မဲ။ ကဲဆင်မောက်မို။ ပြိုမလိုယောင်။ တိမ်တောင် အာကာထဲကဆင်ပြန်လှာ။ ။

(သဖြန်)။ ။ ပြာပြာမှာ ဝါဝါရောလို့။ မြကြော ဇော်ဂျီရောင်လျှံ။ သွန်းမဲ့ရုပ်ဟန်။ ။ တံပိုးငယ်ထန်။ မုရိုးသံ ခရာဆင့်တယ်။ ကျူးသံရင့်ကြွေး။

## ၉၇။ ။ အနောက်နန်းမတော် မမြလေး ရေးသော မျှော်တော်ယောင်- ပတ်ပျိုးကလေး။ (နဝရတ်ကယ်ရောင်စုံ)

နဝရတ်ကယ်ရောင်စုံ။ ခင်းပြန့်ဘုံ။ ။ ပျော်လဲခုပျော်တော်ရုံ။ ။ ဖူးရွှေချိုငယ်လေ။ လုံနိုင်လေပါဘဲ။ ဗျပါသာပွားဆင့်ဆင့်ကဲ။ ။ ခေါ်သံလိုလဲ။ ရွှေသဲမှာပမ်းအောင်။ ဖြေလဲခုပြေနိုင်ပေါင်။ ။ နန်းဆောင်မြင့်စက်ရာဘွေ။ ဖျော်လဲဖျော်မပြေ။ ။ ဆွေးစေအောင်ခုသား။ ရွှေကိုယ်ဘုန်းမြတ်ဖျား။ ။ သနားလေမညှာ။ သစ္စာလေသွေလွဲ။ မကြင်ဘယ်တွက်လဲ။ ။ နဲသည့်ကံ-ဘန်ညွှန်းလို့။ ကျွမ်းကြွေလုသဲ။ ။ ကြုံရတယ် တကိုယ်ထဲ။ ထက်နန်း **မေဃိန္ဒာက။ ရွာအရွာဖွဲ။ ။ ပူရအောင်ဘန်နဲ။ ဘုန်းခင့်ငယ်သဲ။ ။ လာလာချိန်မြင်ယ်မို့။ ဖဲစက်ရာပေါ်။ ညဥ့်သုံးယံကျော်။ ဆော်လေသွင်းတယ်လေး။ လင်းပြန်လုနော်။ ။ ညှိုးလျော်ဆိုင်ရက်တယ်။ ဘုန်းမေ့သက်မှူး။ ။ ဆန်းမာယာပိုဖွဲ့တယ်။ မုန်းလှဲ့သင့်ဘူး။ ။

(သဖြန်)။ ။ ရွှေဖူးစာကံ။ ဘန်လာတယ်ဘယ်နတ်ကဲ့။ ရေးတတ်လေသိ။ ။ နေဆယ်ဆူ။ မက ပြန်ပြန်ပူလို့။ နန်းသူ သည်လိုများငယ်။ ထားရက်ခုရှိ။

---

* အချို့က။ (ချိုတဲ့ပါ ညိုနွဲ့ငယ်လေး။ မုန်းမာန်ဖွဲ့ရေး။ ။ ဖြေလဲနော်ခုဖြေ- မပြေ။ ရွှေရင်အုံ၊ မလုံချမ်းတယ်လေး။ နွမ်းသေရရုံ။ သုံသုံငွေနှင်းငယ်။ သွင်းလေသုတ်ဖျန်း။ ။ ချစ်မေတ္တာ သူတထူးကို။ ကူးလေသိမှန်း။ ဟူ၍လည်းဆိုကြသည်။

† သေနင်္ဂ (ပါဠိ) = စစ်အင်္ဂါလေးပါး။

‡ ပုဇွန်သံလေး ညွှင်းစီစီ = ဘာတိက ညီနောင်တို့လက်ထက်၊ ပုဇွန်လက်မကို ပြုလုပ်ထားသော စည်ကြီး၏ လေးနက်သော အသံကဲ့သို့။ မိုယ်းချုန်းသည်ကို ဆိုလိုသည်။

§ မန္တာကီ = မန္တာကိနီမည်သော နတ်ပြည်တွင်ရှိသည်။

** မေဃိန္ဒာ(ပါဠိ) = (မေဃ=မိုယ်း + ဣန္ဒာ= အစိုးရသော) = မိုးနတ်မင်း။

## ၉၈။ ။ မြဝတီမင်းကြီးရေးသော၊ မြစ်နှင့်တောဘွဲ့ပတ်ပျိုးကလေး။ (သာဆန်းငယ်တည့်ရဂုံဖွေ)

သာဆန်းငယ်တည့်ရဂုံဖွေ။ ။ ညှင်းပြေပြေ။ လေပြည်လောင်း။ ။ ညာခြေ စိမ်းရင့်မောင်း။ ။ ညောင်းရှက်ကယ်တည့် ကြွေလေဟန်။ ။ မြညာရွှေရည်လျှံ။ ။ သင်းကျုံကျုံလေတည့်။ ဝင်းတဲ့ဝင်းလျှံလျှံ။ ။ မြူးပျော်စံလေတည့်မှ။ ကျူးတဲ့ ကျူးကြော်ညံ။ ။ မြယွန်းဘုံတိမ်ယံက။ ဘန်လာမြူခိုး။ ဖြိုးဖြိုးအုံညီ။ မှုံရီတည့်ထွေထူးဆန်း။ ။ ပမ်းလေအောင်တည့်မှ၊ ကမ်းရေယဉ်သောင်။ ။ ညိုမှောင်ရော်ဝါ။ ရွှေကြာ မြသား။ နီလာ စိန်ကြောင်ရွှေ။ ။ ရွာစေလိုလို ပြိုဟန်ကလဲ။ ခါမိုယ်း ဟုတ်ပါဘဲ။ ။ သဲငွေခုံသောင်။ တောင်ပြန်လေ။ ။ ထွေတည့်ထွေထူးဆန်း။ ။ မြိုင်ဟေဝန် သာစခန်း။ ပန်းလဲ့စုံစီ။ ။ မြနဒီ။ ရေသီတာက။ စိမ်းတယ်ကို။ ။ ချိုချိုသံညှင်း။ ကျူးလာတဲ့ရင်း။ ။ ဖင်မင်းက လှိုင်လှိုင်လှိုင်။ စိန်ချပ်ရုံ။ မှုံရွှေဝတ်ကယ်။ လေညှတ်လာလို့။ ယိုင်ကြွေလုစုံမြိုင်။ ။ တွေမှိုင်ကာမော။ ဖြေနိုင်အောင်။ ။ အို-မယ်မောင် ညံစာစာ။ မြူးလာဘော်ချင်းနွဲ့။ ။

(သဖြန်)။ ။ လဲရွှေကညံ။ ငှက်သံကညှင်း။ ။ ဖလ်ခိုးငယ်စီစီနှင့်။ မှိုင်းဝေရီ- ခါနွေဆန်းငယ်ကို။ ထုံပန်းကသင်း။

## ၉၉။ ။ ပြင်စည်မင်းသားရေးသော၊ မိုယ်းဘွဲ့- ပတ်ပျိုးကလေး။(မုရိုးငယ်တည့် ထက်စည်သံ)

မုရိုးငယ်တည့် ထက်စည်သံ။ ။ ပတ်ခြံ့ကိုးနယ်။ မိုးလယ်တခွင်။ ပဋ္ဌင်ဆော်ကာ။ ဆည်းဆာငယ်ချိန်ယွန်း။ ။ ဘယ်ဝှန်းညာဝှေ့။ ရစ်ကွေ့ကျူးကာ။ မြူးလာဆင့်ဆင့် ၊ သွန်းသည်နှင့်နှင့်။ ။

(ရတု)။ ။ ကျွမ်းခဲ့ဂိမှန်။ ချိန်ဝသန်လည်း။ အမှန်ခါပြု၊ [*]သည်ရတုဝယ်။ ဘာနယာဉ်သာ။ [†]ပြဘာက်ာလည်း။ [‡]နိန္ဒရာငဲ့။ လောင်မကဲ့သို့။ ထောင်ဘွဲ့ခြည်ရုံ။ ဖလ်ခိုးလုံ့သား။ နှင်းမှုံဆွတ်ဖျန်း။ မိုယ်းတသွန်းတည်း။ ။

စိန်ယွန်းငယ်တည့် ခြူးကြာညောင်။ ။ လ,ရောင်ပြက်ခါ။ ပန်းလွှာလေ ကြက်ရုံး။ ငုံသရဖီ။ ထုံစီကြိုင်လှိုင်တုံးမို့လေ။ ။ အုံးကာသီ။ သာမှီခွေကာန်းသည်နှင့်လေး။ ။

(သဖြန်)။ ။ သုံးယံမြင့်ပြို။ ပဟိုရ်စည်သံသာက။ လွမ်းရာလေစေစိမ့်အောင်လို့။ ဆော်ငြိမ့်စည်ကျူး။ ။ ကျုံကျုံကြွေး။ ရင့်လေးငယ်တည့် မိုယ်းငယ့်မူ။ ဘယ်ပျူငှာနှင့်။ ရွာပလိမ့်ငယ်လေး။ ရွှေတိမ့်နတ်မှူး။

## ၁၀၀။ ။ သေဋ္ဌေးတန်း မောင်လန်းရေးသော မိုယ်းဘွဲ့- ပတ်ပျိုးကလေး။ (မလင်းငယ်တည့် ပိတ်ခါမှောင်)

မလင်းငယ်တည့် ပိတ်ခါမှောင်။ မြရောင်သန်းရီ။ မန်းဆီတခို။ ညိုညိုပြာမှိန်၊ လွှာတိမ်အုပ်ဖုံး။ ရွာအုံးမယ်ထင်။ ရှစ်ခွင်ဒီသာ။ အုံ့အုံ့မှိုင်းသည်နှင့်နှင့်။ ။

(ရတု)။ ။ သိုင်းဖွဲ့ရစ်နှောင်။ ပဇ္ဇုန်မောင်လည်း။ မာန်စောင်အားပြု။ [§]သန်ဝါလဝယ်။ [**]စန္ဒဝိမာ။ ဘုံယာဉ်သာနှင့်။ ပြုဗ္ဗာသံနတ်။ ယှဉ်ပြိုင်မတ်၍။ မြတ်ပုံးညက်ခိုင်။ ရန့်လှိုင်သား။ ထုံကြိုင်ကွယ်ကြူး။ ဝတ်ရည်မြူးရှင့်။ ။

---

[*] အချို့က။ (သည်ရတုဝယ်) အစား။ (သည်ရက်လုဝယ်) ဟူ၍၄င်း။ (သည်ရက်ခုဝယ်) ဟူ၍၄င်း။ ဆိုကြသည်။

[†] ပြဘာက်ာ= ပဘာက်ရ (ပါဠိ)= နေ။ ။ ပဘံ=အလင်း+ကရော=ပြုခြင်း)= အလင်းကို ပေးတတ်သောကြောင့်။ နေကို၊ ပဘာက်ရ=ပြဘာက်ာ ဟူ၍ ခေါ်ဝေါ်သုံးစွဲကြသည်။

[‡] နိန္ဒရာ (သံသကရိုဋ္ဌ)= ကဲ့ရဲ့အပ်သော။ ။ မေထုန်ရာသီတွင်၊ ယောက်ျား-မိန်းမအစုံ၊ ရာသီရုပ်ရှိသဖြင့်။ မေထုန်ဟူသော၊ ကဲ့ရဲ့အပ်သော အမည်ကိုအစွဲပြု၍။ မေထုန်ရာသီ နယုန်လကို။ နိန္ဒရရာသီ- ဟုခေါ်ဝေါ်ကြသည်။

[§] သန်ဝါလဝယ် (ပေါရာဏ)= မေထုန်ရာသီနယုန်လ။ ။ ရှေးအခေါ်၌ သန်ဝါနယုန်။ နွယ်တာ- ဝါဆို။ နံကာ- ဝါခေါင်။

[**] စန္ဒဝိမာ (ပါဠိ)= လ,ဗိမာန်။ ။ စန္ဒ=လ+ဝိမာ=ဝိမာန=ဗိမာန်။)

ဆွတ်ခူးငယ်တည့်လွမ်းစေဖန်။ ဝေယန်ရိပ်ပျော်။ စိတ်တော်ငယ်ကြည်ရေး။ ရွှေစကြာ။ ရောက်လှာ ဘုန်းသစ်နွေးလို့လေ။ ကျွန်းလုံးဒီပါ။ သီတာရေနယ်မြေလေး။ ။

(သဖြန်)။ ။ ဝေးရန်မြူ။ ရာဇူပြည်ပြည်ထောင်တို့။ ဥဿျောင်ကေသီလျှော့လို့။ ကံတော့ရှိပျောင်း။ ။ ကြေညာချုန်း။ ရွှေဘုန်းငယ်တည့်ဖြိုးမြင့်နေ။ မိုးစွန်ဖွေမော့။ ဘုံတိမ်ငြိမ့်ငယ်ကို။ တုန်သိမ့်ရိုက်ညောင်း။

## ၁၀၁။ ။ နိဗ္ဗိန္ဒ- ပတ်ပျိုးကလေး။ (နံ့သာနီတောင်)

နံ့သာနီတောင်။ ကမ္ဘာရှည်အောင်။ ဖန်ဆိုးနှင့် လဲဝတ်ကြောင်။ *ကေဥဿျောင်ပယ်လီး- ရှာန်နှင့်နီး။ ။ ပုတီး လက်တွင်ဆောင်။ ခရီးမဂ္ဂင်ဖေါင်။ ။ စိန်ကျောက်ရောင်ပြောင်လင်း။ တောင်များ့မင်း။ ပယင်းနန်းရွှေကူ။ တလင်းပ ပန်းမဥ္ဇူ။ ။ နန္ဒမူ ပတ်ဝိုင်း။ ယာညွှတ်ကိုင်း။ တံတိုင်းကျောက်နီလာ။ ကသိုဏ်းပ- ဆောက်တည်ရာ။ ။ မကြာလေ- ဖန်ဝတ်နှင့်သွား။ ဘာဝနာရှာန်လွှတ်လို့ပွား။ ။ စုံခြေတောဖျား၊ ကျင့်တရား။ ပတ္တမြားနင်းဆီခြံ။ စကားပွင့်၊ သင်းကြည်လျှံ။ ။ ကြွေညွှတ်ဟန် ညှာတိုင်းကွေး။ ရွှေဝစ္ဆံ-တ,တိုင်းမွှေး။ ။ စမွယ်လေချပ်ဇေ။ မြတ်လေးနှင့်ကံ့ကော်။ ပန်းစုံတဲ့ မြိုင်ပဟေမော်။ ။ ပန်းစွယ်တော် ခွါဇလတ်ကယ်က။ လှမ်းမယ်နော်- ညာပြာသဒ်ကိုတဲ့။ ဝါတောင်မြတ်ဆောက်တည်ကာ။ ။ မြိုင်သနင်း။ ကြိုင်သင်းလေ ပါလှပါလှ။ ပန်းစူကာတဲ့ဆန်းမူရာ။ ဆန်းမူရာတဲ့ပန်းစူကာ။ တရားသုံး။ ပွားပုန်းရှောင်ခွါ။ ဖန်လျှော်တေနှင့်သာ။ ပျော်နေမဲ့တောကန္တာ။ ။

(သဖြန်)။ ။ †သလင်း။ မယွင်းအောင်ဘာဝနာနှင့်။ ခါတရာပွါး။ ။ သစ်သီးကိုရှာ။ ပုတီးဖန်ဝါဝါနှင့်။ ဂန္ဓမာမြိုင်ညိုကြီးမှာ။ မှီးရတရား။

## ၁၀၂။ ။ စာရေးတော်ကြီး- ဦးမောင်ကလေးရေးသော ပတ်ပျိုးကလေး။ (မဲဇာတောင်ခြေ)

မဲဇာတောင်ခြေ။ စီးထွေထွေ။ ။ ရစ်သန်းသီတာရေ။ ။ ပန်းမြိုင်ဖွေမှာလေ။ ဆန်းထွေသည်က။ ရွှေပြည်တော်နန်းဆီသို့တ။ ။ ဘိုးတော်ပဝရ။ တေဇင့်ညွှန့်လူ။ တည်ထားအဆူဆူ။ ။ ဇမ္ဗူဆီမီး ခြောက်ရောင်ရှင်။ ကူကြီးလေ ကူကြီးမြတ်ထွင့်မှုတင်။ ။ ရွှေလင်းပင်ခြသေ့်ဖျား။ ‡ထွေထွေလျှပ်နယ်သား။ ။ သည်ကားစေတီ။ သည်ဆီရွှေနန်း။ ။ ရည်ရော်စိတ်ကမှန်း။ ။ နန်းရွှေပြည်ကွာဝေးလို့။ ဆွေးဗျာထုနှောင်။ ။ ပွဲခါညောင်ရေစင်သုံး။ မြတ်ဖျားကူတော်တောင်က။ ရီမှောင်လွှန်ပိတ်ဖုံး။ ။ နှင်းငွေရည်အုံ့မဆုံး။ မိုဃ်းပေါက်ကရှုံး။ ။ တိမ်တိမ်ခြေ ဖုံးပါလို့။ အုံးခြိမ့်ခြိမ့်မှောင်။ ။ တည့်မွန်းနေခြည် ဖြာမှ နွေးတယ်လေ။ ကွေးလုံတတ်ပေါင်။ ။ သဲသာသောင် မြေဝေးမှာ။ လွမ်းဘော်မဲ့ဆွေး။ ။ မြောက်လေပြေ ဆော်သွေးတယ်။ ချမ်းတုန်လို့ဇေ။ ။

(သဖြန်)။ ။ လေသွေးရာချီ။ ရွှေဇီကမွှေး။ ။ ဝတ်ပန်းငုံခိုင်နှင့်။ မဲဇာမြိုင်-ဂနိုင်အုပ်မှာ။ ရွှေဘုတ်ကကြွေး။

---

* ကေဥဿျောင် = ရောင်ထုံး။ ။ ကေ= ကေသာ (ပါဠိ) = ဆံပင်။

† အချို့ဆရာတို့က။ ဤနံ့သာနီတောင်ပတ်ပျိုးမှ သဖြန်ကို။ ။ ပန်းခုံကသာ။ ဘာဝနာရှာန်ယာဉ်နှင့်။ အဘိညာဉ်၊ အာသာဝတ်ကိုလ။ ချွေဆွတ်ခါမြန်း။ ။ ဖိုလ်တော့မဲ့ ဉာဏ်။ ဘယ်နတ်ကယ်- ဘယ်မာန်တို့။ ဘယ်ရန်သူ- ဘယ်လိုလာတော့။ မြတ်စိတ္တာ- ဝရထီးငယ်ကို။ ပြီးစံမည့်နန်း။ ။ ဟူ၍လည်းဆိုကြသည်။

‡ အချို့က (ခြွေရံလို့သား) ဟူ၍လည်းဆိုကြသည်။

## ၁၀၃။ ။ မြဝတီမင်းကြီးရေးသော၊ ဘုရားတိုင် ပတ်ပျိုးကလေး။ (လှစံကျွန်းညွှန်းတော်ခဲ့လား)

လှစံကျွန်းညွှန်းတော်ခဲ့လား။ ။ သည်ပါးမှာစေ။ ။ တင်ပြန်တော့သား။ ။ ဘန်များငယ်လွမ်းရန်ပွေ။ ။ ဆည်ဖြေတန့်နိုင်။ မှုံဝတ်ကယ်သာမြူး။ နွေကူးသည့် ခုခါတိုင်။ ။ နှစ်ပြိုင်ငယ် ရွှေဆိုင်သိင်္ဂါလေ။ သင်းစွာထုံပြီ တကိုယ်ထဲ။ သည်သဲက ဆွတ်ကြွေလုအောင်ငယ်ကို။ ။ ပတ္တမြားတန်ဆောင်၊ မြရောင်ရွှေဆီမီးငယ်နှင့်လေး။ ။

(ရတု)။ ။ နီးပါပြီလော့။ ဂီရိမင်းဝံ။ မွေအံတင့်မော။ ရှင်စောဘုန်းပွင့်။ ပန်လျှောက်ခွင့်ကို။ အသင့်ရွှေဉာဏ်။ မြင်တိုင်းပန်၍။ ရက်ချန်မညောင်း။ ပြည့်လေတောင်းစွ။ ။ နောင်းစွန်းမျှော်။ ။ ဖြေပါသော် ဘယ်ဆီနေ့ငယ်မှ။ လွမ်းမမေ့နိုင်။ ။ နေဖလ်ဆိုင်။ ကြွေယိုင် ကြာရေမဲ့ငဲ့နယ်။ ညှိုးတယ်နှင့်သား။ ။ တိမ်ခိုးငယ်ခို။ ဘယ်အညို ဘယ်ဆီသို့ငယ်လို့။ တွေးတို့တတ်နိုင်။ ။ ဖွေသည်မြိုင်။ ကြယ်ရောင်ပြိုင် ထိန်ထိန်ကွန့်တယ်။ နန်းငွေညွန့်ဖျား။ ။ တမ်းရောင်ငယ် ဆိုမှား။ ။ ထင်လာစေ မြင်ညားလွန်းငယ်ကို။ ညာရွှေမွန် သာဖြေညွှန်သိမ်းမည်နှင့်။ သွေယိမ်းခွင့်မကုန်ပါလို။

## ၁၀၄။ ။ ဦးအုံးခိုင်ရေးသော၊ အီနောင်ဇာတ်လိုက် ပတ်ပျိုးကလေး။ (အမွှန်-မာန်ဟုံ)

အမွှန်-မာန်ဟုံ-သံစုံကြော်ငြာ။ ပဖ္ဖန်ဒေဝါ။ ရွာသွန်အား။ ။ ခင်လေးပူစေရန်ဘို့။ မုန်းမာန်နှင့်သား။ ဒေဝရာ ပွေဗျာပွား။ ။ အိုများအောင်ခွင့်။ ဘုန်းဘန်တော်ဆောင်။ ကိုးနယ်ပြည့်မှောင်။ ။ ထက်နန်းအာကာပေါင်က။ ပြာရောင်ရောင်။ ခြံ သင်တိုင်းငယ်။ ဆင်လာပြန်ခဲ့ဝိုင်း။ ။ မေဃာ-ဒေဝါ-စွေလာမာန်ဂုဏ်လှိုင်း။ တမှိုင်းရီရီ။ တံရှည်ညှင်း။ ဒုံမင်းပွေခဲ့ စည်ခရာ။ မိုယ်းနတ်မောင် ဘန်တော်ရေး။ အို-ဆွေးအောင်ခု။ ငြိုးမှောင်သည်မှာ။ ဖြန်းဆင်လို့ရွာ။ ။

(ရတု)။ ။ မိုးနတ်ဝဠာ။ အဇဋ္ဌာက။ ဝလာဟမြတ်။ ပဇ္ဇုန်နတ်လည်း။ စိတ်မှတ်ကြည်ညို။ မိုးလုံးပြိုမျှ။ မယ့်ကိုပူအောင်။ ဆွေးဗျာနောင်သည်။ ရွာယောင်ဆွတ်ဖြန်း။ ကျလာသွန်း၍။ ။ မြဝန်းရီလဲ့။ ဝိုင်းကာအုံ။

လျှပ်ခြည်ဆိုင်းလို့။ မှိုင်းပြာမှုံ။ ။ ရွှေအမွှန်မှုး။ သံစုံကြူး။ ။ မင်းဖူးမင်းညွှန့်။ *ဝိဇ္ဇုန်မာလီ။ ချွန်းသံကမြည်။ ။ ပြာရီရီ။ ရာသီမှန်ချိန်ခါပိုင်းမို့။ မှိုင်းတညို့ညို့။ မို့မို့မဲမဲ။ သဲသဲညံ့ညံ့။ ဆွေးတဲ့သူတို့။ ပူဘို့ဘန်။ ။ အမွှန်ာ မင်းကျင့်ဆိုး။ ညာတော်မူပမိုယ်း။ ။

(သဖြန်)။ ။ နယ်ကိုးရပ်လည်။ ပြာရီမှာတိမ်ဖုံးလို့။ ရွာအုံးမယ် ဟန်မပြလာနှင့်။ တန်ပဘုရား။ ။ များဗျာထုကြွယ်။ ဆွေးသူဝယ် သေရော့လို့။ ကိုယ်တော့်သည်လိုငြိုးမှဖြင့်။ ဆိုးနှင့်ဘုရား။

## ၁၀၅။ ။ နာခံတော် ဦးချို ရေးသော -မိုယ်းဘွဲ့အလွမ်း ပတ်ပျိုးကလေး။ (နွဲ့ယိမ်းယိုင်)

နွဲ့ယိမ်းယိုင်၊ ကြာမြိုင်သော်မော် မော့်မှာတဲ့လေ။ ။ ဖွဲ့သိမ်းနိုင်။ ဗျာလှိုင်ပျော်တော်တော့ပါခဲ့လေး။ ။ လျော်လျော့နွမ်းခွေ။ ကြေကြွေလုကျွမ်း။ အလွမ်းတော်ကထွေ။ ။ ဝဲလက်ျာရံ ညီရွေ။ ညွှန်းတင်ချော့ ပျော်ဆက်ဖြေ။ ။ စန်းသခါငွေ။ မှင်လွှာဝေလို့ သာလေဘဲ။ ရွှေသဲခုန်လှိုက်ဖို။ ခွေနွဲ့ယောင် တုံရှိုက်ငိုု။ ။ နံ့နံ့ညို့ညို့။ မို့မိုကာသီး။ ဦးတွင်မှလေ။ ။ ချုံးကြုံ့ကိုယ့်ကိုယ်။ ရှို့တရိုသာမှီး။ လူးချင်လုလေး။ ။ ရည်စူးကြံဆ။ ဖူးရွှေလက်တင်။ ပြန်လှန်စောမိ။ မောမရှင်။ မေးယောင်ယောင်သွင်။ ဘွင် သည်ဝယ်ဆွေး။ ။ ကြွယ်ထက်ကြွယ်။ ရေးသွယ်သွယ်။ အေးလွယ်ရာဘဲ။ လေးဆယ်ဆကဲ။ ။ ဆည်လဲကြိတ်သို့။ မိုတ်မျိုအောင့်အည်းမယ်လို့။ စိတ်ကိုစောင့်စည်းတယ်မို့။ ရောင့်ရည်းပါသော်။ သက်သာခွင့်။ စက်ပါမပျော်။ ။ မျက်လွှာတော် ညောင်းပြန်ခဲ့ပြီလေး။ ကြောင်းစုံစေ့ပေါ်။ ။ ပြေပြေပြယ်စနိုးသာပ။ ရွယ်ကိုးသည်နော်။

---

* ဝိဇ္ဇုန်မာလီ= ဝိဇ္ဇုန်မာလီ(ပါဠိ)= လျှပ်စစ်။

ချယ်ပျိုးစည်ဆော်လို့။ မြည်သရော်လွန်း။ ရည်မမျှော်သွန်းမယ်တဲ့။ သြော် ညွှန်းတော်ရှာ။ ။ စပ်ပြိုင်လို့။ ထပ်ဆိုင်ကာသာ။ လျှပ်ဆိုင်မာလာဝင့်ထယ်။ ကျူးသီရင့်ညာ။

## ၁၀၆။ ။ အိမ်ရှေ့ထိပ်ထားလှိုင်ထိပ်ခေါင်တင်ရေးသော ဝိဇယကာရီ ပတ်ပျိုးကလေး။ (ရေယမုန်)

ရေယမုန်။ အမွှန်သီတာတိုင်းသို့လေ။ ။ ငှက်လိမ္မာ။ မကြာနောင်စေခိုင်းမယ်ပလေး။ ။ တောင်ဝိုင်းစုံလွင့်။ မြင့်တိမ်ယံဖွေ။ ရေယဉ်စီးတဲ့မြစ်ကြီးငယ်သောင်ခြေ။ ။ ရွှေရွှေရွှေရောင်သား။ ငွေငွေငွေရောင်သား။ ။ မြရေယဉ်မှော်ပင်ကြား။ မြူးစံတဲ့ငါး။ ။ လေးမယ်ခင်နတ်သွင်ထား။ ဘုန်းမယ်ဘို့သား။ ။ နှုတ်ဖျားဝါဝါ။ ပန်းလွှာရွှေသွေး။ ချီကာယူလို့ပေး။ ။ ကိုယ်မွေးသိင်္ဂါ။ ဖြူစွာငွေသွေး။ ကျောင်းဝင်ကလေး။ ။ ရွှေဘုံသူ ကလေးငယ်ဘို့။ ချိုအေးသံသာ။ ။ စုံဆယ်လီရှိရှင်ညောင်းတယ်။ တောင်းယူခဲ့ပါ။ ။ နွဲ့နွဲ့မာန်ကိုးငယ်နှင့်။ အို ဆိုးလိုက်ထာ။ မြမျက်ရေ ဂေါ်ဇင်ညှာက။ ငိုရှာလုနီး။ မောင်မောင်ကြီးငယ့် စိန်ကြိုးသွယ်။ ဟာ တိတ်ပကွယ်။ ကြောင်ညိုပါးငယ်။ စားတတ်လှတယ်။ ။ ရေပေါ်မှာ လွှမ်းပါတဲ့။ ကံ့ဇွန်းနွယ်။ ဒေါင်းဖလ်ဝါရောင်စုံကွယ်လို့။ ခိုင်ရွှေနွယ်သီး။ ဇမ္ဗူရည်ထီးမှာတဲ့။ အညီးတော်ပြေ။ ။ ယိုလေသဲသာ။ စိန်ရိုးညှာ လွှဲမယ်လေး။ နွဲ့ဟန်လို့သာ။ ။

(သဖြန်)။ ။ တိတ်ပါတော့သက်လျာငယ်။ ညဏ်ရှာလို့ဆိုး။ ။ မေ့မောင်ကြီးမပူပါနှင့်။ ပင်တိုင်သူ စိတ်မကောင်းပါဘုကွယ်။ လောင်းနေညွှန့်မျိုး။

## ၁၀၇။ ။ မင်းတရားကြီးနှင့် မန္တလေးမြို့ဘွဲ့ ပတ်ပျိုးကလေး။ (ကုန်းဘောင့်ရွှေဘို)

### ဝန်ထောက်မင်း-ဦးချိမ့်ရေးသော၊ မင်းတရားကြီးနှင့် မန္တလေးမြို့ဘွဲ့ ပတ်ပျိုးကလေး။

ကုန်းဘောင့်ရွှေဘို။ ပဟိုရ်အောင်စည် ရွှမ်းလို့လေ။ ။ စံနန်းဗိမှန်။ ဝေယန်ရွှေဘုံ ထွန်းလို့လေး။ ။ ကျွန်းမြရောင်လျှံ။ စိုးစံတင့် ရံရာပြည်။ ။ ယှဉ်ဘက်နှုန်းနိုင်ဘု။ ရွှေဘုန်းတော်ရည်။ ထက်ဝန်းလည်။ ကြော်ငြာမြိမ့်တယ်။ ချမ်းငြိမ့်အေးကြည်။ ။

(လူးတား)။ ။ ခုနစ်အင်္ဂါ။ စုံစွာဖြိုးမြင့်။ တိုးဆင့်လေ။ ။ ရှင်ပင့်မိန့်ဗျာ။ စကြာမန္ဓာတ်။ လေးမည်ပတ်၍။ သတ်ရတနာ။ ထံတော်လာလျက်။ ဘူဗျာဓိပတိ။ ဘူမိရန်အောင်။ ကုန်းဘောင်သိယ်။ မြတ်ဌာနဝယ်။ ခတ္တိယမကိုဋ်။ ကြငှန်းစိုက်၍။ မြန်းတိုက်ဇမ္ဗူ။ စိုးတော်မူသည်။ နတ်လူ *သုန္ဒြိတည့်လေ။ ။
ရှင်လူတည့် ငြိမ်းအေး။ အောင်ဆုပေး။ ။ သံဆယ်မည် ကြွေးပါလို့။ ငြိမ့်လေးငယ် ဆော်ပြိုင်။ မြစ်ရေရံဝန်း။ မြကျွန်းလုံး ပြည်ဦးခိုင်။ ။

(သဖြန်)။ ။ စန်းမင်းရောင်ပြိုင်။ ဖြန့်ရှစ်ဆိုင် ဘုံသီဟာက။ ဣန္ဒာတနှုန်း။ ။ ဘုန်းဘုန်းဇာနည်။ မြတ်ကုန်းဘောင် နွယ်တော်ညီမို့။ ရန်ဆယ်မည် သဗ္ဗာတင့်တယ်။ မင်းမင့်းထွင်ရှုံးဆုံး။

## ၁၀၈။ ။ ပြင်စည်မင်းသားရေးသော၊ မန္တလေးမြို့တော်ဘွဲ့ ပတ်ပျိုးကလေး။ (မြမန်းကိုက်ရုံ)

မြမန်းကိုက်ရုံ။ ရွှေဘုံမြေမျှားမင်းဝယ်မှလေ။ ။ ကန်နန်းသာဟန်။ လွမ်းရန် သည်ဝယ်ခင်းငယ်ပလေး။ ။ ဂန္ဓာထုံမှုံသင်းတပျံ့ပျံ့။ ဂေါ်ဇင်ခွါပြာ။ ညှင်းတည့်ည့်။ ။ ပန်းဝတ်နံ့မွှေးမာလာ။ ဖူးခိုင်ညှာ ပွင့်ဆိုင် တင့်လှိုင်။ မြိုင်ဘီလာကာသန်း။ နန်းတောင်ခြေ ရေကြည်းငြိမ့်။ စုံနယ်မြဟောဝန်း။ ။ ဖြာဖြာလျှံဝန်း။ သာယာကန်မွန်။ ဘန်တော်ရည်ညွှန်း။ ထူးဆန်းတင့်ရွှန်း။ ဆွတ်လွတ်ဘွယ်။ နယ်ကြီးချဲ့လွန်း။ မျက်ဣန္ဒနီ။ သိင်္ဂီပထွန်း။ ချယ်မွှန်းငယ်စီမြွာ။

---

* သုန္ဒြိ(ပါဠိ) = သုန္ဒရ = ကောင်းခြင်း။ ။ သုန္ဒြိ-ဟုဆိုရာ၌၊ ကောင်းခြင်းနှင့်ပြည့်စုံသည်ဟုလိုသည်။

ညာဘယ်လှည့်မြန်း။ ရစ်သန်းမြရောင်ကာ။ ။ နောတတ်အိုင်သာ။ ပမာပုံမယွင်းငယ်တည့်လေ။ ။မြောက်ယွန်းယောင်။ ရွှေတောင်သီလာရင်းဝယ်မှလေး။ ။ စံခင်းဖွေကြော့ လွမ်းရန်ထွေလည်။ ခုနစ်ခွေရှုံ တောင်စုံကြို့။ နန်းရွှေမြို့ပြည်ငယ်မှာ။ ။

(သဖြန်)။ ။ ဘုန်းနေညွှန့်စည်။ ရွှေဉာဏ်ရည်လွန်ဆကဲ။ ။ နတ်ညွှန်း-ဘန်တော်ယောင်သို့။ ငွေရင်ဘောင်၊ သောင်တကန့်ငယ်မှာ။ တောင်နန်းခပဲ။

## ၁၀၉။ ။ ငယ်တိုးဝန်ရေးသော၊ မြောက်အိမ်တော်သံ ပတ်ပျိုးကလေး။ (ဇမ္ဗူတောင်ညာ)

ဇမ္ဗူတောင်ညာ။ စိုးမည်မှာ။ ယဉ်မျိုးသည်ကသာ။ ။ ထွေထွေရာ။ တေဇာငယ်တန်ခိုး။ ဝိုင်းအုံကာသွန်းလာသည့်မိုယ်း။ ။ မြူခိုးပြာလဲ့မင်းလွင်ချီ။ နစ်ပါးတူစုံညီ။ ။ နန်းကိန္နရီ ဟန်ချီပြောင်းလို့။ ရွှေစောင်းမာဃ ညိုးညိုးညံ။ နရားလည်ပြန်။ မြည်သံခြားတယ်။ ထားကေလုံ့ပန်။ ။ နောက်နောင်ခါသုံးပေမဲ့။ ဘုန်းကိုယ်တော့်ထံ။ ။ ရွှေစိတ်တော်ရည်မှန်လို့။ ယဉ်ရစ်တံခင်း။ သိုက်တပေါင် ပေါ်ထွန်းလို့။ ညွှန်းဗျာဒိတ်ခံ။ လက်ရွေးခေါင်လူမို့။ ပြိုင်စံသူရှားတယ်။ နားတော်ဘွဲ့သွင်း။

## ၁၁၀။ ။ မြဝတီမင်းကြီးရေးသော၊ မီးခွက်ကချင်းယိုးဒယား-ပတ်ပျိုးကလေး။ (အောင်မြေဇေယျာ)

အောင်မြေဇေယျာ၊ လင်းထိန်လျှံဖြာ။ သင်းလှိုင်ဂန္ဓာမိုး။ ။ ရွှေစည်နှိုး။ ။ ဆောင်ဆောင်သိင်္ဂါ။ သောင်းရွှေညီလာ။ နန်းနေဝံသာမျိုး။ ။ ဆယ်ကြာပျိုး။ ။ ထွင့်နိုးနရိန္ဒာလေတည့်မှ။ ရာမင်းရှိပန်ထွာ။ ။ တေဇာတော်လျှံညီးလင်း။ ။ မြူတိမ်တောင် မှောင်ဝေးရှင်း။ ။ ပျော်ခင်းစံရာ။ ရှင်စောဆံကြာ။ မြတ်စိတ္တေမွေ့မြင့်မှာ။ ငါးမာရ်လွှင့်ထိန်ဝင်းဖြာ။ ။ သုံးလောက ပန်ဆင်ရာ။ ဇေယျာခုံသီဟာနန်း။ မှန်ကြော့ညာလေလေ့။ ရှုတိုင်းငယ်ကြည်ဘွယ်သာ။ ။ စကြာတော်လျှင်ကြောင်း။ ဝတ်ရက်ကယ်ရွှေတန်ဆောင်နှင့်။ အောင်လွယ်ဆုတောင်း။ ။ ရင့်ညောင်းငယ် ရွှေပဋ္ဌင်လေ။ ဇေပြိမ့်ပြိမ့် စည်သံလွင်။ ကြည်လင်စုံဖူး။ တောင်ရွှေမြေမှူးငယ်က။ ။ ကျူးသီဖွဲ့သာတယ်ကို။ သည်မှာဝေယန်။ နှုန်းဆိုသင့်တန်လေလေ့။ တင့်ဆုံးငယ်ရွှေဗိမာန်။ ။

(သဖြန်)။ ။ လွမ်းစေခန့်ရန်။ ရစ်ဌာန်စီစီရုံနှင့်။ ဘယ်ရဂုံမှုံရန့်ငယ်လို့။ ဆည်တံ့နိုင်ရေး။ ။ သမုဒ်ကယ် ရံညာကွန်သည့်။ ဝင်းသဝဏ် ယဉ်ရေလှိုင်းငယ်မှာ။ တိမ်ဆိုင်းမြသွေး။

## ၁၁၁။ ။ မြဝတီမင်းကြီးရေးသော၊ မန္တလေးမြို့ဘွဲ့ပတ်ပျိုးကလေး။ (မဏိကဥ္စနာ)

*မဏိကဥ္စနာ။ သိင်္ဂါရွှေရည်သားလို့လေ။ ။ ပတ္တမြား မြဆိုင်။ တုပြိုင်ရွှေယပ်မားနှင့်လေး။ ။ သယံဇာငွေသား။ ထင်မှားဘွယ့်ရိုးရာ။ နဝဒဏ်ရောင်ညီး။ ရံထီးရစ်ဆိုင်ကာ။ ။ သီဟာပြန့်ပေါင်၊ ပြဟ္မာရေသွန်း၊ ရွှေခွန်းချိုပြိမ့်အောင်။ ။ ရဋ္ဌငယ်ပြည်ဘောင်။ ဘုန်းရောင်ငယ်ကွန့်မြူး။ ဝေယန်ပိုင် ဘန်လာကွန့်တယ်။ မင်းဝံညွှန့်ဦး။ ။ သလ္လာယုက်ကူး။ ဂင်္ဂါရစ်ရုံ။ †ကောဝိဠပုံ။ နစ်နန်းငွေလယုန်။ ရွှေဘုံခညောင်း။ ထီးဆောင်းမင်းပေါင်းဦးနိမ်ခါ။ ဘူမိန္ဒာ၊ သာတည့်သာ ရွှေကူ။ ။ ဆုယူ မွေဓာတ်ကယ်မီး။ ။ ယာမာလို စံမငြီး။ နန်းရွှေမြို့ကြီး။ ။ အို-ရံဆီးကာဖွဲ့နောင်။ ကြက်နန်း သာတဲ့တောင်။ ။

---

* မဏိကဥ္စနာ = ရွှေနှင့်မြ။ ။ မဏိ(ပါဠိ) = ကျောက်မျက်ရတနာ။ သို့မဟုတ် မြ။ ။ ကဥ္စနာ (ပါဠိ) = ရွှေ

† ကောဝိဠပုံ = ပင်လယ်ကသစ်ပင်တည်ရှိရာ။ သိကြားနတ်တို့၏ ဘုံဗိမာန်ကဲ့သို့။ ။ ကောဝိဠာရ (ပါဠိ) = ပင်လယ်ကသစ်ပင်။

(သဖြန်)။ ။ ကြည်းရေပြန့်သောင်။ ငွေသောင်နုခင်း။ ။ *ရှုလည်းမကုံနှင့်။ ဇေယျာဘုံ မြောက်ညာက။ မန္တလာ မှင်တိမ်ပြန့်ငယ်မှာ။ ပန်းရည်သန့်လင်း။

## ၁၁၂။ ။ ပြင်စည်မင်းသားရေးသော၊ ပုဂံထိပ်ထား ဘုန်းဘွဲ့ ပတ်ပျိုးကလေး (သိင်္ဂါရွှေရောင်)

သိင်္ဂါရွှေရောင်။ ထိန်ဝါဝေပြောင်။ နန်း-ဆောင်ဆောင်ခန်း။ မှန်ဘုံတွင်း။ ဝင်းဝေလျှံ။ ။ စံတည်ခါပွဲမှာလေ။ သဲငွေပြန့်။ သဲငွေပြန့်ဖိန်း။ ။ စိမ်းရောင်စို။ တောင်ညိုကမိုင်း။ သီတာခွေလို့။ ရေပတ်လည်ဝိုင်း။ ။ တိုင်းသာဘုံခန်း။ ဆန်းထွေလာ။ စိန်ကြောင်နီလာ ဖလ်ပြာခဲ။ သန္တာဆွဲတဲ့။ ပုလဲသွယ်။ လနယ် နေလိုဝင်းလို့ဆန်း။ ။ နတ်ကယ့်စံအိမ်။ တွေးဘွယ့်ချိန်။ ဝတိန်ဘုံစံ ဘုန်းရှင့်နန်း။ ။ သနားဘွယ်။ ရွှေလယ်သောင်းရံ။ သာလွန်ကျူးလို့။ ပျော်မြူးစံ- ပျော်မြူးစံ။ ။ ရွှေကံတိုးလို့။ ဖြိုးဝေဝေ။ သပြေကွန်ချာ ဘုန်းများမင်း။ ။ စုံလန်းငုံမြန်း။ ဒုမ္မာပန်း။ ဘုံကြာခန်းက။ နန်းကြော့သူ။ ပြာဖြူဝါရွှေ ဝင်းလို့ညီး။ ။ ထီးကျွန်တော်ခံ။ ရာစံရှင့်ဘုန်း။ တိုင်းရွှေမြေ သာလှ။ ညာကမိုး။ ။ ဒီပါသောင်းရံ-စံနန်းရိုး။ ဒီပါသောင်းရံ-စံနန်းရိုး။ ဒီပါသောင်းရံ-စံနန်းရိုး။

## ၁၁၃။ ။ ဘုန်းတော်ဘွဲ့-ပတ်ပျိုးကလေး။ (ရွှေဘုံစံရာ)

ရွှေဘုံစံရာ။ နန်းအောင်ချာ။ မြမန်းတောင်လက်ျာ။ ။ ပြောကျယ်စွာငယ်လေ။ နန္ဒာငယ်သာခန်း။ ငါးရွှေကြာဖြိုးဝေလို့လန်း။ ။ ပင်လယ်ငယ်ကာသန်း။ ပြည့်လျှမ်းသည့်ကြီးဝှန်။ ဆည်မြောင်းကြီးသွယ်ပြွန်။ ။ ပြည်မွန်သာစွ ဆုံးပေကို။ စံနှန်းဝတိန်လို။ ။ မပိုမရှိထူး။ ရွှေစည်တော်ရိုက်ဆော်ကျူး။ ။ ညွတ်နူးပန်ဆင်။ ခိုဝင်ရာဆောင်း။ ခွန်ချိန်တုပ် ဝပ်ညောင်း။ ။ သောင်းဒီပါ နယ်တဝိုက်က။ ချန်းရိုက်လို့တုန်။ ။ ရိုင်းသူပုန်။ ခိုလှုံစင်း။ ပြောင်ဆဒ္ဒန် ဝေဝေနှင့်။ ဘုန်းနေထိန်ထိန်ဝင်း။ ။ ရွှေပြည့်သူ ပျော်ခင်း။ ဘေးမဲ့ကွာရှင်း။ ။ တေဇာဂုဏ် လင်းပါတဲ့။ မင်းမင်း ဥသျှောင်။ ။ ရစ်သောင်းဒေဝီ။ ရွှေညီဝန်းတယ်။ ကျွန်းကြီးတန်ဆောင်။ ။ စိုးတည်ထောင်စံမြန်းတယ်။ ဗောဓိငုံပန်း။ ။ ပယ်ရန်ပေါင် မှောင်လွင့်တယ်။ ဘုန်းပွင့်ဝေလန်း။ ။

(သဖြန်)။ ။ နန်းလုံးတသိန်။ ဆွေနတ်-တောင်ညာနရိန်နှင့်။ မြတ်သွန္တိန်-စဉ်မပျက်အောင်။ စိုးဆက်စံမြန်း။

## ၁၁၄။ ။ ပတ်ပျိုးကလေး။ (မြဂန္ဓမာ)

မြဂန္ဓမာ။ ဟေဝန္တာ။ သေလာနန်း ပန်းစုံဆန်းတဲ့ နန်းသိင်္ဂါ။ ကြေိုင်စွာ။ ရွှေမာလာကသာ ကြိုင်နံ့လောင်း။ ။ မြ ဇမ္ဗူငွေ။ လွှန်းလေရွှေပန်းပေါင်း။ ။ ငြိမ့်ပြောင်းသာလှ ကျေးငယ်သာရကာ။ သံချိုလေးထင့် ကြွေးကြရာ။ ။ နွဲ့နံ့မှာ။ ဝဲကွန့်ခါခါ။ ပျံကာသန်းတယ်။ သိုက်နန်းပင်မြင့်မှာ။ ။ ကျူးကြော်ငြာ။ မြူးပျော်ကာ။ တွံ့သံတေယ်။ ငြိမ့်လေးသံစာစာငယ်ကိုလေ။ ဖေါ်ရေး၊ ခေါ်ကာ၊ မျှော်ရာပျော်ကာ။ သိုက်မှာနွဲ့လို့။ တွဲချီကါ။ နွဲ့လေယူရှာ။ စုံမြိုင်နန်းမှာ။ ကိုက်ပန်းရွှေဝတ်ညှာ။ ။ ပန်းမာလာကကြိုင်စွာမွှေး။ လေသွေးယူကာ။ ပျံ့မွှေးငယ်ကြိုင်စွာ ခိုင်ညှာ။ သာနွဲ့ကာပ။ သာရကာ ငှက်ကျေး။ ငြိမ့်လေးပ-ခေါ်ကြွေးသံသာ။ ။

(သဖြန်)။ ။ ထူးသလိုသာ။ ပန်းစုံစွာသိုက်ညှာနန်းငယ်က။ ဖေါ်မဲ့ရှာ ပျံကာသန်းပါလို့။ ရွှေနန်းပန်းကြာလယ်က။ ကျူးသွယ်သွယ်၊ မှူးမယ်တ,တယ်။ ခြူးသွယ်လျပန်း။

---

* ရှုလဲမကုံ =ကြည့်ရှု၍ မကုန်-မဝနိုင်ဆိုလိုသည်။ ။ မကုံ-(ပေါရာဏ)=မပြည့်စုံ။

## ၁၁၅။ ။ တပေါင်းလရာသီဘွဲ့- ပတ်ပျိုးကလေး။ (တပေါင်းဆန်းသည်နှင့်)

တပေါင်းဆန်းသည်နှင့်။ တသောင်းနန်းမယ်သူ့နတ်ကယ်မှာ။ နတ်ကယ်မှာ။ ။ လွမ်းလေစေ-ရွာစေဖြိုးတဲ့။ မိုယ်းတိမ်လွှာ။ ညှင်းညှံ့ညှံ့ သင်းပျံ့ပျံ့။ ဝတ်နံ့ငယ်ကြိုင်ဇ။ ကြွေးကျုံကျုံပင်တိုင်းငယ်သာ။ ။ သွင်းလေပြည် ပြန်ညောင်းဆော်လို့။ နင်းနေခြည် ညှာညောင်းရော်ကြုံ့။ စိမ်းကြည်လင်နှင့်။ ကန်မင်းရေမန္တာ ရင့်လေးငယ်သံသာကျူး။ ။ ငှက်ပေါင်းဘွေ့ရှာ။ ရွှေကြာလေငါးမည်။ မုံ့ဝတ်ကယ်ရွှေရည်လူး။ ။ ဝေယန်သည်မှာ။ နေဟန်တည်ရာ။ ချီးဘို့ကုန်ပါဘူး။ ။ မျှော်တိုင်းအထူးထူး။ အမွှန်ခွင်ဖလ်နေဦး။ ညွတ်နူးကြည်ဘွယ် ဘုံလေတည့်မှ။ ပျံကူးသိုက်ရွှေမြို။ ။ တူစုံလေ ပျော်မြူးနွဲ့။ ရေမှာလေလွန်ကြူးကဲ။ ။

(သဖြန်)။ ။ ရှုတိုင်းငယ်သာ။ သီလာရွှေဖွေနယ်က။ နစ်သွယ်ရေတံခွန်နှင့်။ စီးဝုန်မစဲ။ ။ ဖိုးခေါင်ရင့်ကြော်။ ငှက်တော်မောင်နံ့ဖိတို့။ ခံဖီးချို-ဟိုပင်ယံကငယ်။ ခွန်းသံနှင့်ချွဲ။

## ၁၁၆။ ။ ဇာတ်ဆရာမောင်ကျောက်ခဲရေးသော ပတ်ပျိုးကလေး။ (ရွှေရင်ဘောင် ငွေရင်ဘောင်)

ရွှေရင်ဘောင် ငွေရင်ဘောင်။ သဲခုံပြန့်ကျွန်းရွှေသောင်။ ။ ပျော်မြူးကြငှက်မယ်မောင်။ လည်ချင်းတွဲလို့။ သဲငွေသောင်။ ။ လွမ်းလွမ်းလို့ဆောင်။ ဖိုးခေါင်လေ။ ဇင်ယော်လေ။ ငှက်တော်မြစ်တွေး။ ။ ပူဘို့ဘန်။ သဲကန်ရေယဉ်မှောတဲ့လေ။ ။ ငှက်မောင်နံ။ လွမ်းရန် သည်ဝယ်ကြွေးလို့လေး။ ။ တဆွေးဆွေးငယ်နှင့်။ ပူရေးငဲ့ပြင်ကျယ်။ များတယ်ပ-ရှိကြုံအင်။ ။ သူမမြင်။ လွမ်းအင်ကြံဘွယ်ဆိုက်ပြန်တော့တယ်လေ။ ။ သိုက်နယ် သည်ကျွန်းမှာ။ လွမ်းဘော်နှင့်ဝေး။ ။

(သဖြန်)။ ။ ရေပင်လယ်၊ လောင်းငယ်ကုန်ခတ်လို့။ ကူးတတ်နိုင်သေး။ ။ အုံ့မှိုင်းလို့ရီ။ နဒီပင်လယ်ရိုးမှာ။ မိုးချုပ်ချည့်လေး။ ။

အို-ဖြေလဲမနေသာ။ ပူရေးဆင်ပြန်လာ။ ။ ကြံမသာ။ ရောကြော့ ဝဲငယ်မှာ။ မယ့်နဲ့ပူပုံကြွယ်။ အို-သည်ကြံရေးငယ်နယ်။ ဆွေးပါတယ်နော်သဲ။ လွမ်းသူငယ့်ပွဲ။ ။ ဖဲဘုံဇာပေါ်။ ချစ်သူ့ကိုယ်တော်။ မြင်တော်လာဘဲမို့။ သည့်မယ့်ဖြစ်နဲ။ လွမ်းတယ်ရွှေကိုယ်။ ဘုန်းကြော့မိုမို။ မယ်လိုပူဆွေးစ။ လေးမယ်နှင့်လေ။ ။ အိုကြည့်နယ်ဝေးသူတို့။ ဆွေးပူလိမ့်မယ်။ ကြံကာပမ်းပါဘိ။ နေနန်းညွှန့်နွယ်။ ။

(သဖြန်)။ ။ ကြို့လှဲပ,ခုနယ်။ သူ့မယ်နှင့်ဝေး။ ။ ရွှေလောင်းလှေငယ်နှင့်။ ရိုးပင်လယ် နဒီဝဲငယ်မှာ။ ဆုသဲကဆွေး။

## ၁၁၇။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ရဂုံမြိုင်ချာ)

ရဂုံမြိုင်ချာ။တောဟောမာ။ ငှက်ပေါင်းမြူးပျော်ကာ။ ။ ကျူးသံသာငယ်လေ။ လူးလာပျံဝဲ။ ရွှေတောင်ပံယှက်ပါလို့နွဲ့။ ။ တူစုံမကွဲ၊ ဘာလဲသိသခင်။ ရှိဦးပန်လျှောက်ချင်။ ။ ချစ်ခင် ချစ်ခင်ပါစ ဘုန်းမိုမို။ မြန်နန်းဆောင်ရိပ်ခို။ ။ မချိုလေ-ဘာပြုခါး။ ရွှေကိုယ်မုန်းလို့လား။ ။ ပန်းပြားရွှေကြူ။ လေယူရာယိမ်း။ မကြင်ဘယ်တွက်စိမ်း။ ဖိန်းမှန်စီဆောင်ယွန်း။ လွမ်းငိုမိမှိုင်။ ။ မကြံပါနိုင်တကိုယ်လုံး။ မင်းလွင်ငယ်တဝေဝေနှင့်။ လေပြေတဖြိုးဖြိုး။ ။ ကြံရတယ်ကိုယ်လုံး။ ပျောင်းခွေလို့နုံး။ ။ ဘက်တွက်ကြောင့်မုန်းလေသီ။ ဘုန်းဘုန်းများနောင်။ ။ ဂနိုင်ဟောဝန်သာစခန်းမှာ။ ပမ်းဖြေရအောင်။ ။ ဖိုးခေါင်ဆို ရွှေငှက်ကယ်။ ကျူးကြော်ချက်ဆန်း။ ။ *ဟေဝန်လယ် မြိုင်သာလမ်းမှာ။ ညှင်းလေကဖျန်း။ ။

---

* အချို့က ။ (စုံရဂုံမြိုင်သာနန်းမှာ) ဟုဆိုကြသည်။

(သဖြန်)။ ။ [*]တမ်းခေါ်မိယောင်။ မြောက်တောင်ကတွေး။ ။ ဘယ်ဝဋ္ဋ ကြမ္မာကံမှုသည့်။ စံမြဲသူ ဆောင်ရွှေရေးမှာ။ လွမ်းဝှန်နှင့်ဆွေး။

## ၁၁၈။ ။ ပုဂံမင်းလက်ထက်၊ မင်းကြီးကတော်ရေးသော ကျေးစေ-ပတ်ပျိုးကလေး။ (သန်းရုံခြွေ)

သန်းရုံခြွေ။ ရွှေကြော့ဝန်း။ ။ စမွယ်အုံးငယ်မှာ။ မပြယ်ဆုံးသာပ။ ဘယ်ဘုန်းငယ် မိန့်ခွန်း။ ။ မိုယ်းစည်ရင့်သာ။ ကိုးဖြာကရွမ်း။ ။မျှော်လဲကျွမ်းသည်နှင့်။ တန္ဓမ်းငယ်ခွေခွေ။ သဇင်ခက်ကယ်နယ်။ မဆင်ရက်နိုင်နှင့်။ ဘွင်သက်ကယ် ဆည်နိုင်စေ။ ။ မြနန်း [†]သိန်ရုဗွေ။ တိမ်ခြေယှက်ဆိုင်း။ မှိုင်းရင့်ရင့်။ သိုင်းဝင့်ဝင့်။ နှိုင်းချင့်စာဘဲ။ သံနွဲ့မချိုးတောင်း။ ရွာလှာပြန်-သန်မိုယ်းနှောင်း။ ဘန်တော်မှု-ပူဆွေးကြောင်း။ ။ နင်းတပြောင်းပြောင်း ဖြန့်သွန်းလောင်း။ ဝါကျွမ်းရွက်ပေါင်း။ ဖူးပွင့်ညောင်း။ ။ ရွှေဖီခိုင်နှောင်း။ နယ်ကပူအင်။ သည်သည်ရွှေသဲငယ်မှာ။ ကြည်ကြည်ကြေကွဲပေပ။ ဖြေလဲ အိုခုတိုင်ပင်။ ။ သံလွင်သီဖွဲ့။ ချီတဲ့နတ်မောင်။ လျှပ်ရောင်ငယ်ဟန်ပြ။ ကြံရေး၊ ဉာဏ်ပေးလေဘိသော်မှ။ ။ နှမ်းလျတွေးတော။ စောသူ့ကေသွယ်။ ဇင်ငုံမုလေးငယ်မှာ။ ထင်ပုံမဇနိုင်နှင့်။ မြင်ရုံနဲ့ဝေး။ လေသွေးရာကြိုင်လွင့်ပြယ်။ ။

(သဖြန်)။ ။ မွှေးမှုံကြော့လယ်။ နှောင်းရွယ်ဆင်တော်ပိုင်မဲ့။ မြခိုင်ဘယ်ကေသီလို့။ ရွှေညီပုလဲ။ ။ မှာရွှေခွန်း။ သာညွှန်းငယ်တင်ချေနော်။ ဗွေမော်တိမ်ညွှန့်မေယိန်ဘုန်းဝယ်မှာ။ ငွေမှုံဆွတ်ဖွဲ့။

## ၁၁၉။ ။ မောင်မောင်ဘေရေးသော၊ မုန်ရဝေအလိုက် ဘုန်းဘွဲ့-ပတ်ပျိုးကလေး။ (ပြောင်တသိန်)

ပြောင်တသိန်၊ ရောင်ရှိန်ဝေစည်မြူးလို့လေ။ နဝရတ်စုံ။ ပြတ်ခြုံသည်လီ ဦးမှာတဲ့လေး။ ။ ခြူးကြာချယ်လယ်။ ထူးစွာသွယ်သွယ်။ [‡]ဝိသုကံ-ဘန်ပြုတယ်။ စန်းကန္တ ဘုံရိပ်နယ်။ ။ မျိုးတည့်မျိုးနေနွယ်။ ။ အို-ဖြိုးတည့်ဖြိုးဝေကြွယ်။ ။ ရံရွှေလယ် ဆောင်မြင့်ကွန်း။ ။ ရေသီတာ အောင်ပန်းငယ်သွန်း။ ။ ဇမ္ဗူတောင်ကျွန်း။ ဘုန်းနေသို့ထွန်း။ ။ ပျံ့ရွှန်းကြေညာ။ မေဃာပဇ္ဇုန် ချုန်းသည်သို့လေ။ ရောင်ဝှန်းတေဇာ။ ဒီပါသပြေကြုံးမည်မို့လေး။ ။ ပတ်ကုံးမြေပြင်-သိမ့်ဟီးလို့။ ကြီးဂုဏ်အင်လေး။ ကွန့်လှိုင်း-တော်ပွဲတင်။

## ၁၂၀။ ။ မောင်မောင်ဘေရေးသော၊ သေနင်္ဂမည်အလိုက် မိုယ်းဘွဲ့-ပတ်ပျိုးကလေး။ (ဝသန်ရာသီ)

ဝသန်ရာသီ။ပြာရီရှစ်ခွင်မဲလို့လေ။ ။ ခိုးလွင်မြူခြေ။ ပန်းငွေဇာမှုံကြဲသို့လေး။ ။ ခွါညိုရောင်တွဲပြန်ပြီ။ ထွေထွေတိမ်ခဲ ကွန့်ကွန့်ချွေ။ ။ သိင်္ဂီရောင်ရွှေ။ သပြေသွေးလိုနှင့်။ ထွေးယှက်လို့ဝေ။ ။ နန်းသူဗျာပွေအောင်။ တိမ်တဲ့ တိမ်ရုပ်ဆောင်။ ပန်းဝါဘောင်လဲ့လဲ့သန်း။ ပြာပြာချိတ်ပန်းသက်တန့်သွင်။ သာခွာမကာရ်း တိမ်ကွန့်ဆင်။ ။ ရေးရွှေမင်။ စိန်တုရင်စွန်းလိုနှင့်။ လွမ်းထပ်ထပ်တွင်။ ။ ကွန်းကြာရိပ်သည်။ ဆွေးအင်ကကဲ။ စွဲတောက်ပွေအင်။ ဖြေမရှင်ပုံ။ တိမ်စုံမူရာ။ ထူးတဲ့ရာသီ။ ။ တမေးမကြည်။ ဆောင်ကတီထဲမှာလ။ ဝဲငွေမျက်ရည်။ ။

(သဖြန်)။ ။ တိုး-ခိုခ,ယောင်။ ဘယ်ကြမ္မာ ကံနှောင်သည့်။ မြူရောင်မအေး။ ။ တပူပူ။ နေနတ်ခုနစ်ဆူသို့။ စံမြဲသူ-ဆောင်တော်ကွန်းငယ်မှာ။ လွမ်းဝှန်နှင့်ဆွေး။

---

[*] အချို့မူ၌၊ ဤသံထောက်ကို။ "တိုးခိုမိတွက်သာ။ ဘယ်ကြမ္မာဘန်လေလဲသိ။ မြိုင်ထဲမှာ သေအောင်ပူရော့။ ဖေါ်မဲ့သူ ဆောင်ရွှေရေးကို။ လွမ်းဝှန်နှင့်ဆွေး"။ ။ ဟူ၍ ဆိုကြသည်။

[†] သိန်ရုဗွေ=မြင်းမိုရ်တောင်အလယ်မှ။ ။ သိန်ရု = သိနေရု(ပါဠိ) = မြင်းမိုရ်တောင်။

[‡] ဝိသုကံ = ဝိသုကမ္မ (ပါဠိ) = ဝိသကြုံနတ်သား။

## ၁၂၁။ ။ မောင်မောင်ဘေရေးသော- စိန်ငွေလျှံအလိုက် တောဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်ဟောဝန်)

မြိုင်ဟောဝန်၊ စွေသွန်လေရေစမ်းဆင်း။ ။ ပျံ့သင်းငယ်တည့်မာလာ။ စုံလေလေ့စုံဂန္ဓာ။ ။ လက်ျာရစ်ခွေ။ ဖြူဝါနီဆန်းပါတဲ့။ ထုံပန်းငယ်ဝေ။ ။လေပြေသုတ်သွင်း။ သာသန့်ရှင်း။ ။ အိုင်မင်းငယ်တည့်မန္ဒာ။ တ,ဆွေးအောင်။ မြေသွေးလေကြည်လင်စွာ။ ။ သည်းညှာကချမ်း။ ဖိုလွမ်းချက်ဖြာဖြာ ထွေထွေ။ သဲဝါလုမြေ။ ။ တောင်ပတ်လည်။ မြရည်ခင်တန်းမှာ။ စန်းကျောက်စက်တွင်း။ ။ ညိုပြာလဲ့ဝင်း။ ရှုရင်းပင်။ စိတ်မှာလင်း။ ။ မှုံဝေမြိုင်နှင်း။ ဝေဖြာဖြာ၊ မြေဇာပင်မြက်မှာသင်း။ ။ ဖေါ်ကင်းကွာမှာ သူလေတည့်မှ။ မြော်ရင်းဗျာပါဆူ။ ။

(သဖြန်)။ ။ ကုန်းဆွယ်မြင့်ငူ။ ပတော်ဖြူ သမင်စာနှင့်။ မြက်ဝါလဲ့သွေး။ ။ ကွန့်ကွန့်ငယ်လွင်။ ဒေါင်းလည်ဆံ-ပမာသွင်သို့။ မဟာဝင် စာတင်ညွှန်းပါတဲ့။ မောရိယာ ဆိုတဲ့ကျွန်းလို။ လွမ်းဘွဲ့မြိုင်ကျေး။

## ၁၂၂။ ။ မြမြမောင်းမောင်းအလိုက် ဆောင်းဘွဲ့-ပတ်ပျိုးကလေး။ (လဲ့လဲ့ငယ်လေ သင်းသင်း)

**မောင်မောင်ဘေရေးသော၊ မြမြမောင်းမောင်းအလိုက် ဆောင်းဘွဲ့-ပတ်ပျိုးကလေး။**

လဲ့လဲ့ငယ်လေသင်းသင်း။ သည်ဟေမာန်-ဝေလျှံမြူခိုးသွင်း။ ။ ခိုက်ခိုက်တုန်၊ ပိုက်ခြုံဖေါ်ကွင်း။ ဆော်သွင်းလေပြန်။ အေးစေဘို့ဘန်သလေလေ့။ ကိုယ်ထီးငယ်ကြုံ-ကြုံတဲ့ကံ။ ပဟိုရ်စည်သံ။ ညံ့ညံ့ရိုက်ဆော်ကြွေး။ ။ ပျော်နိုင်ပေါင်စက်မေး။ ရွှေညည့်ရှုံထွေးလှဲ့ပ။ ယေဉ်ယဉ်။ ယိုလေးငယ်ဆင်။ ကြူးရင့်သံလွင်လွင်။ လေးခင်ခင် မေတပါး။ ဘက်ခါနော်၊ စက်တော်ပျော်လွယ်အောင်။ ခြူးသဉ်ညောင်-ကေခေါင်ဖျား။ ရွှေကြောင်ဘား။ ဝါးလိမ့်မယ်လေလေ့။ မေထားခုသိပ်-သိပ်လှဲ့ကွယ်။ ။ မကြုံလေ။ စတောင်းလေ။ သည်ဆောင်းလေ ရာသီ။ တာရှည်-တာရှည်လေဘွယ် ကွန်းလယ်ကြာရိပ်နန်း။ ။ လေးခင်ရှုလှဲ့စမ်း။ ပွေ-ပွေပုံပမ်းပါလို့လွမ်းမပြေ။ ။ အုံးကြော့ဇာဘွေ။ ယောက်ထည်း ကြင်တဲ့ဆွေ။ လှသက်ဝေ ရွှေကြော့မှူး။ နန်းသူမှာ စံတူခပ်ပိုင်ပိုင်။ အုံးယှဉ်ပြိုင် စံစို့ဘုန်း။ ချိုချိုပြုံး မယ်နှင့်မောင်လေလေ့။ တူပွေ့ကာ၊ ကိုယ်-ကိုယ်ငွေ့ဆောင်။ ။ အို-ခြူးညောင်ကြာခြည်တွင်း။ ကြင်ဘော်ဆွေနှင့်ကင်း။

## ၁၂၃။ ။ မောင်မောင်ဘေရေးသော-ချစ်သမျှကိုအလိုက် သစ္စာထား-ပတ်ပျိုးကလေး။ (လွှဲမပစ်နိုင်)

လွှဲမပစ်နိုင်။ ဆုံးတိုင်အခြေကျပါဘဲ့ (တဲ့)လေ။ ။ ကျွတ်တမ်းမပါ။ သံသာရှည်သမျှ သာပလေး။ ။ အို-ဘုံဘဝတွင်ဖြင့်ဘော။ ကြုံသမျှတွေ့ပါစေ။ ။ သိန်းသချေ်။ ကုဋေရှင်တော်ပေါင်းမှာတဲ့လေ။ ။ တူနှစ်ကိုယ်၊ လုစ်ဆို ခွင့်တော်တောင်းပါလို့လေး။ ။ သေလာစောင်းအောင်ပ။ နွဲ့နှောင်းက ကြုံရွယ်။ လေးနန္ဒချစ်တဲ့မယ်။ ။ မှန်တကယ်။ နံ့ချယ်သစ္စာထား။ ။ ဇာနစကား။ ပျက်မထား။ ကျိန်ရေတူသုံးစို့ဖျား။ ။ တရားလက်ကိုင်စွဲ။ ခေမာတည့်တိုင်အောင်ခဲ။ ။ တန့်မြော်၊ ကံ့ကော်၊ မေတ္တာမြတ်ရှင်ကျော်။ ။ တူနှစ်ဘော် မောင်မယ်။ ရည်ရွယ်ခါမှန်းဆင်။ ကျွတ်တမ်း ဝင်ခါနွဲ။ ။ ချစ်နံ့ငယ်မပြေ။ အောင်မြေ*သီဝံ။ ကွန့်လှမ်းရန်။ လျှင်မလွဲ။ ။ အမြဲစေနာ ထုံလေတည့်မှ။ သဟဲဆွေညာစုံ။

## ၁၂၄။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ကျူးသီဖွဲ့ဝန်း)

ကျူးသီဖွဲ့ဝန်း။ ညွှန်းကြွေတော့ဟန်။ မြင်တင်ငယ်သိုက်နန်း။ မြမန်းနယ်ကသာဘန်။ ။ သြော်-ကျွမ်းကြွေလု ညွှန်းစေရန်။ ။ ရှစ်တန်ပီပီ။ မညီငယ်တို့သေး။ ဗွေသီဟာ။ ရွှေညီလာ။ ။ လေးမယ့်စံရာ။ နတ်မှာဘယ်မှုရေးငယ်နှင့်လေ။ ။

---

* သီဝံ = မြေသောနိဗ္ဗာန်ရွှေပြည်မြတ်။

ဉာဏ်ကူတော်နေးပါလို့။ မတွေးတို့တတ်နိုင်အောင်။ တင်ပြန်ငယ် မိမှား။ ဘန်များဆိုမိယောင်။ ။ လွမ်းရစ်ကယ် နောင်သလေ။ သဲခေါင်မှာ။ ကြွေလုလု။ ရှင်းရန်ကိုဘန်လှဲ့ပခု။ ။ တောင်ရွှေမြေ-မေရု။ [*]ဝေဠုရောင်စို။ မတင်းသည့် မြကျောက်ညို။ ။ သင်းသင်းငယ်ဝေမို။ ညှင်းညှင်းငယ်လေချို။ ဆယ်လှော်စံ။ နန်းလယ်ရိပ်ခို။ ။ ဆွေးသူမှာ ဆွေးစေတော့။ ကြွေးရင့်ငယ် ကြော်။ ဘယ်မှာတော် ဘယ်မို့ထင့်လေ။ ။ သိုက်မြိုင်ငယ် ပျော်ရေး။ ငှက်မယ်မောင် ညာကြေမြင့်ငယ်မှာ။ ပြာခြေဆင့်။ ရွာချွေချင့် စောသည်နှင့်။ ကြုံမောသူ့ ညွတ်ပြိုဘွယ်။

## ၁၂၅။ ။ မှန်ရဝေအလိုက် တောတောင်ဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်ရဂုံ)

### အခွန်တော်စာရေးကြီး-ဦးဘေရေးသော၊ မှန်ရဝေအလိုက် တောတောင်ဘွဲ့ ပတ်ပျိုးကလေး။

မြိုင်ရဂုံ၊ လှိုင်ထုံစွာကြိုင်စွာသင်းလို့လေ။ ။ ငှက်ပေါင်းစုံ။ မြူးခုန်ဘာသာချင်းမို့လေး။ ။ ညှင်းချွေသံသာ။ ခင်းမြေလျှံမှာ။ ကူးပျံကာစံတင့်တယ်။ ပင်ယံမြင့် ဘွေလယ်မှာ။ ။ ကျွမ်းတဲ့မှ ကျွမ်းအောင်သာ။ လွမ်းတဲ့လွမ်းအောင်ဖြာ။ ။ နန်းမော်ညာ စံခန်းဦး။ ။ ရမ်းရော်ခါ-မျှော်ဆနိုင်ဘူး။ ။ ကြုံလာတယ်ကိုယ်ထူး။ ဘုန်းခွေလို့မူး။ ။ ကြူးပြန်တော့ဟန်။ ဘန်ညွှန်မြင် လာစမ်းပါလှဲ့လေ။ ။ တောင်စွယ်ပုနယ်။ ဖျာကြွယ်သွယ်သွယ်ပွားသည်နှင့်လေး။ ။ စုံကျေးဂန္ဓာ။ ထုံဇလို့မွှေးကြိုင်စွာလေ။ သုံညှင်းသွင်းလေလာ။ ။

(သဖြန်)။ ။ သူမပါ။ ပူဇျာပါ အိုဘသူ့ငယ်မို့။ ပိုမူဝန်လေး။ ။ ညွှန်းရွှေရုပ်ကယ်။ ကြော့မူး ညာမယ်ကြောင့်။ စုံတနယ်-ဂနိုင်ကွေ့ငယ်မှာ။ မှိုင်မေ့လို့ငေး။

## ၁၂၆။ ။ ဝိဇယာကာရီ ပတ်ပျိုးကလေး။ (ညဥ့်ဆည်းလွန်)

### အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်ရေးသော ဝိဇယာကာရီ ပတ်ပျိုးကလေး။

[†]ညဥ့်ဆည်းလွန်။ မော်စွန်ဘုံကြာဦးမှာတဲ့လေ။ ။ သုံးရွှေလျော်။ တင်တော်သံချို ကျူးလို့လေး။ ။ မူးချိန်ပြည့်မှန်။ မျက်ပုံကြော့ဆုံး။ နစ်ဘုန်းသက်လယ်။ ကြင်လိပ်ပြာနှံဆင်လွယ်။ ကွန်းဇွေမော့သဏ္ဍာလယ်။ ။ ရေးရွှေရုပ်ကယ်။ ရှစ်စုံချယ်တဲ့။ နတ်နွယ်ဘွား။ ပျော်များပျော်တော်အောင်။ နင်းထုံတဲ့ဘုံကြာညောင်။ ။ ရွှေသဲညွတ်အောင်။ [‡]ကောင်ယံ လေပြေဖြူးလို့လေ။ ။ ကြင်လတ်ခွာညို။ ပြာသိုခါတော်ဦးမို့လေး။ ။ ကြည်နူးဘွယ့် ကြက်ကယ်ညံ့ညီ။ တီးငွေမောင်းနှင့်။ ပြောင်းနာရီ။ ။ ပန်းလွှာလှဲ့မှီ။ ကတီပါခြုံစေါင်ထွေးပါလို့။ လုံအောင်-ဘုန်းမေါင်မေါင်။ မုန်းအောင်ဉာဏ်သုံး။ လွှဲသွေလို့ရုံး။ ။ ကြော့ဆုံးသက်လှယ်။ ရုက်တယ်ဆိုသံသာနှင့်လေ။ ။ ပင်နန်းမြင့်သူ။ ငယ်မူငိုမာန်ပွားလို့လေး။ ။ နရားခြုံတဲ့ပန်းထုံလယ်။ စကားကုန်တဲ့ ညွှန်းပြန်မယ်။ ။

(သဖြန်)။ ။ သွေမဖယ်။ သက်ကယ်တဲ့ ရာလုံး။ ။ လှုတပါးကိုဖြင့်။ နတ်လား မောင်မောင်ထင်လို့။ ကြင်ပါမယ် သည်ဘဝတွင်။ ရိုးမြေကျဆုံး။

---

[*] ဝေဠု = ဝေဠုရိယ မည်သော ဝါးစိမ်းအဆင်းရှိသော ပတ္တမြားမြကျောက်။

[†] ညဥ့်ဆည်းလွန် = ညဥ့်ဆည်းဆာလွန်ပြီးသော သန်းကောင်ယံအချိန်

[‡] ကောင်ယံ = သန်းကောင်ယံအချိန်။

## ၁၂၇။ ။ အိမ်ရှေ့ထိပ်ထား လိုင်ထိပ်ခေါင်တင်ရေးသော၊ မျှော်တော်ယောင်- ပတ်ပျိုးကလေး။ (မိန်ရက်ဘန်)

မိန်ရက်ဘန်၊ ခါမှန် တာတော်ကူးမို့လေ။ ။ လွမ်းဘို့စုံ။ ယမုန်ငွေသောင်ဦးမှာတဲ့လေး။ ။ ကြည်နူးစေဘွဲ့။ မြရေအဏ္ဏဝါ။ လှိုင်းဘွေပြန့်ညာလေလေ့။ တ,ရက်ကယ်ဘော်ဘော်ခေါ်ရှာ။ ။ ချစ်ရေးစုံစွာ။ ဟသ်ာသံလေး။ ကြော်ငြာရွှေရွှေမြစ်တွေး။ ။ ကြင်သက်လျာဝေးသူမို့။ ဆွေးပိုခဲ့ပြီ။ ။ အို-ကြင်သက်လျာဝေးသူမို့၊ ဆွေးပိုခဲ့ပြီ။ ။ စခန်းဌာနီ။ ဘယ်-ဘယ်ဆီမှန်းကိုလေး။ ရမ်းရော်သိပြီ။ ။ မျှော်-မျှော်တော်ရေးငယ်နှင့်။ ဆွေးရှာလိမ့်မည်။ ဘုံကွန်းဘွေသဉ်လီက။ သာ-သာကီဖျား။ ဖြူရှစ်ဆိုင်ဘွားငယ်လို့။ ခေါ်များခေါ်ယောင်။ လေးတော့်နတ်သွင်။ ရွှေသဇင် ခက်ကယ်လေး။ မှားသက်ပင့်ယောင်။ ။ စံကွန်း ဗွေညောင်။ ကိုယ်တော်ထဲ။ သဲကြွေလောင်၊ ငေးယောင်တွေးယောင်။ ဘယ်ခါသော်များငယ်မှ။ လှဖျားဒေဝီ။ နီးရမည်။ ။

(သဖြန်)။ ။ ရွှေနန်းသူ့ကေသီ။ ။ နောင့်ပါး တူမကွာပ။ မျက်နှာကို မြင်လာလှချည်ငဲ့။ စန်းလှယုန်ရည်။ ။ မပြေ-မပြေနဲကိုတဲ့။ တပြေ-တမေသဲငယ်တို့။ ဘွင်သဲထိ ဆွတ်ကြည်။ ရွှေရည်နှင့်မြသား။ ။ ပုံမကွဲပါဘု။ သည်နဲ မောင်ကြင်ပမယ်။ ညာကြီးရင်-ခင်တဘုန်းကိုဖြင့်။ သက်ဆုံးတိုင် ပိုင်အမြဲသာပ။ စွဲတဲ့စိတ်ထား။

## ၁၂၈။ ။ အိမ်ရှေ့ထိပ်ထား လိုင်ထိပ်ခေါင်တင်ရေးသော၊ မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (ငွိုက္ကိုမာ)

*ငွိုက္ကိုမာ-သံဝါစည်ဆော်နှိုးလို့လေ။ ။ ကျူးရင့်လွင် ပဠင်ရွှေတံပိုးနှင့်လေး။ ။ မိုးဣန္ဒ နတ်ဒေဝါမောင်။ ဆွေးပူဘို့အောင်လေလေ့။ ရှစ်တိုင်း ဝေရီမှောင်။ ။ ရှာယောင်ယောင် ဟန်ပြဆန်း။ သဲဘွင် ကြွေလုပန်း။ မိလ်-မိလ္လာသန်းပါလို့။ ဇော်ရမ်းနရွှေ။ နတ်ပန်းချီစုံ။ ရုပ်ရုပ်ပုံဆေးငယ်လေး။ ရေးဟန်ကပွေ။ ။ သွန်းဆင့်ဆော်ချွေ။ မြောက်လေပြန်ကာသွင်းလို့လေ။ ။ ဘော်ဝေးသည့်နယ်။ လွမ်းဘွယ်ကြုံတော်ချင်းခုလေး။ ။

(သဖြန်)။ ။ နင်းသက်လို့မလှယ်။ ။ မြူခိုးစီစီနှင့်။ မိန်ရာသီခါတော်ဦးမှာ။ ထူးပေ့တကယ်။ ။ မိုယ်းညို-လေချူခ,လို့။ ဖမြမြ သဲဝယ်။ ဘယ့်နယ်သိလေမှန်း။ ။ ကိုယ်တော်ထဲငယ်မို့။ ကြေကွဲအောင် မဘန်ပါနှင့်။ အမ္ဗုန္ဒာ ဒေဝရငယ်။ လွမ်းစတခန်း။

## ၁၂၉။ ။ မြဝတီမင်းကြီးဆက်သွင်းသော၊ မီးခွက်ကချင်း ပတ်ပျိုးကလေး။ (ဘုန်းရောင်ရှိန် ထိန်ညီး)

ဘုန်းရောင်ရှိန် ထိန်ညီး။ စကြာတော်ထံနီး။ ရည်ရွယ်ခါ လိုရာပြီး။ ။ လှူကြီးခါသင့်ရန်။ ရွှေကျောင်းရွှေဗိမာန်။ ။ ဆယ်ရပ်ဌာန် ကြော်ချီးကြွေး။ †ဘုံသဟံ စံနိုင်းသွေး။ ။ တိမ်တောင်-ဝေမှောင်ပယ်ခွာ။ မန္တလေးညွှန့်-အောင်မြေဖေယျာ။ ယဉ်ထွေးတောင်ရံကာ။ ။ ယှက်ရုံဖြာ သာကျူး၏။ ကြိုင်မွှေးဂန္ဓာ။ အင်ကြင်းမာလာ။ ဂမုန်းအင်၊ ဂေါ်ဇင်မင်းနှင့်လေ။ ။ မြိုင်ခွင်လုံး။ ကြည်မောစွာ။ နန်းလဲ့လဲ့ဆန်းသော်တာ။ ။ ထုံးနှုန်းသိဂ်ံ။ ဖယောင်းတိုင်နှင့်သာ။ ရှိဦးမယ် တင်ဆင်ကာ။ ။ သောင်းဒီပါ ကြော်သဲ။ ပြောင်ဆဒ္ဒန် မုန်ဝှန်-ပုလဲ။ ။ မင်းပွဲရွှေညီလာ။ ကြွေးရင့်ရင့် ရွှေတံမြွာ။ ။ သခ်ါဆော်နှိုး။ ရွှေစည်မှုရိုးငယ်နှင့်။ မိုးယံမြင့်ရာငယ်လေ။ မြတ်မွန်ရတနာ။ ကျောင်း-ဘုံဝိဟာလေလေ့။ ကွန့်လှိုင်းငယ်ထိန်ထိန်ဖြာ။ ။

(သဖြန်)။ ။ ဖြူဝန်းရိပ်ညာ။ ‡ဘမရာ ဖွေပလ္လင်နှင့်။ ဘုံဥကင် ရွှေဝေယန်က၊ နတ်ဌာန်တန္ဒန်း။ ။ ယုန်ငွေဝန်း။ တင့်ရွှန်းကြယ်ညီလာနှင့်။ စကြာတော် ခါချိန်သင့်ငယ်လေး။ နောင်ပွင့်မည့်ဘုန်း။

---

[*] ငွိုက္ကိုမာ (ပါဠိ) = ရှေးအခါက၊ ထက်စည်ဟုခေါ်သော စည်တမျိုး။

[†] ဘုံသဟံ = သဟမ္ပတိဗြဟ္မာမင်းစံနေရာ ဗြဟ္မာဘုံ

[‡] ဘမရာ ဖွေပလ္လင် = ပိတုန်းခံသော ဘမရာသနပလ္လင်။

## ၁၃၀။ ။ မွန္တလေးမြို့တော်ဘွဲ့ ပတ်ပျိုးကလေး။ (ပြယားငယ်တည့် ဝင်းသဝဏ်)

### ပြင်စည်မင်းသားရေးသော၊ မွန္တလေးမြို့တော်ဘွဲ့ ပတ်ပျိုးကလေး။

ပြယားငယ်တည့် ဝင်းသဝဏ်။ ။ မြသား သီလာတောင်စွန်ရင်း။ ကန်မွန်မင်း။ ကြည်ဘွယ်ခင်းငယ်မို့။ နတ်မင်းဘယ်ဝေယန်ပျော်။ ဘုန်းသူ့ဘန်တော်။ ။ သွင်းလေဆော်။ စုံမော်ယံကြော့ဦးငယ်ကို။ တောင်ဖဟိုရ် တောင်မန်း။ ညွှန်းရွှေသိုက်နန်း။ ။ ပတ်သန်းယှက်ဖြာ။ မန္တာရေဆိုင် ဖွေးသည်နှင့်လေ။ ။ *ဂဠုန်ကြွက်ဆင်။ မည်တွင်ကန်မွန်-ရေးငယ်ကလေး။ ။ မွှေးတဲ့မွှေးကြိုင်စွာ။ ရွှေကြာတော၊ စောမယ်မောင်း။ မြတောင်ဇာ၊ ဘမရာရောင်ရှုံး။ သိင်္ဂါနွန်း။ ရွှေရည်ဖုံး။ ။ သုံးဘော်ခ,ညီလာရွှေရုံ။ ရှစ်သောင်းငယ်ခြံ။ ကြေညီငြိမ့် ရွှေပြည်သာဟန်။ မြနန်းဘုံပျံ။ နတ်ဝိသုကံ။ ဘန်တော်မူဘိလားခုလေ။ စကြာတည်တည်။ ဆိုက်မည် ရောက်ဆောဆောငယ်နှင့်လေး။ ။ အို-မျှော်မောမြင်သည့်ချိန်။ ရာမင်းမင့် ဇကရိန်။ ။

(သဖြန်)။ ။ စိုးရဒေဝိန်။ မော်ဝတိန်-သီလာယံညွှန့်။ ခြောက်ဌာန် ရွှေဘုံနယ်သို့။ သည်ဝယ်မခြား။ ။ သောင်းမြန့်ကျွန်းမြေ။ ထီးရာနေ-နန်းစံတို့။ စုံဆယ်ဘံ။ ကြာမုံလက်ကယ်ကို။ ဆက်ရွက်ရှိထား။

## ၁၃၁။ ။ ပြည်မင်းရေးသော၊ မိုယ်းဘွဲ့ပတ်ပျိုးကလေး။ (အို-ကမ်းလေရေယမုန်)

အို-ကမ်းလေရေယမုန်။ ။ ကြုံလာနဲ့ပ၊ သဲရွှေဘွင်။ ။ ဘယ်ဘန်ဆင်သိ။ ရှစ်ခွင်ပျိုး။ ။မြနိုးငယ်ဝေရီ။ ကိုးရပ်ပြည့်ချီ။ ။ လှမ်းမမှီ၊ ဒေဝီညာမြန်း။ ပူဘို့ဘန်စေ။ ။ နတ်နန်းဘုံရွှေမြေက။ သွန်းလာစေ-လေပါမိုယ်းငယ်။ ဘယ်ငြိုးသည့်မှန်း။ ။ တောင်ကမ်းငယ် ပြိုမလိုလို။ မင်ခိုးကညို။ မယ်တကိုယ်။ လိုက်ဖိုအောင် သည်ရေဝဲ။ သဲညွှတ်ပို။ ။ ဘန်လာတယ် လေပြင်း။ ဆွေးကြုံရခင်း။ ။ မင်းလွင်မြူမှောင်။ တောနှင့်တောင်။ လျှပ်ရောင်ပြက်ခါ သမ်းတယ်ကို။ ။ ပြေပြေလို။ တကိုယ်မယ့်ဝယ် ပမ်းတော့တယ်။ ။ တိမ်နယ်မြသွင်။ မြူမင်းငယ်လွင်။ သံဝါတင်မောင်းသည်နှင့်။ ။ ရိုက်ညောင်းထပ်ဆင်။ ။ ရွှေပဋ္ဌင်။ ကျူးရင့်ကာဘန်တော်လဲ။ ဆွေးကြုံရခဲ။ ။

(သဖြန်)။ ။ မယ့်သဲခုလိုက်ဖို။ ငိုမယ်ပခင်း။ ။ ရေလှိုင်းပြည့်ဝှန်နှင့်။ ပူညွှန်စေ ဒေဝါမိုယ်းငယ်ကို။ ငြိုးမာန်ဖွဲ့သွင်း။

## ၁၃၂။ ။ မြဝတီမင်းကြီးရေးသော၊ တောဘွဲ့ပတ်ပျိုးကလေး။ (စုံနယ်သာစွ)

စုံနယ်သာစွ။ မှုံကြွယ်ညှာမြ။ ပင်လှငယ်ရွယ်ညီ။ မျှော်လေရာကြိုင်လှိုင်လန်းသည်နှင့်။ စံခန်းဘယ်ဆီသို့ငယ်။ တွေးတို့တတ်ပြီ။ ။ တိမ်သိင်္ဂီ။ နေရီငယ်ဆည်းဆာ။ တောင်သနင်း။ ကြည်ဆင်းငယ်လေ၊ ယဉ်ရေသွယ်ဖြာ။ ဂမုန်းအင်နှင့် ဂေါ်ဇင်ဂန္ဓာ။ ဇီဖိုးမယ်မောင်း။ ဖိုးခေါင်နှောသည့်။ တောသာကာ။ ။ လေသာလေညှင်းငယ်။ သွေးက သွေးသနှင့်။ ။ ဆွေးသူဝေးသူတို့။ ရေးယူခွင့်ဘန်မစာ။ နှင်းလှိုင်ညီသည့်။ ကေသီဆံညှာ။ ငါးအာလိန်မြင့် ဝတိမ်မှန်ကြာ။ မြစံခင်းငယ်လေး ဘယ်ထုံမှ သင်းလေသိ။ တင်းမမာ။ ဘန်လာတော်မူရေးငယ်။ နေးက နေးသနှင့်။ ။

(သဖြန်)။ ။ ကျေးသံရင့်ပဟိုရ်။ ။ ချစ်တင်းငယ်ဆောင်။ ဖိုးခေါင်နာရီနှင့်။ ရွှေဇာမရီ ဇော်သားငယ်တို့။ စောင့်စား ဘန်ဝေမူကို။ နန်းသူ့ဖြစ်ကို။ ။ မသုံးလို။ ချိုချဉ်ငယ်စပ်ဖန်နှင့်။ မတန်မရာလေခဲ့။ ထွေထွေသစ်သီး။ ။ ရွှေကိုယ်တော် တွက်ကယ်ကြောင့်။ သက်ဆက်ကယ်-နိုင်သာမျိုရတယ်။ ရောက်လိုရာ ညွှန်ညွှန်ရေးကငယ်။ ဆွေးကြွေလုနီး။

---

* ဂဠုန်ကြွက်ဆင်၊ မည်တွင်ကန်မွန် = "အောင်ပင်လယ်" ကန်ကိုဆိုလိုသည်။

## ၁၃၃။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ပရမေညာဏ်မွန်)

ပရမေညာဏ်မွန်။ သင်းသင်းငယ်လွန်။ ရွှေဘုန်းနေထွဋ်ရှစွန်။ ဘယ်စေညွှန် ရင့်ရင့်ကြွေး။ ။ ယဉ်ရေညာကွန့်။ မြကြည်သွန်။ ပူဆွေးလေး သူ့ဝန်ပြောင်စွယ်ချွန် ပုံ့ပုံ့ဧ။ ။ သန်ကြွင်းဟေမန်ငယ်မှာလေ။ သီကျူးလာပြန်တယ်ကို။ သန်ကြွင်းဟေမန်။ ရေးရေးရွှေညာဏ်။ လွမ်းလေဆော်ဘန်။ လေနန်းမြဝေယန်။ ။ ညာစံမြင့်ဖျားငယ်လေ။ သန်းခြွေရွှေရုံ။ တန်ပြီတဲ့လား။ ပျော်ပါးဘွယ်လို။ ရေးမာယာပို။ လ,နန်းရွှေသိုက်ခို။ ။ ကျေးညိုငယ်ပင်ဘုံဦး။ နင်းငွေကမြူး။ ။ အလိုရှစ်ဌာန်ငယ်နွယ်။ ရော်ရွက်ညောင်းပါသည့်။ တပေါင်းရက်ဝယ်။ ။ အို-မိုးသူ့ဘက်ကယ်။ သည်ဝယ်သာ ကျူးလာဘိသလားငယ်လေး။ ။ တိမ်သွယ်ခွေ။ ညှင်းလေငယ်ဆော်နှိုး။ မင်းလွင်ညွှန့်ဖြိုး။ ။

(သဖြန်)။ ။ သိင်္ဂီကြာ။ ဂေါရာမှန်ရဝေက။ ဆည်ဖြေရန် ညာဏ်မပိုင်နှင့်။ ကြံမှိုင်မိညှိုး။ ။ ဣန္ဒြဖျား။ ကိုယ်ပွားတော် ဘယ်ဆီသာပမယ်။ မြနေရာရွှေဗွေလဲ့မှာ။ ဘော်မဲ့ထွဋ်ရှုစိုး။

## ၁၃၄။ ။ ဘုန်းတော်ဘွဲ့-ပတ်ပျိုးကလေး။ (နန်းဘုံမြင့်နတ်ကယ်)

နန်းဘုံမြင့်နတ်ကယ်စံတော်မူ။ တဆူသာနေမျိုး။ ဒီပါသောင်း။ သာကြောင်းစိုး။ ။ ဘုန်းမိုယ်းဘုန်းမိုယ်းဝေဆာ။ အရှိန်တေဇာ။ ထိန်ဝါဝင်းပြောင်။ အခေါင်စိုးခြင်း။ မှန်ကင်းဝေလူ။ ဇမ္ဗူပေါ်နေမီး။ ရာများထီး။ ။ ထွန်းညီးလျှံဝေ။ စံရွှေသွေး။ မုလေးငုံ ခြောက်ဘုံစံ။ နတ်ဟန်ပြုပြောင်း။ ရာသိန်းသောင်း။ ။ ရွှေများပေါင်း သောင်းများလယ်။ ဘုန်းကြွယ်သတိုး။ နေနန်းမျိုး။ ။ ဘုန်းမိုယ်းဘုန်းမိုယ်းစကြာ။ နတ်ယာဉ်သာ။ ပျံဇာနေယျ ရွှေသိန္ဓော။ ရဂုံသာမော။ စုံတကြောလေ။ တောလည်သာခေါင်။ ငွေရောင်ဖြူပြာ။ ဆဒ္ဒန်ဖြူမျိုး။ မာဃမိုး စံရွှေသွေး။ ။ စက်ရွှေတော်ပန်း။ စိုးစံသိမ်းမြန်း။ နန်းဟန်လေ၊ သပြေတခန်း။ ဘုန်းတန်းဆာဝေ။ ကျွန်းတဲ့ကျွန်းအောင်မြေ။ ရွှေတေဇာ- ဝါထိန်ဝင်း။ စုံမြိုင်ယံ-ခိုင်လျှံလင်း။ မာလာကြိုင်-ကြိုင်ပျံ့သင်း။ ။

(သဖြန်)။ ။ နင်းဘယ်ကချီ။ ညာဆီကလောင်း။ ။ ရွှေလက်ကယ် ဆောင်ယူလို့။ တောင်ဝေဘူ- နန်းသာထိအောင်။ ဝေးပါဘိတောင်း။

## ၁၃၅။ ။ မောင်ဘွဲ့အလွမ်း-ပတ်ပျိုးကလေး။ (သင်းလှိုင်ဝေ)

သင်းလှိုင်ဝေ။ သီခွေဆွတ်ပျံ။ ပန်းမှုံကြွေ။ စုံစုံခြေ ရိပ်သာလေ။ ငယ်ရွက်ကျင်ညောင်း။ လေပြေလောင်း။ ။ ညှာရွှေလျှံမောင်းသည်နှင့်။ ပြောင်းမည်ရည်လင့်ကာ။ ငွေနင်းရောရာ။ မင်းလွင်ပါသန်ကြွင်း၊ ဆင်သည်နှင်းမို့လေး။ ။ ဆွေငယ်ကျွမ်းကို။ လွမ်းလို့ဘဲ လွမ်းရစ်စေ။ ။ ဖြန့်မြန်းငယ် ဘယ်စံရာမြေ။ လိုက်ပါမယ် ဘုန်းရယ်နှင့်လေး။ သံရှည်ရင့်ရော။ ဖိုးခေါင်ငယ်စောသည်။ မြိုင်တောခြေ။ ယဉ်ရွှေတညီ။ သာစွာသည်မျှော်မရဲ။ သည်ကိုယ်ထဲ။ ကိုယ်တော်မို့ခွဲရက်တယ်။ ။ သဲငယ် ကြွေလုခဲ့ပြီ။ မှုံရထည်။ ရော့ရီးငယ် ရော့ရီ။ လှမ်းမမှီ။ ပုလဲသီ- စိန်ရံသည့်။ မြချူ သံသာ လေသွဲ့ငယ်။ ဧက သေနင့်။ ။ နှိုင်းသွေး ရေဝေးကြာသို့။ ပူဗျာဘွယ့် စာနာယိမ်း။ စိမ်းရက်တဲ့မောင်။ ။

(သဖြန်)။ ။ အလင်းငယ်ဆောင်။ တောက်နှောင်တောင်ရွှေစင်က။ ဘုန်းငဲ့ပြင် မြင်တော်မူခွင့်။ မြတ်ယူမပြား။ ။ ဝန်းဝိုက်လို့အုံ။ အမွှန်ကိုတည့်။ ချွေလိုမှုငယ်လေး။ တော်ပြုတဲ့လား။

## ၁၃၆။ ။ ပင်သာမြို့စား- ခင်ဖူးရေးသော၊ ပတ်ပျိုးကလေး။ (နွှေချိန်ခါလုပြန်တော့တယ်)

နွှေချိန်ခါလုပြန်တော့တယ်။ ။ ရတုသာတဲ့ လရာသီ။ ရွက်ကျင်ပင်ကျွတ်။ ။ လေဆွတ်လို့ဆွေးပုံချီ။ ညှာညီခဲ့ပြန်။ မွေးဝတ်ကယ် ကြိုင်သင်း။ မြိုင်မင်းကလွမ်းဘို့ငယ်ဘန်။ ။ ကိုက်ဖူးငယ်တည့်မြလျှံ။ စုံနယ်ယံ။ ကြံဘယ်ကံ။

လေပြန်ဆော်သွင်း။ ။ ရွှေအလျှံ။ မတန်သဇင်ကြွင်းငယ်နှင့်လေ။ *ဝိသမာ။ သေလာဖလ်မြေခင်းမှာတဲ့လေး။ ။ ဆွေးစေအောင်ဘန်ဆင်း။ ပင်မင်းကြော့ကြာမယ်။ နတ်ကယ်မြင်အုံး။ ရံသုံးရွှေများ့လယ်။ ။ ပူတယ်တန့်နိုင်။ မြင်တော်မူလဲ။ ဆူသဲကထပ်ခါဆိုင်။ ။ ပန်းလွှာဘုံမြိုင်။ သင်းကြိုင်နံ့ထူး။ ပျော်လဲပျော်လိုဘူး။ သုံးယံကကြူး။ ။ ရှစ်တိုင်းငယ်ဝန်းအုံ။ ခိုးမြူမှုံ။ လွမ်းဘို့ငယ်ဆုံ။ ပဇ္ဇုန်ကျူးပြန်ချည်တော့မယ်။ ။ တမာရန်။ နတ်ဟန်ကြာပွား။ ပူတော့ထားသလေလေးလေး။ ။ မြသားငယ်ရစ်ခွေ။ တောင်ပေါင်းရံကာလို့။ တမာရာ ရွှေဘွေစွန်းကို။ လွမ်းသည်နှင့်ပွေ။ ။ မြူခိုးငယ်ဝေ။ ဆည်လေကျွမ်းပြန်ချည်တော့မယ်။ ။ မတင်သာ မြင်လှာဆိုတမ်းတော့။ အို ပန်းဘွဲ့ရေးလေလေးလေး။ ။

(သဖြန်)။ ။ ဘေယ်မှာဘန်မယ်။ ကြံနယ်ကဝေး။ ။ သမုဒ္ဒကယ် ပင်လယ်သို့။ လောင်းလှေငယ် ဟိုဘက်ကမ်းကို။ လှမ်းနိုင်တို့သေး။

## ၁၃၇။ ။ မြောက်အိမ်တော်သံ တျောသတ် ပတ်ပျိုးကလေး (လက်ျာသပြေကျွန်းငယ်မှာ)

### ငယ်တိုးဝန်ရေးသော၊ မြောက်အိမ်တော်သံ တျောသတ် ပတ်ပျိုးကလေး (ကွမ်းဘိုးထိန်း-ပေမူ။)

†လက်ျာသပြေကျွန်းငယ်မှာ။ နောင်စိုးမည့်ကေရာ။ ။ ရိပ်ဖြူငယ်ကာ။ ဒီပါနယ်တရိုး။ နေအနေနတ်မျိုး။ အုပ်စိုးငယ်ပျော်စံကာ။ မိုးနတ်ကယ်ပုံပမာ။ ။ မြတ်ရွှေသွန္တာ။ တေဇာလျှံလင်း။ နတ်ရှင့်ရင်သွေးမောင်နှင့်မယ်ငယ်မှာ။ ။ သိကြားသူဇာ တူတမျှငယ်။ စံကြတော့တယ်။ ။ ရွှေများ့လယ်ငယ်မှာ။ နေလ,နယ် ရှုဘွယ်မခြား။ ဟသ်ာမောင်နံ့လား။ ။ နစ်ပါးငယ်စံ။ သုံးရံငယ်ရွှေပေါင်း။ ရိပ်ကြာရပ်ခို။ ရာပြည်ဆိုတဲ့စိန်တမွတ်ကယ်။ ဦးညွှတ်ခပျောင်း။ ။ ဘုန်းဘုန်းတန်း ဘုန်းတန်းတေဇာ။ ဖြာဖြာရောင်လင်းပါလို့။ မင်းမင်းမြတ်ထွဋ်ခေါင်ဖွေ။ ။ သာခေါင်ကြူး။ ဘုန်းတန်းရောင် ထူးထွေထွေ။ ညှာကြွေ၊ ဝါရွှေ။ သာလေပြေသာ။ သာပင်သာမျိုးစည်။ ။ ရွှေပြည် ကေတုနန်းငယ်က။ အောင်ပန်းတလူလူ။ ။ ကေတုငယ်သာခေါင်။ မြို့ရွှေတောင်။ မြတ်စော ထွဋ်ညီနောင်။ ။ တန်ခိုးတော် ခြောက်ရောင်။ အောင်နိဗ္ဗာန်ဆုထူး။ ကယ်တင်သုံးလူ့မှူး။ ။ ဆယ်စုံညွှတ်နူး။ ရှိဦးခ,နိမ်။ ဘန်မြဲခ ဘန်မတိမ်။ ။ ဆုကြိမ်ကြိမ် တောင်းသော်လဲ။ ဘော်ကွာသူပေါင်းရနိုင်ဘဲ။ ။ ရွှေသဲနာလှတယ်။ သိကြားလာမ,ကယ်။ (မကယ် ဖြစ်သင့်ပါကြောင်း)

## ၁၃၈။ ။ မြဝတီမင်းကြီးရေးသော၊ နွေဘွဲ့-ပတ်ပျိုးကလေး။ (လေသွေးငယ်တည့် ညှင်းသုံသုံ)

လေသွေးငယ်တည့် ညှင်းသုံသုံ။ ရဂုံမြလျှံ။ ဖူးတံဝေဝေ။ ငုံရွှေမာလာ။ ဂန္ဓာငယ်မြိုင်မင်း။ မြေသင်းမြူးပျံ့။ ရနံ့မွှေးကြွယ်။ ညှာသွယ်ခိုင်လုံး။ ဝင်းသည်နှင့်နှင့်။ ။ နွေသွင်းငယ်တည့်သာဂိမှန်။ ပန်းမာလ်ကြိုင်စီ။ ရွှေဖီပျံ့လျှောင်း။ သဇင်ဂေါ်ငယ် ပန်တော်မတန်နှောင်းသည်နှင့်လေ။ ။ မိန်ခင်းကြည်။ မြရည်ညိုလွဲ့ မောင်းသည်နှင့်လေး။ ။

(သဖြန်)။ ။ သောင်းရွှေထုလယ်။ စံစမ္ဘာယ်ဖွေသီလာက။ လွမ်းဗျာပါ မြေမတန့်နိုင်တဲ့။ နွေယံ့အကူး။ ။ ဩဘ်-ခများ။ ဆည်တားနိုင်သို့ကိုယ့်အပူ။ ဘယ်မူထွေနှင့်။ ဖြေမတုံ့ငယ်လေ။ ပွေပုံ့အကြူး။

* ဝိသမာ (ပါဠိ) =မညီညွတ်သော

† အချို့မူတွင်။ ။ "လက်ျာသပြေကျွန်းငယ်မှာ။ နောင်စိုးမည့်ကေရာ။ မြတ်ရွှေသွန္တာ။ တေဇာလျှံလင်း။ နတ်နှုန်း ရင်သွေးတော်ငယ်မှာ။ သိကြားသူဇာ တူတမျှငယ်။ စံကြတော့တယ်။ ရွှေများ့လယ်ငယ်မှာ။ နေလနယ်နစ်ဘုန်း။ ရိပ်ကြာရပ်ခို၊ ရာပြည့်ဆိုတဲ့စိန်တမွတ်ကယ်။ ဦးညွှတ်ခ,တုံး"။ ။ ဟူ၍၊ အစပိုဒ်များတွင်ပါရှိသည်။

## ၁၃၉။ ။ မျှော်တော်ယောင်-ပတ်ပျိုးကလေး။ (ခင်းစံကြော့ဇွေ)

ခင်းစံကြော့ဇွေ။ ဆည်မြေကာ ပေရေး။ တော်နိုင်သေး။ ။ လွမ်းနှောင် တောင်ရွှေမြေကသာ။ ကြူးပါတဲ့လေး။ ။ မြတ်မှာတော်ထူးငယ်က။ ကြည်နူးရန်သွယ်သွယ်။ ။ ခေါ်တော်လိုသား။ ထင်များထင်မိတယ်။ ။ မြန်နန်းလယ်မှာ။ ဆွေးဘွယ် သည်ကိုယ်ထဲငယ်မို့လေ။ ။ လုမ်းမမြင် တင်ချင်တယ်။ ရွှေသဲငယ်ကလေး။ ။ ဆန်းယောင်ငယ်လေဘန်လဲပူဗျာဆွေး။ ။ ရင်ဝယ်နတ်ငယ်မှာ။ ညာရွှေမယ်။ ကြာနေဝယ်ယိမ်းသည်သို့။ ဖြေသိမ်းနှင့်မပိုင်လို။

## ၁၄၀။ ။ ပန်းမြိုင်ဘွဲ့- ယိုးဒယား ပတ်ပျိုးကလေး။ (ရွှေဇီခိုင်ညှာပန်းရယ်က)

ရွှေဇီခိုင်ညှာပန်းရယ်က။ လေပြည်ကြိုင်လှာဖြန်းလိုက်ပါလို့။ နန်းလေး ကေသွယ်။ ပမ်းလေးပြေဘွယ်။ စမ်းလေးရေကျဆွယ်။ ။ ရှုဘွယ်ခမန်း။ နနယ်ဆန်း။ ထုံခိုင်ညှာပန်းငယ်လေး။ နွေဆန်းမိန်ထဲ။ ။ ရော်ရမ်းဘယ်ဝယ်။ ။ ဆည်နိုင်ပမ်း နန်းကေသွယ်လေးမယ်။ ။ တောင်ယံတောက။ အို အမောတော်ပြေလွယ်ပမ်း-လုမ်းနိုင်ဘွယ်။ ကျေးသာရကာ မယ်ငယ်ကသာ။ ကြွေးစာရှာလယ်။ ။ သိုက်နယ်မြင့်ယံ။ ပင်ကွန်း မှာစံတယ်လေ၊ စံတယ်လေ။ မောင်နှံ နှစ်ကိုယ်ချင်းငယ်တို့။ ချစ်တင်းဆိုငြား။ ။ နွဲ့မူရာ။ ။ လူ့ဟန်ခု- ထင်မိတယ်လေး။ ။ ပန်းခိုင်ညှာ ထွေသည်နှင့်သာ။ ဆန်းနိုင်သာပေ။ ။ ဇွေဝန်းညာမြေစွန်း။ တောင်ဇွေကျွန်းငယ်။ လွန်သာယာ။ ငှက်ကျေးငယ် ရွှေသာရကာ။ ငွေမာလာ။ ကမ်းရင့်နား။ ။ နန်းကေသီဘွား။ ဖြေဆည်အားငယ်လေ။ ထားသက်လယ်။ ပင်တိုင်ဘွားငယ်။ ရွှေအားတော်ငယ်။ ပမ်းလို့လုမ်းနိုင်ဘွယ်။ သွယ်သွယ်ညာဘယ်ဟန်ယူနေး။ သွယ်သွယ်ညာဘယ်ဟန်ယူနေး။ ပုလဲလေးချိန်ပြည့်ရတီ။ နေခြည်သန်းလို့ ရော်ရမ်းနိုင်ပြီ။ စုံမြိုင်လမ်းမှာ။ အပမ်းတော်ဖြေခဲ့သည်။

## ၁၄၁။ ။ ကိန္နရာချောင်းခြား-ပတ်ပျိုးကလေး။ (မယ်သေချင်လိုက်ပါဘိ)

မယ်သေချင်လိုက်ပါဘိ။ မကိုင်နှကေညွန့်သွန်းရွှေစင်။ ချောင်းသီတာ မြစ်ကြီး။ ကာဆီးလို့ကြိုတဲ့အင်။ ။ နောင်မြင်တော့လား။ ဝလာပိုင်နတ်သိုင်း။ ဆော်လှိုင်းလို့မိုယ်းနှင့်လေမှာ။ ။ မောင်ကြီးခေါ်တ,မယ်ဗျာပါ။ ထင်လာမြင်လာ။ ဗျာပါထပ်ပွား။ တောနှင့်ရဂုံ။ စုံခြေဂနိုင်ခြားလို့လေ။ ။ သက်မသေ ဘုန်းဝေသူတပါးကြောင့်လေး။ ။ နတ်များကူပါ။ ပူဆာ ရွှေရင်ကျွန်းမှုလေ။ ။ စီးကျမျက်ရေ။ ထွေထွေ သည်မြိုင်စွန်းကလေး။ ။ ဆွေးကြွေယိုင်ငယ်နှင့်သာ။ လွမ်းတွေလို့မှိုင်။ ။ ဖြေနိုင်တော့ရှာ။ ။ ရွှေအားတော်ငယ်။ နတ်နွယ်တပါးရယ်ကြောင့်။ စုံဖျားဂန္ဓာ။ ။ မမြင်လှာ၊ သက်လျှာ မောင်နှင့်ဝေးတယ်လေး။ ထင်မြင်ယောင်ငယ်နှင့်သာ။ ကြင်ဘော်နှောင်။ ။ သဲငယ်လောင်။ မြမြောက်တောင် အိုဘယ်ဆီ - သိလဲနိုင်ပြီ။ ရီလဲ့မှုံလို့။ ပန်းစုံ ဟေဝန်ကြောက သီခေါင်။ ဘုန်းမောင် ဘုန်းမောင်။ တမ်းလို့မျှော်ယောင်။ ရွှေတောင် ဂန္ဓမာနန်းသို့ရောက်အောင်။ ကူဆောင်ယူနှောင်ပို့ပါနတ်မောင်။ စုံခြေဟေဝန်ကျေးက ဝေးသီခေါင်။ ရွှေဘွင်စောလို့ မောသေအောင်။ လူမနှောတဲ့ တောသာခေါင်လေ။ ။ လူမနှောတဲ့တောသာခေါင်။ သစ်ကျားရယ် စိုင်ပြောင်နှင့်။ ရှောင်ပါမဝေး။ တကိုယ်ရေးဟာမို့။ ဆွေးပြန်ခဲ့ပြီ။ သေလဲသေသေ ရှာဘွေမြန်းတယ်။ စက်ပန်းဘယ်သို့ နှောင်ဖြန့်ချီ။ ။

(သဖြန်)။ ။ ပုလဲသီ၊ တကွဲစီ-ဘယ်ကံဘန်လို့။ ကြုံရဟန်ထူး။ ။ သွင်းလေဆောင်။ စုံကျေးသည်မြိုင်ချောင်က။ နီးလွယ်အောင် ကြုံတော်ကြပါ။ လေးပွဲနတ်မှူး။

## ၁၄၂။ ။ ဏ္ဍကန္ဓာဝုဒမင်းသား ကြူးချင်း ပတ်ပျိုးကလေး။ (ရွှေဘုန်းသွမှာရှိန်လေတည့်မှ)

**မြဝတီမင်းကြီးရေးသော၊ ဏ္ဍကန္ဓာဝုဒမင်းသား ကြူးချင်း ပတ်ပျိုးကလေး။**

ရွှေဘုန်းသန္တာရှိန်လေတည့်မှ။ နေနှုန်းအသွမ်ိန်။ ။ မြတ်ရာဇိန်စံစိုးမြန်း။ ။ တိုင်းရာဇိန် ပြည်ထီးနန်း။ ။ အောင်ပန်းညွှန့် ဝေဆာလေတည့်မှ။ မြခန်းရွှေညီလာ။ ။ စကြာတော်ပိုင်စိုးမြဲ။ရွှေတေဇာ ကြေငြာလေလွှန်ထူးကဲ။ ။ အိုငိုလဲငိုတော့သာ။ စက်ဘူးဖျော့ တစာစာ။ ။ ဒီပါရွှေနန်းရိုး။ ဖွေသီဟာ ရွှေညီလာစုံရှိမိုး။ ။ တန်ခိုးထိန်ဝေ။ နတ်ဆွေငယ် နန်းလျှာ။ သောင်းလုံးငယ် ကြေငြာလင်း။ ။ ဝပ်စင်းငယ်ပြည်ထောင်။ ယဉ်ဆောင်ဆက်ရာ။ ရင်သွေးငယ်ကညာရင်း။ ။ ပျံ့သင်းရွှေမဥ္ဇူလေတည့်မှ။ နံ့သင်းမွှေးလှိုင်ကြူ။ ။ နတ်တူလေ ရွှေနန်းဘွား။ ။ မဟေသီ ဒေဝီငယ်သီကျူးဖျား။ ။

(သဖြန်)။ ။ များလှပိုလ်လူ။ ခွန်သွင်း ရာဆူဆူတို့။ တောင်ဇမ္ဗူ သပြေညာလုံး။ ကေသာဆံဖျား။ ။ မင်းမင်းရှိပန်။ ဆက်သွင်း ကညာမွှန်နှင့်။ ရာဇမံ မှန်မချို့တယ်လေ။ ဘုန်းနေသို့လား။

## ၁၄၃။ ။ တောပန်းဘွဲ့-ပတ်ပျိုးကလေး။ (လောင်းပန်း ဂမုန်းအင်လေတည့်မှ)

### မြဝတီမင်းကြီးရေးသော၊ ရွှေစစ်သင်နတ်ချင်းအလိုက် တောပန်းဘွဲ့-ပတ်ပျိုးကလေး။

လောင်းပန်း ဂမုန်းအင်လေတည့်မှ။ အနန်းဂေါ်သဇင်။ ။ တသွင်ခိုင်ရွှေညှာ။ အပင်လှိုင်ဝေဆာ။ ဆွတ်ဖြန်းညှင်း-လေဆိုင်ငယ်မှာ ကြိုင်ဇွှော။ ။ အစဉ်လှာ။ ယှဉ်ကာ၊ ယင်ရာ။ မြရည်လေ ရေခင်း။ ရွှေခပင်းငယ်မှာ။ ရွှေဟင်္သာ။ ။ ကြွေးလှာရင့်ရင့်နော။ အလို- ရွှေဟင်္သာ။ ဝေးကွာတင့်တင့်စော။ ။ ဥဩ ရွှေသာကာလေတည့်မှ။ တကြောစုံမြိုင်ချာ။ ။ ခေါက်ရှာငယ် ခေါ်ကျူးခြင်း။ နွဲ့ကာသာ ပျော်မြူးရင်း။ ။ လေပြေ ညှင်း ညှင်း။ သင်းသင်းဂန္ဓာ။ မွှေးပျံ့ပန်းမာလာငယ်လေ။ မြသားရေကန်မှာ။ ။ စိမ်းလဲ့ရှင်းကြည်စွာ။ ။ သံသာသံလေး။ ခေါ်ကာပျံကြွေး။ ဘော်ရှာတဖေ။ ။ အို-ငှက်ကျေးမယ်နှင့်မောင်။ ကြင်ကြိုးဖွဲ့ယှက်ကယ်နှောင်။ ။

(သဖြန်)။ ။ မှိုင်းရီလို့မှောင်။ နန်းတောင် ညာတသိန်က။ သာဂိမှာန်နွေရတုငယ်မို့။ ကြွေလုဟန်စော။ ။ ကိုးနယ်ပြည့်ဆင်။ မင်းလွင်တိမ်မိလ္လာနှင့်။ ပင်သီဂ်ါ ခိုင်ညှာညွှန့်ငယ်မှာ။ ရွှေကွန့်သည့်တော။

## ၁၄၄။ ။ အီနောင်ဇာတ်ထွက် ပွတ်စပါးကလိုက်သော၊ ပတ်ပျိုးကလေး။ (သန်းယံသာကြူးပါတော့)

### မြဝတီမင်းကြီးရေးသော၊ အီနောင်ဇာတ်ထွက် ပွတ်စပါးကလိုက်သော၊ ပတ်ပျိုးကလေး။

သန်းယံသာကြူးပါတော့။ အိုကြော့မှူးငယ်။ သည်ပူပုံသံပြောင်း။ ရွှေစောင်းကအသွယ်သွယ်။ ။ တိမ်ခိုးငယ်နှင့်မိုးတနယ်။ ။ ဘုံစွယ်၊ ဝေယန်၊ ဗိမာန်တောင်နန်း။ ထင်မိယောင်၊ ရှင်ညီနောင်၊ တောနေရုပ်ဆောင်။ သည်းခေါင်သည်းခေါင် ကြွေလုပမ်းမျှလေ။ ။ အို-ခုဝယ်တခန်း။ ပူပန်းဘွဲ့ရေးတော်။ ဖြေပါလို့လဲ၊ ရွှေသဲခု နေမပျော်။ ။ ကျူးရင့်ကြော်။ တိမ်ပေါ် ဝေယန်ဦးကလေး။ ။

(တေးထပ်)။ ။ နန္ဒမူ- သည်ရွှေစောင်းက။ ကြွေပြောင်းလုထွက်သံ။ ဘယ်ဘုန်းသူ့ဘန်သည့်ကံငယ်။ တရံငယ်မမေ့။ ။ လွမ်းပိုသူ့ဗျာနောင်ကို။ ပြေလွယ်အောင် ရှင်းနိုင်သရွေ့။ ။ ပုလဲငယ့် ပြည်ပေါ်မှာ။ ပျော်ပါသော် မမွေ့။ တောင်နန်းဝယ်တွေ့ခဲ့။ မြတ်ရသေ့မူနည်း။ ။ ထင်မြင်ယောင်မှား။ ဘယ်များသို့ တွေးရပါမည်။ ။ ဘုန်းသူ သူ့ရုပ်ရည်ငယ်။ ကာလံပြည် ရွှေကြော့ကြားဆီက။ သည်ပါးဘန်ရေရေ။ စွဲလှာမိလေ။ ။ ခွါသင်းစ၊ ညှင်းညှံ့ဖြေသည်။ သည်းကြေကြွေ ကြုံဆွေးရပမ်း။ ။

(သဖြန်)။ ။ မုန်းရမယ်လေ။ ကူရေပံ- ရောင်ရစ်က။ ခုဖြစ်ပြန်ခဲ့။ ။ အချစ်ကယ်-ကိုယ်တူမူလဲ့။ အိုသူ့မှာ၊ ဒါဟံမြေက။ သုံးရွှေရင်နဲ့။

## ၁၄၅။ ။ ပြင်သီဂ်ီ ပတ်ပျိုးကလေး။ (ရွှေပြည်တော်သည်)

ရွှေပြည်တော်သည်။ မောင်မယ်တူညီမြန်း။ ဘယ်ဝယ်မှန်း။ လှမ်းနိုင်ပြီ။ လှမ်းနိုင်ပြီ။ မြေညီညီ ခင်းပါလို့။ သဲငွေပြန့်သဲငွေပြန့်ဖိန်း။ ။ လွမ်းပုံကို မဘန်တီးနိုင်ဘု။ မြိုင်ကြီးသေလာငူ။ ဘော်ကွာသူ ဆွေးစေဘို့လေး။ ငှက်ကျေးသာရကာ။ မြူးပျော်ရှာလို့သာ။ ဘာသာနော။ ။ မြင်စမ်းပါလှဲ့မယ်။ ကေသွယ်သွယ်ကြောင့်သာ။ ရေဝယ်စီး။ ။ လွမ်းလေမောင်ကြီး ယိုလာယီး။ လွမ်းလေ လွမ်းလေမောင်ကြီး ယိုလာယီးပါလို့။ ။ ငှက်ကယ် ငှက်ကယ် ရွှေချိုးမြည်သံသာ။ လွမ်းပုံထွေလှပါ။ ။ ရွှေပြည်တော် ရမ်းရော်မိသေး။ ရွှေပြည်တော် ရမ်းရော်မိသေး။ ။ ခါဘန်ဘန် ရေးငယ်နှင့်။ ဆွေးလေ ဆွေးတယ်ကို။ ဘယ်ဝယ်မြောက်တောင်။ ကမ်းရွှေတိမ်တောင်။ ဖိန်းပိတ်လို့မှောင်။ ။ ဖိုးခေါင်ဇင်ရော် ရွှေရွှေလည်တွဲပါလို့။ နွဲစုံစီ။ တိုးနှင့် ကိန္နရီ။ ရွှေဇာမရီဒေါင်း။ ကျား ခြသေ့် ပေါင်း။ အောင်းကြကိုယ်စီ။ ကြကိုယ်စီ။

## ၁၄၆။ ။ သမုဒ္ဒယောသထွက် ပတ်ပျိုးကလေး။ (သီလာဝေယန်)

### တောင်သမန်လယ်စား ဦးဘေငယ်ရေးသော၊ သမုဒ္ဒယောသထွက် ပတ်ပျိုးကလေး။

သီလာဝေယန်။ သာဟန်- ဆင့်ဆင့်ဆိုင်း။ တိမ်စွယ်ခွေလို့သာ။ လေညှင်းငယ်ဝိုင်း။ ။ မျှော်ရာ-မျှော်တိုင်း။ ညို့ညို့မှိုင်း။ ရွှေပြည်တော် မျှော်တိုင်း။ ညို့ညို့မှိုင်း။ ။ တင့်နှိုင်းဘက်ရန်ဆင်။ သွန်းမိုယ်းဖြိုးလို့ပင်။ ။ ရှစ်ခွင်လေ ဆော်ကျူးနွဲ။ ။ တောင်သပြေ ရွှေနန်းပွဲ။ ။ ပုလဲညွန့်သွယ်ဖြာလေတည့်။ ရှိဦးငယ် လက်ဆယ်ဖြာ။ ။ ဆင့်ကာလေ ပျော်မြူးရင်း။ ။ သံသာလေ သံညှင်းညှင်း။ ။ အောင်ခင်းဇေယျာ။ ရောင်လင်းဝေဆာ။ တောင်ညာလေ သပြေညွန့်မှာ ထောင်ရောင်ကွန့် နှုန်းနေဖြာ။ ။ စိုးရရ-မိုးဣန္ဒာ။ ပြည်ပြည်နိုင်ငံ။ ဖူးညွတ်ခ,လာသလေလေ့။ ထွင့်ရှုစွန်းငယ် ဖွေမြန်ချာ။ ။ နန်းညာငယ်ရွှေပေါင်း၊ သိတိုင်းငယ် ရွှေညာဏ်ဆင်လို့။ ဘန်ဘန်ခွင့် လျှောက်တောင်း။ ။ ပြန့်လှောင်းငယ် ကြိုင်စွာ။ သင်းလှလှ မွှေးဂန္ဓာ။ သိင်္ဂါလျှံမောင်း။ သည်ရွှေတိုင်ဖျောင်းငယ်နှင့်။ ပြည့်ကြောင်းမသွေတယ်လေ။ ယဉ်မျိုးဂန္ဓာပန်းရွှေကြာသင်းလေလေ့။ မြဆင်းငယ်ညှာမြင့်နေ။ ။

(သဖြန်)။ ။ လွမ်းလေအောင်၊ အထွေထွေ ဘန်ဆောင်သည့်။ ဘုန်းခေါင်သနင်း။ ။ သည်ရက်ကယ် ဟိုအရင်က။ ဂူဝင်မှာ တွေ့တော်လေ့ငယ်ကို။ ဖြေ၍မရှင်း။

## ၁၄၇။ ။ သီတာသောင်ခြေဘွဲ့- မြေလပ် ပတ်ပျိုးကလေး။ (ယမုန္နာ)

ယမုန္နာ၊ သီတာ-သောင်ခြေဦးမှာလလေ။ ။ သနားဘွယ်။ လူ့နယ်ခေါ်သံထူးလို့လေး။ ။ ကြည်နူးဘွယ့် မယ့်တကိုယ်။ ရွှေဟာသ်ာ မောင်နံ့ငှက်ကယ်တို့။ ကြင်ဘော်မှာ ကြင်ဘော်ဘက်ကယ်နှင့်။ တူပျော် ပျော်လေ။ ဘယ်ခါမှ စက်ရပ့်။ လည်ယှက်ခါ သူတို့လို။ ။ မ,ဖိုခေါ်သံ။ လူ့နယ်သူ့ဟန်။ ဘော်ကွာသူဆွေးစေဘို့ဘန်။ ။ သဲတဲ့သဲငွေလျှံ။ ။ ဝဲတဲ့ဝဲကာပျံ။ ။ အိုး-ငါးကြင်းတွေဆန်။ ။ ငါးတန်တွေ သောင်ရေစီးမှာလ။ ကိုတံငါ- လှေယာဉ်စီးပါလို့။ ပိုက်ကြီးနဲ့ ရေချလာ။ ။ ဒေါင်းဒင်းသံ-သာသာနှင့်။ တံငါလှေလောင်းဆင်း။ ။ အို-နဒီတွင်းမှာ လ။ နှင်းငွေဆော်။ ။ ချမ်းလို့တုံ။ မလုံကွေးတယ်။ ကိုယ်ရေးကြုံတော့နော်။ ။ တပေါင်း တံကူး မိုယ်းသားကြူး။ ။ လေရှူးဆော်လှာပုံ။ ။ နဒီတွင်းမှာလ။ ကိုငါးကြင်းငယ်တို့။ ပိုက်တွင်းမှာ သူတို့ခုန်။ ။ လွမ်းလေပူပုံ ပူပုံပွားပါလို့။ အားကကုန်။ ။ လွမ်းလေပူပုံ ပူပုံပွားပါလို့။ အားကကုန်။ ။ သောင်ယံမှာ။ မောင်နံ့ငှက်ကယ်တို့။ လည်ချင်းယှက်ပါလို့။ နွဲခါပျော်စံ။ ဆွေးစေဘို့ဘန်။ ။ ကြင်ဘော်ကွဲ သူတို့။ ဝဲခါပျံတယ်။ သည်သောင်ယံက မခွါရက်တယ်။ ကြံခက်လို့ပမ်း။ ။

(သဖြန်)။ ။ ရစ်သန်းငယ်ကာ။ ယမုန္နာငွေသောင်ခုံက။ လွမ်းပုံကို ဖြေမရှင်ဘု။ ပွေအင်ပူမီး။ ။ ငွေနှင်းငယ်လျှံ။ လေညှင်းတည်ညံနှင့်။ ရေဆင်းသံ-ဂရက်ဝိုင်းငယ်။ လှိုင်းထလို့စီး။

## ၁၄၈။ ။ မြေထဲမြို့အစီရင် ဦးလူကြီးရေးသော အလွမ်း ပတ်ပျိုးကလေး။ (ပြည်အောင်ချာနန်းငယ်က)

ပြည်အောင်ချာနန်းငယ်က။ ဖြန့်မြန်းရွှေစက် မော်ငဲ့ကို။ ရဂုံသာမှိုင်း။ ပင်တိုင်းမောက်လို့မို။ လေညီရွှေခိုခြေနင့်သာ။ ပန်းဝတ်ကယ် ချွေသင်း-လေသွင်းစ-လ,ရာသီမှာ။ ။ ရှုတိုင်းငယ်တဲ့ဘယ်ညာ။ ။ ပြာပြာလေ ဝါဝါရွှေ။ အာကာခြေတခန်း။ ပန်းပြေ့ရုံ။ ဆေးစုံ ချယ်လှယ်သန်းသို့လေ။ ။ နန်းရွှေဘုံ လွမ်းဟုံ သွယ်သွယ်တမ်းလို့လေး။ ပမ်းပူဘို့ဘန်။ ။ မောင်နံ့စုကြွေး။ ။ ရေးဘယ်တုံ့တင်။ ။ ဘယ်ဂြိုဟ်ဝင်သည့် ဇာတာစန်းငယ်လေး။ နန်းမြေနင့်ဝေး။ ။ ကြွေးကြော်ဖိုမ-ခေါ်ထူး။ ဟေဝန္တာမြိုင်လယ်က။ ဘယ်ငှက်ကယ်မြူး။ ။ အို- ကိုယ်ထူးကြုံရလေ။ ။ ဂနိုင်ဆီး မြိုင်ကြီးသူ့ရပ်မြေ။ ။ အို လှနတ်ဆွေ။ ။ ကိုယ့်ပြည်မို့လား။ ။ တချိုးတိုး ရင်လလေ။ ပုဆိုးရွှေချည်နွဲ့ငယ်။ စုတ်စေတဲ့လား။ ။ ဖူးစီစီငယ်လေ။ နေရီရင့်ပြောင်း။ ဣန္ဒနီလာ။ စံရိပ်လယ်က။ မျှော် နင့်မယ်ညောင်း။ ။ အို ကြုံတောင်းကြုံရတယ်။ ဂနိုင်ဆီး။ မြိုင်ကြီးသူ့ရပ်လယ်။ ။ အိုလှနတ်မယ်။ ကိုယ့်နယ်မို့လား။ တရွာသွားရင်လ လေ။ တအားရွှေကိုယ်နွဲ့ငယ်။ ယုတ်စေတဲ့လား။ ။

(သဖြန်)။ ။ ရေးဝဋ်ကယ်ဆင်။ သခင်ကို ဘယ်နေ့မှ။ မမေ့ပါဘူး။ ။ မလွမ်းတန်၊ လွမ်းပြန်လျှင် ငိုရက်နင့်။ ရွှေမျက်ရည် နစ်သွယ်ပြိုင်လို့။ သဲဆိုင်ကနူး။

## ၁၄၉။ ။ မြဝတီမင်းကြီးရေးသော၊ ပူပုံဘွဲ့ပတ်ပျိုးကလေး။ (ဖြေလဲမပြေ)

ဖြေလဲမပြေ။ ကိုးမျက်မြှာ-စက်ရာတွင်းမှာ။ မှိုင်ရင်းငိုမိလေ။ ။ မယ့်ကံဖြစ်ထွေ။ ကြုံလေတော့အား။ ငြီးယောင်မိမှား။ ။ စိတ်ထားစွဲမာန်ခု။ နေနိုင်ရက်တယ်။ မုန်းချက်က စောလွန်း။ ။ သည်မယ့်ကိုကြေ မြေ့အောင်။ မုန်းမာန်ငွေ့သွန်းသွန်း။ ။ ကျွမ်းရုံပ ကြုံလေဖြစ်နဲ့။ လွမ်းဝှန်ဆင့်ကဲ။ ။ သဲလဲသေဘွယ်။ သည်မယ်ပူပန်။ တကိုယ်ရေထည်းမို့ငြီးမိပြန်။ ။ စံခန်းမြင့်ဗွေ။ ရံသန်းခြွေ ရွှေသမုငယ်။ ဘုန်းဘာပြုရှောင်လွှဲ။ ။ ဘွင်သဲမှာတုန်တုန်။ ရင်ထဲလှိုက်ခုန်။ တမှုန်မှုန် ဘုန်းလှုံမာန်တော်ပွားထင့်လေ။ ။ တမှုန်မှုန် ဘုန်းလှုံ မာန်တော်ပွားထင့်လေး။ ။ နတ်များတို့ နေနိုင်ရန်။ မြောက်တောင်ဘန်မယ့် အိုသွေပြား။ ပြုကောင်းပြုသင့်တယ်။ မယ်မှာငယ်သို့ပစ်လို့ထား။ ။ အားကျွန်မ- ငယ်တယ်ကိုဘုန်း။ ပြုလာနင့်အုံး။ ။ စိတ်ကို ချုံးပါလို့။ နုံးလာပြီ။ အိုဘယ့်နယ် ကြံဆင်ခြင်တော့။ မယ်ရှင်နိုင်ဘူးငယ်လေး။ နုံးခွေလို့မူး။ ။

(သဖြန်)။ ။ မုန်စီဆောင်မြင့်ဗွေက။ ပရမေစံခေါင်ဘွား။ သည်လိုများဖြင့်။ ထားနင့်တူတူ။ သွားနင့်ဘုန်းလူငယ်လေ။ မပူဘူးလို့နေပါကတဲ။ စိမ်းရက်တော်မူလေနဲ့။ သေရင်ပ မြန်မြန်ငြိမ်းလိမ့်မယ်။ သိမ်းမိစိတ်ထား။

## ၁၅၀။ ။ အလွမ်း ပတ်ပျိုးကလေး။ (ရွှေဇီဇင်ဂေါ်)

ရွှေဇီဇင်ဂေါ်။ ချွေမှီပင်ပေါ်။ ကေသီဆင်တော်။ ထူးလှဆန်းဆန်း သင်းကြိုင်ကြိုင်၊ ခိုင်-ဖူးတံနင့်ပန်း။ ။ မြိုင်ခြေစုံခန်း။ မြုံနန်းခိုကြ။ ယှက်ထွေး ငှက်ကျေး။ ကြော်သံတည့် အော်ညံ။ ဆင့်ကဲရင့်နွဲကြ လူ့သဏ္ဍာန်။ ။ အိုလွမ်းစေဘို့ ဆွေးအောင်ဘန်။ ။ ဗိမာန်လေထောင်နေ။ မဈွေရွှေ့ကူး။ ရွှေပုဏ္ဏာ ငွေယုန်လွှာ။ ကျီးမင့်တာရာ။ အာကာသမှာလေ-သာခါကြယ် မြကမြူး။ ။

(ရတု)။ ။ ညွှက်နူးစေအောင်။ ပူဗ္ဗာနှောင်ခဲ့။ တောတောင်သာမူ။ ခါရတုဝယ်။ ညာနယှက်တင်။ မင်းလွင်တိမ်ပန်း။ ရစ်ခါသန်း၍။ ။

ရှစ်ခန်းနယ်ခွင်။ ချယ်မင်လှိုင်းပါလို့။ ဆင်သင်တိုင်းရယ်နင့် ဝိုင်းလို့အုံ။ နတ်မှူးငယ် ရွှေအမွှန်က။ ရှာမရုံ-ဆော်လာခဲ့တယ်။ ဘော်ကွာမဲ့ ပူစေဘန်။ ရှာပုံဟန်နင့်သာ။ မာန်ငြိုးတင်း။ အသူရာနင့်- ဗျူဟာကျင်း။ ။ စစ်ချင်းပြိုင်ကြ၊

မိုးလယ်တိမ်ဆီ။ စစ်ချင်းပြိုင်ကြ၊ မိုးလယ်တိမ်ဆီ။ ချိန်ခါမီ-ချိန်ခါမီ။ ။ ရာသီဆန်းတယ်လေ။ ဘုံခန်းစာပျို့နှင့်။ ဆီအောင်တဲ့၊ ညီအောင်။ ။

(သဖြန်)။ ။ ရှစ်ရပ်ကယ်နှောင်။ တိမ်မင်းလွင်၊ အာကာပေါင်က။ ရီမှောင်ခါဖြိုး။ ။ ရေးတုမမှီ။ ဆေးပန်းချီငိုလောက်ကဲ့။ ကွက်ထောက်ကယ် စူကာငုံနှင့်၊ ရီမှုံခါပြာပြာနုငယ်မှာ။ ခင်းပြုချက်ဆိုး။

## ၁၅၁။ ။ မီးခွက်ကချင်းခေါ် ဘုန်းတော်ဘွဲ့ပတ်ပျိုးကလေး။ (ယမုန်သီတာ)

ယမုန်သီတာ။ အဟုန်ချီကာ။ တသုန်ဒီပါဝန်း။ ရေမြေကျွန်း။ ။ အရုံစီဖြာ။ မမှုံညီစွာ။ တဂုဏ်ဂီဝါထွန်း။ ရွှေလျှံမွှန်း။ ။ သာခန်းတွင်ဆုံး။ ရွှေဗိမာန်။ နတ်ထံမခြားလွန်း။ ။ တင့်ရွှန်းချို သံသာလေတည့်။ ရှိဦးတင်ဆင်ခါ။ ။ ဆယ်ကြာလေစုံဖူးနွဲ့။ ။ စံရာလေ ရွှေနန်းပွဲ။ ။ ကြော်သဲကြေငြာ။ မျှော်လဲဝေဆာ။ မြတ်ဖျောင်းတိုင် ထုံပျံ့ငယ်။ ကြိုင်လှိုင်နံ့ထွန်းလင်းဖြာ။ ။ ဘုန်းပွင့်ပွင့်ဖြိုးမြင့်မင်္ဂလာ။ ပြည်ပြည်ထောင်ပိုင်မင်း။ ခိုခ,လာလေလေ့။ ညွှတ်ကျိုးငယ် ဆယ်ပဏ္ဏာ။ ။ စကြာတော်လျှံမြူး။ ရောက်ကြောင်းငယ် ချိန်ခါမို့။ မိုးက္ကန္ဒာမှူး။ ။ ရင့်ကျူးငယ်သံသာ။ နဲ့ရွှေတံမြှောငယ်လေ။ ယင်ရာပျော်မြူး။ နတ်စည်သာကြူးပါလို့။ တိမ်ဦးမြွက်ညာငယ်လေ။ စီကာချီကာ သွန်းချွေချလာလေလေ့။ ရွှေမိုဃ်းငယ် ဆော်ဆင်ရွာ။ ။

(သဖြန်)။ ။ ဘုန်းမြတ်ခေါင်ချာ။ နေမဟာ တေဇာရှိန်နှင့်။ ရာနရိန်ဆယ်ကြာပုံသည့်။ စက်စုံတော်ဦး။ ။ မြမန်းခြေအောင်ဇေယျာမြင့်။ သပြေညာ ရွှေဌာနငယ်လေ။ သာစွညွှတ်နူး။

## ၁၅၂။ ။ ရဂုံမြိုင်ချာအလိုက်၊ အလွမ်း ပတ်ပျိုးကလေး။ (ဝသန်ခါမီ)

ဝသန်ခါမီ။ မိုဃ်းရင့်သီ။ ရွှေသိုင်းဝင့်ဝါချီ။ ။ တိုင်းဌာနီငယ်လေ။ ဘယ်ဆီကိုရော်ရမ်း။ သည်မောင်မှာ ဆွေးစေဘို့ပမ်း။ ။ ရဂုံလေ သာဆန်း။ ကျောက်စမ်းနှင့်ရေယာဉ်။ သွယ်ဆင်းစီးသွင်သွင်။ ။ ရွှေလျှံရွှေလျှံ ပင်မြင့် သင်းကြိုင်။ ဝတ်ပန်းနံ့ဇလှိုင်လှိုင်။ ။ ဂနိုင်လေ ဂနိုင်ကာဆီး။ ရွှေပြည် ကွာခရီး။ ။ တောကြီးလေ မြိုင်လယ်။ ပူနယ် ပူနယ်သာဆုံး။ အိုညာမယ် မြင်လှဲ့အုံး။ ။ ထုံးဆံကေ ရောင်ရစ်က။ ချစ်သူကြောင့်မှိုင်။ ။ မကြံနိုင် တကိုယ်လုံး။ ပန်းမြိုင်လယ်သာဟန်က။ ငွေလျှံပင်ဂမုန်း။ ။ ဝတ်ရည်ချွေ ရွှေပိတုံး။ ဝဲပျံကြသုံး။ ။ တိုးဇာမရီ စိုင်ဆတ်နှင့်။ တောမြိုင်ရပ်လယ်။ ။ ကျားသစ်ပြောင်ဆင်။ ရဲမာန်သွင်းတယ်လေး။ ချင်းသူတို့နယ်။ ။ သဲဘွင်ဝယ် ကြွေကျွမ်းအောင်။ လွမ်းဘော်မဲ့ဝေး။ ။ မြင်လှဲ့ပါ တကိုယ်ရေးမှာ။ ဘုန်းသူ့ကြောင့်ဆွေး။ ။

(သဖြန်)။ ။ သင်းထုံပျံ့ကြွယ်။ ဆွေမယ်ကြောင့်ပမ်း။ ။ ရွှေဝတ်ကယ်လှိုင်လှိုင်နှင့်။ ပန်းစုံမြိုင် မာလာပြန့်ငယ်မှာ။ ပွေဟန့်ပူခန်း။

## ၁၅၃။ ။ ပြင်စည်မင်းသားရေးသော၊ ပတ်ပျိုးကလေး။ (ယုဇနမာလာ)

ယုဇနမာလာ။ ဂန္ဓာပင်စုံဦးမို့လေ။ ။ ပုလဲချပ်ရုံ။ ဝတ်ဆံရွှေရည်လူးလို့လေး။ ။ မာလာရွှေငုံ ထူးတန္တွဲ့နွဲ့။ ခိုင်ညှာစိန်မှုံဖူးတလဲ့လဲ့။ လွမ်းဘွယ့်စေသား။ သီတာမြသွေး။ စီးသွယ်ကွန်။ ဖြာဝှန်ယာဉ်ကြည်ဧ။ ။ တောင်ဂန္ဓမာ။ နန္ဒမူကြာ။ မဥ္ဇူမာလာ သင်းသင်းမွှေး။ နတ်ကယ်ဘန်- ကန်မင်းကဖွေး။ ။ ငါးမည်ရွှေကြာ။ လေညာပျံ့သွေး။ ထုံဌေယ်ကြိုင်စွာ။ ဝတ်ရည်ယူသုံး။ ပိတုံးမြတောင်ဇာ။ ။ ဣန္ဒနီလာ။ သိင်္ဂါရောင်စုံဆင်းဝယ်ပလေ။ ။ မြစ်တွေးကြော်။ ဇင်ရော် ရွှေပိန်ညင်းငယ်နှင့်လေး။ ။ စံခင်းဖွေကြော့။ ကြက်ကယ် ညီနောင်။ မြင်တင်သေလာ။ ခွေကာသန်းသည့်။ မန်းမြေ တန်ဆောင်ငယ်မှာ။ ။ ရွှေဘုန်းနေလ,ရောင် ခွန်ဆောင်တိုင်းခန်း။ သိမ်းမြန်းငြိမ်းချမ်း ဇေသီတာ။ ။ လေးဒီပါ။ ကျူးတဲ့

ကျူးတေဇာ။ ထူးတဲ့ထူးထွေလာ။ ။ ရွှေစကြာ ဆက်ခါပိုင်မည့်။ ဘုံမဏ္ဍိုင် ဝေယန်ညွန့်မှာ။ ဘုန်းနေကွန့်ဖြိုး။ ။ တန်ခိုးဂုန်ဝေ။ ရေမြေခပင်း။ ဇမ္ဗူသောင်းတိုက် ချဉ်းသည်နှင့်။ ရာမင်းမင့် စိုးခေါင်တည်။ ။

(သဖြန်)။ ။ နိုင်းဘက်စံရည်။ ဝတိန်ပြည် သည်ဝယ်ပင်သို့။ အထင်ညီဘွယ်သာခု။ ပမာမခြား။ ။ [*]သောင်းမြန့်ကျွန်းမြေ။ ထီးရာနေ နန်းစံတို့။ စံဆယ်ပန်ကြာရံ လက်ကယ်မှာ။ ဆင်ရွက်ရှိထား။

## ၁၅၄။ ။ ယိုးဒယား ပတ်ပျိုးကလေး။ (မဟီရင်ဘောင်)

မဟီရင်ဘောင်။ သဲငွေသောင်။ ပိန်ညင်းငှက်မယ်မောင်။ ။ ခေါ်တ,ယောင်။ မယ်မောင်ရွှေလည်တွဲလို့လေး။ ။ ပျံဝဲလူးလာ။ ဟသ်ာဇင်ရော် နွဲ့လို့လေး။ ။ ယှဉ်နွဲ့ပျူဂှာဖူးနှင့်နှင့်။ ။ ထူးတထွေထွေ၊ ရှုလေသာဟန်ပို။ မြိုင်ညိုဟေမာ မောင်မယ်တွဲ။ နွဲ့ပျော်ကာ။ ။ ပျံဝဲလူးလာ။ သိုက်မြုံငွေ၊ ရွှေရံများ။ ဘော်ရာကြွေး ချေချို။ ။ ရွှေချိုးလင်းပြာ။ ရွှေစာ- ငုံးခါ။ မြင်သူမှာ ကြေကြေကြွပမ်း။ ပင်နန်းသာဟန်။ မြင်သူမှာကြေကြေကြွပမ်း။ ပင်နန်းသာဟန်။ ။ ဘုန်းဘုန်းရင်း နေနွယ်။ ကျွန်းကျွန်း၊ သိမ်းမြန်း-ပိုင်။ ။ သောင်းလုံး မြေလျှံ။ ရန့်ငယ်သဇင်ပန်း။ ။ မြတ်လေးငယ် စံပယ်စံပယ်။ ရွှေရွှေ သွယ်လိုင်ညီ။ နှင်းဆီ ရွှေခေါင်ရမ်း။ ။ လောင်းပန်း ရွှေနော်ဇာလေတည့်မှ။ ဒေါန-ဇီဇဝါ။ ။ ခွာပြာလေ ညိုလဲ့ လန်း။ ရွှေဇီ သော်ကပန်း။ ။ စုံလန်းမြိုင်လန်း သာယာ ပန်းပန်းက။ ထွေလာတည့် ဝေဆာ။ ခက်ရှိုင်း ရှုတိုင်း သွယ်ဖြာ။ ရွက်ရော်သိင်္ဂါ ညှာချင်းနှော။ ။ လွမ်းလေအောင်ဆင့် ကျေးငယ်ပင်။ ကျိန်ရေသုံးလို့ဘုန်းမမြင်။ သဲရွှေဘွင်ငယ်ကို။ လှသဇင် မပြေတို့နိုင်ဘူ။ ကြွေမသို့အူချာပူတာ။ ရှင်းနိုင်ဘုသာ။ ။ ငွေသော်တာ ဆွေနတ်မင်း။ လှကံဘန်ခဲ့တယ်။ နတ်ကယ် အိုညီညာဘဲ။ ရွှေဘွင်သဲဝယ်။ ။ ရွှေကိုယ်မှာ။ ဖြေဆည်လဲ။ သဲကညွှတ်ကြင်။ ။ လှသဇင် ပင်ကိုယ်ထူး။ ပျောင်းခွေမူးတယ်။ ။ ဘယ်ဝယ်သိမှန်း။ တိမ်နန်းထွေလို့ရဝေစမ္ပာယ်၊ ကူးပြန်မိတယ်။

## ၁၅၅။ ။ မြဝတီမင်းကြီးရေးသော၊ ဘိုးတော်ဘုရား ဘုန်းတော်ဘွဲ့ ယိုးဒယား- ပတ်ပျိုးကလေး။ (ရိန္ဒမာလုံ)

[†]ရိန္ဒမာလုံ။ [‡]သိန္ဓဝါပျံ။ ။ နတ်နှင်းဆက်သ,နံ့။ ။ စက်ထံတော် စုံရင်း။ လှုံဝပ်စင်း။ ။ ဆင်မင်းပြောင်ဆဒ္ဒန်။ ထင်လင်းနောင် မှတ်ရန်။ ။ နေသဏ္ဍာန် ဖြာဝင်းလန်း။ ။ [§]ကေနားပန် ရာမင်းပန်း။ ။ဇမ္ဗူတိုင်းခန်း။ သိုက်မန်းငွေချာ။ ခွန်သွင်းသ။ လွန်မင်းစွ။ ကျွန်ရင်းဖျာ့။ ခိုလှုံကါ။ ဒီပါကုန် ညီလာခ,လှာရ။ ဝဇီရာစုံ-စီမြွာသ,ပါတဲ့။ သီဟာသ,ဥကင်လာ။ ။ သမ္မာမိုယ်း။ ရွှာကြိုးလေ စွေလို့စွေလို့။ ။ ဘဝင်ချုန်း။ ရွှေဘုန်းတော်- ရောင်ပျို့။ ပြောင်လို့။ ။ ဖြိုးဝေဖြာတဲ့ မိုးငွေချာ။ ကျင့်တရား။ မမှားလေ ဆယ်ဖြာ၊ ဆယ်ဖြာ။ ကျင့်တရား။ မမှားလေ ဆယ်ဖြာ၊ ဆယ်ဖြာ။ ။ အတုကင်း။ ဆုရင်းကို-ပန်ထွာ မှန်စွာ။ ဖောမိပွင့်လျာသို့သာ။ ရင့်မာတဲ့ လောင်းသမ္ဗုဒ္ဓါ။

---

[*] ဤနေရာ၌။ ။ လေးရောင်ကွန့်ဆိုင်။ ခြောက်ဘုံပိုင်နန်းစံမှ။ ဘန်လာမည် လိုတော်ပြည့်ကို။ ဆင်ဘိနှစ်နား။ ။ ဟူ၍လည်း အချို့ ဆိုကြသည်။

[†] ရိန္ဒမာလုံ = ရန်သူကိုနိုင်နင်းသောလုံ။

[‡] သိန္ဓဝါပျံ = သိန္ဓောမြင်းပျံ။

[§] ကေနားပန် ရာမင်းပန်း = အမင်းမင်းတို့၏ ကေသာဆံ၌ ပန်အပ်သော ပန်းသဘွယ် ဖြစ်သောအရှင်မင်းမြတ်။

## ၁၅၆။ ။ ဇာတ်ဆရာ ဦးကျော့က်ခဲရေးသော ပတ်ပျိုးကလေး။ (လွမ်းရန်ပို ငိုချင်သား)

လွမ်းရန်ပို ငိုချင်သား။ ရွှင်နိုင်အားနှင့်များပူအင်။ သဥ္ဇာဘုံဗွေမှိုင်ကာဆွေး။ ။ ရေးရွှေပင်လယ်ငယ်မှာ။ ဆွေးမောင်ငယ်ချည့်သာ။ ။ သူလဲလာမမြင်။ အို ပူပွဲနောင်ခါကြုံအင်။ ။ သဥ္ဇာမော့် ဦးငယ်မှာ။ မောင်တကိုယ်ထူးသာ။ ။ ခွေခွေလေကွေးရှာ။ ရေပင်လယ်မှာ။ လောင်းငယ်ကသာ။ ။ ရောကုန်ကြူးလို့။ ကူးငယ်ခတ်ရှာ။ ။ သုံးပင်တိုင်သာ။ နတ်ကယ်စံရာ။ ဖူးစာကိုယ်ရေးနှင့်၊ အိုကြုံဆွေးတယ်။ သုံးပင်တိုင်လယ်။ ။ နတ်ကယ်မောင်အနွယ်။ ပင်လယ်ဟိုဘက်ကမ်းက။ လာမြင်စမ်းရှာ။ ။ ကျွန်း ရွှေ မလွှာငယ်ကို။ ကူးရောက်နိုင်ပါသလေ။ ။ တဘုန်းငယ်ဆီမှာ။ တွေးတတ်နိုင်ရှာသလေး။ ။ အဏ္ဏဝါငယ်။ အဏ္ဏဝါငယ် ။ ဝဲရေကြော့လယ်ငယ်မှာ။ ကမ်းဘယ်ဝယ်- ကမ်းဘယ်ဝယ်။ ငြီးယောင်မိတယ်လေး။ ။ သုံးပင်တိုင်ပေါ်ငယ်မှာ။ အို ကိုယ်တော့်ဆွေးပြီလေး။ ။ ရေးရွှေညဉ့်လွှာ။ ခြုံပါလို့လဲ။ လုံလိုတဲ့ဘဲအမေ။ ။ သံတိုင်းနေငယ်ကို။ လူရေကခြားခြား။ ။ ရွှေပင်သူဘယ်ဉာဏ်တိမ်းနှင့်။ စိမ်းရှာသိလဲအမေ။ ။ လွမ်းမညီသည်ဆီကိုလဲလေ။ ။ အသဲမှာ နရွှေကိုယ်တူဘဲခုမို။ ဘော်ကွဲလို့ကွာကွေ။ ။

(သဖြန်)။ ။ ရွှေမြေထီးသုံး။ ။ ရောက်နှိုးနယ်နယ်နှင့်။ သုံးပင်လယ်ပူတယ်နတ်ကယ်မှာ။ ဘယ်ကပ်တဲ့တုံး။

## ၁၅၇။ ။ မြဝတီမင်းကြီးရေးသော၊ အလွမ်းပတ်ပျိုးကလေး။ (စက်လဲမရွှင်)

စက်လဲမရွှင်။ ကျမျက်ရေ တွေတွေဆင်း။ ငွေနှင်းလည်တို့သွင်။ ။ တုံ့ကာဝင်ရှုတင်။ မယ်မြင်လှဲ့လေး။ ဆိုယောင်မှိုင်မိသေး။ ။ ရိပ်ပေးခါမျှော်လို့။ တော်ရုံပင်မာန်ပျိုးပ။ ဘိုးရွှေလယုန်မင်း။ ။ ပြာလဲ့မှာ ဇာချဲ့တယ်။ မုန်းမာန်နှင့်တင်းတင်း။ ။ နှင်းထုံတဲ့ ဘုံမှာကိုလဲ။ ခင်းကြုံရနဲ။ ။ မယ်လဲကံသာ။ သည်မှာရွှေကိုယ်။ အလိုလိုဆွေးလို့ ဆွေးတယ်ကို။ ။ ပြုတော့မည်နှယ်။ ရွှေရင်ဝယ် တအုံလုံးမှာ။ အုံးအောင်ခြိမ့်သဲသဲ။ ။ ဘယ်နတ်ကယ်တဲ့စီမံ။ ပူဆွေးရပြန်။ ။ မကြံနိုင်၊ ယိမ်းယိုင်ခွေကာနွမ်းပါလို့လေ။ မကြံ မကြံပါနိုင်၊ ယိမ်းယိုင်ခွေကာနွမ်းပါလို့လား။ ။ ပန်းကြွေတဲ့ ဖဲစက်ရာ။ ခွေကာသာယိုင်လို့-မှိုင်မိသေး။ ။ နတ်နှုန်းသူ့ရုပ်သွင်။ သဲရွှေဘွင်ကသာ။ မြင်လာရေး။ ။ ဇနိုင်တော့ပါလိုကတဲ။ လေးရန်ဆင့်ကဲ။ ။ ကြိတ်ခဲကြံလို့ကြိုးပါတယ်။ မြနန်းဆောင်ဆောင်လယ်က။ မိန့်ရွှေတော်ခွန်း။ အို ညွှန်းပါသင့်တယ်။ ။

(သဖြန်)။ ။ ပူဘွယ်သာ ထပ်ခါနှင့်။ ဖျာပါဆင့်ဆင့်ကဲ။ ။ ရွှေရင်ထဲက။ စွဲလို့ကြေနိုင်။ လဲခွေလို့ယိုင်တယ်လေ။ မပိုင်တို့နိုင်သေး။ ဘယ်ဝဋ္ဋကယ်တုံ့တင်လို့။ လှကြေးမျှင်။ စိန်မှုံနှစ်ကယ်ကို။ ဘုန်းချစ်ရနဲ။

## ၁၅၈။ ။ စက်လဲမရွှင်အလိုက်၊ ရဂုံဘွဲ့ အလွမ်း ပတ်ပျိုးကလေး။ (စက်နန်းရဝိန်)

### စာရေးတော်ကြီး-ဦးမောင်ကလေးရေးသော၊ စက်လဲမရွှင်အလိုက်၊ ရဂုံဘွဲ့ အလွမ်း ပတ်ပျိုးကလေး။

*စက်နန်းရဝိန်။ ဖြန့်ထွက်ချီ ဗာဟီမြန်းတယ်။ ပြင်ခန်းစံတဲ့ချိန်။ ။ ရှစ်နယ်ပြန့်မှိန်။ မြူအိမ်ဖွဲ့သန်း။ နှင်းငွေကဖျန်းဖျန်း။ ။ ခွာဖူးငယ်ငုံခိုင်နှင့်။ ကြိုင်ဝတ်မှုံ ထုံသင်းတယ်။ မင်းမူခ- ပန်းပန်း။ ။ လေသွဲ့ရာ ခွေနွဲ့တယ်။ နူးကြည်လဲ့ဆန်းဆန်း။ ။ စမ်းရေကွန့်ညာ။ ဘယ်ရက်ကယ်စီးဝှန်လဲ့သွေး။ မျှော်ရေးကုန်နိုင်။ ညာပြိုင်ဂေါ်ဇင်။ တော်ဝင်အမှူး။ မှူးမဲ့ပြင်။ ။ ကြွေတော့မည်သွင်။ ။ ဘယ်ကေရှင်။ မဆင်မြန်းတယ်။ ကုံးသီဘွဲ့လန်းလန်း။ ။ နွယ်နတ်ကယ် ဆွေညာ။ ပါဘဲမို့သာ။ ။ ခရာပုံ။ ကမ်းကုန်ယဉ်မူဆန်းနှင့်လေ။ ရဂုံဗွေ။ လှမ်းချွေဆင်တော် စမ်းစေရလေး။ နွဲ့ပျံကြြ ကျေးသရကာ။ ပန်းဘုံကြာ။

---

* စက်နန်းရဝိန်။ ဖြန့်ထွက်ချီ ဗာဟီမြန်းတယ်။ ပြင်ခန်းစံတဲ့ချိန် = ရောင်ခြည်တထောင် အလင်းဆောင်သော နေမင်းသည်။ ကောင်းကင်ပြင်၌ ။ အဗ္ဘောဝီထိ၊ မဇ္ဈေဝီထိ၊ ဗာဟီဝီထိ၊ ဟူသော- အတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်း၊ လမ်းသုံးလမ်းဖြင့်။ ပြောင်းရွှေ့သွားလာမြဲဖြစ်သည်တွင်။ ဤအချိန်မှာ။ ဗာဟီတည်းဟူသော။ အပြင်လမ်းဖြင့်သွားနေသော အချိန်ဟူ၍ဆိုလိုသည်။

ခေါက်ရှာကျေး။ ဥဩနှင့်ဖိုးခေါင်ရွှေ။ လွမ်းရန်ထွေလို့သာ၊ သံကျူး၍၊ သဲခုံပြန့် စင်ရော်မြစ်တွေး၊ ထူးခေါ်ကြမေး။ ဘော်ဝေးသူတို့ ဆွေးစေဘွယ်။ ထက်မိုးပြင်ပေါင်က မိလ္လာရောင် ဆိုင်းတယ်၊ မှိုင်းရီလို့မဲ့။

(သဖြန်)။ ။တိမ်နယ်သာ ထပ်ခါနှင့်၊ ဝလာဆင့်ဆင့်ဖြိုး၊ တံရှည်နှိုးလို့၊ တံပိုးအိမ့်ရှင်၊ ကျူးသံငြိမ့်လွင်။ မရွှင်တို့နိုင်သေး။ မြိုင်ရိပ်ကယ် ချပ်မှျောင်နှင့်၊ မြစိမ်းတောင် သေလာပြန့်ငယ်မှာ၊ မျှော်တန့်လျက်ဆွေး။

**ပြင်ဆင်ချက်။ ။** "စက်နန်းဝရိန်" ၏ ပတ်ပျိုးမှာ၊ ပေမူအတိုင်း ရိုက်နှိပ်လိုက်သည်။ ယခု သီဆိုနေကြသည်တွင် (စမ်းရေကွန့်ညာ ... ကုံးသီဘွဲ့လန်းလန်း) အထိ မပါ မရှိခြေ။

## ၁၅၉။ ။ ပြင်စည်မင်းသားရေးသော၊ ဘုန်းတော်ဘွဲ့ပတ်ပျိုးကလေး။ (ရင့်ကျူးငယ်မန္တာ)

ရင့်ကျူးငယ်မန္တာ။ သံဝါဖြိုးဝှန်။ ရွှေမိုယ်းငယ်ရွာသွန်ကြိုး။ ။ မြစ်မင်း အဏ္ဏဝါ။ သီတာအင်းကန်။ ရေကျုံးငယ်ဖြာလျှံမိုး။ ။ တိုင်းခန်းပြည်သူ။ ဆုယူကြွေးသံ။ ကောင်းချီးငယ် ကြော်ညံသဲ။ ။ အောင်ပွဲဇေယျာ။ စည်သည်နှင့်သာ။ ရာကြူးသက်တော်ရှည်။ ။ စံမည်လေ ပျော်ကြောင်းရေး။ ဘယ်ဘယ်မာန်။ ရန်တင်းငယ်ဝေး။ ။ လေသွေးတိမ်ဖြူ။ ရောင်လင်းနေတူ။ ပြည်ရွှေမြေ စံအမရမှာ။ ထီးရာများထွန်းမှန်ကူ။ စိုးတင့်တင့်မိုးတော်မူလေ။ သပြေခွန်ယူ။ သောင်းဖွေမြင့်ငွေလေလေ့။ မြတ်ဘုန်းငယ်ပါရဂူ။ ။

(သဖြန်)။ ။ ကိုးဆင့်ကြယ်ချူ။ ရွှေပစ္စူကာ ကဒဏ်နှင့်၊ အပရန် မြေသီလာညွန့်။လေးဒီပါချုန်း။ ။ ကောဝိဋ္ဌသိန်။ မုန်စီရိန်နန်းပျော်တို့။ ဘုန်းတော်ကို တံရွှေမင်နှင့်။ မဟာဝင် တပုံခန့်ငယ်မှာ။ စီအုံဆွတ်ကုံး။

## ၁၆၀။ ။ ပြင်စည်မင်းသားရေးသော။ မျှော်တော်ယောင်ပတ်ပျိုးကလေး။ (မျှော်တိုင်းခုဝယ်)

မျှော်တိုင်းခုဝယ်။ ။ ကျွန်းဘွယ်၊ ညွန်းရွယ်၊ လွမ်းနယ်ဆည်တား။ ဘန်မလွယ်။ ကံငယ် ဆိုမိမှားသည်နှင့်လေ။ ။ ကြည်ဘွယ်ဖြေဖြား။ ကယ်သားပ ဆွေးရက်ခုစေ။ ။ ဒီပါအောင်မြေ။ သီတာမျှောင်ခွေ။ ဘီလာတောင်ခြေ ဆိုင်းဆိုင်းမြင့်သွန်း။ ရွှေဗိမာန် လျှံညီးကွန့်ရွှန်း။ ။ ကမ္ဘလာဖွေဝန်း။ တင့်ရွှန်းငယ် သေလာ၊ မတမ်းခု ဘယ်ရေးတော်သာ။ ။ ကုန္ဒာဆွေဘုန်းမြတ်ဖျား။ ဆောင်မျက်မြင် ထင်သိသင့်သား။ ။ များရွှေရုံခ သုံးဘော်ရွှေညီ။ နှင်းလိုင်ဖွေပြန့်အုံးဇာကတီ။ ။ သိမ်းတဲ့နိုင်ပြီ။ ကေသီချယ် မရုံးနိုင်နှင့်လေ။ ။ မြသားရွှက်ရှင်။ ပြီချင်ပြီ-မထုံးနိုင်နှင့်လေး။ ။ သုံးယံညည့် *သန်းလွန်ခါတော်။ ငွေမောင်းငယ်ဆော်။ ။ မေးယောင်လွန့်စက်ပါမပျော်။ သောက်လင်းငယ်ကျော်။ ။

(သဖြန်)။ ။ ခင်းညှံ့ဘုံပေါ်။ †မျက်ဝေရော် စိန်ဝဇီသို့။ တိမ်သိင်္ဂီ မျှော်ရာဘန်လို့။ ဖြေခက်ရန်ခင်း။ ။ လွမ်းသူ့ထက်ကြွယ်။ သည်ဝယ်သာ-ရေးကြုံလို့။ နတ်အမွှန် မာန်ငြိုဘိတယ်လေ။ ကိုယ်သိဖြစ်ရင်း။

## ၁၆၁။ ။ ဘုန်းတော်ဘွဲ့-ပတ်ပျိုးကလေး။ (သပြေညာပေါင်)

သပြေညာပေါင်။ ပရမေသာခေါင်။ ခုနစ်ခွေ ရေတောင်ညွှန်း။ အောင်မြေကျွန်း။ နီလာစိန်ကြောင်။ ပြာပြာရီမှောင်။ ညိုမှိုန်မမှောင်ထွန်း။ ပြောင်ပြောင်ရွှန်း။ ။ ရွှေဝမြို့နန်း။ သာဗိမာန်။ နတ်ဌာန် မခြားလွန်း။ ။ ပုံ့ဖွန်းမြန်သပြေလေတည့်မှ။

---

* သန်းလွန်ခါတော် = သန်းခေါင်ယံလွန်ပြီးသော အခါတော်တွင် ဟူ၍ဆိုလိုသည်။

† မျက်ဝေရော်= မျက်မျိုးဖြစ်သော၊ ဝေရောစန ပတ္တမြား။

ဘုန်းမိုယ်းထပ်ခါစွေ။ ။ ခါနွေလေ ပေါ်ဦးဆန်း။ ညှာကြွေလေ ပျော်မြူးမြန်း။ ။ စံခန်းအောင်မြေ။ လျှံလန်းရောင်ဝေ။ ခန်းညာနေရွှေပြည်ဝမှာ။ တိုင်းရာများဥသျှောင်ဖွေ။ ။ ပွားဆင့်ဆင့်များဝေနေလေ။ ကျူးစည်ဆော်ကာကြွေး။ သံရင့်ချွေလေလေ့။ မြရိပ်ကယ် မြန်သပြေ။ ။ မြတ်စေတနာတော်ထူး။ ရွှေကျောင်းတော် ဝေယန်က။ သာဟန်ပျံ့ပျံ့ပျူး။ ။ ပြောင်လူးငယ် မုံသွင်။ မိုးမျှမျှ ဆဒ္ဒန်ဆင်။ ရင်ပြင်ဖွေဦး။ တောင်ရွှေမြေမှူးငယ်က။ စုံဖူးစကြာငယ်လေ။ ဆက်ခါသာကြည်ဆိုက်ပြန်တော့သည်လေလေ့။ ညွတ်နူးငယ် သာလွယ်ကြည်။။ ။

(သဖြန်)။ ။ ဝပြောငယ်စည်။ နတ်နန်းပြည်ဝတိန်သွင်ပ။ ဘုံစဉ်ကိုပယ်နယ်သန့်လို့။ မခန့်လေဘူး။ ။ ဖလ်နန်းနေဆိုင်နှင့်။ ယုန်ငွေပြိုင် သါလေမြင့်ငယ်မှာ။ ရာမင်းမင့်းမှူး။

## ၁၆၂။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ပင်ဝန်းညာသပြေ)

ပင်ဝန်းညာသပြေ။ သီးညှာကြွေ၊ ရွှေမြေဦး။ ဝေယန်နန်းညွန့်ဖူး။ ။ မှူးမျက်ပျံ လျှံထိန်ထိန်။ မြကြောင်နီလာစိန်။ ။ ဘုန်းနေသွှိမ်ငယ်တည့်မှ။ နှုန်းတဲ့ နှုန်းဆောင်ချိန်။ ထွင့်နိုးရွှေဝတိန်မြင့်။ ဘုန်းက္ကန္ဒာမှူး။ ။ ညွတ်နူးငယ်ဆယ်ဖြာ။ ။ စကြာတည့်ရည်စူးစူး။ ။ ဖူးလွယ်စေတည့်မှ။ သောင်းကျော်ဝှန်ဝေ။ ။ မယ်မေခလာ။ သွယ်ဖြာညွတ်နူး။ ။ *သုန္ဒြီညာနေလေ။ ယင်ကေသီခိုင်။ သိမ်းနိုင်ပြီဘူး။ ဆယ်ခိုင်ကြာလန်းဖူး။ ။ ထူးကုန်နိုင်ပါ။ သီဟာဖွေ။ ထွေတည့် ထွေဆန်းထူး။ ။ ဘုန်းဆိုင်ဆိုင်ရောင်ပြိုင်ကူး။ ။ နူးကြည်ဘွယ်သာ။ ရှစ်ပြဟ္မာ။ ဇေယျာအောင်ဆုကျူးတယ်လေး။ နတ်ရေငယ် အမွှန်မှူး ။ ။ သွန်းဆော်ခြိမ့်မြူး။ သာစွမြေယံ။ မြိုင်လုံးငယ်တည့်ကျံကျံ။ ရွှေသိုက်မြံု- ပင်ဘုံဦး။ ။ ပျော်မြူးရွှင်ကြ - ညံလေတည့် ရွှေရံ။ မောင်နံမယ်သာနော။ ရွှေပျူပွာ။ လေ- သာကာ ဘော်ညီဝေး။ နန္ဒာကြိုင်သင်းမွှေး။ ။

(သဖြန်)။ ။ စီးသွယ်ကျဝှန်။ ရေစွန်ကဇေ။ ။ မိနတ်ကယ် ဗိမာန်နှင့်။ မဟာကန် ကုဏ္ဍလာက။ ဘယ်ချိန်ခါ ညှာမလင့်ပါဘု။ သည်ခင့်မောင် ပျော်တော်ရှာလို့ငယ်။ ကြားလာတဲ့ရေး။

## ၁၆၃။ ။ အဆိုတော် မယ်လုပ် ရေးသော၊ ကျေးစေ ပတ်ပျိုးကလေး။ (ထွန်းလင်းလျှံလက်)

ထွန်းလင်းလျှံလက်။ ဖလ်စက်လျှံ။ သန္တာရည်သွေး။ လည်ရေးမြတောင်ပံ။ ဟန်တချီချီကျူး။ တောင်ပံ ယှက်ခါမြူး။ ။ ဖူးတင်သ။ ဦးညွတ်ခ။ ကျေးမြစိမ်းရွှေ။ စေတော်မူဦး။ ထက်တိမ်ဘုံ။ တောင်ဟုန် ကွန့်ကွန့်မြူး။ ။ ထူးထူးငယ်နှင့် ရွှင်မြူးငယ်ကြော်ကြွေး။ လေပြည်သွေး။ ဟန်ရေးရွယ်ကာချီ။ ။ ထက်တိမ်ဘုံဆီငယ်မှာ။ သာကီငယ်နွယ်အား။ စေတော်မူကြောင်းမဟုတ်လား။ ။ ရွှေ ရွှေ ရွှေ နားထပ်ပါလို့။ တပ်အပ်ကယ် †သေကွေ။ ခွန်းမိန့်တော်ထွေ။ ။ မြသေချာသံမှုန်နဲ့။ ကျေးစေတမန်။ ရွှေချိုင့်စံ-ဟိုကျွန်းက။ နေယွန်းလျှင်ပြန်ခဲ့ပ။ ရွှေချိုင့်စံ-မှန်ပုံနှစ်ကယ်။ ပန်းမှုံဖြစ်ကျေး။ ။ ကိုယ်လေးငယ် တမန်။ စိန်ချိုင့်စံ။ လျင်မြန်စွာဟိုကျွန်းက။ မလွန်းခင် ပြန်ခဲ့ပ။ စိန်ချိုင့်စံ မှန်ပုံနှစ်ကယ်။ ဘုန်းတော်ဖြစ်ကျေး။

(သဖြန်)။ ။ လေနှင့်ရော။ တိမ်ကြောကို ပျံပါလေကွယ်။ ပန်းရည် ငှက်ကယ်။ ။ နန်းရွှေဘုံနယ်။ ဆွေမယ်ရို့ထံပါး။ ချန်မဆိုင်း-ပါနှင့်။ မှန်တိုင်းတင်ပါချေကွဲ့။ နန်းမြေသူ့ပါး။

* သုန္ဒြီညာနေလေ = ကောင်းခြင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသော တောင်ညာစံထား။ မိဘုရား ကိုဆိုလိုသည်။
† သေကွေ = အသေအချာ။

## ၁၆၄။ ။ မင်းကြီးကတော် ခင်ဆုံရေးသော၊ ကျေးစေမယ်ဘွဲ့ ပတ်ပျိုးကလေး။ (လေယာဉ်မြန်း)

လေယာဉ်မြန်း။ ။ စေမှန်းရွှေလျော်။ ငယ်ယုံပူဘော်။ နန်းစိန်ချိုင့်ပျော်။ ။ ကြင်နယ်ယွင်း။ မြတ်မှာတော်ရင်း။ မင်းတင်ချေနော်။ ။ ရုံညီလာပျော်။ စိမ်းမူးမေ့သော်။ ။ သည်ကိုယ်တော်ငယ်။ စိမ်းမူးမေ့သော်။း ။ ကြင်နယ်ယွင်း။ မြတ်မှာတော်ရင်း။ မင်းတင်ချေနော်။ ။ သည်ကိုယ်ညှိုးလျော်။ ရွှေဘော်မမြန်းနိုင်ပြီ။ ရွှေဘော်မမြန်း။ ညွှန့်စုံရှိပန်း။ ။ မလန်းငယ်ကြုံ။ ဆန်းပုံမာယာမူမို့။ နန်းသူ့ယုံနိုင်ရန်။ မှာသူ့ဘန်တော်ဝေး။ ။ စိုးအင်ရှစ်ဖြာ။ သည်သာတင်ရော့- ထံရွှေမှောက်ကယ်မှာ။ ပြန်လျှောက်ခွင့်ရေး။ ။ [*]လော်သွေးဆယ်နည်း။ ကြိုင်ရည်ပန်းပြည့် ညောင်လယ်။ ။ ကြံမျှော်မှန်းဆ နောင်ဝယ်။ ကြင်ညာဘွား။ ချော့ဖြေဖျား။ ပျော်ပါးပေလိမ့်မယ်။ ။ ညှိုးတယ်လေလား။ အိုသွေသော်။ ညှိုးတယ်လေလား မေ့အားနိုင်လှတယ်။ ။

(သဖြန်)။ ။ ဝေးသူ့သွယ်။ ။ မျက်ချယ် ရွှေတောင်ပံညွှန့်။ [†]နီဖလံ ဆယ်ရည်မွှန်ပွင့်။ မြလွှန်စံသား။ ။ လေချိုသွေး။ တိမ်ဆေးငယ်လေလွှာလွှာလို။ ပိုမိုနိုင်သူ့ဉာဏ်ပိုင်ကွန့်ငယ်ကို။ တင်ဝံ့ငဲ့လား။

## ၁၆၅။ ။ စလေဦးပုည ရေးသော၊ ရေသည်ဇာတ်ထွက် ပတ်ပျိုးကလေး။ (မယ့်ကြမ္မာ)

မယ့်[‡]ကြမ္မာ၊ ဇာတာဘယ်ဂြိုဟ်ဆိုးလေသိလေ။ ။ ခေါင်းမှာတင်၊ နေ့စဉ်သည်ရေအိုးငယ်နှင့်လေး။ ။ ဆိုးလေကံကံ။ ညှိုးလေ ဘန်ဘန်။ သည်ရေသယ် ကြမ္မာဝဋ်ကို ဝိုင်းချွတ်ပွဲ- ထက်မိုးစံ။ ။ တိုးတဲ့မှ ဘိုးတော်ထံ။ အို- တိုးတဲ့မှ တိုးဝင်ပန်။ ။ ခုအမြန် တင်လျှောက်လဲ။ ထက်ဝတိန် ပြည်လမ်းပေါက်ပဲ။ ။ ဣန္ဒာလေ စိုးကဲစိုးကဲ။ ရှုဘဲငယ် နေနိုင် နေနိုင်။ ထားရက်ပေ့ခြောက်ဘုံပိုင်။ ။ ရွှေမဏ္ဍိုင် တောင်မြင့်ဖျား။ [§]ကမ္ဗလာတော်။ အို- တင်းသင့်သား။ ။ သည်မယ်လေ နွမ်းပါး။ ပမ်းအားငယ်လိုက်ဖို့။ ရှေးဝိပါက်၊ တွေးသိခက်၊ လေးဘိချက်တောင်သို့ကို။ ။ ဆိုယောင်ရမ်း။ တောင်နန်းလေ- မေရုမေရု။ ဣန္ဒာမင်း မတင်းလေ - ပဏ္ဍု ပဏ္ဍု။ နကမ္ဗလာ ခုအခါ။ လေးပါးငယ် သူဇာသူဇါ။ ဘိုးဘုရား။ ကြိုးစားတော်မူရှာမူရှာ။ မြူပျော်ကာနှင့်သာ။ လူ့ရွာသို့ရှုနိုင်ပါ။ ။ ရေ့အကြောင်း။ ရေရောင်းသူ မယ်နှင့်မယ်နှင့်။ ဖူးစာရေး။ ကွာဝေးလေရှာထင့်ရှာထင့်။ ခွင့်မသာ၊ လင့်စရာ၊ မဇကြောင်း၊ ရေးဟောင်းကံသာ ဘန်ရာ။ အဆွေးလောင်း။ ဝေးတောင်းမှန်စွာကြုံကါ။ အို-ဘယ်ခါမှ။ ပူတါနှင့်ကင်းနိုင်ရာ။

## ၁၆၆။ ။ တောတောင်ဘွဲ့ ပတ်ပျိုးကလေး။ (မြိုင်ခြေစုံသာ)

မြိုင်ခြေစုံသာ။ အိုင်ရေကုဏ္ဍာ။ ခိုင်ရွှေဒုမ္မာ ပျံ့ပျံ့သင်းသင်း။ [**]ဂေါ်သီတာ။ လေးသွယ်ကျဆင်း။ ။ ပြောင်စိန်ထိန်လင်း။ တောင်မင်းဂီရိ။ သွန်းဖျားဝန်းလျှား။ ငွေစွန်ငွေပြွန် ညာကြောကျလျော။ ရေတံခွန်သာမောပါဘိ။ တောဟေမဝန်။ ။ နတ်မွှန် [††]ထိုရ်ဇာ။ လိုရာဘို့မှန်း။ ဂီဝါရောင်၊ နီလာပေါင်။ စိမ်းမြညိုရောင်။ ဘယ်တောင်သာ ခေါ်ကြမှန်းသည့်လေး။ ။

---

[*] လော်သွေးဆယ်နည်း = မီးဖြင့်ဆယ်ကြိမ်လော်ပြီးသောရွှေ။

[†] နီဖလံ ဆယ်ရည်မွှန်ပွင့် = နီဖလံရွှေကို မီးဖြင့်ဆယ်ကြိမ်လော်၍ရသောရွှေပွင့်။

[‡] ကြမ္မာ (သသက်ရိုင်း) = ပြုခဲ့ဘူးသော မကောင်းမှုကံ။

[§] ကမ္ဗလာ = ပဏ္ဍုကမ္ဗလာ (ပါဠိ) = သိကြားမင်း၏ ကျောက်ဖျာ။

[**] ဂေါ်သီတာ = မြေကြည်လင်သော ရေဖြင့်ပြည့်စုံသောမြစ်။

[††] ထိုရ်ဇာ = ဇာထိုရ် = ဝိဇ္ဇာထိုရ်နတ်ဆိုလိုသည်။

(ရတု)။ ။ နန်းမြင့်ကေရှင်။ ရွှေနားဆင်လော။ ဆယ်အင်ဇာတ်မှာ။ ပညာကြီးသူ။ ဝိဓူရစစ်။ ဖြစ်သည့်ခါကြုံ။ အာဏာပုံကြောင့်။ နပုဏ္ဏက။ မြင်းအသဲသနှင့်။ ရှင်ကမြူးကြွား။ အံလောင်းစား၍။ ပတ္တမြားကျောက်။ ထွန်းတောက်အရောင်။ တောင်ဝေဘူပ။ လူတို့ဝေါဟာ။ ခေါ်ကြပါသည်။ ။ နန်းလျာ ထိပ်ခေါင်တင်ဘုရား ဘုရား။ ။

(သဖြန်)။ ။ တိမ်ကြားငယ်မှီ။ ရှေ့ဆီ။ ဘယ်တောင်ခေါ်သည့်။ ကျွန်ယုံတော် ဉာဏ်ကျယ်ချဲ့လို့။ တင်ခဲ့ပါစမ်း။ ။

(ဘောလယ်)။ ။ ဘုံသုံးလူ့ကော။ ငါးထွေမာန်ဉာဏ်တော်ချုပ်ပေတဲ့။ ဗုဒ္ဓဟေ ပင်သီရိသာပ။ ဇောဓိညောင်နန်း။ ။

(သဖြန်)။ ။ ဝိုက်သန်းလို့ချွေ။ သဲငွေခုံ သောင်စွယ်ရစ်ပေတဲ့။ ဘယ်မြစ်ပေလဲ။ ။

(ဘောလယ်)။ ။ တနံငယ်သာ။ သုဇာတာ ရွှေစင်ခွက်ကယ်နှင့်။ အထက်ကယ်စံတော်ရာနှင့်။ ရွှေမြစ်သာ နေရဉ္ဇရာ့ငယ်လို့။ ရေးကခေါ်မြဲ။ ။

(သဖြန်)။ ။တနံငယ်သာ။ သုဓမ္မာ သာလာရပ်လိုနှင့်။ ထေရ်မြတ်ကယ် ဘယ်သူတော်တို့။ ပျော်တဲ့ဘုံတုံး။ ။

(ဘောလယ်)။ ။ ဘုံသုံးလူ့ကော။ ခြောက်ရောင်ရှိန် ထိန်လင်းတဲ့။ သိမ်စကြံ့ စံတော်ရာနှင့်။ ရတနာရွှေအိမ် မြတ်ကယ်လို့။ စွဲမှတ်ပါဘုန်း။ ။ အထုံးထုံးငယ်နှင့်။ စုရုံးငယ်သည်မှာ။ သာယာထွေထူးတယ်။ စုံစီအံ့ဘွယ်ကြူးပါလို့။ ကြည်နူးဘွယ် သည်တခို။

## ၁၆၇။ ။ မြဝတီမင်းကြီးရေးသော၊ တောဘွဲ့ ယိုးဒယား ပတ်ပျိုးကလေး။ (သာယာစုံစီ)

သာယာစုံစီ။ သီတာရံခဲ,ဝန်း။ ရန်ထူးကျွန်း။ လွမ်းတယ်လေ မျှော်လေ၍သာ။ ။ ဆန်းလှလှ ထွေထွေရာရာ။ ဝေဝေဆာဆာ။ ယဉ်ရေခွေကာ။ လေးဖြာခ,ယမုန်ဆိုင်း။ မြိုင်မာလာ။ ။ ယိမ်းပင်သာ-ယိမ်းနွဲ့နွဲ့။ စိမ်းလဲ့လဲ့ပြာကြော။ များရှင်လူနိဝင်ရ။ စည်ပင်စွ လွန်သာမော။ ။ စည်ပင်ဝပြော အံ့ဩမကုန်။ ကျွန်းများရန်လုံငယ်လေ။ မြဘွဲ့ရသရက်ခံမှာ။ ပျော်ဘွယ်စုံလှ။ ငွေမှုံညငယ်မှာ။ လွမ်းနစ်ခုဆွေး။ ။ ကျေးငှက်ကယ်ညံ့ညံ့။ မောင်နံ့ပျံ့ဝဲ။ ရွှေဝမ်းဘဲငယ်နှင့်။ ပဲထွေးငယ်ဇင်ရော်။ မြူးကာပျော်တဲ့ ကျူးကာကြော်။ ။ တွံဘော်ဖိုမ၊ သောင်တင်းစသည်။ ဟသ်ာမောင်နှံ။ ချစ်ရေးငံတဲ့။ ရင့်ကြွေးပျံ။ ။ ညံစီစီ။ သံညီသံကွဲပျောင်း။ သာရကာလေ။ သာမျိုးပေါင်း။ ။ ငြိမ့်ညောင်းလှလို။ မယ်ညိုခေါ်ဆိုကျူး။ ဝံလိုရေလိုင်းမြူး။ ။ အထူးထူးငယ်နှင့်။ ချစ်ကြူးကါပန်း။ အဆန်းဆန်း။ မြိုင်လန်းပင်ရိပ်ဆီဘဲ့မှ။ နံ့မျိုးငယ် မွှေးကြည်ကြည်။ ။ သံပြီလေသံလွဲပျောင်း။ ။ သာကာလေသာမျိုးပေါင်း။ ။

(သဖြန်)။ ။ သောင်းများ့မဟော။ ထားကေလုံ့ပန်း။ ။ မစုံသူ သည်ရတုမှာ။ လွမ်းမှုကဆန်း။

## ၁၆၈။ ။ ပြင်စည်မင်းသားရေးသော အပူဘွဲ့ ပတ်ပျိုးကလေး။ (သေသော်သာ မြတ်လေသိ)

သေသော်သာ မြတ်လေသိ။ တွေးကပ်ရန်ကြွယ်။ ဆယ်ကမ္ဘာလောင်စွဲ။ သည်သဲကညွတ်ပြိုဘွယ်။ ။ ဖြေတယ်တတ်နိုင်။ မိုင်ယောင်ခွေညှိုး။ ပူမျိုးပွားရက်ခုလိုင်။ ။နတ်မှူးဝါသဝ မိုယ်းယံပိုင်။ မြဆိုင်၊ သေလာ၊ ရေးရာငယ်မတင်း။ ဘန်တော်ရာ။ မြန်သော်တာ ဘုန်းသူ့တွက်တာ။ ။ နတ်မှာ ဘယ်မှုခင်းငယ်နှင့်လေး။ ။ မြသီလာစံခင်း။ ရေဆင်းငယ်တည့်သွယ်ဖြာ။ ။ မြိုင်လမ်းကြော့ တောရဂုံသာ။ ။ သင်းပျံ့ဂန္ဓာ။ မာလာထုံမှုံ မွှေးသည်နှင့်လေ။ ဇီဝစိုးသာကာ။ ခေါက်ရှာမယ်လျ ကျေးငယ်နှင့်လေး။ ။ ဆွေးတဲ့ဆွေး ရန်ပိုလေ၊ ဆိုင်ပိုမှားပွားဗျာလျှံ။ ခုဘန်ရှယ် ကံငယ်ဆိုရေး။ မှိုင်မိသေး။ ။ ပူမဇ။ လေးသုဇ ဘုန်းငယ်ဘန်ရာ။ မြင်ဘဲငယ်ကြာ။ ။ ကိုးရာမဲ့ လွမ်းနှောင်အဏ္ဏဝါ။ တူဘဲငယ်သာ။ ။ ဘန်ဖူးရွှေစာ။ လက်သာတင်မှိုင် ငြိုးယောင်မိလေ။ ။ နံကူးမေတ္တာ။ သစ္စာသွေပုံကြီးငယ်နှင့်လေး။ ။ အို- ကိုယ်ထီးကြုံသူ့တာ။ ဘုံဦးဇွေရိပ်ကြာ။ ။

(သဖြန်)။ ။ စိုးရက္ခန္ဓာ။ သည်ပူဗျာ- စုံမြိုင်လယ်ဖြင့်။ ဆွေးနယ်ကိုဝေသဝဏ်တို့။ ဘန်ညွှန်ပါစမ်း။ ။ ရေးဘယ်သို့ပင်။ ထောက်ထားမျှော်ဆင်ခြင်လို့။ သူမမြင်သွေတော်လွန်းလျှင်လေ။ လောင်ကျွမ်းလိမ့်မှန်း။

## ၁၆၉။ ။ မြဝတီမင်းကြီးရေးသော၊ ပတ်ပျိုးကလေး။ (ရဝိန်ဒေါင်းယာဉ်ပျံ)

ရဝိန်ဒေါင်းယာဉ်ပျံ။ လယ်နန်း ကွန့်စံ။ ။ ကျွမ်းသူဆွေးရန်။ လွမ်းပူစေဘန်။ တိမ်ဇော်ရန်းငယ်နှင့်။ ချိတ်ပန်းငယ်ဆင်ရစ်တန်။ ။ နှင်းငွေကျံ။ လေပြန်လောင်းလို့။ ညှာညောင်းကြွေလု။ စုံတခွင်။ ။ ဂေါ်ဖီအင်ကြင်းငယ်တို့လေ။ ဂေါ်ဖီအင်ကြင်း ငယ်တို့လေး။ ပွင့်ချင်းငယ် ခိုင်ညှာတံ။ ဆင်တော်ရန် ပြည်ပြန်လမ်း။ ။ ဇချိုချို- နေညိုချမ်းမို့။ ခင်တန်းမျှောင်ကွေ့။ တောင်ကမ္ဘယံ။ ရွှေမောင်နံ့ချိုးငယ်တို့လေ။ ရွှေမောင်နံ့ချိုးငယ်တို့လေး။ ဆော်နှိုးငယ်ဘန်ခါခါ။ သံစာစာ-ကြော်ငြာကြွေး။ ။ မိန်ရာသီ ခါတော်ဦးမို့။ ဖက်နူးဆော်လှုံ့သည်ခါတွင်။ လေ့ဘောင်ဘင်ဟီးပါလို့လေ။ လေ့ဘောင်ဘင်ဟီးပါလို့လေး။ ။ မြစ်ကြီးငယ် သောင်ခုံဖွေ။ ဘော်စုံရွှေ- ယိုလေးဆွဲ။ ။ ပေါက်လဲဝါကြွေ။ ယာမြေနံ့သင်း။ ဆော်ဘန်လေညှင်း သည်ခါချိန်။ မိုဃ်းတဲ့မိုဃ်းဒေဝိန်။ ။ ဗေဟိန်နတ်စည်စော။ ရှုမောဘွယ်ပ။ သီတာမြကုံးငယ်လေး။ စာမိပွါယ်ရုံးပါလို့။ မဆုံးနိုင်။ ။ ဆွေးတဲ့ဆွေးဗျာလှိုင်။ စုံမြိုင်တည့်ဖွေလန်း- ဟေဟေဝန်ဆန်းပါတဲ့။ ပင်နန်းငယ်သာပြန့်စည်။ ။

(သဖြန်)။ ။ ကြင့်နန်းငယ်တည်။ တိုင်းဌာနီ- ရွှေပြည်တောင်က။ ကွာသီခေါင်ဝေး။ ။ လုတ်လဲလုတ်လီ၊ မှီလဲငယ်၊ မှီတမှီနှင့်။ ရွှေလိပ်ချီ-ဟန်ပင်နွဲ့ငယ်မှာ။ လှမ်းကဲ့ပ လေး။

## ၁၇၀။ ။ မြဝတီမင်းကြီးရေးသော တောဘွဲ့ အလွမ်း ပတ်ပျိုးကလေး။ (ပန်းရဂုံညှာ)

ပန်းရဂုံညှာ။ မှုံရွှေလွှာကသာ မွှေးပျံ့သင်း။ ။ ပင်မင်းလေ။ အင်ကြင်းဆွေ။ ဆင်နှင်းရွှေ၊ ကံ့ဂေါ်။ ။ ရွှေဖီကုံးပြိုင်ဆင့်ကာ။ လေယူပင့်ရာက။ ကြုရင့်ဆွတ်ဖျန်းလှယ်။ ဝတ်ပန်းနယ်။ ညွတ်မြန်းလွယ်။ ဆွတ်ဖြန်းငယ်သာချယ်။ ။ ပင်တိုင်းမြရိပ်ကြာရံလယ်။ ။ ကျေးငှက်မိတ်ဆွေ သာကာသွယ်ကျူး။ ချစ်ဘွယ်စေနှင့် ရွှေဖိုးခေါင်။ ခွေညှိုးအောင်။ မြေဘောင်သီမြင့်။ ဝေးသည်နှင့်။ ကြော်ငြာကြွေးသည်လေ။ စုံကျေးတောင်ပတ်ရံ။ ။ ဘန်ဘန်ဝေလို့သာ။ ချိန်နွေရာသီကူး။ ။ မပျော်နိုင် တကိုယ်ထူး။ နှင်းငွေပြန့်ဦး။ ။ နွဲ့ကြူးလိပ်ပျာ။ စိတ်မှာ မြင်ရေးနိုးငယ်နှင့်လေ။ ။ မြတ်စောင်းတော်သံ။ ပူပန်ဖြေယောင် ကိုးငယ်နှင့်လေး။ ။ ခိုးညာသူ့ဘန်။ ။ မိုဃ်းဘာပြုလွန်လေး။ ။ ကံငယ်ညွှန်းပါလို့- မူးရာမယ်သိ။ ဘန်နယ်ညွှန်းငယ်က- ဖူးစာမယ်ရှိ။ သုံးရွှေ့ကေသီ။ နှုန်းမယ့်ဆွေကြည်လေး။ ။

(သဖြန်)။ ။ ဖြေဆည်ရန်ယိုယိမ်းလို့။ မှိုင်ကိန်းကြာမြိုင်နေ။ မြန်းခဲ့ဆယ်ထွေ။ ။ ကိုတဝန်း။ အလွမ်းတိမ်ဝယ် လေသို့ငယ်။ နွမ်းခွေလို့မူး။

## ၁၇၁။ ။ မြဝတီမင်းကြီးရေးသော မိုဃ်းဘွဲ့ ပတ်ပျိုးကလေး။ (ညိုခိုးတိမ်ပုံကက)

ညိုခိုးတိမ်ပုံကက။ မှုံအဝေရီ ဆင်အလှလှ။ ရွှာမလိုလိုပင် မှိုင်းရီဝေလဲ။ မိုးလုံးမဲ။ ။ ရင့်နွဲ့ကျူးကာ။ ရွှာလာလေခြင်း။ သန်မိုဃ်းကြွင်း။ ။ သွင်းတဲ့လေပြည်သွင်း။ ။ မယ်လဲ ဖွဲစီစီ။ သလွန်မှီကပန်းဘုံဖွေ။ ။ ကြံနဲမယ်ချည့်လေ။ ။ ခွေကာနွမ်းပျော့ယိုင်သည်ကို။ ရေဆိုင်ဝဲရယ်က။ သဲငယ်ကြွေ။ ။ ဖြေနိုင်ဘဲငယ်ပ။ လဲပြန့်ဖွေ။ ။ ခွေခွေမူးတွေးတောကာသာ။ ဖြေနိုင်ပါ။ ။ ကျူးလာလေ ပဇ္ဇုန်မိုဃ်းက။ ဖြိုးဖြိုးသူကသာ။ ။ ရွှာသဲဟန်လွှဲ။ မိုဃ်းပန်းပုလဲ၊ တိမ်ခဲလုံးညို။ ။ ရွှာမလိုလိုဆင်။ မိုဃ်းပင်ရိုက်ကယ်လေ၊ ကျူးရိုက်ခါကြွေး။ ။ မိုဃ်းပင်ရိုက်ကယ်လေ၊ ကျူးရိုက်ခါကြွေး။ ။ မှုံမှုံဆန်းပါလို့မြိုင်တောခြေ။ ။ ပန်းမျိုးထူးထွေရွှေသဇင်ပန်း။ ဝေပွင့်လန်းလို့ခိုင်ရွှေတဲ့ခိုင်ရွှေ။ ။ ယဉ်ကုန်ဆန်းပါတဲ့။ နန်းသူတွေ။ မာလာရုံ မြိုင်ယံထဲ။ ပျော်စံမြဲ။ ပွဲချိန်ခါမှီ။ ပွင့်စီစီ ရွှေဇင်ပန်း။ ရွှေနန်းသူတို့ပွဲလေတဲ့ ပွဲလေ။ ။

(သဖြန်)။ ။ ဖြူဖွေးငယ်နှင့်။ လှိုင်းရေ ငယ်က မောက်မို။ ရေညိုကဝိုင်း။ ။ ရွှေလောင်းလှေငယ်နှင့်။ ရိုးပင်လယ်နဒီဝဲငယ်မှာ။ ဆူသဲကဆိုင်း။

## ၁၇၂။ ။ အဆွေးဘွဲ့ ပတ်ပျိုးကလေး။ (နှင်းသုံသုံ)

နှင်းသုံသုံ- မှုံမှုံလေချို့သွင်းလို့လေ။ ။ ပုလဲငုံ-ဝတ်မှုံရွှေလိုဝင်းလို့လေး။ ။ ငွေနှင်းကမှုံပြာရီ။ ။ ပန်တော်မှီဂေါ်အင်ကြင်း။ တော်ဝင်သူ မင်းမူခဲ့သည်။ ။ တိုင်းဌာနီဘယ်မှန်းသိ။ ။ အိုမြူမှုံတန်းပါလို့- လှမ်းနိုင်ပြီ။ ။ နွေရာသီကူးပါလို့။ မဖြေဖြေနိုင်ဘူးကွဲ့နော်လေ။ ။ အလွမ်းငယ်ထွေ။ ခေါင်လေကညွှင်း။ ဖိုးခေါင်ငှက်မင်း။ ။ ငှက်ချင်းတို့ပျော်စံရာ။ ယမုန္နာသောင်ရေဝဲမှာတဲ့။ ကိုတံငါ ရိုလေလှဲ့ရှာကြ။ ရေဝဲသာတဲ့ခါ။ ။ ခွေကာမှိုင်မှိုင်။ ဖြေပါနိုင်နိုင်။ ဖေါ်ကွာသူ ပူဆွေးဘွယ်လှိုင်။ ။ သင်းတပျံ့ပျံ့ မွှေးထုံကြိုင်။ ။ သဇင်ရွှေခိုင် ပန်းစုံကလှိုင်လေလေ့။ တောင်တော်ငယ်မာလာမြိုင်။ ။ သံဆိုင်လေ သံညှင်းဇ။ ။ မောင်မယ်လေ ခေါ်ထူးကြွေး။ ။ အလို- တကိုယ်ရေး။ နန်းသူကြောင့် ဆွေး။ ။ သံလေးမြင့် ကျူးကာကြော်။ ။ မဟာမြိုင် တောင်တော်ရိုးဆီက။ ပူသူကိုသေသေညှိုးအောင်လို့။ ရွှေဖိုးခေါင်ကြော်။ ။ ကြင်ဖေါ်စုံနှဲကြရွှေလည်။ ချိန်ခါတော်ပွဲမို့ ရွှေညီ။ ။

(သဖြန်)။ ။ မင်းလွင်ကချီ။ မိန်ရာသီခါရတုပေမို့။ ပူမှုကို သည်ဝယ်ပုံသို့။ မကြုံလေသေး။ ။ ကျေးရွှေငှက်သံ။ ရွှက်ပေါင်းငယ်ချိန်ဘန်ဘန်နှင့်။ သည်မြိုင်ယံ သာစွဦးမှာ။ ပျော်မြူးကြကြွေး။

## ၁၇၃။ ။ အဝမြို့ဘွဲ့ ပတ်ပျိုးကလေး။ (ဟံသငယ်ရာဇာ)

ဟံသငယ်ရာဇာ။ ရွှေဟင်းသာ။ ငှက်မင်းတို့ ပျော်စံရာ။ ။ ခိုနန်းငယ် မြို့တာ။ သေချာငယ် အထား။ ။ ခြသေ့်ထိုင်ကျုံးနှင့် တံခါး။ ။ သိင်္ဂီငယ်ရွှေသား။ ဖလား တည်သောဟန်။ မယွင်းခုပုံသဏ္ဍာန်။ ဘုန်းမောင်နံ့ငယ်လေ။ တူစံပျော်ရှင် မြန်းမယ်လို့လေ။ ။ ကြငှန်းတည်။ ရွှေပြည် ရွှေဝနန်းငယ်တည့်လေး။ ။ ဝေယန်တွင်းငယ်က။ နတ်မင်းငယ်စီမံ။ ဆင်းတဲ့ဆင်းလာဘန်။ ။ ကိုးအင်းငယ်ကိုးကန်။ ခြံရံပေါ်ထွန်း။ အောင်ဘုံသန်လျက်စွန်း။ ။ ယမုန်ငယ်လေသီတာဝန်း။ တိုင်းရွှေဝကျွန်း။ လှိုင်ကြူချိုခွန်း။ *ဗျာရငယ်တပေါင်။ မင်းဝန်ညွှန့်တောင်။ ။ တသွယ်ဘုန်းနေရောင်။ နှစ်သွယ်သုံးရွှေဆောင်။ ။ ဆောင်နှင့်သာရွှေဘုံဆောင်။ တောင်ခိုးငယ်မြန်း။ မြနန်းတည်။ ရွှေပြည် ကြုံ့ခြိုး။ ကုန်းညွတ်ရုံး။ ရန်လုံးငြိမ်း။ ။ ဘုန်းနေလလို။ ရွှေကိုယ်ရံသန်း။ သွန်းဘိသိက်ဖြန်း။ ။

(သဖြန်)။ ။ ဝေဆာလန်း- နေသာပန်း။ မြင်ရာဆန်း။ လ-နန်းငွေသော်တာ။ ဝန်းတဲ့ပုဏ္ဏာ။ ။ တောက်နောင်ဇော။ မြကြောတိမ်ညိုကာလို့ရယ်။ လင်းသာတို့ဘူး။

## ၁၇၄။ ။ လွမ်းခလေ့အလိုက် ပတ်ပျိုးကလေး။ (စောဘိသည်နှင့်)

### ဘကြီးတော်ဘုရားလက်ထက် မြဝတီမင်းကြီးဆို လွမ်းခလေ့အလိုက် ပတ်ပျိုးကလေး။

စောဘိသည်နှင့်။ ။ ဆင့်ဆင့်ငယ်သာဝန်းလို့အုံ။ ။ ခုကြီးကကို။ အလိုဘယ်မာန်မူပါလိမ့်။ ဆွေးသူ့အကြံ။ ။ သြော်ချွေပုံ ဟုတ်ဘူး။ ။ ရွှက်ညောင်းငယ်ကြွေ။ ညှင်းလေကမြူး။ ။ ပျော်မြူး ငယ်တော်နှောင်။ သိုက်ရွှေမန်းနှင့်။ နန်းနတ်တောင်။ ။ ဖိုးခေါင်ရင့်ခါ။ မြိုင်မြိုင်သံနှောလို့။ ဥဩငယ်သာ။ ။ မိလ္လာညွှန့်ဖူး။ တိမ်သွယ်ခွေငယ်နှင့်လေ။ ပင်ရံမြေ။ ။

* ဗျာရငယ်တပေါင် = သိုက်ဗျာဒိတ်တပေါင်ရခြင်း၊ ရှင်တော်ဘုရား။ မင်းဝန်တောင်ထိပ်မှဗျာဒိတ်တော်ကြားခဲ့သဖြင့်။ ဗျာဒိတ်ရသောဌာနဟူလိုသည်။

(ရတု)။ ။ ညှာရွှေနှစ်၏။ ယာရစ်ခွေပျောင်း၊ နွယ်နာမောင်းလည်း။ တပေါင်းသာစွ။ နှင်းကိုခလျှက်။ ယုယသံလေး။ ငှက်ကျေးဆွေစုံ။ ရဂုံတင့်မော။ တောင်လည်းတောင်လျှောက်။ ကြိုင်ပေါက်ပြန့်ကြူ။ မဥ္ဇူအနန်း။ ရွှေအိမ်ဒန်းနှင့်။ လောင်းပန်းသဇင်။ ဂမုံးအင်။ ။

ကြည်လင်ပျူငှာ- ရွှေဇီစိုးနှင့်။ ချစ်ကြိုးခွေတဲ့ ရွှေသာကာ။ ။ သိုက်မြုံမြင့်ဖျား။ မှုံရိုင့်ဘွား။ ပြယားစံသိင်္ဂါလေတည့်။ ဖေါင်းကားရွှေတမာ။ ။ များရွှေခပင်း။ သံညှင်းချိုမြ။ မယ်ညိုငယ်ဟသ်ာ။ ရွှေသဲကြွေဘွဲ့ယဉ်ထွေသီလာ။ ထုံသင်းလွှင်ပြန့်သည်။ အိုထံမှုံသင်းငယ်လေ၊ ကန်မင်းရေနှင့်သာကြာ။ ။

(သဖြန်)။ ။ သစ်သက်ကယ်လေလှဲ့။ မြင်တဲ့ပ ကြည်ဘွယ်သာ။ ဣန္ဒနီရွှေတောင်ဇာနှင့်။ ဘမရာလိပ်ပျာမွန်ငယ်တို့။ သံဝှန်မစဲ။ ။ ငွေတသွေး။ မြစ်ထွေးငယ်လေ ရွှေများ့လယ်။ တာရာပုံချယ်ချယ်နှင့်။ နှုံးပဲ့မယ် ဇင်ရော်မိငယ်ကို။ သာဘိရင့်နွဲ့။

## ၁၇၅။ ။ ပတ်ပျိုးကလေး။ (မှိုင်းပြာဝေ)

မှိုင်းပြာဝေ။ လေပြည်ဆွတ်ဖျန်း။ သန်းကာဝေရီ။ သိင်္ဂီမှန်နန်း။ ဆန်းလဲ့ပြာပြာ။ တိမ်ဝါတန်း။ တိမ်ပြာဆန်း။ စိန်ကြာခန်း။ ။ လွမ်းရန်ပို။ ဆန်းပြန်လို။ ရွှေကိုယ်ကံငယ်။ ဘန်လာတယ်။ ။ တနယ်စုံမြိုင်။ ကြိုင်ထုံလန်း။ ။ လွမ်းလေအောင်ဆင့်။ ကျေးငယ်ပင်။ ကြိမ်ရေသုံးလို့ဘုန်းမမြင်။ ။ သဲရွှေဘွင်ငယ်ကို။ လှသဇင်မပြေတို့နိုင်ဘု။ ကြွေမသို့အူချာပူတာ။ ရှင်းနိုင်ဘုသာ။ ။ ငွေသော်တာ ဆွေနတ်မင်း။ လှကံ- ဘန်ခဲ့တယ်။ ။ နတ်ကယ်အို ညီညာဘဲ။ ရွှေဘွင်သဲဝယ်။ ။ ရွှေကိုယ်မှာဖြေဆည်လဲ။ သဲကညွတ်ကြင်။ ။ လှသဇင်ပင်ကိုယ်ထူး။ ပျောင်းခွေမူးတယ်။ ။ ဘယ်ဝယ်သိမှန်း။ တိမ်နန်းထွေလို့။ ရဝေစမွယ်။ ကူးပြန်မိတယ်။ ။ ပြာတယ်။ ဝါတယ်။ ညာဘယ်ပတ်သန်း။ ထိန်လျှံစိန်ရောင်ရွှေ။ ။ အို-ရွှာစွေလိုလို။ ပြိုဟန်ကလဲ။ ခါမိုဃ်းဟုတ်ပါဘဲ။ ။ သဲငွေဖြူသောင်။ တောင်ပြန်လေ။ ထွေတဲ့ထွေထူးငယ်ဆန်း။ ။ မြိုင်ရဂုံစုံတဲ့လန်း။ ပန်းနံ့စုံစီ။ ။ မြမဟီ။ ။ ရေသီတာက- တေယ်ကို။ ။ ချိုချိုချိုညှင်း။ ကူးပြန်မိခြင်း။ ။ သဇင်သင်းပါတဲ့။ ခင်းရွှေဝတ်မှုံ။ ။ တိမ်ချပ်ရုံ။ သုံလေညွှတ်ဘယ်။ ခွေဝတ်ညှာက။ ကြိုင်စွာတဲ့လှိုင်စွာ။ ။ တွေးမှိုင်ကာမော- ဖြေနိုင်ပေါင်။ အို-ဆုံးတိုင်အောင် မှိုင်ကာမော။ သည်းချာကြွေလုစော။

## ၁၇၆။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (စိန်ကြောင်နီလာ)

စိန်ကြောင်နီလာ။ ထိန်ဝါဝင်းမှည့်မှည့်။ ဖလ်ရှိန်သိင်္ဂါ။ အရောင်ဝေ။ မှောင်ချွေပယ်ခွာ။ မျက်မွန်ရတနာငယ်လေ၊ လျှံညီးလင်း။ ။ ရွှေနန်းဆောင်ဆောင်ဘုံမှာ။ ကြယ်ပေါင်းရံရွှေသော်တာ။ ချီးကြူးဆယ်မည်သံသာညှင်း။ ပျော်တော်ခင်း။ ။ ထီးအစင်းစင်း။ အမင်းမင်း။ ပြိုင်နှုန်းဘက်ကင်း။ ဦးညွှတ်ရင်း။ ဆယ်ကြာသွယ်ညွှန့်၊ သက်နံ့ကြည်ယုံ။ ဆက်ခံခိုလှုံကာ။ စုံဖူးရင်း။ ။ နှင်းပြောင်းတဲ့နွေငယ်မှာလေ။ သင်းလောင်းပျံ့ရီရီမှုံပြေ။ ဝတ်ရည်ဆယ်ထွေ၊ ငှက်ကယ်ယုယ။ ဆွေလျာဘွယ်ပင်နန်းနေ။ ။ ကြင်ရေး ဘွဲ့ယုက်နှောင်ငယ်နှင့်သာ။ ဖိုးခေါင်ရင့်ညံ့။ စုံမြိုင်ယံပန်းကထွေထွေ။ ဆင်သင်ဒိုင်းငယ်နှင့်။ အံ့မှိုင်းငယ်ရီဝေ။ အမွှန်မှုုံးငယ်က။ ရင့်ကျူးဘန်ဆယ်ထွေ။ ယဉ်ရွှေရံခ။ သာစွငယ်ဗိမာန်။ နတ်ဌာန်ငယ်တရှိ။ ချီးမကုန်ကြုံဘူးရာဘိ။ ။ *ရော- သလ္လာ၊ ခွေကာ ဝန်းဝိုက်ဝေ့။ တောင်စဉ်တိမ်လွှာ။ ကြိုင်မွှန်းရေသွန်းမန္တာ။ ရှစ်ပြဟ္မာငယ်လေ သံချီးကြွေး။ ။

(သဖြန်)။ ။ လေးမြေလုံ့းဗဟိုရ်။ ။ ပင်ဝန်းမြရိပ်ဝေ။ မြန်သပြေ ရွှေဘွေနယ်က။ ကနက်ကယ် ဆူဆူဖွင့်တယ်။ ကိုးဆင့်ရောင်စို။ ။ နတ်ပေါင်းငယ်ခို။ မြင်းမိုရ်ညွှန့်တန့်နန်း။ ။ မြဥကင် ဗွေသီဟာမြင့်။ သောင်းဒီပါ ညီလာခတယ်။ နေ,လ,နှစ်ဘုန်း။

---

* ရော- သလ္လာ = ရောဝတီမြစ်နှင့်။ သလ္လာဝတီချင်းတွင်းမြစ်ကိုဆိုလိုသည်။

## ၁၇၇။ ။ ကိန္နရာ- ချောင်းခြားကြီး ပတ်ပျိုးလတ်။ (ဟောဝန်စုံမြိုင်)

ဟောဝန်စုံမြိုင်။ သင်းကြိုင်ငယ်။ ညှာလန်း။ ပူပုံပွေ။ ထွေဆန်းလှလေး။ ။ မြပန်းကိုက်ရုံ။ ခိုးရီမှုံ တိမ်ပုံဆင်စ။ မြောက်ပြန်သွင်းလေချီ။ ။ ဘီလာလေရိုက်ပါလို့။ ပုံတိုက်ကယ်ကွဲ။ ။ သဲငွေဖြူသောင်။ မယ်မောင် ခေါ်တမ်း။ တူရေသဘင်။ မြူးရွှင်ကြ သာမြိုင်လယ်။ ။ မှိုင်ပန်းဘွယ်။ ကျွန်းတယ်လေ ကြည်ကွဲ။ လျက်ဖြေ။ ရေလျှံ။ လှိုင်းသံကသဲ။ ။ ပျော်- ပျော် ပျော်ဘဲ။ ပျော်ဘဲ ရက်ကယ်နှင့်သာ။ ပူရမှိုင်ရေး။ လေက တသွေးသွေး။ ။ ဆွေးသူမှာ။ သဲဗျာထုပို။ ဂန္ဓမာရိပ်ခို။ မွှေးနံ့ချို။ သီလာကူလို။ လွမ်းပို မျှော်ရောင်တမ်း မိမိလေ။ ။ စိန်ကက္ကရာ။ ဘန်လာတည့် မြေခုံမော်။ ။ သွင်းဆော်လေဖြန်း။ ရာသီတန်း။ ဖူးငုံညှာလန်း။ ခွါပြာပန်း။ တိုင်းနယ်မြေခန်း။ ဘုံရွှေနန်း။ လှမ်းခက်ဘွယ်။ ဟောဝန်တောင်နှင့်။ တောတောတောငယ်မှာ။ ကြူးသံသာယာ ဘော်ကွာနှင့်သူ။ မြိုင်ငူစုံထဲ။ ဖိုတ,လို့တဝဲဝဲ။ ။ မာလာစုံထဲ။ ပျော်ဘို့ရွှေမြိုင်။ သင်းထုံနံ့ကြိုင်တယ်လေ။ ။ ပန်းဝတ်ကယ်လှိုင်။ ။ သဇင်ခိုင် သူကုံးလို့။ ဘုန်းမိတ့်ခဲခင်း။ ။ သွင်းခါခါကို။ ပူရာရနိုး။ မြိုင်ရဂုံ ချာဘွေလယ်က။ ငှက်ကယ်သံဆန်းပျိုး။ ။ ခိုးသန်းရီဖြာ။ ဆင်မိလ္လာနှင့်သာ၊ မြလ္ဘာတိမ်ရိပ်ညို။ ။ အိုအိုဆီလေ၊ ထွေထွေတခန်း။ ပမ်းစေပူ၊ စိန်ကူစွန်း။ ။ ပျံညွှန်းငှက်မောင်နှံ။ ပျံစရာ။ ပျံချင်ပြီ။ မှုံရီမှုံရီမှုံပြာ။ လျှပ်ခိုးတိမ်တောင်။ လွမ်းလေအောင်။ ။ တောင်ဝင်္ကဘာ။ စီသံသာတွေ။ ညိုလေအောင်။ ပြာရီမှောင်။ တောင်လုံးမောင်း။ ။ ရဂုံစုံပေါင်း။ ထုံနံ့လောင်းသလေလေ။ သောင်ကမ်းသောင်ကမ်း။ ဒီပါဘွေလယ်။ ကျွန်းပတ်လို့။ နိုင်ငံမြေဝယ်။ ရှာတယ်ရှာတယ် မောင်နှံ။ ရှေးဆုံကြ၊ ဖူးရွှေစာကာံ။ နတ်ဟန်ချစ်တူ။ ကိန္နရာ။ ချောင်းညို မြရေယဉ်သီတာ။ ကွဲပြန်ရ၊ ရှေးဝဋ္ဋဘန်လာ။ ။

(သဖြန်)။ ။ ပူစရာ- သည်စာ ရွှေဖူးနယ်။ ထူးတဲ့ကြုံနဲ့။ ။ နတ်ဘန်ထွေ။ ရွှေမြေစိန်မှုံခင်းမှာ။ မင်းမြင်တို့ဘဲ။

## ၁၇၈။ ။ *ငယ်တိုးအတွင်းဝန်ရေးသော မိုယ်းဘွဲ့ ပတ်ပျိုးလတ်။ (အာကာယံထဲ)

အာကာယံထဲ။ စုံမြမြန်းလို့။ နန်းဘန်ဆောင်။ လှိုင်းရွှေတိမ်တောင်။ ။ စိမ့်ကြီး၊ မြိုင်ကြီး၊ ရိပ်ကြီးငယ် သာခေါင်။ မှိုင်းဝေဆာမှောင်။ ။ မြအရောင်လို။ တတောင်လုံး။ ။ ပြိုမည့်ဟန်လို။ မိုယ်းမိုယ်းဆင်လာဘုန်း။ ။ ဆိုင်းထွေထွေ မှိုင်းဝေဝေ။ သဲခုံမော်ငွေ။ ပုလဲပွင့်ကုံး။ ။ ဆည်းဆာ။ ညံ့ညံ့စာစာ။ တောဟောဝန္တာ။ တောင်ဂန္ဓမါ။ မာလာဂန္ဓာနတ်ကယ်။ ဖန်တော်နန်းငယ် နန္ဒမူ။ ။ မဥ္ဇူရွှေခိုင်။ လှိုင်ရနံ့မွှေး။ ယူဆောင်လေညှင်းသွေး။ ကျေးလို။ ညိုညိုပြာဘောင်။ စိမ်းလဲ့ငွေရောင်။ ပြန့်ရွှေတောင်။ (ပုလဲကူး။ တနဲထူး။ မြိုင်ဦးရဂုံမှာ)။ ။ မှောင်မှောင်သာမိုက်ပါလို့။ ဗိန်းဝိုက်ခါရွှာ။ ။ တိမ်တိမ်ညိုကျော့ငယ်က။ ပန်းပြော့ပြော့ဝါ။ ။ လဲ့ လဲ့ ငယ် ပြာပြာ။ တောင်ရိပ်ကယ်ကာ မြိုင်ကြီး တောဟောမာ။ ။ လမ်းဘယ် ညာငယ်လေ။ မိလ္လာရည်သန်း။ ဆင်တော်ရန် ညွတ်သည့်ပန်း။ ။ ညွန့်ဝေငယ် လူလန်း။ ပင်နန်းငယ် သာထွေ။ ။ သီးမှည့် ဇမ္ဗူရွှေ။ ။ ကြည်းရေ မြအဆင်း။ သောင်ငွေပုလဲခင်း။ ။ အို- ရင်တွင်းတုန်လှကာံ။ မြင်ဘူးကြုံရပြန်။ ။ နတ်ကယ်ဘန်။ မှန်ပြီဖြစ်မြဲပေပလေ။ ။ ဆက်သ, ရန်။ ဖူးတံညှာလဲ့ ဝေးလှလေး။ ။

(သဖြန်)။ ။ ရေးရေးရုပ်သွင်။ ပါးတွင်ဝယ်ထင်ရှိလို့။ မြင်မိပြန်ရင်း။ ။ ရွှေသုံးရံကာလို့။ ရွှေမျက်နှာသော်တာဝန်းငယ်။ နော်ထွန်းပေလင်း။

## ၁၇၉။ ။ ဦးကျောက်ခဲဆို- သီတာဘွဲ့ ပတ်ပျိုးလတ်။ (ဒီပါမြေ)

ဒီပါမြေ သပြေညာ။ ရွှေတေဇာ။ ရာသောင်းလုံး။ ။ ဘုန်းဇရော့ ဂုဏ်ငယ်မှာ။ မော်ရုံ ဗွေစွန်းက။ ခွေနွှမ်းရန်ကြုံတယ်ကိုလေး။ ပန်းပူမှုဆွေး။ ။ မကြုံလာ။ သီတာသား။ ခြားလို့နေတဲ့။ ဟောဝန်တောင်။ ရီမှောင်မှောင်ဆိုင်း- မှိုင်းလို့လို့လေး။ ။

---

* ဤအာကာယံထဲချီ- သီချင်းကို။ အချို့ဆရာများက၊ ကိန္နရာချောင်းခြားကလေးဟုပင် အမည်သမုတ်ကြသေးသည်။

တပိုးရေကျော်။ ဝဲမော်မြင့်လှိုင်း။ မျှော်လေတိုင်း။ ခေါ်လေတိုင်း။ ဗျာလှိုင်းဆူလို့။ ပူရန်ကြွယ်။ ပင်လယ်ကြီး-ဆီးလို့လို့လေး။ ။ ကောင်းကင်ထက်ကယ်က။ ငှက်ကယ်လို။ သည်ဟိုပျံတတ်နိုင်သေး။ ။ ဟိုတိမ်ယံ- ဘုံပျံဆန်း။ နေနန်းဘွဲ့-လဲ့ပြာပြာ။ ကြမ္မာ ဘယ်ဝဋ်ကယ်- ကံမို့လဲ။ ဆွတ်လွတ်ကယ်အချုင်ပွေလို့။ ဆွေးကြွေလှသဲ။ ။ နန်းရွှေတောင်ညာ။ လွန်ပူဆာ၊ ခွေယိုင် ကာသာညှိုး။ ဝတိန်ပြည်သာ။ ရာမာဘုံတိုင်။ အုံ့လှိုင်တောင်ခိုး။ ။ ရေနတ်ကယ်မေခလာနှင့်။ တောသာစောင့်မျိုး။ ဘယ်နတ်ကယ် ဘန်မကူလို့။ နန်းသူကြောင့်ညှိုး။ ။ ချိတ်ပန်းငယ်ကာ။ နှင်းတိမ်တွေ အဖြာဖြာနှင့်။ လွမ်းသာလွယ်အောင်။ ။ ကမ်းဟိုတိမ်ယံ။ ။ ရွှေတိမ်တောင် တက်ပါလို့။ ညိုးညက်ကယ်ညံ့။ ။ ဘယ်တမန်မောင်စေလို့။ ခင်းဖြေလိမ့်လဲ။ ။ [*]သန္တေကြာယူ။ မျိုးမြတ်တဲ့သူ။ ။ ဆန်းမူရာသား။ နန်းသူငယ့်လား။ ။ ရင်သပ်ခါတမ်းပါလို့။ ရမ်းမျှော်မိယောင်။ သည်းခေါင်မှာ ဖိုလှိုက်လို့။ ငိုရှိုက်ယောင်မှား။ ။

(သဖြန်)။ ။ သာပေါင်းငယ်ထွေ။ သပြေပိုင်စိုးမဲ့။ နေမျိုးဖျား။ ။ ရွှေဘုန်းစက်စုံ။ စိန်ခြူးအုံ- ဘုံကနက်မှာ။ ထီးချက်ရိပ်ဘွား။

## ၁၈၇။ ။ မြဝတီမင်းကြီးရေးသော- ကုန်းဘောင်မင်းဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (ကုန်းဘောင်နေမင်း)

ကုန်းဘောင်နေမင်း။ ဘုန်းရောင်ဝေရှင်း။ တောင်ဒီပါထိန်ထိန်လင်း။ ။ အို- ရာမင်း စုံရှိကြာ။ ထံရင်းများပဏ္ဏာ။ ။ သိဂ်ါ လျှံလန်း။ ဣန္ဒာစံခန်း။ ဝေယန်လေတူနှန်းနှန်း။ ။ အို- ရွှယ်မှန်း ရည်လို့စေ။ ပြည်လုံးသွန်းညောင်ရေ။ ။

(သဖြန်)။ ။ များထုဝေနေ။ ချမ်းသာစေ ဘန်တော်ဆောင်သည့်။ ကုန်းဘောင်ဘုရား။ ။ သေါင်းတိုက်ကယ်ညါသပြေလုံ့။ ဘုန်းတော်နေ- ထောင်ရောင်ပွင့်ငယ်မှာ။ ရာမင်းမင့်ဖျား။ ။

(လောကနတ်)။ ။ လေးပါးဆယ်အင်။ ကြည်လင်ပွါးစေ။ တရားမြိုက်ရေလန်း။ ။ တိုင်းကားညာကြေ။ သာယာငြိမ်းစေ။ ဘုန်းမိုယ်းရွာစွေဖျန်း။ ။ ကျူးစည်ဆော်ကာ။ တံရှည်တံမြွာ။ ကျူးသီဆော်ကာမြန်း။ ။

ရာမင်းထွင့်စိုး။ ဖြူရိပ်ဝေ။ စက်ရွှေတင်ဦးပန်း။ နွေနန်းရာသီ၊ လေဖျန်းခါမှီ။ ပန်းစုံစီကြိုင်လွင့်တယ်။ ဖူးခိုင်ဆင့်မွှေးလှိုင်ချီ။ ။ ဝင်းမှည့်မှည့်ဆင်းသီဂီ။ ဂေါ်ဇင်ဂန္ဓာ၊ နှင်း-ရွှေစမ္ပီလေလေ့။ ပျံ့တိုင်းငယ်ဝေမွှံရီ။ ။ ကျူးသီငယ်သာန္တဲ၊ မြဖျောင်းငယ် တန်ဆောင်နှင့်။ အောင်ဇေယျာပွဲ။ ။ ကြော်သဲငယ်ကြေညာ။ သောင်းမြင့်မြင့်လေးဒီပါ။ သာယာပျော်ရေး။ ရွှေနိုင်ငံသေည်နှင့်။ ကျွန်းလေးရပ်ပြည်ငယ်လေ။ လွယ်ကူသာကြည်။ ဖူးရောက် တော့မည် လေလေ့။ ပွင့်လောင်းငယ် မြတ်ဆယ်တည်။ ။

(သဖြန်)။ ။ ဘုန်းနေညွှန့်စည်။ ရွယ်ရည်တော်မူရာပ။ သီလာ တောင်ရေ မြစ်ငယ်။ ဖြစ်ပေရငြား။ ။ [†]ဘုန်းတေဇော် နေတန်ဆောင်နှင့်။ သောင်းမြန့်ပေါင် ထိန်ထိန်လင်းတယ်လေ။ ရာမင်းမင့်ဖျား။

## ၁၈၁။ ။ မျှော်တော်ယောင်မောင်ဘွဲ့ ပတ်ပျိုးလတ်။ (စိန်ချယ်ခြူးသန်း)

စိန်ချယ်ခြူးသန်း။ ။ ရေနန်းဘုံလယ်။ ပျော်စမ္ပာယ်။ မျိုးနေနတ်ကယ်။ သေးသေးသွယ်သွယ်၊ ယဉ်မှူးရွှေမျှားမယ်။ ။ အို- လှနတ်ကယ်။ ကေသွယ်ကြော့ရွှန်း။ သွန်းရွှေရုပ်ကယ်။ ။ အို-ခင်မယ် လွမ်းမဆန့်နိုင်ဘု။ ပျိုကြင်ဘွယ်ကျွမ်းကမန့်သာပ။ လွမ်းမဆန့်ခွေယိမ်းမူး။ ပျိုကြင်ဘွယ်ကျွမ်းကမန့်သာပ။ လွမ်းမဆန့်ခွေယိမ်းမူး။ ရေနှယ်သာဦး။ ခြူးစိန်နွဲ့ရုံ။ ။ ဟေမန်ထွေဟန်။ လေပြန်လောင်း။ ရွှေလျှံမောင်းလို့။ ဒေါင်းယာဉ်သာ။ ဂေါရာစကြာ၊ ရွှန်းလှဖလ်မင်း။ ဂေါရာစကြာ-ရွှန်းလှဖလ်မင်း။ ။ ပုဏ္ဏမာ၊ ယုန်လွှာခင်း။ ဘုံသာလင်းလို့၊ ဝင်းပြေပြေ။ သပြေဒီပါ- မြေလေ။ သပြေဒီပါ- မြေလေး။ ။

---

[*] အချို့ (သန္တေကြာယူ၊ မျိုးမြတ်တဲ့သူ၊ နွဲ့မူငယ်ညှာလန်း။ ရင်သပ်ကယ်စမ်းသည်နှင့်၊ တမ်းဆိုမိယောင်။ မောင်မောင်မှာ ဖိုလှိုက်လို့၊ ငိုရှိုက်ယောင်မှား၊) ဟုဆိုကြသည်။ နှစ်သက်ရာကိုယူပဲ့ါလေ။

[†] အချို့က၊ (တော်ကြီးငယ်မြေလျောင်နှင့်၊ ပဲ့တင်သံရှည်ကျူးတယ်လေး၊ လူမှူးလုံ့းဖျား)။ ။ ဟူ၍ ဆိုကြသည်။

ကြေးသွင်းနိတုံ။ ဆင်းရွှေမှုံ။ ။ ယမုန်သီတာရောလမ်း။ ခွေကာပမ်းရ။ လွမ်းမပြေ။ မယ်ကိုသေစေ။ ညွှန်းရှေ့သလာ။ မယ့်ကိုသေစေညွှန်းရှေ့သလား။ ။

(ရတု)။ ။ ထားကမ္ဘုလည်း။ ကြွေလှူသည်းဆိုင်။ မတတ်နိုင်ခဲ့။ သူနိုင်ငါမင်း။ ပြုတော့သည်။ ပြဒ္ဒယာဉ်သာ။ တသဉ္ဇာမှါ။ ထင်ရာမျှော်ကိုး။ ရှိတော့သည်။ သွေခုစိမ်းကား။ တိမ်းကပါးနှင့်။ ကြိမ်းဝါးမျက်ငြို။ ထဲမသို။ *ရန်ကိုမြွက်လှိုင်း။ ဘက်မနိုင်းမျှ။ စက်တိုင်းမပျော်လှလေဘူး။ ။

ခြူးစိန်နွဲ့ရှင်။ ရှစ်ထီးဘုံပလ္လင်နှင့်။ နေ့နေ့စင်ပေါင်း။ ။ သောင်းဇွဲပြန့်မှာ။ မျက်ကိုးရံကာလို့။ ရေသီတာယမုန်နန်းမှာ။ ထုံပန်းနံ့မွှေး။ ။ ရေးရွှေရုပ် နတ်တူနယ်။ စက်ရာဝယ်မြင်လာစမ်း။ ။ ပူဝန်းဖြေမပြေ။ ငယ်ကြင်ဆွေကြောင့်၊ တွေဝေမှား။ ။

(သဖြန်)။ ။ လားစက်ပျော်ပေါင်။ မျှော်ကိုးထင်ယောင်ယောင်နှင့်။ သဉ်ဆောင်ကြငှန်း။ ။ နန်းကြော့ကေကေ။ ဖျော်လဲပျော်တော်ရွှေနှင့်၊ သော်မော်ဘွေ၊ ဘယ်စက်အုံးငယ်မှာ။ ဘုန်းစံသည့်မှန်း။

## ၁၈၂။ ။ ဦးဝိုင်းရေးသော အီနောင်ဇာတ်လိုက် ယိုးဒယား ပတ်ပျိုးလတ်။ (ဖြူပြာမူရာ)

ဖြူပြာမူရာ၊ သူဇာနေလို၊ နတ်ကယ်ရွှေကိုယ် ထင်မိမှား။ စက်ဝန်း ညောင်ပြဒ့်က၊ နန်းဘုံမြင့်ဘွား။ ။ တနိုင်ငံ-မြိုင်ယံခြား၊ ကြံအားဆောင်လို့၊ ကြိုးနောင်ရှာတယ်၊ မိုး ဣန္ဒာနွယ်။ မြတ်မျိုး ဒါဟန်မယ်က၊ ဉာဏ်ချယ်လှယ် သဉ္ဇာငြိမ့်မှာ မြင်တော် ရှာလိမ့်နိုး။ ဇွဲဆိုင်ခွေယိုင်၊ ပူပုံပျိုး၊ တန်ခိုးကြေညာ၊ ဒေဝါမင်း၊ ဘန်ဆင်းကူလို့၊ သူမညီ၊ ။ ကျွန်းမာလာ၊ ပင်လယ်ခြား၊ သနားရန်ဘို့ လွမ်းတာကိုယ်စီ၊ ဝေးကွာခဲ့ပြီ။ ။ လေညှင်းငယ်ချီ၊ ပန်းရွှေဖီ အင်ကြင်းငယ်။ သင်းတပျံ့ပျံ့။ နွေရာသီ။ ခါမှီ မြေမင်းငယ်။ ရှင်းတသန့်သန့်။ တသင်းလှိုင်ပျံ့ မွှေးထုံကြူ။ ဒါဟန်နန်း မြန်းမဲ့သူ။ မှင်ရွှေကူထဲ။ လေယူခွဲ။ အူသဲလှိုက်မျှ၊ ရှိုက်ကာဆိုငို။ ဆွေးရန်ကပို။ ။ နေညိုညို။ ရွှေကိုယ် မျှော်တော်ရေးနှင့်။ ဆွေးတသိမ့်သိမ့်။ မြိုင်ရိပ်ကယ်ခို။ လေချို ဆော်သွေးလို့။ တေခြိမ့်ခြိမ့်။ ငြိမ့်ငြိမ့်ညောင်းညောင်း။ သောင်းသောင်းညံ့ညံ့။ လွမ်းရန်ပိုတဲ့ ရွှေငှက်သံ။ ပျံကာသာ ရေငံ့ကျူး။ မောင်မယ်စုံ-ဖိုမြူး။

(သဖြန်)။ ။ ကြည်နူးရန်စုံ။ ရဂုံနယ် သိုင်းလို့။ ဘယ်တိုင်း ဘယ်ပြည်ရွာခု။ ရှာတွေ့နိုင်သေး။ ။ တွေးခု မျှော်ယောင်။ ပြည်သီခေါင် နောင်မြန်းမဲ့။ တောင်ကမ်း ပဇာသိန်ကငယ်။ လွမ်းရှိန်နှင့် ဆွေး။

## ၁၈၃။ ။ ပခန်းမင်းသားကြီးရေးသောတောင်လား ပတ်ပျိုးလတ်။ (အောင်မြေသာစံ)

†အောင်မြေသာစံ။ သောင်ယံသဲက။ ပုလဲလိုလို။ ခင်းသာတယ်ကို။ ။ ရေညိုညို၊ ‡တိုးလျှိုငယ်စီးပါလို့။ ခရီးသာသာ လမ်းမှာလ။ ရွှေတဲ့ ရွှေမြစ်ညာ။ ။ ရွှေလက်ကယ်ကိုင်ကာ။ သီတာသောင်ကမ်းခြေ။ ။ စိမ်းရွှေငယ်ဖြူပြာ။ ညိုမှောင်ဝါသွေး။ တိမ်စွယ်ရိပ်ကယ်ကမေး။ ။ ရွှေပြည်တော်။ မျှော်တိုင်းဝေး။ ။ ရွှေသွေးမျက်ခြည်။ လေပြည်ယူသိမ်း။ မြစိမ်းရောင်ညို့ညို့။ မှိုင်းမို့မို့။ ရေတဲ့ရေကန်သာ။ ။ ပဒုံရွှေကြာ။ အငုံဝေဆာ။ ရဂုံဇွဲမှာ။ ညီးညီးညင်းညင်း။ ။ ကြိုင်မွှေးမာလာ-ပန်းစုံကသင်း။ ။ တဆင်းတက်သော်။ တတောင်ကျော်။ တမော်ငုတ်လျှိုး။ တချုံတိုး။ ။ တမိုးသောက်လျှင်။ တနေဝင်။ တပင်မြိုင်ကြီး။ ဂနိုင်ဆီး။ ။ တောကြီးငယ်တောင်ကာ။ ကေလာတောင်စောင်း၊ ပိတ်ပေါင်းငယ်သာထွေ။ ။ သပြေပင်နန်း။ ရေယဉ်စမ်းငယ်နှင့်။ စခန်းရောက်အောင်မြေ။ ။ အပမ်းငယ်ဖြေကာ။ ဗလာငယ်ကူရွှန်း။ သံသာငှက်ကယ်ကညွှန်း။ ။ နှစ်ကိုယ်စံ။ ။

---

* ရန်ကိုမြွက်လှိုင်း။ ဘက်မနိုင်းမျှ။ စက်တိုင်းမပျော်လှလေဘူး။ မာန်ကိုဝှက်ရှိုင်း။ ဘက်မနိုင်းမျှ။ စက်တိုင်းမပျော်လှလေဘူး-ဟု။ နှစ်ဆင့်ချနှင့်လည်း ဆိုကြသည်။

† အောင်မြေသာစံ - အစချီပတ်ပျိုးကို။ ဇာတ်ဆရာ ဦးကျောက်ခဲရေးသည်ဟုလည်း အချို့ဆိုကြသည်။

‡ အချို့လည်း။ ဒိုးယိုငယ်စီးပါလို့ - ဟုဆိုကြသည်။

ဘန်တိုင်းကျွန်း။ ။ အလွမ်းငယ်ထွေ။ ဆော်လေကမြူး။ သာပျံ့ပျူး။ မာလာငုံဖူး။ ထုံနံ့မြူး။ သာထူးဆန်း။ ။ နန်းရွှေတောင်မြင့်၊ နတ်ကယ်စံရာ။ လွမ်းလေအောင်ဆင့်၊ ထပ်ခါကြုံလာ၊ မလုံလေပါဘဲဆွေး။ ရွှေရင်အုံချမ်းမြမြ‌ေ။ ။

(သဖြန်)။ ။ မလေးကုန်ချစ်တဲ့။ မှုံနှစ်ကယ်လေး။ ။ [*]တောချောင်မှာ မှောင်အိပ်လို့။ တောင်ထိပ်မှာကွေး။ ။ တောင်တောင်မြင့်- တောင်မြင့်ဂန္ဓမာ။ ကြာ,တိုင်းမွှေး။ ။ ရွှေပြည်တော်မျှော်တိုင်းဝေး။ ရေကန်သာ။ ကြာတိုင်း‌ေ။ ။ ရွှေပြည်တော်မျှော်တိုင်းဝေး။

## ၁၈၄။ ။ မြဝတီမင်းကြီးရေးသော အီနောင်ဇာတ်ထွက် ပတ်ပျိုးလတ်။ (သဲလောင်ကြွေကျွမ်းအောင်လို့)

သဲလောင်ကြွေကျွမ်းအောင်လို့။ ပူဝန်းပယ်ဘွဲ့၊ နွဲ့ရာသီ။ ဖက်ဆွတ်ကယ်ပင်မင်း။ အင်ကြင်းကမွှေးလှိုင်ချီ။ ညှာစီလဲ့ဝေ။ ဖိုးခါင် သာမော။ ဥဩကလွမ်းရန်ထွေ။ ။ တိမ်ပန်းငယ်ချွေ။ ။ ပြာချေလေ။ ဝါရွှေလေ။ သာငွေမြရော၊ မြပန်းလွှာ၊ မိလ္လာရေယဉ်နောလို့လေ။ ။ တောင်ပေါင်းရံ။ ကာလံမြေမြင့်ကြောမှာတဲ့လေး။ ။ လွမ်းပိုအောင်ရွှယ်နော။ နောင်စောငယ်တည့်ဘုန်းများ့ရှင်။ တေတျာသံပြောင်း။ ရွှေစောင်းတော်က သာလွင်။ ရွှေဘွင်ဆန့်နိုင်။ သက်ကယ်ထင်စား။ ဘန်များခုဆိုမိသာမှိုင်။ ။ နန်းကြာမြင့်မြိုင်။ နှင်းလှိုင်ကြွေ့ဦး။ မြင်လဲမြင်လာဘူး။ ဘုန်းမဲ့ကိုယ်ထူး။ ။ တောင်ခိုင်းငယ်ထွေ၊ တိမ်ခြေကမြူး။ မျှော်လဲ မော်ဒန်နန်းကို။ ရမ်းရော်သိဘူး။ ။ ရစ်သီပတ်ခွေ။ တောင်ပြန်လေ။ ။ ပန်းမှုံကြွေ။ ခါနွေ ကူးပြန်ချည်ရော့မယ်။ ။ ဘမော်ဒန်။ ညာစံအိုဘုန်း။ မြင်လှဲ့အုံးသလေလေ။ ဘမော်ဒန် ညာစံ အိုဘုန်း။ မြင်လှဲ့အုံးသလေလေးလေး။ ။ တဆဲ့နှစ်ခွေ။ တောင်ပေါင်းငယ်ရေလျှံတဲ့။ ကာငွေလံတမွတိုင်း။ ရိုင်းနယ်လွတ်မြေ။ ။ သာပေါင်းငယ်ထွေ။ နတ်ရေသွန်းပြန်ချည်တော့မယ်။ ။ လာမမြင်။ ရွှေဘွင်ငယ်ကြွေကျွမ်းအောင်။ ပူလွမ်းတော်ရေး။ ။ မကူးသာ- သဉ်ကြာစိန်ယွန်း ပေါ်ကလေး။ ဘယ်ချိန်ယံ- မော်ဒန်ရွှေနန်းကို။ နီးပါရမှန်း။ ။

(သဖြန်)။ ။ ပမ်းပါတယ်။ ကံငယ်ဘန်လာခဲပါဘိလေး။ ။ သည်ချိန်ယံ၊ မော်ဒန်ရွှေနန်းကို။ လွမ်းသည်နှင့်ပမ်း။

## ၁၈၅။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (အမရပူရိန်)

### ၁၂၁၅-ခုနှစ်။ တော်သလင်းလပြည့်ကျော်-၃- ရက်နေ့ ပြင်စည်မင်းသားရေးသော ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။

အမရပူရိန်။ ဝတိန်ငယ်ရွှေမြေ။ ရွှယ်မှန်း- နတ်နန်းခု သည်ဝယ်စေ။ ။ ပတ်ဝန်းငယ်တည့် ညာကြေ။ ။ သပြေဇမ္ဗူ။ ရိပ်ဖြူငယ်ရံမှူး။ ။ ခွန်ချင်ခါ။ ကျွန်းစည်လာ။ ဘွားရွှေစကြာ။ ။ ရွက်ခါစုံရှိ။ ဖူးမည်နှင့်လေ။ ။ ငါးပြင်လျှာ။ ကညာနတ် [†]ရွှယ်လူးငယ်နှင့်လေး။ ။ လေးရောင်ဆိုင်ဖွေဦး။ ချီးကြူးငယ်တည့် ဣန္ဒာ။ စုံစကြာ ပုံတောင်း။ ဆိုက်ကြောင်းခု- ထံတော်သာ။ သြဘာထက်ခွင်။ ဝေယန်ရွှယ်မှန်း။ ရွှေနန်းလက်ျာပြင်။ ။ ခုနှစ်ကယ်စုံလင်။ ရတနာယာဉ်ညည်။ ပုံဖြင်ပြည့်သီး။ ။ မန္တာတ်ရည်တူ။ နတ်လူအောင်မျို့၊ ချီးသည်နှင့်လေ။ ။ မြတ်မင်္ဂလာ၊ တေဇာရွှေဘုန်း။ မီးငယ်သို့လေး။ ။ အို- လျှံညီးဖြူရှစ်ပြိုင်။ ရာနန်းလုံ့းဖွေဦးခိုင်။ ။

(သဖြန်)။ ။ ချီးအံ့မပိုင်။ ပုလဲဆိုင် [‡]ဘူဇဂ်ါသို့။ ပစ္စယာဣန္ဒာဘန်သည့်။ ပြောင်ဆဒ္ဒန်မှူး။ ။ လေးအင်စုံသစ္စာနှင့်။ မြိုက်ခမ္မာ ဆယ်ဖြာထုံသည့်။ ရာဇဂုဏ်ဖလ်နေပွင့်ငယ်မှာ။ ခေါင်ဆင့်ထွင့်ရှူဖူး။ ။

---

[*] မြကြောညိုရောင်နှင့်၊ တောချောင်မှာမောင်အိပ်လို့။ တောင်ထိပ်မှာကွေး- ဟူ၍လည်းဆိုကြသည်။

[†] ရွှယ်လူး = (ပေါ်ရာဏ) ငယ်သောအရွယ်ပျို။

[‡] ဘူဇဂ်ါ = မြွေနဂါး - ကောက်ကွေ့၍ သွားတတ်သောကြောင့်။ ဘူဇဂ်ါဟုခေါ်သည်။ ဤနေရာ၌- နဂါးလည်ဆွဲ၊ အဘိုး အနဂ္ဃထိုက်သော ပုလဲကို။ ရည်ရွှယ်ဟန်ရှိသည်။

ရင့်ကျူးမန္တာ။ သံဝါဖြိုးဝှန်။ ရွှေမိုဃ်းငယ်ရွာသွန်ကြိုး။ ။ မြစ်မင်းအဏ္ဏဝါ။ သီတာအင်းကန်။ ရေကျုံးငယ်ဖြာလျှံမိုး။ ။ မင်းမင်းခညောင်း။ ဘုံဝတိန်ပြည်။ မူနည်မခြားတောင်း။ ။ ရှစ်သောင်းရွှေလာညီလေတည့်မှ။ ခ,ဝန်းရံဒေဝီ။ ။ ကေသီလေ ဆံဦးထား။ နန်းညာလေ ရွှေလုံးဖျား။ ။ တရားပန်ဆင်။ စုံလင်သီးနှံ။ ပြည့်ဖြိုးငယ်ဖြာလျှံကဲ။ ။ တိုင်းခမ်းပြည်သူ။ ဆုယူကြွေးသံ။ ကောင်းကြီးငယ်ကျော်ညံသဲ။ ။ အောင်ပွဲဇေယျာစည်သည်နှင့်သာ။ ရာကြူးသက်တော်ရှည်။ ။ စံမည်လေ-ပျော်ကြောင်းရေး။ ဘယ်ဘယ်ရန်မာန်တင်းငယ်ဝေး။ ။ လေသွေးတိမ်မြူ။ ရောင်လင်းနေတူ။ ပြည်ရွှေမြေ စံအမရမှာ။ ထီးရာများထွင့်မှန်ကူ။ ။ စိုးတင့်တင့်မိုးတော်မူသလေ။ သပြေခွန်ယူ။ သောင်းဘွေမြင့်ငူလေလေ့။ မြတ်ဘုန်း *ပါရဂူ။ ။

(သဖြန်)။ ။ ကိုးဆင့်ကြယ်ခြူ။ ရွှေပစ္စူကာက ဒဏ်နှင့်။ †အပရန်မြေသီလာက။ လေးဒီပါချုံး။ ။ ကောဝိဋ္ဌသိန်။ မှန်ဂီရိန်နန်းပျော်တို့။ ဘုန်းတော်ကို။ တံရွှေမင်နှင့်။ မဟာဝင်တပုံခန့်ငယ်မှာ။ စီအုံဆွတ်ကုံး။

## ၁၈၆။ ။ ရွှေဘိုမင်းလက်ထက်။ မြဝတီမင်းကြီးရေးသော ဆိုင်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (ခွါပြာသင်း)

ခွါပြာသင်း၊ ညှင်းပြေပြေ။ ။ လေပြေမြူးပြန်ပြီ။ ။ အိုသဉ်ဘွေဦး၊ ဖူးညဉ့်ခြုံ။ ။ စည်စည်ရုံ-မှုံငွေနှင်း။ အိုဂေါ်ဇင်မင်း-သင်းလှိုင်ထုံ။ ။ ထပ်ချပ်ကယ်ပုံ။ လုံပါဘူးငယ်လေ။ သန်းယံကြူးပြီမေ။ ။ အိုလုံပါဘူး၊ ညှင်းလေကမြူး။ ။ မှန်စံညာ။ ရိပ်ပြာ ကြော့ဦး။ သည်ဆိုင်းတော် မဟာသိန်က။ လွမ်းချိန်တန်ပါပြီလို့။ မေသရီ ငယ်တရှိငယ်မှာ။ သာဘိညွတ်နူး။ ။ ကြိုင်မြူးလှိုင်ယှက်။ ကိုးမျက်ကယ်တည့် ချယ်လှယ်အုံ။ ပတ္တမြားဝတ်မှုံ။ စိန်ချပ်ရုံထုံရည်သင်း။ ရွှေရိုးရွက်ညှာ။ နီလာတည့် ဖန်ရည်ရေး။ ကျေးမယ်နှင့်မင်း။ ။ ခွါပြေပြေ မှုံဝေနှင်း။ ချစ်တင်းရွှေစုံညီလို့။ ရဂုံမြိုင်ယံတွင်းငယ်မှာ၊ လွမ်းလေကညှင်း။ ။ မြတောင်ဇာ။ ဘမယာ ဣန္ဒနီငယ်တို့။ သီရိဝတ် ရည်ထုံသည့်။ စိန်ချပ်ရုံခင်း။ ။ တိမ်ညွှန့်မိုးယံ။ ဝိသုကံ-သည်ဆီကြံုသည့်။ လွမ်းပုံကိုဘယ်ဝယ်နေ့ငယ်မှာ။ ဖြေ၍မရှင်း။ ။ ရတနာကိုးသွယ်လေ။ ရောင်နွယ်ညီးလို့လင်း။ ရာစင်းလေ။ ရာမင်းလေ။ ထံရင်း ရွှေညွှတ်ကြည်၊ ခိုလှုံခသည်နှင့်သာ။ ရွှေမြေအမရ။ သာစွထွင့်ဦးဖွေ။ ။ ညွှတ်နူးဘွယ်စေ။ ရှိဦးငယ် သာထွေ။ ။ မြော်မဆုံးနိုင်ဘွဲ့။ ဘုန်းမြတေ။ ဆိုင်းတော်ပရမေ။ ဆယ်နေငယ်လျှံမောင်း။ ဇမ္ဗူရည်ပွင့်။ မြဂုဏ်တန်။ သရက်ခံ။ လည်ပြန် ရွှေတိုးအောင်းငယ်နှင့်။ သွယ်ခွေပျောင်း။ ဥဒေါင်းကိန္နရာ။ ။ ဂမုန်းအင်နှင့် ဂေါ်ဇင်မာလာ။ ခွာသွင်း လေနှင့်သာ။ ဆွတ်ကြွေငယ်ဘွယ်သာ။ သည်လွမ်းပုံနှင့်လေ။ ရည်ညွှန်းရုံတင့်စေ။ ဘန်တော်နေး။ ရေးဝေးနေနှင့်ကြော။ ။

(သဖြန်)။ ။ မလွမ်းဘူး။ မှိုင်မှုးဖြေရမည်တာ။ ဂေါ်ဇင်ငယ်ခွါပြာက။ နှင်းပါညာလေသွဲ့ငယ်ပ၊ ကြွေကဲ့ဘွယ်ရေး။ ။ အိုသို့တုန်းပါ။ သည်ဆိုင်းတော်မှန်ရွှေညာက။ ဗျာပါ ဖြေဆည်နိုင်ဘွဲ့။ ပုလဲဆိုင် သာစွာဘိငယ်မှာ။ ကိုယ်သိနှင့်ဆွေး။

## ၁၈၇။ ။ မြဝတီမင်းကြီးရေးသော မိုဃ်းဘွဲ့ ပတ်ပျိုးလတ်။ (စိုးအမွှန်မှူး)

စိုးအမွှန်မှူး။ လဲ့ကြူးရုံဆင်။ မြော်တိုင်းပမ်းဘွဲ့။ မန်းဇွေခွင်။ တံရှည်ကျူးရင်။ ။ တိမ်နယ်တဝန်း။ ရည်ညွှန်းရေသက်တင်။ သံကြွင်းဖြိုးမှူ။ မိုဃ်းနတ်ရှင် စာနာဘဲပင်။ ။ သည်ရွှေဘွင်။ ဖြေလဲ နေမရှင်၊ အိုဘုန်း-ကိုယ်တော်သွင်။ ခေါ်ယောင်သားထင်။ ဖန်ဆယ်လဲ။ လွန်ကြည်ကွဲ။ သဲကဆွတ်ကြင်။ ။

(သဖြန်)။ ။ သည်ရွှေဇွေခွင်။ လွမ်းအင်ကိုနိုင်ဆီဖြေလို့။ ပြေပမယ်လဲ။ ။ မှင်မှောင်ဆိုင်း။ တိမ်းဆိုင်းငယ်လေတို့၊ သည်ခုလို။ ပြိုရင်သာပြိုပါရော့။ မာန်ငြိုဘွဲ့ငယ်မှာ။ ကြုံတဲ့ပြုနဲ။ ။

ညွှတ်ပြိုလူဘွယ်။ မြင်တင်တိုင်း။ တိမ်ဆိုင်းမြရောင်နွယ်။ ။ ဆွေးဘွယ်ကိုဘယ်ဆွေနတ်ကယ်။ မှတ်ရည်မိသာရှယ်။ ။ အိုဖြေရက်မယ်။ သက်ကယ်ကြွေလျာဘွယ်။ ဘန်ဘဲငယ်လေ။ ဟန်နွဲ့ခြိမ့်ခြိမ့်မြူး။ ။ ဘယ်ဘုန်း ပြန်ရွှေစာ။ မှန်ရွှန်းစံသိဂ်။ ။

---

* ပါရဂူ = တဘက်ကမ်းခတ်သူ။

† အပရန် = အပ္ပန္တရတိုင်း-မြန်မာပြည်။

ယဉ်သွယ်ဖြာ၊ မျှော်တော်ရာ နန်းနှင့်မဝေး။ ဘွေသီဟာမန်းနှင့်တကြေး။ ကျူးဒေသံကြော်။ ။ ဆိုးတော်မူနဲ့။ မိုယ်းမာန်ကူဖွဲ့။ သွယ်ပြိုင်ရွှန်း။ ကျွန်းမည်သို့၊ သည်လွမ်းရေး။ ။ (စုံမြိုင်လယ်။ ငှက်ကယ်ခေါ်ကြွေး၊ ပျော်မြူး သေလေ လေလေး)။၂။ ။ မင်းဝန်တောင်ဆိုင်း။ တိမ်ခြေငယ်ဆို့ညို့ညို့မှိုင်း။ ။ ရွှေကိုင်းဇေယျာ။ မြင်တင်မန်းနှင့်။ နန်းသိုက်ညှာ။ ။ မကျွမ်းသာ။ လွမ်းတာမယ်ဝေး။ သာလို့ဆွေးလေလေ၊ ဂေါ်ဇင်ညှာ။ ခွါပြာညိုဇေ။ မြိုင်လုံးမွေးလေ လေးလေး။ ရွှေကိုင်းတဘက်၊ ရေယဉ်ဝန်း ကျွန်းသံလျက်၊ ကြက်ယက်ကယ်ဘုန်းခေါင်၊ မြင်တင်မန်းနှင့်။ နန်းနတ်တောင်။ ညီနောင်ကြက်ကယ်၊ တကိုယ်ထူးမို့ ကူးရမယ်၊ အသွယ်သွယ် လွမ်းတယ်လေး။ လွမ်းသူမယ်ဝေး၊ သာလို့ဆွေးလေလေ။ ချစ်တဲ့သူ မယ်ဝေး။ မြင်လှဲ့လေ လေးလေး။ သိုင်းချီထွေငယ်နှင့်သာ။ မှိုင်းရီဝေ။

(သဖြန်)။ ။ အို-မိုယ်းနတ်ဆွေ။ တဘုန်းဘယ်ဉာဏ်ပွေလို့။ ခုစေတော်မှန်း။ ။ ဂေါ်ဇင်မင်း။ ပျံ့သင်းငယ်တည့်၊ ကြိုင်လှိုင်ထုံ။ တိမ်ဘုံဖွေက။ ချွေလိုမှုငယ်မှာ၊ ဩော်-သူ့ထက်ပမ်း။

## ၁၈၈။ ။ ဦးဝိုင်းဆို ရာမဘွဲ့- ပတ်ပျိုးလတ်။ (ဘုန်းများများမင်း)

ဘုန်းများများမင်း။ ကြေငြာ။ ရွှေတေဇာ- လ,နယ်-ပ,တယ်။ တောင်တဒီပါပွေလုံး။ သောင်းရွှေမြေရာထီးညွှန့်။ နေနွယ်မြတ်, နယ်ကယ်လို။ ။ ဒေဝီကုမ္မာ။ သီတာညာစံ။ လောင်းနတ်ရှင်မှန်။ ။ ရွှေထံတော်ရေး -ခေါင်းဆယ်လုံးကြေး။ ။ နီလာရွှေသွေး။ စိမ်းပြာလဲ့ ရီမှောင်ညိုလွှာ။ ဖြူပြည့်တည့်ဝိုးဝင်း။ တောင်တဒီပါဝေမှိုင်း-မျှော်တိုင်းခုမ္ပုဝေ၊ ရွှေပဒုမ္မာချပ်လယ်က။ ငွေပဒုမ္မာချပ်လယ်က။ ကြာနတ်ကယ်ညိုး-တခွေ့ခွေ့ညိုး။ ။ သွယ်တထွေထွေ-ရွှေစက်လည်သို့။ စွေမျက်ရည်ယို။ ။ ဖြိုးဖြိုးဝေဆာ။ သီတာတည့်ပြာဖြူ လုံလေးငယ် ပျောင်း၊ တပျော့ပျော့ပျောင်း။ ။ ဘုန်းမိုမို။ ရွှေသီဟိုဠ်ဘောင်။ ငှက်ယောင်ပျံ လာခဲလှလေ။ အောင်ဇေယျာ။ ဇမ္ဗူညာမယ်။ နတ်ကယ်ဘန်လာဘဲမို့လေး။ ။ ကြွေအူချာ။ ပွေပူတာ၊ ဆွေသူမှာဘွဲ့လန်း။ ရွှေသီဟိုဠ်ဘက်ကယ်က။ ညိုညက်ကယ်လွမ်း၊ တပျော့ပျော့လွမ်း။ ။ ထွန်းတေဇာပြောင်။ ညီနောင်တည့်ဖွေရှာ။ တောင်တောင်ဒီပါ။ မာလာဖွေ။ လေညှင်းရော။ ။ တောကြီးဟေဝန်လယ်။ ။ စုံခြေစုံခြေမြိုင်သာမော-တော,မှော်ရုံကြော။ ။ ယမုန္နာ၊ ဂင်္ဂါရေညို၊ ကမ်းယံကပြို။ ရွှေကိုယ်ညီနောင်။ စက်ယောင်ပမ်းမော။ တောစုံခြေ မှုံဝေမြိုင်လမ်း။ တောင်စက်ရေနှင့်သာ။ အောင်မြေစခန်း။ ။ ရွှေသမင်။ ပြောင်ဆင်, ကျားရဲ။ ကျွဲနှင့်ယုံငယ်။ ဂျီဒရယ်။ ။ ပျော်ဘွယ်ဖိုမက၊ မြူးကြည်သံ။ ။ အို-မြိုင်ယံအုပ်ကယ်က။ ရွှေဘုတ်ကယ်ဆော်။ ။ မြည်တော်သာ။ ရွှေလင်းပြာငယ်လေ၊ ဖိုမမြူး။ ။ သာစွဖိုးခေါင်။ ပျော်မြူးဆောင်။ သုံးထောင် ပတ်လည်တောကမဆုံး။ လှိုင်ဂနိုင်-မြိုင်တခြား။ မိုယ်းသားကြူးလို့။ လေဦးခါ။ ဆွတ်ဖျန်းလာ-ဆွတ်ဖျန်းလာ။ ပက်ပါ ပက်ပါ အိုဘယ်ကံ။ ဘန်လာရေး။ ။ မလေးမယ့်သဲအုံ။ လေးမယ့်သဲအုံ။ ဘုံရွှေသဲ မယ့်သဲအုံ။ ရွှေရင်ကွဲလဲရရုံ။ ။ မှိုင်းမှုံပြာ၊ အာကာညိုးညံ။ ဘယ်ရွှေကံ၊ ကြိမ်ဘန်ဘန်။ အို-ဘယ်ရွှေကံ ကြိမ်ဘန်ဘန်၊ အာကာပွေတိမ်ယံ။ ။

(သဖြန်)။ ။ သိဃ်ိုဠ်မျက်မှန်။ ။ရထားလေယာဉ်ပျံနှင့်။ ကြံဆောင်လေခင်း။ ။ နင်းကဲ့စီစီ။ ။ ကျမျက်ရေ-အလီလီနှင့်။ မြညီနောင် မြင်လာဘဲငယ်ကို။ ဖြေလဲခုရင်း။

## ၁၈၉။ ။ ဇာတ်ဆရာ ဦးကျောက်ခဲရေးသော အလွမ်းမယ်ဘွဲ့ ပတ်ပျိုးလတ်။ (ဗိန်းဘုံဘွေ)

ဗိန်းဘုံဘွေ။ ခွေခွေငယ်။ ။ ပူတယ်ကိုယ်ချင်းငယ်လေး။ ။ မှိုင်ရင်းတမ်းမိယောင်- အို။ လှဘုန်းမိုမို။ ။ တောရိပ်ကယ်ညို။ ပြိုတော့မည်တိုင်း။ ဆိုင်းဆိုင်းပြာလဲ့။ မာလာသိင်္ဂါ။ နန်းဆီကဆင်ပြန်လာ။ ။ ပူစရာ။ သည်မှာစုတယ်။ မစုံဘော်ကွဲ။ ကြံ့နဲ ခုလွမ်းရန်ကြွယ်။ ။ မြရိပ်မြင့်ဆောင်လယ်။ ငယ်မူနှင့်သား။ ချစ်ဦးမာန်ပိုလို့။ ပူအင်ကို နော်ခင်ဘုန်းငယ်။ မုန်းမာန်ဖွဲ့အား။ ။ စကားရွှေပွင့်-သစ္စာခွေငယ်။ ဆန်းဆန်းလှ။ ထွေတဲ့မူရာ။ ။ အူချာပူရှာလုအောင်။ သက်ကယ်စာပေါင်။ ဆိုရင်းငယ်ပမ်း။ ။ နန်းဘုံမြင့်ညို။ ရွှေကိုယ်နော်မင်း။ ဆင်းနတ်တူငယ်။ ။ အလွမ်းငယ့်ပြင်ကျယ်။ များပြန်တော့တယ်လေး။ ။ နတ်နှုန်းသွယ် ငယ်လေ။ ရေးမလွယ်သာဘဲ။ ။ သဲကဆွေး။ ။ ရေးရွှေညဥ့်လွှာ။ အိုမောင်မှာ၊ ကွေးလုံတတ်ရှာလေး။ ။ သုံးပင်သာပေါ်။

အိုပျော်နိုင်ဘူး။ ။ ပျောင်းခွေလို့မူး။ ။ ဖြန့်ရွက်ဖြူ-ဘုံငယ်မှာ။ လှိုင်းခုံလို့ လူးတယ်လေး။ ။ အို-အဗီ စံလယ်ခန်းက၊ တမ်းမျှော်မိမူး။ ဝဲရေကြော့ဦး။ ။ ကြာလေဦး-ဖြူပြာသွယ်။ ဘာကိုထူး-ပူရမယ်။ ။ ရှေးဝဋ်ပင်လယ်။ ။ အိုကြုံတယ်ပမ်း။ သဉ်လီခန်းဝယ်။ ။ အလွမ်းငယ်ပို။ ပါတကိုယ်ချင်း။ ကြုံပြန်ရသည်ကြာတွင်း။ ဆွေးဘွယ်ပခင်း။ ။ ရေးပျော်ပေါင်လင်း။ ။

(သဖြန်)။ ။ မှိုင်ရင်းငယ်ပူ။ ။ ကြင်သူနော်-မ,ကြောင့်။ မျှော်တ,ကာဆွေး။ ။ *ဆိုရင်းဘန်ခါခါ။ တမ်းယောင်မိရှာ။ ။ အုံးဇာပင်မော့်မှာ။ ဘုန်းကိုယ်တော့်ရေး။

## ၁၉၀။ ။ မနော်ရမ္မံ- ဥယျာဉ်တော်ဘွဲ့ ပတ်ပျိုးလတ်။ (ရွှေဘုန်းလျှံဖြာ)

ရွှေဘုန်းလျှံဖြာ။ သီလာတောင်ရွှေမန်းမှာတဲ့လေ။ ။ နတ်နန်းဝေယန်။ သာဟာသည်ဝယ်ဆန်းလှလေး။ ။ ပြည်ရွှေဘို။ လွမ်းပိုဘွယ့်ခင်း။ ။ မွေးရွှေစမွယ်။ ဆောင်လယ်သာစွ စက်ရာခင်းမှာ။ ပန်းစုံကသင်း။ ။ မြမန်းရွှေဗွေ၊ အောင်မြေ ရွှေပြည်ဦးမှာတဲ့လေ။ ။ ရာထီးခိုလှုံ။ ဆယ်စုံပဏ္ဏာဖူးပါလို့လေး။ ။ နူးကြည်ဘွယ့်သာ။ စံရာမြို့နန်း။ ။ ကမ်းရေပြည့်ချီ။ ။ ရေနဒီပတ်ခါဝန်းတယ်။ လွှန်းပျော်ဘွယ့်ဆန်း။ ။ မြမန်းရွှေမြေ-အောင်မြေချက်မှာလ၊ ရိပ်ဖြူကနက်၊ စိုးအုပ်ခြုံ။ ။ ရာပြည်ထောင်ငယ်တို့၊ ညွတ်ခါဖူးတယ်။ ဦးမြင့်ဆယ်စုံ။ ။ ဆက်ပဏ္ဏာသွင်းပါလို၊ ကျွန်ရင်းပုံ။ ။ စကြာတော် ခု၊ ရောက်မည်ရေး။ ရွှေဘုန်းတော်ထွန်းပါလို့။ ကျွန်းလုံးလျှံကြော်။ ။ သက်တော်ရာကျော်။ ရှည်မြင့်ကြောင်းကို။ တောင်းရည်ဆုရော်။ မြမန်းရွှေဗွေ မျှော်မဆုံးနိုင်ဘု၊ ရွှေဘုန်းတော်မြတ်ဘန်တော်မူ၊ မနော်ရမ္မံ-ဥယျာဉ်ရွှေနန်းမှာ။ မျှော်လဲ့ရှုစမ်း။ ။ နင်းဆီမွှေးပါလို့။ မြတ်လေးကြူ။ ။ စံပယ်ဖြူငယ်က၊ ကြိုင်လှိုင်ဇေ။ ပန်းကံ့ဂေါ်ပွင့် ဇီဇဝါ။ ပန်းမာလာငယ်က။ ပန်းရွှေဝါမွှေးတယ်။ လေညှင်းပျံ့သွေး။ ။ မြတ်မင်္ဂလာ၊ ဥယျာဉ်ရွှေနန်းမှာလှ။ ဂေါဖင်ခွါပန်းငယ်က၊ သင်းပျံ့ကြွယ်။ ။ သီးမျိုးထွေလာ။ ညှာရွှေတံ ညွတ်တယ်။ လှမ်းဆွတ်စဘွယ်။ ။ နတ်မယ်ရွှေမြခိုင်ပန်းသွယ်။ မွှေးလှိုင်ကြွယ်ပါလို့ ဆင်တော်ပန်း။ အလို-ဆန်းပါဘိ။ ပန်းမျှားနယ်။ ပန်တော်ရွှယ်ပါတဲ့၊ ဥယျာဉ်ရွှေနန်းမှာ။ မျှော်လဲ့ခုဆန်း။

## ၁၉၁။ ။ ဦးလွှမ်းပြေရေးသော မဟာမုနိဘုရားကြီးဘွဲ့ ပတ်ပျိုးလတ်။ (လေးဒီပါကြုံးပေမည့်)

လေးဒီပါကြုံးပေမည့်။ မြတ်ဘုန်းအိမ်ရှေ့ဥပရာ။ ဓညဝတီမည်သီး၊ ပြည်ကြီးက ပင့်ဆောင်လှာ။ ။ ဇေယျာရစ်ဆင်။ လေးဆယ်ကျော် သက္ကရာဇ်။ စွန်းခြောက်နှစ်ချိန်ခါတွင်။ ပြည်နိဗ္ဗာန်အောင်ခွင်။ ကယ်တင်၊ ဖေါင်တွင်။ ရှစ်ပင်မွေစစ်။ သုံးလူ့ဘော်။ ကိုယ်စားတော်ပွါး နှစ်ကယ်မို့လေ။ ။ ရွှေနန်းလျာ။ တကာတော်ရင်းစစ်ကယ်မို့လေး။ ။ ကိုယ်စားတော်မွေနှစ်။ ဖူးစေရစ် နောက်နောင်။ သံသရာညွတ်ကွင်း။ ဝဋ်တွင်းက လွတ်လွယ်အောင်။ ။ ကြံဆောင်လူ့ရွာ။ ထီးတရာပိုင်နိုင်ကြို့။ မန်းရွှေမြို့ရပ်မြေမှာ။ ။ ထက်အောက်ငယ်သီတာ။ ။ ကြေညာ၊ တေဇာ၊ ဝေဆာနံ့ချိ။ ကျိန်းတော်မူ။ နတ်လူဝန္ဒာမိမို့လေ။ ။ သမ္ဗုဒ္ဓါ။ မဟာမြတ်မုနိပလေး။ ။ ကိုးမျက်ပုံနယ် ဘိုးပြည်ထီးထိုက်တန်လေး။ ။ ဝင်းဝင်းထိန်-လျှံတောက်။ စိန်ကျောက်ပြည့် လင်းစီမံ။ ။ ဖြာလျှံလဲ့ဖြူ။ ညိုရွှေဝါ ထွေပြား။ ထင်ရှားပေ့ထွင်ဘုန်းတူ။ ။ နန်းမြေသူ-ပန်ယူဆုညွှန်း။ ပြာမိလ္လာဖလ်ရွှေနှင့်။ ညောင်နန်းရေသွန်း။ ။ ရွှန်းမြိုင်မြိုင် ရွှေတိုင်တို့။ တူမောင်မယ်ကြာခိုင်နှင့်။ နောင်ဘက်ပြိုင်မူ။ ။

(သဖြန်)။ ။ သမ္မောဓိရာဇာ။ ။ လက်ဆယ်စုံ ဦးတင်ယှက်တယ်၊ ဖူးဘက်မပါ။ ။ သတ္တဝါ၊ ခေမာသောင်ကမ်း။ ။ ပြည်နိဗ္ဗူ ရွှေမြေထူးကို။ ကူးဘို့စခန်း။

---

* ဤနေရာ၌-(ဆိုလဲခါ-တမ်းယောင်မိ၊ သဉ္ဇာညောင်-ဘုံသာကြော့မှာ၊ ဘုန်းကိုယ်တော့်ရေး) ဟူ၍လည်း၊ အချို့ဆိုကြသည်။

## ၁၉၂။ ။ ဇော်ဂျီသံခေါ် - ဦးကျောက်ခဲရေးသော မယ်ဘွဲ့ ပတ်ပျိုးလတ်။ (စက်လဲဘုံဘွေ)

စက်လဲဘုံဘွေ။ လေပြေဆော်သွင်းလို့။ မှုံရီငွေနှင်း။ မင်းငယ်ဖြူပြာ။ ခင်လေးလိမ်တမာ။ မူမူယာဆန်းတဲ့ရွှေကိုယ်။ ပူသူသာ နန်းကချွေလို။ ။ ဘုန်းမိုမိုငယ်။ မြင်လှဲ့စမ်းပါဆို။ ရွှေကိုယ်ပမ်းတဲ့ဖြစ်ကို။ ။ မိုဃ်းညိုဒေဝါ၊ ရှာဟန်နှင့် မှိုင်းလို့ရီမှောင်။ မှုံပြာပြာဆီးလို့ဟန်ဆင်။ ခင်စံရာနန်းကလိုပင်။ ။ မရှင်နွမ်း။ သခင်ပမ်းပြီမေ။ ။ လေနန်းဆောင်ပြူသာ။ ခွေနွမ်းမျှော်ယောင်ကာ။ ။ ဝေဆာမိုန်း။ မတိမ်းငယ်မျှော်ပါယောင်။ အို- မောင့်ကံငယ်ဖြစ်ဟန်ကို။ ။ ရွှေကိုယ်နန်းသူမယ်။ အို-ပူတယ်ချည့်သာလေ။ ။ ပန်းဘွေမှာ မှိုင်မိယောင်။ ဆောင်ဆောင်ဦးငယ်မှာ။ အိုကံသာငြီးဆိုမိယောင်။ ။ မြောက်တောင်ဘယ်ဆီ။ သိတတ်နိုင်ပြီ။ ။ တိမ်နီတက်ဆင်းလို့။ ဝိုးတဝင်းဝင်း။ ။ အသွင်းငယ်လေပြည်ဆော်။ ရွှေကိုယ်နော်ပမ်းပြီလေခင်။ မရှင်နုံးလို့ဆိုယောင်။ သခင်မှန်းပြီမောင်။ ။ သာလေဆောင်။ ဗျာဝေမှောင်။ ခန်းဘုံ ကြော့ဆောင်ငယ်မှာ။ ။ ဆည်နိုင်ပေါင်။ ဖြေနိုင်ပေါင်။ ငြီးဆိုမိယောင်ငယ်လေ။ ။

(သဖြန်)။ ။ လွမ်းလေအောင်၊ ဖိုးခေါင်သံဆင့်တယ်၊ ကျူးလာရင့်ကြွေး။ ညိုခိုးငယ်လွင်။ မြမြင်တင်တောင်နန်းက။ ထုံပန်းလွင့်မွှေး။

## ၁၉၃။ ။ အနောက်နန်းမတော် မမြကလေး ရေးသော အလွမ်းတောဘွဲ့ ပတ်ပျိုးလတ်။ (ငွေခုံမြေခါ)

### (အောင်မြေသာစံအလိုက်)

ငွေခုံမြေခါ။ မလ္လာကြဲပါလို့။ ပုလဲမှုံလို။ ခင်းသာတယ်ကို။ ။ ပျော်ဘွယ်ပို။ ။ လေချိုသွင်းပါလို့။ မြိုင်တွင်းစုံမှာ မွှေးပါလို့။ ပျော်တဲ့ပျော်ဘွယ်စုံ။ ။ ပန်းနံ့ငယ်သင်းထုံ။ ရဂုံသာထူးထွေ။ ။ တိမ်ခြေရီပြာ။ နံ့သာငယ်ထုံသွေး။ ပင်ပုံရိပ်ကယ်ကမွှေး။ ။ လေပြေဆောင်။ ။ တောင်လုံးဇ။ ။ ပူဆွေးတာရှည်။ စုံလည်မြိုင်ခင်း။ ပင်နန်းသာ-လှလှ၊ လွမ်း-စစ၊ ငှက်တဲ့ငှက်သံသာ။ ။ မစုံဘော်ကွာ။ ရဂုံဘွေမှာ။ ချစ်ပန်းငယ်စံရာ။ ကြွေးတာသိမ့်သိမ့်။ ။ ခေါ်ထူးလူလို။ လွမ်းပိုဘွဲ့ရေး။ ။ တမေးစက်သော်။ တရံပျော်။ ခေါ်တော်သံကြား ဂနိုင်ခြား။ ။ မြသားဖလ်ဂူ။ *စေးချိုငူ။ လေယူရာသွေး။ ထုံလို့မွှေး။ ။ မင်သွေးငယ်ယှက်ခါ။ မိလ္လာညိုမောင်း။ ငြိမ့်ခြောင်းငယ်တာရှည်။ ရွှေစည်ဆော်သွင်း။ ဝေယန်တွင်းငယ်က။ နတ်ညှင်းငယ် သံသာထွေ။ ။ မြနန်းငယ်မြေမှာ။ မပါငယ်ကျန်သေး။ ပူရန်သည် ဝင့်ကယ်လေး။ ။ လေပြေဆောင်။ ။ တောင်လုံးမွှေး။ ။ စခန်းငယ်ကွာ။ ညာဘယ်ကလန်း။ စုံရိပ်ချမ်း။ သည်ကိုယ်ကုန်ပမ်း။ ကြုံတဲ့လမ်း။ မျှော်ခမ်းဝေး။ ။ ရေးရွှေဘုံမြင့်နတ်ကယ်စံရာ။ ဆွေးစေကြုံတင့်၊ ထပ်ကယ်ဘန်လာ။ ။ မလုံလေပါဘဲမော။ သေချင်ရွှေသဲစော။ ။

(သဖြန်)။ ။ မြကြောကိုလေလှုံ့လို့။ နေကြုံ့တယ်လေး။ ။ သည်တိုင်းမှာညိုလှချည့်။ စိုပ,ကြာသွေး။ ။ တောင်တောင်မြင့်တောင်မြင့်စိန်ကေလာ။ ဖြာနှင်းငယ်လေး။ ဖျန်းမလုံ။ စိုရင်းပဇ။

## ၁၉၄။ ။ †မတဲရေးသော။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးလတ်။ (နန်းနေရု သီလာဝေယန်)

နန်းနေရု သီလာဝေယန်။ ဆင့်ရင့်ငယ်ဘန်။ ။ တောင်ပေါင်းငယ်တည့် ခုနစ်တန်။ မြစ်မင်းပတ်ခါခြံ။ ။ မြလျှံသာရောင်မွန်း။ ရွှန်းတင့်တင့်လေ။ ပင်သပြေညာဝန်း။ ကျွန်းမြတ်မြင့်လေး။ ။ ဇမ္ဗူတောင်ညာ။ လက်ျာဒီပါပေါင်းငယ်နှင့်လေ။ အေါင်တည့်သါအောင်ဇေယျာ။ စကြာစုံဖူး။ ဆက်တည်တည်ငယ်မှာ။ ။ ဆိုက်မည်သာ ရည်စူးစူး။ ရွှေဝတိမ်မှူး။ ငယ်သို့လေး။ ။ တူပုံတပြိုင်ငယ်မှာ။ ရာပိုင်ပြည်ထောင်။ ဖူးသာလွယ်အောင်။ မြတ်ဘုန်းငယ်စံတက်ရောင်။ ။ နှုန်းနေ

---

[*] စေး = စေးပျစ် (ပေါရာဏ) = ချုံနွယ်ပိတ်ပေါင်း။

[†] မင်းတုန်းမင်းလက်ထက် ပြည်စည်မင်းသားရေးသည်ဟူ၍လည်း၊ အချို့ဆိုကြသည်။

တန်ဆောင်။ ကုန်းဘောင် [*]မေဒနီညွှန့်မှာမှ။ မြန့်လေဒီမှူး။ ။ မောက်ဖြိုးငယ်လေရွှန်း။ မြှောက်သွန်းရွှေကေပန်မြင့်။ ဘယ်ဘယ်ရန် မဆန်ဝံ့လေဘူး။ ဘွါးကျွန့်စက်ဦး။ ။ ရတနာခြည်ရောင်လေ။ ဖြာဖြာသာလင်းကွန့်မြူး။ ။ စုံဖူးလေ။ ယုန်မှူးငွေ၊ ဘုံဦးဗွေ။ ။ မိုးယံ။ တိမ်စည်တင့်သည်နှင့်သာ။ နေနန်းပွင့်ငယ်သို့။ သန်းရွှေမြင့်နတ်နှုန်းဘွယ်စေ။ မြတ်ဘုန်းငယ်သာထွေ။ ပတ်ကုန်းငယ်သာဝေ။ ။ ရှစ်မင်းပယ်ခန့်။ မြန်အောင်မြေ။ ။ စကြာပရမေ ညာရွှေလက်ရုံး။ သောင်းသပြေညွှန့်။ ကွန့်တိုင်းငယ်ဖြာ။ ရေမြေသီလာ၊ ဒီပါရိုက်ချုန်းသည်နှင့်။ ရန်မာန်ပြုန်းသည်လေ။ ရွှေဘုန်းမြတ်သွှာ။ ။ ရာမင်းညွှတ်ခ၊ သင်္ငယ်မှန်ညာ။ ကိုးတောင်ငယ်ဂီရိ။ မိုးခေါင်ငယ်ပျံညီ။ ။ လျော်ဆယ်မီးငယ်လေ။ အံ့ချီးဝယ်ဘို့စေသာ။ ။

(သဖြန်)။ ။ မကွဲလမ်း။ နတ်နန်းငယ်တည့်ဝေယန်ညာ။ မြနန္ဒာရည်တပြိုင်နှင့်။ ငါးဆိုင်ကြာပဒုံပွင့်။ ရွှေဝတ်မှုံတော။ ။ ညံ့ညံ့ငယ်လေညှင်း။ ငှက်မင်းငယ်တည့်စုံမောင်မယ်။ တောင်လုယ်စာခွံ့၊ လူသကဲ့ငယ်မှာ။ မှုဖွဲ့လို့နော။

## ၁၉၅။ ။ မတဲရေးသော မြင်းဘွဲ့ ပတ်ပျိုးလတ်။ (မြနန်းငယ်တည့်။ မန်းညာဘွေ)

မြနန်းငယ်တည့်။ မန်းညာဘွေ။ မြင့်သွန်းသီလာ ရွှေမြေဦး။ တိမ်စွယ်ကြူး။ ပျော်တော်ထူးပါထင့်။ နတ်မှူးဝါသဝိန်။ နန်းမြဂီရိန်။ ။ ငါးအာလိန်။ ဝတိန်နေတူဘုန်းငယ်မှာ။ ဖန်ရာသံနေး။ လွမ်းရန်ဆင့်လေး။ ။ မွှေသဲမွှေ့လှိုင်ကြွယ်လေ။ စုံနယ်လန်း။ ပန်းရဂုံဝတ်မှုံကြွေး။ ။ သွင်းလေပြေရော သါတင့်မေါ့။ တောင်နှင့်တော။ ။ စောချွေလုဘွယ် တိမ်စွယ်နန်း။ လျှပ်ပန်းသက်တင်နွယ်။ ပွေရန်ပျိုးတယ်။ မိုဃ်းနတ်မာန်ကွန့်ချယ်။ ။ ဖြေလဲငယ်သာ။ ပြေဘဲဆင့်ဆင့်လွမ်း။ ။

(သဖြန်)။ ။ လဲ့ရွှန်းရောင်ဆိုင်။ ရည်ပြိုင်ငယ် ရွှေသလ္လာနှင့်။ ရောဖလ်ရဝေသို့။ ဖြာယုက်ခွေဝန်း။ ။ ဘယ်ဘယ်မင်း။ မာန်တင်းငယ်တည့် ဝံ့မဆန်။ အပရန်ဘွေညွှန့်၊ ရွှေဂီရိငယ်မှာ။ သာဘိထွဋ်ရှစ်နန်း။ ။

ဝေယန်တည်ရာလေ။ ဣန္ဒာသာနှုန်းတုကျွန်း။ ဖြူဝန်းလေ။ ရေသွန်းလေ၊ ဘုံကွန်းဗွေ၊ ဆဒ္ဒန်ရစာ၊ သ,မည်နှင့်သာ။ မိုးယံဝ, ငယ်မှာမှ။ ထွန်းလျှံပ, နေနှုန်းထောင်ခြည်။ ရွှေဘုန်းရောင်စည်။ ဘွေကုန်းဘောင်ပြည်။ ။ ပြန့်ဖြိုးနတ်ဆက်စံရည်။ မြင်းတော်ဇာနည်။ မြူခြည်ပြစ်ကင်း။ ဝိဇ္ဇုမာန်ညွှန့်။ တွန့်တိုင်းငယ်ပြောင်။ မြီးသွယ်ခေါင်မှာ။ ဘယ်မှောင်မျိုးလင်းသည်နှင့်နှင့်။ ။ ပြည်ပြည်မင်းငယ်လေ။ ညွှတ်စင်းဦးနိမ်ရာ။ ။ မြှော်မပြောင်းနယ်ဘွဲ့။ သောင်းမြေချာ။ ရွှေသပြေညာ။ ဇေယျာမြထီး။ နစ်ထောင်ကျွန်းပြန့်။ မြန်းလက်ျာ။ ပုံတောင်း စကြာဆက်ခါ။ ရောက်လှူနီးနီးငယ်မို့။ အံ့မပြီးသည်လေ။ မြို့ကြီးသြဘာတော်။ ။ ရွှေဘုန်းနေတု။ မေရုငယ်ညာမော်။ ။ စန်းငွေငယ်ကသာ။ သန်းရွှေလယ့်တာရာ။ ကြယ်ပေါင်းမှူးငယ်လေ။ တိမ်ဦးဘွေမြင့်ညာမော်။ ။

(သဖြန်)။ ။ တိမ်ခိုးငယ်လျှမ်း။ နတ်နန်းငယ်သာ ဝေယန်ပျော်။ ဘန်တော်ငယ်လေ တမူသော်မှ။ ဇမ္ဗူဝယ် မတူယောင်ခဲ့။ ကုန်းဘောင်မြေခင်း။ ။ မိုဃ်းမန္ဒာနတ်ဆွေတို့။ သွန်းချွေအောင်သံဝှန်လို့။ အမွန်ရာမတန့်ငယ်မှာ။ ကျော်အံ့မယွင်း။

## ၁၉၆။ ။ [†]မောင်ဘွဲ့ အလွမ်း ပတ်ပျိုးလတ်။ (ကြင်ယောင်ခင်ယောင်)

### ဘကြီးတော်ဘုရားလက်ထက် မြဝတီမင်းကြီးရေး မောင်ဘွဲ့ အလွမ်း ပတ်ပျိုးလတ်။

ကြင်ယောင်ခင်ယောင်၊ ထင်အောင်ဆန်း။ အဆန်းတဲ့ သူငယ်ကိုလေ။ ။ ဂုဏ်နေပုံဆောင်သေချာ။ ချစ်တယ်ဆိုရင် သာတည့်ကြာရိုး။ ။ (ထင်ကိုးကြံဆောင်ရည်ကာ။ မြင်နိုးမျှော် ယောင်ကာသာ။ သည်ပိုးငယ်မူ ငယ်ရာဆန်း။ အဆန်းဆန်း။)၂။ ။ ရွှေသိုင်းရပန်း၊ ရွှန်းလို့လန်း။ ။ ပြိုင်နှုန်းရငြမ်း၊ ထူးတင့်ဆန်း။ ။ ကိုယ်ဟန်သွယ်နွဲ့။ နတ်ကယ်လိုလို။

---

[*] မေဒနီ (ပါဠိ) = မြေကြီး။

[†] အနောက်နန်းမတော်။ မမြကလေးရေးသည်ဟုလည်း။ အချို့ဆိုကြသည်။

မှတ်ဘွယ်ကိုပေသား။ ညိုစိမ်းရွှန်း။ ။ ကျွမ်းလောင်တဲ့သူငယ်ကိုလေ။ လွမ်းပေါင်းဘွဲ့ပူတယ်ကိုလေ။ တန့်ဆည်ဖြေတာကပ်ပါလှတယ်။။ မိုဃ်းနတ်ကယ်။ ဆိုမှားယောင်။ ။ ဘန်တိုင်းရည်ညွှန်ဆောင်ပါလို့မှ။ ကြင်ရေးငယ်ပို။ ။ ကြံစည်ပြီးမှ။ နီးတဲ့ပါစေ။ ဆုမွန်တောင်းလို့။ သွန်းလောင်းငယ်ညောင်ရေ။ ။ မောင်သာကုံးပါတဲ့။ ဂမုံးငယ်ဇင်ခိုင်ခွေ။ ။ ရွှေပေါ်တွင်-မြ။ တင်ပြသော့ဟန်။ ရိုးတံငယ်ရွက်ဆင့်။ ရွှေခွန်းကို သွေယွန်းပါနှင့်ရှင့်။ ။ နော်မယ်ပြာဖြူ *ဒါရူ။ ပျောင်းအပျောင်းတဲ့သူငယ်ကိုလေ။ ကြုံထွေးပုံဆောင်သချာ။ ချစ်တယ်ဆိုရင်သာ။ ။ သည်အားကို။ ကြိုးပါငဲ့သက်ကုန်။ ။

(သဖြန်)။ ။ သနားပိုစွဝန်။ ဥခွံမှာ ခိုသည့်ကြက်လိုပ။ သူ့သွင်ကိုတင်ရန်ခက်ပါဘိ။ လင်းမက်လှူရုံ။ ။ စွန့်ရေးငယ်ကြုံ။ သိန်ဂုဏ်ရှိ သွေမယွန်း။ ။ ငုတ်သဲထိတိုင်။ မြဲခိုင်ခိုင် သစ္စာဖွဲ့လို့။ တလှဲ့သချာစမ်းချင်ငဲ့။ နန်းသူ ပြန်ခွန်း။

## ၁၉၇။ ။ ယောဉ်တော်ကျူးချင်း ပတ်ပျိုးလတ်။ (မန်းအောင်မြေခင်း)

### ဝက်မစွတ်မြို့စား။ မင်းကြီး မင်းထင်မဟာစည်သူရေး ယောဉ်တော်ကျူးချင်း ပတ်ပျိုးလတ်။ (ကုန်းဘောင်နေမင်းအလိုက်)။

မန်းအောင်မြေခင်း။ သန်းထောင်နေဝင်း။ နန်းဝေယံ စံတုကင်း။ အို-လျှံလင်း။ ဖလ်စက်ရှိန်။ နွယ်ရင်း-အါဒိသိန်။ ။ သါကိန်-သျှောင်ဖူး။ အာဟိန်ခေါင်မှူး။ ရာရိပ်လှုံ-ဆက်နင်းဖူး။ ။ အို-ပြောင်လူး ငွေဆဒ္ဒန်။ နတ်ညွှန်းရွှေစက်နံ့။ ။

(သဖြန်)။ ။ တိုင်းရွှေနိုင်ငံ။ ချမ်းသာရန်-ရွှယ်တော်ရည်တဲ့။ မန်းပြည်ဘုရား။ ။ မြန်ကျွန်း-သပြေညာလုံး။ ရွှေသ္ဘာ တေဇာဖြန့်တယ်လေ။ ရာနန့်ထွင့်ထား။ ။

ရေးဖျားတွင္တိ။ စံညီထုံးအင်။ ကျင့်သုံးစုံလင်ထိန်း။ ။ ဘုန်းမိုဃ်းရွာစွေ။ စာရေ-ပြောဝှန်။ ပြည်လေးရန်မာန်ငြိမ်း။ ။ ဗိုလ်စုံဗျူဟာ။ ရွှေညီရံကာ။ နန်းဘုံသီဟာသိမ်း။ ။ ရွှေဝန်းရှစ်သောင်း။ စုံရှိအင်။ နတ်သွင်ရှုမူးငယ်တိမ်း။ ။ မြည်ဟိန်း-အိမ်ရှင်။ သံလေးပဥ္စင်။ ခေါင်ဘိသေ။ သဟံဆင့်တယ်။ နန်းညာမြင့် ထွင့်ထိပ်တင်။ ။ ရင်းနေညွှန့်နွယ်တော်စင်။ လေးမည်ဒီပါ။ ကျွန်းနယ်ရပ်ခွင်။ တောင်းဆုငယ်-ချွေမည့်အင်။ ။ နန်းဘုံပြင်-မှန်ကွန်း။ စိန်ယောဉ်ရတနာနှင့်။ ဇေယျာသံမွှန်း။ ။ ရံဝန်းငယ်ရွှေညီ။ လေးငြိမ့်ငြိမ့်။ သံပြိုင်သီ။ နတ်မှီဟန်ပျောင်း။ ပျော်တော်စေကြောင်းငယ်နှင့် ရှိပေါင်းဖြန့်ဆင်တယ်လေ။ သီဟာဇွေခွင်။ သွန်းခံရေစင်လေလေ့။ နောင်မြန်းပေမည့်အင်။ ။

(သဖြန်)။ ။ ကိုးရောင်ညွှန့်ရှင်။ လျှပ်သွင်-ခြည်စုံဖြာလို့။ ဝဇီရာလျှံရှိန်ဝေသည့်။ သဉ်ဇွေစံခန်း။ ။ မြတ်ယောဉ် မှောင်ချွေခွါနှင့်။ သုံးရွှေညာ ပျော်စေကြူးတယ်လေ။ တင်ဦးရှိပန်း။

## ၁၉၈။ ။ ကိန္နရာ-ချောင်းခြားကလေး- ပတ်ပျိုးလတ်။ (ဖြေနိုင်ပေါင်)

ဖြေနိုင်ပေါင်။ တွေမှိုင်ယောင်၊ တောသာတဲ့ သည်မြိုင်ချောင်။ ။ ဘယ်ဝင့်နှောင်-ဘန်လာမှန်း၊ ရေးကံကဆန်း။ ။ အို-ပမ်းဘွဲ့သာ။ ကန္တာမြင့်မင်း၊ တင်းပ,သေလာ။ ဘယ်ငြိုးတော်ဘန်လေသိ။ မယ်ကိုမုန်းတယ်။ ချုန်းစေဖွဲ့ရွာ။ ။ မိုဃ်းရောလေပါ-လေပါ။ †သေလာမြေပြင်စောင်းမျှလေ။ ရှစ်တိုင်းဝန်းအုံ။ သုံသုံလေပြေလောင်းပါလို့လေး။ ။ တောပေါင်းငယ်တည့်ကာ။ စံရာမြင့်သီလာနန်း။ ချောင်းရေယာဉ်လျှမ်းပါလို့။ လမ်းမသိပါပြီ။ လေးပါးသခင်။ မြင်တော်လာဘူးငယ်။ ဦးတင်လို့ချီ။ ။ ရွှေဝန်းရံညီ။ ကိန္နရီဘော်လဲ၊ ကွဲခဲ့ပြီလေး။ ။ သည်ပူဝန် ရေးငယ်နှင့်။ မအေးတဲ့ပါပြီ။ မူးချိန်မီ။ ။

(ဒိန်း)။ ။ တိမ်သိဂီငယ်နှင့်သာ၊ နေရီရီ။ လှမ်းမီတော့ရှာ။ ။ နဖဝါးတော်- နာသွေးခြည်သာတန်းပါလို့။ အို- ပမ်းဘွဲ့သါ။ ။ သည်ကန္တာ၊ လိပ်ပျာတုံလို့-ထိတ်တယ်လေး၊ ဆွေးပူပုံငယ်နှင့်သာ။ သဲကြွေရုံ။ ။ သွန်းခြုံတဲ့ခါ။ နယ်ကိုးဒီသာ။

* ဒါရူ = လည်ဆွဲတန်ဆာ။ ။ ဤနေရာ၌ ချစ်သူကိုတင်စားဆိုသောစကားဖြစ်သည်။

† သီတာရေမြေစောင်းမျှလေ-ဟူ၍။ အချို့ဆိုကြသည်။

စည်တံမြှာဖြိုးပါလို့။ ရွှေမိုယ်းတွေရှာ။ စိန်ခရာ။ ကျူးလှာသီရင့်-စောတယ်လေး။ မောသေဘွယ်ငယ်နှင့်သာ။ တောဟေဝန်လယ်။ ။ အသွယ်သွယ်၊ လျှပ်နယ် လောင်လို့။ လင်းတယ်လေး။ ။

(သဖြန်)။ ။ ခင်းကိုယ်တွေ့-ကြုံပြန်လှာ။ မျှော်ရာကဝေး။ ။ ဆော်ကြက်ကယ် ညံစီစီနှင့်။ သီကရီ၊ ပေဟဝန်ရိပ်မှာ။ လွမ်းစိတ်နှင့်ဆွေး။

## ၁၉၉။ ။ မန်းဘွဲ့ပတ်ပျိုးလတ်။ (ငွေယုန်နန်း)

### ၁၂၁၆-ခု၊ ဝါဆိုလပြည့်ကျော် ၁၀- ရက်နေ့ရေးသည့်။ မန်းဘွဲ့ပတ်ပျိုးလတ်။

ငွေယုန်နန်း ကြည်စန်းငယ်တဲ့ လဲ့ရောင်ရှိန်။ လေညှင်းငယ်ခို။ ညွတ်ပြိုဘွယ်။ ဘန်ရွယ်ရည်သို့။ မကြည်ငယ် မဆည်တန့်နိုင်ခဲ့။ ကိုးနယ်ပြန့်သိန်။ ။ မျှော်တိုင်းရီမှိန်။ ဘွေ့ဝတိန်ရွှေနေရုံက၊ လွမ်းပုံကိုထင်မြင်ဉာဏ်နှင့်။ ဘန်လှည့် ပါလား။ ။ ဖြာရောင်မြူး။ တောင်ဦးငယ်တည့် လေးဘွဲ့ရှိန်။ ဝါသဝိန်ငယ်တို့၊ ခါချိန်သင့်ပါကို။ ဘယ်နဲနှင့်တား။ မညိုရာမာန်။ ပိုဗျာလျှံ။ လေးမောင်ငယ် စိန်ပြတန်။ တိမ်ဝေယန်၊ နန်းညွန့်ဖျား၊ စံရာသီ။ ဖလ်ဝါချီ။ ။ နံ့ခွေလျှအုံးရွှေမှီ။ ။ ကျူးသီငယ် ကျူးသီ သံကြိုး ကြွားငယ်နှင့်လေး။ ။ ကြယ်ရောင်ဆိုင် ပတ္တမြား၊ ပြယားငယ်တည့် ဇီဝါ။ ။ ရဝေငယ်သာဆန်း။ ။ ရွှေနန်းသူရာမာငယ်လေ၊ ညာမြေ-သာရွှေပြန့်ပေါင်။ စကြာစုံပုံနှင့်ရာမင်းမင်း။ ရွှေဥသျှောင်။ ဘွေမန်းသာခေါင်။ လေးတောင်ခြံရံဝန်းသည်နှင့်လေ။ ။ သိုက်ဗျာဒိတ်ခံ။ မြို့သံတပေါင်ညွှန်းပါလို့လေး။ ။ အို-ဆော်ယွန်း ကျူးရွှေစည်။ မော်ကွန်းဆက်စဉ်ရှည်။ ။

(သဖြန်)။ ။ သောင်းမေရတည်။ မင်္ဂလေးမည် ဖိုလ်ညွှန်ဆောင်သည့်၊ ပင်ရွှေညောင်မေဒနီပြန့်။ မြေဆီတက်ဖြိုး။ ။ ကိုးဆင့်ရောင်ဖြာ။ ဘုန်းပြဟ္မာနန်းနေတို့။ နတ်ရေမန္ဒာကီက။ သုန္ဒြီမြေရန်ငြိမ့်ငယ်မှာ။ ရွာသွန်းခြိမ့်မိုယ်း။

## ၂၀၀။ ။ ဘကြီးတော်ဘုရားလက်ထက်၊ မြဝတီမင်းကြီးရေးသော ရေလားပတ်ပျိုးကြီး။ (မှိုင်းပြာမှုံဝေ)

မှိုင်းပြာမှုံဝေ။ လေပြေလာ။ သာသာနှင်းဖွဲ့။ ။ ရဂုံမြိုင်ထဲမှာ။ ပန်းလဲစုံစီ။ ။ ယည်သီတာထွေပြား။ ရေမှာမြလားငယ်လေ။ ထားကေလုံ့ပန်း။ နန်းကြာကြော့စံ။ ကြုံပြန်ခါမှန်။ ရွှေစက်ကယ် မြန်းပါလို့။ ပျော်ခန်း-ပျော်ခန်း၊ ဘယ်မှါမှ။ နှုန်းပင် နှုန်းမမျှ သည်နှင့်လေး။ အလိုရွှေသွေး။ သည်းချာကဆွေး။ ။ ပျံ့မွှေးငယ်တည့်ကြိုင်စွာ။ ဂန်တည့်သာ-ဂန္ဓမာ။ ။ သိင်္ဂါစံမှူး။ ရွှေငုံ လှိုင်ညီ။ ရွှေဇီဆင့်လောင်း။ ရွှေကျေးငယ်တမာ။ သာကာဒေါင်း။ ။ သံညောင်းငယ်သာ။ ကျူးလှာရင့်ရင့်လေ။ သံညောင်း ငယ်သာ။ ကျူးလှာရင့်ရင့်လေး။ ။ သင်းသင်းလှိုင်ဝေ။ ဝင်းဝင်းခိုင်ရွှေ။ ညှာညှင်းငယ်သာထွေ။ ။ ဆံကေသိမ်းနိုင်။ ။ နွမ်းခွေကာယိုင်။ တွေမှိုင်ယောင်သား။ ။ တိမ်းပါး။ ယိမ်းနွဲ့နွဲ့။ စိမ်းလဲ့လဲ့။ ကမ်းနဲ့ ရေဟုန်။ သဲငွေခုံသောင်နမှာ။ သေချင်လှူလွမ်းဘွယ်ပုံ။ ။ မှန်းနယ်စုံ။ မရွှာဘဲမှုံ။ ငွေခုံသောင်ဦးက။ ထူးတဲ့အမူ။ တပင်ပျံသန်း။ ကြာနန်းကြော့ လှနတ်တူ။ ပူအောင်လို့သာ။ မိုယ်းဖြူသန်ကြွင်း။ ငွေနှင်းနှင့်တိမ်ရောရာ။ ။ တောင်တောသာ။ မာလာရွှေခိုင်ဆန်းလှလေ။ ။ ကြုံဘူးပေါင်။ သည်းခေါင်ကြွေလု ပမ်းမျှလေး။ ။ မင်းလွင်ငယ်တခန်း-တခန်း။ ညိုညိုစိမ်းလန်း။ ။ နေနန်းငယ်ဘုံရွှေ။ မှိုင်းလို့လို့ လွမ်းဘွယ်ထွေ- ပြန်တယ်ကိုလေး၊ မှိုင်းလို့လို့လွမ်းဘွယ်ထွေ၊ မှိုင်းလို့လို့လွမ်းဘွယ်ထွေ-ပြန်တယ်ကိုလေး။ မှိုင်းလို့လို့လွမ်းဘွယ်ထွေ။ ။ ဖန်ဖန်လဲ နွဲလို့စေ။ ရေသီတာနန်း။ သါခန်းကြော့-သဲခုံဘွေ။ လေပြေနှင့်သါ။ ရဂုံမြိုင်တွင်း ကြိုင်သင်းပျံ့ပန်းမာလာ။ ။ ရွှေပြည်သိင်္ဂါ။ ဒါဟာစံနှုန်းဘက်မဲ့လေ။ ။ ညာနန်းပျော်။ ကိုယ်တော်မြင်လာစမ်းပါလဲ့လေး။ ။ အို-ဘယ်မှန်း။ ရေ့နောက်တောင်။ ရော်ရမ်း။ သိတတ်နိုင်ပေါင်။ ။

(သဖြန်)။ ။ သဲငွေပြန့်သောင်။ မောင်မယ်ကကြွေး။ ။ ရှုလဲကုန်နိုင်နှင့်။ စုံသာမြိုင်ရေယဉ်နန်းငယ်မှာ။ ပြန်လမ်းကဝေး။

## ၂၀၁။ ။ *မြဝတီမင်းကြီးရေးသော တောလား ပတ်ပျိုးကြီး။ (အထူးထူးငယ်နှင့်)

အထူးထူးငယ်နှင့်။ ။ မြူးပျော်ဘွယ်ပေ။ ။ ထွေထွေလာလာ။ သာမျိုးငယ်ဆန်း။ ။ နန်းကြာညိုကြော့စံပယ်။ နတ်ကယ်မူရာ။ ဖြူပြာသွယ်နွဲ့ကုံတယ်ယဉ်တယ်၊ ရွှန်းရွှန်းလန်းလို့။ မျှော်ရေးပန်း။ ။ အလိုခါနွေဦး။ ဖူးစီညွှန့်လန်း။ ။ ရွှေမာပင်နန်း၊ သာသည်မယ်မောင်။ ပန်းယဉ်ပျော့တောင်။ ခေါ်ယောင်ယောင်သံရင့်လေး။ စိမ်းညိုလွဲ့ကျေး။ ။ လေပြေဆော်သွေး။ ပျံ့လှာစုံမြိုင်။ ပန်းစုံကကြိုင်။ ။ အလိုသင်းကြိုင်တယ်။ အလိုနှင်းလှိုင်တယ်။ ခိုင်တည့်သာ ခိုင်ရွှေညှာ။ ။ သာမျိုးငယ်ထူး၊ တပင်ပျံကူး။ ကျေးသိုက် ဖွဲ့မြူး။ ။ တိမ်းမူး။ ယိမ်းနွဲ့နွဲ့စိမ်းလဲ့လဲ့။ သိမ်းတဲ့ကေခိုင်။ နွမ်းခွေယိုင် သာလျော့မှာ။ မာလာကြော့နှင်းလှိုင်လှိုင်။ ။ သင်းကြိုင်ကြိုင်။ ဝင်းမြိုင်မြိုင်။ တခိုင်လုံးရွှေ။ ညှင်းလေဆော်မြူး၊ နွေဦးဆန်းလန်း။ ဝေဆာပန်းငယ်၊ ထွေလာတောတောင်။ လုံးလဲ့စာစာ။ ကျေးကသာ။ မြရောအဝါ။ ။ ဖြူညိုရွှေပြာ။ ငွေခုံသောင်ယံ။ ကျူးရင့်ကြွေးကြော်ညာ။ မြူးပျံခါ။ ။ ပင်တိုင်းငယ်သာ။ သိင်္ဂါရွှေရည်သန်းလို့လို့။ မြန်းလို့လို့၊ နေနန်းဆောင်။ ဖလ်ရောင်တိမ်ခိုးက။ ဖြိုးရင့်အုံ။ ။ စီစီ-ငွေနှင်း။ လေညှင်းက လွမ်းဘွယ်ပုံ။ ။ ကြုံပြန်ရတယ်။ နီလာမြရော။ တိမ်ကြောက- ပြိုမည့်နယ်။ ။ ကြာယွန်းလယ်။ ဖြေလွယ် ပြေရန်ရေးငယ်နှင့်လေ။ ။ သာမျိုးစုံသည်။ ရဂုံမြိုင်ယံ-ကျေးငယ်ကလေး။ ။ စိမ်းညိုငယ်လဲ့သွေး။ ရေရေလိုဖွေး။ ။ သံလေးငယ်ဖျော်ဖြေ။ ပျောင်းလို့လို့နွဲ့ခါထွေ၊ ပြန်တယ်ကိုလေး။ ပျောင်းလို့လို့နွဲ့ခါထွေ။။ ဟေမန်ကြွင်း။ ညှင်းညှံ့ပြေ။ လေပြေဆော်သွင်း။ ငွေနှင်းကလွမ်းရန်ထွေ။ ဖလ်နေလဲ့မှိန်။ အာကကလဲ။ ကြည်ကွဲဘွဲ့၊ ခိုးညိုပြာတိမ်။ ။ မြခြူးလိမ်။ စံငြိမ်ရွှေ ပင်ဦးငယ်ကလေ။ ။ သိုက်နန်းလယ်။ မောင်မယ်ခေါ်သံထူးလို့လေး။ ။ အို- နွေကူး သာလှတယ်။ ရွှေဖူးညာမြန့်ယ်။ ။

(သဖြန်)။ ။ မိုးယံမြင့်လယ်။ ပြိုမယ်ခုတိုင်း။ ။ မြကြောညိုညိုနှင့်။ လွမ်းပိုအောင် သာလေညှင်းငယ်မှာ။ မြူနှင်းကဝိုင်း။

## ၂၀၂။ ။ ဘုန်းတော်ဘွဲ့ ပတ်ပျိုးကြီး။ (ကုန်းဘောင်ပရမေ)

### ရွှေဘိုမင်းလက်ထက်-မြဝတီမင်းကြီးကျောက်မြောင်းတွင်ရေးသော ဘုန်းဘွဲ့ ပတ်ပျိုးကြီး။

ကုန်းဘောင်ပရမေ။ ဇေယျာဘိ။ †သီရိ- သီရိခုနစ်ကြိမ်။ ။ ပြဟ္မာဆုနှင်း။ အောင်ခင်းစံရိပ်ငြိမ်။ ရွှေတိမ်ညွှန်းဝယ်။ လေးရောင်ခြည် လျှံလန်း။ နတ်နန်းဝေယန်နယ်။ ။ ပတ်သန်းငယ်တည့်- ညာ,ဘယ်။ ရဂုံတောင်နယ်။ ပြန့်ကြွယ်ငယ် ကြိုင်မွှန်း။ ။ ယဉ်ရော။ ရွှေသလ္လာ။ ပေါင်းခဲ့ယှက်ဖြာ။ လက်ျာခွေလည် ဝန်းသည်နှင့်လေ။ ။ မြကြည်သွန်။ စီးဝှန်ညာ မြေသွန်းသည်နှင့်လေး။ ။ သဲငွေလျှံသောင်ကျွန်း။ တင့်ရွှန်းငယ်တည့်ဝေဆာ။ သံစုံစုံရင့်လေး။ ငှက်ကျေးချီချငယ်သာ။ ရေမှာရှုသျှင်။ ရွှေဒွါရွှေလောင်း။ မြစ်ကြောင်းကအတင်တင်။ ။ ရွှေနန်းငယ်တည့်ရှေ့ရင်ပြင်။ မြလျှံသွင်သွင်။ ရေယဉ်ပြည့်လင်း။ ပန်းရက်ထုံ၊ ဝတ်မှုံ ချွေယူသွင်းလို့လေ။ ။ ဆိုင်းဆိုင်းစည်။ လေပြည်ဆော်သံညှင်းလို့လေး။ ။ အို- ကန်မင်းကန်မြမွှန်။ သာမျိုးဆင့်ဆင့်ငယ်လွှန်။ ။

(သဖြန်)။ ။ လေးသွယ်ကျူပြွန်။ စီးဝှန်သုံသုံဖြာလို့။ ကုဏ္ဍလာရေကြောကြွယ်သည့်။ လွှန်အံ့ဘွယ်ကျုံး။ ။ ကိုးဂီရိတောင်။ ကုန်းဘောင်ရွှေဝတိန်ညွှန်း။ ဇေယျသိန်။ နယ်သတင်းမှာ။ ရာမင်းညွှတ်ရုံး။ ။

(လောကနတ်)။ ။ သောင်းလုံးမြေလျှံ။ ကျုံကျုံကြွေးရင်။ တော်ကြီးသံတင်နီး။ ။ ငှက်ပေါင်းငယ်ပျော်ရာ။ ‡ရွှေကြာလေ ငါးမည်။ မှုံဝတ်ကယ်စီစီပျိုး။ ။ ယမုန်သီတာ။ အဟုန်ချီကာ။ ပင်လယ်အဏ္ဏဝါဖြိုး။ ။ မြန်ခန်းထွင့်ရှုစိုး။ ရွှေဥဒေါ်သျှောင်။ ကုန်းဘောင်ဖြူဝန်းမိုး။ ။ ညွှတ်ကြိုးတင်ဆင်ကာလေတည့်မှ။ ရှစ်ဦးမြတ်ဆယ်ဖြာ။ ။ စကြာတော် လျှင်ကြောင်းရေး။ သြဘာတော်သံချီးကြွေး။ ။ ဘွဲ့ရေး ကုန်နိုင်ပါလေတည့်မှ။ ရွှေနန်းရွှေညီလာ။ ။

---

* ၎င်းပတ်ပျိုးကြီးကို၊ ဘုရင်ဂျီကျောင်းတက်သံဟု- ခေါ်စမှတ်ပြုကြသည်။

† သီရိသီရိခွန်းနှစ်ကြိမ်ဟူ၍လည်းဆိုကြသည်။

‡ သခေါ်လေးငါးမည် တုလောင်းငယ်တံရှည်ပျိုးဟူ၍လည်းရှိသည်။

(ပဥ္စရူပ)။ ။ အဆင်းငါးဖြာ။ ကမ္ဘာငယ်လေရှည်မြင့်ညောင်း။ အကြောင်းကဲလွန်စွာ။ ။ သီဟာငယ်လေမြိုင်သနင်း။ ငါးကြင်းတူမကွာ။ ။ နာဂစွယ်လျှာ။ သခ် မဟိသာ်။ ။ ငှက်မွန်ဆင်းဝါ။ ဟံသာရွှေမုခါ။ ။ ဟတ္ထိဃာနာ စွယ်လျှနာမောင်း။ ။ ဘုန်းပေါင်းငယ်မင်္ဂလာ။ ရှိဦးတင်ဆင်ကာ။ ။

(သဖြန်)။ ။ တိုင်းကြေညာ။ ဘယ်ဇနိန်တို့။ ပြောင်မမိုန် တသိန်ကြွေ့ငယ်မှ။ မာန်ငွေ့မတင်း။ ။ စက်ဘွားတော်ခိုလှုံလို့။ အစုံဆယ်ကြာညွန့်ဝယ်မှာ၊ ယုံကျွန့်လက်ရင်း။ ။

(ရတု)။ ။ နှင်းငွေကွန့်၍။ တိမ်ညွန့်တိမ်ဖူး။ မင်းလွင်ဦးသည်။ ကြိုင်မြူးမွှေက်။ ပင်ယံထက်ဝယ်။ ကျေးငှက်စုံစုံ။ သိုက်နန်းလှုံ၍။ ဝတ်မှုံရွှေချ။ ရက်ယုမျှလျှက်။ ။ သော်ကရွှေနှန်း။ ဂမုန်းငယ်တည့် ဖြူညိုပြာ။ ။

သင်းသင်းငယ်လှုံ။ ညှာရွှေတံကြိုင်လှိုင်လန်း။ ပန်းစုံကသာ။ ရေမန္ဒာနှင့် ကြာသောင်းသောင်း။ လေပြည် ညှံ့ညှံ့ပျောင်း။ ဝတ်ရည်လောင်းတယ်။ ညောင်းရွက်ညှာ။ နန္ဒဝန်၊ ကြည်သွန်ဇ၊ မွှေးပျံ့စွာ။ ကန်ရွှေမြေက။ လယ်ဝေဆာ။ ပိတုန်းတောင်စာ။ ပန်းရွှေလိပ်ပျာ။ ။ ကိုးသွယ်ညွန့်ဖူးစီလာ။ ဘုန်းရောင်ကွန့်မြူး လေးဒီပါ။ ။

(သဖြန်)။ ။ ပြည်ကုန်းဘောင်သာ။ ပင်ဝေဆာစီစီရုံလို့၊ အစုံချွေယူသယ်ခွင့်။ လိုဘွယ်မရှား။ ။ နန်းငွေတပြိုင်။ ပုလဲဆိုင်ရတနာနှင့်။ စကြာတော် လျှင်မည်ကြောင်းငယ်ကို။ စုံပေါင်းရေ့ထား။

## ၂၀၃။ ။ ဘုန်းတော်ဘွဲ့ပတ်ပျိုးကြီး။ (မြန်ဘောင်ပရမေ)

**ရွှေဘိုမင်းလက်ထက်။ မြဝတီမင်းကြီး ကျောက်မြောင်းမြို့မှာရေးသည့်။ ဘုန်းတော်ဘွဲ့ပတ်ပျိုးကြီး။ (ကုန်းဘောင်ပရမေအလိုက်။)**

မြန်ဘောင်ပရမေ။ ရွှေဘုမ္မိမှာ။ လောကဓိပတိ မြတ်ဇနိန်။ ဘုန်းနေကွန့်ရှန်း။ ကျွန်းကျွန်းငယ်လင်းလို့သာထိန်။ ။ အာလိန်ညွန့်ဝယ်။ ကသစ်ကယ်လျှံလန်း။ နတ်နန်းဝေယန်နှယ်။ ။ ရှုတိုင်းငယ်တည့် လွမ်းဘွယ်။ ရဂုံတောင်နယ်၊ ပြန့်ကြွယ်ငယ်ကြိုင်မွှန်း။ ။ ယဉ်ဇရောယမုန်သွယ်ဖြာ။ လေးရံသီတာ။ ယှက်ခါခွေ၍ဝန်းသည်နှင့်လေ။ ။ မြကြည်သွန်။ တံခွန်ရေတုကျွန်းငယ်လေး။ ။ သိုက်ရွှေမြို့ ဘုံကွန်း။ တင့်ရှန်းငယ်တည့်ဝေဆာ။ ချစ်သံငယ်ရင့်လေး။ ငှက်ကျေးချီချငယ်သာ။ ခိုင်ညှာညွန့်ဝယ်။ ဝတ်မှုံရည်ရော။ ဘော်နှောနှင့်ဆွတ်ကြွေဘွယ်။ ။ ယဉ်လှိုင်းငယ်တည့် ပြောကျယ်။ ကန်အောင်ပင်လယ်။ ရှက်သွယ်ငယ်တူလျှော။ ။ မြောက်ယွန်းညာ။ နန္ဒာရေမြကြောငယ်နှင့်လေ။ ။ ရွှေဖိမာန်။ နတ်ကန်ဇောင်းကလောငယ်နှင့်လေး။ ။ အို-ကြာတောသာနပျို။ ပိန်ညင်းငှက်မယ်ညို။ ။

(သဖြန်)။ ။ တိုင်းများဗဟိုရ်။ ရာရာဇ်ကယ်နွယ်ပင်ပျိုနှင့်။ စံလျော်စို ဇမ္ဗူကြွေသည့်။ နက်သန်မြေမှူး။ ။ သောင်းမြရိပ်ဝေ။ ဆယ်ရပ်ကယ် တိမ်မှောင်ချွေသည့်။ မြန်သပြေ နေသနင်းငယ်ကို။ ရာမင်းရှိဦး။ ။

(လောကနတ်)။ ။ လေးမျိုးနွယ်လာ။ စည်ဖြာဖြိုးဝှန်၊ ရွှေမိုဃ်းငယ်ကြည်သွန်မြူး။ ။ ရင့်လေးငယ်သံတင်။ အိမ်ရှင်ကြွေးကာ။ တုလောင်းငယ်တံမြှာကြူး။ ရေမှာရေဝယ်။ ညီလာစမွဲယ်။ ရှက်သန်းရောင်နွယ်ကူး။ ။

ညွတ်နူးကြည်ဘွယ် သာလေတည့်မှ။ ရွှေလောင်းမြတ်ရွှေဒွါ။ ။ သံသာလေပျော်မြူးနွဲ့။ ရိပ်ကြာလေရွှေနန်းပွဲ။ ။ တက်လက်လက်ျာ၊ ရတနာ ရွှေချွန်းစွဲ။ မကွဲအောက်လက်မှာ။ ။ ဒွန္တာဂေ။ စွယ်လှမြကိုင်ကာ။ ။ လက်ဝဲဘက်ဟတ္ထာ။ စကြာတင့်တောင်း။ နာမောင်း အောက်လက်။ လုရှုရလှမ်း အုပ်ကာ။ ။ ကြွက်မင်းရွှေယဉ်သာ။ ။ မဟာပိန္နဲ။ စောင့်မြဲကပ်ကမ္ဘာ။ ဘုန်းမိုဃ်းရေသီတာ။ ။

(သဖြန်)။ ။ တိုင်းကြေငြာ စည်ဖြာရုံသည့်။ မြမြေခံဦး။ ။ စက်ဘွားရွှေပဒုံပွင့်။ အစုံရာလွန်မြင့်ငယ်လေ။ ဆယ်ဆင့်ညွန့်ဖူး။

## ၂၀၄။ ။ ဘကြီးတော်ဘုရားလက်ထက်။ မြဝတီမင်းကြီးရေးသော ပတ်ပျိုးကြီး။ (ဘုံပျံနေနန်း)

ဘုံပျံနေနန်း။ ပြင်ခန်းစံမွေ့။ လျှံငွေ့နှင်းစီစီ။ ခွါပြာညိုလွဲ့လန်း။ ငုံမြန်းကြဖူးတန်ချီ။ ။ ရီဝေဝေ၊ တိမ်ခြေမြလွှာ။ မှုံမှုံငွေနှင်း။ လေသွင်းစ ရာသီမှာ။ ။ တောင်တောငယ်တည့်ဘွယ်ရာ၊ ဖြူပြာလေ။ မာလာလေ။ ဂန္ဓာကြိုင်သင်း။ ။ ဂမုံးအင်။ သဇင် ပင်မြင့်မင်းနှင့်လေ။ ။ ညိုစိမ်းဝှန်။ ညာပြွန်ရေကဆင်းလို့လေး။ ။ ဟသ်ာလေသောင်တင်း။ ပိန်ညှင်းနှင့်ဇင်ရော်။ မြစ်မှာလေ တခန်း။ ရွှင်လန်းကြ မြူးစံပျော်။ ဘော်ရွှေပေါင်းယဉ်မောင်နှင့်မယ်။ ပြာပြာရောင်လင်း။ သောင်ခင်းနငွေလျှံဝယ်။ ။ ရှုတိုင်းငယ်တည့်လွမ်းဘွယ်။ ခါရှယ်၊ သာနယ်။ ညာဘယ်ရစ်ဝိုင်း။ ။ ပြာရိပ်မှိန်။ ဖလ်ရှိန်ညိုလွဲ့မှိုင်းလို့လေ။ ရွာအံ့စွေ။ တိမ်ခြေမြနယ်ဆိုင်းလို့လေး။ အို- ရှုတိုင်းထွေလှတယ်။ ရွှေသဲဆွတ်လွတ်ဘွယ်။ ။ သွယ်သွယ် ရွှေရံ ဝန်းလို့လို့။ ။ ညွှန်းမပြေလို့၊ နေခက်အောက်ကိုသာ။ နတ်ကယ်ဘယ်နယ်။ ဘန်လာရေး။ ရွှေညဥ္စလွှာရုံ။ ခြုံလဲ ချမ်းဝန့်လေး။ တွေဝေမှိုင်ကာ။ ခွေခွေယိုင်ခါ။ ယွန်းရွှေသဍ္ဍာ။ အုံးမှာဆွေး။ ။ တမ်းယောင်။ ဘယ်ဆောင်ဘယ်မှာ။ ဘုန်းမဲ့ကေသာ။ ဖွေစံရာ။ ။ သော်တာပေါ်လာရောင်ယှက်ဖြာကွန့်။ စကြာစုံစုံရွှေ။ ။ သီဝေမျှော်ကာဖြာယှက်ရောင်ဝှန့်။ သာလွန်ပူမြ ပန်းလှမ်းနိုင်။ ။ မှိုင်ရောင်တွေဝေ၊ တမ်းလို့လွမ်းဘွယ်စေ။ ။ ဘုန်းဝေ။ တဝမ်းနဲ။ အချမ်းသဲ မြပုလဲကြာရံလယ်။ တဝမ်းနဲ။ အချမ်းသဲ။ မြပုလဲကြာရံလယ်။ ။ ဘုန်းဘုန်းရင်းနေနွယ်။ ကျွန်းကျွန်းသိမ်းမြန်း-ပိုင်။ ။ နိုင်နိုင်ငံစိုး။ ဖြိုးဖြိုးရီဝေမြိုင်။ ။ လန်းလန်းဆယ်ခိုင်ပန်း။ ။ သိန်း-သန်းရောင်ဝေ။ ထောင်နေဝင်းလျှံ။ နတ်နန်းဆယ်ခိုင်ပန်း။ ။ ရွှေဝန်းခညောင်း၊ ဘယ်စံလယ် မောင်မယ်မျှော်လို့။ သွေယိမ်းမြန်း။ ။ ငွေနှင်းတဖြန်းဖြန်း။ အဆန်းဆန်း။ လေညှင်းတဖြန်းဖြန်း။ ။ လွမ်းလွမ်းသာမှိုင်။ ။ ဖြေလဲဖြေပါနိုင်။ ။ ဝေမြိုင် ဘွေဆိုင် ခွေယိုင်တွေမှိုင်။ သင်းသင်းကြိုင်ကြိုင်၊ ကေခိုင်နွမ်းရည်။ စိမ်းလဲပီပီစိမ်း။ ။ ပြောင်းနွဲ့ခွေယောင်။ စံဆောင်လကျာ။ နင်းရော မလ္လာပိန်း။ ။ စံမြကြော့လမ်း။ ကြာရံသဉ်လယ်ကသာ။ သွေနူးရှိန်း။ ။ ပူမြ- မှန်းမတိမ်း။ ဆူသဲလွမ်းမငြိမ်း။ ။ သန်းယိမ်းလွန်လဲပျော်လို။ မှိုင်းမှိုင်းမြ။ ဝေဝေတဲ့ညိုညို။ ။ ပျော်ဘဲပျော်လဲပျော်လို။ သက်ကယ်ဖိုဖို။ ငိုခင်းပြောင်း။ ။ မြမြမောင်းမောင်း၊ ပြာအညိုရွှေ။ တိမ်ခြေငွေနှင်းပေါင်း ဝေစီစီ၊ လေပြည်လေညှင်း။ လုံနိုင်အောင်သါ။ လောင်းပြန်တော့လှာလေလေ့။ ပြောင်းရိုက်ကယ်ဆော်ကာသာ။ ။ အုံးရွှေသဍ္ဍာ ယွန်းမော်ကြာရံလယ်။ ။ ညှိုးညှိုးငယ်ငယ်။ သေများသေချင်ဘွယ်။ ဘုန်းကြွယ်ကြွယ် ဘန်ဘဲအား။ ဝေယန်လယ်။ စံပယ် မြနယ်လေ၊ ရတစေ။ နေလွန်းညား။ ပူသူများပူရော့မယ်လေလေ့။ မေ့ရက်ကယ်နေနိုင်တယ်။ ။ သဇင် ခယား စကားစမွှါယ်။ စမ္ပီရွှေသွယ်၊ ဝတ်မှုံပျံ့လှယ်မွှေး။ ။ လေပြေတသွေးသွေး။ စုံမြိုင်ခြေကျေးက ပန်းသာထွေ။ ။ ဆောင်ယွန်းယိုင်ဘွေ။ လေဝန်းရစ်ခါခွေ။ ရွက်ရော်ကြွေ နွေမူးမူး။ မိန်ရာသီ-ခါမို လသာခေါင်။ မြလွှာမှောင်တောင်ခိုးမြူး။ ရွှေဖီဖူး။ ပေါ်ရော့မယ် လေလေ့။ မေ့ရက်ကယ်နေနိုင်တယ်။ ။ ညှိုးငယ်ခွေယိမ်းမြန်း။ ပူပုံပန်းရွှေပင်လယ်။ ။ အို-ကြာနယ်ကွာရေဝေး။ မြင်လာပါဘဲဆွေး။ ။ တွေးကြံနိုင်အောင်။ ရီမှိုင်းမြောက်တောင်။ ညှင်းသာလေဆောင်။ ဖလ်ရောင်မလန်း။ ။ အာကာယံ။ တောင်တော။ သာလေနွေဘွဲ့ဆန်း။ ငှက်သံညံစီစီ။ ပင်ညီဝေ။ ရွှေဖီခိုင်ညှာလန်း။ ။ မြမြမြန်းမြန်း။ ငုံပြေပြေ။ မြိုင်လုံးလွမ်းဘွယ်ထွေ။ ။ ညှာခြေဝင်းလှလှ။ တောင်တောငယ်တခို။ ရှုတိုင်းငယ်စို။ ညိုစိမ်းမြမြ။ ။ ဝါရွှေငယ်ဆန်း။ ပင်နန်းငယ်သာထွေ။ ရော်ရွက်ကယ်ကြွေ။ နွေသွင်းစစ။ ။ ရွှေလရောင်ညီ။ ဘရဂုဏ္ဏီနှင့်။ ယှဉ်မှီထွန်းလာ။ ပြန်တော့မယ်။ စုံသာမြိုင်လယ်။ လွမ်းဘွဲ့တခန်း။ ယဉ်ပုံဝေ။ ထွေဆန်းလှလေ။ ။ ရော်မြန်းရွက်ကြင်။ ညိုလွင်လဲ့မောင်းပြေပြေ။ ။ သာသာလေညှင်းဆော်လို့။ မြူးလာယှက်သန်း။ ကျုံကျုံရွှေငုံ ပန်းမှုံနံ့ကြိုင်လန်းလန်း။ ဖလ်နန်းစကြာလဲ့မှိန်။ တိမ်ကတင့်ရဲ။ ဆင်လို့အနဲနဲ။ ။ ကွဲကြေကြေ ဆွေးလှူလှူဘွယ်။ ။ တပင်ပျံလယ်။ မြေယံဝယ်။ ရွှေရင်ဘောင်လယ်။ ဖိုမမောင်မယ်။ ကျူးတယ်ခေါ်သံသာနှင့်လေ။ ။ ကိုယ်လုံးမြစေ။ သိုက်ရွှေညံ့နန်းလယ်မှါ။ ။ ပန်းလွှာရည်ရေး။ နီလာသွေး။ မြူးပျော်ကာ ကြွေးဘော်ညီဝေး။ လှမ်းခြေယူနေး။ ပူဝန်လေး။ ။ ကျေးငှက်ကယ်၊ ညာဘယ်တောင်နှင့်၊ တောတောတောငယ်မှာ။ လွမ်းရန်သွယ်သွယ်။ ဆင့်အောင်ရင့်ရူ။ ကူးလို့တခန်း။ မြူးကြအဆန်းဆန်း။ ။ စုံသာမြိုင်နန်း။ ဝေလဲ့စီစီ။ မင်းလွင်ကချီ။ ။ နွေရာသီကြိုင်လှိုင်လန်း။ ညှင်းလေကဖြန်း။ ။ ရွှေလျှံငုံမြန်း။ ကြွေလှညှာခိုင်။ ပန်းမှုံနံ့လှိုင်တယ်လေ။ ဘုန်းပင်တိုင်ငယ်။ မြင်စမ်းပါလှဲ့အုံး။ ဘုန်းပင်တိုင်ငယ် မြင်စမ်းပါလှဲ့။ အုံးညံ့ညံ့။ ။ လွမ်းရန်မြိုင်နန်းလုံး။ ။ ညိုမြလွှာရောင်။ ရီမှိုင်း ဝေဆာမှောင်။ ။ တောတောင်ငယ်သာခန်း။ ပျော်ဘွယ်ထွေပါလှတယ်။ ပြာခြေဝါရွှေလျှံမောင်း။ ညာကြေသာ လေပြန်ညောင်း။ ရွာလှူ ဟန်လို။ ။ နေနန်းတိမ်ခိုခို။ ။

(သဖြန်)။ ။ ဘာပြုမဲ့မာန်ညို။ မိုယ်းညိုတိမ်ကြီးငယ်။ ဆီးလို့လေ။ ။ ဝေစီစီ။ ရွှေဖီညှာညွှတ်ကယ် ပန်းဝတ်ကသင်း။ ။ အာကာယံ။ မြလျှံညိုလဲ့။ ဆိုင်းလို့လေ။ ။ မြိုင်ရဂုံ။ မှုံမှုံ သန်ကြွင်းငယ်။ လွမ်းလေကညှင်း။

## ၂၀၅။ ။ မန္တလေးနေပြည်တော်။ ဥယျာဉ်တော် ၂၁-ရပ်ဘွဲ့ ပတ်ပျိုးကြီး။ (စံရာရွှေနန်း)

**နိုင်ငံခြား ဝန်ထောက်မင်း ဦးချိမ့်ရေးသော မန္တလေးနေပြည်တော်။ ဥယျာဉ်တော် ၂၁-ရပ်ဘွဲ့ ပတ်ပျိုးကြီး။ (ဘုံပျံနေနန်းအလိုက်။)**

စံရာရွှေနန်း၊ မြမန်းဌာနေ့၊ ပျော်မွေ့ဘယ်ပြီပြီ၊ ငါးတန်ငယ်သိုက်ညွှန်း၊ ဘုံကွန်းမြို့-ပြည်ဌာနီ။ ။ ညီရှင်အာနန်၊ ဗျာသံပြခါ။ ရွှေဘုံရွှေနန်း၊ စံမြန်းလိမ့်သည်တွင်သာ။ ။ စည်ထွန်းငယ်တည့် သာသနာ၊ ရောင်ဝါလေ၊ ထောင်ရာလေ၊ မှောင်ကွာသစ်ဆန်း။ ။ စေတီဂူ၊ ဆူဆူရေမခန်းငယ်နှင့်လေ။ ။ မဂ်ငြမ်းချွေ။ ဗိုလ်ခြေထောင်ရာသန်းပလေး။ ။ ရတနာပုံကြွင်န်း၊ နန်းသစ်ကယ်ရွှေမြေ။ ဥယျာဉ်တော်ရံသန်း။ နတ်နန်းနှင့်စံစတေ။ ။ ရေယဉ်ကာ (မဟာ) ရေ့ဆွယ်။ (ဟောမာဇလ)။ သာစွပျံ့လှိုင်ကြွယ်။ ။ ရှုတိုင်းငယ်တည့်ညာဘယ်။ ။ စုံနယ်၊ မှုံကြွယ်၊ ထုံတယ်နေ့တိုင်း။ ခက်ချင်းဆိုင်။ ဂနိုင်ညိုလဲ့မှိုင်းလို့လေ။ ။ ရွက်ညွှန့်ဝေ၊ ပင်ခြေညာလဲ့ ဆိုင်းလို့လေး။ ။ အို-ယက်လှိုင်းရေပြည့်တယ်။ ကန်ချောင်း မောက်ဖြိုးကြွယ်။ ။ ပြန့်ကျယ်ငွေသောင်၊ ကမ်းမို့-မို့။ ။ နန်းရဝေလဲ၊ ရေယဉ်ခြံရံကာ။ ။ ရွှေစကြာကွန့်-ညီလာကြွေး။ ။ လှေတော်သမ္ဗာန်။ စံမြရှုတိုင်းဇ။ ။ ရေ-ရေနိုင်ပါ။ ဇွေ-ဇွေမြိုင်ချာ၊ (အသောကာ)။ မည်သာရေး။ မန်းတောင်။ ယဉ်ဘောင် သွယ်ဖြာ။ ဥယျာဉ်မာလာ။ ဇွေစံရာ။ ။ ဖြူပြာ-ဂန္ဓာ။ ကြိုင်ယှက်ဖြာကွန့်၊ မြညှာ-ထုံမှုံရွှေ။ ။ ပင်ခြေဝေဆာ၊ ခိုင်ပေါင်းကြိုင်လန်း၊ မြင်သူဖူးမပမ်းလုမ်းနိုင်။ မြိုင်-မြိုင်သာဇွေ။ ချီးလို့ကုန်နိုင်ချေ။ ဆုံးစေ။ (မခန်းဘဲ၊ အလျှံကဲ။ ရှုတန်၊ ရေနိုင်ဘွယ်-၂)။ နန်း-နန်းရှေ့မြေဝယ်။ ။

(လောကနတ်)။ ။ ထွန်းထွန်းပပ။ (အဠနကေသီ)။ ။ သိင်္ဂီရွှေဆိုင်၊ လှိုင်လှိုင်လျှံလန်း။ သိန်းသန်းရေမပိုင်။ ပင်မင်းကြိုင်လှိုင်လန်း။ ။ နှင်းပန်းနော်ဇာ။ မာလာသင်းခွေ၊ ဆပ်သွားငွေရောင်ဒန်း။ ။ ခေါင်ရန်းဇီဇဝါ။ စမ္မာမိုယ်းစွေ၊ လောင်းပန်းစုံခြေကမ်း။ ။ ဆွတ်ဖြန်းစိမ့်ကြောင်း။ ရေယဉ်ရံ၊ နဒီမြနယ်။ သာရေးဆန်း။ ။ သောင်တင်းမြူးကြမြန်း၊ ကူးကြသန်း၊ ပိန်ညင်းကြွေးချက်ဆန်း။ မေးတကက်ကမ်း။ ။ လျှမ်းလျှမ်းရေဆိုင်။ ။ ရွှေလောင်း ရွှေလှေပြိုင်။ ။ ရေနိုင်၊ ဇွေဆိုင်၊ တက်ချင်းသံစုံအိုင်။ ။ သင်းသင်းကြိုင်ကြိုင်။ ဂနိုင်မှိုင်းရီ။ တောင်တောသာပြီရေး။ ။ ရှုတိုင်း- သာခေါင်။ မန်းတောင်ရှေ့ညာ။ (သီရိ) မည်သာရေး။ ။ မြတ်လေး (သုမနာ) သညာနှင့်သာ။ လှယ်ရေးမှန်သေချာ။ ။ စုံဂန္ဓာမြိုင်နန်းဦး။ ။ ရာဘုရင်ရှိပန်းဖူး။ ။ ညွှန့်လူး။ စိုစိုလွမ်းပို။ မှိုင်းမှိုင်းမြ၊ ညိုညိုတဲ့ညိုညို။ ။ ခက်ချင်း၊ ရွက်ချင်း မှုံပျို။ ဝတ်ရက်ငယ်ရွှေလိုလို၊ ဆိုခင်းများ။ ။ မြမြထွားထွား၊ ဝါအညိုဖြူ။ သိုက်တူညင်ခင်ဝါး။ ။ ဝေစည်စည်၊ လေပြည်လေညှင်း၊ မြည်သံသာယာ။ ကြွေးပြန်တော့ သာလေလေ့။ ငှက်ကျေးလည်တင်ခါ။ ။

ရွှေကြာသင်းစွာ။ ဝတ်မှုံကြိုင်လှိုင်ကြွယ်။ ။ ကန်မင်းပြင်ကျယ်။ ရှုတိုင်းကုန်နိုင်ဘွယ်။ ဘုန်းနေနွယ်။ ဘန်ဆင်းထား။ ဝေယန်ဝယ် သာနယ် မျှကယ်စေ။ (သီရိဘဒ္ဒ) ငယ်လေ။ မြိုင်မြင့်ဖျား။ ကြိုင်ပျံ့ရှား၊ မှုံပျံ့ကြွယ်လေလေ့။ ဝတ်ရက်ကယ်ရွှေမြနယ်။ ။ သဇင်ပွင့်ထွား၊ ချယားစပယ်။ ရွှေဖီညာဘယ်။ ချပ်သွယ်ပျံ့လှယ်မွှေး။ ။ လေပြည်တဇေ၊ သောင်သောင်ရေအေးလို့။ ကျေးသံထွေ။ ။ ငှက်ပေါင်းဘော်ရွှေ၊ မြစ်ကမ်းနဒီဇွေ။ မြမြစ်ရေ-သင်ဖြူးခင်း။ လှေသံညီ- သံပြိုမြယဉ်ဘောင်။ တက်ရွှေရောင်။ ပြောင်လင်းမြူး။ မြင်သူ မူးဘွယ်မျှပင်လေလေ့။ ရှေးထုံးသည်နယ်တွင်။ ။ ရာဝင်ငယ်၊ နောင်ဥဒါန်း။ ညာရွှေမန်း။ ဇွေမြင့်လယ်။ ။ အို-စုံနယ်မြိုင်သာကျေး။ (သီရိမလ္လိကာ) ငယ်လေ။ ကြိုင်ပျံ့ဇ။ ပင်စုံခိုင်သီးမွှေး။ ။ တွေးကြံနိုင်စေ။ ဆွတ်လွမ်းဘွယ်ပေ။ ကမ်းရေစိမ့်စမ်း။ နန်းငွေသောင်။ တောင်တောဆန်း။ ။ ရေပေါ်ယံ၊ ငှက်ပေါင်းပျံကာလှယ်ကွန့်မြန်း။ နတ်သံဖန်တီတီ။ ညံစီထွေ၊ သာလေချိုကြည်လန်း။ လှလှဆန်းဆန်း။ ဝါနီရွှေ။ ။ စိန်သွေးမြူရောင်ဝေ။ ။ခေါ်လေခွန်းစစ။ ဘော်ရွှေဝန်းလျှလျှ၊ မြင်တိုင်းငယ်တမြို။ ယှက်ဝဲငယ်လှုံ။ ခုန်ဆင်းကြွကြွ။ တောင်ပံငယ်ချဉ်းပါလို့။ လည်ချင်းငယ်ပြိုင်ကာ။ ငယ်ချစ်ကယ်လျာ။ စာကျွေးကြကြ။ ။ မန္တာကီကန်။ မဟာဌာန်က။ ကျံကျံကြွေးလာပြန်တော့တယ်။ ။ ငှက်ကျေးညာဘယ်။ လွမ်း ဘွယ်တခန်း။ ပင်သိုက်မြို၊ ပျံသန်းလို့လေး။ ။

မြိုင်နန်းရွက်ဝေ။ ခေါ်ထွေသည့် (သိဒ္ဓိဖလာ)။ ။ (မဟာ) ငယ်သန့်ရှင်းမည်ကွန့်။ မြူးလွှားပျံသန်း။ ဥယျာဉ်မြေခံ။ ပန်းငုံပြန့်ကြိုင်လန်းလန်း။ စံနန်းသာတဲ့ချိန်။ စိန်ပွင့်ပုလဲ။ မြိုင်မြင့်ပန်းခဝဲ။ ။ သဲသောင်ငွေ။ ခင်း(ဇေယ) ဝယ်။ (ပထ) နောက်ဆွယ်။ မြေယံဝယ်။ ဟသာမည်ရှေး။ လွန်ယဉ်ကျေး။ ။ (မန္တာ) နက်လေး။ ခေါ်ညီရေး။ မြူးပျော်ကာကြွေး။ ဘော်ညီဇေ၊ ငုံကြွယ်ခက်သေး။ ကန်လုံးမွှေး။ ။ ကျေးသံကြွယ်။ ငှက်ကယ်တွံသံညောင်းငယ်မှာ။ (မင်္ဂလာဥယျာဉ်)။ ရွက်စဉ်ခက်သွယ်။ ကြက်နယ်တခန်း၊ ပင်မြင့်အဆန်းဆန်း။ ။ ကန်ချောင်းငယ်ထွေ။ ဘွဲ့ရေးငယ် သာပန်း။ ။ ကြာမျိုးကြိုင်လှိုင်ထုံဆီ။ သင်းတဲ့လေချီ။ နှင်းသွဲ့ခါညီ။ ရွှေလျှံစီစီ။ သိင်္ဂီတည့်နတ်နန်း။ ပတ်ကုံးငယ်သာမွန်။ စုံ(ဟေမဝန်) ထူးလို့ဆန်း။ ။ ရွှေမန်းလေ။ ထွေဆန်းလေ။ လျှံလန်းလေ။ စံနန်းလေ။ မြိုင်ခန်းလေ။ ကြိုင်လန်းကာမွှေးလို့လို့ပင်။ ။ (မနော်) ငယ်မည်တွင်၊ သန့်စင်တည့်လန်းစိုစို။ ။ မြိုင်ညိုညိုစိမ်းလန်းရင့်။ ငှက်ပေါင်း ထွေပြား။ မောင်နံမောင်နံတည့်ခြားခြား။ ကြာနားရေပြည့်ကြွယ်။ ထူးဆန်းအံ့သြဘွယ်ငယ်ကိုလေ။ နန်းနယ်သာ-ရွှေကြာကြိုင်ပျံ့။ ခြားလေအောင်။ မြိုင်ချောင် (မေဃနာ) ထိပ်ဝယ်။ ရိပ်ကျယ်။ မြော်တော့မဆုံး။ မြိုင်မြင့်ပန်းဂမုံး။ ။ (မဟိသရာ) ဂန္ဓာကြိုင်သင်း။ မြိုင်မင်းသာစွ။ လေချိုညှင်းတယ်လေ။ ပျံ့သင်းဘွယ့်စေသာ။ ။ ရင့်ရင့်ညောင်းညောင်း၊ ဥဒေါင်းတွံက။ သည်မြိုင်ယံမှာ။ တမာလေ။ သာကာလေ။ ကြော်ငြာကျူးဇေ။ ကြွေးမည့်မြိုင်ဖျား။ လွန်ပျော်ပါး။ ။ ကြော်ငြာထွေပြား။ ရှုစားဘွယ်သာ။ (မဟာ) တည့်သောင်းသောင်း။ (မုဒ္ဒိကာ)သင်းပျံ့လှောင်း။ ။ သာတောင်းလေ။ ရာတောင်းလေ။ ငှက်ပေါင်းငယ်ကြွေးရင့်။ ရွှေမြို့။ ။ ငွေခုံ၊ ရွှေရုံ။ တူစုံပျော်ရာ။ နတ်မှာဘဲလို။ ခက်ဆိုင်ညှာဝယ်။ ။ ပျံ့ကြွယ်ရိပ်သာ။ (သီတလာ)ခင်း။ မြိုင်းမင်းချမ်းမြ။ ကြိုင်လန်း-ကြိုင်လန်း။ (နန္ဒဝါ) ဆန်းတည့် ဆန်းကြယ်စွာ။ (မနော်ရမ္မာ) ငါးကြာတည့် ခက်ချင်းငယ်လှိုင်။ ။ ရေကြည်ဖြိုင်ဖြိုင်။ ကန်အိုင်တည့် လျှမ်းလျှမ်းဖြိုး။ လျှမ်းလျှမ်းဖြိုး။ နှင်းဆီသာနီး။ ပွင့်မျိုးကြိုင်စွ။ နော်ဇာဒါရှု။ သင်းခွေ၊ မိုးစွေတည့်ကြိုင်လှိုင်ကြူ။ မဟာငယ်လှေကား။ ပွင့်ထွားငယ်တူရှု။ မဥ္ဇူတည့် လောင်းပန်း။ ရေနိုင်များလှ။ ငှက်ပေါင်းသာပေါင်း။ ရေကန်ဝေယန်။ ရဂုံတန်တန်။ ပန်းမာလ်များနှင့်။ ရှုစားဘန်ရေ။ မန်းမြေပြန့်ရန်အောင်။ ။

(သဖြန်)။ ။ ဘုန်းဘန်ဘွဲ့မှာ။ ရောင်လှဲ့ ဆဒ္ဒန်ပြောင်ငယ်ကိုလေ။ သိန်းထောင်ရောင်သား။ မြင်းပျံများ။ စကြာငွါးငွါး။ ရောက်မည်သားစေပင်။

မှတ်ရန်။ ။ မန္တလေး ရတနာပုံ နေပြည်တော်ရှိ ဥယျာဉ်တော် ၂၁-ရပ်၏ အမည်များကား။

(၁) မဟာဟေမာဇလ

(၂) မဟာအာသောက

(၃) မဟာအဥ္ဇနကေသီ။

(၄) မဟာသီရိသုမန။

(၅) မဟာသီရိဘုဥ္ဇန။

(၆) မဟာသီရိမလ္လက။

(၇) မဟာသိဒ္ဓိဖလ။

(၈) မဟာဇေယပထ။

(၉) မဟာသီရိမန္တာဝရ။

(၁၀) မင်္ဂလာဥယျာဉ်တော်။

(၁၁) မဟာသီရိဟေမဝန်။

(၁၂) သီရိမနော်ပထ။

(၁၃) မဟာပဒုမ။

(၁၄) မဟာမေဃနာ။

(၁၅) သီရိမဟိဿရ။

(၁၆) မဟာမုဒ္ဒိက။

(၁၇) မဟာဒေဝတာ။

(၁၈) မဟာသီတလ။

(၁၉) မဟာဂီရိစိတြဝန်။

(၂၀) သီရိမနော်ရမ္မံ။

(၂၁) မဟာဂီရိနန္ဒဝန်။ ... ဥယျာဉ်တော်များဖြစ်ကြောင်း။

အထက်ပါ ဘုံပုံနေနန်းအလိုက်။ စံရာရွှေနန်းချီ။ ဥယျာဉ်တော်၂၁-ရပ်ဘွဲ့ ပတ်ပျိုးကြီးတွင် ဥယျာဉ်တော် ၂၁- ရပ်အမည် အလုံးစုံမပါ။ ၁၈-ရပ်သာပါသော် လည်း၊ ပျောက်ပျက်တိမ်ကောခြင်းမဖြစ်စေရန် ထည့်သွင်းဘော်ပြလိုက်ပါသည်။

**(ဤတွင် ပတ်ပျိုးသီချင်း ၂၀၅- ပုဒ်ပြီး၏။)**

# လောကနတ်သံများ

## ၁။ ။ လောကနတ်သံများ (တိမ်မှောင်ဝေးကင်း)

တိမ်မှောင်ဝေးကင်း။ မြူမှေးရှင်း။ ။ မြူမှောင်ဝေးကင်း။ တိမ်မှေးရှင်း။ ။ စန္ဒာလေရောင်ဝင်း။ ထွန်းလင်းသန့်စင်ကြည်။ မိုဃ်းမင်းလွင်ပေသည်။ ။ မြောက်လေပြန်ညောင်း။ ဆောင်းလည်းရောက်ပြန်ပြီ။ ။ အို ကံဆိုးသည်။ ထွေထွေထူးလည်း။ ညွန့်ရှည်လန်းလို့။ လောင်းပန်းဂမုန်းအင်။ ။ သဇင်မွှေးကြူပေါ် ပြန်တော့မည်။ ကြံစည်စိတ်ဝမ်းများ။ ။ မရွှင်ပါလားလား။ ။ ပျော်ပါးခရောက်ဘဲ။ ။ ဖင့်နွှဲ ကြာတင်။ ကျွမ်းဝင်ကြင်သက်ထား။ ။ လှည့်လည်ပျော်ပါး။ သူများနှင့်သာ။ ။ ငါ-မင်းကိုကား။ စိတ်ထားမှတ်စွဲရာ။ ။ တင်းတင်းစိတ်အာသာ။ ။ ဝမ်းနဲစရာ။ ဝမ်းကွဲစရာ။ ညှိုးနွမ်းစရာသား။ ။ ညှိုးနွမ်းစရာ၊ ဆင့်ကာ ထပ်ပေါင်း။ ချမ်းဆောင်းထပ်ပြန်လောင်း။ ။ လေသာလေညှင်း။ သွင်းလာရင်တွင်း။ ဗျာပါလွန်မင်းကြောင်း။ ။ သွေးပေါင်း စိတ်ဝမ်း၊ ပူစရာတည့်သာ၊ ထွေလာထပ်ပွါးကဲ။ ။ အံ့သဲအပါးပါး။ ။ စွန့်ကဲအခြားခြား။ ။ လားလားစိတ်ခိုင်။ ကံပိုင်ဖြေနိုင်။ တရားစောင့်နိုင်ဘဲ။ ။ သည်းထဲမှာသာ။ လွမ်းမြဲအင်သာလွမ်း။ ။ ပူအင်ခွေနွမ်း၊ ဆိုချင်မြည်တမ်း၊ ငိုချင်ယောင်ကာရမ်း။ ။ ဆည်တမ်းခက်တောင်း။ ဗျာပါဝန်းမျှ၊ ကျွန်မချစ်ကြိုးလွမ်း။ ။ ထွေဆန်းရှိကြောင်းချင်း။ ရှိကြောင်းချင်း။ ပုံခင်းဘက်နှုံးဘူး။ ။ ထွန်မြူးစက်ချီ၊ တိမ်သည်ပြာသည်။ မိုးလုံးပတ်လည်လင်း။ ။ ရှင်ရင်းမြတ်ဖျား ။ ကျော်လေးဆူ။ လွယ်ကူသနားကြောင်း။ ။ ဆယ်ချောင်း-ရှိလန်းလန်း။ ရှိလန်းလန်း။ ရည်ညွှန်းထိပ်ဦးထား။ ။ လျှောက်ပြန် တိုင်ခွင့်ထား။ စိတ်အားကျယ်ဝန်းများ။ ။ များတိုင်းလျှောက်ရင် ကြာလေတော့မည်၊ လားလားလျှောက်ချင်ပေါင်။ ။ မည်သာကျော်လေးပါး။ ရှင်ပင်ရှင်စောဖျား။ ။ ဘုန်းတော်ခြောက်ပါး။ ပြိုင်ဘက်ရှား။ တေဇာလေတိုင်းသိညား။ ။ ထောက်ထားဆင်တော်မူလေတည့်မှ ။ လျှောက်ကြား တင်တော်မူ။ ။ လွယ်ကူလေ သနားကြောင်း။ ။ ကြည်ဖြူလေညွှတ်တွားပျောင်း။ ။ စိုးရိမ်ပျောက်ကြောင်း ၊ ကယ်ချွတ်တောင်း။ တေဇာလေတန်ခိုးပေါင်း။ ။ ဉာဏ်ဝါရေဇလောင်း။ ။ သီတာရေချမ်းလောင်း။ ။ ဉာဏ်ဝါရေဇလောင်း။ ။ သီတာရေချမ်း။ သီတာရေချမ်း။ သီတာလေရေချမ်းလောင်း။

## ၂။ ။ ဇောင်းကလောကသိုလ်တော်ဘွဲ့၊ လဲ့လောကနတ်ချင်း။ (ထိန်ထိန်ဖြာ)

ထိန်ထိန်ဖြာ ။ မိုးဖျားဘုံပြဟ္မာငယ်လေညီးညီးလင်း။ သာနီရွှေလျံမောင်း။ ။ ပေါင်းဆင်ဖြူညိုပြာ။ ဘုန်းပန်းတေဇာဖြိုး။ ။ ကွန့်လှိုင်းငယ်ဝှန်ဝေ။ ဆယ်နေနန်းစံ။ လွှတ်ကျွန်းငယ်ရောင်လျှံဖြိုး။ ။ စေတီမွေပုံးမဟာဇေယခုံးခြောက်သွယ်ရောင်စုံဖြိုး။ ။ လူမင်းနတ်မျိုး၊တင်ဆင်လှုံ၊ ကြည်ယုံရွှယ်တိုင်းကိုး။ ။ ရှင်စောဘုန်းတန်ခိုး။ နှုံးစံခွင့်ဘယ်နှိုင်းရိုး။ ။ ကောင်းကျိုးစဉ်လာ။ တောင်မင်းရွှေသီလာ။ ။ ရေကြာအဏ္ဏဝါ။ ကန်မင်းမြေလက်ျာ။ ။ မလ္လာ ဂန္ဓာ။ ငှက်ကျေးရွှေပျူငှာ။ ။ ရင့်ကျူးငယ်သဒ္ဒါ။ ပွင့်လျာဘုန်းခေါင်။ တည်ထားငယ်ဘုံဆောင်ဦး။ ။ လေးပါးဆယ်မည် ။ လှူစည်ရွှမ်းခါ ။ ရင့်ညောင်းသံသာကျူး။ ။ လူမှူးနရိန္ဒာလေတည့်မှ။ ထွင်နှိုးဇကေရာ။ ။ စကြာတော်လျှင်ကြောင်းရေး။ ဩဘာလေ သံခြီးကြွေး။ ။

သဖြန်။ ဘုန်းနေတန်ဆောင်။ ကုန်းဘောင်ဇေယသိန်ပ၊ နာဂဇိန် ဆဒ္ဒန်ညွှန့်ငယ်မှာ ရေးကွန့်ကွန့်ဇ။

(ဤတွင် လောကနတ်သံများ ပြီး၏။)

# လေးထွေသံကပ်များ

## ၁။ ။ လေးထွေသံကပ်အချီး (ရွှေပန်း ပန်ငယ်တို့။ လေးထွေသံကပ်အချီး)

ရွှေပန်း ပန်ငယ်တို့။ ကြွလာပြီဆို။ ကြိုင်ကြိုင်ကြိုင်။ ကြိုင်နေငင်းဆီ။ လိုလေ လိုလေ လိုလေ တည့်မှ။ ကြိုင်ကြိုင်ကြိုင်ဇ။ ကြိုင်ဇနေငင်းဆီလို။ ။ နင်းဆီလေ နင်းဆီလေ နင်းဆီဟုတ်ဘူး။ ကိုယ်တော်သာ။ နံ့ပင် ဟုတ်မည်ထင်။ မွှေးရှင်တကြူးကြူးငယ်နှင့်လေး။ ။ သာပျံ့ပျူးပါလို့။ ခေါင်းမူးနာဝေ ။ ပြေပါလေစရော့။ ပျောက်ပါလေစရော့ လေ။

## ၂။ ။ လေးထွေသံကပ် (ကိုယ်တော်နင်းနံ့)

ကိုယ်တော်နင်းနံ့။ ကိုယ်တော်နင်းနံ့။ ကိုယ်တော်နင်းနံ့သား။ ။ မွှေးပျံ့ငယ်သင်းသည်နှင့်။ မင်းမင်းငယ်ကိုယ်ရောင်။ နေနယ်ပြောင်။ ။ ဆောင်ဆောင်ညီးမျူ။ ဆောင်ဆောင်ညီးမျူ။ ဆောင်ဆောင်ညီးမျူသာ။ ။ သိဂၤနှင့်သာ ရွှေသား။ မောက်မိုကျွန်း။ မာလာနှင့်သာရွှေရည်။ လက်တံရှည်။ ။ ယဉ်သည် ယဉ်ယဉ်သည်။ ယဉ်သည် ယဉ်သည် ယဉ်ယဉ်သည်။ ယဉ်သည်ကောင်းသည်နှင့်။ တောင်လုံးကြိုင်ငယ်လေး။ မွှေးပျံ့သင်း။ ။ တောင်လုံးကြိုင်ငယ်လေ။ ပန်းများ ထိပ်ပေါ်နေ-ငယ်သာကိုလေး။ ပန်းများထိပ်ပေါ်နေ။ ။ လက်ျာသောင်းတိုက် ထွန်းတည့်လေး။ ။ ယဉ်ရာဘွေ ဦးစွန်းတည့်လေ။ ။ တွက်ရေးမသာတိုင်းသိဘူး။ ။ ရွှေနန်းမြတ်ခေါင်။ ပြောင်ပြောင်ထိန်ဝင်း။ စိန်ကြောင်ရောင်မျှလင်း။ ။ တချင်းချင်းငယ်နှင့်။ ထွန်းဝင်းငယ်လျှံညီး။ တခဲမီးသို့။ ယိုစီးလိုလိုပင်။ ။ နှန်းအင်သာဘက်မဲ့။ ကြူးတဲ့ရှင်ငယ်ကိုလေ။ ပျော်ရွှင်များလှလေ။ ။ မိုယ်းလေလားလို့။ တွေးမှားယှဉ်ကာ။ ယာဉ်ရာများလှလေး။ ။ နှန်းအင်သာ-နှန်းအင်သာ-နှန်းအင်သာဘက်မဲ့၊ ကြူးတဲ့ရှင်ငယ်ကိုလေ။ ပျော်ရွှင်များလှလေ။ ။ မိုယ်းလေလားလို့။ တွေးမှားယှဉ်ကာ၊ ယဉ်ရာများလှလေ-ကြူးတောင်း။ ကဲတောင်း။ ကဲတောင်း။ ကြူးတောင်း-ရှင်။

## ၃။ ။ လေးထွေသံကပ်။ (စိန်မှန်ဆောင်-မျက်ကိုးစုံပွင့်။ )

စိန်မှန်ဆောင်-မျက်ကိုးစုံပွင့်။ ထိန်လျှံပြောင်-ထက်မိုးဘုံမြင့်။ မြနန်းဝေယန်။ စံနိုင်းတူခွင့်လေ။ ။ သုဒဿကယ်နိုင်းပါလို့။ ရှုတိုင်းလှငယ် သာယာ။ မန်းမြို့အောင်ချာ။ ရွှေသိဂၤထိန်ညီးချယ်လို့၊နေရှိန်ဝါ-တိမ်မီးနယ်သို့။ ပြသာဒ်ရောင်နွယ်။ စိုင်ရှူးကြယ်ပွင့်လေ။ မြင်မြင်ရသူမှိုင်တွေး။ ရှုမျှော်ရေး။ ။ ပြည်ပြည်နန်းမြင့်မြတ်ခေါင်ဗွေတိုင်းအောင်ဘုံမြေ။ ယဉ်ရေညီလာချွေ။ ယဉ်ရေ ယဉ်ရေညီလာချွေ။ တက်နေနှန်းရန်။ ရွှေဘုန်းလျှံတယ်လေ၊ စံတိုင်းဝေး။ ။ ဆက်ရေး ဘယ်ရာဝင်။ မျိုးမှာမှ ကြာမတင်။ ဘယ်ခွင်ဘယ်တိုင်း။ နိုင်းအံ့ပုံမမြင်။ သောင်းခွင်လုံးပြိုင်နှန်းဝေး။ ။ သဘင်ညီလာ ကျင်းလို့လေ။ ။ ဘုရင်တရာမင်းတို့လေး။ ။ လျှံဝင်းကညာ။ ပဏ္ဏာစုံပေါင်း။ ခိုလှုံဖူးညွှတ်ပျောင်း။ ။ သံခြီးညောင်းသည်နှင့်။ ဆုတောင်းငယ်ရည်စူး။ ဩဘာကြူးလို့။ နတ်မျူးပုံပမာ။ ။ ရှေ့ပြုဗွဲ့စွန်းငယ်က။ စက်ဝန်းပွင့်။ ရတနာငယ်လေ။ ဆက်လှာစေတော့မည်။ ။ တရားမင့်ထီးပေမို့။ ကျွန်းကြီးငယ်လေးဖြာ၊ ရိပ်ကြာမိုးတော့မည်။ ။ စိုးကြောင်း။ စိုးကြောင်း-စံ။

## ၄။ ။ လေးထွေသံကပ်။ (ရွှေညီလာကြာယွန်းဝယ်ပ)

ရွှေညီလာကြာယွန်းဝယ်ပ။ ရွှေဖီညွှာခါကျွန်းနယ်က။ ဆက်ပမယ်လေ သာညွှန်းလွယ်ရလေ။ သက်ထက်ကယ် ကြူးပါသည့်။ ကြော့မူးကေသီ။ ဘုန်းမယ်ရှိ့ဆီ။ ။ ဝေရီရီဆင်တိုင်းထွေလှ။ လေချီချီသင်တိုင်းမြေခ။ ထက်စည်ကျံကျံ-သံညွှင်းဝယ်ပလေ။ ။ တင်ဆင်ရမည်ကြိုင်ဇ။ ဆွတ်ကြွေးရေး။ ။ သည်သည်နှင့်သာ။ တန်လေစေ။ ခုဘန်တော်ထွေ။ ။ ရေမြေဒီပါဘွေ။ စက်ရွှေဖြန့်ကာ။ ဘယ်နန်းညာနေသူ့ဘက်ရှင်းဝေး။ ။ စိန့်လေးငယ်ညာမော်။ ကြွေးရင့်ရင့်သန်းယံကျော်။ ပူဘော်ရွှေစောင်း။ ပျောင်းလို့ဖြေမပျော်။ ညီးလျော်တည့်ခွေနွမ်းဆွေး။ ။ သဖင်ခွာပြာသင်းတယ်ပလေ။ ။

တသွင်မာယာမင်းမယ်ကလေး။ ။ ညင်းညှံ့ညံလေပြည်။ မဆည်တို့နိုင်သေး။ ထင်ယောင်တရေးရေး။ ။ ဆိုဆိုတင်းမေးသည်နှင့်။ ငှက်ကျေးငယ်ဖော်နှော။ မယ်လျစော။ ဉဩတွံသံသာ။ ။ မြတ်မှာတော်ထူးပါထင့်။ ဖူးရွှေညဥ့်ခြုံငယ်မှာ၊ သဉ်ဘုံသာရှုစားမိလေ။ ။ သောင်းရွှေလုံးမှူးငယ်က၊ ဘန်ကူးငယ်လွမ်းရာ၊ မြင်တော်လာ သားငယ်နှင့်လေး။ ။ ပွါးကြောင်း။ များကြောင်း-ထွေ။

**(ဤတွင် လေးထွေသံကပ် ပြီး၏။)**

# မြင်းခင်း

## စန္ဒရာယှက်မြင်းစီးပုံ နှင့်သိကြားတန်ဆောင်းကိုင်ဟန် အဲမောင်းရေးဘွဲ့ (မြန်မြေနယ်ဇမ္ဗူဘောင်)

မြန်-မြေ-နယ်-ဇမ္ဗူဘောင်။ လျှံ-ဝေ-ခြယ်-ခြူအရောင်။ သွန်းသွန်းလင်း။ ရွှန်းရွှန်းဝင်း၊ နတ်မြင်းဖွေ-တိမ်ယံပျော်။ ။ ညာမော်ပြိုင်ဘော်ကင်းဝေး။ ။ ခွါသံမြေလျှံ သောင်းလုံးကျေး။ စံရွှင်-နန်းစဉ်ပျော်ရေး။ သက်တော်ရာကျော်ကြူးဖေ။ ။ စာမရီသို့။ ထူးမခြား။ ။ နတ်မြင်းပျံသို့။ မြူးကြွားကြွား။ ။ တွေးမှား။ တွေးမှားပင်။ ။ ရွှေစင်လျှံလက်။ ဇမ္ဗူလှော် ကိုးမျက်ကယ်နှင့်လေး။ ။ ဥက္ခက်ကယ်စိန်စီ။ ပတ္တမြား က သိင်္ဂီ။ ရောင်နီလေ၊ ဇက်သုံးဇက်သုံး။ စီးနင်းခ တောင်တော်ငယ်မှာ။ တိမ်ပေါ်နတ်လှနွန်း။ ။ ရောင်နီလေ-ရောင်နီလေ-ရောင်နီဇက်သုံး။ စီးနင်းခ တောင်တော်ငယ်မှာ။ တိမ်ပေါ်နတ်လှနွန်း။ ကျွန်းပတ်ထုံး။ ထွန်းလျှပ်ဘုန်း။ မြင်သူတွေးတွယ်သာ။ ။ ဣန္ဒာရိုးကြ မှတ်ထင်သော။ ။ ကွန်မြူး ပျံကြွ-နတ်သိန္ဓော။ ။ တွေးမော-တွေးမောပင်။ ။ စန္ဒရာယှက်-စီးပုံပြင်၊ မြင်သူမြင်သူချီးအံ့အဲ။ မြင်းယဉ်ဟန်လှန္တဲပါလို့။ အဲမောင်းဝေမြိုင် မြိုင်လေတည့်မှ။ သိကြားတန်ဆောင်တိုင်။

**(ဤတွင် မြင်းခင်း ပြီး၏။)**

# ၃၇-မင်း နတ်ချင်းများ

တုသီတာ။ တုသီတာ။ သာမောတုသီတာ။ ။ တုသီတာငယ်သာမော။ နတ်ပင်နတ်တို့ဟော။ ။ သာမောတုသီတာငယ်သာလှလေး။ (၄)။

လူပျိုမောင်မင်းထွေး။ လူပျိုမောင်မင်းထွေး။ မောင်မင်းထွေးငယ်လာ။ သာပင်သာစွလေ။ (၄)။ မောင်မင်းထွေးငယ်သူမလာ။ လေး,ငါး,ခြောက်ရက်ကြာ။ အိပ်ရာသင်ဖြူးမွှေးမွှေးသင်းသင်း။ တပိုင်းတပိုင်းကြွင်း။ မောင်မင်းထွေးငယ်သူတထူးနှင့်။ ပျော်မြူးချည့်လေး။ (၄)။ သုံးချက်ကယ်တီးကျော်၊ အချိန်အချိန်တော်။ မောင်းမင်းထွေးကြွလာပြီကို မျှော်ချည့်လေ။ (၄)။ မောင်မင်းထွေးလာချည့်ပြီး။ သတ္တလင်းခြေနင်းနီ။ ညနေဝင်ရီတရောရောငယ်ကိုလေ။ ကျွန်းစကြာ၊ လည်ပင်သာလည်ချည့်လေး။ လူပျိုမောင်မင်းထွေး၊ လေးကျွန်းစကြာလည်ချည့်လေး။

ကျီးနက်ကယ်တကောင်။ တောင်ကိုလေပျံသွား။ မြင်ပါကြလိုက်ကဲ့လား။ ။ ကျွန်တော်မငါး။ ချီသွားပြန်လေ။ လား လားစိတ်မကြေ။ ။ ပျံလေအုံးတော့။ ကျီးညိုပြာငယ်။ သဒ္ဒါဆက်လိုက်ကဲ့လေး။ (၄)။

ကြက်တူရွေး။ ကြက်တူရွေး။ ကြိုင်းတွတ်ငယ်ကမွေး။ ။ ကြက်တူရွေးငယ်လေ။ အာခေါင်နီ။ ကွမ်းကလပ်ကိုချီ။ ။ မချီပါနှင့်။ ကိုကြက်တော။ ဘကြီးလာမှပြော။ ။ မပြောပါနှင့်။ ရှင်ကြာဘုံ။ ဆေးဝါးတယ်သာကုန်။ ။ ကြက်တူရွေးငယ်လေ။ ကျေးကုလား။ (၄)။

ပခန်း-ပခန်းဘက်ကယ်မှာ။ ကိုးပယ် ဆယ်ပယ်ကြူးပါလို့။ မြောင်းတဲ့မြောင်းတူးရွာ။ ။ မြောင်းတူးရွာငယ်သာမော။ ထန်းရေအရက်ပေါ။ အရက်ပေါတဲ့မြောင်းတူးရွာ။ သာလွန်လှလေး။ (၄)။

ကောက်ကလိန်။ ကောက်ကလိန်။ ကောက်တဲ့ကောက်ကလိန်။ ကောက်ကလိန်-ကလိန်လစ်၊ ချင်းတွင်း ချင်းတွင်းမြစ်ကယ်နှင့်လေး။ ချင်းတွင်းမြစ်ကယ်နှင့်။ မြောင်းတူးရွာ။ သာလွန်းလှလေး။ (၄)။

မြောင်းတူးကိုရောက်ပါလို့။ ပိတောက်တဲ့ရွှေဂူနီ။ သင်းပြန်ခဲ့ပြီ။ ညနေဆီ။ နွယ်နီသောင်စွန်း။ ကိုကြီးကျော် ပလီလွန်း။ ဘိန်းစိုက်တဲ့ကျွန်း။

မနိုင်တဲ့ မနိုင်။ ကိုကြီးကျော် ငယ်ကချစ်။ ကွမ်းအစ်တော်ကိုင်။ မနိုင်လို့ကျကွဲ။ ကိုကြီးကျော် ငယ်ကချစ်၊ ဆိုဖြစ်နိုင်ဘဲ။

သောက်လိုက်လျှင်ဖြူ။ သည်းအူက ဆွေး။ ။ ဦးစွန်းဖုတ်နှင့်။ တရုပ်ငရွှေကြူတို့။ ပေါင်းယူတဲ့ချွေး။

မြောင်းတူးရွာ၊ မြောင်းတူးရွာ၊ မြောင်းတူးရွာငယ်သာမော၊ စိန်ပင်အရက်တော။ အရက်ပေါတဲ့ မြောင်းတူးရွာ၊ ပျော်ချည့်လေး။ ။ (၄)

တစက်နှစ်စက်၊ ပေါင်းပင်ပေါင်းကထွက်ပါလို့လေး။ ရွှေအရက်ကဲ့ထုံရေ၊ ကောင်းချည့်လေး။ ။ (၄)

တထုပ်။ နှစ်ထုပ်။ ကျောက်ခေါင်း ပုဇွန်ထုပ် ကယ်နှင့်လေး။ ။ အထုပ်ကယ်ရပြန်လျှင်။ ညှပ်ကလေးနှင့်ကင်။ ။ စိန်ပင်စိန်ပင် တကျိုက်တကျိုက်။ ဘင်းပင်ဘင်းတရှိုက်ကယ်နှင့်လေး။ ။ အလိုက်ကယ်မောင်မင်းကျော်။ ပျော်ပျော်ချည့်လေး။ (၄)

ရွှေကူ။ ငွေကူ။ မြို့တဲ့မြို့ရွှေကူ။ ရွှေကူလေပျော်ခင်း။ မြို့တဲ့မြို့ခပင်း။ ။ ရှင်တောင်မင်းငယ်ရွယ်ပျို။ ညီတဲ့ညီအကို။ ။ အိုအိုမောင်ထွေး။ စက်ပါတော့လေး။ ။ ဧဟေး။ ဧဟေး။ လောင်။

အရှေ့မှာဖြူဖြူ။ ဘိုးတဲ့ဘိုးတော်ဂူ။ ဘိုးတော်ဂူငယ်သာစွလေး (၄)။

ပုဂံ ပုဂံစိုးယူ။ ဘောင်တော်စကြာရပါတဲ့။ မင်းလှမင်းစည်သူ။ ။ မင်းစည်သူလူယဉ်ကျေး။ ရှင်လွန်းစွလေး(၄)။

မင်းအောင်တင်။ မင်းအောင်တင်။ ရေးကမင်းအောင်တင်။ မင်းအောင်တင်လူယဉ်ကျေး။ ရွှေနန်းတော်သူ့မောင်ငယ်မှာ။ နန်းကထွက်လို့ပြေး။

အုန်းပင် သစ်ကယ် ဝေဝေဆာဆာ။ ပေပင် သစ်ကယ် စောင်းစောင်း။ အင်းဝမှာခိုနန်းကျောင်း။ ။ ခိုနန်းကျောင်းငဲ့ မြောက်ကယ်မှာ။ ဘူးတောင်းမယ်သောကြာ။ ။ သောကြာလေမောင်ထွေးနှောင်း။ (၄)။

မောင်မင်းဖြူ မောင်မင်းဖြူ။ အင်းနား မောင်မင်းဖြူ။ ။ မောင်မင်းဖြူငယ်လူကလေး။ ဖဲ့ပန်းသဇင်ခက်ကယ်ကို။ နားကချွတ်လို့ပေး။ ။ မောင်မင်းဖြူငယ်လေ။ လေးကျွန်းစကြာ လယ်ပင် လယ်ချည့်လေး။ (၄)။

သနားစရာ။ ချစ်စရာ တကိုယ်လုံးကို။ ရွှေကုံး ဆင်လို့လာ။ ။ ခြေမှာလက်မှာ။ ရှုပါလို့မညီး။ ခေါင်းပွခြေကျင်းကြီး။ ။ ရွှေပုတီးငယ်ကိုတထောင် ပြည့်အောင်။ ဆင်ချည့်လေး။ (၄)။

အောင်ပင်လယ် ကန်တည့်လေ။ ပျော်ချင်ဘွယ်မှန်လှလေး။ ။ အောင်ပင်လယ်ကန်ရိုး။ ဖြန့်ကာလွှတ်ထီးမိုး။ ။ ထီးရိုးသခင်။ ဘိုးတဲ့ဘိုးတော်ရှင်။ ။ ဘိုးတော်ရှင်-သခင်လွမ်းချိန်တန်ချည့်လေး။ (၄)။

တောင်သူလယ်လုပ်။ မျှစ်သုတ်နှင့်ကျွေး။ မျှစ်သုတ်နီတာတွေး။ ငါးမှတ်လို့လေး။ (၄)။

စီစီတဲ့ရီရီ။ ရွှေပြုံးဆိုပွဲတော်ကြီး။ နီးပြန်ခဲ့ပြီ။ ။ ပျိုလေးတို့နှင်းဆီမင်းညီနောင်လှေကလေးနှင့်။ ဆီးကြိုလှဲ့လေး။ (၄)။

တက်ပြင်တဲ့ရွက်ပြင်။ ရွှေပြုံးဆိုရွာအနောက်က။ ချောင်းပေါက်ကိုဝင်။ ။ မိုယ်းသက်ကယ်လေဆင်။ ပြန်ခင်မယ်ထင်ဘူး။ ပျို့တို့မောင်နှစ်ကိုယ်ထူး။ လောင်းညိုကလူး။ (၄)။

ဘယ်စီစီ။ ညာစီစီ။ ရွှေပြုံးဘက်ကိုချီ၊ ညနေရီ-ဆိတ်စီကျွန်မ။ တိတ်တိတ်ခလေး ဖူးချင်လှလို့။ မဖူးရပါလို။ ရွှေပြုံးဘက်ကငို။ ။ နေညိုညို-ရွှေကိုယ်ညိုနွဲ့။ ပျို့တို့မောင် ငယ်ကကျွမ်းကိုလွမ်းလှချေရဲ့။ (၄)။

ရွှေပြုံးရွှေပြုံး။ မြို့ပင်တမြို့လုံးငယ်နှင့်လေး။ ။ ရွှေပြုံးစည်တဲ့ရွာ။ သာလွန်းလှလေး။ (၄)။

သပြေပင်၊သပြေပင်၊ ရွှေပြုံးသပြေပင်။ ။ သပြေပင်။ ညွန့်ရှစ်ခက်သေး။ ဖြာချည့်ချည့်လေး။ (၄)။

သပြေပန်းကိုတဲ့။ လက်လှမ်းကိုင်ကာ။ မင်းညီနောင် ပန်လို့သွားလျှင် နားပြည့်အောင်ပါ။ ။ တောင်ပုပ္ပါးငယ်က။ မယ်ဘုရားသူ့သည်းချာ။ ယဉ်ပါတိကြော့ရှင်း။ ။ ပုဆိုးပန်းနီလွင်နှင့်။ ပေါင်းကြယ်ဆင်ရွှေရောင်ပွမှာ။ ထုံးမြိတ်စကွင်း။ (၄)။

အုတ်နှစ်ချပ်ကယ်ကြောင့်။ ခါးသတ်ကိုတဲ့ခံရတယ်။ တို့ညီနောင်နှစ်ကိုယ်ထဲ ဝမ်းနဲလှတယ်။ ။ တို့ကိုငယ်လွယ်။ မွေးမယ်မယ်မြင်လှဲ့ပ၊ ဘ,ကုလားငယ်နှင့်။ ပုပ္ပါးဆိုတောင်ခြေရင်းမှာ။ ဆင်းလို့ကြိုပ။ (၄)။

တရုပ်ပြည်ဂန္ဓာရ။ ချီကြသည့် ဗိုလ်များဘောင်။ ပွဲရညီနောင်။ ။ ခန့်တိုင်းရယ်အောင်။ ကျိုးတော်ဆောင် မှန်ဆုံး။ ။ နှစ်ချပ်ကယ်အုတ်မြေနှင့်။ လူ့ပြေမှာအသေရှုံး။ ပွဲရတောင်ပြုံး။ (၄)။

နော်ရထာ ရွှေကြိန်လုံးနဲ့။ သုံးချက်ဆင့်ရိုက်ခါခေါ်။ ။ တို့ညီနောင်ဘောင်တော်ဦးမှာ။ ဒူးတုပ်လျက်ပေါ်။ ။ ပုံတောင်ငယ်ဆော်။ မြသော်ကိုင်စွ။ ။ နော်ရထာစံပျော်တဲ့။ ရွှေဘောင်တော် မစုံရအောင်။ ဆွဲစို့ညီလှ။ (၄)။

အပြစ်တော်ဒါဏ် မပေးသင့်ပါဘု။ ထွေးထောက်ဆ,မျှော်သင့်တယ်။ ။ ကျွန်နှစ်ယောက်မှာလ။ လွန်လောက်အောင်။ ဘယ်ဂုဏ်ကိုးမျိုးသာကိန္ဒယ်။ ။ ခန့်လိုက်တိုင်းကိုတဲ့။ ပွဲတိုင်းပ အောင်ခဲ့တယ်။ ဘယ်ဝယ်ပရွှံ့မစိုး။ ။ များဗိုလ်ထုလယ်။ ဖြတ်ပိုင်းကာယူလွယ်လို့။ ကျွန်ရန်ပယ် မသေသင့်လေဘု။ လောင်းမင်းနေမျိုး။ (၄)။

ကျော်ဇင်ကိုပိုင်သနားခဲ့ပ။ ဘ,ဘွားရွှေဂံရှင်။ နှစ်ပါးညီနောင်တို့။ မျှော်ခေါ်ယောင်။ တကောင်ကြွက်နယ်။ ပေါင်းဘက်မမြင်။ ။ သည်ဖြစ်လားကိုလှ။ သနားပ-ဘနန်းရှင်ငယ်။ ကြင်နာဘို့တရား။ ။ တောင်ပြုံးကျော်ဇင်၌။ နယ်တခွင် အကုန် သိမ့်အောင်။ ဘုန်းမိန့်တော့လား။ (၄)။

ရွာတော်တောင်ပြုံး ရှေ့ဆီပါး။ တခေါ်နှစ်ခေါ်ခြားတယ်မှာ။ ဘုရားရွှေစေတီ လုံးပတ်ကယ်ညီ။ ။ တို့နောင်ညီ ဗလီခတ်ချိန်တန် ချည့်ချည့်လေး။ (၄)။

အရှေ့ဘက် တခွင်။ ကျော်ဇင်တလွှား။ ယုန်ပင် ကိုကြီးထောင်ပါဘယ်။ ဘုန်းပင် ရကွင်းငါး။ ။ ကြက်သားငယ်မတန်။ ဆူချက်ပြင်းလေဟန်။ တောင်သမန်မှာလေ ဖျဉ်းအိုးသစ်။ အနားသုံးဆင့်ရစ်ပါလို့လေး။ ။ သခင်ချစ်ကယ်ကြို။ ချိုလွန်းလှလေး။ (၄)။

(နတ်ယိုင်)။ ။ မရက်ဘူးလော့။ မကြောက်ဘူးလော့။ သောက်ခေါင်ကြူးတဲ့ မင်းညီနောင်။ ရွှေပြုံးသူများမောင်။ ။ ရက်တက်ရင်သောက်ပါရိုးလ။ ကြောက်တတ်ရင် သောက်ပါရိုးလ။ ပုဆိုးစွန်တောင် သက်တန့်သွေးနဲ့။ ဘိုးတော်ကြီးမြေး။

ရွှေပြုံးကပန်းခွါညို။ မွှေးလှတယ်ဆို။ ပန်စေလို။ လောင်းညိုလှေကလေးနဲ့။ ကူးပို့လှဲ့လေး။ ။ ရွှေပြုံးကလူငယ်လေး။ စွေစောင်းစောင်း။ ဆိုးချည့်ရဲ့ သက်နံ့ငယ်။ မင်းကြံလို့ပေါင်း။ ။ ရွှေပြုံးကိုသွားမယ်လို့။ လှံသွားသုံးတောင်။ ပြောင်လှအောင်သွေး။ ။ ကျောက်ပျဉ်ကြီးငယ်နှင့်။ မှန်ဘီးကိုယူခဲ့ပ၊ ညိုနွဲ့ငယ်လေး။

ကျွန်တော်လေ ရွှေပြုံးသား။ ။ ကျွန်တော်လေ ရွှေပြုံးသား။ ။ ကျွန်တော်လေရွှေပြုံးသား။ ။ ကျွန်တော်လေ။ ကျွန်တော်လေ ကျွန်တော်လေ ရွှေပြုံးသား။

**(ဤတွင် နတ်ချင်းများ ပြီး၏။)**

**မှတ်ရန်။ ။** ဤဂီတဝိသောဓနီကျမ်း၌။ နတ်ချင်းများကို။ နတ်ပွဲအစဉ်အလာ နတ်အမည်မာတိကာအလိုက် ထည့်သွင်းခြင်း မပြုဘဲ၊ ဂီတဆိုင်ရာ-ပညာသည်ကြီးများ သုံးစွဲလေ့လာကြသော နတ်ချင်းများကိုသာ။ ရွေးနတ်၍၊ သဘာင်စည်းကမ်းအရ ထည့်သွင်းဘော်ပြခြင်း ပြုလိုက်ပါသည်။

---

# အပိုင်း-၃။

## (စောင်း၌ ပုလဲသံမှန်ကိုဘွဲ့၍ သီဆိုတီးမှုတ်ရသော သီချင်းများကဏ္ဍ။)

## ယိုးဒယားသီချင်းများ

### ၁။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ပန်းမြိုင်လယ်)

**ဘာသာခေါ်-ဖရင်းချား။**

ပန်းမြိုင်လယ်။ သာနယ်ဘွေ။ မျှော်လေတိုင်း၊ ပြာခြေဆိုင်း၊ ဝေမှိုင်းမြူမှောင်ချယ်၊ အိုဘယ်ဝယ်။ တောင်စွယ်မော်ရုံကြော။ လွန်သာမောဘွဲ့တောစုံယံမှာ၊ ရွှေလျှံဝင်းမှည့်ထုံမှုံကြွေ။ ရီဝေပြာပြာလွမ်းဘွယ်စေ။ ။ လေပြေဆော်ကာ ပေ‌ဟမာတွင်း။ ထုံစီမလ္လာဂန္ဓာသင်းဝှန်။ ယဉ်ရေခင်းငယ်ရှင်းကြည်သွန်။ ။ သီလာဘွေကွန့်ညာမြေစွန်။ ။ မြရောင်ဖြာဆင့်ကန် သာလွန်။ ။ မျှော်-ဆွေးမှုဘန်ရွှယ်။ ရေးခုကြံဘွယ်ညွှန်။ ပင်တိုင်ညာနန်းစံ။ ဆွေးဟန်ငယ်သာ။ ဘန်လာမြင်သော်ဣန္ဒာ။ ။ သီတာမူရာပူဇျာလဇ္ဇယ်လို့ ခုဝယ်ကြံတော်ဘယ်ရွှေကံ၊ အိုလေ ဆိုယောင်ငိုယောင်ကြီးငယ်နှင့်သာ၊ ငြီးမိဘန်ခါခါ။ ကြာ-နန်းမယ်မှန်းရွယ် ပမ်းတယ်ပူဇျာဝှန်။ ဖြေညွှန်ခွေယိမ်းပျောင်း။ သောင်းမြေပြန့်ရုံ။ ဝေယန်သိဂ်ါရွှေဘုံ။ ။ တောင်ယံလယ် ကြော့မြိုင်နယ်စုံ၊ ခိုင်ရွှေညှာနွဲ့မာလာမှုံ။ ညှင်းလေသွေးငယ်။ သွင်းချွေအေးတယ် ဆင်းရွှေသွေးလှယ် မွှေးကြိုင်ထုံ။ သင်းပျံကြူ ခိုင်ပန်းရွှေမဥ္ဇူ။ နွဲ့မူရာ ကဏ္ဍာလျော်စံမှုံ။ ဟေဝန်မြိုင်သီတာ။ စီကာမျှောင်ကွန့်။ ယဉ်ဘောင်လှယ် ဝေချယ်ရုံ။ လွမ်းဘို့ဘယ်လာကြုံ။ ။ ဘုံရွှေနန်းငယ်သည်ဝယ်။ ကွာနယ်ဆွေးရန်။ ကြံမှိုင်တွေးပြန်။ ပူဝန်ပန်းဘွယ် သည်မယ်။ ညှိုးတယ်ဝင့်ဘန်။ ဆိုယောင်မားကံ။ ဝေး-အဝေး။ သုရပ်နယ်မြေ။ စကြာစုံရွှေမြန်း။ ရှိန်ဖြာကိန္ဒာပြည်တိုင်းခန်း။ ကြို့ညိုသစ်ဘုံစံကွန်းနန်း။ ဖြန့်မြန်းညီနောင်လေ။ စွန်တောင်ကိုင်ရွှေလေး။ ရိပ်ဝင်ငယ်လေ ခိုကြောင်းရေး။ ပျော်ယောင်သာစက်မေး။ တွေးဘွယ်ကိုပင်။ သုကျိတ်မျှော်ရှုဆင်ခြင်။ ။ ညီနောင်မူရာ သူသာမြင်။ သည်တွင်ရွှေဘွင် လွန်လှိုက်လှဲ့။ ။ ပူလောင်ကြည်ကွဲ။ ငိုယောင်ဆည်လဲ သည်သဲပြေဘဲအောင်သာ။ သွယ်ကာငွေနှင်း။ မျက်ရည်ဖြာဆင်း။ ရင်တွင်းဝယ်သာ။ ရာမင်းငယ်မှာ၊ စက်ခါပျော်ဆဲနိုး။ ။ မျှော်တော်မြင်သော် ညွှန်လက်ညှိုး။ ။ ဝပ်လျှိုးမျောက်မွန်။ ကြောက်ဝှန်ကြက်သီးမိုး။ ။ စုံဆယ်ဖြာ။ ပန်ထွာဦးတင်။ ဖူးမြင် သက်လွှတ်ကြောင်း။ ထံတော်ပေါင်း။ သောင်းမြေပိုင်။ ရာမင်းဦးကိုင်။ ဘုန်းဘုန်းညွှန့်လှိုင်၊ ပြည်ကိန္ဒာ နန်းမြိုင်ဆီမှာ။ ဗာလီသူမင်းမူ။ ပူဇျာဘယ်မငြိမ်း။ သိမ်းယူငယ်သာ။ ဘော်ကွာမယ်သုဘတ္တာ။ ။ သည်မှာတောင်သာခိုမှီရာ။ သီလာမြိုင်ချာ ကြို့ညို့နန်း။ ။ စံမြန်းခုဝယ်။ နေနယ်ရွှေဘုန်း လက်ရုံးပြိုင်နှုန်းတေဇာ။ *စကြာထန်ပြင်း။ ဆက်လှာကျွန်ရင်း။ သက်နင်းပန်ထွာ။ ကြောင်းလျာငင် ကုန်စင်ရှိဦးထား။ ။ ရွှေနား-ဆင်ပါ၊ တင်ကာ ပန်လျှောက်ကြား။ ။ ညာနန်းနတ်ကယ်သွင်။ လေယဉ်ပျံ။ တိမ်ယံတောင်စွယ်။ မိုးလယ်ဝေယန်ဖျား။ ။ မြသားစုံမြိုင်ညို။ သိန်းယိုင်ဋ္ဌရှင်။ တင်ယူဆောင်လှာ၊ မျှော်ကာမြင်မိညား၊ တ,ဆိုငိုသားငယ်၊ ခုပင်ကြားမြင်ခါဘန်ဘန်။ ဩော်ကံရွှေဖူးစာငယ်နယ်။ ကြံတယ်ဘယ် ရေးဝင့်တုံ့လှယ်။ ခုသည်ဝယ်။ ဆည်ဘွယ်ကြံရွှယ် ပူနယ်ပိုအင်။ သက်ခင်ကြွေလုသဲ။ မြင်တော်လာဘဲငယ်နှင့်သာ ကွဲကြေပူဇျာပုံ။ မော်ရုံဂူနန်း စံတော်ရာ၊ မျှော်ခါမြင်သေးဆိုယောင် သားငယ်ဘယ်မှာ။ ဆည်နိုင်အောင်ကို၊ လွမ်းဝှန်ထပ်ပို၊ ဆွေးညွှတ်ပြို။ ။ မြရေညို ပင်လယ် သီဟိုဋ္ဌ။ လေနန်းဝေယန်။ ဗိမာန်တောင်စွယ်ခို။ အာကာ-ဘုံလယ်ဝေမို ငွေနှင်းသွယ်ယို။ ကြည်ကွဲရန်သာကို။ ။ အိုဘုန်း။ မြင်တော်မူလှဲ့အုံး။ ကြော့ယဉ်ဆုံးငယ် ရွှေကေရှင်။ သော်တာ လ,နန်း ငွေတိမ်စင်။ ကြေးမုံပြင်။ သွင်မြသား။ ။ တ,ယောင်ဘုန်းမောင်ရွှေကိုယ်သား။ ဟေဝန်ဖျား။ မြိုင်သီလာ။ တောင်ယံတောစွယ်။ သာမောဘွယ်စေ၊

---

[*] စကြာတော်ရင်း၊ ဆက်လာခွန်သွင်း။ ဟူ၍၄င်း၊ စကြာတော်ရင်း၊ ဆက်လှာဝပ်စင်း။ ဟူ၍၄င်း မူကွဲများ ရှိပါသည်။

ယဉ်ရေသွယ်သွယ်ဖြာ၊ ကန်သာသီတာစီကာသန်း။ ရွှေကိုယ်သည်ဝယ်ပူနယ်။ ပန်းအောင်မယ်မောင်။ ဗျာဝှန်ပိုမို။ ဆိုင်ငိုမှိုင်ယောင်။ သည်းခေါင်ကြွေလူညား။

မှတ်ရန်။ ။ ၄င်း ပန်းမြိုင်လယ် ယိုးဒယားတွင် နောက်ဆရာများ ထည့်သွင်း သီဆိုကြသော သံထောက်မှာ။ ။ ဖြစ်လားကုန်စင်။ မှော်ရုံခွင် - စုံမြိုင်ချာက မင်းသီတာ ဒေဝီမယ်ခု။ ပျောက်တယ် အရေး။ ပန်းမာလ်ရွက်ဝေ။ သီလာမြေ တောင်ငယ်နှင့်။ ခုသည်ဝယ် - ရှာရန် ခက်တယ်လေ၊ မှိုင်ရက်နှင့်ဆွေး။

## ၂။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (မှိုင်းမှုံပြာညို)

**ဘာသာခေါ် -ငှငစ်။**

မှိုင်းမှုံပြာညို။ ရီမှောင်ဝေ။ မြူတိမ်ခြေသွင်း၊ လေညှင်းဆော်သွေး။ ပျံပျံငယ်လိုင် ဗွေဆိုင်။ ပန်းစုံငယ်ပေဟဝန်မြိုင်။ ။ ထုံဂန္ဓာကြော့ မာလာခိုင်။ လွမ်းမပြေနိုင် ခွေယိုင်သာယန်သာဟန်ထူး။ မင်းလွင်တိမ်ခိုးမြူး။ တောတောင်ယံ၊ သာဟန်ကြူး။ ။ စုံနယ်ဘွေက။ ယဉ်ရေကွန်။ ဆင်းကြည်သွန် အိုင်မွန်မန္တာခင်း။ သင်းကြူကြိုင်ပန်းဖူး။ ငှက်ပေါင်းမြူး။ ဘော်စုံမောင်မယ်က။ ပျော်ဘွယ်သာ၊ ရွှေကျေးသာကာ။ တမာလေ ခေါက်ရာမယ်လျစော။ လွမ်းပိုအောင်ရွှေဥဩ။ ။ ရေကြာကြွယ်သည့်။ ကန်လယ်မှာ၊ မြူးတဲ့မူရာ။ ထူးလှဲ့ပျူဌာ။ များစွာ။ ဆန်းထွေလာရေမန္တာ။ ။ ရေကြာကြွယ်သည့်ကန်လယ်မှာ။ မြူးတဲ့မူရာ၊ ထူးလှဲ့ပျူဌာ။ အလို-မြူးတဲ့မူရာ။ ထူးလှဲ့ပျူဌာ။ များစွာ။ တူဘာသာ။ စုံဟေမာ တောကြီးတောင်ယံလယ်။ ရဂုံနယ်။ ။ မျှော်လေလေ လွမ်းဘို့ကျွမ်းရန်ကြွယ် သည်ရာသီဝယ်။ ။ ဒွါရာမယ်တိုင်းသူ ကြံတော်ရှယ်။ ရွှေညက်လှယ်။ ။ သာရွှေမြေမန်းမြင့်တောင်ယံဆွယ်။ ပြန်ရွှေစာလှယ်။

မှတ်ရန်။ ၄င်း မှိုင်းမှုံပြာညို ယိုးဒယားတွင် နောက်ဆရာများ ထည့်သွင်း သီဆိုကြသော သံထောက်မှာ။ ဘုန်းမြကေသွယ်။ သာဓိပ္ပါယ် ရည်ရွယ်မှန်တဲ့။ ဖြေရန်စကား။ တိုင်း ဒွါရာ နန်းသူတို့၊ ဆန်းမူရာ တဖုံသစ်စေဖို့။ ငှငစ်ချိုသံလွင်နှင့်။ ဆရာပင် ဆရာဘွဲ့တယ်။ ဆိုခဲ့ရညား။

## ၃။ ။ ပြင်စည်မင်းသားရေးသော ယိုးဒယားကြေးတီးချက် (တောတောင်စွယ်)

**ဘာသာခေါ် -ခမိန်။**

တောတောင်စွယ်။ ။ သာနယ်ထွေထွေထူး။ ပန်းစုံငယ်လေ။ ငုံကင်းမာလာဖူး။ သင်းပျံ့ကြိုင်လှိုင်ရွှေခိုင်။ မြိုင်ယံစုံခွင်။ မင်းလွင်တိမ်ခိုးမြူး။ ။ ကြူးညံ့စာစာ။ ။ သာကာဘော်ရာကြွေး။ ဘာသာငယ်လေ [*]တွံ့ကြာသူဝကျေး။ ကြင်ရေးသွယ်သွယ်-လူနယ်။ ပျူဌာလှယ်ဝေ။ ပုံကူးသိုက်မြို့ရွှေ။ ယဉ်ရွှေစုံမြန်း။ ပင်နန်းငယ်သာနယ်ဗွေ။ ။ တိမ်ခြေတောင်စွယ်လမ်း။ စမ်းသွယ်သွယ်ခွေ။ စီးကျယဉ်ရေ။ ။ လေပြေဆော်လှာသွေး။ ထုံဆီမာလာမွှေး။ မြသွေးကြည်စွာ။ ။ ယဉ်သီတာသွယ်ဖြာဆင်း။ တောင်တောင်မင်း။ ခင်းသာယာ။ ။ မျှောင်ဖီလာ။ ကန္တာစုံခြေလန်း။ အိုဘယ်ဝယ် ရည်ရွယ်ဆည်ဘွယ်ပန်း။ စံခန်းကွာနယ်။ ။ ပူတယ်လေ ဆယ်နေကဲ။ ဖြေမပြေဘဲ။ သဲဝယ်ဖို့။ ညွတ်ပြိုခါ။ ဆိုင်ငိုမှိုင်ယောင်၊ လွမ်းနှောင်တောင်ရွှေဆိုင်။ ကြံနိုင်ဆွေးဗျာအင်။ ရွှေဘွင်ဝယ်စေ။ ဘယ်နတ်ကယ်လေ ဘန်ဝေ။ ။ ရွှေရွှေဖူးစာငယ်ကံ။ ဆော်စီမံခင့်း။ ရေလင့်၊ နေနှင့်ကြာ။ ။ ခွေယိုင်ကာညှိုး။ နတ်မိုးဆွေ ဣန္ဒာ။ မြင်ဘဲခုသာ။ ။ ဝေယန်ညာလေး သူ့ဘုန်းမိုမို။ ရွှေကိုယ်တော်

[*] တွံ့ကြာ (ပေါရာဏ) = တွံ့မည်သည်ဟူသော အဓိပ္ပါယ် ရှိသည်။

ရေးသိရင်း။ မျှော်တင်း။ ဘန်ဆင်း။ မောင်မယ်ပူဝန်ကျင်း။ မြူခြေငွေနှင်း။ လေညှင်း သွင်းလှုံ့ချီ။ ။ ရီရီပြာရောင် ညှိမှောင်တောင်ခိုး။ ချယ်လှယ်အံ့။ ။ လွမ်းပုံသွယ်သွယ်။ ဖြေဘယ်ပြေတော့နိုင်။ ဆွေးယိုင်တွေးမှိုင်။ ဟောဝန်နန်းမြိုင်။ ။

## ၄။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (တောမြိုင်ခြေလမ်း)

**ဘာသာခေါ် -ထနောက်။**

တောမြိုင်ခြေလမ်း၊ ရဂုံသာဘွေလေ။ ။ တောင်ရေစမ်းလဲ့။ စီးသွယ်ခွေ။ ။ အိုဘော်ကွာရာရန်၊ ပန်းဘွယ်စေ။ ။ ငုံရွှေမာလာ ကြိုင်လှိုင်အေးပူအောင်ငယ်သာ။ မြော်ရာသည်လွမ်းရေး။ လေယူရာ၊ မဉ္ဇူဂန္ဓာမွှေး။ ။ သင်းကြူကြူ၊ မြိုင်ငုစုံတော၊ မောလေဘွယ်ပန်း၊ မှန်းရည်ရွယ်။ မြော်ယောင်ခေါ်ယောင်တယ်။ ငှက်မောင်မယ် ပျော်ဘွယ်သာကာကျေး။ ။ စုံခြေငယ်လေ။ ကန်ကန်မင်းဖွေး။ ။ ရွှေပြည်သာ ကွာလှမ်းဝေး။ ။ ရော်ရမ်းမမြင်ပါ။ ။ မျှောင်ဖီလာခြား။ လွမ်းရန်သွယ်သွယ်။ ထွေတယ်မှုံဝေ။ မြူခြေတိမ်စွယ်ကာ။ ရှစ်ခွင်မင်းလွင်မှုံပြာ။ ပတ်ဝန်းဘယ်ညာ။ လေပြေလေညှင်းလာ။ ။ ဝင်းဝင်း။ သင်းသင်း။ ညှင်းညှင်း။ ဆင်းရွှေဝါ၊ ထုံဂန္ဓာတောနှင့်တောင်ရေ-မြိုင်။ သီတာအိုင်။ ကြာမျိုးငါးမည်လှိုင်။ ။ ကြိုင်ကြိုင်ငယ်လေ။ ခိုင်ခိုင်လုံးမွှေး။ ။ ခွေကာယိုင်။ မှိုင်မိသေး။ ။ ရေးရွှေရုပ်ကယ်။ ။ မော်ရုံမြိုင်။ ညာပင်တိုင် နန်းမယ်။ ။ ရှာရန်လမ်းတာ။ ပန်းကာပူဝန်။ လွမ်းဗုန်ဗျာပါကြွယ်။ ဘယ်ဝယ်ခေါ်တယ်။ မြော်ယောင်ရမ်း။ နတ်နန်းရွှေတောင်သီတာ။ အိုင်မှာ ဖီလာ၊ စီကာသွယ်ဖြာ၊ ဘော်နှောသက်လှယ်။ ငှက်ကယ်မူရာ မြူးတယ်ပျူငှာ။ သံသာသံချို။ လွမ်းပိုအောင်ပင်။ ရွှေဘွင်လွန်ကြည်ကွဲ။

## ၅။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (နှင်းယွန်း ခါဟောမန်)

**ဘာသာခေါ် -ခက်မွန်။**

နှင်းယွန်း ခါဟောမန်။ လေပြန် သွင်းလှုံ့ ညှင်းညံ့ညံ့။ တိမ်ယံကွန့်ဆိုင်း။ အိုလေမျှော်တိုင်း မှိုင်းမှုံဝေ။ ။ ဆန်းလဲရွှေသဲဝယ်သာ ပူဗ္ဗာပိုစေးဆီဖြေ၊ သည်မေ၊ လွမ်းရေးလေပျောင်း။ ။ ဆွေးကြောင်းရုံးပေါင်းဘန်။ ပန်းမာလ်သင်းပျံ့ ဆင်းရွှေလျှံ။ သာဟန်တင့်ကြူး။ ထုံမှုံခိုင်ညှာမာလာဖူး။ ။ ကူးနွဲ့ပျံဝဲဘော်စုံ။ သိုက်မြုံ ကွန်းဘွေ။ ။ မြိုင်ခြေ ခိုင်ဝေ။ စိမ်းလန်းလန်းမောင်း။ ။ သာတောင်းလေ ညောင်းသိဂ်ါမိလ္လာသင်းစွာ။ ရေမန္ဒာ၊ ရွှေကန်မှာ၊ မြူးကြသောင်းသောင်း။ ။ ရွှေရင်ဘောင် မယ်မောင်လှယ်ကာ၊ ဟင်္သာငယ်ကြွေးကြွေးရင့်ညောင်း။ ။ တောင်စောင်း သာပေါင်းငယ်ထွေထွေ။ ပျော်မြေ၊ ဘော်နွဲသည်ဝယ်စေ။ ဟေမာသေလာဘွေဦး၊ ခွေယိုင်ကာသာမူး။ ။ ကြည်နူးရွှေဖူးစာငယ်ဘန်တယ်သားကို။ ပူဗ္ဗာပို၊ မူရာခို။ တောမြိုင်ညိုဖျား။ ။ ဆိုင်ငိုယောင်မှားမှား။ ညွတ်ပြိုဘွယ်သားသား။ ဆွေးဝှန်ထပ်ပွါးပွါး။ ။ ကြည်နူးရွှေဖူးစာငယ် ဘန်တယ်သားကို။ ပူဗ္ဗာပို၊ မူရာခို၊ တောမြိုင်ညိုဖျား။

## ၆။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ခိုင်ပန်းစုံ-မှုံမာလာ)

**ဘာသာခေါ် -ထပ်တွန့်။**

ခိုင်ပန်းစုံ-မှုံမာလာ။ ပင်သိဂ်ါသင်းပျံ့ကြိုင်လှိုင်မွှေး။ ။ လေပြေ-ဆော်ကာမြိုင်လုံးသွေး။ ။ သာကာမောင်မယ်ဖိုကျေး။ ။ ရင့်ကြွေးငယ်-ညံ့စာစာ။ သီတာမျှောင်-ရေတောင်ဖီလာ-စီကာသွယ်ဖြာဝန်း။ ။ သာနယ်-ခါရွယ်မြော်တယ် ပူဘွယ်ထွေထွေလွမ်း။ မှိုင်ကာရွှေဘွင်ဘန်ရွယ်။ ပူနယ်ကြုံလှာ သည်မှာခွေမူးပျောင်း။ ။ နွဲ့နှောင်းငယ်သောင်းရွှေညာ။ ကဍ္ဍာလယ်။ စုံယံသာနယ်ဦး။ ထူးသာဟန်-ပန်းမာလ်ဝေဆာဖူး။ ။ အိုလေကြည်နူးဘွယ်စေ။ ။ လဲ့ကြူးငယ်မှူးမယ်ဆွေ။ လွမ်းထွေထွေ။ ကျွမ်းစေဘန်ရွယ်။ နတ်ကွယ်မြင်ဘဲရေး။ ရွှေလျှံထိန်ဖြာ။ ဝေယန်သိဂ်ါ၊ ဣန္ဒာဘန်တော်နေး။ ။ ရေ-

ဝေးငယ်ရွှေကြာနယ်။ ဘုန်းမယ်သာ-ကိုးရာသည်ဝယ်ကြောင်း။ ဆယ်နိုင်သွယ်ပြိုင် ရှိစုံပေါင်း။ ။ ခုဇပေါ်လွယ်။ သွယ်သွယ်မြှော်တယ်ပုံကွာလှန်း။ ဆန်းရန်ကြွယ်-ဆည်လဲဖြေနိုင်ကွယ်။

## ၇။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ရွှေတညာ)

**ဘာသာခေါ်-ဇရုံတင်။**

ရွှေတညာ ဖျော်ဖျော်ဖြေဖွေကြော့။ မြန်မြေချာဝယ်။ လွှန်သာထွေထိ။ ဘန်ရွှေစာငယ်။ မူရာပိုဘွဲ့ဆိုယောင်မှား။ ။ စံစမွယ်။ သည်ဝယ်သာခု၊ ညာညီရွှယ်။ ဘုံလယ်ဖွေငယ်မှာ။ ။ လွမ်းစေ။ ဘယ်ဝယ်သာလေဘုန်းဝေ။ ဆန်းအထွေထွေ။ မန်းအရွှေမြေ။ ပန်းချွေကာ။ ။ ဂန္ဓာလှိုင်သင်း။ ညှင်းလေညာ။ ။ မာလာနိုင်စုံ ရွှေငုံနွဲ့ကြိုင်လှိုင်။ တောင်တောလေ-စီကာဖီလာမြိုင်။ ။ လွမ်းမပြေနိုင်။ ကျွမ်းအကြွေယိုင်။ ကွန်းဖွေဆိုင်။ ။ ပန်းခိုင်မှုံပျံ့။ ထုံမပြယ်။ ။ ရွှေအရွှေရွှယ်။ ပျော်တော်ဖေါ်လျော်။ ချီငေါ်ရင့်ရင့်ကြွေး။ ။ ချိုသံသာ။ မူရာဟန်။ လွမ်းရန်ထွေ ဖြေအဖြေတယ်။ သည်ဝယ်ညွတ်ပြီ။ ဆွေးဝန်မှုပို။ ။ ရွှေဘုန်း-ဘုန်းမိုမို။ ခွေးနံး-နံးရန်ကို။ ဖွေအုံး-အုံးသည်ညို။ ဆည်ရုံး-ရုံးနိုင်လို။ အိုမန်း-မန်းဖွေလယ်။ ရွှေနန်း-နန်းမြေဝယ်။ ပမ်းလေဘွယ်အောင်။ ညှင်းလေဆောင်။ ဝေအဝေမှောင်၊ ဖြာရောင်ရှစ်ခွင်။ ဆင်ယင်ဝိုင်းအုံ။ ။ ကျူးတာသုန်။ ပဖွှန်ဆော်နှိုး။ မိုဃ်းအမိုဃ်းမာန်။ တိမ်ယံကွန့်မြူး မူးခွေယိုင်ကာသာ။ တွေမှိုင်ကာသာပင်။ ဖြေလဲမရှင်။ ။ ပျော်ဘွယ်သာဆင်။ ပွေအင်ရွှေဘွင်လွှန်ကြည်ကွဲ။ သဲနေမရှင်။ ။ မင်းလွင်မြူမှောင်၊ ပြာရောင်တောင်ခိုး ချယ်လှယ်အုံ။ မှိုင်းမှုံအာကာဘောင်။ ပူအောင်ပူအောင်သာပင်။ ရှစ်ခွင်ကသာ၊ မုန်တိုင်းဆင်။ လွမ်းစေ ကျွမ်းကြွေမည့်သွင်။ ဆိုရင်လဲသာ ဘန်ဘဲကို။ မိုဃ်းမာန်ဂုဏ်-ငြိုးဟန်သုန်။ ပဖွှန်ကသာ ဆော်သွန်းမြူး။ ။ ထူးထူးထွေထွေ။ ဘော်ရွှေပျော်ကြောင်ဘန်ခါခါ။ ကျူးသီဘွယ်သာ။ ။ မူးဝေမှိုင်ကာ။ ဘါသာသည်မှာ သဲကြော်ပြော။ ရှင်စံရာ။ ဖူးရွှေဘန်ပြာ။ ။ နွဲကာပင်။ ယိမ်းယိုင်ချင်။ လွမ်းရန်ဘို့ဆင်။ ။ မင်းလွင်မြူမှောင်။ ပြာရောင်တောင်ခိုး၊ ချယ်လှယ်အုံ။ မှိုင်းမှုံအာကာဘောင်။ ပူအောင်ပူအောင်သာပင်။ ရှစ်ခွင်ကသာ။ မုန်တိုင်းဆင်။ လွမ်းစေ၊ ကျွမ်းကြွေမည့်သွင်။ ဆိုရင်လဲသာဘန်ဘဲကို။ မိုဃ်းမာန်ဂုဏ်ငြိုးဟန်သုန်။ ပဖွှန်ကသာဆော်သွန်းမြူး။

## ၈။ ။ မွန္တလေးပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုန်းတော်ဘွဲ့ ယိုးဒယား။ (တောင်ဇမ္ဗူပိုင်)

**ပြင်စည်မင်းသားရေးသော-မွန္တလေးပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုန်းတော်ဘွဲ့ ယိုးဒယား။**

**ဘာသာခေါ်-ဇရင်းချား။**

တောင်ဇမ္ဗူပိုင် ကျော်လှိုင်တေဇာ ဘုန်းပျံ့မွှေး။ ။ တသီရိန်ကြေညာနေလာသဒ္ဒိန်ရာဇာအာဟိန် ဂီရိန်ရန်မြူဝေး။ ။ နှုန်းလေတွန်ရာဝင်။ ရှေးငယ်ကသာ။ တွေးဘွယ်စံမရာ။ မန်းသေလာ၊ အောင်ချာပြည်တိုင်းခန်း။ ဝိသုကံ။ စီမံဘန်လာဆန်း။ တညီသွန်တိမ်စွန်အာကာ။ မိုးယံမှောင်မြူ။ ရှင်းတယ်ပယ်ခွါ။ ချယ်မြွာစုံစီ။ နီလာစိန်ကြောင်။ ရှိန်ဖြာရီမှောင်။ စံဆောင်ဘုံရွှေနန်း။ ။ ရေယမုန်သီတာ။ ဧရာခွေခါသုန်သုန်။ ဆင်းတယ်အောင်မြေမှန်ရာ။ မဏ္ဍာ၊ မြေကုန်မင်းမှာ။ သီဟာရွှေကူနန်း။ ။ ဝေလျှံဖြာနန်းရှေ့မျက်နှာ။ ကြည်သန့်ရှင်းတယ်။ ကန်မင်းနန္ဒာ။ ကမ်းတရိုတွင်။ လျှမ်းပြည့်ရွှေကြာ။ ချပ်မုံအာ ကြိုင်သင်းထုံလှိုင်စွာ။ ။ ရွှေသာရကာ မင်းမယ်-ကျေးကစော။ တညီညာကြော်သံခေါ်ခါ။ မယ်ညိုဘော်ရာဧရင့်နော။ ။ နန်းချင်းပျူငှါ၊ ဘာသာ။ နော်သနင့်သာ။ ရောဆင့်ကြော်ပြော။ ဇင်ယော်ပျံလာ။ ဇာတိငွေမှု၊ သောင်ခုံပြန့်ဘွေ။ နေစာတောင်တင်လှမ်း။ ။ ကန်သာထူးတင့်ဆန်း။ သံသာကျူးရင့်မြန်း။ ။ စမ်းရေဖြော တောင်စဉ်ခွေကာ၊ ရစ်ဆီးခြံရံကာ။ တရွှေ ညီ ဒေဝီသူဇာ။ နန်းမယ်ဖြူပြာ။ ဆန်းတယ့်မူရာ။ ရွှေသိင်္ဂါသူ၊ ဆာပူကြံလှာ။ သည်းမှာကပ်အောင်။ သီခေါင်ရီမှောင်ဆိုင်း။ ။ မိုဃ်းနွေဂိမှာန်ခါမှီ။ လျှပ်ခြည်ဆိုင်းတယ်။ အုံ့မှိုင်းရီမှောင်။ မေဃိန်ဒေဝိန်၊ ပတ်လည်ဝိုက်ခါ၊ သွန်းသနင့်သာ။ ရွှမ်းဆင့်စည်တံမြွာ။ ။ အိုအမွှန်မှူး။ ကျူးပြန်တော့သာ။ ရွှေဘုန်းတော်မိုဃ်း။ ဖြိုးရွာသွန်းကာ။

ပြည်ပြည်သူပေါင်း၊ သောင်းခြိမ့်ကြော်ကြြာ။ ။ ရာမင်း။ စက်တော်ခိုလှုံစင်း။ အိုလေကညာ၊ ဆက်လှ။ သွင်းရ။ မင်းမင်းဇကရာ။ တောဇာနေလာ။ ဝေဖြာမိုး။ စိုးလေစံခါ့စံခါ။ ပြည်ရွှေမန်းမြို့ အောင်မြေမှန်ရာ။ သိမ်းစံမြန်းတယ်။ နန်းလေတည်စိုက်ရာ။

## ၉။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (ဝေဇယန္တာ)

### ဘာသာခေါ် -မဟိုးသီး။

ဝေဇယန္တာ-နန်းဘုံ။ ။ မြမန်းလေ-ဇေယခုံ။ ။ ယမုန်-ငယ်လေ။ သောင်ငွေကျွန်း။ မျှောင်ဖီလာ၊ သီတာဝန်းရံခွေ။ ။ ရွှန်းရွှန်းဝေ။ ။ မြန်သပြေပေါင်ညာကျွန်း။ ။ ပြန့်မွှန်းလေ မင်္ဂလာ။ ဇေယျာငယ် ဩဘာကြွေး။ ပဋ္ဌင်တံမြွာ။ သံဝါ ကျူးရင့်ဇေ။ ။ ပြဟ္မာငယ်လေကြူး။ တိမ်ယံဘွေ လေပြေမြူး။ အာကာပေါင် မြူမှောင်ချီချီ၊ တိမ်ရီ-မှုံဝေဆိုင်း။ မျှော်ရာတိုင်း။ ရှစ်ခွင်မင်းလွင်။ တောင်စဉ် တိမ်စွယ်ကာ။ မာလာသိင်္ဂါ။ ထိန်ဖြာမိလ္လာ။ လွမ်းဘွယ်သာ။ ။ ညှင်းညှင်းညာ။

## ၁၀။ ။ ပြင်စည်မင်းသားရေးသောယိုးဒယားကြေးတီးချက် (မှော်ရုံဟောဝန်)

### ဘာသာခေါ် -ချွတ်ချုံ။

မှော်ရုံဟောဝန် တောမြိုင်စွန်၊ ဘုန်းဂုန်ရာမင်းငယ့်တောင်ညာ။ မြင်သော်လွန်ပူဆာ။ ယခုပင်မွေးချင်ခါခါတောင်။ ။ အို-နန်းရွှေချိုင့်လျောင်။ ထားရအောင် စွန်တောင်စကြော။ လေးတော်ကိုင်ကာ။ လျင်စွာမြန်မြန်။ ဘမ်းမခံ၊ ချော့ကာမြူ။ သားကိုသွေး၊ ယူဝေးဆောင်။ တောမြိုင်ချောင်။ မြအရောင်ဖြာ။ မြေဇာလက်တော်ကမ်း။ ။ အိုပန်းဘို့စေဘွယ်ပင်။ ဆန်းရွှေသမင်ငယ်လေ။ ရုပ်သွင်ရွှေသား။ ထင်မှားအောင်ကြံ။ လေးသွဲ့ငယ်ရိုက်ဟန်။ ငြိုးမာန်ထပ်ဆင့်ပြန်။ ။ မာယာသူဘန်၊ ဘုန်းငယ်ထံ၊ လက်လှမ်းသူသာ နီးမခံ။ ပန်းမာလ်ကြူကြူ ကြိုင် လှိုင်ဇမူး။ ဝေး-အဝေးရပ်။ သွေးဆောင်ကာ။ စံခန်းငယ်ပုံကွာ။ တောကန္တာ။ စိတ်စွဲမာန်ပါရိုင်းပြမူရာ။ သေကံငယ်ဆော်လာ။ ဉာဏ်ဘန်ကူ-မြိုင်ငူမဋ္ဌူခိုင်ညှာလန်း။ ပန်းအောင်သာရှောင်ခွါထပ်ကာမျက်တော်ပွါးပြန်တယ်။ ။ မုန်းဘွယ်မူထား ဖြစ်လားထွေထွေ။ သေလိုငယ်သေစေ။ သာန္တဲရိုက်ပြန်ချေ။

မှတ်ရန်။ မှော်ရုံဟောဝန် ယိုးဒယားအဆုံးတွင်။ ပညာရှိကြီးများ။ ထည့်သွင်း သီဆိုကြသော သံထောက်မှာ။ ။ ဖူးညွှန့်ဝေဝေ။ ရဂုံဘွေ- မှော်ရုံချာက။ မင်းသီတာ သူပူပင်သည့်၊ ရွှေသမင်ဘမ်း။ ။ *တိုင်းယုဇ္ဈထံ။ မည်ချွတ်ချုံ တွင်ဘာသာရို့၊ သည်မှာသာ ကွဲရန်ထင့်၊ သိမ်းဃိုစံမာယာပြတယ်ကို၊ ရန်မီးစငြိမ်း။

## ၁၁။ ။ ပြင်စည်မင်းသားရေးသောယိုးဒယား (ဘော်ကွာဝေးသူမို့)

ဘော်ကွာဝေးသူမို့။ ဆွေးပူရတယ်။ ။ ကြံကာပန်းပါဘိ။ နန်းနေညွှန့်နွယ်။ ။ ကန္တာလယ်တောရယ်က။ သာမောဘွယ်။ ။ တိမ်စွယ်-ဘုံလယ်-ဝေယန်ဖျား။ သနားငယ် ဘန်တော်သာ။ မြိုင်ဟောမာ ကူးမိမှား။ ။ အိုဘန်ရွှေစာ ဘယ်ဆီဘယ်မှာ။ လွမ်းဗျာပါ ရေးကပွား။ ။ များပူလိမ့်သွယ်သွယ်။ မြိုင်လယ်စုံခြေ။ သာစွ-ပန်းထွေထွေ။ ။ လေ-လေ-လေညွတ်ရာညှော့်ညှင်း။ ဖီ-ဖီ-ဖီဝတ်ကယ်-မွှေးပျံ့သင်း။ သိင်္ဂီငယ်ကျေးမင်းသာကာမယ်။ ဘန်လယ်လယ်ကြွေး ကြွေးတဲ့ရင်း။ ။ ဇလေ-လေ-ဇလေ ဓမြေညှင်း။ ။ သုံးရွှေသနင်း။ နွဲ့မူမင်းစံတော်ရာ။ မြင်နိုင်ပါ-ဆွေးဘွဲ့ခင်း။ ။ သည် ရေ-လေမြေခပင်း။ မြိုင်ယံတွင်း။ ခိုင်စပယ်။ နွဲ့နိုင်ဆုံး ဘုန်းကြွယ်ကြွယ်။ ။ ကိုယ်တော်ထဲ။ သဲကြွေလုဘွယ်။ ။ သွေယိမ်း။ ဖလ်နေရှိမ်း။ ရွှက်ကျင်စိမ်း သဋ္ဌာလယ်။

---

* တိုင်းယုဇ္ဈ = အယုဒ္ဓယတိုင်း။ ယိုးဒယားဟူသော စကားမှ ယုဒ္ဓယမှ ယိုးဒယားဖြစ်လာသည်။

စက်လဲငယ်ပျော်နိုင်ဘွယ်။ ဘန်ရည်ရွှယ်။ ကူးမိမှား။ ။ လှိုင်းရေညိုထဲ။ လှစက်နဲ-ကွဲရခြား။ ဘန်များငယ်ဆိုင်ငိုယောင်။ ခေါ်တော်မိမှား-သည်မြိုင်ချောင်။ သဲကြွေလောင်ကျွမ်းလိမ့်လား။

## ၁၂။ ။ မြဝတီမင်းကြီးရေးသော ယိုးဒယားနဲ့သွား။ (ယုန်ငွေနန်းလေ စန်းသော်တာ)

ယုန်ငွေနန်းလေ စန်းသော်တာ။ ။ မြသီလာ တောင်ယံညာရွှန်းဦး။ ။ ရွှေကိန္နရီ။ ။ သွယ်ကေသီသင်းသင်းကျူး။ ။ အိုပျော်တော်ဘူးလေ။ လွန်နူးတင်ရှိညွှန်။ ကန်ရွှေမွှန်နတ်ရေခင်း။ သင်းပျံ့ပျူး။ ဖျော်ဖြေကာ။ စုံခြေမြိုင်ဟေမာ။ မွှံမလ္လာပန်း-အနန်းကမြူး။ ။ ဆန်းအဆန်းလှထူး။ ဖူးရွှေစက်ဦး ဖြန့်ကာချီ။ ဝတ်ရည်လှိုင်လို့ကြိုင်ပါပြီ။ ။ နန်းလယ်ဝေသည့်ရွှေတညီ။ မှီတမှီ။ အိုဘယ်ဆီလှမ်း။ ။ သက်ပိုင်စိုး။ ရှိရွှယ်ကိုး။ မိုးမြင့်လျှမ်း။ ။ ပင်တန်း-ရွှေလျှံဆန်း။ ရေတောင်ကမ်းငယ် ပျော်တော်ရာ။ ရှိဦးငယ်တင်ဆင်ကာ။ တူမကွာဘုန်းနှင့်သာ။ ။ နန်းနွေယံမင်း။ ငွေသန်ကြွင်း။ နှင်းညွှန့်ဖြာ။ ဘန်များငယ်ဆိုယောင်။ အိုင်မွှန်မင်းငယ် ရွှေကုဏ္ဍာ။ စုံစုံကြာ သင်းပျံ့ရှား။ ။

(သဖြန်)။ ။ တောင်နန်းဗိမာန်။ နတ်ဗျာန်ဝေယန်မွှန်ငယ်မှ။ မလွန်နိုင်လေဘွယ်ငယ်လို့။ မှတ်ဘွယ်မပြား။ ။ ဆည်းဆာညွှန့်ဆီ။ မြကေသီသင်းကြွယ်သည့်။ ပုလဲသွယ်စိန်ချိုသံက။ ညိုးညံ သာလေသွဲ့ငယ်ကို။ တောင်နွဲ့မြောက်ပါး။

## ၁၃။ ။ မြဝတီမင်းကြီးရေးသော ယိုးဒယားနဲ့သွား။ (ခါနွေဆန်း-လန်းစီစီ)

ခါနွေဆန်း-လန်းစီစီ။ မွှံရွှေဝတ်ကယ်မွှေးလှိုင်ညီ။ လေချီချီညှင်းလို့နှင်းသုံသုံ။ ။ အာကာဘုံမှာ မြူမှုံရော။ တောင်တောငယ်။ ပျော်ချင်ဘွယ်။ စုံမြိုင်နယ် ကျေးကဆန်း။ ။ မောင်မယ်ခေါ်ကာ။ ရွှေပင်ယံမှာ။ ကျူးသံသာ မြူးကြမြန်း။ ။ နန်းဖလ်လှဲဖြာစီ။ ပြာမိလ္လာရောင် တောင်က-ညိုမှောင်ရီ။ ။ မှီညွှတ်ကယ်ဝဲသုံသုံ။ ။ သိုက်ရွှေမြုံတွဲလို့-နွဲပျော်ကာ။ ညံစာစာကြွေးကြွေးတဲ့ရင်း။ ။ ဆွေးဘွဲ့ခင်း။ ။ တွေးလှဲ့ဝင်း။ ။ မြလျှံတဆင်း။ ။ နာရနင်း ဆင်းကြည်သွန်။ ရေတံခွန် စိမ်းလဲ့လန်း။ ။ ညာရွှေဖီလှိုင်မခန်း။ သင်းခွေပန်း ခိုင်စံပယ်။ နွေယံဦးခါညီဝယ်။ သန်လပ်ကယ် ယာဉ်လယ်။ အိုရေတွက်ကယ် ခန့်နိုင်ဘွယ်။ ။ ဖွေရှန်း။ ရွှေကွန်း၊ မြမြေကျွန်းစံရာလယ်။ ခိုရိပ်-ဖြာဖြာသွယ်။ မြင်ပါလွယ်ပန်းရများ။ ။ တောင်မင်းဝန်ဦး။ မြနွေကူးမြူးလို့သား။ ပျော်ပါးငယ်ဖြေလွယ်အောင်။ ဒါဟံမြန်နန်းသူ့သံယောင်။ ယဉ်သာပေါင်ကျူးခဖျား။ ။

(သဖြန်)။ ။ ဖြေမပြို။ ဆိုငိုမိမှား။ ။ စက်မက်-ထင်မြင်ယောင်နှင့်။ ရွှေဖွေတောင်-နယ်မကငယ်ကို။ ကြုံရဖြစ်လား။

## ၁၄။ ။ မြဝတီမင်းကြီးရေးသောအီနောင်ဇာတ်ဖြည့် ယိုးဒယားနဲ့သွား။ (အိုသာတင့်ဆုံးလေ)

အိုသာတင့်ဆုံးလေ။ သုံးရွှေမယ်။ ပျံ့လှိုင်ကြွယ်။ နယ်ယံမြိုင်လုံးဝင်း။ မွှံရွှေလျှံ။ ပွင့်ညှာတံ ညီးညီးလင်း။ ။ ရွှေယဉ် ဘောင်မင်း ဟသ်ာလယ်။ လွန်ပျော်ဘွယ်ငှက်ကယ် ကြွေး-ကြွေးတဲ့ရင်း။ ။ မိလ္လာသွယ်။ သိဂ်ါ-စိန်ကြာနွယ်၊ ဘန်လှယ်လှယ်။ မွှေး-မွှေးပျံ့သင်း။ ဧ ညှော့ညှင်း။ ။ ဆင်းမြရည်ခင်း။ ရှင်းကြည်စွာ။ တောင်ရဂုံက ထုံဂန္ဓာ။ နံ့လှယ် ဝေသည့်။ ရွှေညီလာ။ သံစာစာ သာကာနော။ ။ ပျံ့ကြွေရေး။ လှဲ့ရည်သွေး။ ကျေးကစော။ ။ စံခန်း-သည်စုံကြော။ ဝတ်ရည်ရော-ညှာစီစီ။ နေနတ်ကယ် နွေရာသီ။ မွှံသိင်္ဂီသင်းတဲ့တော။ ။

(သဖြန်)။ ။ အိုရှုမောဘွယ်။ ထားကေသွယ် သည်ဝယ်ပုံသို့။ မကြုံလေသေး။ ။ ဖြူဝန်းငယ်ရာပြိုင်သည့်။ ညာပင်တိုင်ရွှေဖွေမြင့်ငယ်ကို။ ပြန်ခွင့်ကနေး။

## ၁၅။ ။ မြဝတီမင်းကြီးရေးသော။ အီနောင်ချိုးယိုးဒယား။ (သောင်းရွှေလယ်ပိုင်စိုး မိုးနတ်မယ်)

သောင်းရွှေလယ်ပိုင်စိုး မိုးနတ်မယ်။ ရွှေသဲကျွမ်းမျှ လွမ်းရတယ်။ ပူပုံပွေလို့သာ။ ကြွေမည့်နယ်။ ။ လောင်းနေနွယ်ပိုင်ဆုံး။ ဘုန်းများမယ်။ ကုန်ခြေပမ်းလို့နိုင်ဘွယ်။ ဘယ်မြိုင်ညိုကသာ၊ ကြိုရမယ်။ ကြံရည်ရွှယ်လို့။ ငယ်ညိုးဆွေး။ ။ အိုပမ်းပါဘိ။ လှမ်းခြေယူနေး။ ပူရေးပိုခဲ့ပြီ။ စံခန်းကြော့နန်းမြေဝေး။ မြူမှေးညိုလှဲ့စီ။ ။ ခါနွေကြော့ဦး။ ညှာကြွေတော့မူး။ လေရူးဆော်လှုံ့ချီ။ ။ အို မာလာစံမှုံဖူး။ ငုံကြိုင်လန်းလှိုင်ထုံထုံညီ။ မြိုင်နန်းက ဆန်းသိဂီ။ တိုးမြကိန္နရာ။ ရွှေစာမရီ။ တောတောင်သာဟန်ညံစီစီ။ ရည်ရော်ရမ်းလို့-လှမ်းနိုင်ပြီ။ ရွှေဒါဟာတိုင်း-မယ်ရှိ့ဆီ။ မရောက်ကယ်နိုင်ပြီ။ ကွာလှမ်းဝေး။ ။ ဘယ်ဝယ်လေ။ ဘယ်ဘုန်းအား။ ဖြေဖျော်များပျော်လိမ့်မယ်။ သူ့တိုင်းကြော့-ကာလံနယ်။ လွမ်းရန်ကြွယ်လို့။ သွယ်သွယ်ဆွေး။

## ၁၆။ ။ မြဝတီမင်းကြီးရေးသောမြင်းတက်ယိုးဒယား။ (ပျံ့ကွန့်မြူနှင်း)

ပျံ့ကွန့်မြူနှင်း။ နတ်မင်းစိန်မှန်-ကြာညို။ စဉ်စီခင်း-ပယ်ရှင်းရန်ညှာ။ တိမ်မိုးဆွယ် ခန့်ရွှယ်ကုန်နိုင်ပါဘဲ။ သဲကြွေလုဆွေးစေဘွယ်သာ။ လွမ်းသနင့်မှာ။ ဖူးခွင့်ဘန်လာပျိုး။ ကိုးသွယ်ရတနာ။ မျိုးနွယ်အသဃာ၊ ကြာလျှပ်စစ်တခန်းဝယ်။ ထန်းလူးဆယ်ပယ်သာ။ မြန်သပြေညာ။ စံခန်းခေါင်ချာ။ တင့်ဆန်းညိုးညိုး။ ဝေးနီးနိုင်နိုင်ငံ။ များရွှေရံ။ ခ,ယမ်းသီးသီး။ ဘုန်းမီးထိန်ထိန်ဖြာ။ သောင်ငွေခင်း။ မင်းဝံအောင်ချာ။ မြင်တင်ညာ။ ဧရာခွေကာဆန်း။ လန်းသည့်အသရေ။ နန်းတည်ပရမေလေ။ ရဲမချိုငယ်စောရန်မာန်ချွေ။ သီတကူငွေ။ ကြယ်ပေါင်းရံရွှေ။ တင့်ရွှန်းညီးလင်း။ ဝိုးဝင်းထိန်ထိန်လျှံသာ၊ မြေယံစိုး မိုးနိုပ်နင်း။ နန်းခင်းဘုံသီတာ။ လုံကျွန်ရင်း သင်းဗိုလ်ပါ။ ဆင်ပျံမြင်းစုံစာ။ ပုံကာနင်း။ ခင်းငယ်ကမလာ။ မင်းမယ်ရတနာ ကြာရိုးစလိငယ်။ မိုးမိုးနွယ်သူဇာ။ ကြယ်တညီလာ။ ။ ပတ်ခြံနင်းမိုယ်း။ လေပြည်လောင်း စွေချသွန်းဖြိုး။ ရွှေစည်နှိုးကြိုးရင့်ကာ။ နဲမျိုးတံမြွာ။ ပဥ္စင်သံသာ။ လျှံစိမ်းဝုန် လှဲ့မွှန်ရေမန္တာ။ ကျူးရင့်ဆင့်နှိုး။ ကြေကြွေနုးခွေလျှသန်းညို့။ ဝေယန်ဖျား။ ထားငယ်ဘယ်ဘန်ဖြိုး။ စိုးတဲ့ပရမေ။ မိုးနတ်အသရေလေ။ ရေမတန့်ငယ်။ ဆွေးအံ့ဆွေးလေစေ။ ။ ပြာအညိုရွှေ။ တောင်တောသာထွေ တင့်ဆန်းဝင်းရွှန်း။ ဆောင်းယွန်းနွေဂိမ္မန်။ ညှင်းလေပျံ့ဆင့်လောင်း။ ချမ်းဖ ဆွေးကြောင်းထွေထွေဘန်။ နွေသန်ကြွင်းမင်းမယ်ရွှေမှန်။ ရွှေမြို့နန်းကလေ။ ဖျော်ဖြေဆွေစုံမြန်း။ ပန်းငယ်ဂေါ်သဇင်။ သန်းတဲ့ ခါသဘင်လေ။ ကြွေးကရင့်ငယ်။ ကျေးနှင့်ရွှေလွန်းကျင်။ ။ ပေမဝန်ခွင်။ ပျံ့လှိုင်ရွှန်းလေရေးထင်။ သွန်းချွေချင် ညွတ်နူးရေး။ ဆွေးကြောင်းဆင်။ မှုံရောသာမော စုံကြောစုံခွင်။ ကြေကွဲ့ဘွယ်ခန့်ရွှယ်ရေသော်ဖြင်။ သင်းလှိုင်ကြူ။ ကူရွှေဇင်။ နတ်နန်းမဥ္ဇူ ကူရွှေဇင်။ နတ်ပန်းငယ်လှိုင်ရှင်။ ရဲအားကိုး။ မိုးမိုးခေါင်ဖျာ့စိုး။ ညိုးလေအောင်။ သက်တမျှရွှယ်။ စိုးနှင့်မယ်ဆွေမောင်။ ။ ခင်သကြင်နောင်။ ရွှယ်ကိုးရည်ဆောင်။ ခန့်တိုင်းပြီးစီး။ ညီးညီးထိန်လျှံ။ မိုးတိမ်ယံမြင့်သွန်းဝေးနီး။ သီးသီးထွေသံသာ။ တောင်မြေနန်းငယ်။ ဆန်းတယ်တွေတလာ။ သာကာကျေး။ ပျူဌာမာယာကြွေး။ မွှေးကြူဂန္ဓမာ။ မေးမြူသန္ဓနာ။ စောသနင့်လေ။ ပြောခွင့်ကုန်နိုင်ပါ။ ။ ထုံသမှုံကြာ။ ကျူးခွင့်ကျူးနီး။ မြှင့်ထပ်မိုး။ ကျူးခွင့်နီး။ မြှင့်ထပ်မိုး။ ဖြေလို့ဘဲချွေခန့်လျှပ်ပျိုး။ ဘယ်မှန်ညိုး။ ကိုးနယ်ပေ။ သွန်းရရွှန်းဘွယ်ရရွှယ်ရန်။ ကယ်မှန်ဆက်ဘန်ဆယ်ထွေ။ ကြိုဆွေးဘွယ်ပျံ့လှယ်။ မှုံရုံချွေ။ လွမ်းခွင့်လွမ်းစိုး။ ခွေလျှသမ်းညိုး။ ဖြေလို့ဘဲ ချွေခန့်သွန်းဖြိုး။ အမွှန်စိုးမိုးနတ်ဆွေလဲ။ နွဲလှာအုံသလေ။ စွဲကာထုံမပြေ။ ကြွေးရင့်ရေး။ ဆွေးခွင့်မှန်ညာရွှေ။

## ၁၇။ ။ မြဝတီမင်းကြီးရေးသော မြင်းတက်ယိုးဒယား အဆက်။ (မြန်သပြေဘွေ ဆင်ရွှေဝတ်)

မြန်သပြေဘွေ။ ။ ဆင်ရွှေဝတ်။ ဆင်ရွှေဝတ်ကမဲ့မှာ။ နန်းလဲနန်းမူထား။ ပွါးတဲ့အသရေ။ ရည်သွယ်ခွေ။ ယုန်ငွေသော်တာ။ သောင်းလုံးများတင်ကာ။ ယဉ်မှူးသွယ်ဖြာ။ မြကေသာကုံးငယ်သို့ရွှယ်။ ရွှေညာထား။ ပွါးတဲ့အသရေ။ ခြားတဲ့ပရမေလေ။ ။ ရေးမတန့်ငယ်။ ဆွေးအံ့ဆွေးလေလေစေ။ ။ ထိန်ရရိန်ဝေ။ စံခန်းသာထွေထင်။ ဆန်းညိုးညိုး ထီးနန်းဆိုင်ဆိုင် များခွန်းလှိုင်

ခန့်ဝန်းဝေးနီး။ ဘုန်းမီး ထိန်လျှံဖြာ။ တောင်ရေဝန်း။ ကျွန်းငယ်မြန်ချာ။ စံသိင်္ဂါ။ သော်တာရောင်ညီးလန်း။ နန်းရွှေဝေယန်။ မြန်းထွေနေသက္ကာန်။ ။ ဘုန်းတန်းမြင့်ငယ်။ နှန်းခွင့်ဘယ်ရွှေဉာဏ်။ ။ ဘန်တရည်သန်။ စက္ကဝတ်စော။ လေးယံဒီပါ စိုးကာမိုးကာ။ နိုင်းရာမဲ့မော။ ခြီးအံ့ကုန်နိုင်သော။ ။ ပေါယယ်ချွေမကုန်။ ယဉ်ရေဟုန်။ သုန်သုန်သွယ်ဖြာ။ ငါးလုံးတောင်ရံကာ။ ။ စိန်ကြာချယ်သန်း။ ဖလ်နန်းမှန်နန်း။ ကိုးမည်ထွေဆန်း။ ။ စိုင်ရှုးဆိုမှန်း။ သုံးရွှေ့ရံလယ်။ နေ့နယ်စမ္ပာယ်မြန်း။ မန်းညာပရမေ၊ ထွန်းဝါအသရေ။ ပွါးသနင့်လေ။ ဘုန်းပွင့်ဆယ်ခိုင်နေ။

## ၁၈။ ။ မြဝတီမင်းကြီးရေးသော မြင်းတက်ယိုးဒယား အဆက်။ (မြန်သပြေဘွေ့ တကျွန်းခြားမြေ)

မြန်သပြေဘွေ့။ ။ တကျွန်းခြားမြေ။ ပြည်ဆွေမင်းမျိုးကိုးရာ။ ဖူးလှာထံရင်း။ ရင်တွင်းသီးချာ။ များများစွာဆောင်ယောင်။ စီမျှောင် စိန်ကြောင်နီလာ။ ဝင်းဝင်းလျှံဖြာ။ မလွမ်းလွမ်းအောင်။ ညိုတိမ်မှောင်။ ဆိုင်းဆိုင်းဝေဆာ။ ။ နှုန်းမြင်တင်တိုင်း။ ယဉ်လှိုင်းသွယ်ဖြာဖြိုး။ မိုဃ်းကာသန်ကြွင်း။ ပြန်လေညှင်း နှင်းရောရော။ ။ မစုံဘော်ကွာ။ မြော်လေရာ။ ။

(သဖြန်)။ ။ မိမိလေးဆွေးဘို့သာ။ စိုးပူခွင့်တာ။ လွမ်းမှာကို တင်ဆင်ခြင်နှင့်။ ရွှေဘွင်မဇေ။ ။ သည်ကိုယ်ထဲ၊ ကြည်ကွဲအောင် မသုန်ပါနှင့်။ ငယ်ဆွေယုံ-အမွှန်ခွင့်၊ ဆိုင်းညှာသင့်သေး။

မှတ်ရန်။ အထက်ပါ မြင်းတက် ယိုးဒယား ၃ပုဒ်မှာ။ နတ်ရှာစံ ပဌမသင်္ဂါယနာတင် မင်းတုန်းဘုရားကြီးလက်ထက်တော်။ မြဝတီဝန်ကြီး။ အသက်အရွယ် (၈၃)နှစ်ရှိမှ။ ရေးသောစာဟု မှတ်သားရဘူးသည်။

## ၁၉။ ။ မြဝတီမင်းကြီးရေးသော ယိုးဒယားနဲ့လိုက်(အီနောင်)။ (စက်လဲ-ပျော်ပါနိုင်)

စက်လဲ-ပျော်ပါနိုင်။ နန်းပင်တိုင်ကြော့ကြာယံလယ် ယဉ်ရွှေလုံး။ ရွှေကေသီ-စုံညီပျော်ပါး။ ရွှေဝန်းလျား။ ။ မြယွန်းသန်းယံကျော်။ နန်းပဟိုရ်ဆော်လဲ-ပျော်ဘဲသား။ ။ ဘယ်ဆီမှာ။ ။ ဘယ်ဘုန်းအား။ ပျော်တော်ငြားရှာလိမ့်မယ်။ သူ့တိုင်းကြော့-ကာလံနယ်။ လွမ်းတာ-ကြွယ်လို့ပူနယ်ပွါး။ ။ ဘယ်ဆီမှာ-ဘယ်ဘုန်းအား။ ပျော်တော်ငြား ရှာလိမ့်မယ်၊ သူ့တိုင်းကြော့။ ကာလံနယ်-လွမ်းတာကြွယ်လို့-ပူနယ်ပွါး။

## ၂၀။ ။ ယိုးဒယားဘာသာခေါ် - ဖရင်း။ (ဇေ ခြူရေးချိုက်)

*ဇေ ခြူရေးချိုက်။ ကျပါ-ရာနော။ ကောလော- ပောပေားရိုင်။ ယဉ်ရာယိုင်-ကလိုင်။ ချားပေား ပါပေား ကားဝါ။ ကွတ်ကာ ယွန်းရာ၊ လွန်းခွတ်ရာ။ ဇွေတာရပိုက်။ တျာတျာ ယိမ်း-ယိမ်းယိုင်ယိုင်။ ။ ကျောက်ဘွဲ့လောပေ။ တျာတျာ ယိမ်းယိုင်ယိုင်။ ။ မယ်ဆီရေ-မယ်ဆီဆံခေါ်။ နော့မြ နားမော။ ဝမ်းကော ဝမ်းတွေး တာရပိုက်။ ဘွေကြရံဝိုက်၊ ကြာနာဝိုက်။ တျာတျာ ဒိန်းဒိန်း-နာနာ။

---

* ၄င်း ဖရင်းယိုးဒယားကို အချို့ဆရာတို့က။ ။ ဇေ ခြူရေးချိုက်။ ကြရပိုက်နိုက်နော။ ကောလောချိုက်။ မယ်ဆီရေ-မယ်ဆီစံကွန်း။ နော့မြ နားမွန်း။ ဝမ်းကော ဝမ်းတွေ တာရပိုက်။ ကြရဝိုက်၊ ကြရပိုက်နိုက်နော။ တျာတျာ ဒိန်းဒိန်း- နာနာ။ ။ ဟူ၍ သီဆိုကြသည်။

## ၂၁။ ။ မြဝတီမင်းကြီးရေးသော ဖရင်းယိုးဒယားအလိုက်။ (လွမ်းပိုအောင်)

လွမ်းပိုအောင် - ညိုမင်းလွင်။ လေပြေပျိုး- တိမ်ခိုးဆင်။ ။ *မျှော်တိုင်းမိုင်းလွင်။ ရွှေဘွင်ကြုံရ။ ပင်နန်းသာထွေ။ နွေရာမင်းငယ်။ သာသည်လေ။ အိုကြုံရ- လွမ်းဘွယ်။ လှိုင်ကြွယ်သင်းကြူ။ ဂေါ်ဇင်ကြိုင် ပျံ့ရှား။ ရွှေဆပ်သွား- နိုင်မဍူ။

## ၂၂။ ။ ဖရင်းချား ယိုးဒယားကြီးတွင် အဝင်ဆိုရသော ယိုးဒယား။ (လွမ်းဝှန်ပို)

လွမ်းဝှန်ပို၊ ရွှေကိုယ် ဘယ်- ဘယ်ဆီမှန်း။ မြိုင်ချာလမ်းက ပမ်းမှိုင်ခါ၊ ဝေးဘော်ကွာ။ ဆွေးပူဗျာ၊ တူအဆော်လှိုင်- ဗျာဆိုင်။ တွေမှိုင် ထပ်ခါပို။ ကံအို- ဘန်ညို။ ဖွေရှာလေနဲကို။ ရေးပို ဘန်ဘန်ဆိုမိ။ အိုကံကံ။ ကန္တာယံကသာ။ ရွှေလျှံဝင်း။ လေညှင်း။ ချွတ်သွင်း၊ ထုံလှိုင်ကြည်ကွဲအင်။ ဆွေးဘွင်။ တယောင် ရေး- ရေးကို။ ဘယ်ဝယ်- ဘယ်ဆီမှန်း။ မျှော်ယောင်ကာသာပမ်း။ လှမ်းနိုင်ဘွယ်။ ကံအို -ဘန်ညို၊ ဖွေရှာလေနဲကို။ ရေးပို- ဘန်ဘန်ဆိုမိ။ အို ကံကံ။ ကန္တာယံကသာ။ ရွှေလျှံဝင်း။ တယောင် ရေး- ရေးကို။ ဘယ်ဝယ်- ဘယ်ဆီမှန်း။ မျှော်ယောင်ကာသာပမ်း။ လှမ်းနိုင်ဘွယ်။ ။ အို- လှမ်းနိုင်ဘွယ်သာကြုံ။ ဆွေးဆွေးမောင် ကိုယ်တာ။ ဘယ်ဆီဘယ်မှာ။ လွမ်းဗျာ ထပ်ခါဆိုင်- မှိုင်မိငေး။ အို- စုံသာမြိုင်။ ကြံမှိုင်ကါသာငေး။ ရွှေပြည်မှာလေ- အောင်ခန်းဝေး။ အို ဘန်လာရေး။ ဆွေးရပြန်လာ။ နတ်ကယ်- ဘန်တော်သာ။ အိုလေး- ဘယ်ဘယ်ဆီမှန်း။ မျှော်ခါတမ်း။ လှမ်းနိုင်ဘွယ်။ သည်ဝယ်သာ ပူပွါးလေအောင်။ အို- ဆိုယောင်ရေး- ရေးလွမ်း။

## ၂၃။ ။ ယိုးဒယားရေဆင်း။ (ရွှေကြက်ကယ်ဟန်ချို)

ရွှေကြက်ကယ်ဟန်ချို။ လင်းလူပြီနော်မေ။ ရောင်နီလာ-ဖြာဖြာကျင်း။ မောင်ငယ်ဆင်း-ဆင်းတော့မယ်။ ရေးဝဋ်ကြုံ- ခက်ဘွယ်။ သွားရတော့မယ်။ မောင်မယ်ဘန်တယ်။ ပူဘွယ်တောင်ကြီး။ ရွှေအုံသဲဝယ်။

## ၂၄။ ။ စက်တော်ချင်းယိုးဒယား။ (အို-လျှံညီးလင်း)

[†]အို-လျှံညီးလင်း။ ပျံ့သင်း သဉ်လီဖွေ။ ။ ပျော်မြူးများရည်ရွှေ။ စက်ပါရော့မေ။ ။ ညဥ့်ရုံတော်ထူး။ တိမ်ဦး နန်းဘုံဖွေ။ ။ ခွါသင်းနှင်းမှုံရွှေ။ လုံနိုင်ပါဘူးမေ။

## ၂၅။ ။ ဘုန်းတော်ဘွဲ့ယိုးဒယား။ (မြန်သပြေညာ)

မြန်သပြေညာ။ ကျွန်းဒီပါ။ ။ ချီးအံ့ဘွယ်ရာ။ ပြည်သီဝံ-နန်းညွန့်မှန်းရွယ်ခါ။ များဗိုလ်ပါ။ လိုရာပန်ဆုတောင်း။ ။ ငြိမ့်ညောင်းသာရှင်။ ဓမြေကြည်လင်။ ချမ်းမြေ့လူရှင်။ မန်းညာခွင် စုံအင်လွန်ထူးဆန်း။ ဘုန်းပန်းငယ်-တေဇာဝေဖြာ။ နေဝံသာ-ကုန်းဘောင်နွယ်လာ။ ညွတ်ပျောင်းစေရာ။ ပိုင်းစိုးမိုးမြေချာ။ ။ ဖြိုးဖြိုးဝေဆာ။ ။ ရွှေတဲ့ရွှေသမ္ဘာ။ ။ တေဇာဝေဖြာ- ရွှေဗျာသန်းတယ်။ ဆောင်ဆောင်နန်းမှာ-မြန်းတော်မူ။ ။ စံမတူစံမတူ ပြည်ပြည်ထောင်-မင်းမြတ်မှန်ကူ။ ။

---

* ၄င်းနေရာတွင် မျှော်လဲရွှေဘွင်၊ ကြွေကျင်ဆွေးလျှ။ ပင်တိုင်းရွှေလျှံ၊ နွေယံမင်းငယ်။ သာသည်လေ။ ။ ဟူ၍ အချို့မူများတွင် ရှိသည်။

† စက်တော်ချင်းယိုးဒယားကို။ အချို့ဆရာတို့က။ ။ အိုလျှံညီးလင်း။ ပျံ့သင်းသဉ်လီဖွေ။ ခွါသင်းသင်းညှင်းညံ့ပြေ၊ လုံပါနိုင်ဘူးလေ။ ။ ညဥ့်ခြံတော်ထူး။ တိမ်ဦးနန်းညွန့်ဖွေ။ ပျော်မြူးကျူးရင့်ရွှေ။ စက်ပါလေရော့လေ။ ။ ဟူ၍ သီဆိုကြသည်။

ရွှေဘုန်းလှိုင်ကြူ။ ကျော်သောင်း နယ်ဇမ္ဗူ။ ချမ်းငြိမ်းပြည်သူ။ တွေးဆကြံယူ။ ဝေးစွရန်မြူ။ နှုန်းဘက်ပြူ။ ဘယ်သူရှိဝန့်ဘဲ။ နန်းပွဲငယ်သဘင်။ ပျော်ရေးဆင်။ ဆော်ပဋ္ဌင်ကြွေးရင့်သံတင်။ ဆွတ်လွမ်းဘွယ်ပင်။ သံကျူးညီညာငင်။ ထူးခြားစုံလင်။ ခါလေ့ခါသဘင်၊ ပြာလွင်တိမ် မိလ်ညိုမှောင်ဆိုင်းတယ်။ ဆင်သင်တိုင်းဝယ်။ မိုင်းမှုံချယ်။ ။ ဖြေစလွယ်။ ဝိဇ္ဇုန်မာန်ပျိုးတဲ့လျှပ်နွယ်။ ။ ရိက်ချုန်းသာဟုန်။ အမွှန်မြူးသွယ်သွယ်။ သွန်းမြူးညာဘယ်။ မန်းမြေဘုံငယ်။ ဆန်းမွေပုံလွယ်။ မုန်းညာဘယ်- ဘန်လွယ်နိုင်တော့ခင်း။ ညှင်းညှင်းငယ် သံဝါ-ညံစာ။ နေဝံသာ ကုန်းဘောင်နွယ်လာ။ ညွတ်ပျောင်းစေရာ။ ပိုင်စိုးမိုးမြေချာ။ ဖြိုးဖြိုး- စေရွှာ။

## ၂၆။ ။ ယိုးဒယား ဖရင်းချားကလေး။ (ပန်းဟောဝန်)

ပန်းဟောဝန်။ ခုနစ်ခွေ- မျှော်လေယောင်။ ညိုပြာရီမှောင်။ တိမ်တောင်နီလာသွေး။ ဆွေးဘွယ်။ သွယ်သွယ်ထွေလာနော။ ရေယဉ်ကြော -ငွေသောင်ယံမှာ။ မောင်နံလွမ်းလို့၊ ကျွမ်းကြွေပြန်။ ဖြေလဲ ပြေဘဲ မော်ရုံမြေ။ ။ ထွေထွေကြိုလာ မြလိုဂုဏ်နန်း။ စိန်ဆောင်- ရွှေတောင်- ငွေရောင်သန်း။ ဖြမရမ်း-မြိုင်တန်းသာ။ ။ မာလာ ဇီဝါ။ ငွေခွါ ကြိုင်နံ့ ဖြာ။ သည်မှာ ကုံဆန်း။ တမ်းဆိုယောင်။ မြောက်တောင်-ဘယ်ဆီမှန်း။ ရွှေသန်းညာမယ်။ ပျော်ဘွယ်ဟောဝန်။ ကန္တာမြိုင်တွင်း။ ကြိုင်သင်းလေ ဝေါ်ရွှေဖီ။ စိမ်းကြည်ဖြာသွန်၊ အိုင်မွန် မန္တာခင်း။ ယိုဆင်းတွေတွေ စီးကျ ပြွန်အိုင်ရေ။ ကြာထွေ ငါးမျိုး။ ဝပ်လျိုး ဝတ်ဆံ။ စုံမြိုင်ယံ- မောင်နံမြိမ့်အုံး။ ရွှေပိတုံး ယူသုံးစားရှာ။ တမာရွှေကြက်တော။ ဉသြမြည်သံ။ မြိုင်ယံ- ပြည်စိုး။ ရွှေဘိုး- ခေါင်ငှက်တော်။ တွံကြော်ငြာကြွေး-တွံကြော်ငြာ။ ခွန်နွေးလေယူလို့။ လူလိုဟန်။ စုံမြိုင်ယံ။ ဘာသာ ဘာသာမြူးတယ်။ ဘာသာ ဘာသာမြူးတယ်။

## ၂၇။ ။ တပေါင်းလဘွဲ့ ယိုးဒယား။ (လေပြည်လောင်းသည်နှင့်)

### (ဘော်ကွာဝေးအလိုက်)

လေပြည်လောင်းသည်နှင့်။ သောင်းမြိုင်ဖျာ့းလယ်၊ ။ ကြိုင်လှိုင်လန်းပါဘိ။ ပန်း- မှုံပျံ့ကြွယ်။ ဘန်ရည် ညွန်းလို့သာ။ ကျွန်းကြွေဘွယ်။ ။ ဆည်ဆွယ်- တိမ်နယ်- ညိုရွှေမောင်း။ တပေါင်းငယ်- ခါရာသီ။ ညာစီစီ- နင်းညွန့်လောင်း။ ။ ရောင်ရှိန်- ထိန်ဖြာ။ တောင်သိန်- မိလ္လာ။ ကျေးသာကာ- နွဲ့လျပျောင်း။ ။ သောင်းရွှေလုံးကေသီ။ ရေမယ်သာကီ၊ စောတဲ့ယာယီ၊ ။ မိုရုပ်ကယ်- ယိမ်းနွဲ့နှောင်း။ မှုံဝတ်ကယ်- သင်းပျံ့လှောင်း။ ။ သာဟေမန် ယွန်းလို့။ ညွန်းရှယ်ရန်။ ဘယ်ရွှေဘန်ကိုး။ မိုယ်းချင့်ကောင်း။ တောင်ပျံလေ- ဖလ်နေဒေါင်း။ နွယ်နာမောင်း ခွေပါပြီ။ သောင်ငွေပွဲ- သဲစေတီ။ ချွေဆွတ်ကယ်- မယ့်ဝယ်ဆီ။ ။ ရီမှိုင်း၊ ညိုသင်တိုင်း။ ဘယ်ညာသိုင်း- ဟန်ချီချီ။ ရွာပေဘူးလေ နွေပြီပြီ။ သာစွာသီ- ကျူးရင့်ပြောင်း။ ။ ဖူးလွယ်စေကြောင်း။ ရည်ရော်တောင်း၊ သောင်းရွှေညီ။ ညာနတ်ကယ်- မှောင်စီစီ။ စံရာနန်းငယ်- မှန်သိင်္ဂီ။ နေရီခင်း ညှင်းညံ့ပျောင်း။

သဖြန်။ ။ သာမျိုးငယ်စုံ။ မြရုံ သီလာနယ်က။ နစ်သွယ်ရေတံခွန်နှင့်။ စီးဝုန် လဲ့မောင်း။ ။ မှုံဝတ်ကယ် သင်းလှိုင်သည့်။ စုံဂနိုင်- မြိုင်ယံမြင့်ငယ်မှာ။ နွေလင့်ရွှက်ညောင်း။

## ၂၈။ ။ ဘုန်းတော်ဘွဲ့ယိုးဒယား။ (မြမန်းဂီရိ)

မြမန်းဂီရိ သေလာတောင်။ နန်းတည်ထောင် ဘုန်းရောင်နေသို့လင်း။ နောင်ညီကို-ရွှေဘိုနွယ်တော်ရင်း။ ရာဆူဆူ - ပြည်သူခဝပ်စင်း။ ရွှေဘုန်းတော် -နှုန်းလျှော့စံပျော်ခင်း။ တေဇာတိုးလို့ဖြိုးဝေ။ မန်းဌာနေ-အောင်ဇေယျာပြည်မင်း။ ။ ပြောင်လူးနာဂ ရစာ။ သော်တာငွေလျှံ။ မျိုးမြတ်ဆဒ္ဒန်။ ရွှေနန်းဘုံတော်။ ရောက်ရာရွှေကိုယ်တော်။ ပြည်တော်နိုင်ငံ

ရွှေဘုံတွင်း။ ဆန်းမူရာ သူဇာရွှေခပင်း။ ရွှေဘုန်းတော်နှုန်းလျော်စံပျော်ခင်း။ တေဇာတိုးလို့ဖြိုးဝေ။ မန်းဌာနေ၊ အောင်ဇေယျာပြည်မင်း။

မှတ်ချက်။ ငင်း သီချင်းသွားသည်။ ကုန်းဘောင် မရမေ ပတ်ပျိုးကြီးမှ။ သော်ကရွှေနှုန်း၊ ယိုးဒယားအပုဒ်ကို ဆိုသောအခါ ဆိုင်းတီးကွက်ဖြစ်သည်။

## ၂၉။ ။ ယိုးဒယားကြေးတီးချက် ဘာသာခေါ်-ခမွန်။ (မြိုင်ဟေမာ)

မြိုင်ဟေမာ။ ကန္တာလမ်း။ ဆန်းထွေလာ။ တောင်သေလာငူ၊ ချောင်ရွှေဝါဂူ။ လေပြေသုတ်ခါယူ၊ တောလုံးကြူ။ ။ နန္ဒမူလိုဏ်ဂူဗွေရိပ်ကြား။ ။ ပွင့်ငုံကြွား။ စကား သရဖီ။ ထုံသင်းကြိုင်လို့စီ။ ။ ပန်းစုံစီ ရိုးနီရွှေအင်ကြင်း သင်းပျံ့လွှန်။ ။ ကန္တာစုံမွှန်၊ ဟေဝန်ဘွေချာလမ်း။ ။ ဆော်လေဖျန်း လန်းစီစီ မှုံဝတ်ရွှေရည်။ ။ ညှင်းလေပြည်သွေး။ ရေကန်ငွေမှုံ။ ။ ကြိုင်လျှမ်းထုံ၊ နန်းဘုံကွာလှမ်းဝေး။ ။ လွဲသွေးကြင်သူ။ ။ တောမြိုင်ငူ-ပန်းမဉ္ဇူကြူပါလို့သင်း။ ။ လိုဏ်ဝေဘူ၊ ရွှေကူတွင်း-ဝင်းဝါလျှံ။ ။ ခိုင်တံကြိုင်လျှံ၊ မြိုင်ယံစုံတဲ့တော။ ။ မ,ဖိုခေါ်-တွံကြော်ရွှေဥဩ။ ဆွတ်မောဘွယ်ကြုံ။ ပန်းငုံပန်းငုံ။ လေပြည်သုံသုံ။ မြူမှုံကြိုင်ပျံ့သင်း။ ။ ရွှက်ဝါကြွေ-မြေသို့ဆင်း။ ။ ကော်ဖီအင်ကြင်း နှင်းနံ့ကြွယ်။ ။ လေချိုသုတ်သွင်း ခင်းပြန့်ဝယ်။ ။ သူဇာနယ် မူရာကြွယ်၊ ယူပါကွယ်၊ တ,သလိုလို။ မ,ဖိုသံချင်းပြိုင်၊ တွေမှိုင်ဘွေဆိုင်။ မြင်သူပူပွဲလှိုင်။

## ၃၀။ ။ မွန္တလေးဘွဲ့ယိုးဒယား။ (အောင်မင်္ဂလာ)

အောင်မင်္ဂလာ။ သိင်္ဂါဆောင်ဗွေ၊ တောင်ခြေရစ်သန်း။ စကြာဆူဆူ ရှစ်ဖြူကာလွှမ်း။ ကြက်သရေလျှမ်း။ ပြည်တော်ရွှေမန်း။ ငါးတောင်လေလေသိုက်ကျမ်း။ စိုက်နန်းရယ်တည်တော်မူ။ ။ များဗိုလ်လူ အူအူကြွက်ငြာ လက်မှာညောင်ရေ ပန်းနှင့်ဝေဝေ ထူးတင့်ထွေ။ ။ အလျှံဝေဝေ၊ သပြေမြေငူ၊ ထီးဖြူစိုက်ဆောင်း။ မင်းပေါင်းဆက်လှာ။ ကညာရွှေပန်း။ ချမ်းငြိမ်းပြည်သူ၊ နှိုင်းဘက်မတူ၊ ခံယူသစ္စာ။ မေတ္တာတော် ဝေလို့လောင်း။ ။ သဗ္ဗာဂုဏ်ပေါင်း။ ပဏ္ဏာစုံညောင်း။ သောင်းဘူမြေ။ ။ ဘုန်းတော်ဝေ၊ တေဇာလျှံပြောင်။ ငါးထောင်သာသနာ။ ထွန်းပတည်ရာ။ ကျွန်းများ့ဒီပါ။ စက္ကဝါလုံး။ ဘက်မသာနှုန်း။ ထက်ပြဟ္မာဘုန်းတို့၊ ရိုက်ချုန်း-ပဲ့တင်ညံ။ ။ ကော်ရော်သံ ကော်ရော်သံ၊ ဆင်ပန်လက်စုံကြိုးတယ်။ မျိုးလေးဖြာ၊ ရာရာကျော်-သက်တော် ရှည်စေကြောင်းငယ်။ တောင်းဆုရွှေ။ ။ ရွှေအာဏာ ထက်ညာပဇ္ဇုန်၊ မိုယ်းနတ်အမွှန်။ ။ ဘန်တော်ပုံ၊ ဉာဏ်မျှော်စုံ။ ဘန်တော်ပုံ ဉာဏ်မျှော်စုံ။ ဘုံဝေယန်နိုင်ငံပြည်သူ။ ဇေဗိုလ်လူ။ ရည်တူကြည်ဖြူ။ ဗုဒ္ဓင်နွယ်ငူ၊ ရွှေနန်းစိုက်ထူ၊ ထီးဖြူကာ ရှစ်သန်း။

## ၃၁။ ။ မှိုင်ယိုးဒယား(ရာမ)။ (မကြံနိုင်)

မကြံနိုင်။ မော်ရုံမြိုင်တော-တောင်စွယ်။ မောင်မောဘွယ်။ မှိုင်ငေးယောင် ဆွေးနောင်ပူဗျာကြွယ်။ ဘုန်းကြော့ နတ်ကယ်၊ မော်ရုံမြိုင်လယ် ဘယ်ဝယ်-စံသည့်ခင်း။ ။ မဘွေယ်ဆွေးတယ်-မောင့်ဖြစ်အင်။ မဘွေယ်ဆွေးတယ်မောင့်ဖြစ်အင်။ ။ သည်တောဝ,တောဝ,မော်ရုံခွင်။ တွေ့နိုးတွေ့နိုးမောင်မထင်။ မှိုင်ငေးလေးညိုရင်။ ။ သည်တွင်ကြို့ပင်ရိပ်ဝေဆာ။ ညီခင်-ရင်ခွင်ထက်ပေါ်မှာ၊ သာမေ့းစက်သောခါ။ ။ သည်တွင်ခါ။ သူမြင်ရှာရွှေဘွင်မှာ။ လွန်ကြင်နာ။ သည်လိုသာ။ ညီအစ်ကိုဆိုတာ၊ ကြင်နာကြင်နာပါဘဲ။ စိတ်ထဲကဝမ်းနဲ့ သုကျိတ်ကြံ။ ဘုန်းမော်လောင်းတော်ရာမ၊ လက္ခဏတွင်ခေါ်-ညီတော်ထိပ်ပန်။ အိုလေ ဟိုမှာနန်းကိုယူဆောင်၊ ဗာလီမိုက်ကယ်။ ကိုက်၍လွှတ်လိုက်ပြန်။ ။ ကျမျက်ရေ၊ ထွေထွေရာရာစီးသနှင့်သာ။ သုကျိတ်ငိုသည့်တာ။ မြတ်လောင်းတော်၊ ဘုန်းမော်ရာမ,နိုးပါလို့၊ စိတ်တော်ဆိုးသည်ခါ။ လေးစကြာနှင့်။ ခွင်းမည်ကြံ။ ညီတော်လျှောက်တောင်းပန်။

## ၃၂။ ။ မိုယ်းဘွဲ့ယိုးဒယား။ (ဆန်းဆန်း သဥ္ဇာကြာညောင်)

ဆန်းဆန်း သဥ္ဇာကြာညောင်၊ နန်းမြင့်ဘွေဆောင်၊ သဥ္ဇာကြာညောင်၊ နန်းမြင့်ဘွေဆောင်၊ ရွှေညဥ့်လွှာရုံ ညဥ့်လွှာရုံ။ ခြံခြုံ ခြုံထွေး ထွေးထွေး၊ စက်ပါသော်၊ ပျော်ပေါင်တုန်လို့ဧ။ သံတဟုန် သံတဟုန်၊ မာန်ဂုဏ် ဣန္ဒာဖြိုး၊ ဣန္ဒာဖြိုး၊ ဂျိုးဂျိမ့် ဆင်လာ၊ ဂျိုးဂျိမ့် ဆင်လာ၊ ၊ မယ်ကျွမ်းကြွေခါ၊ ကွန်းဘွေမှာ၊ စာစာနာ ကောင်းသင့်လျက်ပါ၊ ဘော်ကွာသူ။ ပူစေ ဗျာနှောင်ချွဲ၊ လိုက်ဖိုသဲ၊ ရှိုက်ငိုပွဲ၊ ဖွဲ့တချီချီ၊ ကျူးရင့်ရွှေစည်။ ရှစ်ခွင်မှာ မင်းလွင်ပြာလို့ရီ။ ရာသီပွဲ- ခါမို့နွဲ။ ခြံသလေလေ၊ ဆောင်ရွှေထဲမှာ။ သဲတဉာဏ်ပိုင်၊ ကဲမခံနိုင်။ ဗျာပွဲလှိုင်၊ ညာသဲဆိုင်။ ညာသဲဆိုင်၊ ဗျာပွဲလှိုင်။ ပူဝန်ပိုပွားခါမှိုင်။ ငိုခါယောက်ထဲသာထိုင်။

## ၃၃။ ။ တောဘွဲ့ယိုးဒယား ။ (ကန္တာတောခြေ)

ကန္တာတောခြေ။ အိုးဝေမည်သံ။ ငှက်ပေါင်းပျော်စံ၊ မြူးကြလူဟန်။ ဘန်ဘန်ခေါ်ခါ၊ အော်ပြန်ကြွေးတယ်၊ တောလုံးလေ သိမ့်သိမ့်ဆူလို့ညံ။ ။ ခုန်ပျံဘာသာ၊ မာဂဓာရော၊ စုံယံကန္တာ၊ ဟောဝန်ကြောမှာ ပြောကြလူလို၊ ချစ်တင်းဆိုခါ။ တောကြီးဟောဝန်မှာ။ ။ *အို- အို- ငှက်ပေါင်း ငှက်ပေါင်းပျော်စံ။ တောမှုန်ပြာရီဆန်း- မြင်သူပမ်း လွမ်းဘွယ်ရာ။ သိုက်နန်းက- ဆန်းထွေလာ။ ။ မာဂထာ၊ ဘာသာ ဘော်ချင်းနှော။ ပြောကြလေရှာ။ စမ်းရေယဉ်ကြီး စီးသွယ်ဖြာ။ ကျေးငှက်စုံမြူးပါလို့ ကျူးညံစာစာ။ စုံမြိုင်ယံကြော- တောဟောမာ။ ပန်းရွှေဝါနှင့်သာ။ မာလောနှော။ လွမ်းလေအောင်- ဖိုးခေါင်မယ်လျစော။

## ၃၄။ ။ ဝက်မစွတ်ဝန်ထောက်မင်း ရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (မန်းဇေယျာ)

### (သောင်းရွှေလယ် အလိုက်)

မန်းဇေယျာ၊ ဗျာခွန်း- ညွှန်းတုံ- တုံ။ ပြည်ကြီးထွန်းလိမ့် ကျွန်းနယ်ကုံ။ နိုင်-နိုင်ငံကသာ။ ထံစက်လှုံ။ စန်းငွေယုန်။ တိမ်ခိုး- မြူးလှုံ့စုံ။ ကြယ်ပေါင်းဝန်းလို့- ထွန်းတဲ့ပုံ။ ရွှေဗွေရောင်ကွန့်-ညောင်ညွှန့်ဘုံ၊ ဆယ်ကြာမုံနှင့်သာ-စုံဖူးပျောင်း။ ။ အို- ညွှန်းဇေတု-သွန်းချွေလောင်း။ စုံပေါင်းသာဘိသေ။ ။ နေနှုန်းခန့်၊ ဘုန်းလျှံမောင်း။ ရိုက်ခါညောင်း-ဝှန်ဖွဲ့စေ။ ။ ပြာလျှံတင့်ကြွား ၊ ညာမှန်မြင့်ဖျား။ နတ်များဘုံခြံ့ရွှေ။ ။ အို-နာဘွယ်-သံသာကျူးခါ ဘော်ပေါင်း။ ဖျော်-အဖျော်-ဖြေဖြေ။ သာချိုငြိမ့်-ညှင်း ပြေပြေ။ ဘိုးထိုက်ပြည်-ပုလဲ။ ထိန်ဖြာဝေ။ ။ ယောဉ်-တင့်-ဆန်းလျှန်စုံချွေ။ ။ စိန်ဇာခြူးနှင့်-ထူးလွန်ထွေ။ သာကီနွယ်ရိုး။ မျိုးမြတ်ဆွေ။ စက်လွယ်တော်စေ သံညှင်းညောင်း။

## ၃၅။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော မွန္တလေးမြို့ဘွဲ့ယိုးဒယား။ (မန်းအောင်မြေနန်း)

### (တောမြိုင်ခြေလမ်း အလိုက်)

မန်းအောင်မြေနန်း- ဝတိံသာဗွေ လေ။ စံတူ-ဆုံးလဲနှုန်းဘွယ်စေ။ ယာဉ်ရော၊ ဖြာလျှံ-စီးသွယ်ချွေ။ ။ ကန်ရွှေ-နန္ဒာ၊ ခြံရံ- ရှေး။ ပင်လယ်-မှန်စွာ၊ ကန်သာ-ကြည်ဇေ။ စုံရွှေကြာ-ထုံရည်-ကြိုင်စွာ-မွှေး။ ။ ငါးငွေစင်-စံရွှင်ပိုင်မှူး။ မြူး-ပျော်ရာနန်း၊

---

* အချို့က ငှင်းနေရာတွင်။ ။ (ယောက်ဖခွေးခေါ်- မြည်ချက်ဆန်း။ အောင်ကျော်လေးကို တောင်တင် ထမ်းတဲ့ မြိုင်ယံ။ စာစာကျေးသံ- စုံတကြောမှာ။ ကုန်မောလေ။ လွမ်းလောက်ပြန်။ ။ ကျောင်းဆောက်ရန် စိန်တခွက်ကယ်နှင့်။ မယ်မယ်စက်ကတဲ့ မယ်စက်အော်သံ။ တခွက်ဘိုးကို၊ ငှက်မျိုး မြည်ရပြန်)။ ။ ဟူသော အပုဒ်များကို သီဆိုပြီးမှ။ အို- ငှက်ပေါင်း ငှက်ပေါင်းပျော်စံ ဟူသော အောက်ပိုဒ်များကို ဆက်၍ သီဆိုကြသည်။

ပန်းစုံနယ်။ ထုံရည်မွှံရည်ကြွယ်။ ဆွတ်ချွေသယ်၊ မောင်မယ်-ဘာသာ ကျေး။ ။ သံခြေငယ်လေ၊ သံ-သံညှင်းကြွေး။ တိမ်-သိဂ်ါ-ဝါမောင်းသွေး။ ။ ဇော်ရမ်း-တဖျင်ကာ။ မှုံရီပြာသား။ ဆန်းဟန်-သွယ်သွယ်၊ တွေးတယ်-ရွှေဇွေ။ အောင်မြေဘုံနယ်မှာ။ နတ်စည်ထူးလည်-သံသာ။ ရှစ်ခန်းနယ်တာ၊ သံလေး-သံပြိုင်ညာ။ ။ ဆန်းဆန်း-ခန်းခန်း။ နန်းနန်း-နန်းမှန်ညာ။ တုသီတာ-ထွန်းတင့်ဝေမြိုင်။ ရွှေညီလာပိုင်၊ ရံဝန်း-ခွန်းသံပြိုင်။ ။ လှိုင်-လှိုင် ငယ်လေ၊ ကြိုင်-ကြိုင်ဒေသင်း။ ရွယ်တူအင်-သွင်နတ်ဆင်း။ ။ ညှင်းသာနွဲ့လှယ်။ * စာမီ-ခိုင်-စိန်လျှံဆိုင်-ဆန်းကြွယ်။ ။ လျော်စင်သွန်းရွှေ။ ထွန်းနေပုံသွင်၊ ယောဉ်ရောင်စုံချယ်။ သည်ဝယ်ပြန်လှယ်-ချို-ကျူး။ နတ်မျှ-ကေသီ-ညီညာ။ သံသာ-လျှံဖြာ-စံရာလယ်မှာ။ ဘယ်နဲ့ခုဝယ်၊ စက်ဘွယ်မူရာ။ မှူးမယ့်ရွှေညာ၊ နယ်ဘုံ။ လွှမ်းခြုံဧကန်။ စက်ထံသာကြည်ဖူး။

## ၃၆။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (သောင်းလုံးမြေဒီပါ)

### (နှင်းယွန်းခါပေမန်အလိုက်)

သောင်းလုံးမြေဒီပါ။ ကြေညာဆုံး-ခန့်။ ချန်းစွေကာ။ အာဏာကွန့်မှန်း။ ဖလ်ဆိုင်ပြိုင်နှန်း။ ဘုန်းတော်ဟုန်။ မင်းမင်း-မာန်တင်းရံခါ၊ ကြံ့ငှာမဲ့ဘုံ။ လက်မုံ-ယုက်ရုံ။ တိုးလျှိုးရုံးပေါင်း။ ။ ညောင်းညောင်း-ညှန်းညှန်းညံ။ ကျူးသီ စောကြ-ဩဘာသံ။ သာဟန်တင့်ဆန်း။ ရွှေဗျာ-ချွေကာ။ သေလာ-မန်း။ နန်းပွဲကြို ခဲသည်ပုံ။ မျက်စုံကိုးမည်။ ရံညီ-လျှံခြည်။ ညီး-ညီးလင်းမောင်း။ ။ †ပုံတောင်း-ဂုဏ်ပေါင်းလျှံဖြာ။ စံရာ-မန်းညာ။ ရွှေဇွေမှာ။ ။ ဝေဝေဆာ-ဖူးအုံသောင်းသောင်း။ ။ နေဝံသာ-စဉ်လာ-နွယ်တော်မှန်။ ဘုန်းလျှံငယ်-ဘုန်း-ဘုန်းဆင့်လောင်း။ ။ ရွှေပေါင်း-သောင်းသောင်းငယ်ညံ့ညံ့။ ဖျော်ဖြားပျော်ပါး ကြည်ဘွယ်ဘန်။ မှန်ညာ-စံရာဇွေကြော့၊ ရွှေသဋ္ဌာဘုံဦး။ စုံဖူး-ချီကျူးသာထွေ၊ ဖေါ်ရွှေပေါင်းမယ်။ တူစွာချယ်။ သူဇာနယ်။ တွေးထင်ဘွယ်တောင်း။ ။ ပျော်-ပျော်တော်ကြောင်းကြောင်း။ ရှိကြာစုံပေါင်းပေါင်း။ နန်းဟန်နှင့်-ပျောင်း-ပျောင်း။

## ၃၇။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော မိုယ်းဘွဲ့ယိုးဒယား။ (ခြုံသင်ဒိုင်းငယ်နှင့်)

### (ဘော်ကွာဝေးအလိုက်)

ခြုံသင်ဒိုင်းငယ်နှင့်-သိုင်းဟန်နွဲ့ချီ။ မှုံမှင်လှိုင်းပါလို့-မှိုင်းပြန်ခဲ့ပြီ။ ။ တိမ်သိဂ်ီသွေးနှင့်သာဆေးစုံစီ။ ။ ရာသီ-ခါညီ ဝါနီမောင်း။ မပျောင်း-ဘယ်ဆီနိုင်။ တိမ်နယ်ပိုင်-ဘုန်းချင့်ကောင်း။ ။ စည်တံမြွာ-ပြွေ။ မြည်ဟန်သာထွေ။ ကျူးသံခြေ၊ မိုယ်းလနှောင်း။ ။ မန်း-ဇေယျူ ညာမြေ။ နန်းကြာညောင်ဇွေ။ သန်းတဲ့သန်းရံရွှေ။ ။ ဖြေတတ်အောင်-မြူးဆင့်လောင်း။ ဆွေနတ်မောင်-ကျူးရင့်ညောင်း။ ။ ကန်နန္ဒာကမ်းနှင့်-လှမ်းမီဆိုင်၊ ပင်လယ်ပြိုင်ခိုင်း။ နှိုင်းသင့်တောင်း။ ။ သာထွေလည်-ကြည်ဘွယ်ပေါင်း။ မြရွှေလောင်းနယ်ဆီမှာ၊ သံကျာဟိန်း ပိန်းမှုံကာ။ အလို-ဆယ်ထပ်ကယ်-တိမ်မူရာ။ ။ အုံပိုင်း-စုံစီလှိုင်း။ မှုံရီမှိုင်းငယ် ချယ်လှယ်သာ။ ရွှေရန်ကင်းငယ်- ‡ဗျာသေလာ။ ပြာရွှေဝါ-လွှမ်းဘို့ကောင်း။ ။ များဘော်ရွှေသောင်း။ ရွယ်တူပေါင်း-ပျောင်းခါပျော်။ သံလေးငယ်-သံပြိုင်ဆော်။ စိန်လျှံပြေးတယ်-ယောင်ပေါ်။ ပျော်တော်ကျူး-မူးစိမ့်ကြောင်း။ ။

(သဖြန်)။ ။ ဘုံနန်းမြင့်ညာ။ ဘမရာသိန်ဇမ္ဗူဖွင့်။ ရိပ်ဖြူ-ဇွေကဒဏ်ကြော့။ ရွှေရံရှစ်သောင်း။ ။ ခ,ဖူးငယ်ဝန်းညီလို့။ နေသာကီ-နွယ်တော်ရေးတော်ရေးငယ်ကို။ သံလေးနှင့်ပျောင်း။

---

* စာမီ = စာမီကရ (ပါဠိ) = ကြိမ်ကြိမ် ဘန်ဘန် မီးမှာလျော်၍ အဖန်အငန်စင်သော ရွှေကောင်း။

† ပုံတောင်း = စကြာရတနာဥ်ရှိသော၊ အကန့်စိုက်သောအရာ။ ယခုအခါ (ပတောင်း) ဟု ခေါ်သည်။ ဤပုံတောင်းဟူသော စကားဖြင့်၊ စကြာရတနာကိုပင် ရည်ညွှန်းစပ်ဆိုခြင်း ဖြစ်သည်။

‡ ဗျာသေလာ = ဘုရားသခင် ဗျာဒိတ်တော် ပေးရာဖြစ်သော မန္တလေးတောင်ကို ဆိုလိုသည်။

## ၃၈။ ॥ ဝက်မစွတ်ဝန်ထောက်မင်း ရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (ထောင်ရဝိန်မွန်)

**(တောင်ဇမ္ဗူပိုင်အလိုက်)**

ထောင်ရဝိန်မွန်။ ရောင်ဝှန်လျှံခြည်။ ဘုန်းကွန့်မြူး။ ॥ သပြေမြန်-တေဇာ-နေလာနွယ်မှန်။ စံရာဝေယန်။ နက်သန်မြေများမှူး။ ॥ မန်းလေနေရုံသီလာဦးငယ်ကသာ။ ထူးတင့်လျှံရှိန်ဖြာ။ နန်းသိင်္ဂါ။ ဣန္ဒာစံနေတည်။ နှုန်းခန့်ရည်။ ရွှေပြည်တူလှဆုံး။ ॥ ဝတိန်သာ။ နိမ္မာသည်တွင်။ ရိုးဘွယ်ပုံညီ။ နန်းရှေ့ရင်ပြင်။ ကန်ပင်လယ်ဖွေ။ ရေနန္ဒာမြှောင်။ နီလာရည်ယောင်။ ယဉ်ဘောင်ရံခကျုံး။ ॥ ရွှေသမ္ဘာတော်ဂုဏ်။ မာန်ဟုန်၊ ဆံမှုန်မြူမှုင်။ နှင်းနေခွါနှင်။ ပြည်ခွင်အောင်ချာ။ စံရာမန်းမြေ။ ညာကြေနယ်ပတ်ကုံး။ ॥ နှုန်းနတ်သွင်။ နန်းလေ့မူအင်၊ ရွှေရံဝန်း။ မှန်ယွန်းဘုံခွင်။ နှုးစေလိမ့်ငယ်။ ကျူးငြိမ့်ချိုလွင်။ ကိုးမျက်ရှင်။ စိန်ဖယင်သာတွင်။ ॥ မြူတိမ်စင် စန်းငွေထွန်းလို့လား။ ॥ မဟောသီဒေဝီခေါင်ချာ။ ရေသွန်း နောင်လာမှူးမဲ့ဖျား။ ॥ ထုံးလေရာငင်၊ စာမင်သာပ စိမ့်ဝယ်။ ချားလိမ့်မှန်စွာ။ သာကီသ္ဗိန်။ အာဟိန်နွယ်တော်။ ညာမော်လကျာ။ ဝံသာ နေညွှန့်သွေး။ ॥ ဒီပါသောင်းပြန့်ကျေး။ ညီလာညောင်းမည့်ရေး။ ဘေးရာဖိန်။ ကြေညာကြော်ရှိန်။ ထွင့်ဖွံ့ဘိုးနေသာကိန်။ အလာညီ။ ပါရမီဂုဏ်သိန်။ ဝင်းလျှံဖြာထိန်။ ဖလ်သူရိန်ယောင်။ ရန်မှောင်ဖျက်ချွေ။ မြန်မြေညာမော်စိုး။ ॥ ချမ်းကြည်ဝေနေ။ စာရေလုံလောက်ဖြိုးတယ်၊ နယ်ကိုးရစ်ခြုံ၊ ပဇ္ဇုန်သံအိုင်။ ရွာပြိုင်ဆော်ကာ။ ကြွေးသနင့်သာ။ ခွေင့်လူပိုလ်ပါ။ ॥ ရာဆူမင်း။ နှင်းသက်နံ့ခါ။ ကြေညာချုန်း၊ ဘုန်း ရောင်ရှိန်ဖြာ။ ရင့်မှန်လောင်း၊ သောင်းမြေကြော်ညာ။ ॥ ခါထူး-မင်းလွင် ရှစ်နယ်မြူး။ ရွှေဘီ-ခိုင်ညွှာ-မလ္လာ-ဖူးငယ်။ ကူးယှက်ပျံ့လှယ်ခါ။ သံဝါညံစာ-ဘန်လှာကြွေး။ ကျေးလေပျူငှါတွံကြော်။ မယ်မောင်တွဲလို့။ ရင့်နွဲ့ဖြေဖျော်၊ ပြန်လေညှင်းငယ်။ သွင်းလေလေ-လာလှုံ့ဆော်။

## ၃၉။ ॥ ဝက်မစွတ်ဝန်ထောက်မင်းရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (မန်းညာဖွေ)

**(တောတောင်စွယ်အလိုက်)**

မန်းညာဖွေ။ တောင်ရေ-မြှောင်ခွေ။ ညီလာဝန်း။ ဝင်းရှိန်ငယ်လေ-ထိန်ညီးထွန်း။ နတ်နန်း-ဝေယန် တူပြိုင်-ဦးကိုင်-ဘုံရွှေ-လျှံဝေ-ဖြာမြင့်သွန်း။ ॥ ကျွန်းမြန်မြေချာ။ နေလာတေဇာ။ ကြေညာလင်း။ သဗ္ဗိန်ငယ်လေ-သာကိန်နွယ်ညွှန့်ရင်း။ ဆက်နှင်းပဏ္ဏာ-ကညာ။ ဆက်လှာကြည်ဖြူ၊ မင်းမင်းရာ-ဆူ-ဆူ။ ॥ ညာငူနယ်-လုံး။ ရွှက်ကြုံးငယ်-ရွှေစက်လှုံ။ ॥ တိမ်ပုံပျံ့ကွန့်မြူး။ ကူးစွယ်လျှံရှိန် ဝင်းခြောက် ရောင်ထိန်။ နာဂိန် ဆဒ္ဒန်စိုး။ *ဝေလာတိမ်စံမျိုး။ ဝပ်လျှိုးထံတော်။ ရေ-မြေပေါ် ကြော်ညံချုန်း-နေရဝေနှုန်း-ဘုန်းတော်ရှိန်။ ॥ မြေဘူမိန်-ဒီပါ-နယ်ကုန်ချင်း။ ရန်မာန်ဟုန်-ဆံမှုန်မြူလွှာကင်း။ ထိန်ဝင်းသာနာ။ လျှံထောင်ရာ။ ရောင်ဝါထွန်း။ ဖလ် †ပြဘင်ဝန်း-ပုံမသွေ။ ॥ များဝေနေ စာရေလိုမယ်-ချမ်းကြည်းလောက်လုံကြွယ်။ မြန်နယ်-ကျွန်းညာခွင်။ ဘယ်တွင်-စံရာ။ ယှဉ်နှိုင်းတူဘွယ်-ဝေးကွာ။ ॥ ခါ-အခါနှောင်း-ဟောမန်ဆီ။ ရွှေဘီ-ကြိုင်မြူး။ နွေဦး-ဝေမူးဘွယ်။ မြူချယ် ရီရော။ တိမ်ကြော-မင်းလွင်ကာ။ မှင်ခိုးမြလွှာ။ ॥ စည်တံမြှာ-ကြွေးရင့်ချုန်းညံဆော်။ ဘယ်ဝယ်ဖြေတော် ရေးခုရှင်း။ လေညှင်းချွေသွင်း။ မှန်ညောင်-စံဖွေခင်း။ ရှစ်ဆိုင်-ဖြူဝင်းလျှံလင်း မျက်ရောင်ရှင်။ ဖယင်-စိန်ကြာ။ သဠ္ဌာ-စံခန်းရံရွှေညီ၊ ကျူးသီ သံခြေ ဖျော်ဖြေ ရွှေနားလှယ်။ ကေသွယ်ရွှေရွယ် ဝေယန်နန်းလယ်။

---

* ဝေလာ တိမ်စံမျိုး = (ဝေလာ = ဝလာဟက (ပါဠိ) = ကောင်းကင်၌ ကျက်စားသော ဝလာဟကမြင်း + တိမ်စံ = တိမ်ညွှန်ကိုစားလျက်။ ကောင်းကင်တိမ်ယံ၊ ကါန်းပျံစံနေသော မြင်းမျိုး။

† ပြဘင် = ပဘာက်ရ (ပါဠိ) = နေ။ ပဘာက်ရ ပါဠိမှ သသ်ကရိုက် ရောနှော၍ ၊ ပြဘင် ဖြစ်လာသည်။

## ၄၇။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော ဘုန်းတော်ဘွဲ့ယိုးဒယား။ (စိန်ဇာကွန့်ခြူးငယ်)

### (သာတင့်ဆုံးအလိုက်)

စိန်ဇာကွန့်ခြူးငယ် မြူးရောင်ဟုံ။ မျက်မြှာစုံ-ဆယ်ရပ်-ထိန်ညီးလင်း။ ရောင်ဖြာဝေ မှောင်ခွါချွေ-ထွန်းပဝင်း။ မှန်ကြာပွေ့ခင်း။ ရိပ်ဖြူဝယ်-ရံရွေလယ်။ နတ်ဆွယ်-နှုန်း နှုန်း-ကြော့ရှင်း။ ။ စိန်ကြာလယ်-ရှိန်ဖြာ-သိင်္ဂါန္တယ်။ ယေဉ်လယ်-ရွှန်း-ရွှန်းလဲ့ဝင်း။ ။ ဖေါ်လော်ရွယ်ရွှေ-ပျော်တော်လွယ်စေ။ ကျူးသံခြေ-လေငြိမ့်ညှင်း။ နှုန်း-စံလွတ်ကင်း။ ကြေညာချင်း-လင်းတေဇာ။ မြန်သပြေလုံး-ကေစံညှာ ။ ဝေယန်စံတင့် ဖွေသီဟာ။ ရွှေ-ညီလာဖြာရှိပေါင်း။ စက်ထံရင်း-သက်နံနင်း-ညှင်းညံ့ပျောင်း။ ။ ရာစင်း-ခိုဝင်ညောင်း။ အို *ဒီပါသောင်း-လက်ျာမြေ။ တိုက်လုံးငယ်-နယ်ညာကြေ။ ကျော်ဝှန်ဝေ-ချန်းရိုက်ခြောင်း။ ။ နင်းငွေကျန်ပေါင်း-မြူခြေဆောင်း မောင်းပြာရီ။ တပေါင်းငယ်-ခါတော်မှီ။ ဖလ်ခိုးငယ်ဖြာစီစီ။ ထုံမွှ ကြိုင်မြူး-ညှာရွှေဘီ။ ညှာလေချီ-သင်းပျံ့လှောင်း။ ။

(သဖြန်)။ ။ ရင့်ကြောင်းငယ်သန်။ ထီးရာစံ ခွန်ခြွေ လှိုင်နှင့်။ သောင်းရွှေပိုင်-စိန်ဒါရူပွင့်။ ရွှေရိပ်ဖြူဘွား။ ။ မျက်ကိုးမှောင်ချွေနင်တဲ့။ စိန်ဖေယဉ် တင်ရှိကြိုးတယ်လေ။ ရွှေလုံးထွင့်ထား။

## ၄၁။ ။ မင်္ဂလာဖေယင်တော်ကျူးချင်းယိုးဒယား။ (စိန်ခြူးအုံ-မှုံညာရွှေ)

### ဝက်မစွတ်ဝန်ထောက်မင်းရေးသော မင်္ဂလာဖေယင်တော်ကျူးချင်းယိုးဒယား။ (ခိုင်ပန်းစုံမှုံမာလာအလိုက်)

စိန်ခြူးအုံ-မှုံညာရွှေ။ ။ ကိုးရောင်ဝေ မြူးကွန့်-တိမ်ယံ ချဉ်း။ ဖေယင်-မှောင်ချွေစံလွတ်ကင်း။ ။ ရွှေရွတ် သူဇာလဲ့ဝင်း။ ကြော့ရှင်းငယ် နတ်ဟန်မှီ။ ။ သံ-ပြိုင်ချီ ကျူးသီဖျော်ဖြေ။ ပျော်စေ ဆယ်စုံဝန်း။ စံပွေ့ရံရွှေ-သံခြေ ဖန်ဝေ-ညီစေညွှန်း။ မှန်ကြာဖွေ့မြိုင်ရှစ်ဆိုင်။ ငွေလွှာရံကာ သဋ္ဌာညောင်ကြော့ကွန်း။ လွတ်ကျွန်းငယ် ရွှေတေဇာ ။ နေဝံသာ-ဒီပါကြော်ညံ့ကြွေး။ ဘုန်းလှိုင်ကြူ။ မြန်ငူမြေချာကျေး။ အိုလေကြိုင်မွှေးပျံ့ထုံ။ ရာစင်းငယ် ရွှေစက်လုံ။ ဝန်းရွှေစုံ-ကွန်းဘုံသီဟာ-ညီလာရှိမုံပျောင်း။ ဖွေသေဉ်မှန်-ကြာ ။ ရေစင်မန္ဒာ။ ပြဟ္မာချွေမည့်ကြောင်း။ ။ မျို့ပေါင်းငယ် အောင်ဟိတ်သံ၊ နင်းငွေလျှံ-လေပြန်ချီချီလောင်း။ မင်းလွင်မြူလွှာဖြာရုက်ပေါင်း။ လဲ့ဝင်းသိင်္ဂါ ။ မြေချာ-ရွှေညှာ ကြွေရွက်ဟောင်း။ သောင်းနယ်မှာထက်ဝန်းပျော်ဘွယ်ခါ။

## ၄၂။ ။ တောဘွဲ့ယိုးဒယား။ (တောဟောဝန်လယ်)

တောဟောဝန်လယ်။ ။ တိမ်နယ်-တောင်စွယ်-ဝေယန်ဦး။ ။ ရာပြည်တန် ။ ရောင်လျှံထိန်ထိန်-ဖလ်ရှိန်နေသို့မြူး၊ ထူးအံ့သွယ်သွယ်။ ။ မူးမျက်ချယ်။ နတ်ကယ်ကေသွယ် တင့်ရွယ် ရွှေဗျာထူး။ ။ စုံဦးဖူးရှိတင်ခါ။ ဖူးငုံဝေဆာ-ကဏ္ဍာညံစာလွန်သာမော။ ပန်းစုံစုံဝတ်မှုံစီစီ။ လေပြည်လေညှင်းရော။ သန်းရွှေညီ၊ သိင်္ဂီခိုင်ညှာကြောမှာ ။ တောမြှောင်ဘီလာ။ ဆီးကာဝန်း။ ။ လွမ်းလေအောင်-လွမ်းလေအောင်ခု။ ကွန်းဖွေညောင် မှိုင်ယောင်ခွေယိမ်းမူး။ ။ တောင်ကေငူမှာလေဝေဘူစွန်း။ ။ မိုးကုန္ဒာ ဒေဝါညွှန်းပါလို့ရွှမ်းဆော်စီမံ။ ။ များချွေရွှေရံ။ နန်းမြိုင်စံ၊ ကဏ္ဍာန်ရွှေမျှားမင်း။ ။ သေလာသေလာမြဘွေတွင်း။ ။ ပန်းစုံစီ အောင်မြေသာတဲ့ခင်း။

---

* ဒီပါသောင်း -လက်ျာမြေ = ယူဇနာ တသောင်းကျော်သော ဇမ္ဗူ ဒီပါ လက်ျာ တောင်ကျွန်း

## ၄၃။ ။ မင်းကြီးမင်းထင်မဟာစည်သူရေးသော ယိုးဒယား။ (မှုန်ငွေနှင်း မင်းလွင်မှီ)

### (ခါနွေဆန်းအလိုက်)

မှုန်ငွေနှင်း မင်းလွင်မှီ။ မြူရစ်နယ်ဝန်းဝေရီ။ ဆော်ချီချီသွင်းပါလို့ညှင်းလေပြန်။ ညှာရွှေတံမှာ မြေယံနွဲ့။ ပေါက်လဲငုံခိုင်မြွာ ။ စုံမြိုင်မှာဖူးညွှန့်လောင်း။ ။ ရွှာယောင်လိုပင် ။ ပြာမှောင်ညိုမှုင်။ တိမ်နယ်ပိုင်ရှင်။ ဘုန်းပြုတောင်း။ ။ သောင်းညံ ခြိမ့်ဆော်ကာ။ နတ်စည်တံမြွာ။ ကျူးပြိမ့်ဖန်တော်လာ။ ။ ဗျာလုစ်ချွေ မန်းညာစွယ်။ ကန်ပင်လယ်ဦး ကူးသံဝါ။ နန္ဒာနယ်ဝန်း ညွှန်းတဲ့ရင်း။ ကျွန်းဖွဲ့ခင်း။ သွန်းလှဲ့ဆင်း။ ။ နန်းဝေယန်တွင်း။ မှန်ကြာခင်းလင်းလျှံစင်။ စိန်ဖယောင်မြူးကွန့်ဝင်း။ ပျော်တော်စေဖျော်ဖြေညှင်း ။ ဖေါ်ရွှေသင်းပျူငှါလှယ်။ သံပြိုင်ကြွေးဖေး စေဘွယ်။ ။ သွင်နတ်မူသန်းရွှေလယ်။ ။ အို-အို-အိုတိမ်ထွက်ကယ်စန်းယုံနယ်။ ။ မှန်ကွန်း၊ ရံရွှေဝန်း။ အိုနောင်ရေသွန်း ညီလာဝယ်။ ဖြူရိပ်ကယ်ငွေရောင်နယ်။ စံ၊ စံပယ်မှူးမဲ့ဖျား။ ။ မြမြန်းမြေကျွန်းရှိမုံသွန်း၊ ဝန်းလို့သား။ ရွှေဘွားငယ်ထံစကြာ။ ခိုလှုံလျှိုးမည့်မျိုးနေလာ ။ ဖြိုးဝေဖြာဘုန်းညွှန့်ပွါး။ ။

(သဖြန်)။ ။ [*]ကြာနွဲနီ စိန်စီမြသား။ ။ ဝရတ်ကယ်ခြူးနွယ်နှင့် ဇေယင်လယ်ရွှေစုံ [†]ယုတယ်လေ။ ကမ္ဘာရိပ်ဖွဲ့။

## ၄၄။ ။ မင်္ဂလာဖယောင်တော်ကျူးချင်းယိုးဒယား။ (ဘုန်းရောင်ခြည် မြန်ကျွန်း)

### ဝက်မစွတ်ဝန်ထောက်မင်းရေးသော မင်္ဂလာဖယောင်တော်ကျူးချင်းယိုးဒယား။ (သောင်းရွှေလယ်အလိုက်)

ဘုန်းရောင်ခြည် မြန်ကျွန်း။ ထွန်းလျှံလည်။ ထိန်ညီး လင်းလို့။ ကင်း [‡]မှောင်နည်။ ဖန်ရှိန်ဝါသို့သာ။ ဖြာကွန့်လည်။ ။ ကုန်းဘောင်တည်နွယ်ရိုး။ စိုးဆက်ရှည်။ ဗျာခွန်းမှန်းတဲ့။ မန်းရွှေပြည်။ နေဝံသာညွှန့်။ နွယ်လာစည်။ ပျံ့ဇာနည်ကသာ။ ထံရင်းဖူး။ ။ အိုဆန်းထွေတင့်။ နန်းရွှေဗွေထူး။ ရောင်မြူးစံရာခွင်။ ငွေဝန်းဖြန့်ကွန်းမှန်ကြာဦး။ ရိုက်ကျူးစည်အိမ်ရှင်း။ ။ မြေချာမြကျွန်း။ ဒေဝါခ,ဝန်း၊ သံမှန်းအောင်ဆုဆင်။ ။ အိုဝဇီစိန်မွန်။ ဝင်းဝှန်လျှံမောင်း။ လော့ဗမ္ဗူရည်ရှင်။ ။ လျှပ်ခြည်ကွန့်။ မြဇေယင်။ ။ သန်းရံရွှေဝန်း။ နတ်မူအင်။ ဖန်လှယ်ရင့်လေး။ ချီသံလွင်။ ။ ပျော်တော်ကြောင်းနှင့် ပေါင်းရှိတင်။ ။ နောင်ဖြူ ငွေဝန်း။ သွန်းရေစင်၊ မှူးမဲ့ရွှေခွင်။ နယ်သောင်းသုံး။ ။

## ၄၅။ ။ ဝက်မစွတ်ဝန်ထောက်မင်းရေးသော မင်္ဂလာဖယောင်တော်ကျူးချင်းယိုးဒယား။ (မန်းရွှေပြည်နန်း)

### (တောမြိုင်ခြေလမ်းအလိုက်။ )

မန်းရွှေပြည်နန်း။ ဝတိန်စံတည်လေ။ ။ ဒီပါလုံးလဲ၊ ဘုန်းလျှံလည်။ ။ ဗျာတော်သံ၊ ဖန်ဖန်ကျူးနှုတ်ရည်။ ။ နေခြည်ထောင်ရာ ရောင်ဝါဝင်း။ သာနာရှိန် ဖြာထိန် လျှံကွန့်လင်း။ ထုံးရာဝင် ဘယ်တွင်စံဘက်ကင်း။ ။ များဝေနေကြာရေပုံသွေး။ ကြေည်ဘွယ်ပေါ်။ [§]စာရေကြွယ်။ မှန်ကြာစုံရာလယ်။ ဘုန်းနေနွယ်။ စံပါယ်ရိပ်ဖြူကျင်း။ ။ တိမ်ခြေငယ်လေပျံပျံကွန့်နှင်း။ ဝေလာမှန်။ ထံဝပ်စင်း။ ။ စွယ်သွေး အလျှံဖြာ ။ ခြောက်ရောင်ဝါမြူး။ ဆဒ္ဒန်ပြောင်မွန်ငွေ ပွင့်တိမ်ဘွေ။ စက်ရွှေညီလာလှုံ။ လက်ျာကျွန်းညာမြေကုန်။ ရာထီးရိပ်လှုံ။ ညွှတ်ပျောင်းဆယ်ရှိမုံ။ ။ သွန်းသွန်း၊ ရွှန်းရွှန်း၊ ထွန်းထွန်း၊ ထွန်းရောင်ဟုံ။ ဝေယန်ဘုံဦးကင့် ကြာဗွေညောင်။ ထိန်ဝါပြောင်၊ မျက်ကိုးရှိန်ဖြာရောင်။ ။ စိန်ဆောင်ငယ်လေ လျှံလျှံခြူးသေး။ စံသိင်္ဂါ

---

[*] ကြာနွဲနီလာ = (ပါဠိ) နီလာကျောက်ညို

[†] ယု = ယုယ ဖျော်ဖြေသည်

[‡] မှောင်နည် = (ပေါရာဏ) မှောင်ကို ပယ်ဖျောက်သည်။

[§] စာရေကြွယ် = အစာရေစာ ပေါများသည်။

ဝါမောင်းသွေး။ ။ ဖယင်ကြော့ငယ်- ရွှေညီစုံ ကေသီမုံဖူးလှယ်။ ။ သံပြိုင်ခွန်းချွေ။ သွန်းရွှေလျော်စင်။ နတ်သွင်ပျူငှါချယ် ။ မြန်နယ်ကြေညာကျော်သံကျူး။ လွှတ်ကွန်း ရွှေဗွေသီဟာ။ မန်းညာသိဂ်ါ ၊ ညီလာ-ရွှေလယ် ။ ရေသွန်းစံပါယ်။ ဆက်သွယ်စည်ကာ။ စိုးမည့်ဆံညှာ ။ နေလာနွယ်မှန်။ ရွှေဘုန်းဖြာလျှံ။ ထိပ်ပန်းရွှေလုံ့မှူး။ ။

## ၄၆။ ။ မှိုင်ယိုးဒယား။ (အိုကြာရံနန်းသူမယ်)

အိုကြာရံနန်းသူမယ်။ တာရာမူး။ တိမ်ဦးတိမ်ဦးရွှေလနယ်။ ပန်းပြန့်ဘွေလယ်။ ကြိုင်လှိုင်သင်းသင်းမွှေး၊ တန်လဲ ဆည်လဲဖြေနိုင်ဘွယ်။ ။ သာရေး အိုဘယ်ခါ စုံခန်း-နန်းပြည်ရွှာ။ ရော်ခါရမ်းလို့၊ လှမ်းနိုင်ရှာ။ တွေးခါတွေးခါသာမှိုင်။ တန့်စားဆည်မပိုင်။

## ၄၇။ ။ မော်ပြန်ယိုးဒယား။ (နန်းသီဟိုဠ်)

နန်းသီဟိုဠ်။ ရေညို ဝန်းခွေရံကာ။ မိမာတာ-သည်းချာ လျော်ရွှေသွေး။ ခွန်ယူကျေးတဲ့ မော်ရဂုံ တူပျော်စုံ သာပုံ ဂန္ဓာကျေး။ ညီနောင်လေးတို့တူပျော်စံ။ သည်ကမ်းယံမော်ပြန် ဘောင်နှင့်ကူး။ လူးလာလူးလာ။ ယီးဟိုလေဟာ-ဆွဲတညီညာ။ ။ ယမုန္နာထဲ၊ တူနွဲပျော်ပျော်၊ ဝဲဒီရေမော် လှိုင်းကြက်ခွပ်ဆော်သွင်း။ ။ ငါးမန်းငါးဆင်။ ညီခင်စီရင်ငြား။ အိုဆောင်ရွှေထားနှင့် ရန်ကိုပယ်။ မော်ကမ်းနယ် ပြင်ကျယ်ရောက်လူနီး။ အို ရေညိုခွေပတ်ခါ မာတာလှယဉ်ကျေး၊ ဂွမ်ဳသူမွေး ညီနှစ်ဖြာ မော်ပြန်ဘောင်စီး ယီးဟိုလေဟာ၊ ကြွေးညံစာ ဇင်ယော်ငှက်ကယ် သဲနှင့်သောင်တင် ကမ်းနှင့် ရေဆိုင်၊ ဝဲယှဉ်ပြိုင် မော်တင်ကျောက်ဆောင်၊ ပန်းပူလေအောင် ပန်းပူလေအောင်သာ။ မော့်ကျေး ကမ္ဘာယံနက်သန်သာတဲ့လမ်း။ ။

## ၄၈။ ။ မောင်ဘိုးရွှေရေးသော-ယိုးဒယားဖြင်းချားကြီး။ (သန်းရွှေညာ)

### (ပန်းမြိုင်လယ်အလိုက်)

သန်းရွှေညာ။ လှမ်းပမေ။ ကေခိုင်ပွါး။ ဟန်ပိုမို။ မာန်ညိုမယ့်မျက်သား။ နွဲ့မူရာ ၊ ဖြူပြာသူဇာဘွား။ မျက်ထားတော်က ငယ်ငယ်။ ညာရန်ပင်သူ။ သင်းလှဲ့မင်းကေသွယ်။ နွဲ့နှိုင်ဆုံးကို၊ သုံးရွှေလယ်။ ။ စုံနယ်ဂန္ဓာဟေဝန်တွင်း။ သဇင်ညှာခွါပြာ။ မာလာသင်းစွာ။ ပန်းစုံပေါ်တယ်။ တောကသာ။ ။ စုံလမ်းငုံဆန်းခိုင်ဝေဆာ။ ညွှန့်ဖူးတွန့်ထူး၊ မြိုင်ဟေမာ။ ဝါ-ဝင်းတဲ့ဝါကြူ။ သင်းတဲ့မာလာငူ။ ညာသူပင်ရိပ်ဖွား။ ထားငွေသော်ထာ။ လှမ်းပါနန်းရွှေဝတ်လွှာ။ ။ ကူကာယူလာထူပါအုံး။ မယ်သုံးလယ်။ လှဆုံးကေဆံညှာ။ အိုလေ၊ ခင်မူကြင်သူ။ ပန်းသည်နှင့်သာ စမ်းကျ ရေယည်ကာ။ ကြာ။ အေးညှံ့ထုံထုံ။ မွှေးပျံ့စီစီရုံ။ ဝတ်မှုံသာတင့်ကြူး။ ဖူးပွင့်ဝါရော်။ သွင်းလှာညှင်းလေပြည်ဆော်။ ။ စုံပန်းထုံဆန်း မြိုင်ဟေမော်။ ချစ်ကြူး-သစ်ထူး မဖိုခေါ်။ စာစာဇေတယ်။ ခါခါတွေးဘွယ်။ သာရကာကျေးငယ်။ ကြွေးရင့်ကျော်။ သန်းရွှေလျော်။ မယ်မျှော်ပါလှဲ့အုန်း။ နွဲ့ဘုန်းရယ်။ လှဆုံးမယ်ငယ်ကို။ ။ ရေညိုရံဆီးကာ။ ဗီလှာမျှောင်နှင့်။ တောင်ပတ်လည်ငယ် ချယ်ရုံဝန်းလို့လွှမ်းဘို့ဆုံ။ ။ ထုံထုံမွှေးတဲ့ မာလာ။ ကြိုင်ကြိုင်သင်းစွာ။ မြိုင်ယံမင်းမှာ။ ။ ငှက်ရွှေကျေးတို့ဘာသာ။ ညံညံစာစာ။ သံဝါကြွေးကာ။ ထူး-ကျူးရင့် သေလာ။ ဝေဘာမျှောင်စင်တန်း။ တဇင်ခွေ။ ခင်ခင်မေကပန်း။ မရွှင်လေ။ ဘွင်ဘွင်ကြွေလူနွမ်း။ လာလှမ်းခဲ့ပါလေ။ ။ ဆိတ်စာကုံကုံနွဲ့။ ။ ဘိုကရို။ ငိုမလိုဟန်နှင့်ချွဲ။ သာထူဖေကတွဲ။ နွဲ့ကဲ့ဒါယူ။ လှမ်းပါ နန်းရွှေမြေငူ။ ။ တဇင်ခိုင်။ ပင်တိုင်ညာရန်သူ၊ သပြေငူ။ မေယူပိုဖွဲ့အား။ ထိုင်ရောင်မှိုင်မှား။ စိုင်ပြောင်သစ်ကျား ပစ်ထားခဲ့မယ်။ ရန်ပယ်ကိုယ်လုံး။ မာန်စွယ်အံဖုံး၊ မျက်လုံးကျယ်ကျယ်။ ကျားတဲ့ကွယ်။ ထားမယ်မြင်ရဲ့လား။ မြိုင်ဖျားလိုရာ။ ကိုယ်ပါမျိုလို့ဝါး။ ။ သက်တင်ဆွေ၊ ခင်မင်စောကြွယ်။ မောတယ်မူရာများ။ ဂန္ဓာဟေဝန် ရေဖြာသွန်း ဘွေစွန်ညာ။ အရိပ်သာ။ နားလေ နေတော့တယ်။ ကေကျော့သွယ်။ မောင်ကြီးထူမယ် ။ နူန်းပြေသင့်တယ်။ ။ စုံဂန္ဓာ တောကြီးဟေဝန်လယ်မှာ။ ကြံရွယ်ကာ။ ဩဘာသာတင့်ကြူး။ ထူးဘိသေခံ။ မှုးပမယ်တောင်ညာစံ။ ။ ကညာမော်ရာကျော်သွေမလှန်။ ။ တဇေကံ ဘေကြံတာမို့ဘဲ။

ရှည်စေ နောင်ခဲ။ သည်ဘွေဆောင်ထဲ။ အောင်ပွဲ- မောင်စွဲဒိဋ္ဌာန်။ စိတ်ကြံရွယ်ရင်း။ မိတ်နှံနွယ်မင်း။ သက်နှင်းရုပ်ပုံ။ ဆင်းနိတုံ။ မယ်ယုံပ့ါတော့လား ။ ထွေပြား။ နှစ်ရာသစ္စာ မောင်ကထား။ ။ ညာဘွားလှဒါရှု လိုက်တော်မူ မြိုင်ငှုပေမာ။ သေချာစုံချေလမ်း။ ။ ရွှေနန်းစံ ဌာနီ။ ရောက်ပါပြီ။ သာဂီတော့ဆွေ။ ဖော့ရွှေငွေလ-စန်း။ ။ ချွေးဖြာဖြာသန်း သည်နှင့်သာ။ စမ်းကျရေယဉ်ကာ။ ကြင်သူငယ် ပေါင်းမယ်ညောင်းညာ၊ ရွှေစကဝါပင်ရင်း ။ မြေခင်းသာ။ ငယ်ထိုင်ခါ နားလေတဲ့ကာ။ စုံချေရိပ်မှာ။ ချွေးလေသိတ်လို့သာ။ ။ အောင်ရွှေဘုံကြီးငယ်ကိုပင်နီးပေ့ါပုံမကွာ။ ရွှေယုန်လမင်းငွေသော်တာ။ စံတူပုံနှုန်း ခင်မျက်နာငယ်ကိုပင်။ ဖန်ဝါရောင်ခြည် နေခြည်ခလာချွေးလေယိုလို့ဖြာ။ ။ အောင်ဇေယျာနန်းမြင့်မင်္ဂလာ၊ ရွှေသန်းဖြာဖြာ။ ရေဖြန်းခြံရံကာ။ -စံသီဟာ နန်းမြင့်အောင်ဘွေ။ ရွှေဦးကင်ဘွေ။ တင်စိုးဘိတ်သိတ်ချွေ။ ထွေထူးဘုန်းမောင်သွယ်ပါဘူး။ ရွှေဗျာကြူး ။ မိန့်သံရည်။ သစ္စာတော်သုံး။ ငုန်းနှင့်ညီ။ တူဆင်မည်ကြိုးလို့ခဲ။ ။ ယွင်းယိုမြင်းမိုရ်ရွှေတောင်လဲ။ ဘေမောင် စွဲခဲတဲ့သူ။ ရှည်စေရာကြောင်းကို။ ဆုတောင်းပန်ဆို။ မင်္ဂဖိုလ်ခေမာငှု။ နိဗ္ဗူရိပ်ဖြူဖြန့်ကာမိုး။ စိုးလေပါနှင့်မေငယ်၊ ရွှေလက်ဆွဲလို့။ မကွဲအောင်ကွယ်။ နိဗ္ဗာန်ကြူးတောင်။ ဗျူးမြို့တိုင်ကြင်စို့မယ်။

## ၄၉။ ။ မောင်ဘိုးရွှေရေးသော-ယိုးဒယားဖြင်းချားကြီး။ (ပန်းမှုံကြွယ်)

### (ပန်းမြိုင်လယ်အလိုက်။)

ပန်းမှုံကြွယ်၊ စုံလယ်ယံ။ ရွှေလှုံမောင်း။ လေပြန်လောင်း။ ညှာပြောင်းခွေညွှတ်ခါ။ ဇီဇဝါမာလာရွှေအင်ကြင်း။ ငုံခိုင်ကင်းလို့။ ထုံသင်းရင်စွာ။ ဝင်္ကပါကေလာ လောင်းမင်းဝေသန္တရာ။ ။ မဒ္ဒီတောင်ညာ။ သားမောင်ဇာ။ ။ ဂဏှာနုနယ်ငယ်ရွယ်သေး။ နောင်ရေးရှာညီ ပါရမီဖြည့်ကာ။ တောင်တော်နန်းကိုမြန်းထွက်လာ။ ။ သီးလေရသာ ချိုချဉ်စွာ၊ မှီးလေရှာကြ ထိုတွင်သာ၊ ပျော်-လောင်းမင်းစံရာ။ ကျောင်းလေးဖလ်ကူဟာ၊ ဘာဝနာရွတ်စီးဖြန်း၊ မှန်းရည်ရွယ်ဆောင် ။ ငွေသောင်ရွှေအဏ္ဏဝါ။ ။ မေမှာရွှေညှာဆောင်ယူ။ ခင်တန်းမျှောင်ငူ ချင်းတောင်းကိုင်တံချူ။ ရဂုံဖွေရှာချွေကာ။ သုံးလေရန်ဘို့။ ဘုန်းလေ မယ် ကတာ။ ။ သါ-မောလေဖွယ်စွာ။ တောလေ ပေဟဝန်ကြာ။ မျက်နာလွန်ညှိုးနွမ်း။ ပန်းဟိုက်ခွေခွေ။ ရင်ညဝါ။ ဝင်္ကဘာ တောင်ခြေ။ နန်းလေးဇာတိယဉ်မူဆွေ။ မြန်းလေးရှာဘိခင်ငှုဘွေ။ စက်ခါမေးတယ်။ ခက်ရှာသေးဘွယ်။ မက်လာရေးငယ်။ တွေးမှိုင်လေ။ သားမောင်ဇာ ဂဏှာမယ်တို့ဝယ်။ အိုဘယ်နယ် ကြုံတယ်ဖြာဆူဝေ။ ညာမေထင်ရောင်လို။ ရွှေကိုယ်ပူရ၊ စုံကြေမှာ။ ရွှေစိတ်တော် စောမေ့ဖန်ခါခါ။ ။ ဝေဿန်လောင်းမင်းစံရာ။ စူစကာယုတ်မာပုဏ္ဏား ခုရောက်လာ။ မောင်ဇာသည်းချာဂဏှာ။ ရွှေရင်သွေးကို။ မနေးလှူလိုက်ရှာ။ ။ ဆီးဆီးလို့သာရှေ့မှာ။ သီဟာပြောင်သစ်ကျား။ မဒ္ဒီမြတ်ကို နတ်တို့တား။ မယ်မောင်ခေါ်ဆောင် ပါရညား။ မယ်ဘွားမြင်လာလေ။ ။ တကာခိုရောင်သား။ ချည်နှောင်ငယ်လေ သည်တောင်ကြား။ လွတ်ရာပယ်ရှောင်ရှား။ ထွားနငယ်စွာ။ လွတ်ရေးထွက်ပြေးကြရှာ။ ။ မြနယ်ရေလှုံရေကန်မှာ၊ ပြန်ကာ- ခြေရာသူလှည့်ဖြား ။ ဝေဿန်ဘဘွား။ ခေါ်သံပြုညားသူ့နား။ ခုကြားပေသော် ။ နှစ်ဘော်သက်နှင်း။ ထံတော်မရှင်း ။ ချက်ခြင်းရောက်လာ။ ထောက်မညှာ။ ငေါက်ခါသူကြိမ်းဝါး။ ။ ပုဏ္ဏားမိုက်စွာ ရိုက်ရှာလေရက်ညား။ နာကြင်စွာစာစာကြွေးငို။ ဘုန်းမိုကယ်ပဘုရား။ သန်လျက်ထား။ အသွားလှျံလှျံ။ စိတ်ဆိုးတန်တန်။ ပွါးပွါးမျက်မှန်။ သည်းခံသိမ်းလို့ငြိမ်းစွာ ။ ကြည်ဖြူမြတ်စေနာ။ ထပ်ခါရေစက်လောင်း။ တောင်းဆုလျှင်လျှင် ။ ပြည့်ကြောင်းပါရမီဆင်။ ။ ဆွဲငင်ချီနှောင် ခေါ်ဆောင်ရာ။ ပေဟဝန်မြိုင်ကြာတွင်း ။ ပေဟဝန်မြိုင်တွင်း။ ။ ပျော်ခင်းစံရာ။ ရိပ်သာသမ်မ်းမြော်ကာရှုမှန်း။ ပြန်လမ်းငယ်မှာ။ သားမောင်ဇာဂဏှာကြိုကြမြ်။ ဘဝင်သဲ။ ပူတာဆူဗျာပိုလို့ကဲ။ ။ ကြိုလဲမကြိုလာ။ အိုဘယ်မှာသက်လျှာ မောင်မယ် ခေါ်တယ်ခေါ်ရောင်းသေး။ ။ ကြုံတွေး မြော်မမြင်။ လောင်းမြတ်ရှင် ။ လျှောက်တင်ခါခါ။ သိသာထင်မရှား။ ။ ကြိတ်မြိုလို့ ထားနိုင်ဘူး။ ပွါးဆင့်ပူအလှျံ။ မောင်မယ်ရင်သွေး တူနှစ်ဖြာ ။ မြင်လာမေလေးခုပင်၊ လဲလို့သေချင်။ ရွှေဘဝင်ဆူကြွေ။ ကြုံနဲ့ဖြစ်ထွေ။ သုံးရွှေညာကျော့မူး။ ။ အိုကြံနိုင်ဘူးသာပ။ ကြူးရင့်သံကျော်ကျော် ။ မောင်မယ်ရွှေသွေးတူနှစ်ဖော် ။ မြန်မြန်ခုပြေးခဲ့နော်။ တန်လို့သာမြော်။ ခေါ်သော်ဖြာနောင်။ ရွှေသဲပြောင်ပြောင်။ စွဲလောင်ဒုက္ခမီး။ ။ သွယ်မျက်ရည် စီးလို့ဖြာဖြာ ငိုကြွေးစာစာ။ အိုရေးကြုံခဲ့ရှာ ။ ပြေပြေနိုင်-သဲကကြင်နာ။ အိုရှေးကြမ္မာ။ သူစွဲပြန်တော့သာ။ ။ ညာစော၊ နန်းသူပင်ကိုချော။ လှိုက်ဖိုမော။ မြောသို့သာ။ မြေမှာပစ်လှဲ့။ သေငယ်ကြာ။ ရွှေလိပ်ပြာကူးလူစဲ။ ။ လောင်းလျှာဘုန်း

လူသာထူတွဲ။ ကြံ့လေနဲ။ ဆွေနတ်နွယ်။ ခွေကားနံ့းယိုင်။ ထဒုံးကေခိုင်။ ဘုန်းလှိုင် ညာကေသီ။ ဇာဂီပါရမီ ကူညီမှန်း။ ဖြောင့်တန်း။ ရွှေစိတ်တော်ပြေ။ ထပါသက်ဝေ။ ဘောင်ရွှေမဂ္ဂင်။ အောင်နိဗ္ဗူဝင်။ ရောက်ရင်ဆုံရမြဲ။ ။

## ၅၁။ ။ ယိုးဒယား။ (ဆန်းနွေဦး လေရှူးဆော်ပြန်လှာ)

ဆန်းနွေဦး လေရှူးဆော်ပြန်လှာ။ မွှေးပျံ့ကြိုင်လှိုင်စွာ။ မာလာဝတ်မှုံပင်စုံမြိုင်။ ။ ငှက်မောင်မယ်ဘာသာသူတို့နှံ့။ လွမ်းဘော် ညှိဆဲ၊ ဆန်းပိုရာ-စုံစုံမြိုင်ထဲ နတ်ညှင်းချယ်လှယ်။ ။ ပူနဲပိုလွမ်းအောင်ဖန် (ပူခန်းဆင့်ပုံ ယူလှမ်းသင့်ရုံ တူမြန်းခွင့် ပျော်တော်သာတင့်စုံ)၂။ ရွှေနန်းအောင်ချာလယ်။ ဘယ်ဝယ်စံသည့်မှန်း။ တောင်သေလာကြီးရယ်က။ ဆီးကာလို့သန်း။ ဆန်းပိုရန်စုံ၊ စုံမြိုင်ထဲ။ နတ်ညှင်းချယ်လှယ်။ ။

(သဖြန်) ။ ရွှေသန်းကြော့မယ်။ မြိုင်လမ်းရယ်ရဂုံလယ်က။ ကြုံတယ်အခင်း။ ကျွမ်းရတက်နှောင်။ လွမ်းရက်ကယ် ကြွေလေအောင်ဟု။ ရွှေဖွေတောင်မြိုင်သာဝှမ်းငယ်မှာ။ ပူခန်းကပြင်း။

## ၅၁။ ။ ယိုးဒယားကရောင်းလိုက်(ရာမ)။ (တောမြိုင်စွန်းက လွမ်းအောင်ဘန်)

တောမြိုင်စွန်းက လွမ်းအောင်ဘန်။ မကြံနိုင်၊ ကိုယ်ထူးကြုံရပြန်။ ချစ်တဲ့လင်-သခင်မြင်လှာအုံးဖျ၊ သုံးရွှေရင်။ ဘုန်းကေရှင်၊ သခင်ဘုံပျံနန်းမှာဆန်းဉာဏ်ချယ်၊ သက်လယ် သက်လယ်ရွှေသွေးရယ်၊ မကြင်နာ စိမ်းတော့-စိမ်းရက်တယ်။ ။ သက်လယ် သက်လယ်ရွှေသွေးရယ်။ မကြင်နာတိမ်းလို့ - စိမ်းရက်တယ်။ ။ ရာကျော်သက်ပန်၊ ဘယ်ရွှေကံငယ်၊ စီမံ ဘန်လာချယ် ။ ကြင်စဦးကို ။ သွေဘူးနတ်ကယ်။ အိုမြင်လာအုံးတော့ဘုန်းကြွယ်ကြွယ်။ ။ ဝေယန်ဖျား။ ။ သိန်းယိုစားဆောင်သွားပြန် ဟောဆောင်သွားပြန်။ ။ လောင်ကြွေကျွမ်းအောင်လို့၊ လွမ်းရန်ကြွယ်။ ခင်းကြုံရတယ်။ ။
(ချွတ်)။ ။ နတ်ကယ်ဘန်၊ တိမ်ယံဘုံလယ်-ညှိုးညှိုးငယ်ငယ် ။ ဝေယန်ဦးမှာ ။ ကြော့မှူးညာမယ် ။ ဆွေးဘွယ်ပူရန် ၊ ဘယ်ကံဘန်ကူ။ စံမတူနန်းသူပုံမှန်။ စံမတူနန်းသူပုံမှန်။ ကိုယ်ထူးကြုံရပြန် ။ ရွှေဘွင်ကြွေဆွေးရန်။

## ၅၂။ ။ ဝတ်မစွတ်ဝန် ထောက်မင်းရေး။ နန်းသိမ်းယိုးဒယားအလိုက်။ (စိန်ဇေးရနန့်)

စိန်ဇေးရနန့်၊ သေဉ်ပြန့်ဖွေလယ် ၊ နေနွယ်မြတ်ရင်း။ နတ်ဆင်းနွဲ့သွယ်လျှံဝေ။ စံရွှေနန်းမှာ ။ ရွှေသန်းရံလှယ်။ ပုံနေယုန်ငွေဝန်းကဲ့သို့။ ထွန်းလေလေထွန်းတင့်တယ်။ ။ မြန်ကျွန်းစံညွန်းလေ။ ယှဉ်ဘက်ကွယ်။ လျှံထွန်းမှန်ကွန်း ဖွေပြင်ထက်ဝယ်။ ရံဝန်းသံညွှန်း ခြွေတင်မြွက်လှယ်တယ်လေးပင်။ မူအင်ယူငင် ပျော်စေဖျော်ဖြေ။ ကျူးတယ်ချိုလွင်။ စုံဖူးလေးဆယ်ညွှန့်ဆင်။ ။ ရွှေပြတင်နွယ်ဘုန်းဂုဏ်မို့၊ မြေတခွင်နယ်လုံးတုံလို့။ လှုံခဆက်ထံ ။ နှင်းလေလေသက်နံ့။ ဝင်းလေလေညက်စံ။ သွင်းလေလေဆက်ပန်တောင်း။ ကင်းလေလေမျက်မန်ပျောင်း။ ။ ရာနရိန်။ သာကိန်အာဟိန်။ သမ္မိန်ဝံသာ ဝပ်စင်းသည်မှာ။ ညွတ်ကျိုးဆယ်ဖြာ။ ရှိခိုးလေစုံစကြာ။ ။ ဒီပါလုံးငယ်လေကြေညာ ။ နှုန်းဘွယ်လေသွေ့ခွာ။ ချုန်းတေဇာ ။ ဖြာလင်းခြောက်ရောင်။ တောင်ပြောင်လျှံကွန့်ဝင်း။ မျိုးဆဒ္ဒန်တိန်ညွှန့်နှင်း။ ။ သိန္ဓဝါ ၊ ဣန္ဒာထံရင်း ၊ ဆက်နှင်းခိုကာ။ ရေမြေပဲ့တင်းနှိုးပါလို့၊ တန်ခိုးဝေဖြာ။ နယ်တိုက်လုံးကို ပိုက်ကြုံးလေခြိမ့်ခြိမ့်ငြာ။ ။ မိုးဘွေချာ ဖြိုးဝေစွာ။ အိုကိုးမျက်မြွာ၊ ပြိုးပြက်ဖြာ။ ပုံတောင်းလေ စကြာသက်ခါ။ နီးလေလေပြီလို့။ ချီးအံ့ဖိုလ်ပါ။ ရတနာဝှန်ဖြိုး၊ သွန်းကြိုးစွေကာ၊ မိုးညံ့ခြိမ့်ရွာ။ နိဗ္ဗူခေမာ အောင်ချက်ကျွန်းကို ထက်ဝန်းမြေချာ။ နယ်တသောင်းမှာ၊ လွယ်ကြောင်းလျှင်စွာ။ ဘယ်မညောင်းအောင် ။ တောင်းလေလေပန်ရွက်ခါ။ ။

## ၅၃။ ။ ဖော်ကွာဝေးအလိုက်။ (မျှော်သူပန်းစေဘို့)

### ရေးသူမထင်ရှား

မျှော်သူပန်းစေဘို့။ နန်းနွယ်သာကီ။ စိန်ကြာဘွားရယ်က။ ထားရွှေကေသီ။ ။ ရွှေကညာ သုံးရွှေကြော့ ဘုန်းဒေဝီ။ ကြံစည်ဖန်လည်။ စံတည်သွေး။ ကြာအေးငယ်မူရာပို၊ ယဉ်ရွှေကိုယ်ကြိုလှဲ့စမ်း။ ။ ရင်ခိုင်လွှာငုံ။ ပင်တိုင်ကြာဘုံ။ ရင်လွှာမှုံ။ ထုံလှဲ့လန်း။ ။ မြန်းချွေမဲ့နှောင်ကာ။ ထားခင်စံရာ။ စောသူ့ပူဇျာပါ။ ညှာညှာညှာခက်ကယ် မွှေးပျံ့သင်း။ ရာရာရာ သက်လယ် အေးညှံ့ညှင်း။ သိင်္ဂီကျေးမင်းသာရကာမယ်၊ ဖန်လယ်လယ်ကျေးတဲ့ရင်း။ မွှေးလေမွှေးပျံ့သင်း။ ။ အေးလေလေ အေးလေ အေးညှံ့ညှင်း။ ။ သည်ရေလေ မြေခပင်း ၊ နွဲ့မူမင်းစံပျော်ရုံ။ သာမျှော်ပန်းနွမ်းစေကြုံ။ သာသာလွမ်းဘွဲ့သွန်းငွေမှုံ၊ လွမ်းစေရုံကြုံရညား။ ။ ဘုံနန်း၊ စိန်ခြယ်သန်း၊ ရောင်စုံလျှမ်း၊ စမ်းထွေထွေ ၊ စက်ပန်းငယ်စံရာဘွေ၊ မြန်ချာမြေ။ ဆွေသက်နှင်း။ ။ နေနွယ်တော်ရင်း ။ မြမြေခင်း။ မယ်ရို့ဆီ၊ စက်ပန်းငယ်ချွေပါပြီ ပင်တိုင်မြနန်း စန်းစန္ဒီ ရွှေကေသီရှန်းတော့လား။ ။

## ၅၄။ ။ ခါနွေဆန်းအလိုက်။ (တောင်ရွှေမန်း ဆန်းထွေထွေ)

### ရေးသူမထင်ရှား

တောင်ရွှေမန်း ဆန်းထွေထွေ ။ ရေနဒီရိုး မိုယ်းမှုံဝေ။ ။ သွင်းလေပြေသွေးလို့ မွှေးကြိုင်စွာ ရေယဉ်သီတာ သွယ်ဖြာဆင်း။ ကန်မင်းငယ် အောင်ပင်လယ် ။ ညွတ်ကြည်ဘွယ်။ ပန်းဘို့သား။ ။ ကန်ဝယ်နန္ဒာ၊ ငါးမည်ရွှေကြာ။ ဆဒ္ဒါန်သာတွေးကြမှား။ ။ များဖိုမငှက်ကယ် မောင်မယ်ရေဝယ် မြူးကြအသွယ်သွယ်။ စာလွယ်ပျော်ဘွယ် ကြွေးတယ်။ ကျေးလဲဘော်ရွှေစုံ။ မယ်စုံတွဲဝဲပျံခါ၊ နွဲကျူးသံသာ ကြွေးတဲ့ရင်း၊ လွမ်းဘို့ခင်း။ ။ ညှော့ညှင်း၊ စံပျော်ခင်းငယ်သေလာတောင်။ ရွှာဟန်ရောင် မိုယ်ပြုအား။ ။ တိမ်ယံဘွေ ထွေထွေသား။ ။ ငြိုးမှုထားဆင်ရက်တယ် ။ မျှော်လေတိုင်းမှိုင်းမှုံချယ်။ တိမ်နန်းငယ် လျှပ်ပန်းသွယ်။ အို ကြေကြွေကျွမ်းအောင် လွမ်းပိုဘွယ်။ ။ ရွှေနန်း ၊ ထွေထွေဆန်း ၊ စက်ရာခန်းငယ် မန်းဘွေလယ်။ ခေါ်တော်မိမှား ကြာရုံလယ်၊ ကျွမ်းစေရွယ်။ ညွှန်းတော့သား။ ။ မန်းရွှေဗွေခင်း ။ လေပြေညှင်း သင်းပျံ့စွာ။ နတ်မိုယ်းဘုန်းက္ကန္ဒာ အာကာတိမ်နန်း လျှပ်ပန်းဖြာ။ ဝေယင်မှာမှိုင်းတော့အား။ ။

(သဖြန်)။ ။ များထုရွှေညီ။ လှကေသီဆီမတန့်နိုင်ဘု ။ ဖြေအံ့အရေး။ ။ အမ္ဗုန်မှူး။ ပျော်မြူးငယ်လေ့ ရွှေပဥ္စင်။ တိမ်မှင်ဘွေ မြင့်ရှာ စွေမှုငယ်ကို။ ဘယ်ပြုတဲ့လေး။ ။

## ၅၅။ ။ ရာမယိုးဒယားသံပေါင်း။ (ပန်းညောင်လှိုင်ဘွဲ့ ဘွေဆိုင်)

ပန်းညောင်လှိုင်ဘွဲ့ ဘွေဆိုင်။ ကေခိုင်ကုံးငယ်။ ခွေယိုင်နုံးတယ်။ သုံးရွှေ့လယ်။ ဘုန်းမယ်ဒါရှ သည်းအူဗျာလှိုင်ကြွယ်။ ကျွမ်းလောင်ဘွယ်။ ကြံတယ်ဘန်တယ်ရေး။ လေနန်း လေနန်း ဝေယန်။ သေဥ်လီဒေဝီဖြေဆီနိုင်တော့ရေး။ မေးစက်ယောင် ကြာညောင်တွင်းဝယ်။ ငွေနှင်းကြိုင်ကြိုင် လေပြိုင်ဆော်ယူသွေး။ ကြုံပြန်လာ၊ ထုံဂန္ဓာလှဲ့။ ဟေမန်ဆောင်း။ ခါနွေပြောင်း၊ နှောင်းပင်တန် ရွှေလျှံငုံရည်ကင်း၊ မြိုင်မင်းမော်ရုံ စံတော်ဘွေ။ ။ အိုလေသောင်ကျွမ်းပူဇျာပွေ။ ကူမေညာနန်းလေသိ။ နန်းဝေယန် ဗိမာန်ဆောင်မြင့်ဦး။ ညာမယ် သက်ကယ်ပြေနိုင်ဘူး။ မူးခွေယိုင်ပူဇျာလှိုင်လေ့ ကေခိုင်ဘွား ထားဟန် ညက်ချယ်။ ဘုန်းသက်လှယ် ကြံရွယ်မှိုင်မိမူး။ ကိုယ်ထူးဆိုယောင်ငိုယောင်သာ။ ။ အာကာနတ်နန်းဝေယန္တာ၊

ဘန်လာဘယ်ရှေးကံသိ။ သိယ်ိုစံ တိမ်ယံဆောင်ယူသွား။ ကြင်သူမြင်တော်မူလှဲ့လား။ ခါခါထွေ ဖျာပါဝေလို့။ ကေသာကုံးငယ် ထုံးရွှေမှင်။ သုံးရွှေ့ရင်နွဲ့ပင်ခွေယိမ်းမူး။ ။ စိတ်သာရည်ရွယ်စူး။ *သီခေါင်ရီမှောင် တောင်မြင့်ဦး။ ။

## ၅၆။ ။ စက်လဲတီးကွက်ယိုးဒယား။ (ဂိမှာန်နွေဘွဲ့ ရာသီ)

ဂိမှာန်နွေဘွဲ့ ရာသီ။ ရှစ်ခွင်တိုင်းမှာ။ မင်းလွင်ဆိုင်းတယ်။ မှိုင်းလေပြည် ဝိုင်းလေမှုံပြာရီ။ †ဖဂ္ဂုဏီယှဉ်မှီယုန်ငွေစန်း။ ခိုင်ပန်းခိုင်ပန်းရွှေဖီ။ မြေဆီဓာတ်ပြန် ပတ်လျှံငုံကင်းဖူး။ သင်းကြူထုံဝတ်မှုံပျံ့စွာ။ ခိုးလျှံဖြာ တောင်ယာမြေပြင်ကြီး။ ညို့ညီးညီး ရှို့မီးထိန်ထိန်။ ဖန်ရှိန်မောင်း စံအိမ်ပြောင်း ။ ဒေါင်းစက်ပျံရည် လျှံမိုန်လဲ့မှေး၊ ချိတ်သွေးဆင်လို့ မင်ကူခါ။ ပဋ္ဌန်ဆော်ကြူး စည်တံမြွှာ။ ဗျူဟာလျှပ်ပန်းရွှေပွင့်။ နတ်ဒေဝိန်မေယိန် ရှာဆွတ်ဖြန်း။ စုံနယ်မှုံကြွယ်ဝေဆာ ပန်းလေ မျှော်တမ်း ခေါ်မှန်းလူလို။ မဖိုကြွေးတယ် ငှက်ကျေးစုံလင်၊ နန်းဟိုပင်ပျံသင်စာခွံ့မြူး။ ။ သိုက်မြိုင်ဦး၊ ထွေလာ ပြေပါနိုင်တော့ဘူး။

## ၅၇။ ။ ဗန်းညောင်လှိုင်ဘွဲ့ကိုလိုက်သောယိုးဒယား။ (ခိုင်ပန်းစုံနှင့်)

ခိုင်ပန်းစုံနှင့်ခွေသွန်ဘွေစွန် ပေဟဝန်နန်းဝယ်။ ရေတံခွန် ထွေသွန်ဖြန်းတယ်။ ပန်းမာလာ ခတ္တာရွှေဖီ နှင်းဆီကြိုင်လှိုင်စွာ။ ပန်းယုဇနာသေလာကမ္ဘာယံစောင်း။ သာပေါင်သာပေါင်းထုံထုံ။ ဝတ်မှုံညီညာ ဇီဇဝါသောကပန်း။ မွှေးကြည်လင် ရွှေစင်သွေးငယ်။ ။ မြတ်လေးစွယ်တော် ကန့်ကော်မောကွဲတော။ သာမော မာဂဓ ဘာဝပျော်ကြစွာ။ ။ အခါခါ ချစ်ရေး နှံကြရာ။ ရွှေစကဝါပင်ရိပ်သာက လောင်းကိန္နရာကိန္နရီစံတဲ့တော။ မြစ်နဒီ ရေကြည်လွန်သာမော။ သောသောလေ စီကြွ မြည်ကြ။ တောကစပယ်ပေါင်းရယ်။ ဒေါနဒဝယ်ညောင်းတယ်။ လောင်းကိန္နရာကြမ္မာဝဋ္ဋစကြွင်း။ ပြည်မင်းဗြာဟ္မဒတ် များဒါဏ်ရာ။ ။ ကြင်ရာသက်နှင်းကိန္နရီ။ ဆွေမန္တီဖြေခက်ရာလို့။ နာတော်ဖျာ့ နာတော်ရှုပါဒုံး။ ခမျာဖျာမှာပါဆူကြွတုန်း။ တနိမ္မာတ္တန္တာသိဂ်ါနှန်း။ မြတ်ဘုန်းလေပါရမီရှင်မို့။ ရွှေကြာပဒုံပန်းငယ်။ ကေသာအကုန်ဖြန်းတယ်။ ရှင်လန်းကြည်စွာ ပျော်ရာစံကြမြန်း ကြိုင်လန်းသာတင့်မောရမြိုင်။ ။ ကေခိုင်ကြော့မူးပန်းဘို့ရာ။ ဂန္ဓာစုံတောစွန်က။ လွမ်းဝှန်လေ လွမ်းဝှန် ဆူလောင်သဲ။ အထွေထွေပွေပွေကြုံရနဲ့။ ပျော်သဲလေသာလို့ညာကို့။ ကြိုင်စွာသင်းတဲ့ မြိုင်မင်းဟေမော်။ မြတ်လောင်းတော် ကိန္နရီမောင်မယ်ဘုန်း၊ မောရမြိုင် ဂနိုင်သာစွဆုံး။ ။

## ၅၈။ ။ မြမန်းဂီရိကိုလိုက်သောယိုးဒယား။ (ကန်မင်းသာစွမြနန္ဒာ)

ကန်မင်းသာစွမြနန္ဒာ။ မန်းသေလာ ရောရံကာဝန်း။ လောင်းပွင့်လျှာ တေဇတော်ကထွန်း။ မျိုးသွမ္မိန် ရာဇိန်ရွှေမော်ကွန်း။ ထုံးစဉ်လာ လက်ျာရွှေဖျာညွှန်း။ လေမန်းညာစွန်း ဘွေလယ်။ လောင်းနတ်နွယ် စံပယ်ရှည်မည့်ကြောင်း၊ ပြောင်းခညွတ်လာ။ ဂီဝါစံရာရွှေဘုံ။ နန်းမြင့်ဖေယျုံ ရွှေဘုန်းတော်ရောင် ထိန်ဝင်းနေသို့ပြောင်။ ဆောင်ဆောင်သီဟာရွှေဘုံတွင်း။ ဘက်ပြိုင်သူ မပြူ ခ ဝပ်စင်း။ လေးဆဒ္ဒါန်မင်းမြတ်သခင်။ အိုစောနတ်ရှင် ‡ဗုဒ္ဓင်ဆုယူလောင်း။ ။

---

* သီခေါင် = (ပေါရာဏ) ခရီးတောင်တာ ဝေးကွာသော

† ဖဂ္ဂုဏီယှဉ်မှီယုန်ငွေစန်း = ၂၇လုံးသော နက္ခတ်တို့တွင်။ ၁၁လုံးမြောက်။ ပြုပ္ပဖလ ဂုဏ္ဏနီ နက္ခတ်စန်းနှင့် ယှဉ်၍ လပြည့်သော တပေါင်းလ မိန်ရာသီကို ဆိုလိုသည်။

‡ ဗုဒ္ဓင်= (ပါဠိ) ဗုဒ္ဓက်ျုရ = ဗုဒ္ဓင် = ဘုရား အက်ျုရ= အညွှန့်အညှောက်၊ ဘုရားလောင်း ဘုရားဆုကို ပန်ယူသူဟု ဆိုလိုသည်။

## ၅၉။ ။ ဒေဝက္ကန္နာမောင်မောင်ကြီးရေးသော ဂွန္နာတောချေအလိုက်ယိုးဒယား။ (မာလာပန်းရယ်က)

မာလာပန်းရယ်က ဆန်းလေစုံစုံဖြာ။ ကျေးသာကာခေါက်ရှာမယ်လျှကျူး၊ ကုံထူးလေ ထူးထွေလာ။ အိုထူးထွေလာ-ခိုင်ညှာလန်းပါလို့။ နန်းလေ ထိုက်တန်စွာ။ ။ ကြည်စွာ သီတာရစ်ကွေ့သန်း။ စံခန်းလေလွန်ပုံကွာ။ မာလာဂန္ဓာ ပျံ့ပျံ့သင်း။ ဖလ်ဝါလျှံဖြာ ရှိန်ရှိန်ပြင်း။ တောင်မင်းလေ ဖီလာကွယ်။ အိုဖီလာကွယ်။ အို-အို-အို-ညာဘယ်ညာဘယ် ရစ်ခါသန်း။ တောင်စီတန်းညီညာ။ ကျေးသာကာ လွမ်းဘွယ်ရာ လင်းပြာဥသြော ပြောကြရှာ။ ချင်းသာသာနှော တောသာယာ။ ဖိုမောင်မယ်ကျူးပါလို့မြူးပျော်ကြရှာ။ ကူးခုန်ကာသန်း နန်းသိုက်မှာ။ လိုက်ဘာသာ တို့မှစာခွံ့ကျွေး။ ။

## ၆၀။ ။ ရေလားယိုးဒယား။ (သောင်းသောင်းညံ)

သောင်းသောင်းညံ၊ ကြင်ဘော် ဇင်ယော်မောင်နံ့တွဲလို့ဝဲခါပျံ။ မောင်နံ့တောင်ပံရိုက်ဆော်သွင်း။ သောင်းတင်းခေါက်ရှာ ဟသ်ာပျံရောက်လာ။ ။ ကူးခါလူးလာ၊ ရွှင်မြူးပျော်ကြရှာ။ ။ သောင်ပေါ် *အောင်တော်ထူးပါလို့ကျူးရင့်မာဂဓာ။ ။ မြစ်မင်း အဏ္ဏဝါ ပြန်ခါမြောက်တောင်ကျောက်ဆောင်ဟိုဘတ်ကမ်း။ ။ ရွှေယင်ဘောင်မြောင်ပတ်သန်း။ လေတင်ဆောင်တောင်ဖြန့်လှမ်း။ ။ ချည်ခင်စွပ်ကယ်ဝံဘိုဘွေသောင်ခရီးမှာ။ ရေဘောင်စီးလို့ခို။ ။ နေညိုညို လွမ်းရန်ပိုမို။ ဆိုငိုပြင်ကျယ်။ ပင်လယ် သီခေါင်ရီမှောင်ဝေလို့ဆိုင်း။ မန်းဌာနီသာကီရွှေပြည်တိုင်း။ မှိုင်းလို့ဝေဖြာ ရွှေနန်းအောင်(ချာ)† မျှော်ကာမြင်မိမှား။ ။

## ၆၁။ ။ မွန္တလေးမြို့ဘွဲ့ယိုးဒယား။ (မန်းတောင်လက်ျာ)

မန်းတောင်လက်ျာ။ ဘုန်းနေလ။ နှုန်းလေတေဇာဝေဖြာ။ ဝင်းထိန်လို့ဝါ။ များစွာ ဗိုလ်ခြေဝေနေပေါင်း။ ကောင်းအောင်ခု၊ ကောင်းအောင်ခု၊ ဗုဒ္ဓင်လောင်းမို့မြို့နန်းတည်ထောင်။ မင်းမြတ်နောင် ကုန်းဘောင်နေညွှန့်သွေး။ ။ ဒီပါမြေပေါ် ကျော်နံ့ရေး။ ဘုန်းတော်ဟုန် ခြောက်ဘုံနတ်ရွာ။ လွန်ပြန့်မွှေးလို့ဘေးတော်မြေးမှန်။ ထီးရာစံနတ်သံခို ခရေး။ ရွှေဘုန်းတော် နေလာဝေဖြာ၊ မန်းလက်ျာနတ်ရွာရေသို့အေး။ ။ ဒုမ္မာလေဒုမ္မာ ကြိုင်ပျံ့။ မွှေးတယ်မွှေးတယ်လေး။ နန္ဒာကန်သာရေမြ။ တေယ်တေယ်။ တေယ်တေယ်လေ။ ဟိုရှေးလေ ရာဇဂြိုလ်ပြည်လို။ စည်ဗဟိုတော်ကဟိန်းတာမို့။ ဘေးရန်ခပ်သိမ်း လေတွေဘို့၊ ဘေးရန်ခပ်သိမ်းလေတွေဘို့ငြိမ်းလေငြိမ်းပါလှ။ ငြိမ်းလေငြိမ်းပါလှ ကြာတံဆိပ်နှင့် ဖျာဒိတ်တော်လာ။ မိန့်ခွန်းလေ ခွန်းလေချိုမြသာ။ ။ ယဉ်ရောပတ်ခါဝိုင်းသည်။ တိုင်းလေဌာနီ ရွှေပြည်ရွှေဘုံနန်း။ ရေယဉ်သွယ်ဖြာ ဆန်းလာမောက်ဖြိုး။ ရွာသည်မိုဃ်းပုံ။ တန်ခိုးရွှေမိုဃ်း ငွေမိုဃ်းရွာ။ ဆင်ဖြူရတနာဆက်မည် ခုရောက်လာ။ အိုလေလေ ဘုန်းတေဇာ။ နေနှုန်းဖြာ၊ နန္ဒာရေဝန်းရံခ။ ပတ်လည်သာ ရွှေမန်းတောင် တော်သာ။ အို-အို-အို- ဆန်းပါလှ မြို့နန်းရွှေဝတိသာ။ မြန်ချာ ဖန်လှာနေညွှန့်မှာ။ ဘုန်းလေမြတ်ဝေဆာ။ အိုလေစံကာမြန်းသည်၊ မန်းလေရွှေပြည် တိုင်းလေဌာနီ။ ပုံမဝေးဘု ရောက်လှပါပြီ။ မြတ်နောင်ညီ သာကီနေသို့ထွန်း။ ။ ရွှန်းရွှန်းဝေ။ ထွန်းတက်နေ ကြက်သရေ ငွေလစန်း။ သေလာတောင်ရွှေမန်း။ ဆန်းလေ့ဆန်းစုံစွာ။ ဝေယန်နတ်နန်းပုံပါသို့ပါ။ နန္ဒာရေဝန်းရံခ။ ပတ်လည်သာ ရွှေမန်းတောင်တော်သာ။ အိုအို ဆန်းပါလှမြို့နန်းဝတိန်သာ။ မြန်ချာဖန်လှာနေညွှန့်မှာ။ ဘုန်းလေ မြတ်ဝေဆာ။ အိုလေ စံကာမြန်းသည် မန်းလေရွှေပြည် တိုင်းလေဌာနီ။ ပုံမဝေးဘုရောက်လှူပါပြီ။ မြတ်နောင်ညီ သာကီနေသို့ထွန်း။ ။

မှတ်ရန်။ ၄င်းသီချင်းကို (ရွှန်းရွှန်းဝေ)မှ ပြန်ကောက်သည်။ အချို့(သေလာတောင်ရွှေမန်း) မှ တကြိမ်၊ (ရွှန်းရွှန်းဝေ) မှတကြိမ် ၂ကြိမ် ပြန်ကောက်သည်။

---

* အောင်တော် = ဟသ်ာဖိုမတို့။ အဖိုက (အောင်)ဟုအော်လျှင်၊ အမက (တော်)ဟု ထူးသည်ဟု- ၄က်တို့ကျူးရင့် ခေါ်ထူးသံကို ဆိုလိုသည်။

† (ချာ)ပါသင့်သည်။

## ၆၂။ ။ မြင်းတက်ယိုးဒယား။ (လေပြေဆော်သွင်းမြူး)

လေပြေဆော်သွင်းမြူး။ ဟံသာဘွေ လေရွှေနန်းဦး။ ထူးထူးထွေလာ။ ငါးပါးပဋ္ဌင်ရွှေတံမြှာ။ ။ ခရာသံစုံ ကြူးကျော်ညံဟုံ။ ။ ဘုံဝေယန် နန်းကြီးဗိမာန်။ ။ စီမံထူးခြား များလှထွေထွေ၊ များလှထွေထွေ။ ဗိမာန်နန်းမှာ။ ဆန်းလှကုန်ချွေချွေ။ ။ ဆော်လေသွင်းမြူး။ ကုန်တူးကြေညာ။ လေသာကွန်း။ ဆောင်ရွှန်းမှာစုံစွာ။ ။ သည်မှာကုန်ဆန်း။ နန်းသိင်္ဂါ။ ဘွယ်ရာထူးတဲ့ ကြူးကြော်ပြာ။ သည်မှာသာလေရွှေဘုံ သာမျိုးစုံလှ။ နန်းဆောင်သာယာ။ တီးမျိုးစုံစွာ။ မှန်ကြာနန်းမှာဆန်းလှစုံစုံဖြာ။ ။ ကြေညာ သာယာပျံ့ပျူး။ သာယာ ကြေညာပျံ့ပျူး။ အိုလေဇေယျာဘွေမှာ။ ထွေဆန်းထူး။ ။ အိုတူဘူး ဘယ်ရာဝင်မှာသာ။ ဆန်းဆန်းထွေလှ ရွှေရုံကာ။ ရွှေဘုန်းတေဇာ-နေနှုန်းဖြာ။ ။ ထီးတရာညွှတ်လာ ခညောင်း။ သိန်းသောင်း မင်းပေါင်း ဆက်ပဏ္ဏာ။ ။ စုံဆယ်ဖြာ။ ဖူးညွှတ်သွယ်ရှိကြာ။ ။ ရှိဦးတင်ဆင်ကာ။ လူမှူးကေရာ-ဘုန်းကွန်ချာ သင်းပြန့်ကြေညာ။ တေဇာ၊ နေဝါ၊ ထွေလာ၊ ဝေဆာ။ ကြေညာသင်းလှိုင်ဝင်းမြိုင်။ ။ ဦးခိုင်စိုးတဲ့ မင်းပေါင်းညွှတ်လာ ပျောင်းခညောင်းစုံစွာ။ ဟံသာဘွေဦး၊ ထူးရွှေတေဇာ။ ရာဆူဆူမှူး ဖူးလေစုံညီလာ။ ။ ရွှေသင်္ခါနှင့်ဇေယျာစံချိန်။ ရာဇာအာဟိန်။ ဘုန်းမီးစက်ရှိန်။ လျှံထိန်ဒေဝိန် နွယ်လာနရိန်။ ကြီးလှဂုဏ်သိန်။ မင်းမင်းမဟိန်။ ထိန်ထိန်လင်းရာ မင်းနွယ်သမ္ဘိန်။ ။

## ၆၃။ ။ နန်းသိမ်းဘုန်းတော်ဘွဲ့ယိုးဒယား။ (ရေမီးထိန်လျက်)

**သီဘောမင်းတရားကြီး၏ မုဒ္ဒါဘိသေကမင်္ဂလာတွင်။ အချုပ်တန်းဆရာဘေ ရေးသား ဆက်သွင်းသည့် နန်းသိမ်းဘုန်းတော်ဘွဲ့ယိုးဒယား။**

ရေမီးထိန်လျက်။ စိန်စကြာဟုန်။ သုံးဘုံတိုက်လုံး ပိုက်ကြုံး၊ ရိုက်ချုန်းသံစုံ။ အိုလေအောင်စည်တီးပါလို့။ ပြည်ကြီးရတနာပုံ။ ဝေဇာလန်းအောင်-ရွှေနန်းတက်သည့်ဂုဏ်။ ။ ရေလုံး၊ မြေချုန်းအောင် ဖိမ့်ဖိမ့်တုန်တယ်လေလေ တုန်တယ်လေလေ။ ဘုန်းတေဇာကျော်သောင်း သမ္ဘာတော် ရင့်ညောင်း။ နတ်ပြဟ္မာအပေါင်း။ ပျပ်ဝပ်ခါဆုတောင်းပါလို့။ ပြုကြောင်းမှတ်အင်။ အိုမြတ်အသျှင်နှစ်ပါးကို။ စုလျားလေလာလို့ဆင်။ ။ ဘယ်ရာဝင်ဘယ်ကျမ်းမှာမှ၊ နွယ်လာအစဉ် ငယ်စာတမ်းရှာမရ။ ရာဇသခင်။ လောင်းလေလောင်းလေမြတ်ရှင်။ မဟာဝင် ကမ္ဘာတွင်အောင်။ နာဂါတ်နောင်ခါ၊ ပြောင်ရာဝင်တင်မဲ့ဘုန်း၊ နှုတ်တွင်ကြူ။ ဗုဒ္ဓင်္ကုလောင်းတော်မြတ်နှုန်း။ ။

## ၆၄။ ။ နန်းသိမ်းယိုးဒယားအလိုက်မိုယ်းဘွဲ့။ (လျှပ်ပန်းခွေနွဲ့)

**သီဘောမင်းတရားလက်ထက်တော်နာခံတော်ဦးချို နန်းသိမ်းယိုးဒယားအလိုက်မိုယ်းဘွဲ့။**

လျှပ်ပန်းခွေနွဲ့။ လေသွဲ့ယူငင်။ မြူမင်ရစ်ဖုန်း။ ထစ်ချုန်းစစ်သူရာ။ အိုလေအမျက်ဟောင်းကြောင့် ချက်ကောင်းကိုသာ။ ဘဝင်ဆောင်းအောင်။ ဝက်ခေါင်းတော်ဖြစ်တဲ့ခါ။ ။ တက်ဇော၊ လက်ရောပါ ဉာဏ်နှင့်သာ။ ယှက်နှော၊ သင်္ကော့လေ မြတ်ရာဇာငယ်လေလေ့။ မေယိန်ဒေဝိန် သခွပ်ဖူးချိန်မို့။ ဖွတ်မြူးခါ တိုက်တဲ့တိ ံ။ ။ နေလာသိန် နတ်နန်းကြာကြွ။ ရွှေအာလိန်တပ်လမ်း ထာဝရ မာနသံတိုင်။ ဒေါလေသပြိုင်။ မောလေဟနှင့်ဆိုင်ဝေယန်ပိုင် ရွှေမဏ္ဍိုင်ရှင်။ ပိုင်စဉ်ဆိုင်စဉ် နိုင်ချင်တော်မူ။ ကျော်သဲဇမ္ဗူ၊ တော်လဲလို့ကျွက်ကျွက်ဆူ။ ။ ရန်ပုံ ခွင်းငယ်လေး။ မာန်ဟုံ သွင်းတယ်လေး။ ဝရဇိန် ခွင်းပစ်တုန်း။ မရိုးရွှေစည်။ ဘောဟီသံနှင့်ချုန်း။ ဣန္ဒာရှင် နတ်မင်းဘုန်း။ ရပ်ရှစ်(နယ်)။ လျှပ်စစ်နွယ်ကုန်း။ ဘယ်မှန်းနိုင်ပေါင်။ တမင်ဆိုးလို့ မင်ခိုးထွေလောင်။ မြင်မရဲပေါင်။ ဘွင်သဲမှာ ထိတ်လို့နောင်။ မိုယ်းနတ်မောင်။ ခိုးလျှပ်ရောင်။ ကိုးရပ်ဘောင်ငယ်လေလေ တင်းလေချိန်မို့။ မင်းရှိန်အာဏာ။ စစ်သည်ဗိုလ်ပေါင်း ခိုညောင်းညီလာ။ တင်းနိုင်ဘုဘုရာ။ မြတ်ကောဝိလာ။ နန်းကသည်ခါ။ လှန်းကြွချီခါ-နတ်ဒေဝါ မြတ်ဇရာဝက်မင်း။ ဒေါသမူ ဟောသူမာန်ဖြင့်တင်း။

## ၆၅။ ။ ရာမဇာတ်ထွက်ယိုးဒယား။ (ကြို့ညိုစံရာ)

ကြို့ညိုစံရာ။ သုကြိတ်မင်းမှာယောက်ချင်းလေပျော်ရရှာ။ ။ မြင်လာအုံး ဘုန်းသုဘတ္တာ။ သည်မောင်ပူရတုံးပါ။ ဝေးဝေးဝေး။ ဘော်ဘော်ကွာ။ ဝိပ္ပလိက္ခုန်းမန္တာ။ ။ ကိတ္တ ကိန္ဒာစံရာနန်းကို၊ မျှော်မှန်း၍သာ။ သုကြိတ်မင်းမှာ ယောက်ချင်းပျော်ရရှာ။ ။ တောမှော်ရုံမှာ။ အိုရွှေသမင်မိုက်ကို။ လိုက်လို့လာ၊ လေးညိုဒေါင်တင်ခါ-စကြာစကြာ ကိုယ်တော်နင်း။ တောမှော်ရုံတွင်း။ ညီတော်ကယ်အုံး နောင်ဘုန်းမှာသာ။ လက်နက်စကြာဦးပေ့ါ။ မာယာဆန်းချီမိဂ္ဂမ္မီ။ မင်းသီတာ မင်းသီတာ။ မျှော်ကာ မျှော်ကာ ရင်တီး။ ။ မတ်တော် မောင်ရင်း လိုက်လေလိုက်ချက်ချင်း။ ခင်းတဲ့ခင်းမဟာ။ စည်းလေသုံးတန်ဖြာ။ လိုက်ရှာရ တောဝမှော်ရုံခွင်။ သိန်းသိန်းသိဃ်ိုရှင်။ ဟန်ရုပ်ဆင် ဟန်ရုပ်ဆင်။ ကိုယ်တွင်ကိုယ်တွင်သက်န်းဝါ။ မင်းသီတာမင်းသီတာ။ သစ်သီးလှူပါတကာမ။ စည်းတွင်း ခင်ကြွခင်ကြွ။ အိုဘယ့်နယ့်ဘုန်းခင် ဝင်ရမယ်။ သည့်နက်ရမ်းဆိုရန်ကွယ်။ သီတာ နွဲ့နောင်း လောင်းရှာရတယ်၊ မိုးတိမ်လယ် သိဃ်ိစားငယ်။ ယူဆောင်ကာသွား။ ။ ပန်းစုံကြိုင်သင်း ဂန္ဓာတွင်း ညှင်းတဲ့ ညှင်းနံ့ဖြာ။ ပန်းမျိုးစုံလင်စွာ။ ကန္တာကြော့မောင်မယ်ဘော်မပါ။ ဘော်ကွာဘော်ကွာပြန်တော့သာ သည်မောင်မှာ။ ကိုယ်ထူး ကြံရကြံရ။ အိုကံဘယ်နတ်ရေးရွှေဖူးစာ။ မိုယ်က္ကန္ဒာ ဒေဝါမင်းငယ် ဆင်းစောင်မပါ။ သည်လေဘော်မပါ တောကြီးကန္တာ။ အို တိုင်းအောင်ချာ၊ တိုင်းအောင်ချာ။ မျှော်ခါသာဆွေးဆွေးဘို့သာ။ ကိုယ်ထူးမောင်မှာ။ ကြံလာရကြံလာရ။ ဟိုခင် ကံငယ်မေးတယ် ဧနိင်ဘွယ်၊ တောမြိုင်လယ် သိဃ်ိုစားငယ် ဆောင်သွားလေပြန်တော့တယ်။

## ၆၆။ ။ ဘုန်းတော်ဘွဲ့ယိုးဒယား။ (ရာပြည်မင်းငယ်တို့)

ရာပြည်မင်းငယ်တို့။ နင်းကျွန်တော်ခံ၊ ထောင်နေနှုန်းသာပ ဘုန်းတောက်လို့လျှံ။ ။ *ရင့်ကျိပ်ဝင်လောင်းပေမို့။ ပွင့်ကြောင်းငယ်မှန်။ ။ ရွှေရုံဝေဘန်ဘွေစံခန်း။ စိုက်နန်းငယ်တည်တော်မူ။ ပြည်တော်သူလေး ဧမြလန်း။ ။ မြန်ချာမြေစုံ။ စံရာရွှေဘုံ။ ရုံကာရွှေလုံရိုပ်မြုံနန်း။ ။ ဆန်းဆန်း တင့်တင့်။ သာယာ။ †အောင်ပင်အောင်ပင်နန္ဒာ၊ လျှမ်းကွန့်ရေယဉ်ဖြာ။ ။ ကြာကြာကြာ ဝတ်ရွှေမွှေးပျံ့သင်း။ ။ ညှာညှာညှာ ညွှတ်ခွေဧမြည့်င်း။ ။ နတ်ရွှေဘုံနန်းငယ်သို့မန်းညာပြည်၊ ချမ်းသာကြည်လေး ဘေးကကင်း။ ။ ဝေးလှရှင်း။ ။ ဧမြခြင်း။ ။ စကြာပိုင်ကြုံး။ ဆက်လာအုံးမည့် ဘုန်းရောင်လျှံ။ ကုန်းဘောင်စံမျိုးမြတ်ရင်း။ ။ သည်ရေမြေ သပြေတွင်း။ ဘယ်ပြည်မင်းတင်းမမာ။ စကြာစုံဦး ဖူးရောက်ကြရှာ။ အိုဆယ်စုံပေါင်း။ ပျောင်းညွှတ်ခလာ။ ။ စွေချုန်း၊ တေဇာဘုန်း။ မြေချာလုံးသောင်းဒီပါ။ ပိုင်စိုးငယ်ဧကရာ။ ရွှေတေဇာဘုန်းပြန့်မွှေး။ ။ ရန်မှောင်နည်ရှင်း။ အောင်စည်ညှင်းလို့မင်းဓမ္မာ။ ကျင့်သုံးကွယ် ထုံးဆယ်ဖြာ။ သာနာရောင် လင်းထွန်းနေဝါ။ ကျွန်းမြေချာနှုန်းဘက်ဝေး။ ။

**(ယိုးဒယားသီချင်းများ၊ ဤတွင် ပြီးပြီ။)**

---

* ရင့်ကျိပ်ဝင်လောင်း = ရင့်မာတကျိပ် အဝင်အပါ၊ ဘုရားလောင်း ဖြစ်သည်ဟု ဆိုလိုသည်။

† အောင်ပင်နန္ဒာ= အောင်ပင်လယ်နှင့် နန္ဒာကန်ကို ဆိုလိုသည်။

# တလိုင်းသံ သီချင်းများ

## ၁။ ။ တလိုင်းသာချင်း။ (လေး။ မွန်တိ၊ မွန်စ)

လေး။ မွန်တိ၊ မွန်စ၊ မွန်ညမည်တွင်။ ရာမညနယ်သမိုင်း။ တလိုင်းသုံးရပ်ခွင်တည့်။ စဉ်ရှည်ထာဝရ။ ခလုပ္ပတ္တခေတ။ သိဃ်ဥတ္တရာ။ အမြဲစောင့်စဉ်လာ။ ဟံသာပြည်ဝရ။ သုံးဆယ်နှစ်ဌာန။ ။ စိုးရနယ်တခွင်၊ ကလွတ်မော်ပီရှင်။ သံလျှင်ဣန္ဒာနတ်။ ကလွတ်ကမန္ဓာတ်။ ။ မပြတ်စဉ်မကွာ။ ဒဂုံဆံကေသာ။ လေးဖြာစောင့်နေရ၊ နတ်မှူးမိုယ်းမာဃ။ ။ ပိုင်သစိုးအုပ်ချင်။ နီးဝေးလွန်ကျော်ထင်။ မွန်တိုင်းသုံးရပ်တွင်။ ရှေ့ခွင်ကိုမုတ္တမ။ တောင်ခွင်ကိုဒလနောက်ပုသိန်ပါ။ မြောက်မှာဟသာ်တတည့်လေး။ ။

## ၂။ ။ တလိုင်းသံပောင်း။ (တလိုင်းသံနှိုင်းစံပယ်ခွာ)

တလိုင်းသံနှိုင်းစံပယ်ခွာ။ သဘင်မှာယဉ်ရာတွင်ခါ၊ တေးလေထံတျာကြွံခါ။ ရေးလေလေစီလို့သာ။ ။ ပဲခိုး၊ ဒလ၊ မုတ္တမရယ်နှင့်။ နာမငယ်သညာ။ အို အောက်ပြည်တိုင်းမှာလ၊ တို့တလိုင်းရွာ။ တွံတေးတေးမြို့ပါ၊ လွန်ဝေးဝေးလို့ကွာ။ ။ ပညာယဉ်ရာ တီးမျိုးစုံစွာ၊ နည်းသည်ကသာ။ ။ ယဉ်ကျေးအောင်သာ။ ပြည်ဟံသာ တိုင်းကြီးအလယ်အလယ်။ အို သဘင်ခန်းမှာတော့။ တလမ်းစီကြဲကြတယ်။ ။ စီခါညီညာန္တလိုက်ပေတော့။ လေးလေပျိုမယ်၊ ဧလေချိုလှတယ်။ အဆန်းသွယ်၊ စခန်းကျယ်။ မူနဲပါပါတီးမျိုးစုံစွာ။ နည်းသည်ကသာ။ ။ ရေလှရယ်သာ။ ခပ်ခွါခွါထိုင်ပါလေး။ မပိုင်တော့သေး။ အိုသူ့နယ်ရဲရန်ကော့။ ဆွဲတော့မလို။ အိုအဘိုးအိုကျွန်မကိုကြိုက်ပါလေး။ ငွေပေးပမယ်။ ။ ညီးကလဲပျိုသေး။ ငါကလဲအိုသေး။ စိတ်စက်ကယ်လေးတယ်နှင့်။ တွေးရအုံးမယ်။ ။ အိုမယားရယ်နေ။ အမေနှင့်ကွဲရတော့မယ်။ အိုငွေတပဲရယ်နှင့်။ ဇာတ်ထဲကိုလိုက်အုံးမယ်။ ။ ဇာတ်ထဲကိုဝင်။ သဘင်သယ်ဖြစ်ရတော့မယ်။ အိုငွေတမူးရယ်နှင့်။ သိုက်တူးလေလိုက်အုံးမယ်။ ။ သိုက်တူးကပြန်။ ပွဲရုံနှင့်ကျွေးပါမိရယ်။ အိုချဉ်ပေါင်ဟင်းရယ်နှင့်။ အပင်းလေရှိုလှဲ့ကွယ်။ ။ ဆံမြိတ်ကယ်တိုရှေ။ အပျိုလေလားလို့မိရယ်။ ရွှေရင်ကိုစမ်းခါမှ။ အိုမှန်းကိုမောင်သိတယ်။ ။ အိုရောင်ကြီးဖွေ။ အဘောလိုကောင်းမှ ပေါင်းမယ်ပေါင်းမယ်။ အိုလူပုံလှပေတဲ့။ ဇာဂကိုကြောက်လှတယ်။ ။ ဆိုးလဲမယ့်ကံ။ ကောင်းလဲမယ့်ကံ။ အိုတက္ကစီးဟာမို့၊ လူကြီးကိုယူမဲ့ကြံ။ ။ သမီးမလှ။ လင်မရ။ အဘမှာလင်ဝယ်လင်ဝယ်။ သွားရအုံးမယ်။ အိုစဖိုထောင့်မှာလှ။ ယောက်မကိုကိုင်လို့၊ မှိုင်မိသာလေး။ ကလကွန်းဝေး။ ။

## ၃။ ။ ပြင်စည်မင်းသားရေးတလိုင်းအလေးမေ့။ (တောင်တောင်ယံတောက၊ မောလေအောင်)

တောင်တောင်ယံတောက။ မောလေအောင်။ ။ ဝေးကြူးသီခေါင်။ ရီမှောင်ညိုညိုဆိုင်းဆိုင်း။ ဝေမှိုင်းမှိုင်းလေ ... ပင်တိုင်းသာ မာလာခိုင် ကြိုင်သင်းသင်း။ နင်းယွန်းဝသန်နွေ။ စုံမြိုင်ခြေဦး။ သာဟန်လေသာဆန်းထူး။ ။ ငုံကင်းဖူးထုံသင်းမြူး။ လေပြေညှင်းသွင်းသုတ်ချွေ။ ဝတ်ညာကြွေငယ်လေခွေယိမ်းမူး။ မွှေးမျိုးကြူး။ ။ ထူးထူးထွေလာ။ ဝေဆာတည့်မြိုင်လုံးလန်း။ ပန်းစုံမြိုင်တွင်း၊ သင်းတဲ့သင်းကြိုင်စွာ။ ။ ရေယဉ်သွယ်ဖြာ။ တောတောင်ဘီလာ။ ။ သီတာ ရင်တောင်တန်း။ စီကာမြောင်ပတ်သန်း။ ။ သင်းပျံ့ကြိုင်လှိုင်ထုံ။ မွှေးရွှေဝတ်မှုံ။ ။ ပန်းကစုံစုံ၊ သာနယ်ရဂုံ။ ကြည်းဘွဲ့ရေယမုန်။ ။ သုံသုံလေပြေညှင်း။ ခင်းညှံ့ဘုံနှင်းနှံ့ စီစီရုံ၊ မှုံမှုံဆန်းတွေတသွန်း။ အမွှန်နန်းနယ်တဝန်း။ လင်းရွှန်းအရောင်ဝေ။ လင်းရွှန်းငယ်ညီးရောင်ဝေ။ တိမ်ခြေမှင်မှောင်ဆိုင်း။ မှိုင်းညိုပြေ၊ မှိုင်းညိုပြေငယ်လေ။ ။ စံရဝေမန်းဘွေရွှေတိုင်းခန်း။ နန်းအောင်မြေ။ မျှော်လေခါခါပန်း။ မန်းနယ်ဘွေ။ မန်းနယ်ဘွေငယ်လေ။ ။ စန်းရောင်ချွေ။ နန်းငွေယုန်ပြန့်မွှန်း။ ပုဏ္ဏာဝန်း။ ငွေသော်တာထွန်းဝင်း။ ။ မိုးယံမျှော်မိသေး။ ဖန်ဖန်ဆွေး။ ပူဝှန်ပိုပွားရင်း။ ။ သုံးယာမ်သံရင့်ညောင်း။ သာငွေမောင်းကညံညံဆော်။ ပျော်နိုင်ပေါင်ခွေရက်ကယ်လင်း။ ။

## ၄။ ။ ပြင်စည်မင်းသားရေးသောတလိုင်းကြာစေ့ကောက်။ (နှင်းယွန်းဂိမ္မာန်)

နှင်းယွန်းဂိမ္မာန်။ လေပြန်ခါနွေ။ ပြောင်းတဲ့ညောင်းညှာကြွေ။ ။ မျှော်လေလေဆွေး။ ရွှေပြည်တော် နယ်တိုင်းဝေး။ ။ သောင်းကျေးဒီပါဘွေ။ ညီးလင်းအရောင်ဝေ။ ။ တောင်ရေဘီလာ၊ သီတာပတ်ဝန်း။ ရင်ဘောင်ရွှေအဏ္ဏဝါ။ ။ ရွှေရံကာ၊ ဘွေစံရာလေ။ ဖြန့်မြန်းလျှံညီးလန်း။ နေနှုန်းနန်း။ ပျော်ရာထွေ၊ ထွေထူးဆန်း။ ။ သင်းပျံ့လှိုင်ကြူထုံ။ မွှေးရွှေဝတ်မှုံ။ ။ ပန်းကစုံစုံ၊ သာနယ်ရဂုံ၊ ကြည်းဘွဲ့ရေယမုန်။ ။ ရွှေဘုံဟံသာကွန်း။ လွမ်းဖြေဆီ ကျွမ်းရနေမတည်။ . ။ လေပြည်ညှင်းဆော်သွင်းမြူး။ မှိုင်ကာခွေ၊ ခွေယိမ်းမူး။ ။ ထူးထူးထွေထွေ။ ထူးထူးငယ်များထွေထွေ။ သောင်ငွေယမုန်ထဲ။ သဲခုံဘွေ။ သဲခုံဘွေ။ ငှက်ဘော်စုံရွှေ။ ။ နန်းရွှေဘုံမြေ။ မျှော်လေဆွေးဆွေးလျှာဘွယ်။ ။ မြတ်ဆံတော်မွေ။ စုံခြေဦးဖူးစို့မယ်။ ။ ခါဘယ်ဝယ်မှန်းသည့်။ လှမ်းနိုင်ဘွယ်။ လွမ်းလွမ်းရန်ကြွယ်။ စုံနယ်သာသာမျိုးဆန်း။ လေ။ ခိုင်လုံးလန်း။ ဂန္ဓာကြိုင်ကြိုင်မွှေးပန်း။ ။ မြန်းရွှေညီလာ။ ပင်နန်း-နန်းရိပ်သာ။ ကျေးရွှေသာကာ။ ဖေါ်ရှာလှယ်။ သွယ်သွယ်ရေး။ ။ (လေသွေးလှိုင်ကြူ။ ခိုင်ပန်းမဥ္ဇူ)၃။ မြနန္ဒာမူ။ ရွှေကူထဲရွှေသဲဧ။ အိုဖန်ဖန်ဆွေး။ မျှော်တွေးမူး။ ခွေကာခွေယိမ်းနူး။ ဖူးရွှေစာညှိုးလျကံငယ်။ နတ်ကယ်ဖန်လာရေး။ မြင်တော်နေး။ ပူဟုန်ပိုပွားရေး။ ။ သုံးယာမ်သံရင့်ကြူး။ ခေါင်လေမြူးလို့-လင်းရောင်လာ။ ပျော်ပါနိုင်ခွေရက်ကယ်မူး။ ။

## ၅။ ။ မြဝတီဝန်ကြီးရေးသောတလိုင်း ဥက္ကလာပ-ပြန်။ (စိန်ချယ်ညီးလင်းရောင်နယ်)

စိန်ချယ်ညီးလင်းရောင်နယ်။ ရေယဉ်နန်းမြန်းစမွှာယ်။ သုံးရွှေညာမယ်ငယ်ဆေးလေး။ သင်းသင်းမွှေး။ ။ သောင်းသောင်းကြွေး။ လွမ်းကြောင်းရေး။ ရွှေဒွါလောင်းရွှေတံမွှာ။ ညှင်းညှင်းသာသည်လေ ခါကောင်းရွှေး။ လွမ်းကြောင်းရေး။ ။ ဆွေးလျကြွေဘွယ်။ မောင်မယ်တည့်ခေါ်ထူးအေး။ ကျေးသာကာစော။ တောမှိုင်းညိုလွင်။ ။ ချစ်ဆွေး ချစ်ဆွေးအင်။ သွယ်ငှင်ဆိုတင်းမေး။ ။ ပတ်ခြံ့သံကြွင်းကြွေး။ ဆွတ်ဖြန်းသည်လွမ်းရေး။ နှင်းယွန်းသာဟေမန်။ လေပြန်လောင်းပြောင်းမည်ဟန်။ မှန်နန်းကွာလှမ်းဝေး။ ။ ဆွတ်ဖြန်းသည်လွမ်းရေး။ တိုင်းကျေးဘယ်မြေတာ။ သုံးရွှေလုံးညှာ။ ။ လေးတဲ့ပူဇာ။ မဥ္ဇူမာလာ။ ဖြန်းတဲ့နေနှင့်ကြာ။ ။ လွမ်းရာဆင့်ဆင့်ဖြိုး။ ညှိုးလျဘွယ်မိုဃ်းကထွေသံသာ။ ရောငယ်လေလျှံညီးလင်း။ သောင်ငွေသော်တာမျှော်ရာဝယ်။ မင်းမယ်နှင့်။ ရေးမဆနိုင်။ ဆွေးလျှကြွေလှူဘွယ် ။ ။ သွယ်သွယ်၊ သွယ်သွယ်။ ဘယ်ဆီမှန်း၊ မျှော်တမ်းဆွေး။ ဟံသာနန်း။ ကွာလှမ်းဝေး။ တိုင်းကျေးမြေတာ။ တိုင်းကျေးငယ်ဝေးမြေတာ။ ပျော်တော်နိုင်ပါရေး။ ဘွေသီဟာ၊ ဘွေသီဟာ။ မြင့်ညာပိုင်စိုးရက္ကန္ဒာ။ ဖန်လာတည့်ဖန်ဘဲရေး။ လဲ့သွေးငယ်ဝေးက တင်ဆင်ကာ။ ကိုးရာမဲ့ဘုန်းငဲ့ပြင်သာ၊ ဘယ်မှာမှ။ သွေယွန်းနေး။ ရောယဉ်ထွေ။ ရေလှိုင်းဖွေး။ ကျူးဇေ-ကျူးဇေ။ လေထွေသံသာ။ မိုဃ်းတိမ်တိမ်လွှာ။ ညှိုးသိမ်နွဲ့ရှာ။ ။ သိင်္ဂီဝင်းမှည့်ဆင်းရွှေဝါ။ ပျော်မြူးကြူးသံသာ။ ။ တိုင်းရွှေညာငယ်လေကြာနန်းဘွား။ သီးချား၊ စောဖျား။ နှိုင်းသွေးငွေသော်တာ။ မိုဃ်းတိမ်တိမ်လွှာ။ ညှိုးသိမ်နွဲ့ရှာ။ ။ ဂီဝါရောင်ရှိန်စိန်ပွင့်ဖွေး။ ကျူးဇပြေန်လှာ၊ ဂန္ဓာထုံရည်သွေး။ ကျေးရွှေသာကာ။ ခိုင်ညှာရွှေမြှုံထဲ၊ နွဲ့ပျူငှာ။ နွဲ့ပျူငှာ။ သောင်းရွှေလုံးညာ။ ဆယ်ကြာ၊ သွယ်ဖြာ။ မျှော်တော်မူရာသာပါဘူး။ နူးကြည်စွာ။ သည်မှာမယ်ဆွေဦး။ ကျူးသံသာ။ သိင်္ဂီ မှန်ရွှေနန်း။ ဆန်းသော်တာ၊ ဆန်းသော်တာ။ များရွှေညီလာ။ ။ *သောရာမြင့်သုံးဆင့်သံချိုညွှန်း။ ယုန်ငွေဝန်း။ ဖန်ခါခါ ဆွေးကြောင်း။ ။ တိမ်ခြေငွေနှင်းပေါင်း။ လေပြန်လာသွန်းလောင်း။ ။ နန်းသူပူဆွေးကြောင်း။ ဘွေသဉ်ကြာမင်းပေါင်း။ ။ ငယ်လေးခွေညှိုးပျောင်း။

---

* သောရာမြင့်သုံးဆင့်သံချိုညွှန်း။ ယုန်ငွေဝန်း။ ဖန်ခါခါဆွေးကြောင်း။ ။ ဟူရာ၌ (သောရာ) မှာ (သောရီ) စနေနံကို ဆိုလိုသည်၊ (ယုန်ငွေဝန်း) မှာ။ တနင်းလာနံကို ဆိုလိုသည်။ တက်တက်တူခါးခါးဟု တွန်သံကြားရသည်မှာ။ လွမ်းစရာကောင်းလှသည် ဟူသောစကားကို - ပဟေဠိဖြင့် ဝှက်၍ရေးသားထားသော စာပိုဒ်ဖြစ်သည်။

## ၆။ ။ ပြင်စည်မင်းသာရေးတလိုင်းသံစုံ။ (ကောင်းကြီးသင်္ခါရွှေနေဇာ)

ကောင်းကြီးသင်္ခါရွှေနေဇာ။ ဘုန်းမိုဃ်းစွေကာ။ သွန်းဖြိုးဇေယာ။ ဟသ်ာတွေ၊ အောင်မြေရွှေဘုံဦး။ ဩဘာတော်သာ ကျူးရင့်ကြွေးကြော်ငြာ။ ကြွေးကြော်ငြာ။ ။ ပိုင်စိုးသောင်းမြေနယ်ဒီပါ။ သီတာဘီလာရံဝန်းသွယ်။ ပင်လယ်ဝေမို့ ရေလှိုင်းပြိုင်။ လေးဆိုင်။ လေးဆိုင်။ ဆယ်ခိုင်စကြာရှိဦးခိုလှုံခါ။ ။ မြန်ဇမ္ဗူချာလုံး။ စံမတူရာဘုန်း၊ ရေမြေခွန် ယူကြုံးလိမ့်ရွှေတေဇာ၊ ရွှေတေဇာ။ ။ ထီးရာပြည်ပြည်မင်း။ နှင်းပုံလာများလွန်းစုံပဏ္ဏာ။ ။ ဘုန်းပန်းမင်္ဂလာ။ မှန်ဣန္ဒာညွှန်း။ မြမန်းဘုံရဝေ။ ငွေစန်း။ ချွေသန်း။ နေနန်းလင်းထွန်း။ တိမ်ဆိုင်း ဝေမမှောင်။ ဝင်းရွှန်း ဖလ်တန်ဆောင်။ ။ သာခေါင် ဖြာရောင် ရွှေတောင် သိုက်ညွှန်း။ နေရုံဘွေမဏ္ဍလာ။ ။ ဝေဆာကြိုင်လှိုင်လန်း။ ပန်းမာလာမွှေးပျံ့ ရွှေနန္ဒဝါ။ ။ သာသာ မျိုးကြူး၊ လေပြေလေညှင်းမြူး။ ထူးထူးထွေထွေ။ ထူးထူးငယ်များထွေထွေ။ စုံခြေရဂုံတော၊ ငှက်မွန်ငယ်လေ ဘော်ချင်း နှော။ စောမယ်မောင်ရေညို။ သီတာရင်ဘောင်ရွှေသဲဖြူငွေသောင်။ ။ လွမ်းအောင်ဘန်လာရေး။ သံသာသံကျူးဇေ။ ။ လေးဒီပါကျွန်းကျွန်းပိုင်ယူကျုံး။ ကြေညာဘုန်း။ ရွှေတေဇာထွန်းလင်း။ ။ မန်းမြေတောင်များထီး၊ ရွှေပြည်ကြီး။ တည်စံရာ ရွှန်းဝင်း။ ။ စကြာပိုင်စိုးမြန်း။ ဆယ်ကြာပန်း။ ဦးနိမ်ခါမင်းမင်း။ ။ ငယ်လေစက်ဘွားတော်ရင်း။ ။ ဝေယန်သိင်္ဂါ မိုးညွှန့်ခင်း။ ဆဒ္ဒါန်ရှစာနတ်နှင်း။ ။ ဣန္ဒာသည်မှာနှုန်းရဘက်မယွင်း။ ။

## ၇။ ။ ပြင်စည်မင်းသားရေးသော တလိုင်းဆယ့်နှစ်ခန်း။ (ညှင်းညှင်းပဥ္စင်ရွှေတံမြှာ)

ညှင်းညှင်းပဥ္စင်ရွှေတံမြှာ။ ။ ကျူးဇေ၊ ကျုံးဇေ။ ပြန်လှာ-လေ။ ဆော်သံဝါရွှမ်း။ လွမ်းဘွယ်ရာ။ ညွှန်းရွှယ်ခါ။ ။ သီတာယဉ်ရေခွေဝန်းမြှောင်လို့။ လွမ်းနှောင်ရွှေအဏ္ဏဝါ။ ။ ကြင်ဘော်ကွာ၊ မြင်တော်လာ-လေ။ မျှော်ကာပူဆွေးရင်း။ အိုပျော်ဘဲလင်း။ ။ ခင်းစံဘွေလယ်။ ငွေနှင်းနှင်းမှုံချယ်။ ညှင်းသာလေဝယ်။ မျှော်တော်ဖြေ။ ပြေဘဲရင်း။ ။ (စံခင်းဘွေဆိုင်။ ကိုယ်ထူးပျော်နိုင်)၂။ မှိုင်နွဲ့ခွေယိုင်။ သဲဆိုင်လောင်ကြွေကျွမ်း။ ။ အိုဘန်ဘန်လွမ်းရပူဝန်ပိုပွားရင်း။ ။ တိမ်စင်ငွေစန်းမှာ။ ထင်တော်သာခုရွှေရုပ်သွင်။ မြင်လာပြန်ရက်ကယ်လင်း။ ။ နှင်းလှိုင်ပြန့်ခင်းစံရာ။ သင်းကြိုင်ပျံ့ပန်းမာလာ။ ကေသီကျော့ မြဆံညှာ။ သိမ်းနိုင်ပါခုပူဝန်သွယ်ဖြာ။ ရွှေသဲဘွင်မှာ။ ဆည်ပါနိုင်ဘဲကျွမ်း။ ။ လွမ်းဖြေပုံသည်ဝယ်။ တောင်နယ်ထု ဆင့်ကဲ့ယွန်း။ ။ ရွှေနေရုံညီလာ-ဒီပါဖြန့်တုနှုန်းလွန်း။ ။

## ၈။ ။ ပြင်စည်မင်းသားရေသောတလိုင်းပိမ္မာသာလွှဲချင်း။ (စိန်မြရံချယ်)

စိန်မြရံချယ်၊ သိင်္ဂီရောင်နွယ်ဇေယျဉ်လယ်။ ။ ရွှေရွှယ်ပျော်တော်ကြူး။ တိမ်ယံအလျှံဝေ။ ထွေးဆန်း၊ စံခန်း။ နန်းမြင့်ဦး။ ။ မောင်မယ်ကြုံတော်ဘွယ်။ တောင်ရေမြေတနယ်။ ။ မယ်မယ်ကြုံနိုင်ဘူး။ ထူးအချွန်လေအောင်။ မှင်စောင်ညီးညီး လင်းလင်း။ ထိန်ထိန်ဖြာရှိန်ဝင်း။ မစာမညှာလေ။ လောင်ကြွေခွေညှိုးရင်း။ ။ ညှင်းညှင်းသံသာ။ ပဥ္စင်ရွှေတံမြှာ။ ။ သင်္ခါထက်မွန်။ ဝဇီရဇိန်။ ဝန်းရှိန်မျှည့်ဝန်း။ ။ တောင်နယ်ရေညွှန်း။ ဘယ်မြိုင်နယ်စွန်း။ မြန်းလိမ့်ညာမြေခွန်။ ။ ကဲလွန် ဆင့်ဆင့်လောင်း။ နှောင်းမြင့်ဝယ်။ လောင်းမင့်းမယ်ဆွေကျွန်။ ။ လွမ်းဝုန်ဆင့်ဆင့်ဖြိုး၊ ညှိုးလျှုဘွယ် မိုဃ်းကစုံတာသွန်။ ။ ကျွန်ကျွန်လွန်း။ ဆည်ဆည်ပြေပြေရွှယ်ရွှေမွန်။ နန်းမြမယ်။ ဆွေစလိန့်လေ။ ဝေးကတွေးညာဏ်ညွှန်။ ။ သာသာလွန်။ ဆွတ်ဖြန်း၊ ဝတ်နန်း၊ သင်းမြူး။ ဘုန်းကိုယ်တော်သွင်။ မြင်လဲတိမ်းမူး။ ဆန်းဆန်းထူး။ သဲကြွေလူဘွယ်ရေးရာဆင်။ နန်းမြေမြဝယ်လေးမယ်ခင်။ ညွတ်စေခရန်ဆွေးဘွယ်ပင်။ ။ သည်ရွှေဘွေခွင်။ မောင်မယ်ပူအင်မြင်တော်ပါ။ သဲဘွင်ခုလွမ်း မဆံ့နိုင်။ ကျွမ်းလိမ့်လွမ်းနှောင်ဖြာ။ ဆွတ်ဖြန်း၊ ဝတ်နန်း၊ သင်းမြူး။ ဘုန်းကိုယ်တော်သွင်။ မြင်လဲတိမ်းမူး။ ရှိန်းရှိန်းနူး။ ကျူးရင်ဇလို့လေးဒီပါ။ ဖူးပွင့်နေးလို့တွေးရောင်ကာ။ ။ နေနှင့်ကြာ။ ကြေညာနီးဝေး၊ မယ်ဘွေရှာ။ တိုင်းကျေးမြေတာ၊ တိုင်းကျေးငယ်ဝေးမြေတာ။ ဖန်ရာလွန်ကြည်ကွဲ။ ကြုံတော်ပြန်လှာ။ ။ စံရာလယ်မိုဃ်းညွှန့်တိမ်လွှာ။ ဘယ်မှာမှပူရနဲ။ ။ မယ်မယ်ပူအင်မြင်ရက်ဘဲ။ သဲငယ်လောင်ကြွေစေ။ ဖန်ရေရေ။ ။ ဆည်ဆည်ဖြေဖြေနေလို့လဲ။ မြခဲထွေ။ အဏ္ဏဝေရေ ရည်ဝဲ။ တင့်ရှဲဝေ၊ တင့်ရဲ့ဝေငယ်လေ။ ။ ဖန်ရာသွယ်ခွေဘွေပြန့်ထဲ၊ တန်လဲကြွေ။ ဆည်ဖြေနိုင်ပြီဘဲ။ မယ်သဲထွေ။

ဆူသဲကြွေဘွယ်စေ။ ။ နတ်ရေကွန့်နှင်းငွေ့လေပြန်လောင်း။ သာနွေပြောင်း။ ရွာပြန်လာသွန်းလောင်း။ ။ နန်းမြေ ရွှေတိုင်းကား။ ရွှေညီလာမင်းပေါင်း။ ။ သဲကြွေနေနှုန်းနန်း။ တွေသဉ်ကြာ။ မယ်သာပူဆွေးကြောင်း။ ။

## ၉။ ။ ပြင်စည်မင်းသားရေးသော တလိုင်းလွှဲချင်းတမျိုး။ (သောင်းကျေးဒီပါဘွေ)

သောင်းကျေးဒီပါဘွေ။ တောင်ရွှေမြေကျွန်း။ ရင်ဘောင်ယမုန်ခြေ။ ။ ခွေသန်း၊ ထွေဆန်း၊ လင်းရွှန်း။ ။ တိမ်ဆိုင်း ဖြာအရောင်။ ။ မြူခိုးဝေမမှောင်။ ။ ရေတောင်ဖီလာဝန်း။ လွမ်းလွမ်းဘွယ်ဖန်။ ပန်းမလ်ကြိုင်ကြိုင်လှိုင်လှိုင်။ စုံမြိုင်ရဂုံတွင်း၊ ငုံဖြူဝင်းလျှံ ဝတ်ဆံသိင်္ဂါရွှေ၊ လေပြယူလဲ့ကြူ သင်းသင်း။ ။ ဝင်းဝင်းခိုင်ညှာ။ ရွှေလျှံမှုံမာလာ။ ။ ဂန္ဓာပျံ့မွှန်။ ရွှေတောင်ဘီလာ ။ တောသာဘွဲ့လွှန်။ ။ စီကျာသွယ်ဂုန်။ ယဉ်ရေတံခွန်။ စိန်းလဲ့ရှင်းကြည်လွှန်။ ။ ဝါသွန်ဖြူဝေလျှန်း။ ပန်းမြန်းကြွေညှင်းဝေညှာလေညွန်း။ ။ မြန်မြေကျွန်း။ မှုံပျံ့၊ ထုံနံ့၊ သင်းသင်း။ ခင်းစံကြော့ဘွေ။ ဆည်လဲ၊ ဆည်သဲဆွေးကြောင်း။ လွမ်းရေးပေါင်း။ ဝတ်ရည်နန်းလယ်မွှေးကြူစွာ။ ညွှတ်စေခရွယ်တွေးယောင်ကာ။ ။ မျှော်လဲမျှော်ရှာ။ ဘန်လာ။ သွန်းဖြိုးမန္ဒာ။ သွန်းဖြိုးငယ်မိုယ်းမန္ဒာ။ ဘီလာတိမ်ခြေဦး။ စံရာဘွေမန်းညာရွှေ။ ။ နတ်နေရှုလေးသုဘုန်းမို။ ဖန်တော်တည့်ဖန်ဘဲနေး။ သီဟာရွှေမြေ၊ ဘွေတိုင်းဝေး၊ သောင်းကျေး၊ သောင်းကျေး။ လေးဒီပါနယ်။ ဆွေးရန်သွယ်သွယ်။ တွေးကြံနိုင်ဘွယ်။ ။ သည်ဝယ်၊ ဆည်ဘွယ်၊ ဘယ်မြောက်မှန်း။ ရမ်းရည်ရွယ်။ မျှော်တယ်ပုံကွာလုမ်း။ နန်းနေနွယ်၊ နန်းနေနွယ်၊ ပန်းလေစေဘွယ်။ ။ မိုးယံစွယ်။ တိမ်နယ်ရွှေဘွေဦး။ တာရိန်မှုး။ သီတဂူထွန်းဝင်း။ ။ မိုးယံမြင်ဘဲရေး။ ဘော်ကွာဝေး။ ဆို ယောင်ခါညှိုးရင်း။ ။ သုံးယာမ်သန်းယိမ်းလွှဲ။ ပျော်တော်ဘဲခုစက်ပါနိုင်။ ထိုင်ကာမှိုင်ရက်ကယ်လင်း။ ။

## ၁၀။ ။ တလိုင်းတောင်ယံတောကြီး။ (တောတောင်ယံတောက။ မောလေအောင်။)

### ပြင်စည်မင်းသားရေးသော တလိုင်းတောင်ယံတောကြီး။

တောတောင်ယံတောက။ မောလေအောင်။ ။ ဝေးကြူးသီခေါင်။ ရီမှောင်ညိုညိုဆိုင်းဆိုင်း။ ဝေမှိုင်းမှိုင်း လေ။ ပင်တိုင်သာ၊ မာလာခိုင်ကြိုင်သင်းသင်း။ ။ နှင်းယွန်းဝသန်နွေ။ စုံမြိုင်ခြေဦး။ သာဟန်လေ သာဆန်းထူး။ ။ ငုံကင်းဖူး၊ ထုံသင်းမြူး။ ဂေါဇင်မင်း။ ဆင်းသိင်္ဂါ။ ဝင်းမျှည့်ညှာငယ်လေသာယိမ်းနူး။ မွှေးမျိုးကြူး။ ။ ထူးထူးထွေလာ။ ဝေဆာတည့်မြိုင်လုံးလန်း။ ပန်း-စုံမြိုင်တွင်း။ သင်းတဲ့သင်းကြိုင်စွာ။ တောင်စဉ်ရေယဉ်တော။ ရဂုံညှာ။ ။ သီတာရေကြည်လဲ့အေး။ ငှက်မွန် ဖြေတင်းမေး။ ပြူငှါသံကျူးကြွေး။ ။ ခါကူးဂိမှာန်နွေ။ တောင်ပြန်ညှင်းသွင်းသုတ်လေ။ ဆော်သွေး၊ မျှော်တွေး၊ ဘော်ကွာဝေး ဆွေးပူ။ နေနိုင်၊ ခွေယိုင်။ ဆွတ်ဖြန်းဖြေဆီနိုင်။ သုံးရွှေလုံးပိုင်။ ။ နှင်းယွန်းဘွေလှိုင်။ မဥ္ဇူကေခိုင်။ နွမ်းလျော့သာခွေယိုင်။ ။ သဉ်မြိုင်ကြာရံတွင်း။ သင်းပျံ့လှယ်ဝေးကစုံတနယ်။ ။ သွယ်သွယ်ငယ်လေမျှော်တိုင်းပန်း။ ငုံရွှေ၊ မှုံရွှေ၊ ထုံလေပြေ။ တိုင်းဟံသာကျေး၊ ဝေးမြေသီခေါင်၊ ကျွမ်းဘို့လွမ်းဆည်ဖြေ။ ။ ဆွေဆည်၊ ပွေနှည်။ နေတည်ပန်းအောင်လဲ့ညှိုး၊ အာကာနန်းနယ်တရိုး။ ။ သွန်းဖြိုးမန္ဒာ၊ သွန်းဖြိုးငယ်မိုယ်းမန္ဒာ၊ တံမြွာရွှေစည်ကျူး။ ထူးသံသာ၊ ထူးသံသာ။ မန်းညာရင့်၊ မိုးမြင့်သီလာ၊ ဣန္ဒာခုဖန်လွှန်းသေး။ ဆင့်ကြွေးငယ်။ ဝေးကထင်မလွယ်။ ကိုး-နယ်ပြည့်။ သွန်းမည့်ပုံသာ။ ဘော်ကွာသူ့ ပူလွမ်းရေး။ သီတာရေယဉ်ကြည်လဲ့အေး။ ။ ဖွေးဖွေး ဆေးလေး။ သောင်းကျေးဘွေဒီပါ။ ဆန်းထူးထွေလာ ဆန်းထူး ထွေလာ။ ။ ရောအဏ္ဏဝါခွေပတ်ဆီး။ ။ ညီးညီးလျှံဖြာ။ ရွှေဒွါရံရွှေလောင်း၊ သောင်းသောင်းညာ။ သီတာယဉ်ရောင်ခင်း။ ဆင်းသိင်္ဂါ၊ ဆင်းသိင်္ဂါ။ သွင်းလေပြေလာ။ ။ သော်တာငွေ။ ယွင်းရွှေ့ တိမ်လွှာဆန်း။ ပုဏ္ဏိန်နန်း။ သီတဂူပိုးဝင်း။ လွမ်းရံဘန်ဘဲရေး။ ဘယ်ဝတ်ကြွေး။ အိုကံသာညှိုးရင်း။ ။ *ပါးမှာထင်မူးမူး။ သန်းယာမ်ကြူးလို့သုံးဗဟိုရ်ကျော်။ ပျော်ပါနိုင်ဘဲလင်း။ ။

(သဖြန်) နှင်းနံ့မပြယ်။ များရွှေလယ်စမ္ပာယ်ညီသည့်။ ကေသီညွတ်ရုံး။ ။ လေးဆူဓာတ်ပုံ။ မြတ်တိဂုံဆံတော်မွေက။ သည်မေပူရန်ခင်းငယ်ကို။ တင်းဖန်ပဘုန်း။ ။

တလိုင်းသံ သီချင်း (၁၀) ပုဒ် ဤတွင်ရွေ့ပြီး၏

# ဘောလယ် သီချင်းများ

## ၁။ ။ လိုင်ထိပ်ခေါင်တင်ရေးသောဘောလယ်။ (စိန်ခြူးကြာညောင်)

### အိမ်ရှေ့မင်းအဆောင်တော်ကိုမကြွလာ၍ လိုင်ထိပ်ခေါင်တင်ရေးသောဘောလယ်။

စိန်ခြူးကြာညောင်။ လရောင်-လင်းပါလို့။ မှန်ရွှေပြူတင်းရယ်က-မယ်ခုမျှော်။ ။ သုံးချက်စည်တော်။ ရိုက်ဆော်ညှင်းတယ်လေး။ လင်းရွှေကြက်ဆော်။ ။ သဇင်သင်းပါတဲ့-ခင်းပြန့်ပေါ်။ လာနိုးငယ်မယ်မျှော်လို့။ တကိုယ်တော်ထူး။ ထွေရာစိတ်ကူးပါလို့။ ဖူးရွှေလက်တင်။ ဖြစ်ရေးကုန်စင်။ ဘဝင်တုန်ဆွေးတယ်လေး-တွေးကြံလိုက်ရင်။ သစ္စာတော်စူးပါစေ့-ဆိုဦးကပင်။ ခင်လေးကို-မောင်ကြင်ငဲ့။ ရာသက်တွင်ဘဲ။ နောင်သွေမလွှဲပါဘု။ ယုံတော့မေ။ ပြဒ္ဒဆောင်ဘွေ-သီဟာတင့်တယ်လေး။ စိုးညာမြင့်နေ။ နတ်ဒေဝီဖြားသော်လဲ တပါးကိုသွေ။ ရှစ်ပြပ်မွှာခွေပါလို့။ အောင်ဖေယျာညွှန်း။ မတ်ခွေရှေဝန်းငယ်နှင့်။ ရေသွန်းတော်ခံ။ မဟေသီမှန်၊ ဒေဝီတပ်တယ်လေး။ ဦးဆယ်ထပ်ရံ။ ။ သည်မယ်တင်စားပါလို့၊ ကြင်အားငယ်သန်၊ ခများမှာ-တညာဏ်နှင့်၊ မူဟန်တော်ခြား။ ပြုတော်မူအားသူမို့၊ မျက်ထားတော်မှုံ။ မသိပြင်ပြင်။ အရင်သူစိမ်းတယ်လေး။ ပိန်းပိတ်လို့ခြုံ။ ။

**(သဖြန်)** အချစ်ကိုယုံ၊ ပုံပါငဲ့အလုံး။ ။ ရှောင်လွှဲနေပျော်လို့၊ မကြည်သော်- မျက်တော်ဖုံးတယ်။ ဘယ်တွက်ကြောင့်မုန်း။ ။

## ၂။ ။ လိုင်ထိပ်ခေါင်တင်ရေးသော ဘောလယ်။ (နာဂဆဒ္ဒန်)

### အိမ်ရှေ့မင်း မျက်မာန်တော်ပွားကြောင်းကို။ အိမ်ရှေ့မိဖုရား လိုင်ထိပ်ခေါင်တင်ရေးသော ဘောလယ်။

နာဂဆဒ္ဒန်၊ သန္တေမှန်နှစ်ပေပ။ ချိန်မူးစစ်-တိမ်တိုက်စံ။ စက်သွားသီလဝင်။ စိန်ရွှေရိုးငယ်လေး။ ဘိုးပြည်ထိုက်တန်။ ။ ရွှေကိုယ်တော်ဘုန်းမှာလ၊ လက်သုံးတော်မှန်။ မချွင်းချန်ပါနှင့်-ရာသက်ပန်ပေါင်း။ မြတ်ဉာဏ်ယူလောင်းပါလို့။ ဆုတောင်းပါတယ်။ ရာဇဂုဏ်မာန်။ ကြိမ်ကြိမ်ထပ်တယ်လေး။ ပိုင်းသတ်မဲ့ရှယ်။ ။ တကယ်ပင်မုန်းတော့မလား။ မောင်ဘုန်းကြွယ်။ ရှောင်လွှဲငယ်သွေဖယ်လို့။ မတာတွယ်ဘဲ။ ရွှေရင်ထဲမှာလှ။ ငွေသဲဆိုင် ကျွမ်းလူကြွေယိုင်။ အို - ဆယ်ပြန်သက်ကိုလေး။ နင်းဆက်တော့နိုင်။

မြတ်စိန္တေဦးမှာလ။ ဆုထူးတော်ပိုင်။ မယိမ်းယိုင်အောင်လို့-ကြံပါကဘဲ။ ဘုန်းမတန်ဘဲငယ်နှင့်-ကံလဲမကူ။ သင်းပျံ့ဘုံဘွေ။ တကိုယ်ရေဆွေးတယ်လေး။ တွေးကြံလို့ပူ။ ။ မာလာရုံကွန်းမှာလ-ချွေညွှန်းပျံ့ကြူ။ ဟိုရှေးငယ်တမူနှင့်။ မတူလေဘဲ။ ပေါ်ရုံချွဲငယ်နှင့်၊ ထဲဝါပုံဆောင်၊ သိပေ့ါသခင်။ ဘမယာကွန်းမှာလေး။ ထွန်းနေလရောင်။ ။ ဆိုဆိုပေသားငယ်နှင့်။ မယ်နားမထောင်။ ရိုးပြာမြေတိုင်အောင်ပ-ကြံရှယ်ဆောင်ပေါင်း။ ရှေးသူဟောင်းငယ်တို့-ပုံသက်သေ။ နိမ့်မှသောင်၊ နောင်မှသိမယ်လေး။ ထုံးရှိလျက်ပေ။ ။

**(သဖြန်)** တွေးဆမချန်။ ရှေ့နောက်ကယ်ပြန်လှန်လို့။ ဖန်ဖန်စိတ်ထဲ။ ။ ဘုန်းရှိသူ။ မုန်းပြစ်ကိုရင်မယူနှင့်။ သွင်တမူ-ကြင်သူလွှဲပါဘူး။ ထူးတဲ့ကံဘဲ။ ။

## ၃။ ။ လိုင်ထိပ်ခေါင်တင်ရေးသောဘောလယ်။ (ပဏ္ဍုသေလာ)

### အိမ်ရှေ့မင်းအကြောင်းကို။ အိမ်ရှေ့မိဖုရား။ လိုင်ထိပ်ခေါင်တင်ရေးသောဘောလယ်။

ပဏ္ဍုသေလာ၊ ကွယ်ခါပျောက်ခါမှ။ သွေခါဖောက်မယ်ပ။ အိုသက်လျာ။ ဆိုဘူးသည့်တာ၊ ကျိန်သစ္စာဖျက်တယ်လေး၊ ယွင်းသွေကွက်ရှာ။ ။ ကြိုင်မာလာကမုဒ်ကယ်က။ နောင်သွေခါယုတ်စေတဲ့-ရွှေနှုတ်ချွေခါ။ သုံးသိန်းနှစ်လီ။ စေတီထူးငယ်လေး။ စူးစေတော့သာ။ ။ သည်မယ်တပါးရယ်က။ ကြင်-ကြင်ဝန်ပွားပါလို့၊ ထင်စားမိတာ၊ ခမှတခါ-

မောင်လှူတင်စားကိုလေး၊ အားသတ်လို့သာ။ ။ နေဝံသာသွားပေမို့၊ သေလိုသေထားရော့ထင့်။ အားငယ်မိအို။ ဆွေးဝန်ပိုမို။ မယ်တကိုယ်တမ်းငယ်လေး။ လွမ်းစိတ်နှင့်ငို။ ။ လက်လှမ်းခွါညို၊ သည်ပြာသိုဆောင်းတွင်မှ။ ဆင်တော်ရန်-နှောင်းပုံသို့။ အောက်မေ့မပြေ။ ရွှေသဲညွတ်ကြွေ။ ဆည်မပြေကျွမ်းတယ်လေး။ လွမ်းဗျာထုပွေ။ ။ ကြိုင်ဂန္ဓာကွန်းရယ်က။ ခိုင်မာလာညွန်းပုံသို့။ သွေယွန်းတော့စေ။ ဆော်မြောက်ပြန်လေပြေက။ စာချွေလေဘဲ။ မယ်တကိုယ်ထဲဟာမို့၊ ငိုပွဲတော်ဆုံ။ ခေါ်မရွှေစောင်။ ရာထောင်ထွေးတယ်လေး။ အေးစေခွင့်ကြုံ။ ။ မှာတော်မူဘူးရှာတဲ့။ ခိုင်မာလာဦးငယ်က။ ကြုံဘူးရအင်၊ မယ့်နဲ့လိုပင်။ မောင်ကမကြင်၊ ခိုင်သဇင်ခက်ကယ်လေး။ စိမ်းရက်တဲ့သွင်။ ။ ယူရွှေဉာဏ်ဆန်းပါပေ့။ အိုသေသေပန်းစေလာ။ သန်းရွှေထုခွင်။ ဆင်မြန်းမကြင်။ ဘဝင်ငယ်ထိတ်တယ်လေး။ လွမ်းစိတ်ကဝင်။ ။

## ၄။ ။ လှိုင်ထိပ်ခေါင်တင်ရေး၍ ဆက်သော ဘောလယ်။ (ရှုသဲသာထွေ)

### ခဲအိုတော်ပဉ္စမသင်္ဂါယနာတင်-မင်းတုန်းမင်းတရားကြီးထံ လှိုင်ထိပ်ခေါင်တင်ရေး၍ ဆက်သော ဘောလယ်။

ရှုသဲသာထွေ။ တောင်ရေချုပ်ပါလို့။ မန်းရပ်သာစွ-စံဌာနီ။ ရာပြည်ပြည်-စက်စုံဖူးတယ်လေး။ ဦးလုံ့လို့ချီ။ ။ သာပေါင်းခ ပါလို့၊ မြနန်းတည်။ သုဒဿကယ်ရွှေပြည်နှင့်-ပုံမဝေး။ ဂဝံကြွေးပါလို့၊ သိုက်သြဘာ။ နှစ်ပါးညီနှောင်။ ဆက်ဆံတင့်တယ်လေး။ အေးရေနှင့်ကြာ။ ရှစ်နယ်တိုင်းက-ပိုက်သိုင်းဖြာ။ နတ်မှူး-ဆွေဣန္ဒာက။ ချိန်ခါမလွဲ။ စိန်ခရာန္တဲပါလို့၊ ဆွတ်ဖွဲ့သီ။ ရွှေကြက်ကယ်-နှောင်ညီက။ မှောင်ရီယှက်ကူးတယ်လေး။ ကျူးသံရင့်ကြွေး။ ။ တကိုယ်ရေးငယ်မို့၊ ဆွေးတဲ့သူ။ ဖေါ်ဝေးရှာသူလို့၊ မှတ်ယူမထား။ လျှပ်နယ်စိန်သားရယ်နှင့်။ စက်သွားတော်လှုံ။ ပိုက်ထွေးမလုံ။ ယဉ်ဗွေရိပ်မှာလေး။ သဲထိတ်လို့တုံ။ ။ မယ်ရှိရှင်ခိုးပါငဲ့။ ရွှေမိုဃ်းပဇ္ဇုန်။ နတ်မှူးဆွေအမ္ဗုန်က။ စည်တော်စုံကျူး။ ဘယ်ငြိုးမာန်ထူးငယ်နှင့်။ ပြုံမည့်နယ်။ ကသစ်သဘင်။ သေနင်ကျင်းတယ်လေး။ လင်းကွန့်မချယ်။ စပယ်သေးငယ်နှင့်။ မုလေးသွယ်။ ယှက်သန်းရောင်ချယ်တဲ့ဆောင်ဗွေလယ်ဦး။ သုံးပဟိုရ်ကြူးတောင်မှ-စက်မပျော်။ ။ ရွှေဒေါင်းဖလ်ရှိန်။ သူရိန်ကျင်းတယ်လေး။ လင်းကြက်ကဆော်။ ။

## ၅။ ။ အိမ်ရှေ့မိဖုရား- လှိုင်ထိပ်ခေါင်တင်ရေးသော ဘောလယ်။ (ထုံပန်းမာလာ)

ထုံပန်းမာလာ။ ရွှေစပယ်ဖူးငယ်သို့။ မယ်ကြင်စဦးပေမို့-ယုံမိတယ်။ ခမှတကယ်။ ရွှေစပယ်ခက်ကယ်လေး။ မုန်းရက်လှတယ်။ ။ ရွှေစပယ်ရိုးလိုပ။ တိုးခိုခတယ်။ ပြန်ထွေး-စာနာလှယ်အုံး။ ထယ်တော်မူအား။ နောက်တဖုန်ခြားပါလို့၊ သုန်အားရန်။ မယ်ဖြင့်ဘုန်းဝေ။ ရွှေစပယ်မြစ်ကိုလေး။ တိုးချစ်တဲ့ဘော။ ရွှေစပယ်ခက်ကယ်သို့။ ကြင်သက်ဝေ။ သက်ဆုံးတိုင်မှန်စေပ။ မသွေစတမ်း။ ပျူငှါတော်ကြမ်းပါတဲ့။ ရွှေသန်းရင်။ လွဲလေ့သစ္စာ။ ရွှေစပယ်သီးငယ်လေး။ နီးလျက်နှင့်ကွာ။ နောင်ရာဝင်ဆန်းအောင်လို့၊ ဥဒါန်းငယ်တွင်။ စက်သွားတော်သီလဝင်နှင့်။ အရှင်မထား။ ရွှေလည်ကိုသားပါလှဲ့။ သော့မကြာ။ သက်ဆုံးတိုင်တိုင်။ စပယ်ညှာသေးငယ်လေး။ ဆွေးစေတော့သာ။ ။

## ၆။ ။ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်ရေးသော အမျှော်စိုက် ဘောလယ်။ (ပုလဲမြိတ်စုံ)

ပုလဲမြိတ်စုံ။ ကုဏ္ဍန်ခြားပါတဲ့။ နရားရုပ်ကြွ။ မြခက်သွယ်။ ရွှေကိန္နရီ-ရုပ်ခြည်ဆန်းတပင်လေး။ ပန်းဘုံမြင့်လယ်။ ။ ထင်လာနိုးငယ်နှင့်။ မြှော်ကိုးယောင်ဘွယ်။ သက်ဆုံးတိုင်ကြံရွယ်တဲ့။ ရွှေစပယ်ကုံး။ မြတ်ဉာဏ်ယူသုံးပါလို့၊ ကြော့ဆုံးကေသီ။ ဘုန်းမဲ့သွင်ပြင်။ လိပ်ပြာဝေးတယ်လေး။ ဆွေးပိုခဲ့ပြီ။ ။ သဲရွှေဘွင်ကျွမ်းစေဘို့၊ မယ်လွမ်းချိန်မှီ။ ရွှေစကြာ-စုံနှစ်လီပ။ သီသီမမြန်း။ ခိုင်မာလာပန်းငယ်နှင့်။ စက်ခန်းတော်ပုံ။ မော်ယွန်းသဏ္ဍာ။ ဆောင်တော်ကွေ့မှာလေး။ ဖူးတွေ့မကြုံ။ ။ ငွေယုန်ရီစောင်းပါပေ့ါ။ ခါနှောင်းတော်ပုံ။ ရှေ့ကျွန်းဝိဟာဘုံက။ ထွက်ပေါ်လှုံနီး။ သုံးပဟိုရ်တီးပါပေ့ါ-မျှော်မမြင်။ ရွှေကြက်သံချို။ ဆော်လှာသွင်းတယ်လေး။ လင်းမယ်လို့ပြင်။ ။

## ၇။ ။ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် ရေးသော အမျှော်စိုက်ဘောလယ်။ (ပတ္တမြားယှက်ရုံ)

ပတ္တမြားယှက်ရုံ၊ ပုလဲငုံသန်းပါလို့။ စိန်မှုံကိုက်ပန်းငယ်နှင့်။ ကြာနန်းပေါ်။ မေးစက်မပျော်။ ဖလ်သူရိန်ကွန်းငယ်လေး။ ထွန်းပြန်လှူနော်။ ။ ကြွလာအုံးမှာလ။ ဘုန်းခုမျှော်။ ညာနန်းဘမယာပျော်က။ မှာပုံတော်ခြား။ ပြုတော်မူအားပါပေ့။ သနားမညှာ။ ရှည်လရက်ကြာ။ ရွှေလွှာတော်လွှဲတယ်လေး။ သဲကြွေတော့သာ။ ။ မခွဲခဲ့ဘူးပါဘု။ ကြော့မှူးလကျာ။ ဆက်တိုင်းငယ် သံသာက။ နံ့ *ပန္နာထူး။ ကံနစ်ဖြာကူးရှာတဲ့။ ဖူးရွှေညွှန့်ငုံ့။ ခုမှတပုံ။ ဘယ်နတ်မျိုးငယ်လေး။ ငြိုးခိုက်နှင့်ကြုံ။ ။ ညဥ့်ခြုံတော်ဝေးသူမို့။ ထွေးပိုက်မလုံ။ နတ်မှူးငယ်အမွှန်က။ စိန်ဝိဇ္ဇုန်လင်း။ ငြိုးမာန်ဂုဏ်ခင်းပါလို့။ စစ်ကျင်းခါချိန်။ မေရုက္ခသိန်။ ရွှေဆိုင်ထုမှာလေး။ မှိုင်းပြိုလှူမိန်။ ။ ရှုမရဲစေဘို့။ ခုလဲအချိန်။ ရစ်သန်းခါနဂလိန်နှင့်။ မြတိမ်ပြာမှိုင်း။ စံဇေယျာတိုင်းဆီသို့။ ကွန့်လှိုင်းဆင်လာ။ နောင်မယ့်သက်လျာ။ မကြွလာတိုင်းကိုလေး။ ဆိုင်းရွှာပ, ဖျာ။

## ၈။ ။ မောင်မောင်ဘ ရေးဆက်သော ဘောလယ်။ (ဖူးပွေ့လက်တင်)

**အိမ်ရှေ့မင်းသို့။ မြင်းစာရေးကြီးညီ။ မောင်မောင်ဘ ရေးဆက်သော ဘောလယ်။**

**လှိုင်ထိပ်ခေါင်တင်ရေးသော နာဂဆဒ္ဒန်ချီ ဘောလယ်ကို ပြန်၍ရေးသည်။**

ဖူးပွေ့လက်တင်။ တွေ့မြင်ချင်ရေးငယ်နှင့်။ နေ့စဉ်ပင်ဆွေးပါရ။ ငေးငိုမိမှိုင်။ လဲမလို့-သဲညို့ခွေယိုင်။ မပြေနိုင်ကြွမ်းတယ်လေး။ လွမ်းဗျာထုဆိုင်။ ။ လက်သုံးတော်ဓားကိုလ။ ယောင်မှားကာကိုင်။ နိုင်ချင်လိုလို့-ဟုတ်ပါဘဲ။ နှုတ်အာရဲတယ်လို့ အပြစ်တင်။ မချစ်ပြင်ပြင်။ ချစ်ရင်အကျိုးကိုလေး။ ငြိုးမာန်ဖွဲ့ဆင်။ ။ သတ်တော်မူရက်ထာဖြင့်။ အသက်ကိုပင်။ ကျေနပ်အောင်စီရင်၍။ ပြုချင်တော်တိုင်း။ ခစင်နော်ဆိုင်းပါနှင့်။ ပိုင်းဘို့ရယ်။ မြရိုးသီလဝင်။ သံစက်သွားကိုလေး။ ထားအပ်ပမယ်။ ။ ငါးပါးမာန်တက်သူမို့။ ရက်စက်လေတယ်။ သက်သက်ကယ်သွေဖယ်လို့။ မေတကယ်စိမ်း။ သေလွယ်မှငြိမ်းမှာထင့်။ နွဲ့ယိမ်းနွဲ့ယိုင်။ မြစိမ်းလဲ့ခိုင်။ သန္တေနစ်ကယ်လေး။ စိမ်းရှာဖြစ်နိုင်။ ။

## ၉။ ။ တောင်သမန်လယ်စား မောင်ဘေငယ်ရေးသော ဘောလယ်။ (သင်းပျံ့အေးကြည်)

သင်းပျံ့အေးကြည်။ †အီစတန်ပက်ပါလို့။ ကတီယံထက်မှာလ။ စက်တော်ခေါ်။ မပျော့်တပျော်။ ပျော်နိုင်ဘဲငယ်လေး။ လှဲရက်နှင့်နော်။ ။ ပုဏ္ဏမီစန်းရယ်က။ မြန်းကြွသော်။ တမ်းတမျှော်ပါလို့။ ထွေထွေတွေး။ ဖြေမအေးနိုင်ဘု။ ဖျောက်တုံးပူ။ နောက်အုံးမဲ့သူ။ နောင့်အသဲမှာလေး။ စွဲငြိလို့ဆူ။ ။ မြတ်လေးငုံကြဲပါတဲ့။ စက်လဲငူ။ ခက်ခဲသူရယ်ကြောင့်။ ဖြေတ, ရင်းငွေလ, မင်းရယ်က။ လင်းပွင့်သော်။ လွမ်းကြည့်မျှော်။ ဆုံရကောင်းရယ်လေး။ အောင်းမေ့လို့နော်။ ။ စောင်းတော်ကိုပိုက်ပါလို့။ လွမ်းခိုက်ကိုမျှော်။ ခွန်းတိုက်ခေါ်ပတဲ့။ တစ်တီတူး။ ဖြစ်ပြီဘူးဆိုထင့်။ ဟိုကမြည်။ စိုရပြန်ပြီ။ ရွှေမျက်ရည်လဲ့မှာလေး။ သွေးကဲ့သို့နီ။ ။ ပြင်သစ်ဆက်ပါတဲ့။ စက်ကတီ။ မစက်ပြီဘု-မိုတ်တမေး။ စိတ်မအေးနိုင်ဘု-အသက်ကယ်။ ကနက်ဗွေလယ်။ ကေသွယ် ရော့ရီးငယ်လေး။ ထီးနေညွှန့်နွယ်။ ။

**ဘောလယ်သီချင်း (၉)ပုဒ် ပြီး၏။**

* ပန္နာ = ပန္နတ် = သစ္စာပြုသည်။

† အီစတန် - ဆိုသည်မှာ ပြင်သစ်ပြည်မှဖြစ်သော ရေးခေတ်ရေမွှေးတမျိုးဖြစ်သည်။

# ခွန်းထောက်သဖြန်များ

## ၁။ ။ တောဘွဲ့လေးချိုးခွန်းထောက်။ (စိမ်းလဲ့ငယ်တဲ့ညိုရောင်)

စိမ်းလဲ့ငယ်တဲ့ညိုရောင်။ ။ ပင်ဝါးရုံလေယူတိမ်းတယ်။ ယိမ်းနွဲ့မြောက်တောင်။ ။ မြူခိုးရယ်မှောင်။ ဟိုတောင်ကြော့ခပန်း။ ။ ရွှေဥဒေါင်းငယ်တို့။ မြိုင်စောင်းမှာတွန်သံချိုလှတယ်၊ မိုယ်းခိုတဲ့နန်း။

## ၂။ ။ မြစ်ဘွဲ့လေးချိုးခွန်းထောက်။ (မြသားငယ်တဲ့ရေယမုန်)

မြသားငယ်တဲ့ရေယမုန်။ ငွေလှိုင်းတွေဖြူစွာနှင့်။ မြစ်ရောနဒီကြောမှာ။ မျောကြဒိုက်ပုံ။ ။ ကြူဝါးရုံ။ တူစုံကွဲ့သာမော။ ဘုံမတီးငယ်နှင့်။ ငှက်ကြီးရွှေဝံဘိုတို့ရယ်။ အိုကွယ်။ စီးခိုလို့မျော။ ။

## ၃။ ။ တပေါင်းလဘွဲ့လေးချိုးခွန်းထောက်။ (လတပေါင်း။ ရွက်ဟောင်းငယ်ကကြွေခဲ့ပြီ)

လတပေါင်း။ ရွက်ဟောင်းငယ်ကကြွေခဲ့ပြီ။ ။ ရိုးတံမှာရွှေရည်လူးတယ်။ ဖူးကိုက်ညွန့်စီ။ ။ နွေဂိမ္ဟာန်-ခါသာစွပေမို့၊ လွမ်းစရာ့လ, ရာသီ။ ရွှေပြည်နှင့်မနီး။ ။ ချောင်ရှိရိုးဆီက။ ရွှေချိုး-တောင်စွန်ဖြူတို့ရယ်။ လွမ်းမူနှင့်ညည်း။ ။

## ၄။ ။ တောလေ့လေးချိုးခွန်းထောက်။ (ပြောင်ပြောင်ငယ်ညီး)

ပြောင်ပြောင်ငယ်ညီး။ တောင်ကြီးတဲ့ဖီလာ။ ။ နိမ့်ချည်မြင့်ချည်သားတယ် သွားခက်လှပါ။ ။ စလူရွက်ကယ်နှင့်။ အင်ဖက်ကိုတဲ့ မိုးလို့ကာ။ ဖြိုးဝေစွာတဲ့ရိပ်ဆီး။ ။ တဖျောက်ဖျောက်ကယ်နှင့်။ မိုယ်းရေပေါက်ပုံသဏ္ဍာန်လို။ ငွေနှင်းရည်မြူထန်လို့။ သူရကန်အရောင်ပိတ်တယ်။ အိုကွယ်-တောရိပ်မြိုင်ကြီး။ ။

## ၅။ ။ မိုယ်းဘွဲ့လေးချိုးခွန်းထောက်။ (ကသစ်ကယ်တဲ့နန်းသူမောင်)

ကသစ်ကယ်တဲ့နန်းသူမောင်။ ။ သရစ်ကယ်နွယ်သိန်ဥ္ဒ။ ပြက္ခဒိန်ခါတော်လုချိန်မို့။ မေယုတောင်နောင်မြင့်ကွန်းဆီက၊ ဗိုလ်ဝန်းစုံညီလာခ,တယ်။ အားပြမာန်ဆောင်။ ။ ဆွေမဟာ၊ ကွေကွာတုန်းကိုလ။ ဒေဝရာ-စွေကာချုန်းပါလို့။ ပတ်ကုံးတဲ့ လဲ့လဲ့မှောင်။ တတောင်လုံးမှုင်ခိုး။ ။ သုန်သုန်ငယ်ချိ၊ ဒုန္ဒုဘီရွှေစည်စောရန်ကော့။ မြကြောလွင်-ပင်သခွတ်ဆီက။ ထုံဝတ်ရည်-မကြည်သေးပါဘု။ အရေးတော်သီသီမြန်လှတယ်။ လွမ်းရန်ဘွဲ့မိုယ်း။ ။

## ၆။ ။ တောလေ့လေးချိုးခွန်းထောက်။ (ရိုးတလျှောက်၊ ဖြိုးမောက်ပါတဲ့လယ်ပတူ)

ရိုးတလျှောက်၊ ဖြိုးမောက်ပါတဲ့လယ်ပတူ။ ။ အရွက်ချွန်း-ကဖွန်းပုဖွန်စာနှင့်။ လွန်တရာကညို့ပေါ်တယ်။ တောဖြစ်လို့ထူ။ ။ မှိုနတိုငွေရောင်ပျော့ငယ်နှင့်။ ရွှေကနဘော့ကြာရိုးဖြူ။ ချိုးယူပါလို့မကုန်ခန်း။ ။ ပတ္တမြားရောင်။ ဖားကဘောင် သံလွင်လွင်နှင့်။ ရွှေညံပင်ရှုပ်မရှင်းတယ်။ အိုကွယ်။ ကွင်းပြည့်ခမန်း။ ။

## ၇။ ။ တောလေ့လေးချိုးခွန်းထောက်။ (တောင်တတန်း။ မြောင်စမ်းရယ်တဲ့ရစ်ခါခွေ)

တောင်တတန်း။ မြောင်စမ်းရယ်တဲ့ရစ်ခါခွေ။ ။ မေဓါဝီ သမင်မငယ်။ တောခ,တဲ့မြေ။ ။ ဗုဒ္ဓဟော-စံနေတဲ့မြကြော။ ။ နတုန်းခါစဉ်က။ ပျော်စံရှင်-သစ္စာသုံးတယ်၊ငုံးမင်းမြိုင်တော။ ။

## ၈။ ။ အမျှော်စိုက် ဒွေးချိုးသဖြန်။ (နေမှိန်မှိန်။ ဆင်ဖောင်းတော်ရွှေပုသိန်နှင့်)

**အနောက်နန်းမိဖုရားမမြကလေးရေးသော အမျှော်စိုက် ဒွေးချိုးသဖြန်။**

နေမှိန်မှိန်။ ဆင်ဖောင်းတော်ရွှေပုသိန်နှင့်။ လာချိန်တန်ပေါ့။ ။ ထပ်ထပ်ကယ်မျှော်။ ပြသာဒ်ဆောင်ဘုံပေါ်က။ အကြိုတော်သည်မယ်ထောက်ရတယ်။ (ကိုယ်တော်ရေ) ကိုးခေါက်ပြန်ပေါ့။ ။

## ၉။ ။ မောင်ဘွဲ့သဖြန်ကြိုးချိုး။ (ကြာခြည်ရုံ၊ နာရီပြန်ပဟိုရ်ညိတ်ပါပေါ့)

ကြာခြည်ရုံ၊ နာရီပြန်ပဟိုရ်ညိတ်ပါပေါ့။ မေးမိုတ်လို့စက်ပါသော်။ ရေးမျှမပျော်။ ။ လာနိုးရယ်မျှော်။ ကြာမော်မြင့်ဆောင်ထီး။ ။ ရွှေဘောတော်တဉာဏ်ပွေလို့။ မလာနေ-တာရှေသေးတာကြောင့်။ ညာမေမှာ ဗျာပွေဆွေးတယ်၊ (ကိုယ်တော်ရေ) တွေးရခက်ကြီး။

## ၁၀။ ။ သံဝေဂဒွေးချိုးသဖြန်။ (ဘော်မမှီ။ ဇော်ဂီလိုဏ်မွေ့တဲ့)

ဘော်မမှီ။ ဇော်ဂီလိုဏ်မွေ့တဲ့။ မြိုင်မြေ့ညာကြော့။ ။ ဖန်နှစ်ရေ။ ဆံကျစ်ကယ် ရမန်ခွေနှင့်။ ကြံလေလေသံဝေရပါဘိ။ တောခ,ချင်ပေါ့။ ။

## ၁၁။ ။ သံဝေဂလေးချိုးသဖြန်။ (ကြုံမတွေ့ချင်ဘု)

ကြုံမတွေ့ချင်ဘု။ ဘုံဓလေ့မုန်းလှပြီ။ ။ လိုဏ်အနီး။ မြိုင်သီးချွေချူလို့။ ချောင်အငူ ဝေဘူထွင့်မှုကိုလ။ သူလွှတ်ရင်ယာယီကွန့်ချင်ငဲ့။ နန်းညွှန့်ရွှေညီ။ ။ ဗျာကေကိုသာခွေရုပ်ပါလို့။ ခွံလျှော်တေ ဖန်ရေအုပ်ကယ်နှင့်။ လွဲလုပ်ကယ်ကြော့ဒေဝီမှာ။ ဇော်ဂီတို့ကျင့်နဲ့။ ။ အခါခါ၊ ဘာဝနာဈာန်ကသိုဏ်းတွင်မှ၊ အံတိုင်းပါပါလေငဲ့။ နတ်ခွန်းရေရွှေဂရို့မှာ။ ဘုန်းဘို့ပလဲ။ ။

## ၁၂။ ။ စာဆိုတော်ဦးအိရေးသောမိုယ်းဘွဲ့ လေးချိုးခွန်းထောက်။ (သခွတ်ကတဲ့ ပွင့်စ,ချိန်)

သခွတ်ကတဲ့ ပွင့်စ,ချိန်။ ။ တမွတ်ကယ်စံတော်မြေက။ မုံပြေပြေ ရွှေမင်ဆိုင်းလို့။ ရှုတိုင်းဘဝင်ညွတ်ပါဘိ။ လွမ်းဆွတ်ဘွဲ့တိမ်။ ။ ရှစ်မည်ကို။ နတ်စည်းရွှမ်းလို့။ သွန်းလာတဲ့မေယိန်ငယ်။ ဖလ်ရှိန်လဲ့မြူခိုး။ ။ ဆွေးခိုက်မို့ကို။ တန်ဆိုလျှင်တန်ဘဲနှင့်၊ တင့်ရဲစွာမာန်မှုန်လို့။ အမျှန်မောင်တော်ရုံဝိပါကို့။ နန်းပြည်သိမိုယ်း။ ။

## ၁၃။ ။ သံဝေဂလေးချိုးသဖြန်။ (ပျော်မမွေ့နိုင်ဘု)

ပျော်မမွေ့နိုင်ဘု။ ဓလေ့ကိုတဲ့ငြီးတော့ဘယ်။ ။ ကိုင်ပုတီး။ သစ်သီးညှာအကြွေနှင့်။ မေဓါဝေသူတို့ထုံးကို၊ ဘုန်းမွေ့တော့မယ်။ ။ ရုပ်ခန္ဓာအကောင်ပုပ်ကိုလ။ စက်ဆုပ်လို့ငြီမတွယ်။ ဖြတ်မယ်ပ ခင်လေး။ ။ ဘာဝနာ။ သစ်နက်ကယ်-လျှော်တေဟာနှင့်။ မန်းသေလာတောင်အကွေ့မှာလ။ ယနေ့ပင်တဝါဆိုတော့မယ်။ ယဉ်နဂိုရ်ညိုညိုနုငယ်။ မင်းသာဓုပေး။ ။

## ၁၄။ ။ နိဗ္ဗိန္ဒလေးချိုးသဖြန်။ (မြင်မြင်ရာ-သင်္ခါရပေမို့)

မြင်မြင်ရာ-သင်္ခါရပေမို့။ ဘဝကိုတဲ့ငြီးငွေ့ဘွယ်။ ။ ကြည်မမွေ့နိုင်ဘု။ ပြည်လေ့ကို တန်ပါပေ့။ ။ ဂန္ဓမာ-မလ္လာပြန့်မှာ။ တောသန့်တော့မယ်။ မသေရုံရွှေဘုံကြီးမှာလ၊ သစ်သီးနှင့်ပွဲတော်တယ်။ ဖန်ချယ်တဲ့ဝတ်လဲ။ ။ မြိတ်ရစ်ကယ်မြိုင်၊ အုပ်လုံးစပယ်ကြိုင်တဲ့။ မြကေခိုင် မှင်ရည်လဲ့ကို၊ သိမ်းမဲ့ကြံဆဲ။ ။

## ၁၅။ ။ စလေဆရာကြီးဦးပုညရေးသော၊သစ္စာတိုင်တြိချိုးသဖြန်။ (ကြက်ညီနောင်-ရေဝယ်မြောပါလို့)

ကြက်ညီနောင်-ရေဝယ်မြောပါလို့။ မြကြောမင်းဝံရွှေတောင်၊ လဲတော့မရှောင်။ ။ အာကာဘောင်ကြယ်ပြောင်ကွဲ့မြေလူး။ ။ ပြည်ဇေယျာ-လေလာရင်မြေပါရွှေ့စေတော့။ မအေ့-နောင်မမုန်းတယ်။ သုံးဘဝကူး။ ။

## ၁၆။ ။ အချုပ်တန်းဆရာဘောရေးသော။ မယ်ဘွဲ့လေးဆစ်သဖြန်။ (အသဲငြိစေဘို့)

အသဲငြိစေဘို့။ စွဲမိတဲ့အချစ်ကယ်။ ။ ဖေါက်မလွှဲအောင်ပ။ ကျောက်ခဲရေမှာချသည်သို့။ ဘဝ သည်အချစ်အတွင်။ ဆုံးနစ်တော့မယ်။ ။ ပေါင်းသရွေ့ကိုဖြင့်။ အောင်းမေ့တိုင်းမျက်ရေလယ်။ အို-ခက်လေတယ်ကွဲ့ဗျာပါမီး။ ။ သွေမတည်။ ရေကြည်မှာ ငွေငါးသို့၊ အလားတူပြန်လှချေငဲ့၊ ကြံရတာ-ဘဝင်ပန်းလောက်အောင်။ (ခင်ခင်ရေ)ဘမ်းလို့မနီး။ ။

# သဖြန်ပုလဲပေါက်များ

## ၁။ ။ တပေါင်းလဘွဲ့သဖြန်ပုလဲပေါက်။ (ပင်မင်းမူ-ခင်းသန့်သန့်မှာလ)

ပင်မင်းမူ-ခင်းသန့်သန့်မှာလ။ အင်ကြင်းဖြူ-ဝင်းဖန့်ဖန့်ငယ်နှင့်။ သင်းပျံ့ပျံ့ကြူခဲ့ပြီ။ ။ မြူအညို့မှာလ။ ပူဘို့ရန် တသိန်ချွေလို့၊ မိုန်ပြေပြေ-ဂိမှေဆန်းပြန်တော့။ အစိန္တေကပ္ပိနန်းကို။ မြန်းကြွရာသီ။ ။ နေပြဘင်ဝေဟင်လဲ့ချိန်မို့။ ဘွေသဥ်မှာ-ဆွေကြင်မဲ့သူတို့။ သေချင်ဘွဲ့နွေခါမို၊ အို-ပြည်ဌာနီနှင့်ကွာဝေး။ ။ ရှစ်တိုင်းငယ်လျှံ။ ရစ်ဝိုင်းကာမြူထွေထန်လို့။ အသကဏ် တောင်ကထွန်းပြန်တော့။ လုနန်းဆွေရယ်။ မြနန်းမြေ။ အောင်ဘွေကွန်းဆီသို့။ ခင်ရယ်-လွမ်းမိပြန်သေး။ ။

## ၂။ ။ မယ်ဘွဲ့သဖြန်ပုလဲပေါက်။ (ဆွေသုမောင် အပွေများကိုဖြင့်)

ဆွေသုမောင် အပွေများကိုဖြင့်။ မေရှုတောင်-နေရထားတွင်မှ။ ချွေစကား မှာလိုက်မယ်။ ။ကြံပါတွင်းကိုလ။နေမင်းမိုန်မှိန်ညိုလို့။ ချိန်ပဟိုရ်ရှာန်ယာဉ်ပြောင်းပြန်တော့။ ခင်ခင့်ထံ မှာရန်ကြောင်းကို၊ နောင်းလေရဲ့ကွယ်။ ။နဝရတ်ရည်-ဝတ်လည်ဆို့ပါလို့။နစ်ထပ်တည်။နတ်ပြည်မြို့ဆီက။ ကြည်ကြည်စို့-ငွေလဝယ်။မှာမယ်ပချွေကိုဟို။ ။
စန်းယှန်ပွင့်ရယ်။လမ်းကြုံလျှင်ညာညာမယ်သို့။ချာချာလယ်မင့်မောင်ဖြင့်ရှူးပေါ့လို့။တိမ်ဦးဝေယန်စွန်းဆီက။တခွန်းသူ့ကိုပြောလိုက်ပ။မောလှပြီမို့။ ။

## ၃။ ။ နွေဘွဲ့သဖြန်ပုလဲပေါက်။ (နွေရာသီမိန်ဝလေ့ပေမို့)

နွေရာသီမိန်ဝလေ့ပေမို့၊ ဆွေသာကီမသိန်မွေ့နိုင်ဘု။ ကျွန္ဓေ့ရင်မို့နော်။ ။ အပူပျိုးရန်ကော့။ မြူခိုးရယ်တဝေဝေကြောင့်။ အထွေထွေရွှေရင်ထုပါလို့။ တင်ပုဆွေမြေမှာလဲချင်တော့။ ကွဲရနစ်ဘော်။ ။ ရွက်ပောင်းဝါ-ဈန်ယာဉ်ပြောင်းပါလို့။ ရွက်သစ်ဖြာညှာလက်မောင်းငယ်နှင့်၊ တပေါင်းလသည်အဖေါ်။ ကြည်တော်တဲ့မူနိုင်ဘူး။ ။ သာနခါ-ကာလဒါ ရွှေဂါထာကြောင့်။ ဒေသစာ-ကပ္ပိနန်းကိုကွယ်။ လှမ်းကြွလို့ကူး။ ။

## ၄။ ။ ဆောင်းဘွဲ့သဖြန်ပုလဲပေါက်။ (သဋ္ဌာလီဘွေပြဒှမာဖြင့်)

သဋ္ဌာလီဘွေပြဒှမာဖြင့်။ ခင်သာကီတမေစုကိုလ။ ဘေယခုပိုက်လဲ့ဆို။ ။ မလုံသေးနိုင်ဘု။ တုံအေးရာတင်တမေ့၊ ရင်ရွှေကိုလေပြည်ခ,တယ်။ သဲစိမ့်ကြွမို။ ။ တသန်းတန်ရတီဖို့သော်လဲ။ ကြငှန်းပျံကတ္တီမို့မှာတော့။ မဒီပျို့ ဆောင်ရိပ်ခိုငယ်။ အချမ်းပိုပါလို့-ငိုချင်ဆဲ။ ။ ငွေနှင်းငယ်ထန်။ ချွေညှင်းတည်ည်နှင့်။ ရေကင်းသံ-တဖန်ကြားရင်လ၊ လွမ်းအားတော်ပွေဖျာလှိုင်လို့။ ကေညာခိုင်စုခင်လေးမှာ။ (ကိုယ်တော်ရေ) မေးစက်နိုင်ဘဲ။ ။

## ၅။ ။ ပိတောက်ပန်းဘွဲ့သဖြန်ပုလဲပေါက်။ (လ,တန်ရူးပေမို့)

လ,တန်ရူးပေမို့။ အလှထူးပါဘိ။ မြမြဖူးရယ်တဲ့ခိုင်ရွှေဝါ။ ။ တကယ်တန်းသာဖြင့်။ ဘယ်ပန်းသော်စံမတူနှင့်။ နန္ဒမူဖလ်ကူထိပ်မှာလ။ ပစ္စေကာ-ချေးတော်သိပ်ရတယ်ကွယ်။ ဇရိပ်ဆာယာ။ ။ တနစ်တွင်သည်တလပေ။ တလတွင်-တရက်ထဲ။ ခက်ခဲတဲ့ရက်ဗုဒ္ဓါ။ ပွင့်ရှာကြစုံမြိုင်တွင်း။ ။ မြူမင်းလွင်ထန်။ ကြူသင်းတာချိန်မယံတော့။ ငွေဝတ်ဆံ-

ငုံတန်ညှောက်ကယ်နှင့်။ ခါသကြာန်ဂိမ္ဟာန်ရောက်ပြန်တော့။ သိန်သရေ-ထိန်ဝေလို့တောက်တဲ့ပြင်။ လမ်းတလျှောက် သင်းတာမို့။ ဆန်းသလောက်မလင်းနိုင်ဘု။ (ခင်လေးရယ်) ပန်းပိတောက်မင်း။ ။

## ၆။ ။ ဆောင်းဘွဲ့သဖြန်ပုလဲပေါက်။ (လွမ်းမပြေ-မန်းမြေတမိတော့)

လွမ်းမပြေ-မန်းမြေတမိတော့။ ကမ်းခြေမှာ၊ စမ်းရေစ,တွေနှင့်။ ဖျန်းလေက-တသုံသုံ။ ။ တဲတဘက် ဆွဲဖျက်ခါအရင်လိုရှော့ထင့်။ ကရင်အိုယာပြင်ကြီးမှာ။ မီးထဲ့လို့လှုံ။ ။ မပူပေါင်နောက်ဆီကချမ်းရှော့ထင့်။ အဖြူစောင် ခေါက်ထည်ကြမ်းကိုတဲ့။ လုမ်းတယ်လို့လွှားကာခြုံ။ ပါးမှာငုံပါတဲ့။ နရှေကွမ်း။ ။ ဘေးအိပ်ကိုရှု။ ဆေးလိပ်တို နားမှာ ထိုးပါလို့။ တောင်ရိုးမှာဘာသာသူတို့။ ကွင်းအငူ-နှင်းမြူကလဲကွဲချိန်မို့။ အမိုးခေါ်-ဘိုးစော်ကဲတို့ရယ်။ အိုကွယ် တဲပျက်စခန်း။ ။

## ၇။ ။ အချုပ်တန်း-ဆရာဘေရေးသော မယ်ဘွဲ့သဖြန်ပုလဲပေါက်။ (သက်သာဘွယ်-ထင်မြင်လှစေဘို့)

သက်သာဘွယ်-ထင်မြင်လှစေဘို့။ ဆက်လှာကွယ် တင်တင်လို့သ,ရ၊ ဘဝင်ကဆူတဲ့သူ။ ။ သည်အချစ်လိုဖြင့်။ တခေတ်တွင်တခါကြိမ်ရ။ ခန္ဓာအိမ်သေမှပြီးလိမ့်မထင့်။ မီးမကပူ။ ။ ကရုဏာတွေထွေပွားပါလို့။ ပဒုမာဆွေတပါးမှာဖြင့်။ ငွေယားနှင့်တူတဲ့သူ။ ယူတယ်လို့မရပြား။ ။ လိုက်မညှာ။ မထိုက်အောင်တမင်ခွာမှဖြင့်။ သိုက်ဆရာမြေမှာလူးသည့်နှယ်။ (ခင်ခင်ရေ) ရှူးလိမ့်မမှား။ ။

## ၈။ ။ အမျှော်စိုက် လေးဆစ်သဖြန်ပုလဲပေါက်။ (ဖြေမရှင် သော်တာကတိုးမှာဖြင့်)

### မြင်းခြံဆရာခိုင်ရေးသော။ အမျှော်စိုက် လေးဆစ်သဖြန်ပုလဲပေါက်။

ဖြေမရှင်သော်တာကတိုးမှာဖြင့်၊ တနေဝင်ပေါ်လာနိုးရယ်နှင့်။ မျှော်ခါကိုးပါလို့နေရတယ်။ ။ ခက်လေသရွေ့ဟာမို့။ ရက်တွေရွှေ့လှပေါ့။ သက်သေမှတွေ့ရတော့မထင့်။ မမေ့နိုင်မူတန်ဘူးရယ်လို့။ ရဝေ့ပိုင်ယူဉာဏ်ကူးမိတယ်။ စူးစေ့ဘုန်းကြွယ်။ ။ ယုံပ,ဗျာသခင်ကောင်းကိုဖြင့်။ ပုံပြခါတင်မလောင်းပြီဘု။ အစဉ်ပေါင်းမယ်လို့မပြက်ရှယ်။ အသက် ကွယ်တော့ဖျ။ အိုမမုန်း။ ။ ဆန္ဒပင်။ ကြံရအင်သဟာလောက်တောင်မှ။ တယောက်မောင်၊ နေနိုင်လွန်းပေရဲ့။ အကျွမ်းတင် ထွေရာရေးဟာမို့။ မလွမ်းချင်နေပါသေးနိုင်ဘု။ ညွှန်းတင်ခါငွေလွှာပေးရတယ်။ (အမယ်မင်း) ဆွေးအင်ဖွဲ့တုံးဟာမို့။ (မောင်ကြီးရေ) ပြေးမြင်လှဲ့အုံး။ ။

## ၉။ ။ တောင်တွင်းကြီးဆရာကျော့ဆို ဆောင်းဘွဲ့သဖြန်ပုလဲပေါက်။ (ငွေကတန်-ဝေယန်ကြွမှာလ)

ငွေကတန်-ဝေယန်ကြွမှာလ။ ရေမတန်ဘေစံရ။ ဟေမန္တခါမို့ကွယ်။ ။ လေစမြို့ရယ်က၊ စွေတုန့်ဝေဝေမှုံလို့။ ရွှေမေရုံ တောင်မြင့်နန်းဆီက၊ ပုလဲရီသဲဆီဖြန်းတာမို့။ ချမ်းလိုက်လှတယ်။ ။ ကေပွင့်ညာသူမဖက်တာဖြင့်။ ရေနှင့်သာ အတူ စက်သည်သို့။ ကြူကနက်သဉ်ရိပ်လယ်။ ဆိပ်ကယ်မျှမပျော်ဆုံး။ ။ လက်ဦးငယ်ယည်။ ဖက်ဖူးဆင် မေခင်ကြိုက်ကယ်နှင့်။ ခြုံပိုက်ခါလာမပွေ့တာဖြင့်။ တုန်လိုက်ထာဘမရာမွေ့မှာ။ ချမ်းမြေ့ရေတုံး။ ။

# လွှမ်းချင်းများ

## ၁။ ။ မယ်ဘွဲ့လွမ်းချင်း။ (သဝံစိုက်ပါလို့)

သဝံစိုက်ပါလို့။ မြင်လိုက်ကဲ့ရရုံ။ ကြောက်ဟန်ပုံငယ်။ မိကုန်တော်မဆင်နှင့်။ အိုနဂိုရ်ယဉ်လှဆုံးကိုလေး။ ။

ယဉ်မူရာငယ်။ သူဇာနတ်လော။ မြင်သူမောလို့။ နွယ်ကျောနုပျို။ ခရာပိုငယ်။ ဘာလိုများ့သဘင်။ ရှုတိုင်းသာယဉ်တော့။ ငါးအင်ကျော့စုံညီငယ်။ ဒုမ္ဘနီတော့တပါးဟာမို့။ ခြားလှတယ်လေး။ ။

## ၂။ ။ မိုယ်းဘွဲ့လွမ်းချင်း။ (ပင်ခံစပ်ကယ်နှင့်)

ပင်ခံစပ်ကယ်နှင့်။ ဒဟတ်ကယ့်ကွင်းမြှောင်။ ယုန်ပိုက်ငယ်ထောင်သည်။ ဘိုးတောင်သူပျော်ရာရပ်ပေထင့်။ ပတာတ်ညို ကြင်ဖေါ်ရှာလို့။ အို ကြစ်စာစားတဲ့လပေလေး။ ။

ဂြိုးဂိုမ့်သံငယ်။ မိုယ်းသံကလိုက်။ လေတပြိုက်ကယ်နှင့်။ မိုင်းဝိုက်ကယ်ရီမှုံ၊ စည်မုရိုးနှင့်။ ငွေမိုယ်းတွေအုံတော့။ နယုန်လ ချိန်နယ်မှာ၊ လူသငယ်ရွှေထောင်ချောက်ကယ်နှင့်။ တောခြောက်တယ်လေး။ ။

## ၃။ ။ဆောင်းဘွဲ့လွမ်းချင်း။ (ငွေပုလဲလိုပ)

ငွေပုလဲလိုပ။ စေဘဲးငယ်နှင်းမြူ။ လေညှင်းငယ်ကူသည်။ ဆွေကင်းသူငိုငိုဟဲ့ငယ်လို့။ ဆိုဆိုတဲ့ပုံသဏ္ဍာန်လို။ တဂုဏ်ခံ မှောင်မှောင်ဝေ့တော့။ ဆောင်ဆောင်ဖွေ့ခန်းအသာမှာ၊ ချမ်းသဟာများပါဘိတယ်လေး။ ။

ထက်အဇတာဝယ်။ စကြာနေနတ်၊ တဌာနီငယ်။ ဇာဟီပတ်လို့၊ ယာယီမြတ်မှန်။ လှည့်ထွန်းကာစံတော့ကို။ ခံနိုင်ဘု ချမ်းသသူမှာ။ ပန်းအတူမယ်နှင့်ဝေးတာမို့။ လမ်းမထူနယ်မြင့်ကျေးမှာဖြင့်။ ဆွေးတော့တယ်လေး။ ။

## ၄။ ။နွေဘွဲ့လွမ်းချင်း။ (နွေအရောက်ပေမို့)

နွေအရောက်ပေမို့။ ငွေညှောက်ကယ်ညှာချီ။ ဝေမောက်ကယ်စီသည်။ ရွှေတောက်ဘီမာလာညွန့်ငယ်တို့။ ဖြာဖြာကွန့် မွှေးကြူခါလို။ ဆွေးပူတာသစ်ပါဘိတယ်လေး။ ။

ပုံတထွေငယ်။ စုံခြေအလှ။ ရဂုံဖွေမှာမှုံခြွေကျလို့။ လုံမေမမောင်။ ရွှေဘိုးခေါင်တို့။ ညိုးအောင်တည်တည်။ ပျံမြူးကာ မြည်တော့ကို။ ဆည်နိုင်ဘုန္နဲ့သက်လျာငယ်။ မဲ့မျက်နှာမြင်မြင်ရက်ကယ်နှင့်။ လှဲ့စက်ရာသဉ်သဉ်ထက်မှာဖြင့်။ ရှင်ခက်တယ်လေး။ ။

## ၅။ ။ ပန်းဘွဲ့လွမ်းချင်း (မြိုင်တသန့်မှာတဲ့)

မြိုင်တသန့်မှာတဲ့၊ ကြိုင်နံ့ငယ့်ဂန္ဓာ၊ လှိုင်နံ့ငယ်ဖြာသည်၊ ခိုင်ရွှေညှာဂေါ်ငုံက။ အိုကိုက်မှုံသင်းပြန်တော့တယ်လေး။ ။

ငွေစမွယ်ငယ်။ နန်းမယ်ဆင်ခွင့်။ ခါတော်မှီပွင့်ရှာတဲ့။ လေးခင့်မိတ်နံ။ ပြည်တော်ပြန်ဝယ်။ လွမ်းရုံစုံစုံ။ မြူခြည်ဆိုင်းလို့၊ ရှစ်တိုင်းမှာမှုံတော့ခါ။ ရွှေဘုံကြော့မဏ္ဍာလာမှာ။ ရည်ရော်ခါဘယ်ဆီ မှန်းငယ်လို့။ ရမ်းသိပြီလေး။ ။

## ၆။ ။ မောင်ဘွဲ့လွမ်းချင်း (အို လာမချော့လာနှင့်)

အိုလာမချော့လာနှင့်။ တန်တော့ဖျရွှေကိုယ်။ ဘုန်းမိုမိုငယ်။ မယ်ကလိုမောင် မညာလို့။ ရှောင်ခွာစိမ်းရက်တယ်လေး။ ။

လှမြတ်စွာငယ်၊ မကြာစေကြောင်း။ ရွှေစကြာညောင်းမည်လို့။ သောင်းလုံးမှန်ကူ။ ရွှေဗျာငြိမ့်နှင့်။ ဆင်မိန့်တော်မူခဲ့။ ဒါရှုလုံးကေဆံငယ်။ တပြည်စံ နှစ်ပြည်မွေ့လို့၊ သူမေ့တယ်လေး။

## ၇။ ။ ဆယ်အိမ်ခေါင်းဘွဲ့လွမ်းချင်း (စည်းစိမ်ကြီးပါဘိ၊ ရုပ်သီးတောင့်ကိုင်၊)

စည်းစိမ်ကြီးပါဘိ။ ရုပ်သီးတောင့်ကိုင်။ နှစ်ယောက်ကယ်ထိုင်။ ယှဉ်လက်ပြိုင်ကျယ်စပျစ်ကယ်နှင့်။ ဘွယ်သစ်မြေအင်ရံလို့။ ဖွန်းမတန်-ကန်ယောက်သွားငယ်နှင့်။ ကြွက်နဖား ပုန်းရည်ကျိုသည်။ အလိုဗျာစားပုံတင့်ပါဘိ။ ခေါင်းမင့်ဆယ်အိမ်ပေမို့။ အို အခြေကြီးလှတောင်းကိုလေး။ ။

စားသောက်ဖွယ်ရာ။ ပြီးသောခါဝယ်။ ရသာချမ်းငြိမ်။ အခြင်မြေသက်။ ပင်ထန်းရွက်နှင့်။ ခေါင်ပျက်အိမ်တွင်။ စည်းစိမ်ကြီးဝင်။ ခြေလိမ်တင်လို့။ ခံတင်ကြမ်းပေါက်။ သုံးချောင်းထောက်မှာ။ မှောက်ချည်လှန်ချည်။ အဆီရယ်ဖိမ်း။ မှိန်းတဲ့ချည်နှင့်။ မကြည်သန်းဝေ။ ထယ်မင်းပုံနေလိုက်တယ်။ နွားရေပြန့်အပေါ်မှာ။ ခေါင်းကတော် ကိုယ်တိုင်နိုပ်ခါမှ။ သူအိပ်တယ်လေး။ ။

## ၈။ ။ နိဗ္ဗိန္ဒလွမ်းချင်း (ချောမတွေ့ပြီဘု)

ချောမတွေ့ပြီဘု။ တောလေ့ငယ်ပီပီ။ လောကေ့ငယ်ညှို။ ပြောမွေ့ရီတောင်ကဘာရပ်ကယ်နှင့်။ မှောင်အကပ်မြူစင်ကွာအောင်။ ဂူဝင်သာအောင်းချင်တော့တယ်လေး။ ။

ဘာဝနာမှူ။ စာစာအံရွတ်။ အသံလွှတ်လို့။ ဖန်ဝတ်ကိုရုံတင်၊ တဖုန်သွင်နှင့်။ လုံခင်တို့လူ၊ သူတော်ထုံး၊ လုံးလုံးသာယူတော့။ မပူနှင့်စံတညာငယ်၊ နံပန္နာသွေမဝံ့ပြီဘု၊ သံသရာရှေအခွန့်ကိုလ။ ဘေရှန့်တယ်လေး။ ။

**ဤတွင် ပုလဲသံမှန်ဆိုင်ရာ တေးသီချင်းများ ပြီး၏။**

# အပိုင်း-၄။

## (ပကိဏ္ဏက - ကဏ္ဍ။)

## တေးထပ်များ

### ၁။ ။ ဒေဝက္ကန္နာမောင်မောင်ကြီးကို ဘွဲ့ဆိုသော စောင်းဩဘာတေးထပ်။ (နိပါတ်တော်ထုတ်မှီပြ)

နိပါတ်တော်ထုတ်မှီပြ။ ဂုတ္တိလဆရာ။ မြတ်ကုသလောင်းမဟာငယ်။ ပေါင်းနှစ်ဖြာလူသား။ ဇေလုဝသခင်မတိမ်သည်။ ပဉ္စသိန်မိုဃ်း နတ်တပါး။ ။

စာထွက်နဲ့ထောပနာတယ်။ တဩဘာစကား။ မှန်မမှန်ဉာဏ်ရှေ့သွားငယ်နှင့်။ နားရှိသူချဉ့်ပါ။ ဖျာဒိတ်တော်ချွေမမြွက်သော်လဲ။ တေဒဂ်ထားလောက်သင့်တာ။ ။

မင်းဒေဝက္ကန္နာငယ်။ ရှိန်သဒ္ဒမှာဂုဏ်ထူးနှင့်။ လူမှုံးလို့ကေရိန်မှန်။ နင်းဘွဲ့တော်ခံ။ ဘဝဂ်တိုင်အထက်ကိုဆန်တယ်။ ရွှေလက်သံကျော်လွန်းလှလေး။ ။

### ၂။ ။ ဘိုးသူတော်ဦးမင်းရေးသော တေးထပ်။ (ကောင်းခြောက်ဆယ်လေးရပ်မှ)

ကောင်းခြောက်ဆယ်လေးရပ်မှ။ သွေးထပ်ထပ်ရုပ်ညီ။ ရှေးနိပါတ်ထုတ်မှီသည်။ ဖုဿတီထွင့်ထား။ ဝိမ္မာနတ်ကိန္နရီလို။ တသိဂီရိုးတော့မမှား။

ဥမ္မာဒရုဇာမယ်လို။ နရှာတယ်အသား။ သမုန္ဒယ်နှုတ်ဖျားက။ ပတ္တမြားသဘွယ်။ ကြယ်ဥက္ကာညဥ့်ရောင်မီးလိုပ။ မင့်မောင်ကြီးထင်လိုက်လှတယ်။ ။

မြင့်ဆောင်ထီးညောင်လယ်မှာ။ ရှုစဘွယ်ပဝင်းလို့။ လမင်းထက်နှစ်လေးသာ။ မြေလိုက်တာ။ ။ မြင်ရသူ့ဘေသက်သာတယ်။ ရွှေမျက်နှာကြည်လွန်းလို့လေး။ ။

### ၃။ ။ အချုပ်တန်းဆရာဘေ ရေးသောတေးထပ်။ (နန်းသပြေပင်ညွှန့်)

နန်းသပြေပင်ညွှန့်။ စမ်းရေကွန့်ရိပ်ပျံ့။ ပန်းဟောဝန့်ဗိမာန်။ အဓိဋ္ဌာန်တင်မြန်း။ ပင်းလုံးကျွတ်ပွင့်ဝေဖြာတယ်။ ဇေစာသုံးတဲ့သခ်ာမ်း။ ။

မြတ်နွယ်ညွှန့်တည်ရာမှာ။ လည်လက်ဂျာခွေမြန်း။ စည်မျက်နှာ မြေကြ၄န်းငယ်သို့။ ချွေမြန်းလို့ဆိပ်သာ။ တင်စလွယ်ဆင်ချယ်သ။ အဌင်္ဂသုံးဆောက်တည်ကာ။ ။

တကိုယ်တည်း စိတ်ညိမ်ရာဝယ်။ နိဗ္ဗိန္ဒာ ကြည်ဇောနှင့်။ သည်တောမြိုင်ဝေပူ။ ပန်းစုံကကြူ။ ကမ္မဋ္ဌာန်းရ အုတ်ဂူမှာ။ ရက္ခမှုပျော်ဆုံးပလေး။ ။

## ၄။ ။ အချုပ်တန်းဆရာဘောရေးတေးထပ်။ (ရတနာပူရမှာ)

ရတနာပူရမှာ။ ဆင်ဖြူများ့သခင်။ တဒင်္ဂသမင်ကို။ မဆင်ခြင်လိုက်မှား။ မန်းသိန္ဓုတောင်စဉ်နွယ်သည်။ အောင်ပင်လယ်တော၌ကစား။ ။

လက်ျာရစ်ခရုငွေကို။ သမုဒ္ဒဆောင်သွား။ နပီယေစကားနှင့် လှည့်ဖျားတဲ့ဇော်ဂျီ။ လက်ဖျစ်သံတချက်တီးရုံနှင့်။ နတ်သို့ဒွီးဆင်းကျရသည်။ ။

မေထုနသံဝါမှီသည်။ ရုသဿတီကွယ်ပလို့။ တဒင်္ဂဆင်ဖြူရှင်။ ရှုးလေသည့်သွင်။ သည်ကသို့ဖြစ်ထုံးတင်လျှင်။ ချစ်တုံးတွင်ခွဲပါနှင့်လေး။ ။

## ၅။ ။ စလေဆရာကြီး ဦးပုညရေးတေးထပ်။ (နှစ်ပြည်ထောင်တယ်ကြ)

နှစ်ပြည်ထောင်တယ်ကြ။ အလယ်ကကျောင်းဆောင်။ အနားကဝေပုတောင်ငယ်။ ရွှေဂူချောင်အကွေ့။ မင်းကြီးနှင့်ကိန္နရာ။ ကုန္နာပါထွက်တဲ့ရသေ့။ ။

သုဗဏ္ဏရာဇာ။ နာဂါနှင့်အတွေ့။ ထောင်ကျွမ်မှာန်ရုံကြွေ့လို့။ စံမွေ့တဲ့ဂူတော်။ တပသီဘေရီဝိဇ်ကယ်တို့။ စံတည်စိတ်မြန်းသည့်ပဟေမော်။ ။

လင်းကြက်ဖြင့်အတန်ဆော်ပြီ။ ဘယ်ဇာတ်တော်လေမှန်းသိ။ အခန်းခန်းအပြေပြေ။ များနိုင်ကြပေ။ နိပါတ်နယ်ရှုပ်ရာလေသည်။ အရုပ်တွေပြည်ဖုန်းနှင့်လေး။ ။

## ၆။ ။ စလေဆရာကြီးဦးပုညရေးတေးထပ်။ (မုလေးရုံတောစ)

မုလေးရုံတောစ။ ဒေါနလမ်းမြေညီ။ လျောကျစမ်း ရေသင်းကြည်တယ်။ ရွှေနှင်းဆီကန်ချောင်း။ လွမ်းစရာ့စကဝါဂူမှာ။ နံ့သာဖြူလေးမောင့် - စံကျောင်း။ ။

ပင်ဇလပ်သရဘီခြောင်မှာ။ ခွါညိုတောင်ခိုအောင်း။ မွှေးနံ့သာစုပေါင်းတဲ့။ နညောင်စောင်းထက်မှာ။ ပဒုမ္မာကြာသက်န်း။ ခါဆင်မြန်း တောမွေ့ပျော်ရာ။ ။

ရွှေသော်ကတံတိုင်းကာသည်။ ဇီဇဝါမှင့်ခြားလို့။ တံခါးကချယားကြိုင်။ သင်းတဲ့ဂနိုင်။ ရဇနမဟာမြိုင်မှာ။ ။ ကမ္ဘာတိုင်မှီးမယ်ပလေး။ ။

## ၇။ ။ စာရေးကြီးဦးမောင်ကလေးရေး ရှစ်ဆယ်ပေါ်။ (တောင်မြစ်ကမ်းယံကန္တာရမှာ)

တောင်မြစ်ကမ်းယံကန္တာရမှာ။ ကန်ရာသီပြုခေတ်သဘင်။ ဘန်လာပြီခုအသစ်လွင်အောင်။ သရစ်ပြင်ဆင်ပျံသမို့။ ငှက်ပြိုင်ညှင်းနှင့် ကြိုင်သင်းထွေတယ်။ ခိုင်ရင်းမာရွှေဂုဏ်ကြီးကျယ်ရော့လို့။ ။

ယုန်ငွေချိုင့်နှင့်။ ဖိုင့်းရပ်ဝါငယ်။ ဖထိုင့်ပြုပွါသွေမချို့။ တခိုင့်ဥက္ကာကြွေမသို့ပ။ ဝေဟာတခို့ဘွေမှန်ကူ။ အဏ္ဏဝါခွင်ယဉ်ပြောင်ခင်းမှာ။ ဘောင်ပုံလှေသင်းတင့်တဲ့ခါတမူ။ ။

ဂယက်ဖွေးမျှပွက်သေးထူအောင်။ တက်ရေးသံကြူဖြန်ယူဖြန့်မှ။ ထံဒူဒ္ဒါတယောတေတျာ။ နတ်စောင်းသီဘွဲ့ကာ။ ရှစ်ခွင်ကွန့်လို့ မင်ညွှန့်ဖြာတယ်။ မြင်ဝံ့စရာရှိဘူးဆိုစို့လေး။ ။

## ၈။ ။ မယ်ဘွဲ့ရှစ်ဆယ်ပေါ် (ကျောက်မြင်းသီလာ။ လှိုင်ဂူကြားမှာ)

ကျောက်မြင်းသီလာ။ လှိုင်ဂူကြားမှာ။ ပတ္တမြားရည်ရင့်။ ပန်းပွင့်ဆိုင်။ ခြသေ့ံမင်းတို့။ စံကင်းမြိုင်မှာ။ ရန်တင်းမနိုင်ခင်ရှုအုံး။ ။ မြန်မြန်လှမ်းခဲ့။ မြနန်းကလျာရယ်။ မောင်ကြီးချီမယ်။ ရွှေအားသစ်တော့ဘုန်း။ ။

လင်ကိုနွဲ့လို့။ မူမဲ့ကြံရင်။ သူတကဲ့ဟန်မဟုတ်ဆုံး။ ယူပါလှဲ့သုံး။ ဝေဝုစ်သုံးလို့။ ရွှေနတ်နှလုံးခပ်ပွေပွေ။ ။ မလိုက်နိုင်ပေါင် ခြေကိုဆင်း။ မသေမချင်း။ လင်ချော့ကြိုက်တဲ့မေ။ ။

ရွှေလင်ပန်းနှင့်။ လစန်းငွေမှာ။ နိုင်နိုင်ဆာပြေဝါဝါတောင်းလို့။ နွဲ့နွဲ့နှောင်းပွေ့ခါချိုင်။ မောင်သိပ်မယ်ပခင်။ ။ ရွှေပြည်ကျခါမှ။ လှကျေးမျှင်ရယ်။ မြဖယဉ်တွင်ခင်စက်ပါတော့လေး။ ။

## ၉။ ။ မယ်ဘွဲ့ရှစ်ဆယ်ပေါ်တေးထပ်။ (နန်းရံတရာပဏ္ဏာခ)

နန်းရံတရာပဏ္ဏာခ။ မန်းမန္တလဖွေရိပ်စံ။ စန်းစန္ဒရငွေဗိမာန်လို။ ပင်ရွှေထိပ်ပန်ယဉ်များပန်း။ ကုန်ဆန်းကေလျော့ တကျော့မှန်ငယ်။ မဟော့သက်နံ တော်လေးအမရာ့ငြိမ်း။ ။

ကပိုကရို့သူ့အမူငယ်။ ဇမ္ဗူ့မတူပြိုင်သူလျမ်း။ အမူ့အမူလိုင်ကြုပန်းသို့။ ဆန်းဆိုသမျှခေါင်ထိပ်ခေါင်။ ရှုလေယဉ်လေ မြင်သူငေး။ ခင်လေးခင့်ခင့် ယဉ်လေယဉ်ယဉ့် ယဉ်တတ်ပါတဲ့နှောင်။ ။

ပန်းချီရှုံးတဲ့တော့ဖုန်းခေါင်ငယ်။ တကျော့ထုံးနှောင်ကေသီလျော့နှင့်။ သုံးထောင်ထွာကျော့လျော့ရွှေကေခိုင်။ ပိတုန်းမင်ညွန့်ဆိုင်။ စံပုံရှားတဲ့သိကြားမှိုင်ငယ်။ သနားပိုင်ပိုင်ခံစမ်းချင်လှလေး။ ။

# ဒိန်းသံ

## ၁။ ။ ဘုန်းတော်ဘွဲ့ဒိန်းသံ (ရေးသူမသိ)။ (ဆယ်ဆယ်ဖြာရောင်ဖြာသည်နှင့်သာ)

ဆယ်ဆယ်ဖြာရောင်ဖြာသည်နှင့်သာ။ ပယ်ပယ်မှောင်ခွါ။ ။ ရှိကြာရွက်ဆင်။ သံကြီးငယ်ငြာ။ ဩဘာတော်ထူးပေမို့။ မျို့ဦးထက်ခွင်။ ။ နေသွင်စကြာ။ ပုန်တောင်းဖလ်ရှိန်။ ဆိုက်ခါချိန်နီးပြီမို့။ အံ့ချီးစေရာ။ ။ ရွှေဗျာမိန့်ရည်။ နတ်မှူးမန္တာ။ ဘုံပြဟ္မာမိုယ်းငယ်က။ ရှာကြိုးစွေရည်။ ။ လဲ့လဲ့ငယ်ကြည်။ နတ်စည်သွန်းချွေဘိ သလားငယ်လေး။ ။ မန်းက္ကန္ဒာဆွေငယ်နှင့်သာ။ လျှန်းသိင်္ဂါဘွေ။ ။ ရွှေပေါင်း၊ ဝန်းရံပျောင်း။ ပျော်တော်ကြောင်း။ ပန်ဆင်ခါ။ အောင်သံရိုက်နွဲမင်္ဂလာ။ ရွှေတေဇာဘုန်းပွင့်လန်း။ ။ ထီးရာနေနန်း။ ခွန်ချွေမြန်း။ စိုးပိုင်ယူ။ ကျော်သောင်းငယ်နယ်ဇမ္ဗူ။ ဒီပါအောင်ခန်းမန်းမြေငူ။ *ဟိန္ဒဂူစိုးရမှန်း။ ။

## ၂။ ။ မြဝတီမင်းကြီး ရေးသော ဒိန်းသံ။ (သုံးရွှေများလယ်)

သုံးရွှေများလယ်။ ယဉ်ကြော့မှူးပိုင်။ ကြိုင်လှိုင်လန်းပါသည့်။ ကြာနန်းနတ်မယ်။ ။ သင်းကြွယ်ပျံ့ကြူ။ ဘယ်ဘန်တော်ရေးလေသည့်။ အိုဖေါ်ဝေးသူငယ်လေး။ ။ ကန်ယဉ်ရေငယ်နှင့်သာ။ ပျော်ဘွယ်စေ။ ။ သပြေလက်ျာ ရိပ်ဖြူငယ်ကျင်းပါတဲ့။ မင်းတရား။ ။ ဆယ်ဖြာညွန့်ငယ်။ တင်ဆင်ဖူးလို့။ ရှိဦးရွယ်။ ။ နှောင်းမယ်နတ်ကို။ မျှော်မရဲနိုင်နှင့်။ သဲညွှတ်ပျိုငယ်လေး။ ။ မယ်ညိုမောင်ငယ်နှင့်သာ။ ရွှေတောင်ဇာ။ ။ လ, ရောင်ပြက်ကာ။ ကြိုင်လှိုင်သင်းပါတဲ့။ ခင်းစက်ရာ။ ။ မျှော်ပါရက်ကယ်။ ငွေလျှံယိမ်းမှ။ စိမ်းရက်တယ်။ ။ ဘန်ဆယ်ထွေငယ်နှင့်သာ။ ဖြူပြာညိုရွှေ။ ။ နှင်းငွေ †ပက်ပါ။ မဆင်ဘဲနှင့်။ တင့်ရဲရှာ။ ။ မိုယ်းပြာမဲ့ဝယ်။ ရိုက်ဆော်ကာကြိုးပါလို့။ ငြိုးရက်တယ်ငယ်လေး။ ။ တိမ်သွယ်ခွေငယ်နှင့်သာ။ ကန်ယဉ်ရေ။ ။ စေညွှန်း။ ဘယ်ရွှေနန်း။ နွဲ့မူရွှန်းငယ်ချိုသံသာ။ မြသွေးငယ်ရွှေလည်ညှာ။ စံသိင်္ဂါနန်းလဲ့ဘွား။ ။ စိုးဝေယန်ဖျား။ ဘန်တော်အားများရွှေညီ။ တင်ဦးငယ်စုံစုံချီ။ ကြိုင်လှိုင်ညွှန့်ဖူးယဉ်ရွှေညီ။ တာရာသီနန်းငွေလား။ ။

(သဖြန်) အိုသိမ်းတတ်ပြီ။ ကေသီလျော့လျား။ ။ ချစ်သက်ကယ်တော်ပျော်နှောင်သည့်။ ဘိုးခေါင်သာ ညီမူငယ်မှာ။ ကြွေလူဘွဲ့သား။ ။

## ၃။ ။ မြဝတီမင်းကြီးရေးသော ဒိန်းသံ။ (ကန်ရွှေမြေငယ်နှင့်)

ကန်ရွှေမြေငယ်နှင့်သာယည်ရွှယ်ရေ။ ။ သွင်းလေပက်ပါ။ မှုံငွေနှင်းဝယ်ပသန်ကြွင်းရောရာ။ ။ ချမ်းရှာလိမ့်မယ်။ ညီနှောင်နန်းငယ်နှင့်တောင်မန်းနယ်။ ။ ဘန်မလွယ်။ ။ ဆွေးဘွယ်လေး။ ။ တိမ်သွယ်ခွေငယ်နှင့်သာ။ ။ ကန်ယည်ရေ။ ။ ဘူးရွှေညည့်ချုံ။ ။ သင်းလှိုင်ပျံ့ညီ။ နယ်ကာသီတိုင်းငယ်က။ တိမ်လှိုင်းဝတ်မှုံ။ ။ မလုံရက်ကယ်။ အိုဘော်ကွာဝေးသူတို့။ ကြုံဆွေးဘွယ်ငယ်လေး။ ။ သေဉ်ရွှေဘွေငယ်ကသာ။ ။ ဘန်ဘန်ကြွေ။ ။ ခက်ဝေတန်းနွဲ့။ ဝတ်ရက်ကယ်ထုံး သိုက်မြုံထဲ။ ပေါက်လဲရွှေလျှံ။ ။ မောင်မယ်ကျေးငယ်တို့ ချစ်ကြွေးနှံ။ ။ ခွါပျံဘဲနယ်။ ရှင်းနှိုင်ပမယ်လေး။ ။ သောင်သာငွေငယ်ကသာ။ ပျော်ဘွယ်စေ။ ။ ရေခင်း။ ဘော်ရွှေချင်း။ ရွှေပိန်ညှင်းငယ်ဟသ်ာမယ်။ ချစ်တင်းငယ်ပြိုင်ညီလှယ်။ စံစမွယ်ကြူးကများ။ ။ ဘုန်းကိုယ်တော်စား။ ဘန်တော်အားများစွာပြီ။ တင်ဦးငယ်စုံစုံချီ။ ကြိုင်လှိုင်ညွှန့်ဘူး ယဉ်ရွှေညီ။ တာရာသီနန်းငွေလား။ ။

---

* ဟိန္ဒဂူ-(ပါဠိ) လူ။ ဟိန္ဒ ဂစ္ဆတီတိ ဟိန္ဒဂူ။ ဟိန္ဒ = သေခြင်းသို့။ ဂစ္ဆတိ = ရောက်တတ်၏။ လူတို့သည် သေခြင်းသဘောတရားကို မလွှန်ဆန်နိုင်သဖြင့်။ လူကိုပင် ဟိန္ဒဂူ ဟုခေါ် ၏။

† ပက်ပါ - ပက်ပင်းပါ။ တပါတည်း။

သဖြန်။ ။တိမ်မြင့်မိုးယံ။ ဘုံသာဟံ ရွှေညီလာက။ ဘဝဂ်ညာကျော်ကျော်ဝှန်လို့။ ဆယ်သံလွှန်ကြား။ ။ တန်ခိုးငယ်စီစီနှင့်။ ခိုင်ရွှေဘီညှာအကွန့်ငယ်မှာ။ ငွေနှင်းညွှန့်ပွား။ ။

## သီဂိ်ါသံ

### ၁။ ။ ဘိုးတော်ဘုရားရွှေလက်ထက်။ မင်းသီဂိ်ါရေးသော သီဂိ်ါသံ။ (လေရူးသုံလုံ)

လေရူးသုံလုံ။ မြူးလားအုံ။ မြူမှုန်တဝိုက်။ နှင်းတလိုက်ကယ်နှင့်။ တိမ်တိုက်ကမှောင်။ မာလာရင့်ရော။ ပန်းပန်းစုံပေါပါတဲ့။ တောသာခေါင်တဲ့တောသာခေါင်။ ။ အတောင်ငယ်ယှဉ်နွဲ့။ ရွှေလည်တွဲပါလို့။ ဝမ်းဘဲပမာ။ ရွှေဟင်္သာသို့။ မကွာအတူ။ ပါတော်မူ။ နန်းသူမိငယ်။ ဘယ်ဆီများကိုတဲ့။ လှည့်ပါးငဲ့တိမ်းဖယ်။ သွားလေတယ်တဲ့။ သွားလေတယ်။ ။ မောင်ငယ် မောင်ငယ်ပျော်ဘူး။ ခေါ်မထူးတာကြောင့်နော်ရူးချည့်မည်။ သည်တောလယ်မှာ။ ချေငယ်ကဟောက်။ သမင်က တောက် သနင့်။ တောမျောက်ကကြိုးခွေ။ ဒေါင်းအိုးဝေတဲ့ဒေါင်းအိုးဝေ။ ။ စုံခြေဂနိုင်။ ပန်းဘွေဆိုင်မှာတွေ့နိုင်ခဲ့ပြီ။ မောင်ကြီးငယ် ဆွဲပါတဲ့။ ပုလဲသီဂီ။ မူးချိန်မှီတဲ့မှ မူးချိန်မှီ။ ။ ဘယ်ဆီကိုမြန်းပါရမယ်။ စုံမြိုင်လမ်းမှာလှ၊ မောပန်းချီပေ့ါကွယ်။ ။

### ၂။ မြဝတီမင်းကြီးရေးသော အီနောင်ဇာတ်ထွက်။ သီဂိ်ါသံ။ (မယ်တို့နေ)

မယ်တို့နေ။ တိမ်ခြေတောင်နန်း။ လျှပ်ခြည်တန်း။ ပတ်သန်းညိုရိပ်။ မှိုင်းချိပ်ချိပ်ကယ်နှင့်။ ရွှေလိပ်ကယ်မကရ်း။ လျှပ်ပန်းဆင့်ဆိုင်း။ ရွှေသိုင်းကဆော်။ မိုဃ်းစည်တော်တဲ့မှ။ မိုးဃ်းစည်တော်။ ။ ပြည်တော်ဗာရာ။ သီဂိ်ါထဲက ခွဲခဲ့ရတယ်။ အိုအိုဆွေးပါဘိ။ ရေးနတ်ကယ်တဲ့ ရေးနတ်ကယ်။ ။ သွယ်လဲသွယ်ရွှန်း။ လှစန်ထွန်း။ ဖလ်ဝန်းရောင်ရှိန်။ ထိန်ထိန်လင်းပါပေ့ါ။ ဆင်းပါရမယ်။ ညာသွယ်သူ့ဘုန်း။ လှခေါင်ဆုံး။ အိုမယ်မမုန်းပါနှင့်။ မုန်ညာသူသွေး။ နွဲ့ယဉ်လေး။ အိုဆွေးအဆွေးသင့်ဘူးတဲ့မေ။ ဝေးအဝေးသင့်ဘူးတဲ့ပေ။ ။ နှစ်ပါးတူကွ။ ချစ်မဝ။ မောင်လှမှာကား။ ရွှေနှစ်ပြားကိုတဲ့ တသားငယ်ဂဟော။ သေချာအောင်စွဲလို့။ မြဲပါတော့မြဲပါစေ။ သက်ဝေငယ်ရှောင်လွှဲ မယ်ကချွဲ။ ရဲ-ရဲဘဲနှင့်ကို။ ကြိမ်ကြိမ် ခေါက်ခေါက် တမာန်သွားရာ။ ရွှေပေလ္လာ။ လူလဲမပါ။ စာလဲမရောက်။ အကြံပေါက်တယ်။ ရောက်မှန်းမသိ။ ကိုယ်သာလိင့်။ မောင်ကြီးစာတဲ့။ မောင်ကြီးစာ။ ။ မပေါ်လာ။ ပြန်တာကတခြား။ ဟိုတပါးမှာတဲ့။ ပျော်ပြားမဲ့သူ။ မယ့်သည်းအူတဲ့။ မယ့်သည်းအူ။ ။ နန်းသူညိုနွဲ့။ သူ့ပန်းပင်ရေဝင်လောင်းလို့။ ပေါင်းပါရမယ်။ ကျွန်မသခင်ငယ်ကကုံးပေတဲ့။ ဂမုန်းသွယ်တဲ့မှ။ ဂမုန်းသွယ်။ ။ သက်လယ်တခြား။ မယ့်ရွှေသားငယ်မှာ။ ခွေခါသာပျောင်းရချဉ့်။ နှောင်းပါလေဆောင်။ တောင်ပန်တွဲနှင့်။ ဝဲလှဲ့မောင်တဲ့။ ဝဲလှဲ့မောင်။ ။ စိန်ကြာညောင်မှာလေ။ တိမ်းရှောင်သွေကဲ။ ရဲဘဲသူ့ညာဏ်။ ဝိတ်ဝိဟန်ပုံကြီးနွဲ့။ ။ ရဲပညာဇာတိနှင့်။ ကိုသာလိငယ်။ ပျံပါလေနားတော်ကြူး။ မင်းတိမ်ညွှန့်မြူး။ ။

## ကရင်ဩသံ

### သာယာဝတီဦးဝိုင်းရေး ကရင်ဩသံ။ (တကြောမှောင်ပြာ)

တကြောမှောင်ပြာ။ ကေလာတောင်ခိုးဝေ။ ။ ကန်ခြေဦး။ အိုလင်းပြာမြူးတယ်လေး။ သာထူးထွေ။ ဝေးမြေတာမှာ။ ကွာလေကော။ လေးလာပဟော။ ဩော်ဩနောက်မူးဝေ။ ခွန်းသံချွေ ရောက်ကိုင်းမှာ။ ချိုးကဝိုင်း။ ။ ပလိုင်းကိုလွယ်။ ဆင်တယ်သင်တိုင်းချို။ ။ ယဉ်ပုံသုံး။ အိုဘီလုံးမှလေ။ ကြွေကုံးစီ။ ကြိမ်နီချုံမှာပျားအုံပေါ။ တောပွေလီ။ ဩော်ဩမှောင်ခိုးရီ။ ချောင်းနှောင်ညီရေအေးမှာ။ သဲကဖွေး။ ။ တရေးဘန်ညွှန်။ လူဝံညိုမဲကောင်။ တောတောင်ရင်း။ အိုရဲမန်သွင်းတယ်လေ။

ဘော်ချင်းနောင်။ စီစီလောင်တောကြောင်ချင်း၊ ခင်းရန်ထောင်။ သြော်သြမျောက်လောင်းကောင်။ အိုမဲမှောင်ချုံထဲမှာ။ ယိုလေးဆွဲ။ ။ တကဲသာညီ။ မြေနီတောင်စောင်းဝယ်။ ချုံနွယ်တော။ အို လင်းမြွေပေါတယ်လေ။ ဝေဘောလယ်။ လာလေယောက်ဖငယ်။ တောင်စောင်း ပျော်ဘွယ်။ ဟိုကွင်းလယ်။ တောယုန်ငယ်ရေဆင်းမှာ။ ဘားအုံးအင်း။ ။ တသင်းဘော်ပြိုင်။ ချေစိုင်ပြောင်မြူးပျော်-ခွေးခေါ်လှမ်း။ အိုလွဲကျော်ဘမ်းတယ်လေး။ နွယ်တန်းပေါ်။ တွန်ခေါ်သံခါ ကျော်ငြောင်း။ ဒေါင်းဘော်လှော်။ သြော်သြမြိုင်တောပေါ်။ လွမ်းဘွယ်နော်သာမောတယ်။ ပန်းကပေါ။ ။

# လေ့တော်သံ

## ၁။ ။ ဦးပုညရေးသော ဒူးရင်းတော်ဆက်လေ့တော်သံမှ ထုတ်နုတ်ချက်။ (မန်းမြစကြာ)

မန်းမြစကြာ။ မြစ်ဧရာလမ်းမှာလေလေ။ ဥဒေါင်းပျံကာသန်းပါလို့။ စံခန်းကွေ့မြစ်။ ဒူးရင်းတော်ဆက်ကိုလေး။ ဆန်တက်မည်ရေး။ ။ နေ့ရက်မကြာ။ ။ ပြည်ပဟံသာစွန်းကဖြန့်ချီ။ ခရာစုံနောရုက်ပွေလီ။ မိုးချုပ်နာရီ။ ဆားမလောက်ဆီ မြင်ပြီဘဲ။ ။ အိုသည်ကန္တပါလို့။ ဆင့်ကဲခုစတ်ပြန်လေလျှင်။ ထွက်လုမြစ်ပြင်။ ။ မိုးမသောက်ခင်။ ။ မြစ်ပြင်အကူးမှာ လေ့လေ။ ကပ္ပီမာလိန်မှူးငယ်တို့။ ကြည်နူးဘွယ်ပ။ ရောက်လွယ်အောင်ခဲကြတယ်လေး။ အိပ်ဘဲသူနိုး။ ။

## ၂။ ။ သာယာဝတီဦးပိုင်းရေးသော။ ဇနက္ကသဘော်လှော်ခန်း။ လေ့တော်သံ (ငွေရွှက်ကယ်မြိုင်မြိုင်)

ငွေရွှက်ကယ်မြိုင်မြိုင်။ သုံးပင်တိုင်ထွေဆန်းတယ်။ ဆောင်ဝေယန်ခန်းမှာလှ။ စံမြန်းစမှာယ်သွယ်နွဲ့။ သိင်္ဂီရွှေလှော် လောင်းတော်သွဲ့မှိန်။ မိမိလာဘူမိနက်ကို။ ရွှေစက်ရှိန်ဖြိုးမယ်လို့။ ကြိုးလေကြိုတော်ဆောင်။ ရေဘောင်ဘင်။ မြင်ဝံ့ဘဲ။ ။ လေပိုင်းငယ်မှုံမှုံ။ လှိုင်းသုံသုံခုံမြူး။ ရေမာလိန်မှူးငယ်တို့။ မူးလေဘွေချာလှိုင်မှိုင်လို့။ ဘောင်ပျံနာဝါ။ ဝဲမှာဝင်ခို။ စက်ဝမ်း လှိုင်ရေယိုတယ်။ ဘုန်းရွှေကိုယ်မင်းရယ်က။ ငွေလင်းယဉ်ဘုံ။ ခုန်ခါပျံရန်မျိုးရှဲ။ ။ ညိုညက်ကယ်ပြာပြာ။ မြမုတ္တာ ခြယ် ရောတယ်။ မေခလာစောမယ်က။ ဘောလေကြံရည်ရွယ်ဆယ်လို့။ ကြည်ဖြူသာယာပိုက်ခါခြံရုံ။ နတ်ရင်ငွေ့ ခိုလှုံသည်။ မာလာငုံဘုန်းငယ်က။ ပြုံးလေစက်တော်ခေါ်။ ရွှေရင်မော်ပျော်နိုးခဲ။ နွဲ့ခါငယ်ကြင်ကြင်။ မြမျက်ရှင် ရောင်ဖြိုးတယ်။ နီလာ ရွှေကြိုးငယ်နှင့်။ မိုးမယ်ဒေဝီလေချီပွေ့။ ယဉ်မာယာမူ။ နန်းသူရွှေပျော်။ ဂမုန်းခိုင်ရွှေလှော်ကို။ ဖြေဖျော်လိုအားငယ်နှင့်။ ထားလေမျက်ချိုချို။ ဆိုခါကြူမြူတုန်းဘဲ။ ။ မြိုင်တိုက်ကယ်သာသာ၊ မြကျောက်ဖျာဘန်ဆင်းတယ်။ ပန်းဝတ်မှုံသင်းပါတဲ့။ ခင်းလေစက်ရာပေါင်ဆောင်ပို့။ ပျော်အောင်ဒေဝီ။ ကြူးချီချေငုံ။ နတ်ရတုစီမံသည်။ ဇေးယဉ်ပျံလွှဲပါလို့။ နွဲ့လေသံချိုချို။ ဟိုတိမ်ယံပျံကွန့်ဝဲ။ ။

## ၃။ ။ ဦးပြုံးချိုရေးသော တံငါလေ့ချင်း။ (အုံ့မှိုင်းငယ်ညို)

အုံ့မှိုင်းငယ်ညို။ လေ့အိုလူး။ မြစ်ပြင်အကူး။ လှိုင်းခုန်မြူး။ ။ နွေဦးနွေဦးပေါ်ခါ။ လေရူးလေရူးဆော်လာ။ ကမ်းရေသီတာ။ ရီပြာမှိုင်းရေလှိုင်းဖွေးရေလှိုင်းဖွေး။ ။ ကျောက်ဆောင်နံဘေးဆီက။ ပွက်သေးနှင့်လည်ခါတဖန်။ ဝဲကတော့သံ။ ကြွက်ကြွက် ညံ။ ။ အုံးခြိမ့်ခြိမ့်လျှံ။ ယက်သံဆူညာကြွေး။ ဘီလာထောင်လို့ပေးပါအုံး။ တက်ရေးပြသည်ရေမော်မှာ။ ဝဲပြင်ကလှော် ပြင်ကလှော်။ ။ သဲငွေသောင်ပေါ်။ ဇင်ယော်ပျံခါဝဲ။ မောင်မယ်တူစုံနွဲ့ပါလို့။ လူနဲသို့ပျူပျူဌာဌာ။ လှိုင်းရေထက်မှာ။ နေလျက်သာ။ ။

# စည်တော်သံ

## ကိန္နရီစစ်ကဲမင်းရေးသော မင်းဆက်စည်တော်သံမှ ထုတ်နုတ်ချက်။ (ထောင့်ကိုးဆယ်စွန်း ပဥ္စတွင်မှ)

(၁) ထောင့်ကိုးဆယ်စွန်း ပဥ္စတွင်မှ။ ညွန်းဆင်သ,ရာဇဝင်။ ကနက်ပြိုင်ရှစ်ဆူမိုး။ စိုးတဲ့ဘုရင်။ မြန်နန်းခွင်။ စံမြန်းတော်ဘုန်းကြွယ်အင်ကြောင့်။ သုံးဆယ်တွင်ရှစ်ခုဆောင်းအောင်၊ ကောင်းတဲ့သတိုး။ ။

(၂) မွေးနံတော်ကြာသပတေး။ တခါမေးပြန်တော့မည်။ ရတနာပူရတိုင်း။ ပိုင်းတဲ့စစ်သည်။ ဟံသာပြည်-ရွှေစကြာတဖန်လည်၍။ မပြန်ပြီကိုယ်တော်စွန့်တယ်။ နန်းညွန့်တပါး။ ။

(၃) ထောင့်တရာတဆယ်သုံးလိုဖြင့်။ ဘယ်တုံးမှကြုံဘူးပေါင်။ မြန်မာမှာ-တသာချို့တယ်။ ပြေးစို့တော်အောင်။ သမိုင်းဆောင်၊ တလိုင်းဘောင်ပါတော်မူ၍-ခါမြော်သူအချိန်လင့်တယ်။ မင်းနှင့်ကွာဝေး။ ။

(၄) ရန်ကြီးအောင် တပေါင်သလို့၊ တဆောင်လပုဏ္ဏမီ၊ လက်ရုံးတော်ဘုန်းထိန်တောက်။ သုံးကြိမ်မြောက်ညီ။ ရွှေဘိုစည်မထီတဲ့လူစား။ မောင်ချစ်သူမင်းဟန်တုကို။ သွင်းရန်ပြုရှား။ ။

(၅) မြစ်ဇရော နောက်မြောက်စွန်းရယ်က။ တောက်ထွန်းတဲ့သမ္ဘာတော်။ မုဆိုးဖိုအမည်မှည့်။ ငါးဘွဲ့လှည့်ခေါ်။ လောင်းနတ်တော်။ ကောင်းမြတ်ကျော်အခါဝင်၍၊ မကြာခင်ရာမည်ကို ဘုန်းပြေလို့လင်း။ ။

(၆) ငယ်မည်မှာ အောင်ဇေယျလို့။ သောင်းဒီပကျွန်းဇမ္ဗူ။ မင်္ဂလာဩဘာညွန်းတယ်။ ထွန်းတဲ့တဆူ။ ရှုံးရသူ-ထုံးဖြူသို့ကွက်ကျား။ ပြည်ဟံသာတိုင်းစွန်းပျက်တယ်။ လိုင်းမွန်ဘက်သား။ ။

(၇) ထောင့်တရာတဆယ့်လေးတွင်ဖြင့်။ အလုံ့ပေးကံဘုန်းတော်။ မြန်မာမှာ။ တသာကောင်းတယ်။ ဆောင်းရိပ်ဖြူပေါ်။ ဥဩအော်- မည်ခေါ်တဲ့စကား။ ဘွဲ့နာမံနာသီယံကို ခွန်းဟတည်ထား။ ။

(၈) အသက်တော်လေးဆယ့်ခြောက်ကယ်နှင့်။ နံသောကြာ့ရွှေသမ္ဘာ။ အနွယ်တော်ပဏ္ဍုလ။ ကျမ်းပြမိန့်မှာ။ နန်းအဌာ။ နတ်ငြိမ်းတော်ရှင်ပျော်ရာတဲ့။ ထင်ပေါ်စွာမြေနှင့်မိုးမှာ။ ရိုးတော်ကောက်ပွဲ။ ။

(၉) အလောင်းတော်နတ်ရွာကြွရာလို့၊ မှတ်ပါကြရွှေပွဲးလာ။ ထောင့်တရာကျော်ဆယ်တစ်မှာ။ သားချစ်ရတနာ။ ရှစ်ပြဟ္မာ။ လှစ်ခါတည့်ချွေသန်း။ အောင်ဘိသေဥကင်ဖွင့်တယ်။ ထူးတင်တင့်နန်း။ ။

# ပုံကြီးသံ

## ၁။ ။ ဆောမြို့စားမင်းရေးသော လယ်ထွန်မင်္ဂလာ။ ပုံကြီးသံ (ဆဒ္ဒါန်ရှင် ရွှေထွန်းနှင်းတယ်)

ဆဒ္ဒါန်ရှင် ရွှေထွန်းနှင်းတယ်။ ကျွန်းခွင်ကဇလေ့။ ။ မိုးသုံးချက်ညီ၊ ရွှေနာရီနှင့်အောင်ရေပေးတယ်။ သောင်းနယ်ပျံ့ကျေး။ ။ အနော်မာပုံစနစ်နှင့်။ ဘုန်းတော်ဖြစ်နဒီပြင်ကို။ လောင်းလျှင်နှင့်ကူးလေ့။ ။ မှာဘက်ခွင်။ ဥယဉ်ကပန်းစုံသင်းတယ်။ မင်းမင့်ဉာဏ်မှူးလေး။ ။ ရတနာနဒီရိုးက။ ရွှေမိုယ်းငယ်ဟန်ဆင်တယ်။ ရွာချင်ထင့်လေး။ ။ ကိုးနယ်ပိုင့်ရှင်။ ရွှေထွန်နှင်တဲ့သည်ခါတွင်းမှာ။ လင်းပါမှလေး။ ။ ရာထီးပိုင်မွေတော်သတဲ့။ သုံးလောကမာရဇိန်။ ဘုန်းရှိန်ပျံ့မွှေးလေ့။ ။ ကျွတ်တန်းငယ်ရွယ်။ မောင်နှင့်မယ်-ရွှေလိုင်ဦးမှာ။ ဖူးချည်စို့လေး။ ။ ရွှေမန်းဆိုတောင်တော်ဦးက။ ကြူးလာတဲ့မိုယ်းသံငယ်၊ အုံးည်ခြိမ့်

ကြွေးလေ့။ ။ တာတော်ခွင်။ ရေဝင်အောင် ရွှေကတွတ်ကို။ မင်းလွှတ်ခဲ့လေး။ ။ ပျိုစိုက်တဲ့လယ်ကန်သင်းမှာ၊ မြင်းနီနှင့် ညနေဆီကို၊ စိုင်းသီလို့ပြေးလေ့။ ။ မြင်လိုက်ကဲ့နော်။ ခေါင်းပေါ်မှာ *တရာကျေးနှင့်။ ထူးလို့ယဉ်ကြေးလေး။ ။

## ၂။ ။ ဆောမြို့စားမင်းရေးသော ကောက်စိုက်သမပုံကြီးသံ (ပျိုလေးတို့ကောက်စိုက်ရာ)

ပျိုလေးတို့ ကောက်စိုက်ရာ။ လိုက်လာနှင့်လေး။ လိုက်လာလျှင် ရွှံ့စင်ရော့မယ်။ ပေါင်းကြော့ ရင်သွေး။ ။ မဲပန်းညို ပတ်လည်ဝိုက်လို့။ ထပ်စိုက်တဲ့ မရိုးခိုင်ငယ်။ ကိုးတိုင်ကမ္ဘွေး။ လယ်ပွဲတော်ဝင်။ ပန်ချင်လျှင်ပုံတော်ထီးငယ်။ ခေါင်းဘီး ခဲ့လေး။ ။ အောင်ပင်လယ် ကန်မြမင်းနှင့်။ ရန်ကင်းတောင်။ သီခေါင်။ ရီမှောင်လို့ဖွေး။ ဗျာကသီ။ တာဆီကိုမရှာပါနှင့်။ မင်္ဂလာလယ်တော်စိုက်ကို။ ဆိုင်းလိုက်ပလေး။ ။ ပျိုစိုက်တဲ့လယ်ကန်သင်းက။ ရွှေယင်းမာပင်။ မပွင့်ခင်က ငုံတန်သေးငယ်။ ချိုးပန်ခဲ့လေး။ ။ တို့မိုင်းမြေနယ်ပေါ်။ လယ်တော်နှင့်လေးတော့။ အို-ဘုန်းတော်လေကြီးလို့။ လယ်တော်လေသီးလို့။ ပြည်ကြီးမို့လေး။ ရွှေမန်းမြို့စံရာ။ ရန်ကွာလို့ဝေးတော့။ အို-စက်တော်လေအောက်မတော့။ ဆဒ္ဒန်ရောက်ပေ့။ ရန်ပြန် လို့အေး။ ။ မိုးချုပ်လို့ချိန်တန်။ ပြန်ချိန်မှမျှော်ကွဲလေး။ ရွှေဘိုးခေါင်ညီနောင်အိပ်တဲ့။ တောင်ထိပ်ကိုနေစွယ်ခမှ။ ချစ်တဲ့လူ ရွှေယောင်ပွက။ ကြိုပကွဲလေး။ ။ တို့နန္ဒာလယ်တော်တိုက်မအေ့။ ညည်းစိုက်တဲ့ ကောက်သွယ်ငယ်။ မှန်း-ဘယ်မျှကြီး။ ပောကြည့်စမ်းမွန်။ တနံကို ဆယ်ပြည်ထွက်တယ်။ ဖြိုးအက်လို့သီး။ ။ တို့နန္ဒာ ကန်တော်လယ်မှာ။ နှိုင်းဘွယ်ယှိဘူး။ အကျွန်စိုက်တဲ့ ပျိုးကောက်ပင်။ ဆင်ပေါက်ကယ် ဆယ်ကောင်ဝင်တော့။ ရှာမမြင် အနံ့ဖူး။ သုံးထွာကကြျူး။ ။

# ရတု

## လက်ဝဲသုန္ဒရ အမတ်ကြီးရေး ရတုပိုဒ်စုံ။ (မဲဇာတောင်ခြေ)

မဲဇာတောင်ခြေ၊ စီးတွေတွေတည်း၊ မြစ်ရေဝန်းလည်၊ မြိုင်တောစည်က၊ ရွှေပြည်ကိုသာ၊ တ,ရာတော့မိ၊ မိုးရှိရှိလျှင်၊ သီရိကြက်သရေ၊ တက်ဖြိုးဝေသား၊ အောင်မြေကြော့ကြော့၊ ကုန်းမော့မော့နှင့်၊ ဘိုးတော့်ကောင်းမှု၊ တည်ထားပြုသည်၊ ဇမ္ဗူ့ဆီမီး၊ ခြောက်ရောင်ညီးမျှ၊ ဂူကြီးသခင်၊ ရွှေလင်းပင်နှင့်၊ ရွှေခြသေ့်မွေ၊ စ၍ရေသော်၊ ရွှေစေတီကြီး၊ အသီးသီးတည့်၊ ပိတ်ဆီးချယ်သန်း၊ လျှပ်ရောင်တန်းမျှ၊ ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမျှော်ချင်၍၊ သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်က ရည်သည်။ ။ ရွှေပြည်ဌာန ဝေးသောကြောင့်။ ။

သဲသာသောင်မြေ၊ မြစ်ကမ်းခြေလည်း၊ အကြေတပြင်၊ တို့အောက်ခွင်ဝယ်၊ ရေယဉ်ပတ်ဝန်း၊ ပျော်ဘွယ်ထွန်းလိမ့်၊ တကျွန်းလောက်ပင်၊ ဝေးမည့်ထင်ခဲ့၊ စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်၊ တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံဝယ်။ ရူဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတ,လည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဘန်ဘန်အံ့သြ၊ ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့၊ မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်၊ ကင်းစမ်းတောင်က၊ လေဦးစ၍၊ နောက်မှလေရှည်၊ အတည်တည်သည်။ ။ လေပြည်လာက ဇေသောကြောင့်။ ။

ပွဲခါညောင်ရေ၊ သွန်းမြဲပေတည်း၊ ရိုသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား၊ မိုးမြင့်သီခေါင်၊ မဲဇာချောင်က၊ တတောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းရှက်၍၊ ဝန်းကာ ဝေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရာ၊ မိုယ်းမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးယ်းလောက်ပြင်းထန်၊ သွန်းချ ပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊

---

* ခေါင်းပေါ်တရာကျေး - ခေါင်း၌ကျေးရုပ်ပေါင်းတရာရှိသော ပုဝါခေါင်းပေါင်းကို ပေါင်းထားသည်ဟု ဆိုလိုသည်။

ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွှယ် စေဟု၊ စေ့ရေလှည့်လည်၊ တ, လျက်မြည်သည်။ ။ နေခြည်ဖြာမှ နွေးသောကြောင့်။ ။

# ရကန်

## ၁။ ။ သဇင်ပန်းရကန်။ (ဦးတိုးရာမရကန်မှ ထုတ်နုတ်ချက်။) (စိမ့်ကြီးမြိုင်ကြီး)

စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်။ နေရောင်မခံ။ ပန်းပျံပင်ဆင့်။ မြေနင့်ရန်ဘက်၊ ခက်လက်စိမ်းမြ။ မိုးမခဘူး၊ နွေလသန်ပေါက်။ ယဉ်ချိန်ရောက်ခါမှ၊ နင်းသောက်ကယ်ရွှင်ရွှင်။ ပွင့်ဖူးတွေဆင်ကြသည်။ ရွှေပင်ဆင့်ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်။ ဂမုန်းအင်အဘက် ဆောင်စက်ရိပ်ခို။ ရေတွက်လို့ ဆိုတော့မည်။ လက်တန်တိုတစ်မည်၊ လက်တန်ရှည်နှင့်။ နေရောင်ခြည်၊ လရောင်ဝါ။ မိုးလုံးပြာ မိုးလုံးမှိုင်း။ ပုလဲဆိုင်း ပုလဲနစ်။ ချစ်စရာ့လိပ်ပျာတောင်။ နီလာရောင်တောင်လုံးမြိုင်။ သုံးပွင့်ဆိုင်ခိုင်လုံးဆန်း။ ပင်လုံးလန်း၊ နွဲ့တန်းယိမ်း။ ညှာတံစိမ်းများတို့။ လေသိမ်းတိုင်းလှ။ ကိန္နရီကသည့်နယ်။ တချို့က နီပြာပြာ။ တချို့ကဖြူဝါဝါ။ တချို့မှာချိတ်ပွင့်၊ တချို့မှာပန်းရင့်လို့။ ပင်ဆင့်ပန်းပျံ ဘွဲ့မည်ရည်ခံခြင်းတွင်။ ဝေယန်နန်းမြင့်။ ပင်တိုင်းတင့်မို့။ မြို့ဝန်မင့်စာ၊ လိပ်မပါဘဲနှင့်၊ ကွယ်ရာဈေးပြင်၊ ရောင်းလို့များ မြင်မလှ။ သေချင်သေရှင်ချင်ရှင်။ အင်မတန်အင်မတန်၊ ရာဝတ်တော်ခံရသည်။ မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို။ ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မလဲ။ ဘုန်းနှင့်ကံနှင့် ရွှေသဇင်။

## ၂။ ။ ဖန်ခါးသီးရကန်။ (တောင်ငူတောင်တွင်း)

တောင်ငူတောင်တွင်း၊ ရမည်းသင်းနှင့်။ ယောထီးလင်းကျေး။ ကလေးသောင်သွတ်။ အဏ္ဏပတ်မျည်းတဲ၊ သံတွဲရခိုင်။ နန့်ကြိုင်နန့်စိန်။ ပုသိန်မြောင်းမြ။ ဒလဒေါပုံ။ သံလျှင်နှင့်ဒဂုဏ်။ ရန်ကုန်ပိုင်ကြုံး။ မိုင်းလုံးမိုးမြင်း။ မိုးရင်းမိုးထား။ ခုရေ၍ သွားသမျှ။ ပယ်ခြားနယ်စပ်။ ရေမြေရပ်မှာ။ ပင်ပျပ်ပင်စောက်။ ကိုယ်စီရောက်သမျှ။ လုံးပေါက်လုံးဝန်း။ လုံးချွန်းလုံးတိ။ လုံးပိလုံးပု။ ကြဖုဖန်ခါး။ ခဲလားမဲလား။ သဲ့သဖန်းခါး။ လွမ်းစရာ့သဖန်းခါး။ အသားကျွပ်စုံ။ အသားညှံ့။ အနံ့မွှေး။ အလုံးသေး။ အပွေးစွန်း။ အရည်ရွှန်း။ မော်ကွန်းထိုးထိုက်။ သိကြားပင်စိုက်ကရော့ထင့်။ စိတ်ကြိုက်ကိုယ်စီ။ အကောင်းညီ အောင်။ နီပြန်သောဝါပြန်သောလို့။ ထောပနာသာ။ ချီးမွမ်းကြသော်လည်း။ ရသကြက်သရေ။ မကွေးမြေက။ ငွေဖန်ခါး ရွှေဖန်ခါး ပတ္တမြားဖန်ခါး။ ငွေအလားရွှေအလား။ ပတ္တမြားအလား။ နန်းမှာသား ဆန်းရာသား။ ရွှေပေါ်မှာထားရသည့်။ မင်းစားလုံးသေး။ ဖန်ခါးမကွေး။ နတ်ပြည်မွှေးကို၊ ယောကျေးရှမ်းပြေ။ မွန်ရိုင်းမြေများက၊ ဖန်ခါးလေဖန်ခါးလွှင့်။ သင့်ဂုဏ်နှင့်ဝင့်ကတဲ။ ရာမင့်လက်ရွေး။ မကွေးတွင် ဖေးရော့မည်။ ဉာဏ်အတွေးရှိ။ အရိပ်ကို သိကြရော့။ ဓိပတိခေါင်ဖျား။ အထွဋ်နှကယ်ထားပေသည့်၊ ရွှေဖန်ခါးတွင်မှ။ ဖန်ခါးတကာ့မင်းဖြစ်သည်။ ။

## ၃။ ။ *မယ်သီတာကို လေယဉ်ပျံနှင့်ဆောင်ခန်း-ရကန်။ (ခုနစ်ဆောင်ဝေယန်)

ခုနစ်ဆောင်ဝေယန်။ လေနန်းပျံနှင့်။ မယ်မန္တော။ ချောမငဲ့မောင်။ မှော်ရုံတောင်နယ်ညွန့်မှာ။ မင်းသီတာညိုဖွန့်ကို။ စွန်အင်္ဂါယုတ်၊ ကြက်သငယ်ကိုသုတ်သည်နယ်။ ကုတ်ခါချီ၍။ တိမ်နီတိုက်က။ လေလိုက်ကယ်ဆောင်၍လာသော်။ ။

---

* ဤရကန်ပိုဒ်မှာ မူအတိုင်းဖြစ်သည်၊ ဂီတပညာသည်တို့ ယခုသီဆိုကြသည်မှာကား။ (ကြူးမည်သာယာ) ဟု မဆိုဘဲ။ (ချူသံစာစာ။ မနဲကွာကဘက်။ တျောထံ့တျာတေ) ဟု ဆိုကြ၍ - အဆုံး၌လည်း (မျောက်မင်းသုကျိပ်။ လေပြေသိမ်တွင်။ တိတ်တဆိတ်ကြားလေသော်) ဟု ဆိုကြလေသည်။

ကြူးမည်သာယာ။ မနဲကွာကဘက်။ တျာသံများနောတဲ့၍။ တျောထံတျာတေး။ လုံမလေး၊ ကွေးအောင်လုတယ်။ ကြာနန်းသူငယ်။ ဖြူဖြူတုတ်ကို။ ဉမှင်နန်းမှာ။ ကံစမ်းခိုးလို့။ ရွှေရိုးရတယ်။ ရထားထီးဖျား။ ဆွဲလဲများက။ သနားက မည်သံကို။ မျောက်မင်းသုကျိပ်။ လေပြေတိတ်တွင်။ ကြို့ညိုရိပ်နန်း။ ပင်စခန်းက။ နားလွန်းတုံ့ခွေ။ ကြားမိလေသော်။ ။

## အဲချင်း

### မယ်ခွေးဆို။ ဆဲ့နှစ်ရာသီဘွဲ့။ အဲချင်းမှ ထုတ်နှုတ်ချက်။

### မိဿရာသီ-တန်ခူးလဘွဲ့။ (နေနတ်ကယ်မှရာဇာ)

နေနတ်ကယ်မှရာဇာ။ ။ အဿဝဏီ။ ကြယ်နှင့်ညီ။ စန္ဒီစိတြ။ တူယှဉ်ပြိုင်ပ,ကြတယ်။ လအတာကိုတဲ့လေ။ ။ သီတာငယ်မှ ပုံ့မွှန်း။ သပြေမြရည်။ တသောင်းပြည်ကို။ အောင်စည်ရွှန်းလို့။ ရေသွန်းမှခါချိန်။ သောက်ရှူးဉပါ။ ကြယ်နီလာနှင့်။ ရွှေဇာပေါက်လို။ တိမ်ခိုးညိုနှင့်။ ပြိုမည့်နယ်ချိန်။ နဂါးလိမ် လွမ်းအိမ်ဖွဲ့လို့။ မဲ့ဆီကိုမဲ။ ။ သင်းတွဲးမှ ရွှေရောင်။ ကံ့ကော် ဝတ်မှုံ။ မွှေးထုံထုံနှင့်။ ရဂုံမြိုင်ပြား။ တောတလွှားလည်း။ ငှက်ခါးတောင်လို။ ပူအောင်မဲ့ကို။ မိုဃ်းကြီးတဖွဲ့။ လေတလှဲ့နှင့်။ တဆဲ့ခြောက်တိုင်း။ မပြတ်ကယ်ဆိုင်းလို့။ မှိုင်းမှိုင်းငယ်ညိုသည်။ မ-ဖို သီတာဆိပ်ကယ်က။ ချစ်ရိပ်ညိုနွဲ့။ ။ ပြင်နာရီကား၊ ငါးဘို့ထားလို့။ ဖဝါးကမှသုံးအင်။ မိဿခွင်မှာ။ မရှင်နိုင်တတ်၊ စန်းလွန်းပင်ပြတ်ခဲ့ပြီ၊ မြတ်ဆံကျင်တာရာက၊ တေဇာတော် ချီးပါနှင့်တော့။ ဝေသာလီပြည်ကြီးက, ထိန်ညီးရဲ့။ ။

## အိုင်ချင်း

### ကောက်စိုက်မတို့ ရေးကသီဆိုကြသော ရာပြည့်အိုင်။

(၁) ချစ်တဲ့သူငယ်လေ။ ။ သူငယ်ချင်းရယ်ကောင်းသည့် ယောင်းမတို့လေ။ စိုက်ရေးငယ်မှကျင်းကျင်း။ နမကြီးမယ်သာစိုက်သည့် ကောက်ပင်ရင်းမှာ။ ကင်းကိုဘယ်ကထားသလဲတော်။ စိုက်ရေးငယ်မှကျင်းကျင်း။ နမကြီးမယ်သာစိုက်သည့် ကောက်ပင်ရင်းမှာ။ ကင်းကိုဘယ်ကထားသတဲ့။ နေ့ကိုမပေးညဥ့်ကိုပေးသည်။ ညှင်းလေးငယ်မှပြို့ပြို့။ အမကြီးငယ် မယ်တို့နေသည်။ အိမ်ခြေဝင်းနှင့်။ ရွှေအင်းသူငယ်။ မဲ့ညှင်းအုံကို၊ အကုန်မပေး ကြွင်းသေးငဲ့လေ။ ။ အပျိုဖြူငယ်က ကျွမ်းသည့် လွမ်းတုံ့တင်လေး။ ။

(၂) ချစ်တဲ့သူငယ်လေ။ ။ သူငယ်ချင်းရယ်ကောင်းသည့် ယောင်းမတို့လေး။ ဝါဆိုငယ်မှဝါခေါင်၊ ရေဖောင်ဖောင်နှင့်။ ရွှာတောင်ကချောင်း၊ ရွှာနောက်ပေါင်းကို။ ထနောင်းကြောင်ချစ်။ ဆူးရစ်ပွင့်ကာ။ မိုးမရွာသည်။ ရွာပါသော်လဲ၊ မိုးမသဲး။ ။ လယ်ပြင်ငယ်မှပတ်သန်း။ ပျို့ကောက်ပန်းနှင့်။ အလွမ်းငယ်မှဖျော်ရာ။ နမကြီးမယ်သာစိုက်တဲ့။ ကောက်နှံ့တာကို မောင်ကလေးငယ်။ မောင်မလာသည်။ မလာကဘဲ။ နမကြီးငယ်ဝမ်းမနဲး။ ။ ကောက်နှံ့ငယ်မှသွယ်ဝိုက်။ ကန်သင်း ပေါ်က။ မြှော်မိလိုက်တိုင်း။ ပျိုကြိုက်တဲ့သူ။ ပုဝါထယ်။ ထိပ်လယ်မှာပေါင်း။ ဆံသွယ်ပျောင်းငယ်နှင့်။ ဇောင်းကြော့လူကို။ စိတ်တူနောလို့မပြောရလေ။ ယင်းမာပန်လျက်။ ကောက်စိုက်တက်ကို။ လက်ခုပ်ပင့်တောင်။ ပညောင်ပင်လှ- နောပင်ခွလျက်။ လမ်းမဒိုးယို။ ဆီးခြံရိပ်မှာလ။ တဆိပ်ကယ်ခိုပြီးလျှင်။ ခြံညိုစွန်းမှာတဲ့ အလွမ်းဖြေလေး။ ။

# နောက်ဆက်တွဲ။

(မှတ်ရန်) ဤနောက်ဆက်တွဲ၌ - မူကွဲသီချင်းများနှင့် အချို့သော ရှင်းလင်းချက်များအပြင်။ ကြွင်းကျန်သေးသော အချို့ သီချင်းတို့ကို ဘော်ပြလိုက်ပါသည်။

## ပုလဲပတ်ပျိုးကလေး။ (ညို့ညို့ဆိုင်းဆိုင်း)

ညို့ညို့ဆိုင်းဆိုင်း။ ။ အုံ့မှိုင်းရီဝေ။ မျှော်လေလေလွမ်းပုံသိချေ။ ။ ဟေမန်လ,ဆောင်းပေမို့။ ဒေါင်းပြင်စက်စံ။ ။ သကြၤန်ခါနွေပြောင်းအရွေ့ပေမို့ ပြန်လှန်လေ။ မောင်းအငှေ့တွင်မှ။ ညောင်းညှာကြွေ့မြိုင်လုံးလင်း။ ။

(ဘောလယ်)။ ။ သင်းပျံ့ကြိုင်ရှင်။ ဂေါ်ဇင်ဖီဖူးရယ်က၊ တော်ဝင်မှီဦးရှာကြ။ ထူးသစ်တဲ့မြိုင်။ ။ တွဲလို့နွဲလို့။ ရစ်ဝဲကာဆိုင်။ ။ ရွှေငှက်ကယ်မောင်နံတို့။ တောင်ကမ္ဘယံစွန်းမှာလေး။ ခွန်းသံဆင့်ပြိုင်။ ။ ရွှေပြည်တော်နန်းကိုတဲ့ ရမ်းရော်ဆနိုင်။ အလွမ်းရယ် ဗျာလှိုင်လို့။ သာခွေယိုင်နွမ်း။ ဘော်မစုံပန်းသူမို့၊ လွမ်းဗျာထုကြုံ။ ရစ်တိုင်းရယ်ပြာမှုံလို့၊ ရှာတော်ပုံ ပြီးတယ်လေး၊ မိုယ်းစည်စိမ့်စွေ။ ရစ်နယ်အုံ့မှိုင်းပါလို့ ဘုံတိုင်းနဘော။ ချုံသိုင်းဝလာဖွေက။ မဟာမေဃော။ ဗျာပါဝေမောစေဘို့။ ဖြိုးလျှပ်အုံ။ မိုယ်းနတ်ပဇ္ဇုန်။ အိုဘယ်မာန်ဟိန်းတယ်လေး။ ပိန်းပိတ်လို့ရုံ ။ ပူသူကိုငြိုးရော့ထင့်။ ရွှေမိုယ်းအမ္ဗုန်၊ ဝေဖြိုးနဘံဘုံက။ မာန်တဂုဏ်ပြင်း။ လျှပ်စစ်နွယ်ခင်းပါလို့၊ ဟစ်ကြွေးငြာ။ စစ်ရေးဗျူဟာ။ သူရာမင်းငယ်လေး။ ခင်းတပ်ဘွဲ့ခါ။ ။

## ယိုးဒယားတော်ဘွဲ့ (မြိုင်ဂန္ဓမာ)

မြိုင်ဂန္ဓမာ။ ပန်းမျိုးစုံစွာ-ပေါကြ၊ တောလေသည်ပေဟမာ။ ။ ဇင်မင်း၊ ဆင်းရွှေဝါ။ ဇီဇဝါငယ်လေးခတ္တာနော။ သာမောစုံခြေမှာ၊ ညှာကြွေလျော။ မှုံပြာပြာရော။ တောသာဟန်။ ။ အို-ပန်းမာလ်ဝေဆာဖူး။ ရွှေညှာခိုင်ရည်လူး။ ။ ဝသန်လေးချိန်မှန်ကူး။ ပဇ္ဇုန်ကြူးပျော်မြူးစံရှင်။ ဆော်ပဋ္ဋင်ရိုက်ညောင်း။ နွေရာသီပြောင်းခါမှီဝယ်။ ။ မိုယ်းတချုန်းချုန်း။ ရွှေဖီပေါ်တုန်း ကန့်ကော်လေ ကြက်ရုံး။ လှိုင်လို့သာ။ ဂနိုင်သည်ပေဟမာ။ စမ္မာယ်ကြိုင်စွာ ပန်းရွှေဆတ်သဝါ။ ။ အို အင်ဖူးကြိုင်လှိုင်လန်း။ ပန်းမဥ္ဇူမွှေးကြူလေပြေဖြန်း-၂။ ဆင်ရာဆန်းကန့်ကော်ပန်း။ မြင်ရာလန်းထွေထူးဆန်း-၂။ (ခင်တန်းစိုစို။ ဆတ်သွားပင်ပျို-၂) မြတ်လေးရုံဆို။ ဟိုပင်ရင်းထုံနံ့သင်း။ ။ မင်းမူရာဟန်။ ။မြိုင်ယံမှာသာတင့်ဆန်း။ ရဇနပန်း။ ခိုင်လုံးလန်း။ ။ နန်းဟေဝန်ချာ။ အိုင်ကုဏ္ဍလာ။ ။ ခိုင်ပဒုမ္မာ။ ဝတ်မှုံရွှေကြာ၊ ကြိုင်မွှေးသင်း။ ။

## ယိုးဒယား-ကပီ (နန်းဘုံသီဟာသွေ)

နန်းဘုံသီဟာသွေ။ သဥ္ဇာညောင်ရွှေ။ ရွှန်းဝေထိန်ပြောင်။ ညီနောင်ဆက်ခါ။ ပိုင်စံစိုးတော့သာ။ ။ အို-ဆင်ဖြူဆဒ္ဒန်ဆက်ပြန်လို့ငြား။ မရှားလိုရာ။ ဘုန်းတော်တေဇာ။ ဒေဝါနတ်မောင်၊ ရွှက်ဆောင်ကျိုးတော်သာ။ ။ ဘုန်းတော်ကြီး ထီးတရာ။ စကြာစိုးတယ် မိုးပြဟ္မာ။ ထူးထွေလာငြောင်း။ ကောင်းကြီးငြာ။ ။ ဖူးရွှေစာငယ်။ ဒေဝါနစ်ထောင်း။ ရစ်သောင်းမျိုးနွယ်။ နတ်ကယ်မူရာ။ သူဇာဖြူပြာ။ ကြော့ကြော့ရှင်းတယ်။ သတင်းလေကြိုင်ပျံ့စွာ။ ။ ယိုးဒယား-ကပီဆာတမာ။ နိုင်းစံစရာ၊ အမည်နော် မတူရခြား။ မျိုးအများ အပြည်ပြည်အရွာရွာ။ တိုင်းမြန်နဂရာ။ ပြည်ရွာနယ်မြို့တလွှား-၂။ စည်စည်ကားကား၊ များစွာ့မြတ်အသရေ၊ အလားပနတ်ပြေ-၂။ ဝတိန်နန်းလိုထူးဆန်းသာဘိချေ။ ။

# စာညွှန်း

## အပိုင်း-၁။

## ကြိုးသီချင်းများ


အလွမ်း ထပ်ဆင့်လောင်း ........ 44

ကိုးပါးပေါင်းစု ........ 35

ကန်တော်ထိကရ-ပြောဝန်း ........ 47

ကန်တော်ကန်တော်ထိကရ........ 43

ကမ်းကခွါ ........ 46

ကြောက်ဘွယ့်ဘုန်းတန်း ........ 45

ကျွန်းကျွန်းပိုင်သ ........ 46

ခမ်းတွင်းရိပ်သာ ........ 48

ချမ်းကတဲကိုလေ ........ 48

ခွဲခွဲခြားခြား ........ 39

စံရာတောင်ကျွန်းလုံး ........ 35

စံရာဘုံမြင့် ........ 37

စိန်ကြောင်လိုပင် ........ 40

စိမ်းလဲ့လဲ့ညိုပြာ ........ 34

စောင်းတော်သိင်္ဂါ........ 37

ဆီးနှင်းပြိုက်ကျ ........ 38

ဆယ်ရောင်ဝေ-ပယ်မှောင်ချွေ ........ 36

ဆွတ်ဖြန်းငယ်လေကြိုင်သင်း ........ 47

ဇေယျာအောင်ချာ ........ 37

ဇေယျာမြို့ ........ 34

ဇမ္ဗူသိင်္ဂါပြိုးပြက် ........ 47

ညာသပြေဘောင် ........ 41

တီးရွှမ်းအောင်စည်ကျူးနွဲ ........ 45

တေဇာအာဏာထန်ပြင်း........ 43

ထံတျာတေရှင် 33
ထွန်းလင်းတောက်ပ 50
ထိပ်တင်ဇေကန် 36
ထွေတလာလာ 34
ထောင်ရောင်နေ-မှောင်မှောင်ချွေ 36
နေရင်းလေလဲ 38
နှန်းနန်းထောက်စာ 42
ပန်းစုံမာလာလေ သင်းသင်း 48
ပုံနှန်းဝတိန်သာ 40
ပုံပမာ 42
ပြောင် ပြောင် ပြောင်နာဂိန် 51
ဖျော်ဖြေလို့နေပါရင်လေ 46
ဘယ်ဘယ်တဲ့ ဘယ်ကမ္ဘာတွင် 45
ဘုံဆောင်မြင့် 34
ဘုန်းတောက် ပ,ဝင်းဝင်း 49
ဘုန်းမိုယ်းရွှာစွေသွန်းဖျန်း 50
မာလာဂန္ဓာ မွှေးမွှေးသင်းသင်း 37
မင်းလမ်းငယ်စပ်ခါ 38
မင်းလွင် မင်းလွင်မှိုင်းအုပ် 46
မြန်ခန်းကျွန်းတွင်း 45
မြို့နန်းငယ်လေ 35
မိုယ်းမင်းလွန်ကဲ 44
မှိုင်းရိပ်ကယ်တည့်ဝေမှောင် 47
ရာမင်းရာမင်းလျှို 49
ရီရီဆိုင်းဆိုင်း 43
ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ 35
ရွှေပြည်ကြီးဇရာ 35
ရွှေနန်းအောင်ချာ 38
ရွှေပင်ရွှေဘုန်းပဝင်း 41

ရွှေဘုန်း ရွှေဘုန်း ပပဝင်း ..........50
လာချေပြီ ..........50
လေရှိုလေသာ ..........49
ဝေဘာဂီရိ ..........33
ဝေယန်လိုပင် ..........39
ဝေဇယန်နှင့်နှန်းပြား..........43
သပြေပင်ဝန်း ..........42
သာယာသာယာ မြည်လေကြွေး..........33
သီတာသီတာမြသား ..........33
သီတာသီတာ ရေကြီး ..........36
သီယာမြေယံ..........40
သီလာဝေယန်လေမှိုင်းညို့ ..........48
သင်းရရင်းကြိုင် ..........40
သကြိန်မာသကူးသန်း..........44
သောင်ကမ်း သောင်ကမ်း..........51

## ဘွဲ့သီချင်းများ

အတိုင်းမသိ၊ ဘုန်းတော် ..........67
အတိုင်းမသိ၊ မင်္ဂလာကြက်သရေ..........67
ဥကင်ဘုံမြင့် သီဟာသွေ ..........52
ဩဘာမင်္ဂလာ ..........64
ကုန်းဘောင်မြို့..........55
ကိုးသွယ်ရတနာ..........65
ခွန်ယူစိုးရ..........65
ခေါ်ပါယောင်နှင့် မျှော်ပါယောင်..........67
ခြည်ပန်းထောင်ကွန့် စက်နေရုံ..........61
ဂန္ဓမာတောင်..........58
ငါးလုံးတောင်ညွန့် ..........57
ဆဒ္ဒန်ပိုင်ဘုန်းမြင့်နရိန္ဒာ ..........56

ဆဒ္ဒပိုင်လေးကျွန်း ....59
ဆဒ္ဒန်ပေါက်မ ....65
ဇမ္ဗူရည်ပွင့် ဆယ်ရောင်ဝေ ....60
ဇမ္ဗူကျွန်းရင့် သောင်းဒီပါ ....63
ဇမ္ဗူရောင်ကွန့် သရက္ခံ ....65
တဖုသသငယ်နှင့် ....63
တရာမင်းများ ဥသျှောင်ကျင် ....64
တရေးမက-သန်းခေါင် ....68
တုနှိုင်းမရှိ တေဇာ ....68
နန်းဝေယန်မြင့် ဥကင်ဘုံ ....52
နန်းဝေယန်မြင့် ဧသန်ညာ ....57
နန်းငွေယုန်သော်တာလေ ....59
နတ်သ, ငယ်လေ ယာဉ်ကြူး ....57
နတ်စည်ငယ်လေ ....60
နွေဦးကာလ မြူထသော့ခါ ....62
ပရမေသီရိအောင်ဇေယျာ ....55
ပတ်ဖြန့်ငယ်ပြောင်ရွှန်း ....56
ပတ်လည်ငယ်လေမှိုင်း ....60
ဘုန်းတော်တေဇာ ....68
မာရဝိဇယ-ထွဋ်ဘုန်းစည် ....60
မန္တလာဘုံ ....53
မင်းဝံတောင်ညွှန့် ....54
မင်္ဂလာအောင်မှို့ ....54
မင်းခမ်းတော်စုံလှ ....54
မင်္ဂလာသီရိ ....61
မြတ်ပလ္လင်တော်ရှေ့ ....53
မြရည်နန္ဒာ ....63
မြမန္တလာ ....66
မြသို့ငယ်စိမ်းန ....59

မုန်ညောင်သဉ္ဇာ .......................................................67
မိလ္လာခိုနှင့်နီလာလိုလေ.......................................................68
မိုဃ်းဦးကာလ .......................................................62
ရန်တကာအောင်.......................................................64
ရှုတိုင်းသာစွ.......................................................68
ရွှေဘုန်းတော်၊ နေနှုန်းလျော် .......................................................59
ရွှေဘုန်းပွင့်။ နေနှုန်းမြင့် .......................................................67
လယ်တော်ထွန်စ,နေ့ကျော်မှာ .......................................................61
လက်ျာတော်မင်းခမ်း .......................................................52
လက်ဝဲတော်က-အုံ့ရာပုံ .......................................................53
လေးမည်သာလှမြတ်ရွှေတောင် .......................................................54
လေးဒီပါ-အေးမြမြ.......................................................66
လွှတ်တော်ငယ်စံကျွန်း .......................................................64
သကမည္ဃူ .......................................................58
သပြေသောင်းလုံး.......................................................63
သည်ဆောင်းဟေမာန်.......................................................58
သကြံန်တော်မင်္ဂလာ .......................................................58
ဟေမဝန်ချာ.......................................................66

## သီချင်းခန့်များ (သီချင်းခံများ)

အမင်းမင်းခရ.......................................................72
အသချေ်စုံလင် .......................................................73
အယဉ်မျိုးကြူး.......................................................82
အောင်ဇေယသီ .......................................................88
ကျွန်းလုံးသိမ်းကြုံး .......................................................71
စန္ဒာရောင်သို့သာ .......................................................71
စံရာဘုံမြင့်မှာ .......................................................77
စုံသာမြိုင်လယ် .......................................................85
ဆဒ္ဒန်ဆဒ္ဒန်ဆင်.......................................................71

ဆဒ္ဒန်အိုင်သာ ..................78
ဆန်းအထူးထူး..................74
ဇမ္ဗူမြန်ချာဗွေမှာ ..................80
ဇမ္ဗူကျွန်းလုံး ..................82
ဇေယျာရွှေမြေ ..................85
ဇောင်းကလောအင်း ..................76
တောဟေဝန်တောင် ..................90
ထူးမခြားနား ..................73
ထက်မိုးသူဇာကက ..................70
ထောင်ရောင်နေကသာ ..................77
ဒီပါလေအောင်ချာ ..................71
ဒီပါမြေယံ ..................87
နှင်းတမြူးမြူး ..................76
ပန်းကြာဝတ်မှုံ ..................83
ပြည်ပြည်မင်းပေါင်း ..................72
ဘုန်းမိုယ်း သွန်းလောင်း..................70
ဘုန်းအကြီးဆုံး ..................75
ဘုန်းထူးဝေဆာ ..................88
ဘုန်းပန်းပရမေ ..................89
မင်းခမ်းတော်စုံ ..................79
မိုင်းမိုင်းမြ ..................72
မိုင်းအဆန်းဆန်း ..................75
မြဆံကေသာ..................79
ရဝေနန်း ..................84
ရွက်ညွှာကြွေလျှံ..................78
ရွှေစံပယ်ရုံ..................81
ရွှန်းရွှန်းမြ ..................70
ဝတိန်နန်း..................81
သံသာညိုးညှင်း ..................90

သင်းသင်းကြိုင်ကြိုင် ....... 91

## အပိုင်း-၂။

## ပတ်ပျိုးသီချင်းများ

အထူးထူးငယ်နှင့် ....... 158
အမရပူရိန် ....... 150
အမွှန်-မာန်ဟုံ ....... 121
အာကာတခို ....... 93
အာကာယံထဲ ....... 147
ကြေျကြိုင်သင်း ....... 93
အို-ကမ်းလေရေယမုန် ....... 130
အို ကြော့ဆုံးမယ် ....... 95
အိုမြင်လှဲ့စမ်း ....... 92
အောင်ခန်းမြို့ထောင်နန်းတည် ....... 114
အောင်ဇေယျာကျွန်းကျွန်း ....... 110
အောင်မြေဇေယျာ ....... 123
အောင်မြေမြမန်း ....... 107
အောင်မြေသာစံ ....... 149
ကန်မင်းကသာ ....... 95
ကုန်းဘောင်အာဟိန်ညွှန့် ....... 92
ကုန်းဘောင်နေမင်း ....... 148
ကုန်းဘောင်ပရမေ ....... 158
ကုန်းဘောင့်ရွှေဘို ....... 122
ကြင်ယောင်ခင်ယောင် ....... 155
ကြုံလေ၊ ဘုံဘွေ ....... 98
ကျူးသီဖွဲ့ဝန်း ....... 127
ကျွန်းကျွန်းတိုင်းခန်း ....... 96
ခါနွေဝသန် ....... 93
ခင်းစံကြော့ဖွေ ....... 133

ချစ်သမျှကို ........ 104
ချွဲပြာသင်း ........ 151
ဂန္ဓမာတောင် ........ 100
ဂန္ဓမာရိပ်သာ ........ 115
ငွေခုံမြေခါ ........ 154
ငွေယုန်နန်း ........ 157
စောဘိသည်နှင့် ........ 145
စံရာရွှေနန်း ........ 161
စက်နန်းရဝိန် ........ 139
စက်လဲပျော်ပါလို ........ 94
စက်လဲဘုံဘွေ ........ 154
စက်လဲမရွှင် ........ 139
စုံနယ်သာစွ ........ 130
စိုးအမွှန်မှူး ........ 151
စိုးမိုးသိမ်းကြုံး ........ 111
စိန်ကြောင်နီလာ ........ 146
စိန်ချယ်ခြူးသန်း ........ 148
စိန်ငွေလျှံ ........ 108
စိန္တေကိုးသွယ်ဂုဏ် ........ 110
စိမ်းကြည်လဲ့ရှင် ........ 102
ဆင့်ရရင့်ငယ်လေ-ရွှန်းလန်း ........ 99
ဆောင်ဝဇီရာ ........ 108
ဇေယျာအောင်သံ ........ 116
ဇေယျာ အောင်စည် ........ 112
ဇမ္ဗူတောင်ညာ ........ 123
ညဥ့်ဆည်းလွန် ........ 128
ညဥ့်သုံးယာမ်ခါ ........ 97
ညှင်းလေကသွေး ........ 101
ညီုခိုးတိမ်ပုံက ........ 144

ညို့ညို့မှိုင်းမှိုင်း ........ 103
ညို့ညို့ဆိုင်းဆိုင်း ........ 219
ငွေကြာ်မှာ ........ 129
တပင်စံရာ ........ 113
တပေါင်းဆန်းသည်နှင့် ........ 125
တာသစ်ကယ်လေကူး ........ 94
တံပိုးငယ်တည့်နတ်ပဒ္ဓင် ........ 104
တန်ဆောင်ရွှေတိုင် ........ 117
တောင်နန်းရွှေဗိမာန် ........ 97
ထွန်းလင်းလျှံလက် ........ 141
ဒီပါဓမြ ........ 147
နဝတတ္တကုဏ္ဏာလ ........ 109
နဝရတ်ကယ်ရောင်စုံ ........ 118
နံ့သာနီတောင် ........ 120
နွေချိန်ခါလုပြန်တော့တယ် ........ 131
နွဲ့ယိမ်းယိုင် ........ 121
နန်းနေရ သီလာဝေယန် ........ 154
နန်းဘုံမြင့်နတ်ကယ် ........ 131
နန်းမြေနှင့်ကွာ ........ 100
နှင်းသုံသုံ ........ 145
နစ်ကိုယ်သစ္စာ ........ 107
ပပငယ်လေ-ဝင်းဝင်း ........ 97
ပပငယ်လေ-ဝင်းဝင်း ........ 103
ပရမေညာဏ်မွန် ........ 131
ပရမေရွှေညာဏ် ........ 92
ပဟိုရ်မြွက်သံ ........ 113
ပင်ဝန်းညာသပြေ ........ 141
ပတ်ဝန်းငယ်တည့် ညာဘယ် ........ 100
ပန်းတသင်းသင်း ........ 111

ပန်းရဂုံညှာ ........ 144

ပန်းသဉ်လယ် ........ 106

ပျံ့ပျံ့ငယ်လေသင်းသင်း ........ 102

ပျံ့ပျံ့ငယ်လေသင်းသင်း ........ 103

ပြဒုငယ်ချပ်ရံ ........ 94

ပြယားငယ်တည့် ဝင်းသဝဏ် ........ 130

ပြာပြာညို့ရောင် မှိုင်းတလဲ့လဲ့ ........ 114

ပြာပြာညို့ရောင် မှိုင်းလို့ရီမှောင် ........ 115

ပြည်အောင်ချာနန်းငယ်က ........ 136

ပြောင်တသိန် ........ 126

ဖြူပြာမူရာ ........ 149

ဖြေနိုင်ပေါင် ........ 156

ဖြေလဲမပြေ ........ 136

ဖြေလျော့ခွေ ........ 109

ဗိန်းဘုံဘွေ ........ 152

ဘုံပျံနေနန်း ........ 160

ဘုံလယ်ခွင် ........ 110

ဘုန်းဆင့်ဆင့်တိုး ........ 94

ဘုန်းမျှားမျှားမင်း ........ 152

ဘုန်းရောင်ရှိန် ထိန်ညီး ........ 129

မဏိကဋ္ဌနာ ........ 123

မလင်းငယ်တည့် ပိတ်ခါမှောင် ........ 119

မဟီရင်ဘောင် ........ 138

မဲဇာတောင်ခြေ ........ 120

မော်တင်လယ် ........ 95

မုရိုးငယ်တည့် ထက်စည်သံ ........ 119

မင်းဝံတောင် ........ 98

မန်းအောင်မြေခင်း ........ 156

မယ်သေချင်လိုက်ပါဘိ ........ 133

မယ့်ကြမ္မာ ........................................ 142
မိန်ရက်ဘန် ........................................ 129
မှန်ရဝေ ........................................ 100
မိုယ်းဒေဝါ ........................................ 96
မိုးလုံးပတ်လည် ........................................ 106
မှိုင်းပြာမှုံဝေ ........................................ 157
မှိုင်းပြာဝေ ........................................ 146
မြဂန္ဓမာ ........................................ 124
မြတောင်ဝေရှင်း ........................................ 96
မြနန်းငယ်တည့်။ မန်းညာဘွေ ........................................ 155
မြနန်းဘုံပေါ်မှန် ........................................ 96
မြမန်းကိုက်ရုံ ........................................ 122
မြမြမောင်းမောင်း ........................................ 102
မြယဉ်ရေညို ........................................ 106
မြသားဘွေစွန် ........................................ 116
မြူဝန်းလို့ခို ........................................ 111
မြန်ချာမြေကို ........................................ 114
မြန်ဘောင်ပရမေ ........................................ 159
မြိုင်ခြေ-ခိုင်ရွှေ ........................................ 107
မြိုင်ခြေစုံသာ ........................................ 142
မြိုင်ခြေတခွင် ........................................ 105
မြိုင်တွင်းကသာ ........................................ 96
မြိုင်ယံ ရွှေလှုံ ........................................ 93
မြိုင်ရဂုံ ........................................ 128
မြိုင်ဟောဝန် ........................................ 127
မျှော်တိုင်းခုဝယ် ........................................ 140
ယမုန္နာ ........................................ 135
ယမုန်သီတာ ........................................ 137
ယုဇနမာလာ ........................................ 137

ရဂုံမြိုင်ချာ ........ 125

ရဂုံဟေမာ ........ 105

ရဝိန်ဒေါင်းယာဉ်ပျံ ........ 144

ရေပင်လယ် ........ 99

ရေယမုန် ........ 122

ရေလှိုင်းကမို ........ 105

ရင့်ကျူးငယ်မန္တာ ........ 140

ရိန္ဒမာလုံ ........ 138

ရှိစုံရွက်ကြာ ........ 117

ရှုလိုက်တိုင်း-မှိုင်းခဲ့ပြီ ........ 101

ရှုလဲနိုင်နှင့် ........ 98

ရွှေဇီဝဖိုး ........ 95

ရွှေတေဇာ ........ 112

ရွှေတောင်ပံ ........ 113

ရွှေနှုတ်ကယ် လှယ်လှယ် ........ 112

ရွှေပြည်တော်သည် ........ 135

ရွှေဖီခိုင်ညှာပန်းရယ်က ........ 133

ရွှေဖီဇင်ဂေါ် ........ 136

ရွှေဘုန်းတေဇာ ........ 112

ရွှေဘုန်းလျှံဖြာ ........ 153

ရွှေဘုန်းသမ္ဘာရှိန် ........ 134

ရွှေဘုံစံရာ ........ 124

ရွှေရင်ဘောင် ငွေရင်ဘောင် ........ 125

လူမနော ........ 93

လေညှင်းချွေသင်း ........ 99

လေယာဉ်မြန်း ........ 142

လေသွေးငယ်တည့် ညှင်းသုံသုံ ........ 132

လေးဒီပါကြုံးပေမည့် ........ 153

လေးဒီပါလုံး မြေတန်ဆောင် ........ 101

လွဲ့လွဲ့ငယ်လေ သင်းသင်း ........................................ 127
လှစံကျွန်းညွှန်းတော်ခဲ့လား ........................................ 121
လွှဲမပစ်နိုင် ........................................ 127
လက်ျာသပြေကျွန်းငယ်မှာ ........................................ 132
လင်းယဉ်ငယ်ကြွယ်စိုင်ရှူး ........................................ 92
လွမ်းခလေ့ ........................................ 115
လွမ်းဘွယ့်စေ ........................................ 110
လွမ်းရန်ထွေ မျှော်လေတိုင်း ........................................ 99
လွမ်းရန်ပို ငိုချင်သား ........................................ 139
လောင်းပန်း ဂမုန်းအင် ........................................ 134
ဝသန်ခါမိ ........................................ 137
ဝသန်ရာသီ ........................................ 126
ဝေဖြိုးကုန်းဘောင်ညွှန့်ညွှန့် ........................................ 106
သပြေညာပေါင် ........................................ 140
သာဂိမှန်။ ညာလေပြန် ........................................ 102
သာဆန်းငယ်တည့်ရဂုံဗွေ ........................................ 119
သာရကာကျေးငယ်တို့ ........................................ 108
သီလာဝေယန် ........................................ 135
သာယာစုံစီ ........................................ 143
သူရကန် ........................................ 109
သေနင်္ဂမည် ........................................ 118
သေသော်သာ မြတ်လေသိ ........................................ 144
သေးသေးငယ်တည့်သွယ်သွယ် ........................................ 98
သဲလောင်ကြွေကျွမ်းအောင်လို့ ........................................ 150
သင်းရန့် ........................................ 116
သင်းလှိုင်ညီ ........................................ 94
သင်းလှိုင်ဝေ ........................................ 131
သင်းသင်းငယ်တည့် ကြိုင်လှိုင်ညီ ........................................ 101
သန်းယံသာကြူးပါတော့ ........................................ 134

သန်းရုံခြွေ ........ 126
သိင်္ဂါရွှေဘုံ ........ 105
သိင်္ဂါရွှေရောင် ........ 124
ဟေမာ-ဝေဆာ ........ 113
ဟေမန်ပွေဟန် ........ 108
ဟေဝန်စုံမြိုင် ........ 147
ဟံသငယ်ရာဇာ ........ 145

## လောကနတ်ချင်း

တိမ်မှောင်ဝေးကင်း ........ 164
ထိန်ထိန်ဖြာ ........ 164

## လေးထွေသံကပ်

ကိုယ်တော်နှင်းနှံ့ ........ 165
စိန်မှန်ဆောင် ........ 165
ရွှေညီလာ ........ 165
ရွှေပန်းပန် ........ 165

## မြင်းခင်း

မြန်မြေနယ်ဇမ္ဗူဘောင် ........ 166

## နတ်ချင်းများ

၃၇-မင်း နတ်ချင်းများ ........ 166

## အပိုင်း-၃။

## ယိုးဒယားသီချင်းများ

ဇေ ခြူရေးချိုက် .......... 177
အောင်မင်္ဂလာ .......... 180
အိုကြာရုံနန်းသူမယ် .......... 186
အို-လျှံညီးလင်း .......... 178
ကန္တာတောခြေ .......... 181
ကန်မင်းသာစွ .......... 190
ကြို့ညိုစံရာ .......... 193
ခါနွေဆန်း .......... 175
ခိုင်ပန်းစုံနှင့် .......... 190
ခိုင်ပန်းစုံ-မှုံမာလာ .......... 172
ခြံသင်ဒိုင်းငယ်နှင့် .......... 182
ဂိမှာန်နွေဘွဲ့ ရာသီ .......... 190
စက်လဲ-ပျော်ပါနိုင် .......... 177
စိန်ဇာကွန့်ခြူးငယ် .......... 184
စိန်ခြူးအုံ-မှုံညာရွှေ .......... 184
စိန်ဖေးရနန့် .......... 188
ဆန်းနွေဦး .......... 188
ဆန်းဆန်း သဏ္ဍာကြာညောင် .......... 181
တောတောင်စွယ် .......... 171
တောမြိုင်ခြေလမ်း .......... 172
တောမြိုင်စွန်း .......... 188
တောဟောဝန်လယ် .......... 184
တောင်ဇမ္ဗူပိုင် .......... 173
တောင်ရွှေမန်း .......... 189
ထောင်ရဝိန်မွန် .......... 183
နန်းဘုံသီဟာဘွေ .......... 219

နန်းသီဟိုဠ် ........ 186
နင်းယွန်း ခါဟေမန် ........ 172
ပန်းညောင်လှိုင်ဘွဲ့ ........ 189
ပန်းမြိုင်လယ် ........ 170
ပန်းမှုံကြွယ် ........ 187
ပန်းဟေဝန် ........ 179
ပျံ့ကွန့်မြူနှင်း ........ 176
ဘော်ကွာဝေး ........ 174
ဘုန်းရောင်ခြည် မြန်ကျွန်း ........ 185
မကြံနိုင် ........ 180
မာလာပန်းရယ်က ........ 191
မန်းအောင်မြေနန်း ........ 181
မန်းဇေယျ ........ 181
မန်းညာဖွေ ........ 183
မန်းတောင်လက်ျာ ........ 191
မန်းရွှေပြည်နန်း ........ 185
မော်ရုံဟေဝန် ........ 174
မှုန်ငွေနှင်း မင်းလွင်မှီ ........ 185
မှိုင်းမှုံပြာညို ........ 171
မျှော်သူပန်းစေဘို့ ........ 189
မြမန်းဂီရိ ........ 179
မြန်သပြေညာ ........ 178
မြန်သပြေဘွေ ဆင်ရွှေဝတ် ........ 176
မြန်သပြေဘွေ တကျွန်းခြားမြေ ........ 177
မြိုင်ဂန္ဓမာ ........ 219
မြိုင်ဟေမာ ........ 180
ယုန်ငွေနန်းလေ စန်းသော်တာ ........ 175
ရာပြည်မင်း ........ 193
ရေမီးထိန်လျက် ........ 192

ရွှေတညာ ........................................ 173
ရွှေကြက်ကယ်ဟန်ချီ ........................................ 178
လေပြေဆော်သွင်းမြူး ........................................ 192
လေပြည်လောင်းသည်နှင့် ........................................ 179
လွမ်းပိုအောင် ........................................ 178
လွမ်းဝှန်ပို ........................................ 178
လျှပ်ပန်းခွေနွဲ့ ........................................ 192
ဝေဇယန္တာ ........................................ 174
သာတင့်ဆုံး ........................................ 175
သန်းရွှေညာ ........................................ 186
သောင်းရွှေလယ် ........................................ 176
သောင်းလုံးမြေဒီပါ ........................................ 182
သောင်းသောင်းညံ ........................................ 191

## တလိုင်းသံများ

ကောင်းကြီးသခ်ါ ........................................ 196
စိန်ချယ်ညီးလင်း ........................................ 195
စိန်မြရံချယ် ........................................ 196
ညှင်းညှင်းပဋ္ဌင် ........................................ 196
တလိုင်းသံနှိုင်းစံပယ်ခွာ ........................................ 194
တောင်ယံတောကလေး ........................................ 194
တောင်ယံတောကြီး ........................................ 197
နှင်းယွန်းဂိမ္ဘာန် ........................................ 195
လေး။ မွန်တီ၊ မွန်စ၊ ........................................ 194
သောင်းကျေးဒီပါဘွေ ........................................ 197

## ဘောလယ်များ

စိန်ချိုးကြာညောင် ........................................ 199

ထုံပန်းမာလာ ..... 200
နာဂဆဒ္ဒန် ..... 199
ပဏ္ဍုသေလာ ..... 199
ပုလဲမြိတ်စုံ ..... 200
ပတ္တမြားယှက်ရုံ ..... 201
ဖူးပွေလက်တင် ..... 201
ရှုသဲသာထွေ ..... 200
သင်းပျံ့အေးကြည် ..... 201

## ခွန်းထောက်သဖြန်များ

အသဲငြိစေဘို့ ..... 204
ကသစ်ကယ်တဲ့နန်းသူမောင် ..... 202
ကြာခြည်ရံ၊ နာရီပြန်ပဟိုရ်ညီတ်ပါပေ့ါ ..... 203
ကြက်ညီနောင်-ရေဝယ်မြောပါလို့ ..... 204
ကြုံမတွေ့ချင်ဘု ..... 203
စိမ်းလဲ့ငယ်တဲ့ညိုရောင် ..... 202
တောင်တတန်း။ မြောင်စမ်းရယ်တဲ့ရစ်ခါခွေ ..... 203
နေမှိန်မှိန်။ ဆင်ဖောင်းတော်ရွှေပုသိန်နှင့် ..... 203
ပျော်မမွေ့နိုင်ဘု ..... 204
ပြောင်ပြောင်ငယ်ညီး ..... 202
ဘော်မမှီ။ ဇော်ဂီလိုဂ်မွေ့တဲ့ ..... 203
မြသားငယ်တဲ့ရေယမုန် ..... 202
မြင်မြင်ရာ-သခ်ါရပေမို့ ..... 204
ရိုးတလျှောက်၊ ဖြိုးမောက်ပါတဲ့လယ်ပတူ ..... 202
လတပေါင်း။ ရွက်ဟောင်းငယ်ကကြွေခဲ့ပြီ ..... 202
သခွတ်ကတဲ့ ပွင့်စ,ချိန် ..... 203

## သဖြန်ပုလဲပေါက်များ

ငွေကတန်-ဝေယန်ကြွမှာလ ........ 206
ဆွေသုမောင် အပွေများကိုဖြင့် ........ 205
နွေရာသီမိန်ဝလေ့ပေမို့ ........ 205
ပင်မင်းမူ-ခင်းသန့်သန့်မှာလ ........ 205
ဖြေမရွှင် သော်တာကတိုးမှာဖြင့် ........ 206
လ,တန်ရွုးပေမို့ ........ 205
လွမ်းမပြေ-မန်းမြေတမိတော့ ........ 206
သက်သာဘွယ်-ထင်မြင်လှစေဘို့ ........ 206
သဋ္ဌာလီဘွေပြဒ့မှာဖြင့် ........ 205

## လွမ်းချင်းများ

အို လာမချော့လာနှင့် ........ 208
ချောမတွေ့ပြီဘု ........ 208
ငွေပုလဲလိုပ ........ 207
စည်းစိမ်ကြီးပါဘိ၊ ရုပ်သီးတောင့်ကိုင် ........ 208
နွေအရောက်ပေမို့ ........ 207
ပင်ခံစပ်ကယ်နှင့် ........ 207
မြိုင်တသန့်မှာတဲ့ ........ 207
သဝံစိုက်ပါလို့ ........ 207

## အပိုင်း-၄။

## တေးထပ်နှင့် ရှစ်ဆယ်ပေါ်


ကောင်းခြောက်ဆယ်လေးရပ်မှ ........ 209
နိပါတ်တော်ထုတ်မိုပြ ........ 209
နန်းသပြေပြင်ညွှန့် ........ 209
နှစ်ပြည်ထောင်တယ်ကြ ........ 210
မှလေးရုံတောစ ........ 210
ရတနာပူရမှာ ........ 210
ကျောက်မြင်းသီလာ။ လှိုင်ဂူကြားမှာ ........ 211
တောင်မြစ်ကမ်းယံကန္တာရမှာ ........ 210
နန်းရံတရာပဏ္ဏာခ ........ 211


## ဒိန်းသံ


ကန်ရွှေမြေ ........ 212
ဆယ်ဆယ်ဖြာရောင်ဖြာ ........ 212
သုံးရွှေများလယ် ........ 212


## သီဂါသံ


မယ်တို့နေ ........ 213
လေရူးသုံလုံ ........ 213


## ကရင်ညြသံ


တကြောမှောင်ပြာ ........ 213


## လေ့တော်သံ


မန်းမြစကြာ ........ 214
ငွေရွှက်ကယ်မြိုင်မြိုင် ........ 214
အုံ့မှိုင်းငယ်ညို ........ 214

## စည်တော်သံ

ထောင့်ကိုးဆယ်စွန်း ပဋ္ဌတွင်မှ ........ 215

## ပုံကြီးသံများ

ဆဒ္ဒါန်ရှင် ........ 215
ပျိုလေးတို့ကောက်စိုက်ရာ ........ 216

## ရတု

မဲဇာတောင်ခြေ ........ 216

## ရကန်

စိမ့်ကြီးမြိုင်ကြီး ........ 217
တောင်ငူတောင်တွင်း ........ 217
ခုနစ်ဆောင်ဝေယန် ........ 217

## အဲချင်း

နေနတ်ကယ်မှရာဇာ ........ 218

## အိုင်ချင်း

ကောက်စိုက်မတို့ ရှေးကသီဆိုကြသော ရာပြည့်အိုင်။ ........ 218

# ဂီတဝိသောဓနီကျမ်း



Myanmar e-Book

*Commercial use of this book is strictly prohibited*